www.foreverspace.com.mm

# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်
စီးပွားရေးသတင်းမဂ္ဂဇင်း
No.153, April 2008

## မျက်မှောက်နိုင်ငံ့အရေးနှင့် လူငယ်



www.foreverspace.com.mm

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.foreverspace.com.mm

LIVING COLOR
HOLLYWOOD
SINGAPORE
YANGON

This magazine is founded and managed by
board of directors of Myanmar Partners Think Tank Group
in june, 1995 underlicensed of Living Color.

RECYCLE
KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ ဆောင်းပါး ကြော်ငြာမှုနှင့် အခြား ဖော်ပြချက်အားလုံး ကောင်းမွန်သည် ဖော်ပြထားသည်ဖြစ်စေ၊ ကောင်းမွန်သည် မဖော်ပြထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။
၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မဂ္ဂဇင်းမှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။
၂။ ဤစာအုပ်၏ မြန်မာ့စီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဈေးကွက်ဖော် ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ဘာသာပြန်ဆိုခြင်း မိတ္တူကူးယူခြင်း အပိုင်းလိုက် သော်လည်းကောင်း၊ တစ်ပုဒ်လုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm



# ရှိခြင်းဒုက္ခ

ဆရာကြီးရွှေဥဒေါင်းက သူငယ်စဉ်က ကြုံတွေ့ခဲ့ရသော ပဲခူးငလျင်ကြီးကို သူ၏ ခွန်အားရှိသော စကားပြေနှင့် ဖွင့်ဆိုခဲ့ရာတွင် များစွာကိုယ်ချင်းစာနာခံစားရကြောင်း ၎င်း၏ 'တစ်သက်တာမှတ်တမ်းများ' စာအုပ်ကို ဖတ်ဖူးသူတိုင်း မှတ်မိနေပါလိမ့်မည်။ ဆရာကြီး၏အသိဉာဏ်တွင် အခိုင်မာဆုံးဟုယူဆထားသော မဟာပထဝီမြေကြီးက လှုပ်ငလျင်လှုပ်သွားခြင်းကို မျက်မြင်တွေ့ရှိလိုက်ရာ များစွာအားကိုးရာမဲ့သကဲ့သို့ ခံစားခဲ့ရကြောင်း ဖွဲ့ဆိုခဲ့ပါသည်။

မကြာသေးမီက ရန်ကုန်မြို့တော်တွင် အားလုံးသိရှိပြီးဖြစ်သည့် မှုခင်းတစ်ခုဖြစ်ပေါ်ခဲ့ပါသည်။ ထိုမှုခင်းကို သတင်းစာများကလည်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဤဖြစ်ရပ်သည်လည်း ဆရာကြီးရွှေဥဒေါင်းမြင်တွေ့ခဲ့ရသည့် မဟာပထဝီမြေကြီး တုန်ခါမှုကဲ့သို့ မြင်သာထင်သာသည့် လှုပ်ခတ်မှုမဟုတ်သော်လည်း လူ့အဖွဲ့အစည်းတစ်ခုကို စည်းနှောင်ထားသော မမြင်ရသည့်ကြိုးများ လှုပ်ခါသွားခြင်းဖြစ်၍ အသိဉာဏ်ကြီး၍ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားနိုင်သူအားလုံးကို တုန်လှုပ်သွားစေခဲ့ပါသည်။

ဤဖြစ်ရပ်က ညွှန်ပြနေသော အရာများစွာရှိသည့်အနက် နောက်ထပ်သိသာထင်ရှားသည့် သင်ခန်းစာတစ်ခုမှာ 'ရှိခြင်း၏ဒုက္ခ' ဖြစ်သည်။ ယနေ့ကမ္ဘာပေါ်ရှိ ကြွယ်ဝချမ်းသာသူအများစု၏ ပိုင်ဆိုင်မှုများကိုကြည့်လျှင် ၎င်းတို့၏ပိုင်ဆိုင်မှုအများစုသည် အစုရှယ်ယာလက်မှတ်၊ စာရွက်စာတမ်းများဖြစ်နေသည်ကို တွေ့ရှိပါလိမ့်မည်။ ဘဏ်လုပ်ငန်းများ၊ အစုရှယ်ယာဈေးကွက်များမပေါ်ပေါက်မီ ကမ္ဘာဦးက ကိုယ်ပိုင်ပစ္စည်းများကို အိမ်တွင် တွင်းတူး၍လည်းကောင်း၊ မီးခံသေတ္တာတွင် သော့ခတ်၍လည်းကောင်း သိမ်းဆည်းခဲ့ကြမည်ဖြစ်သော်လည်း ယနေ့ကမ္ဘာပေါ်တွင် အချမ်းသာဆုံး ဘီလျံနာတစ်ဦး၏အိမ်တွင် အဖိုးတန်အသုံးအဆောင်များကလွဲ၍ အခြားအရာများရှာတွေ့နိုင်ရန်မရှိပေ။ ဘဏ်လုပ်ငန်းများ၊ အစုရှယ်ယာဈေးကွက်များ၊ စီးပွားရေးအခွင့်အလမ်းများ ပေါ်ပေါက်လာနေသည့်အတွက် ပိုင်ဆိုင်မှုများကို အသက်နှင့်ရင်း၍ ကာကွယ်ရန်မလိုတော့သည့်အပြင် အဆများစွာ တိုးတက်ချမ်းသာနိုင်သည့် အခြေအနေများလည်း ယနေ့ကမ္ဘာပေါ်တွင် ရှိနေပြီဖြစ်ပေသည်။ တစ်နည်းအားဖြင့်ပြောရလျှင် အထက်ပါအခြေအနေများသည် ၂၁ ရာစု ကမ္ဘာကြီးကပေးသော အခွင့်အလမ်းများ ဖြစ်ပေသည်။

သို့တိုင်အောင် ထိုအခွင့်အလမ်းများကို မကြားဖူးသူ၊ လက်လှမ်းမမီသော လူချမ်းသာအနည်းငယ်လည်း ယနေ့ကမ္ဘာပေါ်တွင် ကျန်ရှိနေရာ ယခုဖြစ်ရပ်က သင်ခန်းစာများပေးနေသည်ကို နားလည်နိုင်ရန် အရေးကြီးလှပေသည်။

**အယ်ဒီတာ**

၈-၃-၂၀၀၈

www.foreverspace.com.mm

# Contents




၁ အယ်ဒီတာ့အာဘော်

၅ ယခုလအကြိုက်ဆုံးကြော်ငြာ

၆ ယခုလအကြိုက်ဆုံးကုန်ပစ္စည်း

၇ ယခုလသတင်းအညွှန်း

၈ ဈေးကွက်စီးပွားရေးသတင်း

၄၀ မျက်နှာဖုံးဆောင်းပါး

**"မျက်မှောက်နိုင်ငံ့အရေးနှင့် လူငယ်"**

**ပြည်လုံးကျွတ်ဆန္ဒခံယူပွဲစကားဝိုင်း**

အဖွဲ့ဝင်အယ်ဒီတာ

၅၀ အထူးဆောင်းပါး

**စံနှုန်းမီသန့်စင်သောအရက်နှင့် ယစ်မျိုးရည်ဈေးကွက်**

နိုင်မင်းဇင်

၅၈ ယနေ့စီးပွားရေးမြင်ကွင်း

**၁၀၀ ကျပ်တန်လက်မှတ်တစ်စောင်**

တင်အောင်ကျော်

၆၆ **အာဆီယံသဘောတူညီချက်နှင့် မြန်မာအလှကုန်ပစ္စည်း**

**ဈေးကွက်ပါရာဒိုင်းသစ်** မြနှင်းအေး

၇၂ **ပြောင်းလဲလာသည့်အီလက်ထရွန်နစ်ဈေးကွက်နှင့်**

**ရွေးချယ်မှုအနုပညာ**

ကျော်ဆန်းမင်း



၇၈ **ချိတ်ဆက်ရောင်းချလာသည့် ဒံပေါက်စားသောက်ဆိုင်**

**ဈေးကွက်**

နိုင်မင်းဝေ

၈၄ **ရန်ကုန် ကုန်စည်ဈေးကွက်**

နိုင်မင်းဝေ၊ ဇာလီကျော်

၉၀ မြန်မာ့စီးပွားရေးအမြင်

**တစ်ခုလုံးသဘောစီမံခန့်ခွဲခြင်း**

အောင်ထွဋ်

၉၂ **ဆင်းရဲခြင်းလွတ်ကင်းအောင် တက္ကသိုလ်များရှေ့ဆောင်**

နွဲ့ကေခိုင်

၉၈ ဈေးဝယ်လမ်းညွှန်

၁၀၀ ကာတွန်း

**ဒါရိုက်တာအောင်ကြူကြူ** စိုးသော်တာ






www.foreverspace.com.mm

# Contents








၁၁၉ ကုန်ဈေးနှုန်း

၁၂၅ တစ်ဦးတည်းကိုယ်စားလှယ်

၁၂၆ ရက်စွဲမှတ်တမ်း

၁၂၈ တွေ့ဆုံခြင်း

"နိုင်ငံတည်ဆောက်ရေးကို စိတ်လှုပ်ရှားမှု (Emotion)နဲ့မသွားဘဲ ပညာနဲ့ယှဉ် နှလုံးသွင်းနိုင်ဖို့ပါ"

စာရေးဆရာ ကျော်ဝင်းနှင့် တွေ့ဆုံခြင်း

အဖွဲ့ဝင်အယ်ဒီတာ

၁၃၄ တွေ့ဆုံဆွေးနွေးမှုများ

၁၃၅ ထင်ရှားကျော်ကြားမြန်မာ့စီးပွား

၁၃၇ မြန်မာပြည်တွင်လုပ်သည်

၁၄၀ ဘယ်ပစ္စည်းဘာ့ကြောင့်

၁၄၄ အတွေးအမြင်

ပညာရှင်များ မမှားသင့်ပါ

ကျော်ဆန်းမင်း

၁၄၇ မြတ်သောဂင်္ဂါ


မြသန်းသန်းနု

၁၅၁ သူတို့ဆီကဈေးရောင်းပုံ

ကိုဝမ်း

၁၅၅ သူဌေးဖြစ်နည်း လျှို့ဝှက်ချက်(၇)

ဦးလှဝင်း (လေသူရဲတစ်ဦး)



www.foreverspace.com.mm

# Contents




**Board of Editors**

**Chief Editor** – ကျော်မင်းဆွေ

**Deputy Chief Editor** – ဇေယျာသူ

**Editor In Charge (Production)** – မင်းဇင်

**Editor In Charge** – ကျော်နိုင်

**Senior Executive Editors** – ဘုန်းမြင့်ဦး၊ ရဲမင်းဦး၊

**Executive Editors** – နွေးအိငြိမ့်၊ ခိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေခိုင်

**Research & Development Editor** – သီရိဇော်

**Editors** – မိုးကျော်လွင်၊ စန်းမော်အောင်၊ သိင်္ဂီထိုက်၊ မြနှင်းအေး

**Senior Reporters** – တင်လင်း၊ စိုးယုဝေ၊ ကျော်ဆန်းမင်း၊ ကျော်ကျော်မင်း၊ နိုင်မင်းဝေ၊ ကေခိုင်ကျော်၊ ဇာလီကျော်၊

**Junior Reporters** – ကျော်ဇေယျာထွန်း၊ နိုင်လင်း၊ အိမွန်ကျော်၊ ဟန်စိုးထိုက်၊ ထွန်းနိုင်လင်း၊ ခင်ဋ္ဌေးကြွယ်

**DTP Department**

**Supervisor** – မခိုင်

**Staff Operators** – ငုဝါခိုင်၊ အေးမို့မို့အောင်၊ ခင်မာလွင်၊ နွယ်နွယ်ခိုင်

**Finance Department**

**General Manager** – ဖေအောင်ဇင်

**Manager (Admin and Finance)** – စန်းသီတာ

**Manager (Account)** – အေးအေးဆင့်

**Deputy Manager (Account)** – ပြည့်ပြည့်ဝန်းအေး

**Assistant Manager** – ခိုင်ရတနာထိုက်
**(Marketing/Distribution Accounts)**

**Marketing Department**

**Manager** – ကျော်သန်း

**Assistant Manager** – ဖြူဖြူသီ

**Marketing Executive** – စောမောင်မောင်လေး

**Designer** – စောဂေးနေထူး

**Marketing Assistants** – ဖြူဖြူဆန်း၊ စန္ဒာလှိုင်၊ ငုဝါစိုး၊ ခင်မျိုးချစ်

**Receptionist** – ဆုအိန္ဒြေဦး

**Printing Department**

**Manager** – စောမိုးဇက်

**Production Department**

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

**Assistant Manager** – ဟန်မြင့်

**Distribution Department**

**General Manager** – မင်းဇင်

**Assistant Manager** – ထက်ခေါင်

**Assistants** – ဆွေငြိမ်းအေး၊ ကြည်သာဝင်းမြ

**Creation Department**

**Art Director** – စိုးသော်တာ

**Cover Idea & Design** – KMS ၊ ဖေသစ်တည်

**Cover Logo** – အောင်မင်း၊ ဘဌေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – စိုးသော်တာ၊ ဖေသစ်တည်

**Publisher**

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်–၁၁၅၉)
အမှတ် ၁၄၈–B ၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

**Press**

Living Color ပုံနှိပ်တိုက် (မြ–၀၆၃၄၈)
အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

**Office**

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၄၂၄၂၄၊ ၀၉–၅၀၀၀၉၉၇၊ ၂၄၃၆၃၉၊ ၂၄၃၆၄၀၊ ၂၄၃၆၄၁၊ ၂၄၃၆၄၂၊ ၂၄၃၆၄၃ (Ext–၂၈၀၁)၊ ၃၃၃၅၉၂၈၊
ဖက်စ်– ၂၄၂၄၂၄၊ ၃၃၃၅၉၂၈၊
hot line – ၀၉–၉၉၇၄၃၄၃

**E-mail**

Chief Editor - c-editor@myanmar.com.mm
News Room - myanfo@myanmar.com.mm
Marketing - paz@myanmar.com.mm
livingcolor@mail4u.com.mm

**Web Site - www.foreverspace.com.mm**

Photographers – မိုးကျော်လွင်
B/W Film – PERFECT
Binding – သစ္စာ စာအုပ်ချုပ်

**Upper Myanmar Distributor**

ထွန်းဦးစာပေ၊ မန္တလေး။
Cover Permission – ၅၄၀၃၂၅၀၃၀၈
Circulation – ၁၀၀၀
Distribution Price – ၁၃၅၀ ကျပ်

Copyright – Living Color ( **ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်** )

## ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆန်ဆိုင် (သက်န်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်း ဆရာနှင့် မိတ်ဆွေသင်္ဂဟများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ် သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေး အတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm

## ADVERTISEMENT OF THE MONTH

# ယခုလအကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် ရန်ကုန်မြို့တော်အတွင်းရှိ အချက်အချာကျရာ လမ်းဆုံလမ်းခွများ၌ တစ်နေရာတည်းတွင် ငါးခုထက်မနည်း စီတန်းစိုက်ထူကြော်ငြာထားသော ဝမ်းတီးနို့ဆီ ကြော်ငြာဆိုင်းဘုတ်ကို ရွေးချယ်လိုက်ပါသည်။ ဘူးဖောက်တံကိရိယာမလိုဘဲ ဘူးခွံကို အလွယ်တကူဖောက်ကာ သောက်သုံးနိုင်သည့် အားသာချက်ဖြင့် ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်လာသည့် ယင်းနို့ဆီသည် အခြားသောကုန်ပစ္စည်း ကြော်ငြာများကဲ့သို့ နေရာတစ်နေရာတွင် ဆိုင်းဘုတ်တစ်ခုတည်း စိုက်ထူထားခြင်းမဟုတ်ဘဲ 'နို့ဆီတစ်ဘူးဖွင့်ဖို့ ဒါတွေမလို'ဆိုသည့် စာကြောင်းတစ်ကြောင်းတည်းပါရှိသည့် ပုံစံတူဆိုင်းဘုတ်ငါးခုမှ ၁၀ ခုအထိကို တစ်နေရာတည်း ဘေးချင်းယှဉ်လျက် တန်းစီစိုက်ထူထားရာ ကြော်ငြာကျင့်ဝတ်အရ တစ်နေရာတည်းတွင် ကုန်ပစ္စည်း တစ်ခုတည်းက ဤသို့ကြော်ငြာခွင့်ရှိ မရှိ မသေချာသော်လည်း ဖြတ်သန်းသွားလာသူများ၏ အမြင်အာရုံကို ထူးခြားစွာ ဖမ်းစားနိုင်သဖြင့် ရွေးချယ်ဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။ ကြော်ငြာပါကုန်ပစ္စည်း၏ အရည်အသွေး နှင့်မသက်ဆိုင်ဘဲ ကြော်ငြာကိုသာ ရွေးချယ်ခြင်းဖြစ်ပါသည်။

**အယ်ဒီတာ**



www.foreverspace.com.mm

# PRODUCT OF THE MONTH

# ယခုလအကြိုက်ဆုံးကုန်ပစ္စည်း

ယခုလအကြိုက်ဆုံးကုန်ပစ္စည်းအဖြစ် လွန်ခဲ့သောနှစ်လခန့်ကထွက်ရှိခဲ့ပြီး ယနေ့တိုင် အဝယ်လိုက် အရောင်းသွက်နေသော နာမည်ကျော် Hip Hop တေးသံရှင် စိုင်းစိုင်းခမ်းလှိုင်၏ Happy Sai Sai Birthday VCD Karaoke နှစ်ချပ်တွဲကို ရွေးချယ်လိုက်ပါသည်။ ယင်းမှာ VCD နှင့် DVD ပြိုင်တူထွက်ရှိခြင်းဖြစ်ပြီး CD ဦးစွာ ထွက်ရှိစဉ်က ရေပန်းစားခဲ့သော 'တောဂေါ်လီ' သီချင်းကို ပရိသတ်ကသဘောကျခြင်း၊ ပရိသတ်ကြိုက် တေးသီချင်း များပြန်လည်ပါဝင်ခြင်းနှင့် ယင်းတို့မှာ တေးသံရှင်၏ မွေးနေ့များတွင်ရိုက်ကူးခဲ့သော Live မြင်ကွင်းများကို ပြန်လည်ထည့်သွင်းထားခြင်းတို့ကြောင့် ဆယ်ကျော်သက်နှင့် လူငယ်ပရိသတ်များကြား လှုပ်လှုပ်ခတ်ခတ် အားပေး ခံရသော Album ဖြစ်ခဲ့ကာ မြင်ကွင်းရုပ်ပုံများနှင့် ရိုက်ချက်အယူအဆများစွာရှင်းလင်းပြတ်သားမှုမရှိသော်ငြား စတင်ရောင်းချသောနေ့တွင်ပင် အရေအတွက်များစွာ ရောင်းချခဲ့ရသည့်ကုန်ပစ္စည်းဖြစ်ခြင်း၊ တောရောမြို့ပါမကျန် ကလေး၊ လူငယ်များ၏ ပါးစပ်ဖျားတွင် စာသားအချို့ ရေပန်းစားခဲ့ခြင်းတို့ကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်း ဖြစ်ပါသည်။


သီဆိုသူ – စိုင်းစိုင်းခမ်းလှိုင်နှင့်တေးသံရှင်များ

ဒါရိုက်တာ – ဇော်ကိုကို

ဖြန့်ချိသူ – Excellent Creation

ခွင့်ပြုချက်အမှတ် – ၁၀၈၉/ ၂၀၀၇

**အယ်ဒီတာ**



www.foreverspace.com.mm

## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်း ဖြစ်ပါသည်။ **အကြောင်းအရာ ရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းဇာစ်မြစ်၏ အာဘော်အတိုင်း ဖြစ်ပါသည်။**

မစ္စတာ ဘန်ကီမွန်းရဲ့စာပါ ဒုတိယအချက်ကတော့ အခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်မှာ မြန်မာပြည်သူအားလုံးရဲ့သဘောထား ပိုမိုပါဝင်ရေးအတွက် အစီအမံများချမှတ်ပေးရေးပဲ ဖြစ်ပါတယ်။ ဒီအချက်ကိုရှင်းပြရရင် အခုအခါ အခြေခံ ဥပဒေမူကြမ်းရေးဆွဲပြီးဖြစ်လို့ ထပ်မံပြင်ဆင်ရေးသားရန် မဖြစ်နိုင်ပါ။ ပြည်သူ အများစုကလည်း ထိုသို့ဆောင်ရွက်ရန် တောင်းဆိုခြင်းမရှိပါ. . .

. . . ဒီမိုကရေစီသဘောအရ ပြည်သူ့ကိုယ်စားလှယ်အားလုံးက အလျော့အတင်း ဝိရောဓိများကြားမှ အဖြေမှန်ရတဲ့အထိ တညီတညွတ်တည်း အတည်ပြုဆုံးဖြတ်ထားတာကို လွန်မြောက်သွားတဲ့ အခုလိုအချိန်ကျမှ ပြန်လည်ညှိနှိုင်းပြင်ဆင်ပေးဖို့ ဘယ်လိုမှ မတောင်းဆိုသင့်တော့ပါဘူး။ ဘယ်လိုမှလည်း မဖြစ်နိုင်တော့ပါဘူး။. . .

. . . ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဟာ အဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် လက်ခံနိုင်အောင် ရည်ရွယ်ရေးဆွဲထားခြင်းမျိုးမဟုတ်ဘဲ နိုင်ငံနဲ့ ပြည်သူရဲ့ ရေရှည်အကျိုးစီးပွားကို မျှော်ကိုးပြီး ပြည်သူအများစုလက်ခံနိုင်အောင် ရေးဆွဲထားတာဖြစ်လို့ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အဆုံးအဖြတ်ကိုပဲ ကျွန်တော်တို့ ရယူသွားမှာ ဖြစ်ပါတယ်။

၈-၃-၂၀၀၈ နေ့ထုတ် နိုင်ငံပိုင် မြန်မာ့အလင်းသတင်းစာ မျက်နှာဖုံးသတင်း 'နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီတွေ့ဆုံ' သတင်းပါ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မစ္စတာဂမ်ဘာရီအား ပြောကြားချက်များမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

www.foreverspace.com.mm

မြန်မာ့စီးပွားရေးသတင်း
LIVING COLOR. No.153, APRIL. 2008.

# မြန်မာ့စီးပွားရေးသတင်း

BUSINESS NEWS

အမှတ် ၁၅၃ | ၂၀၀၈ ခုနှစ်၊ ဧပြီလ

## မာတိကာ


- ■ ပညာတော်သင်ကျောင်းသားများ တစ်နှစ်လျှင် သုံးသိန်းထိခေါ်ယူရန် ဂျပန်ဝန်ကြီးချုပ်မျှော်မှန်း
- ■ ဆန်ဝယ်ယူပေးရန် ကုမ္ပဏီကြီးတစ်ခု ကြိုတင်ငွေပေးကမ်းလှမ်း
- ■ မြို့နယ် ၁၁၂ မြို့နယ်တွင် သွားကျန်းမာရေးစီမံချက် အကောင်အထည်ဖော်မည်
- ■ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်၏ နယ်စပ်ကဏန်း၊ ငါးရှဥ့် လေလံလုပ်ငန်းများ ပိုမိုအောင်မြင်
- ■ ခရီးသွားလုပ်ငန်းများ၏ စွန့်ပစ်ပစ္စည်းများကြောင့် အင်းလေးကန်ရေထုအရည်အသွေးပျက်ယွင်းစပြု
- ■ 3D Fund နှင့် ရဲတပ်ဖွဲ့ပူးပေါင်းပြီး AIDS ဖြစ်ပွားမှု ကာကွယ်လျှော့ချရေးဆောင်ရွက်
- ■ အကောက်ခွန်တွင် Bill of Loading ထုတ်ပြီးမှ ပို့ကုန်ကြိုတင်ရငွေကို သွင်းကုန်လျှောက်ထားခွင့်ပြုမည်


## ဂျပန် ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအသင်း JETRO က မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် လာရောက်လေ့လာမည်

**ရန်ကုန်၊ မတ် ၆**

ဂျပန်နိုင်ငံ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအသင်းသည် ၎င်းတို့၏လုပ်ငန်းများကို မြန်မာနိုင်ငံ၌ လာရောက်လုပ်ကိုင်နိုင်မည့်အခြေအနေအချို့ကို လာရောက်လေ့လာရန်ရှိသည်ဟု အဆိုပါအသင်း JETRO ၏ အသင်းဝင် ဂျပန်အထည်ချုပ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

JETRO အဖွဲ့ဝင်များသည် ၎င်းတို့ ၏အထည်ချုပ်စက်ရုံများကို တရုတ်ပြည် သူ့သမ္မတနိုင်ငံတွင် တည်ထောင်လုပ်ကိုင်လျက်ရှိရာ တရုတ်နိုင်ငံ၏ တစ်နေ့တခြား မြင့်မားလာသော ထုတ်လုပ်မှုစရိတ်နှင့် အလုပ်သမားစရိတ်များကြောင့် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် စသည့် အရှေ့တောင်အာရှနိုင်ငံများသို့ ပြောင်းရွှေ့လုပ်ကိုင်လိုခြင်းဖြစ်သည်ဟု မင်္ဂလာဒုံမြို့နယ်အခြေစိုက် အထက်ပါအထည်ချုပ်စက်ရုံ၏ လုပ်ငန်းရှင်ကဆိုသည်။

အထက်ပါနိုင်ငံများတွင် စရိတ်ကုန်ကျသလောက် အကျိုးရှိသည့်အခြေအနေတစ်ရပ်ကို တွေ့ရှိထားကြောင်း ဂျပန်ပြည်ပစီးပွားရေးလုပ်ငန်းရှင်များအသင်း JETRO ၏ အဆိုကို ကိုးကား၍ ၎င်းကပြောကြား သည်။ မြန်မာနိုင်ငံ၌ အထည်ချုပ်လုပ်ငန်းဖြင့် ရင်းနှီးလုပ်ကိုင်နေသည့် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များမှာလည်း JETRO အဖွဲ့ဝင်များဖြစ်ခြင်းကြောင့် လုပ်ကိုင်နိုင်လောက်သည့်အခြေအနေတစ်ရပ်ကို လွယ် ကူလျင်မြန်စွာ သိရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသော ဂျပန်အထည်ချုပ်လုပ်ငန်းအရေအတွက်မှာ တရုတ်အထည်ချုပ်လုပ်ငန်းထက်နည်းကြောင်း ၎င်းကဆိုသည်။ ဂျပန်-မြန်မာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအရ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် အပြန်အလှန်ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၂၂ သန်း ရှိခဲ့ပြီး ယခင်ဘဏ္ဍာရေးနှစ်ကထက် ၃၃ ရာခိုင်နှုန်းတိုးတက်လာကြောင်း ကနဦးသတင်းဖော်ပြချက်များအရ သိရသည်။

**စိုင်းအောင်**

www.foreverspace.com.mm

# ယခုနှစ်ဘဏ္ဍာရေးနှစ် ပထမခြောက်လအတွင်း နိုင်ငံခြားကုန်သွယ်မှု ၃၀ ရာခိုင်နှုန်းကျော် တိုးတက်ဟုဆို

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၂**

ပြီးခဲ့သည့် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံခြားကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇.၉၂ ဘီလီယံရှိခဲ့သော မြန်မာနိုင်ငံအနေနှင့် ယခု ၂၀၀၇–၂၀၀၈ ခုနှစ် ဘဏ္ဍာရေးနှစ် ပထမ ခြောက်လ (ဧပြီလမှ စက်တင်ဘာလအထိ) အတွင်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅.၀၄၉ ဘီလီယံရှိသော နိုင်ငံခြားကုန်သွယ်မှုများပြုလုပ်နိုင်ခဲ့သဖြင့် ယမန်နှစ်ပထမခြောက်လနှင့် နှိုင်းယှဉ်လျှင် ၃၀.၄၆ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က နောက်ဆုံးထုတ်ပြန်ထားသည့် တရားဝင်ဇယားဖော်ပြချက်များအရ သိရသည်။

အဆိုပါ ခြောက်လအတွင်းရှိခဲ့ သည့် နိုင်ငံခြားကုန်သွယ်မှုကဏ္ဍတွင် သွင်းကုန်တန်ဖိုးမှာ ဒေါ်လာ ၁.၄၅၃ ဘီလီယံရှိခဲ့ပြီး ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၃.၅၉၆ ဘီလီယံရှိခဲ့၍ နိုင်ငံခြားကုန်သွယ်မှုတွင် ပိုငွေဒေါ်လာ ၂.၁၄၃ ဘီလီယံရရှိခဲ့ကြောင်း၊ ပို့ကုန်ကဏ္ဍတွင် ဝင်ငွေအများဆုံးရရှိခဲ့သည်မှာ ဓာတ်ငွေ့တင်ပို့ခြင်းမှဖြစ်ပြီး ယင်းကာလအတွင်း ဒေါ်လာ ၁.၅၃၁ ဘီလီယံဝင်ငွေရရှိကြောင်း၊ အဆိုပါအနေအထားမှာ ယမန်နှစ်နှင့်နှိုင်းစာလျှင် ၄၂.၅ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတွင် ပါဝင်နေသည့် အဓိကပို့ကုန်များမှာ ဓာတ်ငွေ့၊ စိုက်ပျိုးရေးထွက်ကုန်များ၊ ရေထွက်ပစ္စည်းနှင့် သစ်တောထွက်ပစ္စည်းများဖြစ်ပြီး အဓိကသွင်းကုန်များမှာ စက်နှင့် စက်အပိုပစ္စည်းများ၊ ရေနံ၊ စားအုန်းဆီ၊ ဆေးဝါးများ၊ ဘိလပ်မြေ၊ ဓာတ်မြေသြဇာနှင့် အခြားအသုံးအဆောင်ပစ္စည်းများဖြစ်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏမှာ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်းဒေါ်လာ ၇.၉၂ ဘီလီယံနီးပါးရှိခဲ့ပြီး ကုန်သွယ်မှုပိုငွေမှာ ဒေါ်လာ ၂.၀၈ ဘီလီယံ ရှိခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သော ဘဏ္ဍာရေးနှစ် ငါးနှစ်အတွင်း နှစ်စဉ်ကုန်သွယ်မှုပိုငွေရရှိခဲ့ပြီး ယခုဘဏ္ဍာရေးနှစ်တွင်လည်း နိုင်ငံခြားကုန်သွယ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးလာမည့် အနေအထားရှိကြောင်း ဝါရင့် ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။ ■

# ပညာတော်သင်ကျောင်းသားများ တစ်နှစ်လျှင် သုံးသိန်းထိ ခေါ်ယူရန် ဂျပန်ဝန်ကြီးချုပ်မျှော်မှန်း

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၆**

ဂျပန်နိုင်ငံရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် ပညာတော်သင်လာရောက်ကြမည့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီးမှ ကျောင်းသားများကို တစ်နှစ်လျှင် တစ်သိန်းမှ သုံးသိန်းအထိ လက်ခံခေါ်ယူရန် ဂျပန်ဝန်ကြီးချုပ်က မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးထံမှ သိရသည်။

မြန်မာနိုင်ငံမှခေါ်ယူသည့် ပညာတော်သင်ကျောင်းသားများမှာ ၂၀၀၇ ခုနှစ်အတွင်း ၈၄၉ ဦးရှိခဲ့ကြောင်း၊ လွန်ခဲ့သည့် ငါးနှစ်ခန့်က ၂၀၀ ဦးဝန်းကျင်သာရှိခဲ့သော်လည်း ယခုအခါ နှစ်ဆ၊ သုံးဆအထိ တိုးတက်လာကြောင်း၊ ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် ကျောင်းသားဦးရေ တစ်ထောင်နှင့်အထက်ထိ တိုးပွားလာရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဂျပန်အစိုးရ၏ ထောက်ပံ့ကြေးအပြင် ပုဂ္ဂလိကကျောင်းများကလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း JASSO တာဝန်ခံတစ်ဦးက ပြောသည်။

ဂျပန်အစိုးရအကြီးအကဲများအနေဖြင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများကို အထူးပင်လိုလားလျက်ရှိကြောင်း၊ လိုအပ်သည့် ပညာရေး၊ လူမှုရေးအကူအညီများကို ပေးအပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသားများကို နှစ်စဉ် အများအပြားခေါ်ယူရန် မျှော်မှန်းထားကြောင်း၊ ၂၀၀၇ ခုနှစ်တွင် အေပီတက္ကသိုလ်၌ ၄၂ ဦး၊ တိုကျိုတက္ကသိုလ်တွင် ၃၅ ဦး၊ ကျူရှူး တက္ကသိုလ်တွင် ၂၃ ဦးနှင့် အခြားတက္ကသိုလ်အသီးသီးတွင် ဂျပန်ဘာသာသီးသန့်တက်ရောက်သူ ၂၀၀ ဦးကျော်နှင့် အခြားဘာသာသင်ကျောင်းသားများရှိကြောင်း စုံစမ်းသိရှိရသည်။ ဂျပန်တက္ကသိုလ်များတွင် ပညာတော်သင်ကြားနိုင်ရေးအတွက် အခွင့်အရေးများ ပိုပေးလျက်ရှိပြီး တက္ကသိုလ်ပထမနှစ်အဆင့်ရှိ မြန်မာကျောင်းသား မည်သူမဆို လျှောက်ထားနိုင်ကြောင်းနှင့် ဂျပန်သံရုံးမှ ကူညီဆောင်ရွက်ပေးမှုအပြင် JASSO အသင်းကလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်ဌေးကြွယ်**

www.foreverspace.com.mm

# အကောက်ခွန်တွင် Bill of Loading ထုတ်ပြီးမှ ပို့ကုန်ကြိုတင်ရငွေကို သွင်းကုန်လျှော်ကြုထားခွင့်ပြုမည်

**ရန်ကုန်၊ ဇန်နဝါရီ ၃၀**

ပို့ကုန်ကြိုတင်ရငွေ (Export T.T. Credit) များကို အကောက်ခွန်ဌာနတွင် Bill of Loading ထုတ်ယူပြီးမှသာလျှင် သွင်းကုန်လိုင်စင်ပြန်လည်လျှော်ကြုထားနိုင်ခွင့်ရှိကြောင်း သွင်းကုန်၊ ထုတ်ကုန်ကုမ္ပဏီများထံမှ စုံစမ်းသိရှိရသည်။

ယခင်က ပို့ကုန်ကြိုတင်ရငွေ (Export T.T.Credit) ကို အကောက်ခွန်ဦးစီးဌာန(ရန်ကုန်)တွင် ပို့ကုန်ကြော်ငြာလွှာ (E.D) ပြုလုပ်ပြီး သက်ဆိုင်ရာဘဏ်များတွင် သွင်းကုန်လိုင်စင်လျှော်ကြုရန် ထောက်ခံချက်ရယူနိုင်ကြောင်း၊ ယင်းစနစ်တွင် ပို့ကုန်ပစ္စည်း အမှန်တကယ်တင်ပို့ထားပြီးခြင်းမရှိသော်လည်း သွင်းကုန်ပစ္စည်းများကို ကြိုတင် တင်သွင်းနေကြကြောင်း စုံစမ်းသိရှိရ၍ ယခုကဲ့သို့ သတ်မှတ်ရခြင်းဖြစ်ကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ယခုအခါ ဘဏ်များအနေဖြင့် သက်ဆိုင်ရာအကောက်ခွန်ဦးစီးဌာနက အမှန်တကယ်ပစ္စည်းတင်ပို့ပြီးကြောင်း အထောက်အထားပါရှိလာမှသာ ပို့ကုန်ကြိုတင်ရငွေ (Export Credit) ကို ပြန်လည်သုံးစွဲခွင့်ပြုမည်ဟု ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် တရားဝင်ကြေညာထားကြောင်း ပို့ကုန်သွင်းကုန်ကုမ္ပဏီများထံမှ စုံစမ်းသိရှိရသည်။

**လူမိုး**

# ဆန်ဝယ်ယူပေးရန် ကုမ္ပဏီကြီးတစ်ခု ကြိုတင်ငွေပေးကမ်းလှမ်း

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ၏ဆန်အိုးကြီးဟု တင်စားခေါ်ဝေါ်ရသည့် ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသအချို့တွင် ပြည်ပတင်ပို့ခွင့်ရရှိထားသည့် ကုမ္ပဏီကြီးတစ်ခုက ဆန်ဝယ်ယူပေးရန် ကြိုတင်ငွေပေး၍ ကမ်းလှမ်းမှုများရှိကြောင်း ဧရာဝတီတိုင်း ကျုံမငေးမြို့မှ ဆန်ရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

အဆိုပါကုမ္ပဏီက ဧယာ၊ ဧည့်မထအမျိုးအစား ၂၅ မှတ် ဆန်ကြမ်းတစ်အိတ်ကို ၁၂,၅၀၀ ကျပ်နှုန်းဖြင့် အနည်းဆုံး အိတ်တစ်သောင်း ပေးသွင်းနိုင်ပြီး ဆန်ဝယ်ယူရန် စာချုပ်ချုပ်၍ ကြိုတင်ငွေများ ထုတ်ပေးနေကြောင်း၊ စပါးတင်း ၁၀၀ လျှင် ပြည်ပပို့ကုန်အရည်အသွေးမီသည့် ဆန်အိတ် ၃၀ ခန့် ထွက်ရှိ၍ အနည်းဆုံး စပါးတင်း ငါးသောင်းခန့် ဝယ်ယူရမည်ဖြစ်ကြောင်း စပါးပွဲစားတစ်ဦးက ရှင်းလင်းပြောကြားသည်။

လက်ရှိ မြန်ဝကျွန်းပေါ်ဒေသ၏ စပါးဈေးကွက်အနေအထားမှာ တည်ငြိမ်နေပြီး စပါးဈေးနှုန်းမှာ တင်း ၁၀၀ ကို မူလက ကျပ် ၃၇၀,၀၀၀ မှ ယခုကျပ် ၃၅၀,၀၀၀ သို့ ပြန်လည်ကျဆင်းလာကြောင်း၊ ယင်းကမ်းလှမ်းမှုကြောင့် တောင်သူများ နွေစပါး၊ ဆောင်းသီးနှံနှင့် ပဲမျိုးစုံ ပိုမိုစိုက်ပျိုးရန်အတွက် တွန်းအားတစ်ရပ်ဖြစ်နိုင်ကြောင်း ရေတင်ပွဲစားတစ်ဦးက သုံးသပ်ပြောကြားသည်။

ဝါးတန်းဆိပ်ကမ်းဆန်စပါးကုန်စည်ဒိုင်၏ ဇန်နဝါရီလနောက်ဆုံးပတ်အတွင်း ဆန်ကြမ်း ၁၀၈ ပေါင် တစ်အိတ်ဈေးနှုန်းမှာ ၁၄,၅၀၀ ကျပ်ရှိ၍ ပြည်ပတင်ပို့မည့် ဆန်တစ်အိတ်အလေးချိန်သည် ၁၁၀ ပေါင်ခန့်ရှိသဖြင့် ယခုဈေးနှုန်းသည် သင့်တင့်မျှတကြောင်း ဘုရင့်နောင်အခြေစိုက် ဆန်ထွက်ပစ္စည်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

# ပြည်ပသို့ ပျားရည်ပို့လျှင် ထောက်ခံချက်ယူရန်မလို

**ရန်ကုန်၊ မတ် ၃**

ပြည်ပသို့ ပျားရည်တင်ပို့လိုလျှင် ပျားမွေးမြူရေးဦးစီးဌာန၏ ထောက်ခံချက်ယူရန်မလိုအပ်ဘဲ တင်ပို့ရောင်းချနိုင်ကြောင်း မန္တလေးတိုင်း ပျားမွေးမြူသူများထံမှ ဖေဖော်ဝါရီလနောက်ဆုံးပတ်အတွင်း စုံစမ်းသိရှိရသည်။

ယခင်နှစ်များက ပြည်ပတင်ပို့မည့်အချိန်၊ အရေအတွက်၊ ပမာဏအတိအကျတင်ပြရသဖြင့် ပြည်ပတင်ပို့ခွင့် ထောက်ခံချက်ရရှိသည့်အချိန်နှင့် ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြရသည့်အချိန်များကြောင့် အချိန်ကြန့်ကြာမှုရှိခဲ့ကြောင်းနှင့် ပြည်ပပို့ကုန်လုပ်ငန်းများ အချိန်ကြန့်ကြာမှုမရှိစေရန်အတွက် ယခုကဲ့သို့ ဌာန၏ထောက်ခံချက်ဖျက်သိမ်းခြင်းဖြစ်ပြီး ပျားလုပ်ငန်းဦးစီးဌာန၏ ထောက်ခံချက်ယူရန်မလိုသော်လည်း အရည်အသွေးထောက်ခံချက်နှင့် ဈေးနှုန်းထောက်ခံချက်တို့ကိုမူ ယူရမည်ဖြစ်ကြောင်း ၎င်းတို့ထံမှ ထပ်မံစုံစမ်းသိရှိရသည်။

■

www.foreverspace.com.mm



# ၂၀၀၈ ခုနှစ်အတွင်း မသန်စွမ်းသူအရေအတွက် အပြီးသတ်စစ်တမ်း ကောက်ယူမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၆**

ဒေါင်မသန်စွမ်းသက်ငယ်ကလေးများပြုစုရာရိပ်မြုံနှင့် The Leprosy Mission International တို့ပူးပေါင်း၍ မြန်မာတစ်နိုင်ငံလုံးရှိ မသန်စွမ်းသူဦးရေ အရေအတွက်ကို ၂၀၀၈ ခုနှစ်အတွင်း စစ်တမ်းများ အပြီးသတ်ကောက်ယူသွားမည်ဖြစ်ကြောင်း အဆိုပါရိပ်မြုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုသို့စစ်တမ်းများကောက်ယူရာတွင် ကမ္ဘာ့ကုလသမဂ္ဂက သတ်မှတ်ထားသည့် မသန်စွမ်းသူများဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် မြန်မာလူမှုအဖွဲ့အစည်းများကသတ်မှတ်သည့် မသန်စွမ်းသူများဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်များ မတူညီသည့်အတွက် မြန်မာလူ့အဖွဲ့အစည်းတွင် မည်သို့သောသူမျိုးကို မသန်စွမ်းသူဟု သတ်မှတ်သည်ကို သုတေသနပြုလုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ယခင်က မသန်စွမ်းသူများနှင့်ပတ်သက်၍ ခိုင်မာသည့် ကိန်းဂဏန်းအထောက်အထားများ မရှိခဲ့ကြောင်း၊ စစ်တမ်းပြုစု၍ ကိန်းဂဏန်းအရေအတွက်ရရှိပါက လုပ်ငန်းဆောင်ရွက်ရာတွင် လွယ်ကူနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒေါင်မသန်စွမ်း သက်ငယ်ကလေးများပြုစုရာရိပ်မြုံကို ၂၀၀၀ ပြည့်နှစ် ဧပြီလတွင် စတင်တည်ထောင်ခဲ့ပြီး စေတနာ့ဝန်ထမ်းများက မသန်စွမ်း ၁၅၀ ဦးကျော်ကို ၂၄ နာရီ ပြုစုစောင့်ရှောက်လျက်ရှိသည်။

**အာကာ**



# မြို့နယ် ၁၁၂ မြို့နယ်တွင် သွားကျန်းမာရေး စီမံချက် အကောင်အထည်ဖော်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၇**

ကျေးလက်နေပြည်သူလူထု သွားကျန်းမာရေးအသိပညာတိုးပွားစေရန် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းကကြီးမှူး၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်ပေါင်း ၁၁၂ မြို့နယ်၌ သွားကျန်းမာရေးစီမံချက်များကို ၂၀၀၈ ခုနှစ်အတွင်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ သွားကျန်းမာရေးစီမံချက်၌ ပြည်သူလူထုအား သွားကျန်းမာရေးနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ပညာပေးဆွေးနွေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအစွန်အဖျားဒေသများနှင့် ကျေးလက်ဒေသများသို့ ကွင်းဆင်းကုသပေးမှုများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ စီမံကိန်းဝင် ၁၁၂ မြို့နယ်ရှိ သွားရောဂါကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများကို ကြိုတင်သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်များအလိုက် သွားဘက်ဆိုင်ရာစစ်ဆေးမှုမှတ်တမ်းများကို မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းက စစ်တမ်းများကောက်ယူထားပြီးဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံ၌ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရဆရာဝန် စုစုပေါင်း ၁၈၀၀ ဦးကျော်ရှိပြီး တစ်နိုင်ငံလုံးရှိ လူဦးရေစုစုပေါင်းနှင့် နှိုင်းယှဉ်အချိုးချပါက လူဦးရေ ၃၀,၀၀၀ တွင် သွားဆရာဝန်တစ်ဦးနှုန်းသာရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

**အာကာ**

www.foreverspace.com.mm



# အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်၏ နယ်စပ်ကဏန်း၊ ငါးရှဉ့် လေလံလုပ်ငန်းများ ပိုမိုအောင်မြင်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၂**

မြန်မာ့ရေထွက်ပစ္စည်းကုန်သည်များအား ကဏန်း၊ ငါးရှဉ့်များ တရုတ်နိုင်ငံသို့ ရောင်းချရာတွင် လေလံစနစ်ဖြင့် ကူညီပံ့ပိုးပေးနေသော အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်၏ ကဏန်း၊ ငါးရှဉ့်လေလံလုပ်ငန်းများ ပိုမိုအောင်မြင်လျက်ရှိကြောင်း မြန်မာနယ်စပ်ကုန်သည်များထံမှ သိရသည်။

ရန်ကုန်မြို့တော် ဗဟန်းမြို့နယ် ဦးဝိစာရလမ်းတွင် အခြေစိုက်ဖွင့်လှစ်ထားသော အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်၏ မူလအမည်မှာ အမျိုးသားကြီးပွားရေးအများပိုင်ကုမ္ပဏီဖြစ်ပြီး မကြာသေးမီက ကုမ္ပဏီအမည် ပြောင်းလဲလိုက်ခြင်းဖြစ်သည်။

ကုမ္ပဏီဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်ဦးဆောင်သည့် အဆိုပါအများပိုင်ကုမ္ပဏီက ထုတ်ပြန်ခဲ့သော စာရင်းဇယားများအရ ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ကုမ္ပဏီကကြီးကြပ်ဆောင်ရွက်နေသော ငါးရှဉ့်၊ ကဏန်း လေလံလုပ်ငန်းများမှ အမေရိကန်ဒေါ်လာ တစ်သောင်းနှစ်ထောင်ရှိခဲ့သည်ဟု သိရသည်။

မူဆယ်နယ်စပ် ကဏန်း၊ ငါးရှဉ့်ရောင်းဝယ်မှုကို အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီက ကြီးကြပ်ပြီးနောက် မြန်မာ့ရေထွက်ပစ္စည်းကုန်သည်များသည် ယခင်ကကဲ့သို့ တစ်ဖက်နိုင်ငံပွဲစားတို့၏ ဈေးနှိမ်ခြင်းမခံရဘဲ လေလံကြမ်းခင်းဈေးများ မြင့်တက်ခဲ့သည်။

မြန်မာနိုင်ငံတွင် အများပိုင်ကုမ္ပဏီများ ဖွင့်လှစ်တည်ထောင်ခွင့်ပြုပြီးနောက် ကုန်သည်အသင်းအဖွဲ့များက အများပိုင်ကုမ္ပဏီများ တည်ထောင်ရန်ကြိုးပမ်းခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က တည်ထောင်ထားသော Golden Asia အများပိုင်ကုမ္ပဏီသည် ပထမဆုံး တရားဝင်ဆောင်ရွက်ခွင့်ရရှိထားသော အများပိုင်ကုမ္ပဏီဖြစ်သည်။

**Associated News**

# ခရီးသွားလုပ်ငန်းဆိုင်ရာဖြေလျှော့မှုများပြုလုပ်ရာတွင် ဧည့်လမ်းညွှန်ဝန်ဆောင်မှုကိုချန်လှပ်

**သတင်းဆောင်းပါး – ကျော်ကျော်မင်း ၊ ခင်ဌေးကြွယ် ၊ ကျော်ဇေယျာဝင်း ၊ ၂၀–၁–၂၀၀၈**

**အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းဆိုင်ရာ ဖြေလျှော့မှုများပြုလုပ်ရာတွင် ဧည့်လမ်းညွှန်ဝန်ဆောင်မှုကို ချန်လှပ်ထားကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ဦးက ပြောကြားသည်။**

အဆိုပါ ဧည့်လမ်းညွှန်ဝန်ဆောင်မှုမှအပ ကျန်လုပ်ငန်းများကို ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းအမိန့်များနှင့်အညီ ပါဝင်ညှိနှိုင်းဖြေလျှော့ပြီးဖြစ်ကြောင်း၊ ခရီးသွားလာရေးလုပ်ငန်းကဏ္ဍတွင် လွတ်လပ်စွာဆောင်ရွက်နိုင်ရေးအတွက် ဖြေလျှော့မှု (Liberalization) ပြုလုပ်ရာတွင် ရရှိနိုင်သောအကျိုးကျေးဇူးနှင့် နိုင်ငံ၏အကျိုး၊ နိုင်ငံသားများ၏အကျိုးထိခိုက်မှုကို ရှောင်ရှားရသောအပိုင်းများ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းကဆိုသည်။



ဧည့်လမ်းညွှန်ဝန်ဆောင်မှုကို ဖြေလျှော့မှုမပေးခြင်းသည် ဧည့်လမ်းညွှန်လုပ်ငန်းမှာ တစ်ဦးချင်းဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်နေခြင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများကို ဧည့်လမ်းညွှန်အဖြစ် လုပ်ငန်းလိုင်စင်ထုတ်ပေးဆောင်ရွက်ခွင့်မပြုသေးခြင်းတို့ကြောင့်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့ပြင် နိုင်ငံ၏ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်

www.foreverspace.com.mm



အလက်များကို နိုင်ငံသားများကသာ မှန်ကန်စွာရှင်းလင်းတင်ပြနိုင်ခြင်း၊ ပြည်ပမှ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုရရှိနိုင်သည့်အခွင့်အလမ်းနည်းပါးခြင်းနှင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့ကို ရှေးရှု၍ ချန်လှပ်ထားခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

“ဒီမှာမှ မဟုတ်ဘူး။ ဘယ်နိုင်ငံမှာမှ Tour Guide Service ကို ဖြေလျှော့ပေးမှာမဟုတ်ဘူး” ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးဖုန်းသန့်က ပြောကြားသည်။

ဧည့်လမ်းညွှန်ဝန်ဆောင်မှုကို ဖြေလျှော့ပေးခြင်းမရှိသော်လည်း ဧည့်လမ်းညွှန်များအတွက် တစ်ပြေးညီစံချိန်စံညွှန်းများ သတ်မှတ်နိုင်ရေးအတွက်မူ အခြားအာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းကဆိုသည်။

ယနေ့ကမ္ဘာပေါ်တွင် နှစ်စဉ်ကမ္ဘာလှည့်ခရီးသည်သန်းပေါင်း ၈၀၀ ကျော် လှည့်လည်သွားလာလျက်ရှိကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၈၂၄ သန်းရှိပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ဘီလီယံ ၆၀၀ ကျော်ခန့်ရရှိကြောင်း၊ ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၅၄ ဘီလီယံရရှိခဲ့ကြောင်း၊ နှစ်စဉ်တိုးတက်မှုနှုန်းအနေဖြင့် ၁၉၉၆ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း ပျမ်းမျှ ၃.၀ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၂၀၀၅ မှ ၂၀၀၆ ခုနှစ်အတွင်း ၄.၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ဦးလှိုင်ဦးက ပြောကြားသည်။

အာဆီယံဒေသသည် ကမ္ဘာလှည့်ခရီးသွားဒေသ၏ အဓိကအစိတ်အပိုင်းဖြစ်ပြီး ၂၀၀၆ ခုနှစ်အတွင်း အာဆီယံနိုင်ငံများသို့ ခရီးသည်စုစုပေါင်း ၅၃.၉သန်းလာရောက်လည်ပတ်ခဲ့ကာ တိုးတက်မှုနှုန်း ၄.၅ ရာခိုင်နှုန်းရှိကြောင်း၊ ခရီးသွားကဏ္ဍသည် ဤကဲ့သို့သော တိုက်ရိုက်အကျိုးသက်ရောက်မှုအပြင် နိုင်ငံသားတို့အတွက် အလုပ်အကိုင်ရရှိစေခြင်း၊ ခရီးသွားလုပ်ငန်းကိုအကြောင်းပြု၍ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတိုးတက်ခြင်း စသော အကျိုးကျေးဇူးများကို ရရှိစေသည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ကြောင်း ၎င်းကဆိုသည်။

အာဆီယံဒေသ၏ ခရီးသွားလုပ်ငန်းသည် နှစ်စဉ်တိုးတက်လျက်ရှိရာ ၂၀၁၀ ခုနှစ်တွင် အာဆီယံသို့ ကမ္ဘာလှည့်ခရီးသည် ၆၁.၅၇ သန်းလာရောက်ပြီး အမေရိကန်ဒေါ်လာ ၄၇၅၇၂.၉၅ သန်းရရှိရန်



## ခရီးသွားလုပ်ငန်းများ၏ စွန့်ပစ်ပစ္စည်းများကြောင့် အင်းလေးကန်ရေထု အရည်အသွေးပျက်ယွင်းစပြု

**ရန်ကုန်၊ မတ် ၆**

အင်းလေးကန်အတွင်း ခရီးသွားလုပ်ငန်းများမှ စွန့်ပစ်လိုက်သောစွန့်ပစ်ပစ္စည်းများကြောင့် ကန်ရေထုအရည်အသွေး ညစ်ညမ်းစပြုလာကာ ဂေဟာစနစ်များပျက်စီးလာနိုင်ကြောင်း မြန်မာ့ငှက်ဝါသနာရှင်အသင်းမှ အလုပ်အမှုဆောင်ဖြစ်သူ ဦးစိုးတင့်က ပြောကြားသည်။

“အခုဆိုရင် ခရီးသွားလုပ်ငန်းတွေကထွက်တဲ့ အညစ်အကြေးတွေက အင်းလေးမှာ များနေပြီ။ ရေအရည်အသွေး မကောင်းတော့ဘူး” ဟု ၎င်းက ဆိုသည်။ ထိုကန်မှာ မြန်မာနိုင်ငံ၏ အထင်ကရရေတိမ်ဒေသကြီးတစ်ခုဖြစ်ပြီး ခရီးသွားလုပ်ငန်းအတွက် များစွာအထောက်အကူပြုသောနေရာလည်းဖြစ်ကြောင်း၊ နှစ်စဉ်ဆောင်းခိုငှက်များ လာရောက်ကျက်စားရာနေရာတစ်ခုလည်းဖြစ်ပြီး သဘာဝအရင်းအမြစ်များစွာ အခြေခံစုပုံနေသောနေရာဖြစ်သောကြောင့် ကန်၏ရေထုမညစ်ညမ်းစေရန် ထိန်းသိမ်းမှုများကို ထိရောက်စွာလုပ်ဆောင်သင့်ကြောင်း ၎င်းကရှင်းပြသည်။

ထို့အပြင် ဒေသခံများကလည်း ပိန်းပင်များကို နေ့စဉ်ကန်အတွင်းမှ ဆယ်ယူကာ အခြောက်လှမ်း၍ တရုတ်နိုင်ငံဘက်သို့ တင်ပို့ရောင်းချသောကြောင့် ကာလကြာရှည်လာပါက ပတ်ဝန်းကျင်ဂေဟာစနစ်များပါ လျော့ပါးထိခိုက်စေနိုင်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသွားသည်။

**ဇော်မင်းထိုက်**

www.foreverspace.com.mm



မျှော်မှန်းထားကြောင်း ၎င်း၏အဆိုအရ သိရသည်။

စီးပွားရေးတိုးတက်မှုမှာ အဓိက အခန်းကဏ္ဍမှပါဝင်နေသော ခရီးသွားလုပ်ငန်းကဏ္ဍ (Tourism Sector) ကို အာဆီယံကုန်သွယ်မှုဖြေလျှော့မှု (ASEAN Trade Liberalization) တွင် ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အာဆီယံအနေဖြင့် Tourism ဖြေလျှော့မှုတွင် ၂၀၁၀ ပြည့်နှစ်၌ လွတ်လပ်စွာဆောင်ရွက်နိုင်မှု (Free Flow of Tourism Services) ပါဝင်ကြောင်း၊ ယခု WTO တွင် သဘောတူညီခဲ့သည့် General Agreement On Trade in Services-GATS Plus စနစ်ဖြင့် ညှိနှိုင်းခဲ့ကြောင်း စာတမ်းများအရ သိရသည်။ အဓိက အာဆီယံဒေသတွင် နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံ လွတ်လပ်စွာသွားလာလည်ပတ်နိုင်ခြင်း (Borderless Travel)၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာကန့်သတ်မှု ဖြေလျှော့ပေးခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ လုပ်ကိုင်နိုင်ရေး (Free Flow of Labour Work Force) နှင့် နိုင်ငံခြားသားများ၏ ပိုင်ဆိုင်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်းတို့ကို ဦးတည်ဆောင်ရွက်နေကြောင်း ၎င်းကဆိုသည်။

ခရီးသွားဝန်ဆောင်မှုများကို Free Flow ခွင့်ပြုပေးရေးအတွက် အဓိကထည့်သွင်းစဉ်းစားမည်ဖြစ်ပြီး ပြဋ္ဌာန်းထားသော ခရီးသွားလုပ်ငန်းမူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံ၏ လုံခြုံရေးနှင့် စီမံခန့်ခွဲရေး၊ အခြေခံအဆောက်အဦတိုးမြှင့်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် နိုင်ငံအတွက် အခွန်အခများ မဆုံးရှုံးစေသောအချက်များကို ထည့်သွင်းစဉ်းစားကြောင်း၊ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရေမြေသဘာဝတောတောင်အလှအပများ ထိခိုက်ပျက်စီးမှုမရှိစေရန်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာအတတ်ပညာရပ်များ တိုးတက်ထွန်းကားစေပြီး အလုပ်အကိုင်အခွင့်အလမ်းများပိုမိုတိုးပွားစေရန်၊ ခရီးသည်များ၏လုံခြုံမှုနှင့် စိတ်ကျေနပ်မှုရရှိစေရန်ဟူသော ရည်ရွယ်ချက်များ ချမှတ်ထားပြီး ယင်းရည်ရွယ်ချက်အောင်မြင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၌ ပညာပေးရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ ပြည်ပလုပ်ငန်းများကြောင့် နိုင်ငံ၏အကျိုးကို မထိခိုက်စေရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ■

# မြန်မာနိုင်ငံလူဦးရေသုံးသောင်းလျှင် သွားဆရာဝန် တစ်ဦးနှုန်းသာရှိ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ၏ လတ်တလောလူဦးရေနှင့် သွားနှင့်ခံတွင်းဆရာဝန်အချိုးအဆကို နှိုင်းယှဉ်ပါက လူဦးရေသုံးသောင်းလျှင် ဆရာဝန်တစ်ဦးနှုန်းသာရှိနေသောကြောင့် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များ၌ ဆရာဝန်လုံလောက်မှုမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက ဇန်နဝါရီလနောက်ဆုံးပတ်အတွင်းကျင်းပသော (၂၈) ကြိမ်မြောက် သွားဘက်ဆိုင်ရာ ဆရာဝန်များညီလာခံတွင်ပြောကြားသည်။ မြန်မာနိုင်ငံလူဦးရေ ၅၅ သန်းတွင် သွားဘက်ဆိုင်ရာဆရာဝန် ၁၈၀၀ ဦးသာရှိနေသည့် ယခုအချိန်တွင် ပြည်သူများ၏ သွားနှင့်ခံတွင်းဆိုင်ရာကျန်းမာရေးလုပ်ငန်းစဉ်များကို အပြည့်အဝတာဝန်ယူနိုင်မှာမဟုတ်သေးကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ထို့ကြောင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး သင်တန်းသားဦးရေကို ယခင်ကထက် ပိုမိုလက်ခံသင်ကြားပေးလျက်ရှိကြောင်း ၎င်းကဆိုသည်။ ယခုအခါ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များကို ရန်ကုန်နှင့် မန္တလေးတွင် ဖွင့်လှစ်ခဲ့ပြီး တစ်နှစ်လျှင် သင်တန်းသား ၁၅၀ မှ ၂၀၀ အထိ လက်ခံသင်ကြားပေးလျက်ရှိကာ ပြင်ပ၌လည်း သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ကျန်းမာရေးဦးစီးဌာန အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

www.foreverspace.com.mm



# 3D Fund နှင့် ရဲတပ်ဖွဲ့ ပူးပေါင်းပြီး AIDS ဖြစ်ပွားမှု ကာကွယ်လျှော့ချရေးဆောင်ရွက်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၆**

ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာ နိုင်ငံအခြေစိုက် ရောဂါသုံးမျိုးတိုက်ဖျက်ရေး 3D Fund အဖွဲ့ ပူးပေါင်းပြီး ပြည့် တန်ဆာများနှင့် မူးယစ်ဆေးဝါးများကြောင့် ခုခံအားကျဆင်းမှုကူးစက်ရောဂါ (AIDS) ရောဂါဖြစ်ပွားခြင်းမှကာကွယ်ရေးနှင့် အန္တရာယ်လျှော့ချရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း 3D Fund အဖွဲ့၏ တရားဝင် ထုတ်ပြန်ချက်အရ သိရသည်။

ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်တွင် ကျင်းပသည့် 3D Fund အဖွဲ့၏ AIDS ရောဂါတိုက်ဖျက်ရေးအလုပ်ရုံဆွေးနွေးပွဲတွင် 3D Fund အဖွဲ့က တရားဝင်ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ရဲတပ်ဖွဲ့ဝင်များသည် အလုပ်သဘာဝအရ ပြည့်တန်ဆာများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် အနီးကပ်ဆက်ဆံရခြင်း၊ ရဲတပ်ဖွဲ့ဝင်အများစုမှာ လူငယ်လူရွယ်များဖြစ်နေခြင်းနှင့် တာဝန်အရ မိသားစုနှင့် ကာလအတန်ကြာခွဲခွာနေရခြင်းကြောင့် အပျော်အပါးလိုက်စားမိခြင်း အပါအဝင် ရဲလုပ်ငန်းသဘာဝ၏ အကြောင်းအရာများကြောင့် ရဲတပ်ဖွဲ့အတွင်း HIV/AIDS ရောဂါကူးစက်နိုင်သည့်အတွက် အဆိုပါစီမံကိန်း အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရဲတပ်ဖွဲ့ဝင်များက HIV ဗိုင်းရပ်စ်ပိုး ကူးစက်နိုင်မည့်အန္တရာယ်နှင့် အန္တရာယ်ကင်းစွာဆေးသုံးစွဲနည်း၊ အန္တရာယ်ကင်းစွာလိင်ဆက်ဆံနည်း (Safer Sex) နှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို ဖြန့်ဝေရန်၊ ပညာပေးရန် အခွင့်အရေးအရှိဆုံးသော အဖွဲ့အစည်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်း အကောင်အထည်ဖော်ခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အထောက်အကူပြု ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် HIV ပိုး ကူးစက်ပျံ့နှံ့မှုကို တားမြစ်နိုင်မည်ဖြစ်ကြောင်း 3D Fund အဖွဲ့၏ထုတ်ပြန်ချက်က ဆိုသည်။

ယင်းစီမံကိန်းမှာ တစ်နှစ်စီမံကိန်းဖြစ်ပြီး ၂၀၀၈ ခုနှစ် ဧပြီလတွင် အဆုံးသတ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အကြီးတန်းရဲအရာရှိကြီးတစ်ဦးက ဆိုသည်။

3D Fund အဖွဲ့မှာ မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ ငှက်ဖျားရောဂါနှင့် တီဘီရောဂါတိုက်ဖျက်ရေးဆောင်ရွက်နေသော Global Fund အဖွဲ့ ၂၀၀၅ ခုနှစ်တွင် နုတ်ထွက်ပြီးနောက်ပိုင်း အစားထိုးဝင်ရောက်လာသည့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်း (INGO) တစ်ခုဖြစ်သည်။

3D Fund အဖွဲ့သည် မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ စတင်အခြေစိုက်ကာ ဥရောပကော်မရှင်၊ ဗြိတိန်နိုင်ငံ၊ သြစတြေးလျ၊ နော်ဝေ၊ နယ်သာလန်၊ ဆွစ်ဇာလန်နိုင်ငံတို့မှ လှူဒါန်းငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြင့် ရောဂါသုံးမျိုးတိုက်ဖျက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းအဖွဲ့၏ထုတ်ပြန်ချက်အရ သိရသည်။

# ကမ္ဘာ့ဈေးကွက်သို့ထိုးဖောက်နိုင်ရန် တန်ဖိုးမြင့်ပဲများ တိုးတက်ထုတ်လုပ်ရန်လိုအပ်

**သတင်းဆောင်းပါး – ဟန်စိုးထိုက် ၊ ခင်ဌေးကြွယ်၊ ၅–၃–၂၀၀၈**

**မြန်မာနိုင်ငံမှ ပဲမျိုးစုံကို တင်ပို့ရာတွင် ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်ရန်အတွက် သမားရိုးကျပဲတင်ပို့မှုများထက် တန်ဖိုးမြင့်ပဲများ တိုးတက်ထုတ်လုပ်တင်ပို့ရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းဥက္ကဋ္ဌ ဦးထွန်းအောင်က ပြောကြားသည်။**

www.foreverspace.com.mm



လက်ရှိတွင် မြန်မာနိုင်ငံ၌ တန်ဖိုးမြှင့်ပဲများအနေဖြင့် မတ်ပဲခွဲခြမ်း၊ ပဲတီစိမ်းခွဲခြမ်း၊ ပဲစင်းငုံခွဲခြမ်း၊ ပဲလွန်းဖြူခွဲခြမ်း၊ မြေထောက်ပဲခွဲခြမ်းနှင့် ထောပတ်ပဲခွဲခြမ်းများကို ဒေသတွင်းနိုင်ငံများဖြစ်သော စင်ကာပူ၊ မလေးရှား၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ တောင်အာဖရိကနိုင်ငံ၊ သီရိလင်္ကာ၊ ပြင်သစ်၊ အီတလီ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ တင်ပို့လျက်ရှိပြီး ဈေးကွက်ချဲ့ထွင်ရန်အတွက် အခြားတန်ဖိုးမြှင့်ပဲများ တိုးတက်ထုတ်လုပ်၍ တင်ပို့ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

တန်ဖိုးမြှင့်ပဲမျိုးစုံထုတ်လုပ်တင်ပို့ခြင်းဖြင့် ဈေးနှုန်းပိုမိုရရှိခြင်း၊ တန်ဖိုးမြှင့်ထုတ်လုပ်မှုနည်းပညာ တိုးတက်လာခြင်း၊ အပြည်ပြည်ဆိုင်ရာတန်ဖိုးမြှင့်ဈေးကွက်တွင် နေရာရရှိလာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိခြင်း၊ ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစားအစာအဖြစ် အသုံးပြုနိုင်သဖြင့် ယင်းတို့ကို ရောင်းချခြင်းဖြင့် စက်လည်ပတ်စရိတ်ကာမိခြင်း၊ ဒေသတွင်း အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ၎င်းက ထပ်မံရှင်းပြသည်။

တန်ဖိုးမြှင့်ပဲမျိုးစုံထုတ်လုပ်သူအများစုမှာ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများ တိုးတက်ရန်မှာ ငွေကြေးအရင်းအနှီး၊ ကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာ၊ အခြေခံအဆောက်အဦ (မြေ၊ ရေ၊ လျှပ်စစ်မီး) များ ပြည့်စုံရန် လိုအပ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းဝယ်ယူရာတွင် လွယ်ကူချောမွေ့မှုလိုအပ်ပြီး ခိုင်မာသောဈေးကွက်အနေအထား ရှိရန်လည်း လိုအပ်ကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

တန်ဖိုးမြှင့်ပဲများတင်ပို့မှုအနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်တွင် တန်ချိန်တစ်သောင်းခွဲခန့်သာ တင်ပို့နိုင်ခဲ့သဖြင့် ပဲမျိုးစုံ တန်ချိန် ၁၁.၅၆ သိန်း တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် များစွာနည်းပါးနေသေးကြောင်း၊ ပြည်ပသို့ ပဲတင်ပို့ရောင်းချရာတွင် ပစ္စည်းတန်ချိန် အရေအတွက်များများ တင်ပို့နိုင်ရုံဖြင့် မပြီးသေးဘဲ ဈေးနှုန်းကောင်းရရန်လည်း လိုအပ်ကြောင်း၊ ယင်းသို့ ဈေးကောင်းရရှိရန်မှာ အရည်အသွေးမြင့်ပဲများ၊ တန်ဖိုးမြှင့်ပဲများ တိုးတက်ထုတ်လုပ်တင်ပို့နိုင်ရန် လိုအပ်ကြောင်း၊ ပဲမျိုးစုံတန်ဖိုးမြှင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပဲခွဲစက်စသည့် ကိရိယာများ ဝယ်ယူဖြည့်ဆည်းနိုင်ရန်အတွက် လိုအပ်သည့်ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်းကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်တွင် ကျင်းပသော ပဲမျိုးစုံတန်ဖိုးမြှင့်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ကတိပြုပြောကြားသွားခဲ့ကြောင်း၊ တန်ဖိုးမြှင့်ပဲများထုတ်လုပ်ရန်အတွက် ဘဏ်ချေးငွေရရှိရန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ယင်းအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောကြားသည်။

ကုမ္ပဏီများအနေဖြင့် ပဲတန်ဖိုးမြှင့်

# ပလာတူးငါးအပါအဝင် ငါးလေးမျိုးကို လေ့လာမည်

**ရန်ကုန်၊ မတ် ၃**

ငါးလုပ်ငန်းဦးစီးဌာနသည် ပလာတူးငါး အပါအဝင် ငါးလေးမျိုး၏ သဘာဝအလေ့အထများကို ၂၀၀၈ ခုနှစ် ဧပြီလဆန်းပိုင်းတွင် စမ်းသပ်လေ့လာမှုများပြုလုပ်ရန် စီစဉ်လျက်ရှိသည်ဟု ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ယင်းဌာနမှ စုံစမ်းသိရှိရသည်။

အဆိုပါငါးများမှာ ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသသို့ ရောက်ရှိလာလေ့ရှိပြီး ရေချိုမြစ်ချောင်းများသို့ မည်သည့်နေရာမှ ရောက်ရှိလာ၍ မည်သည့်အချိန်တွင် ပြန်လည်ထွက်ခွာသည်ကိုမသိရှိရကြောင်းနှင့် ယင်းငါးလေးမျိုးကို စမ်းသပ်မှုပြုလုပ်ခြင်းဖြင့် ၎င်းတို့၏ နေထိုင်ရာ အလေ့အထ၊ မျိုးပွားရာနေရာ၊ မျိုးပွားမည့်အချိန်၊ သွားရာလမ်းကြောင်းတို့ကိုပါ သိရှိနိုင်ပြီး ရေလုပ်ငန်းကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ကမ္ဘာ့ငါးဈေးကွက်တွင် နာမည်ရနေသော မြန်မာငါးသလောက်ကိုပါ သုတေသနပြုလုပ်ရန် အစီအစဉ်ရှိနေသည်ဟု ယင်းဌာနမှ ထပ်မံစုံစမ်းသိရှိရသည်။

www.foreverspace.com.mm



**မြန်မာနိုင်ငံမှ ထပ်ဆင့်တန်ဖိုးမြှင့်ပဲအမျိုးမျိုး ပြည်ပတင်ပို့မှု (၂၀၀၄–၂၀၀၅)**

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် မက်ထရစ်တန် | တန်ဖိုး USD | SGD | Euro |
|---|---|---|---|---|---|
| ၁။ | SQ | ၂၆၃ | ၁၀၉၀၂၅ | – | – |
| ၂။ | အခွံချွတ် | ၅၉၃၅ | ၁၉၂၀၈၆၆ | ၂၀၇၉၈၄.၈၂ | ၇၄၀၃၅ |
| ၃။ | အခွံပါအခြမ်း | ၇၅၂ | ၂၈၁၇၅၂ | ၂၉၁၇၃.၂ | – |
| ၄။ | အခွံချွတ်အခြမ်း | ၇၈၈၆ | ၂၈၀၂၆၁၁ | ၄၆၂၀၈.၁၄ | ၂၈၅၁၄ |
| ၅။ | အမှုန့် | ၉၀ | ၄၉၅၀၀ | – | – |
| | | ၁၄၉၂၆ | ၅၁၆၃၇၅၄ | ၂၈၃၃၆၆.၁၆ | ၁၀၂၅၄၉ |

Source: **မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း**

ထုတ်လုပ်ရန် ပဲခွဲစက်တည်ထောင်ရေး အတွက် လိုအပ်သောငွေကြေးကို မွေးမြူရေးနှင့် ရေလုပ်ငန်းဘဏ်မှ ချေးယူရရှိနိုင်ရန်အတွက် လက်ရှိကုမ္ပဏီ၏ အခြေအနေ၊ ကုမ္ပဏီအမည်နှင့် လိပ်စာ၊ မြေယာပိုင်ဆိုင်မှု၊ အဆောက်အအုံပိုင်ဆိုင်မှု၊ ပဲအခြေခံလုပ်ငန်းပိုင်ဆိုင်မှုနှင့် နှစ်စဉ်ကုန်ကြမ်း ဝယ်ယူမှုအခြေအနေများကို အမျိုးအစားအလိုက် ခန့်မှန်းတန်ဖိုး ဖော်ပြရန် လိုအပ်ကြောင်း၊ ပဲတန်ဖိုးမြှင့်လုပ်ငန်းတိုးချဲ့တည်ဆောက်ရန် ပြုလုပ်မည့်လုပ်ငန်းအမျိုးအစား၊ စက်စွမ်းအား၊ ရင်းနှီးမည့်ငွေကြေးပမာဏ၊ ချေးယူလိုသည့် ငွေကြေးပမာဏ၊ ချေးငွေပြန်လည်ပေးဆပ်ရန်အစီအစဉ်၊ ချေးယူရန်အတွက် အပေါင်ထားရှိမည့် မြေယာ၊ အဆောက်အအုံ၊ ကုန်သည်/စက်မှုအသင်းချုပ်တွင် အသင်းသားအဖြစ် ဝင်ရောက်ထားခြင်းရှိ/မရှိ၊ ငွေချေးယူခွင့် ရရှိပါက သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်များကို ကုမ္ပဏီ၏ဥက္ကဋ္ဌ (သို့) အုပ်ချုပ်မှုဒါရိုက်တာကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း ယင်းအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ပြောကြားသည်။

ကမ္ဘာပေါ်တွင် ပဲအများဆုံးတင်ပို့နေသော ကနေဒါနိုင်ငံအနေဖြင့် လာမည့်နှစ်အတွင်း ပဲစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်ခြင်း မပြုတော့ဘဲ ထပ်ဆင့်တန်ဖိုးမြှင့် (Value Added) ပြီး ဝင်ငွေနှစ်ဆတိုးစေရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ ကနေဒါနိုင်ငံတွင် ပဲမျိုးစုံအထူးပြုပြင်မွမ်းမံသည့် စက်ရုံ ၁၂၀ ခန့်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခွံချွတ်ပဲ၊ ပဲခြမ်း၊ ပဲမှုန့်များအပြင် ပဲအထုပ်၊ စည်သွတ်ပဲ၊ ပဲယို၊ ပဲကြော်ဆံ၊ ပဲကြော်၊ ပဲငံပြာရည်၊ ပဲနို့ရည်၊ ပဲပင်ပေါက်၊ ပဲပြား စသည့် အခြားသော တန်ဖိုးမြှင့်ပဲအမျိုးမျိုးတို့ကို အသင့်စားသုံးနိုင်သည့် အဆင့်ရောက်အောင်ထုတ်လုပ်၍ ပို့ကုန်အမယ်သစ်များအဖြစ် ရောင်းချတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း (UMFCCI) ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောကြားသည်။

"မြန်မာနိုင်ငံရဲ့ မတ်ပဲဈေးကွက်ကို ကြည့်ရင် မနှစ်က အိန္ဒိယက တင်သွင်းမှုပိတ်လိုက်တော့ ပြည်တွင်းမှာ မတ်ပဲတန်ချိန် ခြောက်သောင်းလောက်ပိုလျှံတယ်လို့ ခန့်မှန်းရတယ်။ ဒီနှစ် မတ်ပဲထွက်ရှိလာမှုနဲ့ ဆိုရင် ပဲဈေးက Export ကို မျှော်ရမလို ဖြစ်နေတယ်။ တန်ဖိုးမြှင့်ပဲအနေနဲ့ ထုတ်လုပ်တင်ပို့မယ်ဆိုရင် ဘယ်လိုပုံစံ ဘယ်လိုမျိုးထုတ်လုပ်ပြီး ဘယ်နိုင်ငံ တင်ပို့ရမယ်ဆိုတာ ပို့ကုန်လုပ်ငန်းရှင်တွေ တိတိကျကျ မသိရဘူး။ မြန်မာနိုင်ငံရဲ့ ပဲစိုက်ပျိုးထုတ်လုပ်မှုကို ကုန်ဝယ်နိုင်ငံက Buyer တွေက သိတယ်။ သူတို့နိုင်ငံရဲ့ ပဲစိုက်ပျိုးထုတ်လုပ်မှုနဲ့ ဈေးကွက်အခြေအနေကို မြန်မာနိုင်ငံက ပို့ကုန်လုပ်ငန်းရှင်တွေက မသိရဘူး။ ဒါ အရေးပါတဲ့ အားနည်းချက်တစ်ခုဖြစ်နေတယ်" ဟု မန္တလေးတိုင်း ကုန်စည်ဒိုင် ဥက္ကဋ္ဌ ဦးကိုကိုကြီးက ပြောပြသည်။

ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံး၍ ထုတ်ကုန်ပစ္စည်းများ လွတ်လပ်စွာ ရောင်း

# ပင်လယ်ရေမှော်မွေးသူများ မြိတ်တက္ကသိုလ်ကူညီ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၉**

မြန်မာ့ပင်လယ်ကမ်းရိုးတန်းရှိ ပင်လယ်ရေမှော်မွေးမြူသူများကို မြိတ်တက္ကသိုလ် အဏ္ဏဝါဗေဒပညာရှင်များက လိုအပ်သည့်နည်းပညာများကူညီထောက်ပံ့မည်ဟု ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် မြိတ်ရေမှော်ရောင်းသည့်ကုန်သည်တစ်ဦးထံမှ စုံစမ်းသိရှိရသည်။

ပင်လယ်ရေမှော်သည် တနင်္သာရီတိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ ကျွန်းစုများ၌ မွေးမြူလုပ်ကိုင်ရန် အသင့်တော်ဆုံးဖြစ်ကြောင်း၊ မြိတ်ကျွန်းစုရေပြင်မှာ ကြည်လင်မှုရှိပြီး ဆားငန်နှုန်းအမှတ် ၂၅ PPT အထက်နှင့် အနည်းဆုံးအပူချိန် ၂၈ ဒီဂရီစင်တီဂရိတ်ရှိကာ လှိုင်းလေဒဏ် အကာအကွယ်ရှိခြင်းတို့ကြောင့် မွေးမြူရန်အကောင်းဆုံးနေရာဖြစ်ကြောင်း ၎င်းကဆိုသည်။

ပင်လယ်ရေမှော်ကို အဓိကအားဖြင့် အလှကုန်ပစ္စည်းများ၊ စားသောက်ပစ္စည်းအချို့နှင့် ဆေးဝါးတို့တွင် ထည့်သွင်းသုံးစွဲလျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် လက်ရှိ၌ ပင်လယ်ရေမှော်ကို အာဆီယံနိုင်ငံအချို့၌သာ တင်ပို့နေရာမှ ပင်လယ်ရေမှော်အဓိကသုံးစွဲလျက်ရှိသည့် အမေရိကန်ပြည်ထောင်စုနှင့် ဒိန်းမတ်၊ ပြင်သစ်နှင့် ဩစတြေးလျ စသည့်နိုင်ငံများကို တင်ပို့နိုင်ရန်အတွက် နည်းပညာပံ့ပိုးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ■

www.foreverspace.com.mm



ဝယ်နိုင်သည်ဆိုသော်လည်း ထုတ်လုပ်မှုစရိတ်စကအပြည့်အဝရင်းနှီးမြှုပ်နှံနိုင်မှုမရှိသည့်အတွက် စိုက်ပျိုးသူများ၏ ထုတ်ကုန်အများစုမှာ ကုန်သည်ကြီးများက ချုပ်ကိုင်ထားနိုင်သည့်အနေအထားတွင်ရှိကြောင်း၊ လယ်ယာလုပ်ငန်းရှင်အများစုမှာ ၎င်းတို့၏ ထုတ်ကုန်သီးနှံပမာဏထက်ဝက်ခန့်ကို လယ်ယာလုပ်ငန်းခွင်များ ပြီးစီးချိန်တွင် ထုတ်လုပ်မှုစရိတ်စကများကို ပေးချေရန် ဈေးကွက်ပေါက်ဈေးအတိုင်း မဖြစ်မနေ ရောင်းချရပြီး လယ်ယာလုပ်ငန်းခွင်စတင်ဝင်ရမည့်ရာသီတွင်လည်း လက်ကျန်သီးနှံများကို ရောင်းချရသဖြင့် ဤရာသီချိန်များတွင် ဈေးကွက်ပေါက်ဈေးနိမ့်နေသည်ကို နှစ်ပေါင်းများစွာ ကြုံတွေ့နေရကြောင်း စစ်ကိုင်းတိုင်းမှ တောင်သူတစ်ဦးက ဆိုသည်။

"ကျွန်တော်တို့ ပဲစိုက်ချိန်က အချိန်အကန့်အသတ်နဲ့ စိုက်ရတာ။ နိုဝင်ဘာလအလယ်လောက်ဆို မိုးစပါးအပြီးရိတ်ပြီး ပဲစိုက်ရတာ။ ဖေဖော်ဝါရီလလယ်ဆိုရင် နွေစပါးအတွက် ဆည်မြောင်းရေကလာပြီး ရေဝင်ရင် ပဲပျက်မယ်။ ဒါကြောင့် အချိန်မီစိုက်နိုင်အောင် လုပ်ရတယ်။ တချို့နှစ်ဆိုရင် ရေကြောက်လို့ ပဲအကုန်မမှည့်ခင်သိမ်းရတယ်။ ဒီတော့ ပဲအစိမ်းစေ့တွေပါတယ်။ ဈေးကွက်မှာ မျက်နှာပန်းမလှတော့ ဈေးနှိမ်ခံရတယ်။ ဒီနှစ်ဆိုရင် ရာသီမဟုတ်မိုးရွာတော့ စိမ့်ကိုင်ပြီး ပဲတွေ အပင်ဖြစ်နှုန်း တန့်သွားတယ်။ ပိုးမကျအောင် ဆေးဖျန်းလိုက်ရတော့ ကုန်ကျစရိတ်များတယ်။ ပဲအထွက်လျော့ပြီး ဈေးကွက်က Export မရှိတော့ ဈေးကျတာပေါ့" ဟု ပဲခူးတိုင်းမှ ပဲတောင်သူတစ်ဦးက ပြောပြသည်။

မြန်မာနိုင်ငံ ပဲဈေးကွက်သည် ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကို အားကိုးနေရကြောင်း၊ အိန္ဒိယဈေးကွက်တွင်လည်း တန်ဖိုးမြှင့်ပဲများကို အမေရိကန်၊ ဩစတြေးလျနှင့် ကနေဒါနိုင်ငံတို့မှ တင်သွင်းပြီး အလယ်အလတ်ပဲများကိုသာ မြန်မာနိုင်ငံမှ တင်သွင်းခြင်းဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ မတ်ပဲနှင့် ပဲတီစိမ်းဈေးကွက်တွင်လည်း မြန်မာပဲများမှာ တရုတ်ပဲများထက် ဈေးနှုန်းနည်းပါးကြောင်း၊ တန်ဖိုးမြှင့်ပဲများ ထုတ်လုပ်တင်ပို့နိုင်ရန်မှာလည်း ထုတ်လုပ်မှုနည်းပညာ၊ အရင်းအနှီး ပြည့်စုံမှုနှင့် ခိုင်မာသောဈေးကွက်များရှိရန် လိုအပ်ပြီး တင်ပို့မည့်နိုင်ငံ၏ ဈေးကွက်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိရန်လည်း လိုအပ်ကြောင်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။ ■

# ဧရာဝတီတိုင်းတွင် နေကြာကိုစီမံချက်ဖြင့် စိုက်ပျိုးမည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၂**

ဆီဖူလုံရေးစီမံချက်ဖြင့် ဧရာဝတီတိုင်းတွင် ယခုနှစ်အတွင်း နေကြာကို ကြားညှပ်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဧရာဝတီတိုင်းတစ်တိုင်းလုံးအတွက် ယခုနှစ် နေကြာစိုက်ဧက လေးသိန်းကျော်စိုက်ပျိုးရန် စီမံချက်ချထားကြောင်းနှင့် ယင်းစိုက်ဧကများတွင် ကျုံပျော်မြို့နယ်၌ ဧကသုံးသောင်းစိုက်ပျိုးရန် စီမံချက်ပါဝင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နေကြာကို သီးညှပ်စိုက်ပျိုးခြင်းဖြင့် တစ်ဧကလျှင် နေကြာတင်း ၅၀ ခန့် ထွက်ရှိမည်ဖြစ်ကြောင်း၊ နေကြာတစ်တင်းကိုဆီကြိတ်ပါက ဆီနှစ်ပိဿာခွဲနှုန်းဖြင့် ဆီပိဿာ ၁၀၀ ခန့်ရရှိမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယင်းသို့နေကြာကို စိုက်ပျိုးခြင်းဖြင့် မိသားစုအတွက် စားသုံးမှုဖူလုံစေပြီး ရောင်းချလျှင် ဝင်ငွေလည်းပိုမိုတိုးလာမည်ဖြစ်သည့်အတွက် တောင်သူများအနေဖြင့် မိမိတို့၏ လယ်တွင် နေကြာကို သီးညှပ်စိုက်ပျိုးသင့်ကြောင်း ၎င်းကဆိုသည်။

ဧရာဝတီတိုင်းသည် မြန်မာနိုင်ငံ၏ အဓိကအားထားရသော ဆန်စပါးပို့လျှံတိုင်းဖြစ်ပြီး ယခုနှစ်တွင် ပြည်ပသို့ ဆန်တင်ပို့ခွင့်ရသော တိုင်းကြီးသုံးတိုင်းတွင် အပါအဝင်ဖြစ်သည်။

**ကျော်ဇေယျာဝင်း**

www.foreverspace.com.mm



# ငှက်ဖျားရောဂါအဖြစ်များသော တောင်ပေါ်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ UNICEF တိုးမြှင့်ဆောင်ရွက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံအတွင်း ငှက်ဖျားရောဂါ အဖြစ်များသော တောင်ပေါ်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းလိုအပ်ချက်များကို ထိထိရောက်ရောက် အကူညီပေးရန်နှင့် ဒေသခံပြည်သူများ ကျန်းမာရေးအသိပညာရှိစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ထံမှ သိရသည်။

အထက်ပါဒေသများ၌ အခြေခံဆေးဝါးများနှင့် ကျန်းမာရေးကိရိယာများကို ကျန်းမာရေးဌာနများသို့ အကူအညီပေးမည့်အပြင် ကျန်းမာရေးအသိပေးကြော်ငြာ ပိုစတာများဖြန့်ဝေခြင်း၊ ဆေးစိမ်ခြင်ထောင်ဖြန့်ဖြူးခြင်း၊ ငှက်ဖျားရောဂါခံစားနေရသည့် လူနာများအား ထိရောက်သည့်ကုသခြင်း စသည်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရောဂါဖြစ်နေသည့်လူနာများ ကုသမှုခံယူရန်လိုအပ်ပါက ဆေးဝါးကုသမှုများကို အလျင်အမြန်ဆောင်ရွက်လျက်ရှိကြောင်း၊ စိတ်ချရသည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံပြည်သူများ ငှက်ဖျားရောဂါဖြစ်ပွားမှုအန္တရာယ်လျော့နည်းသွားနိုင်ကြောင်း မြန်မာနိုင်ငံ UNICEF ရုံးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**အာကာ**

# တိရစ္ဆာန်ဆေးဝါးနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် တရုတ်ရင်းနှီးမြှုပ်နှံလို

**ရန်ကုန်၊ မတ် ၄**

မြန်မာနိုင်ငံတွင် ပြည်ပမှမှာယူတင်သွင်းနေရသော တိရစ္ဆာန်ဆေးဝါး၊ အားဖြည့်ဆေးများနှင့် ဖြည့်စွက်အစာများကို လာရောက်ရင်းနှီးမြှုပ်နှံထုတ်လုပ်သွားရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကမ်းလှမ်းမှုများရှိလာကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါကမ်းလှမ်းမှုကို ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် ယင်းဆေးဝါးများ ထုတ်လုပ်သည့်ကုမ္ပဏီတစ်ခုမှ ကိုယ်စားလှယ်များက လာရောက်ကမ်းလှမ်းခြင်းဖြစ်ပြီး မြန်မာနိုင်ငံရှိ တိရစ္ဆာန်ဆေးဝါးထုတ်လုပ်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် တိရစ္ဆာန်ဆေးဝါး၊ ဖြည့်စွက်အစာနှင့် အားဖြည့်ဆေးများကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ခြောက်သန်းဖိုးခန့် တင်သွင်းနေရကြောင်း၊ ပြည်တွင်း၌ထုတ်လုပ်နိုင်ပါက နိုင်ငံခြားငွေကုန်ကျမှုကို များစွာလျှော့ချနိုင်ပြီး သွင်းကုန်အစားထိုးနိုင်ကြောင်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်အကျိုးရှိမည့်အပြင် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း မွေးမြူရေးအစာနှင့် တိရစ္ဆာန်ဆေးဝါးရောင်းချသူတစ်ဦးက ဆိုသည်။

**ကျော်ဇေယျာဝင်း**

# မန္တလေးတွင် နနွင်းခါးဥ တစ်ရက်ပိဿာချိန် ၃၀ နီးပါး ရောင်းချရ

**မန္တလေး၊ မတ် ၃**

မန္တလေးမြို့တော်ဈေးများတစ်ဝိုက်တွင် ရောင်းချနေသည့် နနွင်းခါးဥရောင်းကုန်သည်များသည် တစ်ရက်လျှင် ပိဿာချိန် ၃၀ နီးပါး နေ့စဉ်ရောင်းချနေရသည်ဟု နနွင်းကုန်သည်တစ်ဦးက ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ပြောကြားသည်။

အဆိုပါ နနွင်းခါးဥဝယ်ယူသူအများစုမှာ မြို့တွင်းလူနေထူထပ်သည့်နေရာဒေသများတွင် နေထိုင်ကြသူများဖြစ်ပြီး ခြင်အန္တရာယ်ကိုကာကွယ်ရန်အတွက်ဖြစ်ကြောင်း၊ ညစဉ်ညတိုင်း နနွင်းခါးဥကို မီးဖိုတွင်ထည့်၍ မီးဖုတ်ပြီး ခြင်ပြေးစေရန်ပြုလုပ်ကြပြီး ခြင်အန္တရာယ်ကာကွယ်ကြခြင်းဖြစ်ကြောင်း၊ နနွင်းကိုမီးဖုတ်၍ထွက်ပေါ်လာသောအနံ့သည် လူကို အန္တရာယ်မပေးသည့်အပြင် သွေးတိုးရောဂါကျစေသဖြင့် မန္တလေးမြို့၌ လူတစ်ဦးလျှင် အနည်းဆုံး တစ်ပိဿာမျှ ဝယ်ယူကြပြီး မန္တလေးသို့လာရောက်လည်ပတ်သည့် ရန်ကုန်မှ ဧည့်သည်များကိုပင် ခြင်အန္တရာယ်ကင်းစေရန် လက်ဆောင်ပေးမှုများရှိနေသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

နနွင်းခါးဥသည် ကျောက်ဆည်မြို့နယ် ဖားမြင်မိုးဒေသတွင် အများဆုံးထွက်ပြီး ဈေးကွက်တွင် တစ်ပိဿာလျှင် ၆၀၀ ကျပ်နှုန်းရှိနေသည်ဟု စုံစမ်းသိရှိရသည်။

www.foreverspace.com.mm



# ငွေဆောင်ကမ်းခြေရှုခင်းကြည့်ပတ်လမ်း ဖောက်လုပ်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၅**

ကမ်းခြေအလျား ကိုးမိုင်ခန့်ရှည်လျားသည့် ငွေဆောင်ကမ်းခြေဒေသတွင်း တည်ဆောက်ပြီးဖြစ်သော ဟိုတယ်များနှင့် ကမ်းခြေသောင်ပြင်အကြား ရှုခင်းကြည့်ပတ်လမ်းတစ်ခုတည်ဆောက်ရန် မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီကြီးတစ်ခုက စီစဉ်လျက်ရှိကြောင်း ငွေဆောင်ဇုန်ဟိုတယ်လုပ်ငန်းရှင်များ အသင်းမှလာသောသတင်းများအရ သိရှိရသည်။





အဆိုပါရှုခင်းကြည့်ပတ်လမ်းမှာ လက်ရှိတည်ဆောက်ပြီးဖြစ်သော Myanmar Treasure Resort I ဟိုတယ်မှ ငွေဆောင်မြို့ကိုဖြတ်၍ Dream Paradise ဟိုတယ်အထိ ကမ်းခြေအတိုင်း တောက်လျှောက် ဖောက်လုပ်မည်ဖြစ်ကြောင်းလည်း ယင်း သတင်းက ဆိုသည်။

၂၀၀၃ ခုနှစ်အတွင်းကလည်း ငွေဆောင်ကမ်းခြေတွင် လေယာဉ်ကွင်းတည်ဆောက်ရန် စီစဉ်ခဲ့ဖူးပြီး ဟိုတယ်ဇုန်အပိုင်း(၂) ဖော်ထုတ်ပြီးနောက် အဆိုပါစီမံကိန်းမှာ ဟိုတယ်ဇုန်အပိုင်း(၂)တွင် တည်ဆောက်ရန် ပြောင်းလဲစီစဉ်ခဲ့သည်။

ငွေဆောင်ဟိုတယ်သတင်းရပ်ကွက်၏ အဆိုအရ ငွေဆောင်ကမ်းခြေ ရှုခင်းပတ်လမ်းတည်ဆောက်ရန် ၂၀၀၄ ခုနှစ်အတွင်းကပင် စတင်စီစဉ်ခဲ့သော အစီအစဉ်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ၏ ခွင့်ပြုချက်ရရှိမှသာ တရားဝင်အတည်ပြုပြောဆိုနိုင်မည်ဖြစ်ကြောင်းလည်း Living Color သို့ ပြောကြားခဲ့သည်။

**Associated News**

# မြန်မာနိုင်ငံတွင် အဝလွန်သူဦးရေ ၁၅ ရာခိုင်နှုန်းအထိတိုးတက်များပြား၊ ကြီးမားသည့်ကျန်းမာရေးပြဿနာ ဖြစ်လာနိုင်

**သတင်းဆောင်းပါး – ခင်ဌေးကြွယ် ၊ ၁၅–၂–၂၀၀၈**

**မြန်မာနိုင်ငံတွင် ယခင်က အဝလွန်သူဦးရေနည်းပါးခဲ့သော်လည်း ၁၉၉၀ ခုနှစ်နောက်ပိုင်းတွင် ၁၅ ရာခိုင်နှုန်းအထိမြင့်မားလာရာ လာမည့်ဆယ်စုနှစ်အတွင်း အဝလွန်ခြင်းကို ကြီးမားသည့်ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် ဖြေရှင်းလာရတော့မည်ဖြစ်ကြောင်း အထူးကုဆရာဝန်ကြီးတစ်ဦးက သုံးသပ်ပြောကြားသည်။**

အဆိုပါအဝလွန်ခြင်းပြဿနာသည် မြို့နေလူတန်းစားများတွင် ဖြစ်ပွားမှုနှုန်းများတတ်ပြီး ၂၀၂၀ ခုနှစ်တွင် လူတိုင်းနီးပါး ရင်ဆိုင်ရလာနိုင်ဖွယ်ရှိကြောင်း FAME ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း အကြီးအကဲ ဒေါက်တာခင်မောင်လွင်က

www.foreverspace.com.mm

ခဲ့သည်။

လူတစ်ဦးချင်းစီ၏ ကိုယ်အလေးချိန်သည် ပုံမှန်ရှိသင့်သည့် အလေးချိန်ထက် ကျော်လာပြီး အဝလွန်လာပါက အန္တရာယ်ကြီးမားသည့် ရောဂါ ၁၀ မျိုးခန့်ချက်ချင်း ဖြစ်ပွားနိုင်သည်ဟု အထူးကုသမားတော်တစ်ဦးဖြစ်သူက ထပ်လောင်းပြောကြားသည်။

အဝလွန်ခြင်းကြောင့် ဖြစ်ပွားမှုမြန်ဆန်သည့်ရောဂါများမှာ ကင်ဆာရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ သွေးတိုး၊ လေဖြတ်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သည်းခြေကျောက်တည်ခြင်းရောဂါ စသည်တို့ကို အချိန်တိုအတွင်း ဖြစ်ပွားနိုင်ကြောင်း၊ ဖြစ်ပွားလျှင်လည်း ပုံမှန်လူများထက် ကုသမှုခက်ခဲပြီး သေဆုံးမှုနှုန်းမြန်ဆန်ကြောင်း ရန်ကုန်ဆေးရုံကြီးမှ အထွေထွေကုသမားတော်တစ်ဦးက ရှင်းပြသည်။

၎င်းက “အဝလွန်တယ်ဆိုတာဟာ အစားစားရုံနဲ့ ဝလာတာမဟုတ်ဘူး။ အိပ်ရေးပျက်တာတွေ၊ စိတ်ဓာတ်ကျတာ၊ ထမင်းစားသုံးမှုများတာ၊ ကိုယ်လက်လှုပ်ရှားမှုနည်းတာတွေကြောင့်လည်းပဲ ဝလာနိုင်တယ်။ များသောအားဖြင့် သက်ကြီးပိုင်းတွေပေါ့။ အသက် ၄၀၊ ၅၀ တွေကပိုပြီး ဝဖို့လွယ်တယ်။ ကလေးတွေ ဝရင်တော့ လူကြီးထက် အန္တရာယ်ပိုများတယ်” ဟု ဆိုသည်။

အဝလွန်ပြီး ကိုယ်အလေးချိန်မြင့်လာပါက ပြန်လည်လျှော့ချရန် ခက်ခဲပင်ပန်းကြောင်း၊ ထို့ကြောင့် ကိုယ်အလေးချိန်ကို လစဉ်ပုံမှန်စစ်ဆေး၍ ဂရုစိုက်နေထိုင်သင့်ကြောင်း၊ အထူးသဖြင့် အိမ်တွင် အနေများသည့် အမျိုးသမီးအများစုသည် အဝလွန်ခြင်းနှင့်ရင်ဆိုင်ရကြောင်း၊ အိမ်ရှင်မအမျိုးသမီးများအနေဖြင့် အိမ်မှုကိစ္စများအပြင် ကိုယ်လက်လှုပ်ရှားမှု၊ ကျန်းမာရေးလေ့ကျင့်ခန်းမှန်မှန်လုပ်မှုတို့ကိုဆောင်ရွက်သင့်ကြောင်း အသက် ၃၅ နှစ်အရွယ်တွင် ပေါင်ချိန် ၁၅၈ ပေါင်ရှိသည့်အိမ်ရှင်မတစ်ဦးကပြောကြားသည်။

ယင်းကပြောဆိုရာတွင် “အဝလွန်လာတဲ့အခါမှာ လူအများနည်းတူ မစားရ၊ မသောက်ရ ဖြစ်လာတယ်။ တစ်ခုခုစားသောက်တော့မယ်ဆိုရင် ကိုယ့်ခန္ဓာကိုယ်ပြန်ကြည့်ပြီး မစားရဲတော့ဘူး။ အဝတ်အစားဆိုလည်း ဒီအတိုင်းပဲ။ ပိန်ပိန်သွယ်သွယ်တုန်းကတော့ ဘာပဲဝတ်ဝတ်အကုန်လုံး အိုကေနေတာပဲ။ ဝတဲ့အချိန်မှာ အဝတ်ဝတ်တော့မယ်ဆိုရင် ငါ့ကို လူတွေက ကဲ့ရဲ့ကြမလား၊ ဒီအဝတ်ကြောင့် လှောင်ပြောင်ကြမလားပေါ့။ အမြဲတမ်း စိတ်ကအား

# ကုန်တင်ယာဉ်များ ကုန် ၁၅ တန်ဖြင့်သာ သီပေါတံတား ဖြတ်ခွင့်ပြုမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၇**

တရုတ်နိုင်ငံထွက်ပစ္စည်းများကို မူဆယ်မှတစ်ဆင့် လားရှိုးနှင့် မန္တလေးသို့ သယ်ယူနေသည့် ကုန်တင်ယာဉ်များအနေဖြင့် သီပေါတံတားကို ကုန်တန်ချိန် ၁၅ တန်ဖြင့်သာ တင်ဆောင်၍ ဖြတ်သန်းခွင့်ပြုကြောင်း မူဆယ်–မန္တလေး ကုန်စည်ပို့ဆောင်ရေးဂိတ်တစ်ခုမှဂိတ်မှူးတစ်ဦး၏ ပြောကြားသည်။

အထူးသဖြင့် မူဆယ်–လားရှိုး– မန္တလေး–ရန်ကုန် ကုန်တင်ယာဉ်များမှာ ကုန်တန်ချိန် ၃၀ ကျော်တင်မှသာလျှင် ကားခပိုမိုရရှိကြောင်း၊ သီပေါတံတားတွင် တန်ချိန် ၁၅ တန်သာ ဖြတ်သန်းခွင့်ပြုခြင်းကြောင့် ကုန်ပစ္စည်းများကို အခြားယာဉ်ပေါ်သို့ပြောင်းတင်ရကြောင်း မူဆယ်–မန္တလေး ကုန်တင်ယာဉ် ယာဉ်မောင်းတစ်ဦးက ရှင်းပြသည်။

မူဆယ်–မန္တလေး ကုန်တင်ယာဉ်များ၏ပစ္စည်းသယ်ဆောင်စရိတ်မှာ ယခင်က အောက်ခံကုန်ပစ္စည်းများကို တစ်ပိဿာနှုန်းမှာ ၆၀ ကျပ်၊ မူဆယ်–ရန်ကုန် ကုန်သယ်ဆောင်ခ တစ်ပိဿာ ၇၀ ကျပ်ခန့်ရှိကြောင်း၊ ယခုအခါ မူဆယ်–မန္တလေး ကုန်သယ်ဆောင်ခမှာ တစ်ပိဿာလျှင် ၁၀၅ ကျပ်ဖြစ်ပြီး မူဆယ်–ရန်ကုန် ကုန်သယ်ဆောင်ခမှာ တစ်ပိဿာ ၁၆၀ ကျပ်ခန့်ရှိကြောင်း ဒေသခံကုန်သည်တစ်ဦး၏ပြောပြချက်အရ သိရှိရသည်။

**လှမိုး**



www.foreverspace.com.mm





ငယ်တတ်လေ့ရှိတယ်”ဟု ဆိုသည်။

ဝလို့လှလို့ဆိုသည့်စကားသည် လုံးဝမမှန်ကန်ကြောင်း၊ အဝလွန်ခြင်းကြောင့် စိတ်ဓာတ်ကျရသည့်အပြင် မည်သည့်ရောဂါမျိုးဖြစ်ပွားလာမည်ကိုပါ စိုးရိမ်သောက ဖြစ်မိကြောင်း၊ တစ်ခါတစ်ရံတွင် လူအများ၏ ကဲ့ရဲ့ရှုတ်ချသည့်အကြည့်မျိုးဖြင့် အကြည့်ခံရကြောင်း၊ ကျောင်းတက်ရာတွင် လူအများရှေ့မှဖြတ်၍ လမ်းမလျှောက်ရဲကြောင်း၊ စာသင်ခန်းထဲ၌ ထိုင်ရာတွင်လည်း နောက်ဆုံးခုံတွင်သာနေလေ့ရှိကြောင်း၊ အချို့က ဝက်ဟုခေါ်ဆိုသကဲ့သို့ အချို့က ဖက်တီးမဟုခေါ်လျှင် စိတ်ထဲမှ မကောင်းကြောင်း၊ အဝလွန်ခြင်းကြောင့် စာလည်း ပုံမှန်မကျက်နိုင်ကြောင်း မော်ဘီနည်းပညာတက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသူတစ်ဦးက ဆိုသည်။ အဝမလွန်ခင် လူတိုင်းက သတိထားနေထိုင်ရန် အလွန်ပင်အရေးကြီးသည်ဟု သူမက ထပ်လောင်းပြောဆိုသည်။

စက်မှုဖွံ့ဖြိုးပြီး နိုင်ငံအများစုတွင် အဝလွန်ခြင်းကို ပြဿနာကြီးတစ်ရပ်အဖြစ်ရှုမြင်၍ တိုက်ဖျက်လေ့ရှိကြောင်း၊ အဝလွန်ခြင်းသည် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် အများဆုံးဖြစ်လေ့ရှိကြောင်း၊ အထူးသဖြင့် အမေရိကန်ပြည်ထောင်စုနိုင်ငံတွင် ယင်းပြဿနာကို ရင်ဆိုင်ဖြေရှင်းနေရကြောင်း၊ ကမ္ဘာကြီးကို ခြိမ်းခြောက်နေသည့် လူသတ်လက်နက်ကြီးသဖွယ်သဘောထား၍ ကြိုတင်ကာကွယ်တိုက်ဖျက်နေကြကြောင်း နှလုံးအထူးကုဆရာဝန်ကြီးတစ်ဦးက ပြောကြားသည်။

အဝလွန်ခြင်းကြောင့် ကျန်းမာရေးထိခိုက်နိုင်သည့်အပြင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနယ်ပယ်တွင်လည်း အောင်မြင်မှု မရနိုင်ကြောင်း၊ ထို့ကြောင့် ထင်ရှားသည့် ကမ္ဘာ့ခေါင်းဆောင်များနှင့် ကမ္ဘာတစ်လွှား ကျော်ကြားသည့်နိုင်ငံရေးခေါင်းဆောင်အများစုသည် ယင်းကို ဂရုစိုက်နေထိုင်လေ့ရှိကြောင်း၊ အဝလွန်ခြင်းနှင့် ပတ်သက်၍ စိတ်ပညာရှင်အချို့ကလည်း သုတေသနပြုစာတမ်းများ ရေးသားလာကြကြောင်း၊ ပြည်ပနိုင်ငံများ၌ ဗိုက်ပူသည့်နိုင်ငံ့ခေါင်းဆောင်၊ စီးပွားရေးလုပ်ငန်းရှင် အင်မတန်နည်းပါးကြောင်း အငြိမ်းစားသံတမန်ကြီးတစ်ဦးက ပြောကြားသည်။

ဝခြင်းအား ဥပမာပေးပြောမည်ဆို

## လေဟာပြင်ယာဉ်ရပ်နားဝင်း
## လပြတ်ရပ်နားလိုသည့်ယာဉ်များ လျှောက်ထားနိုင်

**ရန်ကုန်၊ ဇန်နဝါရီ ၂၀**

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ လေဟာပြင်ယာဉ်ရပ်နားဝင်းတွင် ၂၄ နာရီ (နေ့၊ ည) လပြတ် ယာဉ်ရပ်နားလိုသူများ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထားနိုင်ကြောင်း ယင်းယာဉ်ရပ်နားစခန်းရှိ ဝန်ထမ်းတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

ယင်းယာဉ်ရပ်နားစခန်းကို ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ယာဉ်ရပ်နားခတစ်စီးလျှင် ကျပ် ၁၀၀ နှုန်း သတ်မှတ်ထားကြောင်း၊ ၂၄ နာရီ (နေ့၊ ည) လပြတ်ရပ်ပါက လပြတ်ရပ်နားခနှုန်းထားမှာ ကျပ် ၆၀၀၀ ဖြစ်ကြောင်း ပန်းဘဲတန်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**လူမိုး**

www.foreverspace.com.mm



ပါ၏ ဖက်စပ်ထုတ်လုပ်ထားသည့် ဂျစ်ကားများနှင့် အလားသဏ္ဍာန်တူကြောင်း၊ မည်သည့်ရက်၊ မည်သည့်အချိန်၊ မည်သည့်နေရာတွင် ဘာဖြစ်လာမည်ကို စိုးရိမ်ထိတ်လန့်စွာ စောင့်ဆိုင်းနေရကြောင်း၊ ယင်းစိုးရိမ်ထိတ်လန့်နေမှုကို ကုစားတိုက်ဖျက်ရန် လွယ်ကူသော်လည်း မသိကျိုးကျွံပြု၍နေကြကြောင်း၊ စီးပွားရေးကိုသာ အဓိကထားဦးစားပေးမနေဘဲ ကျန်းမာရေးအသိဖြင့် ကြိုတင်ကာကွယ် ဆောင်ရွက်ကြမည်ဆိုပါက ကျန်းမာချမ်းသာသည့်ဘဝကို နိုင်ငံသားတိုင်းခံစားနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးအရာရှိတစ်ဦးက သုံးသပ်ပြောကြားသည်။

# မြန်မာနိုင်ငံသားများဘဏ်အစုရှယ်ယာ ရောင်းလိုအားထက် ဝယ်လိုအားပိုများ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၄**

အစိုးရတစ်ပိုင်း ဘဏ်တခုဖြစ်သည့် မြန်မာနိုင်ငံသားများဘဏ်က အများပြည်သူသို့ ယင်းဘဏ်၏ အစုရှယ်ယာများ ဒုတိယအကြိမ် ရောင်းချခဲ့ရာတွင် ရောင်းသည့်ပမာဏထက်ပို၍ ဝယ်လိုသူ အလွန်များပြားနေကြောင်း အဆိုပါဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အစုရှယ်ယာတစ်စုလျှင် ငါးထောင်ကျပ်တန် 'ခ' အစုရှယ်ယာများကို အများပြည်သူများသို့ရောင်းချခဲ့ခြင်းဖြစ်ပြီး အစုရှယ်ယာတစ်ခုတွင် ဆယ်ရာခိုင်နှုန်း ပရီမီယံကြေးပေးဆောင်ရ၍ ဝယ်ယူသူများက ရှယ်ယာတစ်စုလျှင် ၅,၅၀၀ ကျပ်ဖြင့် ဝယ်ယူရခြင်းဖြစ်သည်။ ယခုတစ်ကြိမ် ရောင်းချရာတွင် အစုရှယ်ယာဝယ်ယူရန် လျှောက်လွှာများကို ၂၀၀၇ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့မှစတင်၍ လျှောက်လွှာများ လက်ခံခဲ့ခြင်းဖြစ်ပြီး ထိုနှစ် နိုဝင်ဘာလတွင် ဘဏ်ဒါရိုက်တာအဖွဲ့က ဝယ်ယူခွင့်ရသူများကို စိစစ်ရွေးချယ်ပြီး ရောင်းချခဲ့ခြင်းဖြစ်သည်။

ယခင်အကြိမ်များအပါအဝင် အဆိုပါဘဏ်က ကျပ် သန်းတစ်ထောင်ဖိုး ပြည့်အောင် အများပြည်သူသို့ ရှယ်ယာများရောင်းချရာတွင် ယခုနှစ် ဖေဖော်ဝါရီလ လယ်အရောက်တွင် ကျပ် သန်းသုံးဆယ်ဖိုးသာ အစုရှယ်ယာများ ရောင်းချရန် ကျန်ရှိတော့ကြောင်း အဆိုပါဘဏ်မှ အထွေထွေမန်နေဂျာက ပြောကြားသည်။

အစုရှယ်ယာများ ဝယ်ယူခွင့်ရရှိရန် လျှောက်လွှာလျှောက်ထားသူများမှာ အများအပြားရှိနေပြီး ရောင်းချရန်ကျန်ရှိသော အစုရှယ်ယာအရေအတွက်ဖြင့် မလုံလောက်ကြောင်း၊ သို့သော် နောင်ရောင်းချမည့် အစုရှယ်ယာအတွက် ထိုလျှောက်လွှာများကို ကြိုတင်လျှောက်လွှာအဖြစ် လက်ခံထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ဘဏ်သက်တမ်းတစ်လျှောက်တွင် ၁၀ ကြိမ်တိုင် အမြတ်ရာခိုင်နှုန်း ၂၅ ဝန်းကျင်ပုံမှန်အမြတ်ဝေစု ခွဲပေးနိုင်ခဲ့ပြီး ဘဏ်၏ စုစုပေါင်းရပိုင်ခွင့်မှာ ၇၁၅၆ ဒသမ ၃၈ သန်းရှိသည်ဟု ယင်းဘဏ်မှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အများပြည်သူတို့ ပူးပေါင်း၍ အစုရှယ်ယာထည့်ဝင်မတည်ထားသော အများပိုင် အစိုးရတစ်ပိုင်း ဘဏ်ဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အစုရှယ်ယာအားလုံး၏ ၅၅ ရာခိုင်နှုန်းကို ပိုင်ဆိုင်သည်။

**Associated News**

# ဂျပန်ဩဂဲနစ်ဆေး တစ်နိုင်ငံလုံးသုံးရန် စီမံချက်ချမှတ် ဆောင်ရွက်မည်

**ရန်ကုန်၊ မတ် ၃**

ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားသည့် ဈေးနှုန်းသက်သာသည့် ဩဂဲနစ်စိုက်ပျိုးရေးဆေးများကို မြန်မာတစ်နိုင်ငံလုံး သုံးစွဲလာနိုင်ရန်အတွက် စီမံကိန်းချမှတ် အကောင်အထည်ဖော်ရန် ရှိသည်ဟု ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မန္တလေးမြို့ ပိုးသတ်ဆေးအရောင်းဆိုင်များထံမှ စုံစမ်းသိရှိရသည်။

ယင်းဩဂဲနစ်စိုက်ပျိုးရေးဆေးများ သုံးစွဲစေရန်မှာ တောင်သူများအနေဖြင့် ဩဂဲနစ်ဆေးသုံးစွဲခြင်းဖြင့် မိမိတို့ စိုက်ပျိုးထားသောသီးနှံများ အချိန်စောထွက်ခြင်း၊ အသီးပိုထွက်ခြင်း၊ သီးနှံအထွားနှုန်းကောင်းခြင်းနှင့် မူလမြေရိုင်းများကိုပင် ဩဂဲနစ်မြေသားအဖြစ်သို့ ပြောင်းလဲစေရန်အတွက် ယခုကဲ့သို့ စီမံကိန်းချဆောင်ရွက်ခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံမှထွက်ရှိသော သီးနှံများအားလုံးကို ကမ္ဘာ့နိုင်ငံအများစုက ဩဂဲနစ်သီးနှံအဖြစ် ရာနှုန်းပြည့်လက်ခံစေရန်နှင့် လက်ရှိတွင်လည်း မြန်မာနိုင်ငံ ဩဂဲနစ်နည်းပညာဖြင့် စိုက်ပျိုးထုတ်လုပ်ထားသော သီးနှံများကို ပြည်ပနိုင်ငံအချို့သို့ တင်ပို့လျက်ရှိပြီး ဈေးနှုန်းမှာလည်း ပုံမှန်သီးနှံများထက် ဈေးနှုန်းနှစ်ဆရရှိနေကြောင်း မန္တလေးတိုင်းအတွင်းရှိ တောင်သူများထံမှ စုံစမ်းသိရှိရသည်။

LIVING COLOR MEDIA
ဖုန်း - ၂၄၂၄၂၄

www.foreverspace.com.mm



# CNG ပြောင်းလဲပေးသည့်ကုမ္ပဏီများ ဈေးနှုန်းအပြိုင်အဆိုင်လျှော့ချ

**ရန်ကုန်၊ မတ် ၁**

လောင်စာဆီအသုံးပြုမော်တော်ယာဉ်များအား မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ (CNG) ပြောင်းလဲတပ်ဆင်ပေးနေသောကုမ္ပဏီများသည် ယင်းသို့ပြောင်းလဲရာတွင် ကုန်ကျမည့်ကုန်ကျစရိတ်ကို အပြိုင်အဆိုင်လျှော့ချခြင်းဖြင့် ဝန်ဆောင်မှုပေးလာကြောင်း မကြာသေးခင်က CNG ပြောင်းလဲရန်အတွက် ကုမ္ပဏီရွေးချယ်ခဲ့သော စီးတီးတက္ကစီယာဉ်ပိုင်ရှင်အချို့ထံမှ စုံစမ်းသိရှိရသည်။

အဆိုပါကုမ္ပဏီများအနေဖြင့် CNG တပ်ဆင်ရာတွင် ကုန်ကျမည့်ကုန်ကျစရိတ်များကို အပြိုင်အဆိုင်လျှော့ချကာ ဝန်ဆောင်မှုပေးလျက်ရှိသော်လည်း CNG ပြောင်းလဲတပ်ဆင်မည့် ယာဉ်ပိုင်ရှင်များအနေဖြင့် ကုန်ကျမည့်ဈေးနှုန်းအပြင် တပ်ဆင်မည့်ပစ္စည်းများ၏ အရည်အသွေးကိုပါ အကဲဖြတ်ရွေးချယ်မှုများ ပြုလုပ်လျက်ရှိကြောင်း ယာဉ်ပိုင်ရှင်အချို့က ဆိုသည်။

ယင်းသို့ စိစစ်ရွေးချယ်ရခြင်းမှာ ဈေးနှုန်းများကွာဟမှုရှိသကဲ့သို့ တပ်ဆင်သည့်ပစ္စည်းအမျိုးအစားများလည်း ကွာဟမှုရှိသောကြောင့်ဖြစ်ကြောင်း၊ ဈေးနှုန်းသက်သာသည်ကို ရွေးချယ်လိုက်ပြီး၊ ပစ္စည်းအမျိုးအစားမကောင်းပါက ထပ်မံကုန်ကျလာနိုင်စရာရှိသည့်အပြင် လုံခြုံစိတ်ချမှုမရှိမည်ကို စိုးရိမ်မကင်းရှိသောကြောင့် ယခုကဲ့သို့ ရွေးချယ်ရခြင်းဖြစ်ကြောင်း ၎င်းတို့အဆိုအရ သိရသည်။

"တချို့ကုမ္ပဏီတွေက အရစ်ကျငွေချေစနစ်နဲ့ တပ်ပေးတယ်။ တချို့က မီးသတ်ဆေးဘူးလက်ဆောင်ပေးတယ်။ တချို့ကုမ္ပဏီကတော့ ပစ္စည်းအာမခံတယ်. . ." ဟု CNG ပြောင်းလဲတပ်ဆင်ပေးသည့် ကုမ္ပဏီများနှင့် နီးစပ်သူတစ်ဦးကဆိုသည်။

ယခုနောက်ပိုင်းတွင် ဓာတ်ဆီနှင့် ဒီဇယ်ဆီများထက် အဆပေါင်းများစွာ ကုန်ကျစရိတ်သက်သာသော CNG ဓာတ်ငွေ့သုံးစနစ်ကို တက္ကစီယာဉ်များက အများဆုံး ပြောင်းလဲတပ်ဆင်လာကြပြီး ကုန်တင်ယာဉ်များပါ ပြောင်းလဲတပ်ဆင်လာကြသည်ကို တွေ့ရသည်။

**Phoenix News Agency (PNA)**

# မန္တလေးပါရာဒိုင်းအရှေ့ အိမ်ခြံမြေကဏ္ဍ မြို့လယ်ဧရိယာတွင်သာမက မြို့သစ်များ၌လည်းဖွံ့ဖြိုး

**သတင်းဆောင်းပါး – ရဲဝင်းနိုင် (Mdy-News)၊ ၂၂–၂–၀၈**

**မန္တလေး** **မြို့တော်သည် ၂၀၀၀ ပြည့်နှစ်နှောင်းပိုင်းမှစ၍ သိသိသာသာ ပါရာဒိုင်းပြောင်းလာသည့်အတွက် အိမ်ခြံမြေရောင်းဝယ်ရေးကဏ္ဍသည်လည်း သိသိသာသာဖွံ့ဖြိုးလာပြီး Down Town ခေါ် မြို့လယ်ဧရိယာအတွင်းသာမက မြို့သစ်များ၌ပါ အိမ်ခြံမြေအရောင်းအဝယ်တိုးတက်လာကြောင်း မန္တလေးမြို့တော်ရှိ အိမ်၊ ခြံ၊ မြေအကျိုးဆောင်များက ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် Living Color သို့ တညီတညွတ်တည်း ပြောကြားသည်။**



"အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေးဈေးကွက်က တစ်နှစ်ထက်တစ်နှစ် မြင့်လာတယ်။ ဥပမာပြောမယ်ဆိုရင် ၂၀၀၅ ခုနှစ်ကရှိခဲ့တဲ့ မြေတစ်ကွက်တန်ဖိုးက ဒီကနေ့ ၂၀၀၇/၂၀၀၈ ခုနှစ်မှာ နှစ်ဆမြင့်လာတယ်။ ဥပမာထပ်ပြောရင် ၂၀၀၅ ခုနှစ်က ပေ ၄၀× ၆၀ မြေတစ်ကွက် ကျပ်သိန်း ၇၀၀ တန်တယ်ဆိုရင် ၂၀၀၈ ခုနှစ်မှာ ကျပ်သိန်း ၁၅၀၀ လောက်တန်ဖိုး မြင့်တက်သွားတယ်" ဟု 'ထွန်းတောက်' အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်းမှ ဦးအောင်စိုးက ရှင်းပြသည်။

မန္တလေးမြို့တွင်းမြို့ပြင်ဒေသများ၌

www.foreverspace.com.mm

ယခုနှစ် နှစ်ဆန်းပိုင်းအခြေအနေမှာ ကျပ်သိန်းထောင်ကြီးပိုင်း အဝယ်နည်းပြီး Down Town ဧရိယာအတွင်းတွင်မူ ကုမ္ပဏီရုံးခန်း၊ ဆိုင်ခန်းများ အပြောင်းအရွှေ့ကြောင့် အငှားစနစ် ပိုမိုဖြစ်ထွန်းကြောင်း ပိတောက်မြေအိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းမှ ဦးဝေလင်းက ပြောကြားသည်။

ယခုအခါ မန္တလေးမြို့တော် ဧရိယာအတွင်း၌ မြို့သစ်အများအပြားပေါ်ထွန်းလာရာ မြို့သစ်ကြီး (မန္တလေး)၊ ရတနာပုံမြို့သစ်၊ သင်ပန်းကုန်းမြို့သစ်၊ မြရည်နန္ဒာမြို့သစ်၊ ကန်သာယာမြို့သစ်၊ ထွန်တုံးမြို့သစ်၊ ရဲမွန်တောင်မြို့သစ်၊ မြို့ကွက်သစ်များမှာ လူနေထူထပ်ခြင်းကြောင့်ပင် မြို့သစ်မြေများလည်း အရောင်းအဝယ်သွက်လာကြောင်း အဆိုပါအကျိုးဆောင်က ဆိုသည်။

“မြို့သစ်တွေမှာ အိမ်၊ ခြံ၊ မြေကဏ္ဍဖွံ့ဖြိုးလာတာက လမ်းပန်းဆက်သွယ်ရေးက အဓိကကျပါတယ်။ ဟိုတုန်းက မြို့သစ်တွေရဲ့လမ်းတွေက ဒီလောက်မကောင်းသေးဘူးဆိုတော့ လမ်းမကောင်းခင်၊ လမ်းကတ္တရာမခင်းခင်တုန်းက ပေ ၄၀× ပေ ၆၀ မြေတစ်ကွက်ဟာ ကျပ်သိန်း ၅၀ လောက်ကနေ အခု ကျပ်သိန်း ၁၅၀ လောက်ဖြစ်လာတယ်။ ဒါအကြမ်းဖျင်း ပြောပြတာပါ” ဟု မြို့သစ်ရှိ တစ်သီးပုဂ္ဂလ အိမ်မြေအကျိုးဆောင်တစ်ဦးက ရှင်းပြသည်။

အိမ်မြေကဏ္ဍတွင် လမ်းသာခြင်း၊ ကောင်းခြင်းက အဓိကကျကြောင်း၊ ၂၀၀၇/၂၀၀၈ ခုနှစ်အတွင်းတွင် မြို့သစ်အပါအဝင် စက်မှုမြို့သစ်၏ ၆၂ လမ်းမကြီး ကောင်းမွန်လာခြင်းကြောင့် ယင်းလမ်းကို အခြေခံသော အိမ်မြေများဈေးကောင်းလာကြောင်း၊ ၆၂ လမ်း၊ သိပ္ပံလမ်းနှင့် ပြင်ဦးလွင်အသွား မီးရထားလမ်းအကြား မြေကွက်များ၊ ၆၂ လမ်း ပြင်ဦးလွင်ရထားလမ်းနှင့် စက်မှုမြို့သစ်မြေကွက်များ၊ စက်မှုကနောင်မင်းသားကြီးလမ်းမြေကွက်များမှာ ဈေးနှုန်းမြင့်တက်လာကြောင်း၊ ၂၀၀၅/၂၀၀၆ ခုနှစ်ခန့်ကထက် ၂၀၀၇/၂၀၀၈ ခုနှစ်တွင် တန်ဖိုးနှစ်ဆမြင့်တက်လာကြောင်း ထွန်းတောက် အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေးမှ ဦးအောင်စိုးက သုံးသပ်ရှင်းပြသည်။

“လူတွေက မြို့ထဲမှာ စီးပွားလုပ်ကြပြီး မြို့သစ်တွေမှာ ခြံနဲ့ဝင်းနဲ့နေရတာ ပိုပြီးကြိုက်နှစ်သက်ကြတယ်။ ဒါကြောင့်လည်း မြို့သစ်တွေမှာ လူနေထူထပ်လာသလို အိမ်မြေတွေလည်း ဈေးကောင်းလာ

## ပြည်တွင်းဖြစ်သွားတိုက်ဆေးအများစု ဖလိုရိုဒ် ပါဝင်ခြင်းမရှိ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀**

ပြည်တွင်း၌ထုတ်လုပ်လျက်ရှိသော နာမည်ရပြီးနှင့် ဈေးကွက်ရှာဆဲ သွားတိုက်ဆေးအများစုမှာ သွားပိုးစားခြင်းကို အကာအကွယ်ပေးသည့် ဖလိုရိုဒ်ဓာတ်ပါဝင်မှု မရှိသေးကြောင်း ကျန်းမာရေးဦးစီးဌာန၊ သွားနှင့်ခံတွင်းကျန်းမာရေးဌာနစိတ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်က ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်း ပြောကြားသည်။

ပြည်တွင်း၌ထုတ်လုပ်လျက်ရှိသော သွားတိုက်ဆေး ၁၀ မျိုးခန့်နှင့် ပြည်ပမှတင် သွင်းလာသော သွားတိုက်ဆေးများကို စစ်ဆေးကြည့်ပါက မပြောပလောက်သောအရေအတွက်ကသာ ဖလိုရိုဒ်ဓာတ်ထည့်သွင်းထားကြောင်း ၎င်းကပြောကြားသည်။

မြန်မာနိုင်ငံ၌ အရည်အသွေးပြည့်မီရန်လိုအပ်သော သွားတိုက်ဆေးကုမ္ပဏီခုနစ်ခုအား ဇန်နဝါရီလနောက်ဆုံးပတ်က ခေါ်ယူတွေ့ဆုံပြီး ပြန်လည်ပြုပြင်ထုတ်လုပ်ရန် ညွှန်ကြားခဲ့ကြောင်း၊ ထုတ်လုပ်ပြီးပါက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သွားနှင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု ပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာနသို့ ပို့ဆောင်၍ အခမဲ့စစ်ဆေးပေးကာ အရည်အသွေးအသိအမှတ်ပြုလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများမှထုတ်လုပ်ထားသော သွားတိုက်ဆေးများမှာ ဆေးအစစ်များမဟုတ်ကြောင်း၊ မြန်မာနိုင်ငံ၌လည်း စစ်ဆေးရန်လိုအပ်သေးကြောင်း၊ ဖလိုရိုဒ်ပါသော သွားတိုက်ဆေးကသာလျှင် သွားပိုးစားခြင်းကို အပြည့်အဝကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း WHO(မြန်မာ) ရုံးမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။



www.foreverspace.com.mm

တယ်" ဟု မြို့သစ်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။



မန္တလေးတွင် တိုက်ခန်းစနစ်နည်းပါးပြီး မြို့သစ်များတွင်မှု လုံးချင်းအိမ်ရာအချို့ ပေါ်ထွန်းလာသည်ကို မန္တလေးသူ၊ မန္တလေးသားများ သတိထားမိလာကြသည်။ အိမ်မြေ သီးသန့်နေချင်သူများက လုံးချင်းတိုက်အိမ်များကို ရွေးချယ်ဝယ်ယူမှုများရှိလာသည့်အတွက် မြေသီးသန့်၊ အိမ်သီးသန့်ရောင်းဝယ်ရေးကဏ္ဍမှာ ၂၀၀၈ ခုနှစ်အတွင်း အရှိန်အဟုန်ကောင်းကောင်းဖြင့် မြင့်တက်လာမည်ဟု မန္တလေးအိမ်ခြံမြေဈေးကွက်အတွင်းက ခန့်မှန်းလျက်ရှိသည်။

အငှားဈေးကွက်တွင်မူ Down Town ဧရိယာအတွင်း ရုံးခန်း၊ ဆိုင်ခန်းဖွင့်ရန်အတွက် အဓိကငှားရမ်းကြပြီး လူနေထိုင်ရန်အတွက်ကိုမူ မြို့သစ်များတွင် ငှားရမ်းကြကြောင်း၊ ကုမ္ပဏီရုံးခန်းဖွင့်၍ရမည့် အနေအထားဖြစ်သည့် ရတနာပုံဈေးတစ်ဝိုက် ရေ၊ မီး၊ ကြိုးဖုန်းပါမည်ဆိုပါက အခန်းအနေအထားအရ ကျပ်ငါးသိန်းမှ ကျပ် ၁၀ သိန်းဝန်းကျင်ရှိကြောင်း၊ စပေါ်ပေးရသည်များရှိသလို လပြတ်ပေးရသည်များရှိကြောင်း ပိတောက်မြေ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ထံမှ သိရသည်။

မြို့သစ်များတွင် RC မြေညီထပ်အခန်းကျယ်ဆိုပါက ရေ၊ မီးစုံ၊ ဖုန်း ကျပ်ခြောက်သောင်းမှ ကျပ်တစ်သိန်း၊ ကျပ်တစ်သိန်းခွဲမှ ကျပ်နှစ်သိန်း၊ အချို့နေရာများမှာ ကျပ် ငါးသိန်းမှ ကျပ် ခုနစ်သိန်းရှိကြောင်း ထွန်းတောက်အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းထံမှ သိရသည်။

"မြို့သစ်မှာ တောင်မှ ဆင်ခြေဖုံးရပ်ကွက်တွေ၊ အထူးသဖြင့် စက်မှုဇုန်အလုပ်ရုံစက်ရုံတွေနဲ့နီးတဲ့ မြို့သစ်ရပ်ကွက်တွေမှာ အငှားကပိုလိုက်တယ်။ မိသားစုနှစ်ယောက်စာ အိပ်ခန်းတစ်ခန်းကို ကျပ် ၅၀၀၀ ကနေ ကျပ် ၇၀၀၀ ပေးရတယ်" ဟု ပြည်ကြီးတံခွန်မြို့နယ် ကျီကုန်းရပ်ကွက် အိမ်ငှားနေသူ ချည်မျှင်စက်ရုံဝန်ထမ်းတစ်ဦးက ပြောကြားသည်။

"ဒီမှာတော့ ဖုန်းမပါဘူး။ ရေ၊ မီးရှိတယ်။ အခန်းကျယ်တဲ့အတွက် ရုံးခန်းဖွင့်လို့ရတယ်။ ဖေဖော်ဝါရီလလယ်အထိ ကုမ္ပဏီတစ်ခုဖွင့်သွားတယ်။ သူတို့လုပ်ငန်းက ပိုပြီးအချက်အချာကျတဲ့ ဈေးချိုရပ်ဝန်းဘက်ပြောင်းဖွင့်ပြီးနောက် အငှားတွေက တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြတယ်။ မနှစ်က သုံးသောင်းခွဲယူပြီး ဒီနှစ်တော့ ကျပ်လေးသောင်းယူတယ်။ စပေါ်ပေးစရာမလိုပေမယ့် ခြောက်လစာချုပ်နဲ့ ခြောက်လစာအိမ်ငှားခတော့ ပေးရတယ်" ဟု မင်္ဂလာဈေးအနီးတွင် ပေ ၁၅ × ၂၀ ပေ ပျဉ်ထောင်နှစ်ထပ်အိမ်ကျဉ်းကျဉ်းတစ်လုံး ပိုင်ဆိုင်ထားသည့် မန္တလေးဇာတိ အမျိုး

# နန္ဒင်းအဆီထုတ်စက်ရုံ တောင်ကြီးမြို့တွင် တည်ထောင်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်တွင် အာကာမြင့်ကုမ္ပဏီက တရုတ်နိုင်ငံလုပ် နန္ဒင်းအဆီထုတ်စက်ရုံတည်ထောင်ရန် စီစဉ်နေကြောင်း ယင်းကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက Living Color သို့ ပြောကြားသည်။

ယင်းစက်ရုံအတွက် လိုအပ်သော စက်အစိတ်အပိုင်းများကို မူဆယ် (၁၀၅) မိုင်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် မှာယူတင်သွင်းလျက်ရှိကြောင်း၊ လိုအပ်သော အစိတ်အပိုင်းများမှာ ၂၀၀၇ ခုနှစ် နိုဝင်ဘာလကတည်းက မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ရှိ ဂိုဒေါင်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ စက်အတွက် သွင်းကုန်လိုင်စင်ကို နေပြည်တော်နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနတွင် တရားဝင်လျှောက်ထားပြီး ခွင့်ပြုချက်ရရှိပြီဖြစ်ကြောင်း ယင်းကုမ္ပဏီမှ ထပ်မံသိရှိရသည်။

ယင်းစက်၏ သွင်းကုန်လိုင်စင်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄,၅၅၀ ဖြစ်ကြောင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်း၏ တရားဝင်ထုတ်ပြန်ချက်စာရင်းများအရ သိရှိရသည်။ ယင်းစက်၏တန်ဖိုးကို တောင်ကြီးအရောက် ခရီးစရိတ်အပါအဝင် ကျပ်သိန်းနှစ်ရာကျော်ကုန်ကျမည်ဟု ခန့်မှန်းကြောင်း အဆိုပါကုမ္ပဏီမှ သိရှိရသည်။

**လှမိုး**

www.foreverspace.com.mm

[illegible]ကြီးတစ်ဦးက ဆိုသည်။

ရန်ကုန်နှင့် နိုင်းယှဉ်လျှင် မန္တလေး၌ အထပ်မြင့်တိုက်ခန်းဈေးကွက်ဖွံ့ဖြိုးမှု နှေးကွေးလျက်ရှိပြီး လူစည်ကားသောနေရာများတွင်သာ ကျပ်သိန်း ၃၀၀မှ ၈၀၀ ဝန်းကျင်ရောင်းဈေးရှိကြောင်း၊ ငှားရမ်းခမှာ အချို့နေရာများတွင် တစ်လလျှင် ကျပ်တစ်သိန်း၊ နှစ်သိန်းရှိပြီး ငှားရမ်းသူနည်းပါးသည်ကို တွေ့ရကြောင်း၊ စည်ကားလာသော ပုသိမ်ကြီးမြို့နယ်ဧရိယာရှိ ကွက်သစ်များတွင် မြေဈေးများ မြင့်တက်နေသည်ကိုတွေ့ရကြောင်း စုံစမ်းသိရှိရသည်။ “အရင်က ပေ ၄၀× ၆၀ တစ်ကွက်ကို သိန်း ၃၀ ဝန်းကျင်ကနေ အခု သိန်း ၅၀၊ ၆၀ ဖြစ်လာတယ်” ဟု ဒေသခံအိမ်မြေပွဲစားတစ်ဦးက ဆိုသည်။

မန္တလေးမြို့တွင်း၊ မြို့သစ် အိမ်၊ ခြံ၊ မြေဈေးကွက်သည် သွက်ခဲ့ပြီး ၂၀၀၇ ခုနှစ် စက်တင်ဘာလ၊ အောက်တိုဘာလလောက်မှစ၍ နှစ်ကုန်အထိ အရောင်းအဝယ်ဖြစ်ခဲ့ကာ မြေရှင်းနီးမြှုပ်နှံသူ များပြားလာကြောင်း၊ ၂၀၀၈ ခုနှစ်အတွင်းတွင်လည်း မန္တလေး အိမ်၊ ခြံ၊ မြေကဏ္ဍသည် ပိုမိုဖွံ့ဖြိုးလာနိုင်ဖွယ်ရှိကြောင်း မန္တလေးမြို့တော်ရှိ အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်းများက Living Color သို့ တညီတညွတ်တည်း ပြောကြားကြသည်။

# နို့စားနွားမွေးမြူထုတ်လုပ်မှုစီမံကိန်း ဆက်လက်ဆောင်ရွက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၅**

နို့စားနွားမွေးမြူထုတ်လုပ်မှုတိုးတက်ရေးလုပ်ငန်းစီမံကိန်း (၂) ကို နေပြည်တော် နို့စားနွားမွေးမြူရေးဇုန်နှင့် အခြားတိုးချဲ့ဇုန်များတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အကြီးတန်းအရာရှိတစ်ဦးက Living Color သို့ ပြောကြားသည်။

အဆိုပါစီမံကိန်းကို ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အကူညီဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ပထမအကြိမ် စီမံကိန်း (၁) ကို ၂၀၀၅ ခုနှစ် ဇွန်လမှ ၂၀၀၆ ခုနှစ် မေလအတွင်း အသေးစား နို့နှင့်နို့ထွက်အစားအစာထုတ်လုပ်မှုဆိုင်ရာ နည်းပညာဖြန့်ဖြူးရေးသင်တန်းကျောင်း (ရန်ကုန်) တွင် ဆရာဖြစ်သင်တန်းဖွင့်လှစ်ခြင်း၊ သန့်ရှင်းစွာနို့ထုတ်လုပ်ခြင်း၊ နို့အရည်အသွေးထိန်းသိမ်းခြင်း၊ စမ်းသပ်စစ်ဆေးခြင်းနှင့် မက်လုံးပေးစနစ်ဖြင့် ငွေပေးချေခြင်း၊ နို့နှင့်နို့ထွက်ပစ္စည်းဈေးကွက်နှင့် နို့ကြာရှည်ခံအောင် ထိန်းသိမ်းပေးခြင်းနည်းစနစ်များပါဝင်သည့်ရက်တိုသင်တန်း ၁၂ ကြိမ်နှင့် လုပ်ငန်းခွင်အရောက်သင်တန်းများဖွင့်လှစ်၍ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို နိုင်ငံသားများ၏ စားသုံးမှုလိုအပ်ချက်ပြည့်မီရေး၊ ကျေးလက်နေ လယ်သမားများ၏ နို့စားနွားမွေးမြူရေးအခြေအနေတိုးတက်စေရေး၊ ပြည်ပမှ နို့နှင့်နို့ထွက်အစားအစာများတင်သွင်းနေရာတွင် အစားထိုးရေး၊ မျိုးမြှင့်သားစပ်၍ မျိုးကောင်းမျိုးသန့်နို့စားနွားများ တိုးချဲ့မွေးမြူရေးနှင့် ဒေသထွက်တိရစ္ဆာန်အစာဖြည့်စွက်ကျွေးမွေးရေးစီမံခန့်ခွဲရေးဆိုင်ရာဦးတည်ချက်များဖြင့် ၂၀၀၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလအထိ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးသမားများမှ စီးပွားဖြစ်နို့စားနွားမွေးမြူရေးသမားများအထိ အထောက်အကူပြုနိုင်မည်ဖြစ်ပြီး နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ရောင်းချသူများအတွက်လည်း ဈေးကွက်ပိုမိုကျယ်ပြန့်လာမည်ဖြစ်ကြောင်း အဆိုပါဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကရှင်းပြသည်။

**ကြူကြူသင်း(မိုးမြေ)**

# နေပြည်တော်ဝန်ကြီးဌာနအလိုက် ပြန်တမ်းဝင်အရာရှိရာထူး ဝင်ရောက်လျှောက်ထားသူ ၂၀၀၀ ခန့်ရှိ

**သတင်းဆောင်းပါး – မင်းသုခိုင် ၊ ၂၀–၂–၂၀၀၈**

**နေပြည်တော်၌ အစိုးရဝန်ကြီးဌာနများပြောင်းရွှေ့ရုံးစိုက်ပြီး လုပ်ငန်းဆောင်ရွက်လာသည့် ၂၀၀၆ ခုနှစ်နောက်ပိုင်း ဝန်ကြီးဌာန ၃၃ ခုက ဝန်ကြီးဌာနအလိုက် ဌာနဆိုင်ရာ ပြန်တမ်းဝင်အရာရှိလစ်လပ်ရာထူးနေရာများအတွက် တစ်လလျှင် နှစ်ကြိမ်မှ ငါးကြိမ်အထိ အလုပ်လျှောက်လွှာများခေါ်ယူမှုရှိနေကြောင်း နေပြည်တော် ပျဉ်းမနားမြို့ရှိ စွမ်းအားရာထူးဝင်ခွင့်သင်တန်းမှ သင်တန်းမှူး ဒေါက်တာစည်သူအောင်က ပြောကြားသည်။**

အဆိုပါ နေပြည်တော်ဝန်ကြီးဌာနအလိုက် ပြန်တမ်းဝင်အရာရှိ လစ်လပ်ရာထူးနေရာများအတွက် ၂၀၀၆ ခုနှစ်မှစတင်ပြီး ၂၀၀၈ ခုနှစ် ဇန်နဝါရီလအထိ အလုပ်ခေါ်ယူမှု အကြိမ်အရေအတွက် ၁၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း၊ ဝန်ကြီး

www.foreverspace.com.mm

ဌာနတစ်ခု၏ ပြန်တမ်းဝင်အရာရှိ (ဦးစီးမှူး) ရာထူး အလုပ်လျှောက်လွှာခေါ်ယူမှု တစ်ကြိမ်တွင် အလုပ်လျှောက်လွှာတင်ပြီး ရေးဖြေဝင်ရောက်ဖြေဆိုသူ ၂၇၀၀ ဦးမှ ၂၈၀၀ ဦးထိရှိကြောင်း ၎င်းက ဆိုသည်။

ယင်းသို့ခေါ်ယူမှုတွင် ယမန်နှစ်က အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှင့် အမှတ် (၁) စက်မှုဝန်ကြီးဌာနတို့က အလုပ်ခေါ်ယူမှုအကြိမ်အရေအတွက် အများဆုံးနှင့် အင်ဂျင်နီယာ (B.E) ဘွဲ့ရသူများကို အများဆုံးရွေးချယ်ခေါ်ယူခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။



ဝန်ကြီးဌာနအလိုက် ပြန်တမ်းဝင် အရာရှိ (ဦးစီးမှူး) ရာထူးအလုပ်နေရာ အတွက် ရေးဖြေစာမေးပွဲကို နေပြည်တော် နှင့် နေပြည်တော် ပျဉ်းမနားမြို့ရှိ အ.ထ.က ကျောင်းများတွင် ဖြေဆိုကြရကြောင်း၊ ပြန်တမ်းဝင်အရာရှိ (ဦးစီးမှူး) ရာထူးအတွက် အလုပ်လျှောက်လွှာခေါ်ယူမှုအသက်ကန့်သတ်ချက်အဖြစ် အပြင်ဖြေဆိုသူများမှာ အသက် ၃၅ နှစ်အောက်နှင့် ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်အောက် သတ်မှတ်ထားကြောင်း ဒေါက်တာစည်သူအောင်က ပြောပြသည်။

ပြန်တမ်းဝင်အရာရှိ (ဦးစီးမှူး) အလုပ်ခေါ်ယူမှုတွင် အလုပ်လျှောက်ထားသူများမှာ ဘွဲ့ဒီဂရီသတ်မှတ်ချက်နှင့် ဌာနပေါ်မူတည်ပြီး ရေးဖြေ၊ နှုတ်ဖြေဝင်ရောက်ဖြေဆိုသူ အနည်း၊ အများရှိနေကြောင်း၊ မည်သည့်ဘွဲ့မဆို (သာမန်ဘွဲ့) ဝင်ရောက်ဖြေဆိုနိုင်သည်ဆိုသည့် သတ်မှတ်ချက်နှင့် အလုပ်ခေါ်ပါကမူ ဝင်ရောက်ဖြေဆိုသူဦးရေ ပိုများကြောင်း ၎င်းကဆိုသည်။

ထိုသို့ပြန်တမ်းဝင်အရာရှိ (ဦးစီးမှူး) ရာထူးလျှောက်ထားသူများသည် အလုပ်ရရှိရေးအတွက် ဝင်ခွင့်ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများဖြေဆိုနိုင်ရန် အလုပ်ခေါ်စာရပြီး ရေးဖြေမဖြေဆိုမီ (တစ်လအတွင်း) ရာထူးဝင်ခွင့်သင်တန်းများကို တက်ရောက်မှုများ ရှိကြကြောင်း၊ ယခင်က ရန်ကုန်မြို့၌သာ ရာထူးဝင်ခွင့်သင်တန်းများတက်ရောက်ကြပြီး ၂၀၀၆ ခုနှစ်မှစတင်၍ နေပြည်တော် ပျဉ်းမနားမြို့တွင်ပါ ဝင်ခွင့်သင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း ယင်းသင်တန်းတက်ရောက်ခဲ့သူများက ပြောကြားသည်။

ဝန်ကြီးဌာနများ၏ ပြန်တမ်းဝင် အရာရှိ (ဦးစီးမှူး) ရာထူးအလုပ်ခေါ်ယူမှု တစ်ကြိမ်တွင် ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုသူအများဆုံး ၂၇၀၀ ဦး၊ ၂၈၀၀ ဦး အနက်မှ ရာထူးဝင်ခွင့်သင်တန်းတက်ရောက်ဖြေဆိုသူ ၁၀၀၀ ဦးခန့်ရှိပြီး ကျန်

# ရှမ်းကုန်းပြင်မြင့် ကျောက်ကြမ်းပြတ်ရွေ့မှု လေ့လာမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၈**

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းနှင့် စင်ကာပူနိုင်ငံ နန့်ယန်းတက္ကသိုလ်မှ ပညာရှင်များ ပူးပေါင်း၍ ရှမ်းကုန်းပြင်မြင့်ရှိ ကျောက်ကြမ်းပြတ်ရွေ့မှုအခြေအနေကို ယခုနှစ် ဧပြီလတွင် စတင်လေ့လာမည်ဖြစ်ကြောင်း ယင်းအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းဆွေက ပြောကြားသည်။

အဆိုပါပြတ်ရွေ့မှာ တောင်ကြီးမြို့ အနောက်မြောက်ဘက်တွင်တည်ရှိပြီး နောင်ချိုမြို့မှ တောင်ဘက် ဖားစောင်းအထိ ကီလိုမီတာ ၃၀၀ ခန့်ရှည်လျားကြောင်း၊ မြန်မာနိုင်ငံရှိ ပြတ်ရွေ့များတွင် ထင်ရှားကြီးမားသည့် ပြတ်ရွေ့ကြီးဖြစ်ပြီး ကောင်းကင်ဓာတ်ပုံများအရ အထင်အရှားတွေ့မြင်ရကြောင်း၊ အဆိုပါပြတ်ရွေ့သက်တမ်းကို ကွင်းဆင်းလေ့လာမည်ဖြစ်ပြီး စီမံကိန်းကာလကို သုံးနှစ်သတ်မှတ်ထားကြောင်း ၎င်းကပြောကြားသည်။

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် ဂျပန်ပညာရှင်များပူးပေါင်း၍ ဇန်နဝါရီလ ၁၀ ရက်မှ ၁၈ ရက်အထိ မာန်အောင်ကျွန်းတွင် ယခင်ကဖြစ်ပေါ်ခဲ့သော ငလျင်ကြီးများကြောင့် ပင်လယ်ရေမျက်နှာပြင်အထက် မြင့်တက်မှုအဆင့်များ Marine Terracs ကို လေ့လာခဲ့ကြောင်း၊ ဇန်နဝါရီလ ၂၂ ရက်မှ ၂၄ ရက်အထိ ဂျပန်နိုင်ငံ ပညာရေးသိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ အထူးရန်ပုံငွေအစီအစဉ်ဖြင့် ထိုင်းနိုင်ငံ ဖူးခက်မြို့တွင်ကျင်းပခဲ့သော International Symposium on the Restoration Program from Giant Earthquakes and Tsunamis တွင် ဘူမိသိပ္ပံအသင်းမှ ပညာရှင်သုံးဦးတက်ရောက်၍ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ငလျင်နှင့် ဆူနာမီဘေးအန္တရာယ်အခြေအနေ၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်ရှိ Marine Terraces နှင့် မြန်မာ–အိန္ဒိယ တက်တိုးနစ်အနားစွန်းကို ဘူမိရူပနည်းဖြင့်လေ့လာရန် အဆိုပြုချက်ဟူသော စာတမ်းသုံးစောင်ကို တင်ပြခဲ့ကြောင်းကို ၎င်းကပြောကြားသည်။

**ဟန်စိုးထိုက်**

www.foreverspace.com.mm

သည့်သူများမှာ မိမိတို့ဘာသာ ပြင်ပဗဟုသုတလေ့လာပြီး ရေးဖြေစာမေးပွဲ ဝင်ရောက်ဖြေဆိုကြကြောင်း၊ အလုပ်လျှောက်ထားသူများထံ ရေးဖြေခေါ်စာဝင်လျှင် ရာထူးဝင်ခွင့်သင်တန်းအနေနှင့် တစ်ပတ်လျှင် နှစ်ရက်နှုန်းဖြင့် အနည်းဆုံး ၁၀ ရက်မှ ၁၅ ရက် ၊ ၁၈ ရက် သင်ကြားပို့ချမှုများရှိပြီး ရေးဖြေစာမေးပွဲဖြေခါနီး အနီးကပ်သင်တန်း ၁၀ ရက်လျှင် နှစ်နာရီသင်ကြားပေးမှုများရှိကြောင်း ၎င်းကရှင်းပြသည်။

အနယ်နယ်အရပ်ရပ်မှ ရာထူးဝင်ခွင့်သင်တန်းတက်လိုသူများအတွက် နေထိုင်ရန် စီစဉ်ပေးမှုများရှိကြောင်း၊ ဝန်ကြီးဌာနများ၏ ပြန်တမ်းဝင်အရာရှိ (ဦးစီးမှူး) ရာထူးဝင်ခွင့်သင်တန်းအပြင် LOနှင့် JO ရာထူးများ၊ တက္ကသိုလ်နည်းပြရာထူးများအတွက်လည်း သင်တန်းပို့ချသင်ကြားမှုများရှိကြောင်းယင်းသင်တန်းမှူးကဆိုသည်။

ယင်းသို့ ပြန်တမ်းဝင်အရာရှိ (ဦးစီးမှူး) ရာထူးနေရာအတွက် ရာထူးဝင်ခွင့်သင်တန်းတက်ပြီး ရေးဖြေဝင်ရောက်ဖြေဆိုသူ ၁၀၀၀ ဦးတွင် ရေးဖြေအောင်မြင်သူ ၄၀၀ ဦးခန့်ရှိပြီး နှုတ်ဖြေအောင်မြင်သူ ၉၀ ဦးခန့်ရှိကြောင်း စုံစမ်းသိရှိရသည်။

"လုံးဝမဖြေဖူးတဲ့ လူတစ်ယောက်က ဝန်ထမ်းရွေးချယ်ရေးအဖွဲ့က စစ်ပြီးခဲ့တဲ့ မေးခွန်းအဟောင်းတွေကို လေ့လာသင့်တယ်။ အင်္ဂလိပ်စာကို အခြေခံကစပြီး အဆင့်မြင့်ထိ လေ့လာထားသင့်တယ်။ ကိုယ်လျှောက်မယ့် ဝန်ကြီးဌာနရဲ့ အချက်အလက်တွေကို လေ့လာပြီး ဖြန့်ကြက်တွေးဆနိုင်ရမယ်။ အင်္ဂလိပ်စာစကားလုံးတွေကြွယ်ဝရမယ်။ သုံးဘာသာလုံးကို ဟန်ချက်ညီညီ အပုဒ်စေ့ဖြေနိုင်မှ အောင်မြင်မယ်။ စိတ်ဓာတ်မကျပါနဲ့။ တချို့ဆိုရင် ရေးဖြေစာမေးပွဲကို ၁၀ ကြိမ်၊ ၁၂ ကြိမ်အထိ ဖြေဆိုတဲ့သူတွေရှိပြီး အလုပ်ရသွားတာတွေရှိတယ်။ အားနည်းချက်၊ အားသာချက်တွေကို ပြန်လည်သုံးသပ်ဖို့လိုတယ်။ တချို့လည်း သုံးကြိမ်နဲ့ပါသွားတဲ့သူတွေ ရှိတယ်။ တချို့လည်း တစ်ကြိမ်ဖြေ၊ တစ်ကြိမ်အောင်မြင်သွားတဲ့သူတွေလည်းရှိတယ်။ ပြန်တမ်းဝင်အရာရှိတစ်ယောက်ရဲ့ ရှိသင့်ရှိအပ်တဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာအရည်အချင်းတွေ ပြည့်ဝဖို့လိုတယ်"ဟု ကြိုတင်ပြင်ဆင်ထားသင့်သည်များကို ဒေါက်တာစည်သူအောင်က ပြောကြားသည်။

# တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းရောင်းဝယ်မှုစနစ် ပြောင်းလဲခြင်းဖြင့် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၀**

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရန် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းရောင်းဝယ်ဖောက်ကားမှုစနစ်ပြောင်းလဲမည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ သိရှိရသည်။

ကြက်၊ ဘဲအရှင်ဈေးများကို ကြက်၊ ဘဲအရှင်ထားသိုဖြန့်ဖြူးသည့်ဈေးအဖြစ်သာထားရှိ၍ ရောင်းဝယ်ဖောက်ကားရမည်ဖြစ်ပြီး အဆိုပါဈေးအတွင်း ကြက်၊ ဘဲများ ကိုသတ်ဖြတ်ရောင်းဝယ်ဖောက်ကားခြင်းမပြုရန်နှင့် အသားစားကြက်၊ ဘဲဈေး သီးခြားသတ်မှတ်၍ ရောင်းဝယ်ဖောက်ကားရမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် အသားစားကြက်၊ ဘဲဈေးသို့ တင်ပို့သည့် ကြက်၊ ဘဲများကို သတ်ဖြတ်ခြင်းမပြုမီ သတ်မှတ်ကာလတစ်ခုအတွင်း သက်သောင့်သက်သာဖြစ်စေရန် သီးခြားနေရာထားရှိရန်နှင့် သတ်ဖြတ်ပြီးပါက ယင်းနေရာနှင့် သယ်ဆောင်ပစ္စည်းများကို ပိုးသတ်သန့်စင်ရမည်ဖြစ်ကြောင်း၊ ကြက်၊ ဘဲများကို ခေါက်ထိုးထား၍ သယ်ဆောင်ခြင်းသည် တိရစ္ဆာန်အား ညှဉ်းပန်းနှိပ်စက်ရာရောက်သည့်အပြင် ကြက်၊ ဘဲများ၏ နှုတ်သီး၊ ပါးစပ်မှ အရိအရွဲများကြောင့် ခရီးတစ်လျှောက်၌ ရောဂါကို ပျံ့နှံ့ကူးစက်စေနိုင်သဖြင့် ၎င်းတို့ကို ခေါက်ထိုးထား၍သယ်ဆောင်ခြင်းမပြုရန် တားမြစ်ကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါသည် ပထမအကြိမ်အဖြစ် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ် ၁၃ ခုတွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလမှစတင်ပြီး ရန်ကုန်၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ ခုတွင်လည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ မြို့နယ်နှစ်ခုတွင်လည်းကောင်း ဖြစ်ပွားခဲ့ကြောင်း ယင်းထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် ကြက်၊ ဘဲများကို အရှင်ထားသိုဖြန့်ဖြူးရောင်းချသည့်ဈေးအချို့တွင် ကြက်၊ ဘဲများကို သတ်ဖြတ်၍ ရောင်းချမှုများနှင့် ကြက်၊ ဘဲ အသားဈေးများတွင်လည်း အရှင်များကိုပါ ကြိုးနှင့်ချည်ဆိုင်းထားပြီး ထားရှိသည်ကို တွေ့နေရကြောင်း၊ ကြက်၊ ဘဲများကို သယ်ဆောင်ရာတွင် ခေါက်ထိုးထား၍ စက်ဘီး၊ ဆိုက်ကား စသည်တို့ဖြင့် သယ်ဆောင်နေခြင်းတို့ကိုလည်း တွေ့ရှိနေရသဖြင့် အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ နိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ကျော်ဇေယျာဝင်း**

www.foreverspace.com.mm

# နေပြည်တော် ယာဉ်တိုက်မှုလျော့ကျရေးပညာပေးလုပ်ငန်းအပြင် လမ်းပြုပြင်အဆင့်မြှင့်ခြင်းများ ဆောင်ရွက်

**ရန်ကုန်၊ ဇန်နဝါရီ ၁၈**

မြန်မာနိုင်ငံ၏ အစိုးရရုံးစိုက်ရာ နေပြည်တော်တွင် ယာဉ်တိုက်မှုလျော့ကျရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းအပြင် လမ်းမကြီးများ အဆင့်မြှင့်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

'ရေမြင့်ကြာတင့်' အမည်ရှိ ပညာပေးဇာတ်လမ်းကို ၂၀၀၇ ခုနှစ်အတွင်း လွှင့်ထုတ်ပြသခဲ့ပြီးနောက် ၂၀၀၈ ခုနှစ်တွင် ပညာပေးဇာတ်လမ်းတစ်ခု ထပ်မံရိုက်ကူးမည်ဖြစ်ကြောင်း၊ ယင်းအပြင် ယာဉ်အန္တရာယ် အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ လစဉ် ယာဉ်တိမ်းမှောက်မှုသတိပေးနှိုင်းယှဉ်ချက်ဇယားများ စိုက်ထူခြင်းတို့ပြုလုပ်မည်ဟု ၎င်းက ပြောကြားသည်။

အထက်ပါလုပ်ငန်းများနှင့်အတူ နေပြည်တော် ရာဇဌာနီကွန်ကရစ်လမ်းမကြီးနှင့် လမ်းသွယ်များတွင် ညအချိန် မြင်ကွင်းရှင်းလင်းပြတ်သားစေရန် ၂၀၀၇ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ စွမ်းအားမြှင့် ဆိုဒီယမ်လျှပ်စစ်မီးတိုင်ကို မြေအောက် ကေဘယ်လ်ကြိုးစနစ်ဖြင့် တပ်ဆင်ထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

၂၀၀၇ ခုနှစ် နောက်ဆုံးသုံးလအတွင်း နေပြည်တော်၌ ယာဉ်မတော်တဆမှုပေါင်း ၅၀ ကျော် ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူအရေအတွက် ယခင်ကထက် လျော့ကျခဲ့သော်လည်း သေဆုံးသူအရေအတွက် မြင့်တက်ခဲ့ကြောင်း၊ ယာဉ်မောင်းသူများနှင့် လမ်းအသုံးပြုသူများ စည်းကမ်းလိုက်နာမှုအားနည်းနေသေးသည်ကို တွေ့မြင်ရသေးကြောင်း အထက်ပါကော်မတီမှ ထုတ်ပြန်သည့် တရားဝင်စာရင်းဇယားများကို ကိုးကား၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

# ရန်ကုန်တိုက်ခန်းဈေးကွက် အပြောင်းအလဲဖြစ်ဖွယ်ရှိ၊ ကန်ထရိုက်တာအချို့ ဆောက်လုပ်ဆဲလုပ်ငန်းများကိုသာ အပြီးသတ်လုပ်ကိုင်

**သတင်းဆောင်းပါး – Phoenix News Agency (PNA)၊ ၂၉–၂–၂၀၀၈**

**ရန်ကုန်မြို့တော်ရှိ တိုက်ခန်းဈေးကွက်မှာ အပြောင်းအလဲများ ဖြစ်ပေါ်လာနိုင်ခြေရှိသဖြင့် ကန်ထရိုက်တာအချို့မှာ ဆောက်လုပ်ဆဲလုပ်ငန်းများကိုသာ အပြီးသတ်လုပ်ကိုင်လျက်ရှိပြီး လုပ်ငန်းသစ်များလက်ခံမှုကို ခေတ္တဆိုင်းငံ့၍ အခြေအနေကိုစောင့်ကြည့်နေကြကြောင်း ရန်ကုန်မြို့တော်တစ်ဝန်း အခန်းပေးအခန်းယူစနစ်ဖြင့် အထပ်မြင့်ကန်ထရိုက်တိုက်များကို ဆောက်လုပ်လျက်ရှိသော ကန်ထရိုက်တာများနှင့် နီးစပ်သည့်အသိုင်းအဝိုင်းမှ သိရှိရသည်။**



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ကစတင်၍ တင်ပြလာသည့် အဆောက်အအုံဆောက်လုပ်ခွင့်များအားလုံး အကျုံးဝင်သော ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ခြောက်ထပ် စုစုပေါင်းအမြင့်ပေ ၆၂ ပေနှင့်အထက် မည်သည့်အဆောက်အအုံမဆို ဓာတ်လှေကား တပ်ဆင်ရမည်ဟူသော မြို့တော်စည်ပင်၏ကြေညာချက် အတိအလင်း ထွက်ပေါ်လာပြီးနောက်ပိုင်း ဈေးကွက်အပြောင်းအလဲဖြစ်နိုင်သည်ဟု ခန့်မှန်းကာ အခြေအနေ

www.foreverspace.com.mm



ကို စောင့်ကြည့်နေကြခြင်းဖြစ်ကြောင်း အဆိုပါ အသိုင်းအဝိုင်းကဆိုသည်။

“၆၂ ပေနဲ့ အထက်ကို ဓာတ်လှေကားတပ်ရမယ်ဆိုတော့ တိုက်ခန်းဈေးကတော့ အပြောင်းအလဲဖြစ်မှာပဲ။ ဓာတ်လှေကားပါတဲ့အဆောက်အအုံက တိုက်ခန်းနဲ့ ဓာတ်လှေကားမပါတဲ့ အဆောက်အအုံက တိုက်ခန်းတွေကြားမှာ ဈေးနှုန်းကွာဟမှုတွေရှိလာမယ်” ဟု ဈေးကွက်ကျွမ်းကျင်သူတို့၏ ပြောကြားချက်များကို ကိုးကား၍ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းတစ်ခုမှ မန်နေဂျာတစ်ဦးက ပြောကြားသည်။

“ကျွန်တော်တို့ မှန်းတာက အခန်းပေးအခန်းယူစနစ်တွေ အပြောင်းအလဲဖြစ်သွားမယ်။ အရင်က မြေရှင်နဲ့ ကန်ထရိုက်ကြားမှာ အများဆုံးယူကြတာက အင်္ဂလိပ်ဂဏန်း ‘၇’ အကြီးပုံစံနဲ့ ‘၇’ အသေးပုံစံတွေ ယူကြတယ်။ အခု ပုံစံပြောင်းသွားလိမ့်မယ်။ ဘယ်လိုပုံစံနဲ့ အခန်းပေးအခန်းယူလုပ်ကြမလဲဆိုတာတော့ မသိသေးဘူး။ ကန်ထရိုက်တစ်ယောက်နဲ့တစ်ယောက်ကတော့ ဘယ်လိုယူသလဲဆိုတာကို အပြန်အလှန် စောင့်ကြည့်နေကြတယ်” ဟု စမ်းချောင်းနှင့် တာမွေမြို့နယ်တို့တွင် အထပ်မြင့်အဆောက်အအုံများကို လိုက်လံဆောက်လုပ်လျက်ရှိသော ကန်ထရိုက်တာတစ်ဦးက ဆိုသည်။

“အခုထဲက တိုက်ခန်းတွေ ပြန်ထုတ်နေကြတယ်။ တချို့အခန်းပိုင်ရှင်တွေကလည်း ဓာတ်လှေကားပါတဲ့ တိုက်ခန်းတွေပေါ်လာရင် ရောင်းမထွက်မှာစိုးလို့ သင့်တော်တဲ့ဈေးနဲ့ ပြန်ထုတ်ကြတယ်။ တချို့ကလည်း ဈေးတင်ကြတယ်။ လောလောဆယ်အနေအထားမှာ တိုက်ခန်းရောင်းမယ့်သူတွေလည်းရှိတယ်။ ဝယ်မယ့်သူတွေလည်း ရှိသင့်သလောက် ရှိတယ်။ ဒါပေမဲ့ တွေ့တွေ့ဆိုင်ဆိုင်စကားပြောလိုက်ရင် ပွဲပျက်တာများတယ်။ ရောင်းတဲ့လူတွေဘက်က နောက်ပြန်ဝယ်ရင် အခုငွေနဲ့ မရမှာစိုးလို့ မရောင်းနိုင်ကြဘူး။ ဝယ်တဲ့လူတွေဘက်ကလည်း ငွေမလိုက်နိုင်လို့ မဝယ်ဖြစ်ဘူး။ ဒီတော့ ထင်သလောက် အရောင်းအဝယ်က မဖြစ်ဘူး။ တချို့ကလည်း ဓာတ်လှေကားပါတဲ့တိုက်ခန်းပဲ ဝယ်တော့မယ်ဆိုတဲ့လူတွေလည်းရှိတယ်” ဟု ကျောက်မြောင်းမှ အကျိုးဆောင်အချို့က ပြောကြားသည်။

မြို့ပြရေးရာလေ့လာဆန်းစစ်သူတို့က



# အိန္ဒိယနိုင်ငံသို့ ဝင်ရောက်သော ကမ္ဘာလှည့် ခရီးသည်များတွင် မြန်မာခရီးသည် များပြားဟုဆို

**ရန်ကုန်၊ မတ် ၃**

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုတွင် မြန်မာခရီးသည် များပြားလာသည်ဟု အိန္ဒိယနိုင်ငံရှိ ကုန်သည်များထံမှ သိရှိရသည်။

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ကမ္ဘာအနှံ့အပြားရှိ ခရီးသည်များသွားရောက်၍ စိတ်ဝင်တစားလေ့လာဖူးမြော်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာရာတွင် မြန်မာခရီးသည်များဝင်ရောက်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်းနှင့် ယင်းသို့များပြားလာမှုသည် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် သိသာလာကြောင်း ဒေသခံကုန်သည်တစ်ဦးက ပြောကြားသည်။

ယခင်က အိန္ဒိယနိုင်ငံသို့ မြန်မာကုန်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များသာ အဓိကဝင်ရောက်ကြပြီး ယခုအခါ ဘုရားဖူးခရီးသည်များလည်း များပြားစွာဝင်ရောက်လာကြကြောင်း၊ အိန္ဒိယနိုင်ငံသို့ တရားဝင် ဝင်ရောက်သော မြန်မာလူမျိုးများနှင့် နယ်စပ်မှဝင်ရောက်သောခရီးသည်များသည် အိန္ဒိယနိုင်ငံ၏ ထေရဝါဒဗုဒ္ဓဘာသာပြန့်ပွားသောနေရာကို အဓိကထားသွားရောက်ကြကြောင်း ယင်းနိုင်ငံသို့ရောက်ရှိခဲ့သူ ရန်ကုန်မြို့တော် မင်္ဂလာဈေးအတွင်းရှိ ဆေးကုန်သည်တစ်ဦးက ပြောကြားသည်။

အိန္ဒိယနိုင်ငံမှခရီးသွားများက မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်အနေဖြင့် ဝင်ရောက်မှုအလွန်နည်းပါးနေသော်လည်း မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ဝင်ရောက်မှု များပြားလာပြီး ယင်းနိုင်ငံရှိ ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးတည်ဆောက်မှုအပြီးတွင်လည်း ပိုမိုဝင်ရောက်လာနိုင်ကြောင်း အိန္ဒိယနိုင်ငံရှိစီးပွားရေးလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

www.foreverspace.com.mm

ထိုကဲ့သို့ဆောက်လုပ်ကြရာတွင်လည်း ဓာတ်လှေကားကို မည်ကဲ့သို့ ပြုပြင်ထိန်းသိမ်းသွားမည်ဆိုသည်ကိုလည်းကောင်း၊ ပြုပြင်ထိန်းသိမ်းရာတွင် ကုန်ကျမည့် ကုန်ကျစရိတ်ကို မည်ကဲ့သို့ ကျခံသုံးစွဲမည်ဆိုသည်ကိုလည်းကောင်း အသေအချာထည့်သွင်းစဉ်းစားကြရန် လိုအပ်ပြီး၊ ကာလတိုတစ်ခုအတွက် ထည့်သွင်းစဉ်းစားခြင်းထက် ရေရှည်အသုံးတည့်ရန် စဉ်းစားသင့်ကြောင်း မြို့ပြရေးရာလေ့လာဆန်းစစ်သူတို့က ဆိုသည်။

လက်ရှိအနေအထားတွင် ရန်ကုန်မြို့ရှိ အထပ်မြင့်ကန်ထရိုက်တိုက် အားလုံးနီးပါးမှာ လိုအပ်ချက်နှင့် အားနည်းချက်များ ရှိနေသည်ဖြစ်ရာ နောက်ထပ် ထွက်ပေါ်လာမည့် အထပ်မြင့်ကန်ထရိုက်တိုက်များတွင် ယင်းလိုအပ်ချက်၊ အားနည်းချက်များ မပါရှိစေရန် အရည်အသွေးပိုင်း၊ စံချိန်စံညွှန်းပိုင်း၊ ဗိသုကာပိုင်းဆိုင်ရာများအားလုံးကို အထူးဂရုစိုက်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ အဆောက်အအုံတည်ဆောက်ပြီးစီးသွားပါကလည်း အဆိုပါအဆောက်အအုံကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ပြုပြင်ထိန်းသိမ်းမှုပိုင်းကိုပါထည့်သွင်းစဉ်းစားသင့်ကြောင်း ၎င်းတို့၏သုံးသပ်ချက်အရ သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆောက်လုပ်မည့် ၇၅ ပေနှင့်အထက် မည်သည့်အဆောက်အအုံမဆို ဓာတ်လှေကားတပ်ဆင်ရမည်ဟု ယခင်က ညွှန်ကြားသတ်မှတ်ခဲ့ကြောင်း ကန်ထရိုက်တာတချို့ထံမှ သိရသည်။

# စပေါ်ဖြင့် တိုက်ခန်းငှားရမ်းနေထိုင်လိုသူ ပြန်လည်များပြား

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၉**

ရန်ကုန်မြို့တော်အတွင်းရှိ တိုက်ခန်းများကို လချုပ်၊ နှစ်ချုပ်များဖြင့် ငှားရမ်းနေထိုင်လျက်ရှိကြရာမှ ယခုနောက်ပိုင်းတွင် စပေါ်ဖြင့် ငှားရမ်းနေထိုင်လိုသူများ ပြန်လည်များပြားလာကြောင်း တာမွေ၊ ဗဟန်း၊ မင်္ဂလာတောင်ညွန့်နှင့် စမ်းချောင်းမြို့နယ်တို့ရှိ အကျိုးဆောင်များထံမှ စုံစမ်းသိရှိရသည်။

ယင်းသို့ တိုက်ခန်းများကို စပေါ်ဖြင့် ငှားရမ်းလိုသူများ ပြန်လည်များပြားလာခဲ့သော်လည်း ငှားရမ်းမည့်တိုက်ခန်းအရေအတွက်မှာ နည်းပါးနေပြီး လချုပ်၊ နှစ်ချုပ်စနစ်ဖြင့်သာ ငှားရမ်းမည့်တိုက်ခန်းများပိုမိုများပြားကြောင်း အဆိုပါအကျိုးဆောင်များကဆိုသည်။

တိုက်ခန်းပိုင်ရှင်များအနေဖြင့် စပေါ်ဖြင့် ငှားရမ်းပါက ဖယ်ခိုင်းလိုသည့်အချိန်တွင် ဖယ်မပေးခြင်း၊ ငှားရမ်းသူများပြောင်းရွှေ့လိုသည့်အချိန်တွင် စပေါ်ငွေပြန်မအမ်းနိုင်ခြင်း စသည့်ကိစ္စများကို စိုးရိမ်သဖြင့် တိုက်ခန်းများကို စပေါ်နှင့်ငှားရမ်းမှုမပြုကြခြင်းဖြစ်ကြောင်း ၎င်းတို့ထံမှသိရသည်။

စပေါ်နှင့် တိုက်ခန်းငှားရမ်းနေထိုင်လိုသူများမှာ အိမ်ခန်းမကြာခဏ ပြောင်းရွှေ့ကြသူများဖြစ်ကြောင်း၊ လက်ဝယ်ရှိသည့်ငွေနှင့် အိမ်ခန်းဝယ်ယူရန်မဖြစ်နိုင်သေးသဖြင့် ရှိပြီးငွေမပျောက်ပျက်စေရန်အတွက် စပေါ်နှင့် ငှားရမ်းနေထိုင်ကြသူများဖြစ်ကြောင်း၊ စပေါ်နှင့်ငှားရမ်းသည့် တိုက်ခန်းပိုင်ရှင်များမှာ အကြောင်းတစ်စုံတစ်ခုကြောင့် ငွေကြေး အလျင်အမြန်လိုအပ်သူများဖြစ်ကြောင်း စုံစမ်းသိရှိရသည်။



အဆိုပါစပေါ်နှင့် တိုက်ခန်းငှားရမ်းနေထိုင်သည့်စနစ်မှာ တစ်ချိန်က ရန်ကုန်မြို့တွင် လွန်စွာတွင်ကျယ်ခဲ့ပြီးနောက်ပိုင်းတွင် လချုပ်၊ နှစ်ချုပ်ဖြင့် ငှားရမ်းမှုက ပိုမိုတွင်ကျယ်လာခဲ့ရာမှ ယခုကဲ့သို့ စပေါ်ဖြင့် ငှားရမ်းနေထိုင်လိုသူများ ပြန်လည်ပေါ်ပေါက်လာခြင်းဖြစ်သည်။

လတ်တလောတွင် တိုက်ခန်း၏ အကျယ်အဝန်း၊ နေရာအကွက်အကွင်း၊ အထပ်အနိမ့်အမြင့်များပေါ်မူတည်၍ တိုက်ခန်းတစ်ခန်းလျှင် စပေါ်ငွေ ကျပ်ဆယ့်ငါးသိန်းမှ ကျပ်နှစ်ဆယ့်ငါးသိန်းအထိရှိနေပြီး အိမ်လခမှာ တစ်လလျှင် ကျပ်နှစ်သောင်းမှ သုံးသောင်းအထိရှိနေကြောင်း၊ စပေါ်တင်ရငွေ များပါက အိမ်လခနည်းလေ့ရှိပြီး စပေါ်တင်ရငွေ နည်းပါက အိမ်လခ များလေ့ရှိကြောင်း အကျိုးဆောင်များထံမှ သိရသည်။

**Phoenix News Agency(PAN)**

www.foreverspace.com.mm



# ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်း သင်္ဘောသားအာမခံ ကျပ်သိန်းနှစ်ထောင်ကျော် လျော်ကြေးပေးအပ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၇**

မြန်မာ့အာမခံလုပ်ငန်းက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း သင်္ဘောသားအာမခံလျော်ကြေးပေးအပ်ပွဲကို ငါးကြိမ်ကျင်းပခဲ့ပြီး လျော်ကြေးစုစုပေါင်း ကျပ် ၂၃၈၃ ဒသမ ၅၂ သိန်း ပေးလျော်ပြီးဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံခြားသင်္ဘောများတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသော သင်္ဘောသားများအနက် သေဆုံးသူနှင့် ဒဏ်ရာရသူများကို သင်္ဘောသားအာမခံလျော်ကြေးများပေးအပ်ခဲ့ရာ ယခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း သေဆုံးသူ ၄၈ ဦးနှင့် ဒဏ်ရာရသူ ၁၁ ဦးကို လျော်ကြေးပေးအပ်ပြီးဖြစ်ကြောင်း၊ သင်္ဘောသားအာမခံထားရှိမည်ဆိုပါက အာမခံပရီမီယံကြေးမှာ တစ်နှစ်ကာလအတွက် ကျပ် ၂၅,၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး သုံးနှစ်တာကာလအတွက် ကျပ် ၇၅,၀၀၀ ပေးသွင်းရမည်ဖြစ်ကြောင်း၊ ပြည်ပတွင်သွားရောက်အလုပ်လုပ်ကိုင်ရင်း ထိခိုက်သေဆုံးမှုရှိပါက မြန်မာ့အာမခံလုပ်ငန်းက လျော်ကြေးငွေအဖြစ် ကျပ်သိန်း ၅၀ ပေးလျော်မည်ဖြစ်ကြောင်း၊ အဆိုပါ အာမခံအမျိုးအစားကို အလုပ်သမားဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသော အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တရားဝင်သွားရောက်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများသာ အာမခံထားရှိနိုင်ကြောင်း၊ ယခင်က ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်သူများ၏ အာမခံကာလကို တစ်နှစ်သာခွင့်ပြုခဲ့သော်လည်း ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်မှစ၍ အာမခံကာလကို သုံးနှစ်အထိ ထားရှိနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း ၎င်းကဆက်လက်ရှင်းပြသည်။

# မြန်မာနိုင်ငံတွင်ကျရောက်ခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါ တစ်ကြိမ်နှင့်တစ်ကြိမ် ဇာစ်မြစ်မတူညီ

**သတင်းဆောင်းပါး - ကျော်ဇေယျာဝင်း၊ ၁၉-၂-၂၀၀၈**

**မြန်မာနိုင်ငံတွင် သုံးကြိမ်ကျရောက်ခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါသည် တစ်ကြိမ်နှင့်တစ်ကြိမ် မျိုးဗီဇဇာစ်မြစ်အုပ်စုကွဲများ မတူညီသည်ကို ဆန်းစစ်တွေ့ရှိရကြောင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဝင်းစိန်က ပြောကြားသည်။**

ကြက်ငှက်တုပ်ကွေးရောဂါကျရောက်မှုဖြစ်စဉ်များသည် ပြည်တွင်း၌ဖြစ်ခဲ့ဖူးသော ရောဂါပိုးမှ ကူးစက်ခဲ့ခြင်းမဟုတ်ဘဲ နိုင်ငံ၏ပြင်ပမှ ဝင်ရောက်ကူးစက်ခြင်းဖြစ်ကြောင်း၊ လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုး H5N1, H9N2, H7N7 တို့အနက် မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သော ဗိုင်းရပ်စ်ပိုးမှာ H5N1 သာဖြစ်ကြောင်း၊ အဆိုပါ ရောဂါကျရောက်ခဲ့သောနိုင်ငံများ၏ ကြက်ငှက်တုပ်ကွေးရောဂါပိုး H5N1 ဗိုင်းရပ်စ်ပိုး၏ မျိုးဗီဇဆက်နွယ်မှု၌ ဇာစ်မြစ်အုပ်စုကွဲ Multiple Clades ကိုးခုဖြစ်ပေါ်လာပြီး လူသို့ကူးစက်သည့် ဇာစ်မြစ်အုပ်စုကွဲနှင့်



www.foreverspace.com.mm

တိရစ္ဆာန်သို့ကူးစက်သည့် ဇာစ်မြစ်အုပ်စုကွဲများဖြစ်ပေါ်လာသည်ကို တွေ့ရှိရကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သည့် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်စဉ်များသည် ကမ္ဘာ့အအေးပိုင်းဒေသများမှ ရောက်ရှိလာသော ဆောင်းခိုငှက်နှင့် နိုင်ငံအတွင်းရှိ သဘာဝငှက်ရိုင်းများမှတစ်ဆင့် ရောဂါရောက်ရှိခဲ့သည့်အပြင် ရောဂါပိုးကူးစက်လွယ်သော ငုံးနှင့် အခြားကြက်၊ ငှက်များ ရောနှောမွေးမြူခြင်းမှလည်းကောင်း၊ နယ်စပ်ဒေသတိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများရောင်းဝယ်ဖောက်ကားခြင်းမှ တစ်ဆင့်သော်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းအသုံးအဆောင်ပစ္စည်းများ သယ်ပို့ခြင်းမှလည်းကောင်း ကူးစက်ခဲ့သည်ကို တွေ့ရှိရကြောင်း ၎င်းကပြောကြားသည်။



ကြက်ငှက်တုပ်ကွေးရောဂါသည် ဆောင်းရာသီအတွင်းနှင့် ဆောင်းအကုန်

နွေအကူးဖြစ်သော ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလတို့တွင် အများဆုံးဖြစ်ပွားသည်ကို လေ့လာတွေ့ရှိရသဖြင့် ဆောင်းခိုငှက်များနှင့် ငှက်ရိုင်းများ နားခိုကျက်စားတတ်သည့် ချောင်း၊ မြောင်း၊ အင်းအိုင်အနီးတွင် ကြက်၊ ဘဲများမွေးမြူခြင်းမပြုရန် သို့မဟုတ် ယင်းကာလများ၌ ကောင်ရေလျှော့ချမွေးမြူရန်နှင့် ဇီဝလုံခြုံမှုမြှင့်တင်မွေးမြူရန် လိုအပ်ကြောင်း၊ သဘာဝငှက်ရိုင်းနှင့် ကြားခံရောဂါပိုးသယ်ဆောင်နိုင်သည့် ခွေး၊ ကြောင်၊ ကြွက် စသည်များ၊ လူ့အသုံးအဆောင်နှင့် မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများမှ ရောဂါကူးစက်ပျံ့နှံ့မှုမဖြစ်ပေါ်စေရန် ကာကွယ်မှုအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုနှင့် ပိုးသန့်စင်မှုကို အတတ်နိုင်ဆုံး မြှင့်တင်ဆောင်ရွက်ရန်လိုကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တရားဝင် သတင်းထုတ်ပြန်ချက်များအရ သိရသည်။

စူးစမ်းရှာဖွေလေ့လာမှုအရ အချို့သောဘဲများတွင် ရောဂါခုခံမှု ပဋိပစ္စည်းများတွေ့ရှိနေရသဖြင့် ဗိုင်းရပ်စ်ပိုးသည် မြန်မာနိုင်ငံအတွင်း ခိုအောင်းလျက်ရှိနိုင်ကြောင်း၊ ယင်းဘဲများ မကျန်းမာသည့်အခါ အနီးပတ်ဝန်းကျင်ရှိ ရောဂါကူးစက်လွယ်သော ကြက်၊ ငုံးများသို့ ရောဂါကူးစက်နိုင်သဖြင့် ဘဲ၊ မန်ဒါလီ၊ ကြက်ဆင်၊ ကြက်၊ ငုံး တို့ကို ရောနှောမွေးမြူခြင်းမပြုဘဲ တိရစ္ဆာန်မျိုးစိတ်တစ်မျိုးချင်း သီးခြား

# ကိုးလအတွင်း အလုံးစုံအာမခံလျော်ကြေး ကျပ်သိန်း ၅၀၀ ကျော် ပေးအပ်

**ရန်ကုန်၊ ဇန်နဝါရီ ၁၆**

မြန်မာ့အာမခံလုပ်ငန်းတွင် အလုံးစုံအာမခံထားရှိထားပြီး ထိခိုက်မှုဖြစ်ပွားခဲ့သည့် မော်တော်ယာဉ်များကို အာမခံလျော်ကြေးများ ပေးအပ်ခဲ့ရာ ၂၀၀၇ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ လ ၁၆ ရက်နေ့အထိ စုစုပေါင်းလျော်ကြေး ကျပ် ၅၅၄ သိန်းကျော် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း မြန်မာ့အာမံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အလုံးစုံအာမခံထားရှိသည့် မော်တော်ယာဉ်များအနက် ပျက်စီးခဲ့သည့် မော်တော်ယာဉ် ၉၄ စီးအတွက် အာမခံလျော်ကြေး ကျပ် ၄၁၉ သိန်း၊ အလုံးစုံအာမခံထားရှိသည့် မော်တော်ယာဉ်ကြောင့် ပျက်စီးသွားသည့် မော်တော်ယာဉ်စီးရေ ၁၂ စီးအတွက် လျော်ကြေး ကျပ် ၉၃ သိန်း၊ ဒဏ်ရာရသူခြောက်ဦးအတွက် ကျပ် ၃.၂၃ သိန်း၊ သေဆုံးသူ ၁၃ ဦးအတွက် ကျပ် ၃၉ သိန်း အသီးသီးလျော်ပေးခဲ့ကြောင်း၊ အလုံးစုံအာမခံထားရှိသော မော်တော်ယာဉ်များအနေဖြင့် မော်တော်ယာဉ်၏ကာလတန်ဖိုးအတိုင်း အာမခံထားရှိမှသာ အာမခံလျော်ကြေးကို အပြည့်ရရှိမည်ဖြစ်ကြောင်းနှင့် ရန်ကုန်မြို့တော်အတိုင်းအတာနှင့် နှိုင်းယှဉ်မည်ဆိုပါက အလုံးစုံအာမခံထားရှိသည့် မော်တော်ယာဉ်မှာ အရေအတွက်နည်းပါးနေသေးကြောင်း ၎င်းက ပြောကြားသည်။

မော်တော်ယာဉ်များ အလုံးစုံအာမခံထားရှိခြင်းကြောင့် မိမိယာဉ်ပျက်စီးသွားခြင်းဖြစ်စေ၊ မိမိယာဉ်ကြောင့် သူတစ်ပါးပိုင်ယာဉ်နှင့် ပစ္စည်းများသော်လည်းကောင်း၊ လူတစ်ဦးတစ်ယောက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းသော်လည်းကောင်း အာမခံလျော်ကြေးရရှိမည်ဖြစ်ကြောင်းနှင့် ဒဏ်ရာရရှိသူများကို ဆေးဝါးကုသမှုပေါ်မူတည်၍ လျော်ကြေးပေးအပ်သွားမည်ဖြစ်ပြီး သေဆုံးသူများကို တစ်ဦးလျှင် လျော်ကြေး ကျပ်သုံးသိန်း ပေးအပ်သွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ■

www.foreverspace.com.mm

စီသန်းသိမ်းမွေးမြူရန်၊ ငုံးများသည် ကြက်ငှက်တုပ်ကွေးရောဂါ လက်ခံကူးစက်လွယ်သဖြင့် ငုံးမွေးမြူရေးကို စနစ်တကျ သီးခြားမွေးမြူရန်နှင့် ကြက်၊ ငှက်များမွေးမြူရာတွင် လူနေအိမ်ခြေနှင့် သီးခြားဖြစ်သောနေရာဒေသ၌ နေရာသတ်မှတ်၍ ခြံလှောင်စနစ်ဖြင့် စနစ်တကျ မွေးမြူရန်လိုအပ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံအတွင်း ကြက်ငှက်တုပ်ကွေးရောဂါသည် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တွင် စတင်ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ပြီး ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်တို့အတွင်း မြို့နယ် ၁၀ မြို့နယ်တွင် ဖြစ်ပွားခဲ့ပြီး ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်နှစ်ခုတွင် ထပ်မံဖြစ်ပွားခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားလျှင်ဖြစ်ပွားချင်း ရောဂါဖြစ်ပွားသည့် ကြက်၊ ငှက်များနှင့် ရောဂါကူးစက်အန္တရာယ်ရှိသည့် ကြက်ငှက်များအား ရောဂါအမြစ်ပြတ်ချေမှုန်းနိုင်ရေးအတွက် သုတ်သင်ရှင်းလင်းခြင်း၊ ပိုးသန့်စင်ခြင်းလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရောဂါကျရောက်သည့် မြို့နယ်များကို ရောဂါပျံ့နှံ့မှုမရှိစေရန် လျင်မြန်စွာ ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ သို့သော် လက်ရှိဖြစ်ပွားခဲ့သည့် ကမ္ဘာတစ်ဝန်း ဖြစ်စဉ်များအပေါ် လေ့လာတွေ့ရှိချက်အရ ရေရှည်ရောဂါကာကွယ်ထိန်းချုပ်ရေး၌ ကြက်၊ ငှက်မွေးမြူထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူများနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးနိုင်ရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ ■



# Mergui Princess အပျော်စီးသင်္ဘော RTS စနစ်ဖြင့် ခရီးစဉ်မှတ်တမ်းပြုစုပေး

**ရန်ကုန်၊ မတ် ၆**

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ပင်လယ်ပြင်အဏ္ဏဝါဥယျာဉ်ဒေသကြီးဖြစ်သည့် မြိတ်ကျွန်းစုအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များနှင့် အဏ္ဏဝါသုတေသီများကို လိုက်ပါပို့ဆောင်ပေးနေသော မြန်မာနိုင်ငံသားပိုင် Mergui Princess ရေယာဉ်နှစ်စီးတွင် သွားရောက်လေ့လာလည်ပတ်ခဲ့သည့် ခရီးစဉ်မှတ်တမ်းအသေးစိတ်ကို GPS စနစ်အသုံးပြု၍ Route Tracking System (RTS) စနစ်ဖြင့် မှတ်တမ်းပြုစုပေးကာ ခရီးသည်များထံ E-mail မှတစ်ဆင့် ပြန်လည်ပေးပို့လျက်ရှိကြောင်း အဆိုပါရေယာဉ်ခရီးစဉ်ကို စီစဉ်ပြေးဆွဲလျက်ရှိသည့် Tourism Myanmar Cooperative ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ RTS စနစ်ဖြင့် သင်္ဘောစတင်ထွက်ခွာသည့်အချိန်မှစ၍ သွားရောက်လေ့လာလည်ပတ်ခဲ့သည့် နေရာဒေသ၊ အချိန်၊ သင်္ဘောအမြန်နှုန်း၊ ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေတို့အပြင် ခရီးစဉ်တစ်ခုချင်းကုန်ကျသည့် ဒီဇယ်ဆီ၊ သွားရောက်ခဲ့သည့် လမ်းကြောင်းများ၏ မြေပုံ စသည်တို့ကို မှတ်တမ်းတင်သိမ်းဆည်းနိုင်ကြောင်း၊ ထို့အပြင် သွားရောက်မည့်ခရီးစဉ်ကို ငါးရက်မှ ၁၀ ရက်အထိ ကြိုတင်တွက်ချက်ပြီး GPS ပုံများ ထည့်သွင်းခြင်း၊ Tracking မှတ်တမ်း Set Up ပြုလုပ်ခြင်းတို့ကို ကြိုတင်ဆောင်ရွက်ထားနိုင်ကြောင်း၊ Data အချက်အလက်သိမ်းဆည်းထည့်သွင်းရာ၌ Tracking Memory Point ပေါင်းတစ်သိန်းအထိ ထည့်သွင်းသိမ်းဆည်းနိုင်သဖြင့် တစ်လခန့်အထိ တောက်လျှောက်အသုံးပြုနိုင်ကြောင်း၊ ခရီးစဉ်တစ်လျှောက် ထူးခြားသည့်မြင်ကွင်းများ၊ ဓာတ်ပုံရိုက်ကူးခဲ့သောနေရာများ၊ အထူးသဖြင့် ရှားပါးတိရစ္ဆာန်မျိုးစိတ်များ တွေ့ရှိခဲ့ရသည့်နေရာများကို မှတ်တမ်းတင်သိမ်းဆည်းထားနိုင်မည်ဖြစ်ကြောင်း၊ ရရှိလာသည့်ပုံများကို ရေကြောင်းသုံး 216 မြေပုံ၊ Navy Chart တို့ပေါ်တွင်တင်၍ ကြည့်ရှုနိုင်ကြောင်း ယင်း Software စနစ်ကို ဖြန့်ဖြူးရောင်းချသည့် CD Group မှ ဒေါ်မြင့်မြင့်မော်က ရှင်းပြသည်။

Mergui Princess ရေယာဉ်နှစ်စီးကို ၂၀၀၄ ခုနှစ်တွင် ပထမဦးဆုံး စတင်ပြေးဆွဲခုတ်မောင်းခဲ့ခြင်းဖြစ်ပြီး ကော့သောင်းမြို့မှတစ်ဆင့် မြိတ်ကျွန်းစုအတွင်းရှိ ဆလုံကျွန်း၊ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၊ မကြုံဂလက်ရွာ၊ ပုလဲစခန်း၊ သစ်ကျွန်း စသည့်နေရာဒေသများသို့ ခရီးသွားဧည့်သည်များကို ပို့ဆောင်ပေးလျက်ရှိသည်။ ■

www.foreverspace.com.mm



# မြန်မာကလေးငယ်များနှင့် အမျိုးသမီးများအတွက် ကန်ဒေါ်လာ သန်း ၃၀ ကျော် ဂျပန်လှူဒါန်းပြီးဖြစ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၇**

ဂျပန်နိုင်ငံအစိုးရက မြန်မာကလေးသူငယ်များနှင့် အမျိုးသမီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအစီအစဉ်များကို ပံ့ပိုးကူညီရာ၌ ၁၉၉၉ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ကိုးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၃၁.၉ သန်းကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Yasuaki Mogawa က ပြောကြားသည်။

ယင်းအလှူငွေများကို ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) (မြန်မာ) နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဝက်သက်၊ မေးခိုင်၊ ငှက်ဖျားရောဂါကာကွယ်ဆေးများဝယ်ယူခြင်း၊ ကျန်းမာရေးဌာနများသို့ ပံ့ပိုးရန် အသက်ကယ်ဆေးဝါးများ ဝယ်ယူခြင်းနှင့် အခြေခံဆေးပစ္စည်းကိရိယာများ ဝယ်ယူခြင်းကိစ္စရပ်များတွင် ကျခံသုံးစွဲခဲ့ကြောင်း UNICEF (မြန်မာ) မှ ဌာနေကိုယ်စားလှယ် Mr.Ramesh Shrestha က ဆိုသည်။

ယင်းကဲ့သို့ အလှူငွေများ နှစ်စဉ်ရရှိခဲ့ခြင်းကြောင့် ကျန်းမာရေးဝန်ကြီးဌာနက လုပ်ဆောင်လျက်ရှိသော ကျေးလက်နေမိခင်များနှင့် ကလေးသူငယ်များ၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြောင်း ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာဝင်းမြင့်က ပြောကြားသည်။

ဂျပန်နိုင်ငံအစိုးရ၏ လှူဒါန်းငွေအများစုမှာ UNICEF (မြန်မာ) သို့သာ တိုက်ရိုက်ပေးအပ်ခြင်းဖြစ်ပြီး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

# မြန်မာ့သစ်တောပြုန်းတီးမှုကာကွယ်ရန် သစ်တောစိုက်ခင်းများတိုးတက်ရန်လို

**သတင်းဆောင်းပါး – ဟန်စိုးထိုက် ၊ နှင်းရည်လဲ့ ၊ ဓာတ်ပုံ – ကျော်နိုင်၊ ၅–၃–၂၀၀၈**

**မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ၂၇,၁၅၁,၀၀၀ ဟက်တာ၊ ၆၇,၈၇၇,၅၀၀ ဧကရှိ၍ တစ်နိုင်ငံလုံး မြေဧရိယာ၏ ၄၁ ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိပြီး သစ်ထုတ်လုပ်မှုများနှင့် အခြားအကြောင်းရင်းများကြောင့် သစ်တောပြုန်းတီးမှုများ ပေါ်ပေါက်လျက်ရှိရာ ယင်းတို့မှကာကွယ်ရန် သစ်တောစိုက်ခင်းများတိုးတက်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်က ပြောကြားသည်။**

မြန်မာနိုင်ငံတွင် ၁၉၈၀ နောက်ပိုင်းမှစ၍ သစ်တောစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးခဲ့ရာတွင် အဓိကအားဖြင့် ကျွန်းစိုက်ခင်းများကို တည်ထောင်စိုက်ပျိုးခဲ့ကြကြောင်း၊ ကျွန်းသစ်မှာ သဘာဝအလျောက် အာရှလေးနိုင်ငံတွင်သာပေါက်ရောက်သော်လည်း အာရှတိုက်၊ အာဖရိကတိုက်၊ အလယ်အာဖရိက ကာရေဘီယံကျွန်းနိုင်ငံများနှင့် တောင်အမေရိကတိုက်များတွင်ပါ ထူထောင်လျက်ရှိရာ တစ်ကမ္ဘာလုံးအနေဖြင့် စိုက်ခင်းဧရိယာ စုစုပေါင်း ၄,၀၉၅,၉၇၅ ဧကရှိကြောင်း၊ မြန်မာနိုင်ငံတွင် သဘာဝကျွန်းသစ်တောအားဖြင့် ကမ္ဘာ့သဘာဝကျွန်းသစ်တော၏ ၆၀ ဒသမ ၅၃ ရာခိုင်နှုန်း ပါဝင်ပြီး စိုက်ခင်းများတွင်လည်း ကမ္ဘာ့စိုက်ခင်းဧရိယာ၏ ၁၃ ဒသမ ၄၂ ရာခိုင်နှုန်းရှိကြောင်း ၎င်းက ပြောကြားသည်။



မြန်မာနိုင်ငံ၌ ကျွန်းစိုက်ခင်းများကို ပုံမှန်ထူထောင်ခဲ့ရာတွင် ၁၉၉၀ ပြည့်နှစ်မှစတင်၍ အထူးကျွန်းစိုက်ခင်းစီမံကိန်းချဆောင်ရွက်နေကြောင်း၊ စိုက်ခင်းသက်

www.foreverspace.com.mm



ထမ်းကိုလျှော့ချ၍ နှစ် ၄၀ အတွင်း ထုတ်ယူရန် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း၊ တစ်နှစ်လျှင် ဧက ၂၀,၀၀၀ နှုန်းဖြင့် နှစ် ၄၀ ဆက်တိုက် စိုက်ပျိုးသွားမည်ဖြစ်ပြီး ၂၀၃၈ ခုနှစ်တွင် ကျွန်းစိုက်ခင်း စုစုပေါင်းဧရိယာ ၈၀၀,၀၀၀ ဧက စိုက်ပျိုးပြီးမည်ဖြစ်၍ စိုက်ခင်းမှ ကျွန်းတန်ချိန် ၆၀၀,၀၀၀ ခန့်ထွက်ရှိမည်ဟု ခန့်မှန်းကြောင်း၊ ယင်းပမာဏမှ ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၁,၁၀၀ ဝင်မည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်း သစ်တောဝန်ထမ်းအငြိမ်းစားတစ်ဦးက ရှင်းပြသည်။

သစ်တောဦးစီးဌာနအနေဖြင့် ၂၀၀၈ ခုနှစ်အတွက် သက်ဆိုင်ရာကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုထားသော ကျွန်းစိုက်ဧရိယာ ၂၀၁၅ ဧကရှိကြောင်း၊ ကုန်သွယ်မှုမူဝါဒကောင်စီမှခွင့်ပြုထားသော ကျွန်းစိုက်ခင်းဧရိယာ ၃၈၀၀ ဧကရှိကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုထားသော ကျွန်းစိုက်ခင်းဧရိယာ ၁၀၀ ဧက၊ သစ်တောရေးရာဝန်ကြီးဌာနက ခွင့်ပြုထားသော ကျွန်းစိုက်ခင်းဧရိယာ ၁၁,၀၀၀ ဧက၊ သစ်တောရေးရာဝန်ကြီးဌာနသို့ တင်ပြထားသော ကျွန်းစိုက်ခင်းဧရိယာ ၅၂,၀၆၀ ဧက၊ စုစုပေါင်းဧရိယာ ၆၈,၉၇၅ ဧကရှိကြောင်း သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အချို့နိုင်ငံများတွင် ကျွန်းကို သက်တမ်းတိုးနိုင်သမျှတိုး၍ ထုတ်လုပ်နိုင်ရန်အတွက် လယ်ယာစိုက်ပျိုးသကဲ့သို့ ထွန်ယက်ပြီး ဓာတ်မြေဩဇာကျွေးခြင်း၊ ရေသွင်းခြင်းများဖြင့်ဆောင်ရွက်မှုများ ရှိကြောင်း၊ ယင်းကဲ့သို့ ကြီးထွားနှုန်းမြန်ရန် သဘာဝမဟုတ်သည့်စနစ်ဖြင့် စိုက်ပျိုးသည့်အတွက် ထွက်ရှိသည့်ကျွန်းမှာ အသားပွ၍ အရည်အသွေးအဆင့်မမီကြောင်း ၎င်းကရှင်းပြသည်။

ကျွန်းစိုက်ခင်းတည်ထောင်ရာတွင် တစ်ဧကခန့်မှန်းကုန်ကျစရိတ်ငွေ ကျပ်ကိုးသိန်းကျော်ကုန်ကျနိုင်ပြီး နောက်ဆုံးခုတ်လှဲချိန်တွင် ကျွန်းတန်ချိန် ၅၂ တန်ကျော်ထွက်ရှိနိုင်၍ ဝင်ငွေကျပ်သန်း ၅၀ ကျော်ရရှိနိုင်သဖြင့် အကျိုးအမြတ်အလွန်များကြောင်း၊ စနစ်တကျစီမံခန့်ခွဲမှုမလုပ်နိုင်ပါက စိုက်ခင်းထူထောင်သူအတွက် အကျိုးမဖြစ်ထွန်းရုံသာမက သစ်တောမြေများကို အလဟဿဖြုန်းတီးရာရောက်ကြောင်း၊ ယင်းကြောင့် ကျွန်းစိုက်ခင်းတည်ထောင်



# တက္ကသိုလ်များတောင်တက်အသင်း ၁၀ နှစ်ပြည့် ဖုန်ကန်ရာဇီသို့ တက်ရောက်မည်

**ရန်ကုန်၊ မတ် ၅**

မြန်မာနိုင်ငံ တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းမှ လက်ရွေးစင် တောင်တက်အဖွဲ့သည် ပူတာအိုခရိုင်ရှိ ဖုန်ကန်ရာဇီရေခဲတောင်သို့ ၂၀၀၈ ခုနှစ် ဧပြီ ၈ ရက်နေ့တွင် အသင်း၏ ၁၀ နှစ်ပြည့်အထိမ်းအမှတ် တက်ရောက်မည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်က Living Color သို့ ပြောကြားသည်။

ယင်းတောင်သည် အမြင့်ပေ ၁၁၅၀၀ ရှိပြီး အာဆီယံဒေသ၏ အမြင့်ဆုံးသော ရေခဲတောင်များစာရင်းတွင်ပါဝင်ကြောင်း၊ တောင်ထိပ်သို့တက်ရောက်မည့်အဖွဲ့ဝင်ဦးရေ ၃၀ ဦး သတ်မှတ်ထားပြီး လိုက်ပါမည့်သူများကို စနေ၊ တနင်္ဂနွေနေ့များတွင် လေ့ကျင့်သင်တန်းပေးလျက်ရှိကြောင်း၊ ရေခဲတောင်ခရီးစဉ်ဖြစ်သည့်အတွက် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

ယင်းအသင်းသည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်တောင်သို့လည်းကောင်း၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့အထိ ချင်းပြည်နယ်တောင်ပိုင်း နတ်မတောင်၊ မောပိတောင်၊ လုံတိန်းတောင်နှင့် ဘုံတလာရေတံခွန်တို့သို့လည်းကောင်း တက်ရောက်လေ့ကျင့်ခဲ့ကြကြောင်း အသင်း၏သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ဖုန်ကန်ရာဇီတောင်သည် ပြည်ပကမ္ဘာလှည့်ခရီးသွားများ နှစ်စဉ်တက်ရောက်နေသည့်တောင်များတွင် ပါဝင်ကြောင်း၊ ယင်းတောင်ခြေသို့ ယခုအခါတွင် ကားလမ်းဖောက်လုပ်ထားကြောင်း၊ မြန်မာနိုင်ငံတောင်တက်အဖွဲ့ချုပ်ကလည်း အဆိုပါတောင်ထိပ်သို့ ဇန်နဝါရီလအတွင်း တက်ရောက်ခဲ့ကြောင်း၊ Air Bagan လေကြောင်းလိုင်းကပါ ယင်းတောင်ထိပ်သို့တက်ရောက်ရန်စီစဉ်လျက်ရှိကြောင်း ဒေသခံလမ်းပြတစ်ဦးကဆိုသည်။

www.foreverspace.com.mm



ရာတွင် လုပ်ငန်းသဘောသဘာဝများကို သေချာစွာလေ့လာရန် လိုအပ်ကြောင်း၊ စီမံကိန်းရေးဆွဲခြင်း၊ မြေနေရာရွေးချယ်ခြင်း၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးပြုစုခြင်းများကို လုပ်ငန်းကျွမ်းကျင်သူပညာရှင်များ၏ အကူအညီဖြင့် စနစ်တကျဆောင်ရွက်သင့်ကြောင်း သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက အကြံပြုပြောကြားသည်။

ကျွန်းစိုက်ခင်းများတည်ထောင်ရာတွင် သစ်တောဦးစီးဌာနသို့ တစ်ဧကလျှင် ၁၀၀၀ ကျပ်ပေးသွင်းရမည်ဖြစ်ကြောင်း၊ သတ်မှတ်ကာလအတွင်း အပြည့်အဝစိုက်ပျိုးရမည်ဖြစ်ကြောင်း၊ လုပ်ကိုင်ခွင့်ဧရိယာအတွင်းတွင် မြေအောက်သယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းမပြုရန် တားမြစ်ထားကြောင်း၊ လုပ်ကိုင်ခွင့်မြေအား အမွေဆက်ခံခွင့်ရှိသော်လည်း ယင်းမြေကို ပေါင်နှံ၊ ရောင်းချ၊ လွှဲပြောင်းခြင်း မပြုလုပ်ရန် တားမြစ်ထားကြောင်း၊ မြေငှားရမ်းခကို တစ်ဧကလျှင် တစ်နှစ် ၅၀၀ ကျပ်နှုန်းဖြင့် သစ်တောဦးစီးဌာနသို့ ပေးသွင်းရမည်ဖြစ်ပြီး သစ်ထုတ်လုပ်မည့်ပမာဏ သို့မဟုတ် တန်ဖိုး၏ ၂၅ ရာ ခိုင်နှုန်းကို အခွန်အဖြစ် ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ခြင်းမရှိပါက လုပ်ကိုင်ခွင့်ကို ပြန်လည်ရုပ်သိမ်းပြီး အာမခံကြေးသိမ်းဆည်းခံရမည်ဖြစ်ကြောင်း သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"လက်ရှိစိုက်ပျိုးနေတဲ့ ကုမ္ပဏီအများစုက သစ်ထုတ်လုပ်ငန်းနဲ့ပတ်သက်ဆက်နွှယ်နေတဲ့ လုပ်ငန်းရှင်တွေပဲ။ ပြည်နယ်နဲ့တိုင်းအလိုက် စီမံချက်နဲ့ စိုက်ပျိုးတဲ့ကျွန်းစိုက်ခင်းတွေရှိတယ်။ တခြားစီးပွားရေးလုပ်ငန်းရှင်တွေပါ ပါဝင်လာအောင်စည်းရုံးဖို့ လိုအပ်တယ်။ ဒီလုပ်ငန်းဟာ တကယ်အကျိုးအမြတ်ရှိတယ်။ တကယ်သေချာတဲ့လုပ်ငန်းဆိုရင် ရင်းနှီးမြှုပ်နှံပြီးလုပ်ကိုင်မယ့်လုပ်ငန်းရှင်တွေ တိုးတက်လာမှာပါ" ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံတွင် ပြည်ပနိုင်ငံများသို့ သစ်တင်ပို့မှုအနေဖြင့် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၅၀၀ ရရှိထားပြီး နိုင်ငံပိုင်အနေဖြင့် ဒေါ်လာသန်း ၂၀၀ ဖိုးနှင့် ပုဂ္ဂလိကအနေဖြင့် ဒေါ်လာသန်း ၃၀၀ ဖိုးတင်ပို့ခဲ့ကြောင်း၊ လက်ရှိတွင် တစ်နှစ်လျှင် ကျွန်းတန်ချိန် ၂ ဒသမ ၅၃ သိန်းနှင့် သစ်မာတန်ချိန် ၃ ဒသမ

# အိန္ဒိယနိုင်ငံ မွန်ဘိုင်းစေတီတော် ဒီဇင်ဘာလတွင် ထီးတော်တင်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၁**

အိန္ဒိယနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ထားကိုးကွယ်မည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ပုံတူ စေတီတော်ကြီး၏ ထီးတော်တင်ပွဲအခမ်းအနားကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပရန် စီစဉ်လျက်ရှိကြောင်း စေတီတော်ဖြစ်မြောက်ရေးအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

စေတီတော်ကြီး ထီးတော်တင်ပွဲအတွက် MRTV-4 အဖွဲ့ကို မကြာမီသွားရောက်ရိုက်ကူးခွင့်ပြုမည်ဖြစ်ပြီး လက်ရှိဆောင်ရွက်နေမှုများကိုရိုက်ကူး၍ ကြိုတင်ပြသသွားမည်ဖြစ်ကြောင်း၊ ယခုအခါ စေတီတော်ကြီးမှာ ၈၀ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီဖြစ်ကြောင်း၊ စေတီတော်၏ ဘက်စုံဆောင်ရွက်နေမှုများကို ပြည်သူများ ပြည့်စုံစွာသိရှိနိုင်ရန် ယောဂီများပါဝင်သော သတင်းနှင့်ပြန်ကြားရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း အသင်းဝင်တစ်ဦးက ဆိုသည်။

စေတီတော်မြတ်ကြီး၏ ငှက်ပျောဖူးရွှေချရန်အတွက် ရွှေပြားတစ်ပြားလျှင် ခြောက်ကျပ်သားနှင့် သုံးကျပ်သား သတ်မှတ်ထားပြီး အလှူရှင်များအနေဖြင့် မိမိတို့တတ်နိုင်သည့်အရွယ်ကို လှူဒါန်းနိုင်ကြောင်း၊ သုံးကျပ်သားအောက်ရွှေပြားများကို စုပေါင်း၍ ကာလပေါက်ဈေးအတိုင်း တွက်ချက်လှူဒါန်းနိုင်ကြောင်း၊ ထီးတော်ရွှေချခြင်းလုပ်ငန်းများကို မြန်မာပညာရှင်များကသာ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဘုရား၌ပြသရန် ပန်းချီကားပေါင်းတစ်ရာကျော် ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါစေတီတော်ကြီးကို ၁၉၉၆ ခုနှစ်တွင် အုတ်မြစ်ချ၍ စတင်တည်ဆောက်ခဲ့ကြောင်း အဆိုပါအဖွဲ့မှသိရသည်။

**ခင်ဌေးကြွယ်**

www.foreverspace.com.mm



၁၅ သန်း ထုတ်လုပ်လျက်ရှိကြောင်း၊ ဒေသတွင်းနိုင်ငံများဖြစ်သော ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံများကဲ့သို့ သစ်တောပြုန်းတီးမှုမဖြစ်ပေါ်စေရန် သစ်တောစိုက်ခင်းများ ထူထောင်ရန်လိုအပ်ကြောင်း၊ မလေးရှားနိုင်ငံအနေဖြင့် ၂၀၀၇ ခုနှစ်တွင် သစ်ထုတ်လုပ်မှုကို ပိတ်ပင်ခဲ့သဖြင့် မြန်မာနိုင်ငံ၏ သစ်လုံးအကြမ်းထည်များကို ဝယ်ယူမှုမြင့်မားခဲ့ကြောင်း၊ သစ်ထုတ်လုပ်မှုများပြားသဖြင့် သစ်တောပြုန်းတီးမှုကာကွယ်ရန်အတွက် သစ်တောစိုက်ခင်းများ စနစ်တကျတည်ထောင်စိုက်ပျိုးရန် လိုအပ်ကြောင်း အငြိမ်းစား သစ်တောဝန်ထမ်းတစ်ဦးက သုံးသပ်ပြောကြားသည်။

# ခဲသတ္တုများကို မြန်မာပညာရှင်များ ပြည်တွင်း၌ Recycling နည်းဖြင့် ထုတ်လုပ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၉**

ဘက်ထရီအိုးပြုလုပ်ရာတွင် အသုံးပြုသည့် ခဲသတ္တုများကို မြန်မာပညာရှင်များက Recycling Plant နည်းဖြင့် ထုတ်လုပ်နိုင်သဖြင့် တစ်နှစ်လျှင် ကုန်ကျစရိတ် ဒေါ်လာလေးသန်းခန့်သက်သာစေကြောင်း TOYO Battery ထုတ်လုပ်သည့် Proven Technology Industry Co., Ltd. မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးအုန်းလွင်က ပြောကြားသည်။

အဆိုပါစက်ရုံကို ရွှေပြည်သာစက်မှုဇုန်တွင် ၂၀၀၅ ခုနှစ်က စတင်တည်ထောင်လည်ပတ်ခဲ့ကြောင်း၊ ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်းစွန့်ပစ်ပစ္စည်းအရောင်းဆိုင်များရှိ ဘက်ထရီအိုးပျက်များမှ ဝယ်ယူရရှိခြင်းဖြစ်ပြီး စက်ပစ္စည်းများကို အိန္ဒိယမှ မှာယူတင်သွင်းတပ်ဆင်ထားခြင်းဖြစ်ကြောင်း၊ နည်းပညာကို ဂျာမနီနိုင်ငံမှ Electron Spake Spectrometer နည်းစနစ်များကို အသုံးပြု၍ မိမိလိုသည့်ခဲသတ္တုရအောင် နိုင်ငံခြားမှ သတ္တုနည်းပညာအင်ဂျင်နီယာများ၏ ကြပ်မတ်သင်ကြားပေးမှုဖြင့် မြန်မာပညာရှင်များက နည်းပညာလွှဲပြောင်းရယူကာ ကမ္ဘာ့အဆင့်မီခဲသတ္တုများကို ထုတ်လုပ်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အဆိုပါကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားမှ မှာယူတင်သွင်းပါက အချိန်သုံးလခန့်ကြာမြင့်ကြောင်း၊ ပစ္စည်းပြတ်လပ်မှုမရှိစေရန်အတွက် ကုန်ပစ္စည်းသိုလှောင်ထားရသဖြင့် စရိတ်စကကြီးမြင့်ပြီး ယခုလက်ရှိတွင် ပြည်တွင်း၌ထုတ်လုပ်နိုင်သဖြင့် အဆိုပါစရိတ်များလျှော့ချလာနိုင်ကြောင်း၊ ကမ္ဘာ့ခဲဈေးနှုန်းကြီးမြင့်သဖြင့် ခဲသတ္တုဖြင့် လုပ်ကိုင်ရသောကုမ္ပဏီများ များစွာထိခိုက်နစ်နာခဲ့ကြောင်း၊ ခဲဈေးနှုန်းမှာ ၂၀၀၅ ခုနှစ်တွင် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၀၀ သာရှိသော်လည်း ၂၀၀၈ ခုနှစ်တွင် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၀၀၀ ကျော်ထိမြင့်တက်လာခဲ့ကြောင်း၊ အဆိုပါ ထုတ်လုပ်မှုနည်းပညာများကို လာရောက်လေ့လာလိုပါက အချိန်မရွေးလာရောက်လေ့လာနိုင်ကြောင်း၊ စွန့်ပစ်ပစ္စည်းမှ Recycling စနစ်ဖြင့်ထုတ်လုပ်သည့်လုပ်ငန်းဖြစ်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ် များစွာသက်သာသည့်လုပ်ငန်းဖြစ်ရာ ပြည်တွင်း၌ တိုးတက်ထုတ်လုပ်နိုင်ရန် များစွာလိုအပ်ကြောင်း ၎င်းကထပ်မံပြောကြားသည်။

**ဟန်စိုးထိုက်**

# ဘောစကိုင်းပင်ဖြည့်စွက်အစာအဖြစ်သုံးရန် သုတေသနပြု

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၉**

တိရစ္ဆာန်အစာဈေးနှုန်းမြင့်တက်မှုကိုဖြေရှင်းနိုင်ရန်အတွက် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင်ပေါက်ရောက်နေသည့် ဘောစကိုင်းပင်ကို ဖြည့်စွက်အစာအဖြစ် အသုံးပြုရန် မွေးမြူရေးပညာရှင်များက သုတေသနပြုနေသည်ဟု ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် မန္တလေးမွေးမြူရေးလုပ်ငန်းရှင်အချို့ထံမှ စုံစမ်းသိရှိရသည်။

ဘောစကိုင်းပင်သည် အပူပိုင်းဒေသတွင်ပေါက်ရောက်သောအပင်ဖြစ်ပြီး ပညာရှင်များ၏သုတေသနပြုချက်အရ အရွက်ခြောက်တွင် ပရိုတင်းဓာတ်ပါဝင်မှု ၃၀ ရာခိုင်နှုန်းအထိရှိကာ အခြားဗီတာမင်နှင့် သတ္တုဓာတ်များစွာပါဝင်ကြောင်း၊ ဘောစကိုင်းအရွက်ခြောက်ကို ကျွဲ၊ နွား၊ သိုးနှင့် ကြက်များကို သတ်မှတ်ထားသည့် အချိုးအစားအတိုင်း ဖြည့်စွက်အစာအဖြစ် ထည့်သွင်းကျွေးမွေးလျှင် အစာချေဖျက်နှုန်းကောင်းပြီး အစာစားနှုန်းကောင်းလာသောကြောင့် ခန္ဓာကိုယ်ကြီးထွားနှုန်း မြင့်တက်လာကြောင်း၊ ဥစားကြက်များကို ကျွေးကြည့်သည့်အခါ ကြက်ဥအနှစ်နှင့် အရောင်ပါ ကောင်းလာသည်ကို တွေ့ရကြောင်းနှင့် ယခုကဲ့သို့သုတေသနပြု ကျွေးမွေးသည့်အနေအထားအတိုင်း နွားများကို စားကျက်တွင် လွှတ်ကျောင်းစနစ်ဖြင့် တစ်ရက်လျှင် တစ်ကီလိုဂရမ်ကျွေးမွေးနိုင်ပြီး ဆိတ်များကို အစာ၏ ၄၅ ရာခိုင်နှုန်းအထိ ဖြည့်စွက်ကျွေးမွေးနိုင်သည့်အပြင် ကြက်များကိုမူ အစာ၏ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ကျွေးမွေးနိုင်ကြောင်း သုတေသနတွေ့ရှိချက်များကို ကိုးကား၍ ၎င်းတို့က ထပ်လောင်းပြောကြားသည်။

မွေးမြူရေးပညာရှင်များ သုတေသနပြုနေသည့် ဘောစကိုင်းပင်သည် အစာအဆိပ်အတောက်ဖြစ်စေမည့် ပင်ဖိုစင်ခေါ် အမိုင်နိုအက်စ် ၂ ဒသမ ၅ ရာခိုင်နှုန်းမှ ၇ ဒသမ ၁၉ ရာခိုင်နှုန်းအထိပါဝင်ခြင်းကြောင့် ယင်းဓာတ်ကိုချေဖျက်နိုင်သည့် အကျိုးပြု ဘက်တီးယားပိုးများပါဝင်မှုရှိ မရှိနှင့် ရာခိုင်နှုန်းပြည့်တိရစ္ဆာန်အစာအဖြစ် ကျွေးမွေးနိုင်ရေးအတွက် ဆက်လက်၍ သုတေသနပြုနေသည်ဟု ယင်းသုတေသနတွင်ပါဝင်သည့် ပညာရှင်တစ်ဦး၏ ထပ်လောင်းပြောကြားချက်အရ သိရသည်။ ■

www.foreverspace.com.mm

# ကန့်ဘလူမြို့၌ မွေးမြူရေးဇုန်တည်ဆောက်မည်

**ကန့်ဘလူ၊ ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကန့်ဘလူမြို့ပြင် ဧရိယာ၌ မွေးမြူရေးဇုန်တည်ဆောက်ရန် စီစဉ်နေကြောင်း ဇန်နဝါရီ ၁၀ ရက်နေ့က ကန့်ဘလူမြို့ မြို့နယ်ခန်းမဆောင်၌ ကျင်းပပြုလုပ်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် မွေးမြူရေးဇုန်တည်ဆောက်ရေးလုပ်ငန်းအစည်းအဝေးသို့ တက်ရောက်ခဲ့သူတစ်ဦးထံမှ သိရသည်။

အဆိုပါမွေးမြူရေးဇုန်ကို လူနေရပ်ကွက်များနှင့်ဝေးကွာသော မြို့ပြင်ဧရိယာ၌ တည်ဆောက်မည်ဖြစ်ပြီး တည်ဆောက်ပြီးပါက ကန့်ဘလူမြို့တွင်းမှ မွေးမြူရေးလုပ်ငန်းအားလုံး ပြောင်းရွှေ့ရမည်ဖြစ်ကြောင်း၊ ယင်းမွေးမြူရေးဇုန်ကို ကန့်ဘလူမြို့အနောက်ဘက် တစ်မိုင်ကျော်အကွာ၌ တည်ဆောက်မည်ဖြစ်ပြီး အကျယ်ပေ ၈၀ ပတ်လည်ရှိ မြေကွက် ၂၀၀ ပါဝင်မည်ဖြစ်ကြောင်း၊ ကန့်ဘလူမြို့နယ်၌ ဓိးကုန်းမွေးမြူရေးဇုန် (ဓိးကုန်းရွာ)၊ ထန်းကုန်းမွေးမြူရေးဇုန် (ထန်းကုန်းရွာ) တို့တည်ဆောက်၍ ကြက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ထပ်မံတည်ဆောက်မည့်ဇုန်အပါအဝင် မွေးမြူရေးဇုန်သုံးဇုန်ရှိပြီဖြစ်ကြောင်း မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ်မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။


အဆိုပါနေ့ကကျင်းပသော အစည်းအဝေးတွင် မြို့မိမြို့ဖဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့ဝင်ရှစ်ဦးပါဝင်သော မွေးမြူရေးဇုန်ကော်မတီကိုဖွဲ့စည်းခဲ့ပြီး ယင်းနေ့ကျင်းပသော အစည်းအဝေး၌ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စုပေါင်းဆောင်ရွက်နိုင်ရန်၊ ကျန်းမာသန့်ရှင်းသောလုပ်ငန်းခွင်ဖြစ်ထွန်းစေရန်၊ ခေတ်မီမွေးမြူကုန်ထုတ်နည်းပညာများ ထွန်းကားစေရန်နှင့် စိန်ခေါ်မှုများကို စုပေါင်းဖြေရှင်းနိုင်ရန်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း ၎င်းထံမှ သိရသည်။

**မိုးမြင့် (ကန့်ဘလူ)**

# သုတေသနစာတမ်းများ ပြည်သူလူထုအကျိုးပြုရန်လို

**သတင်းဆောင်းပါး/ဓာတ်ပုံ – ကျော်နိုင် ၊ ၆–၃–၂၀၀၈**

**သက်ရှိဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်လှသော မြန်မာနိုင်ငံ၌ ယင်းတို့နှင့်စပ်လျဉ်း၍ ပြုစုဆောင်ရွက်ထားကြသည့် သုတေသနစာတမ်းအများစုမှာ ပညာရပ်ဆန်သည့် သုတေသနစာတမ်း (Pure Research) များသာဖြစ်ကြပြီး ပြည်သူလူထုအတွက်အသုံးဝင်သည့် သုတေသနစာတမ်း (Applied Research) များမှာမူ မရှိသလောက်နည်းပါးနေသေးကြောင်း ဒဂုံတက္ကသိုလ် သတ္တဗေဒဌာန ပါမောက္ခ ဒေါက်တာခင်မောင်ဆွေက သုံးသပ်ပြောကြားသည်။**




ဖေဖော်ဝါရီလ ၂၄ ရက်နေ့ မွန်းလွဲပိုင်းက ရန်ကင်းမြို့နယ်၌ ပြုလုပ်သော အပင်နှင့်သတ္တဝါများကို လေ့လာသုတေသနပြုရန်၊ သုတေသနစာတမ်းရေးသားရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပညာပေးရန် ရည်ရွယ်၍ Biological Research, Education and Conservation Centre အမည်ရှိ သုတေသနအဖွဲ့ ဖွဲ့စည်းရေးအတွက် ညှိနှိုင်းအစည်းအဝေးတွင် ၎င်းက အထက်ပါအတိုင်း သုံးသပ်ပြောကြားခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ကြွယ်ဝချမ်းသာမှုကို တိုင်းတာရာ၌ ပစ္စည်းဥစ္စာကြွယ်ဝမှု၊ ယဉ်ကျေးမှုကြွယ်ဝမှုနှင့် သဘာဝအရင်းအမြစ်ကြွယ်ဝမှုတို့ဖြင့် အဓိကထားတိုင်းတာကြကြောင်း၊ မြန်မာနိုင်ငံ၌ သက်ရှိဇီဝမျိုးစုံ

မျိုးကွဲ သယံဇာတအရင်းအမြစ် (Biological Resources) များ အမြောက်အမြားကို ပိုင်ဆိုင်ထားကြောင်း၊ ယင်းတို့နှင့်စပ်လျဉ်း၍ စနစ်တကျမှတ်တမ်းတင်ပြုစုထားသည့် သုတေသနမှတ်တမ်းများမှာမူ နည်းပါးနေသေးပြီး အများစုမှာ ပညာရပ်ဆန်သည့် သုတေသနမှတ်တမ်းများဖြစ်ကြကြောင်း၊ အများပြည်သူကို တိုက်ရိုက်အကျိုးပြုသည့် သုတေသနမှတ်တမ်းများမှာမူ မရှိသလောက်ပင် နည်းပါးနေသေးကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများက လာရောက်လေ့လာပြုစုထားသည့် သုတေသနစာရင်းများရှိကြသော်လည်း ပြည့်စုံခြင်းမရှိကြောင်း ၎င်းကဆိုသည်။

"ကမ္ဘာပေါ်မှာ အမည်မဖော်ထုတ်ရသေးတဲ့၊ မသိသေးတဲ့သက်ရှိမျိုးစိတ် (Unknown Species) တွေက အမည်ဖော်ထုတ်ပြီးသား၊ သိပြီးသား သက်ရှိမျိုးစိတ် (Known Species) တွေထက် ပိုများနေတယ်။ အမည်ဖော်ထုတ်ပြီးသား၊ မှတ်တမ်းတင်ပြီးသား သက်ရှိမျိုးစိတ် ၁ ဒသမ ၄ သန်းကျော်မှာ ၁ ဒသမ ၁ သန်းလောက်က အင်းဆက်တွေပဲ။ တကယ်တမ်း တစ်ကမ္ဘာလုံးမှာရှိနေတဲ့ သက်ရှိမျိုးစိတ်အရေအတွက်က ၁၀ သန်းမကဘူး။ အဲဒီထဲမှာ ကျွန်တော်တို့နိုင်ငံက မျိုးတုံးပျောက်ကွယ်လုလု ရှားပါးမျိုးစိတ် (Endangered Species) တွေရော၊ ဒေသရင်းမျိုးစိတ် (Endemic Species) တွေရော နှစ်မျိုးကို ပိုင်ဆိုင်ထားတယ်။ အဲဒါတွေကို ထိန်းသိမ်းကာကွယ်ဖို့ အများပြည်သူသိအောင် ပညာပေးအစီအစဉ်တွေလုပ်ရမယ်" ဟု ၎င်းက ထပ်လောင်းပြောကြားသည်။



ထိုသို့ ပြည်သူလူထုကိုအသိပညာပေးအစီအစဉ်များ ပြုလုပ်ဆောင်ရွက်ရာ၌ ပညာရှင်များကသာ ဦးစီးဆောင်ရွက်သင့်ကြောင်း၊ မိမိအဖွဲ့အစည်း၏ အကျိုးကျေးဇူးထက် လူသားတစ်ရပ်လုံး၏အကျိုးအတွက် ရှေးရှုဆောင်ရွက်သင့်ကြောင်း အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသူ သုတေသီတစ်ဦးက အကြံပြုဖြည့်စွက်ပြောကြားသည်။

မြန်မာနိုင်ငံ၌ သက်ရှိဇီဝမျိုးစုံ မျိုးကွဲများအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို အဓိကဆောင်ရွက်နေကြသည့် အစိုးရနှင့် အစိုးရမဟုတ်သော NGO အဖွဲ့အစည်းအရေအတွက် စုစုပေါင်းမှာ လက် ၁၀ ချောင်းပင်မပြည့်

# စည်ပင်သာယာရေးလုပ်ငန်းများ ပုဂ္ဂလိက ၉၅ ရာခိုင်နှုန်း လုပ်ကိုင်ခွင့်ပေးထားဟုဆို

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍကို ၉၅ ရာခိုင်နှုန်းအထိ လုပ်ကိုင်ခွင့်ပေးထားကြောင်း ရန်ကုန်မြို့တော်ဝန်က ပြောကြားသည်။

မြို့တော်စည်ပင်သာယာရေးလုပ်ငန်းများကို ယခင်က ဌာနအနေဖြင့်သာ ရာနှုန်းပြည့်နီးပါးဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတို့တွင် ပုဂ္ဂလိကဦးစားပေးလုပ်ကိုင်ခွင့်ပေးခဲ့ကြောင်း၊ လုပ်ကိုင်ရာတွင်လည်း လွတ်လပ်စွာလုပ်ကိုင်ခွင့်ပေးထားပြီး လုပ်ငန်းအချို့ကို အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့ဌာနအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းအချို့နှင့် ရေသွယ်ရေပေးဝေရေးလုပ်ငန်း နှစ်ခုတည်းကိုသာ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း မြို့တော်ဝန်က ထပ်လောင်းပြောကြားသည်။

ပုဂ္ဂလိကအနေဖြင့်ဆောင်ရွက်ရာတွင် ထိရောက်စွာဆောင်ရွက်နိုင်ခြင်းများရှိသကဲ့သို့ မဆောင်ရွက်နိုင်သည်များကိုလည်း ဌာနက ပြန်လည်လုပ်ကိုင်လျက်ရှိကြောင်း၊ ဥပမာအားဖြင့် ကန်ထရိုက်အမှိုက်သိမ်းစနစ်မှာ အောင်မြင်မှုမရှိခဲ့ကြောင်း၊ ယင်းလုပ်ငန်းများကို ထိရောက်စွာလုပ်ကိုင်မည့် ပုဂ္ဂလိကကန်ထရိုက်များရှိပါက လုပ်ကိုင်ခွင့်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံတော်၏စီးပွားရေးကဏ္ဍအများအပြားတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ရိုးသားမှန်ကန်စွာဆောင်ရွက်ကြမည်ဆိုပါက ဈေးကွက်စီးပွားရေးစနစ် ပိုမိုမြန်ဆန်အောင်မြင်လာမည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

**ခင်ဌေးကြွယ်**

www.foreverspace.com.mm

ကြောင်း၊ အဆိုပါအဖွဲ့အစည်းများက ဆောင်ရွက်နေကြသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများမှာ အတိုင်းအတာတစ်ခုအထိသာ အောင်မြင်မှုရရှိနေပြီး စနစ်တကျ လေ့လာသုတေသနပြုထားသည့်မှတ်တမ်းများမှာမူ နည်းပါးနေသေးကြောင်း မြန်မာငှက်ဝါသနာရှင်အသင်းမှ အမှုဆောင်တစ်ဦးက သုံးသပ်သည်။



အဆိုပါ Biological Research, Education and Conservation Centre အဖွဲ့ကို တက္ကသိုလ်များမှ အငြိမ်းစားနှင့် တာဝန်ထမ်းဆောင်ဆဲ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ M.Sc, M.Res.နှင့် Ph.D ဘွဲ့ရများနှင့် ကျမ်းပြုစုနေကြသူများ၊ ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းအချို့မှ သုတေသီများနှင့် စေတနာ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားပြီး မြန်မာနိုင်ငံရှိ ရှားပါးသက်ရှိမျိုးစိတ်များ၊ ဒေသရင်းမျိုးစိတ်များ ရှာဖွေဖော်ထုတ်ခြင်း၊ သိပ္ပံသုတေသနစာတမ်းရေးသားမှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပညာပေးဆောင်ရွက်ခြင်းတို့အပြင် သုတေသနစာတမ်းပြုစုလိုသူများကိုပါ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း အဖွဲ့ဥက္ကဋ္ဌ ဦးလှစိုးက ဆိုသည်။

"နိုင်ငံတကာမှာက အဲဒီလိုအဖွဲ့အစည်းတွေဖွဲ့စည်းပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြတာ။ ကျွန်တော်တို့ဆီမှာ ဒါမျိုးလုပ်ဖို့အချိန်တန်နေပြီ။ အစိုးရကိုက မူဝါဒတွေချပြီး မဖြစ်မနေလုပ်ကြဖို့လိုနေပြီ။ သတ္တဝါတွေနဲ့အပင်တွေကို စနစ်တကျ ထိန်းသိမ်းကာကွယ်ဖို့ ပြည်သူလူထုမှာ အသိမရှိသေးဘူး။ အဲဒီလိုမသိကြသေးတာကလည်း Conservation (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး) ကို ထိထိရောက်ရောက် မလုပ်ကြသေးလို့ပဲ။ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးလောက်တဲ့ တိုးတက်မှုမရှိသေးတာကလည်း တစ်ကြောင်းပါတယ်" ဟု ဒဂုံတက္ကသိုလ် သတ္တဗေဒဌာနမှ အငြိမ်းစားဌာနမှူး ပါမောက္ခ ဦးအောင်မြင့်က ဆွေးနွေးပွဲတွင် တိုက်တွန်းပြောကြားသည်။

"Research (သုတေသန)၊ Education (ပညာပေးမှု) နဲ့ Conservation (ထိန်းသိမ်းရေး) က တစ်ဆက်တစ်စပ်တည်း ရှိနေတယ်။ Researchက အဲဒီကွင်းဆက်ကြီးရဲ့ ပထမဆုံးအဆင့်ပဲ။ ဝါသနာ

# လိုအပ်သော ဖလိုရိုဒ်ပမာဏသာ ထုတ်ပေးမည့် ကလေးသွားတိုက်ဆေး သုံးစွဲရန်စီစဉ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၇**

မြန်မာကလေးသူငယ်များ သွားတိုက်ရာတွင် ဖလိုရိုဒ်ဓာတ် အလွန်အကျွံအသုံးပြုခြင်းမှရှောင်လွှဲနိုင်ရန် လိုအပ်သောပမာဏသာထုတ်ပေးမည့် သွားတိုက်ဆေးဘူးကြီးများကို စီမံချက်အနေဖြင့်သုံးစွဲသွားနိုင်ရန် မကြာမီစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန သွားနှင့်ခံတွင်းဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်က ဆိုသည်။

ယင်းအစီအစဉ်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး ပုဂ္ဂလိကသွားတိုက်ဆေးကုမ္ပဏီများက ပံ့ပိုးကူညီမည်ဟု ကမ်းလှမ်းချက်များ ရရှိထားကြောင်း၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ကလည်း သန့်လေးသန့်စီမံချက်၊ သန်ချဆေးတိုက်ကျွေးသည့်အစီအစဉ်များကဲ့သို့ အဆိုပါသွားတိုက်ဆေးဘူးများကို အခြေခံပညာကျောင်းများတွင် ထားရှိပေးသွားမည်ဟု အဆိုပြုထားကြကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထိုသွားတိုက်ဆေးဘူးအသုံးပြုပုံမှာ ကလေးများက ဘူးတွင်တပ်ဆင်ထားသောခလုတ်ကို ဖိနှိပ်ပါက သွားတိုက်ဆေးပမာဏ ကုလားပဲစေ့တစ်ခြမ်းစာ ထွက်ကျလာပြီး ကလေးများအတွက်လိုအပ်သော ဖလိုရိုဒ်ဓာတ်ထက် ကျော်လွန်မသွားစေရန် ပြုလုပ်ထားကြောင်း ဒေါက်တာကိုကိုမော်က ဆိုသည်။ ဖလိုရိုဒ်ဓာတ်များပါက ကလေးများတွင် ဖလိုရိုဒ်ဆစ်ရောဂါများ ဖြစ်ပွားနိုင်ကြောင်း၊ ယခုအခါ ယင်းသွားတိုက်ဆေးဘူးကို အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့၌ စတင်သုံးစွဲနေပြီဖြစ်ကြောင်း UNICEF မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ■

www.foreverspace.com.mm

ကိုအခြေခံပြီးလုပ်မှ အောင်မြင်မှာ။ တခြားအသင်းအဖွဲ့တွေနဲ့ စုပေါင်းလုပ်သင့်ရင်လုပ်ရမယ်။ ဒီလုပ်ငန်းက ကြီးမားတဲ့အလှူဒါနတစ်ခုလို့ ပြောလို့ရတယ်" ဟု ၎င်းက အကြံပြုသုံးသပ်သည်။

မြန်မာနိုင်ငံရှိ ပညာရေးနယ်ပယ်၌ ဆောင်ရွက်နေကြသော Ph.D, M.Sc Thesis သုတေသနကျမ်းများမှာ Research အစစ်ဟု မဆိုနိုင်ကြောင်း၊ အဆိုပါ ဘွဲ့ဒီဂရီရရှိရန် လက်တွေ့ဆောင်ရွက်မှုတစ်ရပ်သာဖြစ်ကြောင်း၊ အချို့သုတေသနကျမ်းများမှာ ပုံတူကူးချမှိုင်ငြိမ်းနေကြသည်ကိုတွေ့ရကြောင်း၊ တကယ်တမ်း Research အစစ်မှာ လုံးဝမသိရှိရသေးသည်များကို လေ့လာပြုစုထားသော Research Paper များပင်ဖြစ်ကြောင်း ပါမောက္ခ ဒေါက်တာခင်မောင်ဆွေက သုံးသပ်ပြောကြားသည်။

"မြန်မာနိုင်ငံက တခြားနိုင်ငံတွေထက် Biodiversity (ဇီဝမျိုးစုံမျိုးကွဲ) တွေပိုများတယ်။ သေသေချာချာ သုတေသနမလုပ်ရသေးတဲ့၊ မဖော်ထုတ်ရသေးတဲ့ Vergin Land တစ်ခုအနေနဲ့ကို တည်ရှိနေသေးတယ်။ ရှိပြီးသား Old Species (မျိုးစိတ်ဟောင်း) တွေကိုတောင် မဖော်ထုတ်ရသေးတော့ New Species (မျိုးစိတ်သစ်) တွေကို မတွေ့ရသေးတာမဆန်းဘူး" ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

"ပညာရပ်နယ်ပယ်အတွက်က ပညာရပ်ဆန်တဲ့သုတေသန (Pure Research) တွေလုပ်ဖို့ လိုကိုလိုတယ်။ ဒါပေမဲ့ ပြည်သူလူထုသိရှိအောင်၊ အသုံးဝင်အောင် Applied Research တွေကိုလည်း ပြောင်းလုပ်ပေးသင့်တယ်။ ဒါမှ သက်ရှိတွေရဲ့ အရေးပါမှုကို ပြည်သူလူထုကသိပြီး တန်ဖိုးထားတတ်လာမှာ" ဟု မြန်မာနိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုဆောင်ရွက်နေသော NGO တစ်ခုမှ အသင်းဝင်တစ်ဦးက ဆိုသည်။

LIVING COLOR MEDIA

ဖုန်း - ၂၄၂၄၂၄



# ရွှေတိဂုံစေတီတော် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု ပြန်လည်မြင့်တက်

**ရန်ကုန်၊ ဇန်နဝါရီ ၃၁**

ဗုဒ္ဓဘာသာဝင်တို့၏အထွတ်အမြတ်ထားရာ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ကြီးသို့လာရောက်ဖူးမြော်သော ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုမှာ သုံးလဆက်တိုက်ကျဆင်းခဲ့ပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်မြင့်တက်ခဲ့ကြောင်း ယင်းစေတီတော် တောင်ဘက်မုခ်ရှိ နိုင်ငံခြားသားငွေကြေးကောက်ခံရေးဌာန၏ တရားဝင်ထုတ်ပြန်ချက်များအရ သိရသည်။

ရွှေတိဂုံစေတီတော်ပေါ်သို့ ၂၀၀၇ ခုနှစ်ဩဂုတ်လတွင် ကမ္ဘာလှည့်ခရီးသည် ၁၁,၅၇၆ ဦးဝင်ရောက်ခဲ့သော်လည်း စက်တင်ဘာလတွင် ၆၆၃၂ ဦး၊ အောက်တိုဘာလတွင် ၂၉၄၂ ဦး၊ နိုဝင်ဘာလတွင် ၇,၇၉၃ ဦးဝင်ရောက်ခဲ့သဖြင့် ပုံမှန်ဝင်ရောက်မှုထက် ကျဆင်းနေကြောင်း၊ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ၂၀,၆၇၄ ဦး ဝင်ရောက်ခဲ့သဖြင့် ပြန်လည်မြင့်တက်လာခဲ့ကြောင်း ယင်းစာရင်းများအရ တွေ့ရသည်။

ရွှေတိဂုံစေတီတော်ပေါ်သို့ ဂျာမန်၊ ပြင်သစ်၊ ထိုင်းနှင့် ကိုရီးယားလူမျိုးများ အများဆုံးလာရောက်ပြီး တရုတ်၊ ဂျပန်၊ အမေရိကန်၊ ဗြိတိန်၊ ကနေဒါလူမျိုးများလည်း လာရောက်ကြောင်း၊ ၂၀၀၆ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၁၅၂,၀၇၅ ဦးဝင်ရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၆၀,၃၇၅ ရရှိခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၁၃၆,၈၉၉ ဦးဝင်ရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၈၈၄,၄၉၅ ရရှိခဲ့သဖြင့် ဝင်ငွေ အမေရိကန် ဒေါ်လာ ၁၂၄,၁၂၀ ကျော် လျော့နည်းခဲ့ကြောင်း ယင်းစာရင်းများအရ သိရသည်။

**ဟန်စိုးထိုက်**

www.foreverspace.com.mm



# ကျောက်တန်းဇုန်၌ ကဏန်းပျော့မွေးမြူ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂၉**

ရန်ကုန်တိုင်း ကျောက်တန်းမွေးမြူရေးဇုန်တွင် ကဏန်းပျော့မွေးမြူရေးကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက တရားဝင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ကဏန်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနှင်းဦးက ၇/၂၀၀၈ သားငါးကဏ္ဍဆိုင်ရာ အစည်းအဝေးတွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံတွင် ငါးတန်၊ ထိုင်းနိုင်ငံတွင် ပုစွန်တို့ကို ရေလုပ်ငန်းကဏ္ဍတွင် အဓိကထား ထုတ်လုပ်နိုင်သကဲ့သို့ မြန်မာနိုင်ငံတွင် ကဏန်းပျော့မွေးမြူရေးသည်လည်း အမျိုးသားထုတ်ကုန် (National Production) အဖြစ် ရပ်တည်နိုင်ရန် အလားအလာကောင်းများရှိနေကြောင်း၊ ယင်းကဲ့သို့ National Producation အဖြစ် ရပ်တည်နိုင်မည့် ကဏန်းပျော့မွေးမြူရေးကို ကျောက်တန်းဇုန်တွင် တရားဝင်မွေးမြူခွင့်ရရှိပြီဖြစ်ကြောင်း၊ လက်ရှိအနေအထားအရ နိုင်ငံတကာဈေးကွက်တွင် ဟောင်ကောင်၊ စင်ကာပူ၊ တရုတ်(တိုင်ပေ) တို့သို့ တင်ပို့လျက်ရှိပြီး တစ်ကီလိုဂရမ်လျှင် အမေရိကန် ခြောက်ဒေါ်လာ ပေါက်ဈေးရှိကြောင်း ၎င်းက ဆိုသည်။

အဆိုပါကဏန်းပျော့မွေးမြူရေးနှင့်ပတ်သက်၍ လတ်တလောကုန်ကြမ်းရရှိနေသော်လည်း ရေရှည်တွင် ကုန်ကြမ်းအခက်အခဲတွေ့ကြုံလာနိုင်ကြောင်း၊ ထို့ကြောင့် ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ကဏန်းလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကျောက်တန်းမြို့နယ်၊ တွံတေးမြို့နယ်တို့တွင် ကဏန်းသားဖောက်စခန်းနှစ်ခုတည်ဆောက်၍ သားပေါက်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ယင်းသားဖောက်စခန်းမှ ကဏန်းသားပေါက်များကို ဧပြီလမှ စတင်ထုတ်လုပ်မည်ဖြစ်ကြောင်း ကဏန်းလုပ်ငန်းရှင်များအသင်းထံမှ သိရသည်။

**ကြူကြူသင်း (မိုးမြေ)**

# ခိုးကူးခွေပြုလုပ်မှုများပြားလာခြင်းကြောင့် ငွေဒဏ်ထက် ထောင်ဒဏ်ကို ဦးစားပေးဆောင်ရွက်

**သတင်းဆောင်းပါး – ခင်ဒွေးကြွယ် ၊ ၂၃–၂–၂၀၀၈**

**ခိုးကူးခွေအတုအပပြုလုပ်ခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်းလုပ်ငန်းများကို ဈေးကွက်အတွင်း၌ ကျယ်ပြန့်စွာ လုပ်ကိုင်လာခြင်းကြောင့် ထိုကဲ့သို့ပြုလုပ်သူများကို ငွေဒဏ်ပေးဆောင်ခြင်းထက် ထောင်ဒဏ်ကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်း ဗီဒီယိုအခြေခံအဖွဲ့အတွင်းရေးမှူး ဦးသန်းနုက ပြောကြားသည်။**



မြန်မာဗီဒီယိုဇာတ်ကား၊ သီချင်းခွေများကို ဗီစီဒီကာဗာ၊ စတေကာများ အတုပြုလုပ်၍ ဆင်ဆာမဲ့ရောင်းချသူနှင့် တရားမဝင်လုပ်ကိုင်သူများကို သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ ရပ်ကွက်တာဝန်ရှိသူများနှင့် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့များ ပူးပေါင်း၍ စုံစမ်းစစ်ဆေးဖော်ထုတ်ဖမ်းဆီးလျက်ရှိကြောင်း၊ ၂၀၀၇ ခုနှစ်အတွင်း ဖမ်းဆီးခဲ့သည့်အမှု ၆၇ မှုကို အမှုဖွင့်အရေးယူခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ် နှစ်ဆန်းပိုင်းတွင်လည်း ဖမ်းဆီးမှုများရှိခဲ့ကြောင်း၊ တရားမဝင်လုပ်ကိုင်သူများကို တွေ့ရှိလျှင်လည်း နီးစပ်ရာတာဝန်ရှိသူများထံ တိုင်ကြားနိုင်ကြောင်း၊ ပြစ်မှုကျူးလွန်သူများကို ဗီဒီယိုဥပဒေပုဒ်မ ၃၂(က)၊ (ခ) နှင့် ရာဇသတ်

www.foreverspace.com.mm

ကြီးပုဒ်မ ၄၂၀ တို့ဖြင့် ဖမ်းဆီးအရေးယူလျက်ရှိကြောင်း၊ ထောင်ဒဏ်ချမှတ်ရာတွင် ပြစ်မှုပေါ်မူတည်၍ ချမှတ်လေ့ရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ခိုးကူးခွေထုတ်လုပ်မှုသည် ထုတ်လုပ်သူအတွက် နစ်နာမှု၊ ဆုံးရှုံးမှုရှိသည့်အပြင် နိုင်ငံအတွက်လည်း ဘဏ္ဍာငွေဆုံးရှုံးမှုရှိကြောင်း၊ စီဒီပြားတစ်ချပ်ခိုးကူးခွေထွက်လာပါက ငွေ ၁၃ ကျပ်အထိ နစ်နာကြောင်း၊ တရားဝင် စီဒီတစ်ချပ်ထုတ်လုပ်ပါက သက်ဆိုင်ရာသို့ ၁၃ ကျပ် ပေးဆောင်ရကြောင်း၊ တစ်နှစ်လျှင် ခိုးကူးစီဒီခွေ ထောင်ပေါင်းများစွာထုတ်လုပ်ပါက ကြီးမားသောဆုံးရှုံးမှု ဖြစ်ပေါ်ကြောင်း၊ ထို့အတူ ဇာတ်ကားထုတ်လုပ်သူများအတွက်လည်း တစ်ခွေလျှင် သိန်းရာချီကုန်ကျ၍ ထိခိုက်မှုကြီးမားကြောင်း၊ သို့ဖြစ်၍ ထိရောက်စွာနှိမ်နင်းနိုင်မှသာ ဆုံးရှုံးမှု အတန်ငယ်လျော့ကျလာနိုင်ကြောင်း ဗီဒီယိုဆင်ဆာအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

ခိုးကူးခွေထုတ်လုပ်မှု ပပျောက်အောင် ဆောင်ရွက်မည်ဆိုပါက အတော်ပင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နည်းပညာနှင့်ယှဉ်၍ ပေါ်ပေါက်လာသော ခိုးကူးခွေပြဿနာကို လတ်တလော ဖြေရှင်းရန် ခက်ခဲကြောင်း၊ ကွန်ပျူတာတစ်လုံးရှိရုံဖြင့် စီဒီခွေပေါင်း မြောက်မြားစွာကို ပွားယူနိုင်ကြောင်း၊ ထုတ်လုပ်သူများအနေဖြင့် ဈေးလျှော့၍ရောင်းချမည်ဆိုပါက မူရင်းခွေကို အားပေးမှုရှိလာနိုင်ကြောင်း၊ ခိုးကူးခွေတစ်ခွေလျှင် ၃၅၀ ကျပ်၊ ၄၀၀ ကျပ် ပေးဝယ်ရချိန်တွင် မူရင်းတစ်ခွေလျှင် ၁၅၀၀ ကျပ်မှ ၁၈၀၀ ကျပ်အထိ ပေးရကြောင်း၊ ယင်းခွေများကို ကြည့်ရှုနားဆင်ရာ၌ ထူးခြားကွဲပြားမှုမရှိ၍ စားသုံးသူများအနေဖြင့် ဈေးနှုန်းသက်သာရာနောက်သို့ လိုက်၍ ဝယ်ယူခြင်းဖြစ်ကြောင်း အနော်ရထာလမ်းမပေါ်၌ အခွေရောင်းချသည့် ကွန်ပျူတာကျွမ်းကျင်သူ လူငယ်တစ်ဦးက ဆိုသည်။

"ခိုးကူးခွေကို တားဆီးဖို့ အတော်ခက်တယ်။ တချို့စီဒီပြားတွေကို ပြန်ကူးလို့မရအောင် ထုတ်လုပ်ထားပေမယ့် ကတ်ပချာလို့ခေါ်တဲ့ ကတ်ပြားကို ကွန်ပျူတာနဲ့ ဆက်လိုက်ရင် ရတယ်။ နောက်တစ်မျိုးက ဂျူဗလီကော်တာလို့ခေါ်တဲ့ စက်နဲ့ကူးရင် အကုန်ရတယ်။ စီဒီပြားကို ဗီစီဒီစက်ထဲ ထည့်လို့ရရင် အကုန်ကူးလို့ရတယ်။ ဗီစီ



# အိမ်တွင်းအသေးစားဖိနပ်လုပ်ငန်းများ ဝင်ငွေလျော့နည်း

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၄**

ကုန်ကြမ်းဈေးများ မြင့်တက်လာသော ယခုကာလတွင် အိမ်တွင်းအသေးစား ဖိနပ်လုပ်ငန်းများအနေဖြင့် လုပ်ငန်းများ ပုံမှန်လည်ပတ်လျက်ရှိသော်လည်း ဝင်ငွေများ ယခင်ကထက်လျော့နည်းလျက်ရှိကြောင်း သာကေတမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ အဆိုပါလုပ်ငန်းလုပ်ကိုင်နေသူအချို့ထံမှ စုံစမ်းသိရှိရသည်။

ထွက်ရှိလာသော ဖိနပ်ကုန်ချောများကိုမှာယူသည့် လက်ကားဖြန့်ချိရေးဆိုင်များက သိသာသောဈေးနှုန်းတိုးပေးခြင်းမရှိသောကြောင့် ယခင်ကအတိုင်း အရေအတွက်များပြားစွာလုပ်ကိုင်ရသော်လည်း ဝင်ငွေမှာမူ တိုးတက်လာခြင်းမရှိကြောင်း ယင်းမြို့နယ်များမှ လုပ်ငန်းရှင်များက ဆိုကြသည်။

ထို့အပြင် ကုန်ကြမ်းစရိတ်များ ပုံမှန်မြင့်တက်နေခြင်းကလည်း ဝင်ငွေလျော့စေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်နေကြောင်း သာကေတမြို့နယ် ရန်ပြေရပ်ကွက်အတွင်းရှိ ဖိနပ်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။ ဖိနပ်ကုန်ကြမ်းပစ္စည်းများတွင် သားရေ၊ ဖိနပ်အောက်ခံပြား စသည်တို့မှာ တစ်ပတ်လျှင် ငွေကျပ် ၁၀၀ ခန့် ဈေးနှုန်းပြောင်းလဲနေပြီး ထိုင်းကော်များမှာမူ အနည်းဆုံး သုံးလဝန်းကျင်မှ ဈေးနှုန်းတစ်ကြိမ် ပြောင်းလေ့ရှိကြောင်း၊ အခြေခံအားဖြင့် ပြည်ပငွေကြေးအပြောင်းအလဲနှင့် ပြည်တွင်းဈေးကွက်ဝယ်လိုအားကြောင့် ဖြစ်ကြောင်း ကျောက်တံတားမြို့နယ်အတွင်းရှိ ကုန်ကြမ်းပစ္စည်းအရောင်းဆိုင်တစ်ခု၏ တာဝန်ခံက ဆိုသည်။

အဆိုပါဖိနပ်လုပ်ငန်းများမှထုတ်လုပ်သော ဖိနပ်များမှာ ပြည်ပဒီဇိုင်းပုံစံများကို တုပပြုလုပ်ကြခြင်းဖြစ်ပြီး အများအားဖြင့် နယ်မြို့များ၌ ဝယ်လိုအားအဓိကရှိနေကြောင်း၊ အရည်အသွေးမှာမူ အနည်းငယ်ညံ့ဖျင်းကြောင်း ဗိုလ်ချုပ်အောင်ဆန်းဈေးအတွင်းမှ ဖိနပ်လက်ကားကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

www.foreverspace.com.mm

ဒီဇိုင်း၊ ကွန်ပျူတာစက်တို့ထဲ ထည့်လို့ရရင် ဘယ်လောက်ပဲ ကူးမရအောင် လုပ်ထား လုပ်ထား လုံးဝတားလို့မရဘူး။ ခိုးကူးခွေ ရောင်းချမှုကို တားလို့ရပေမယ့် နည်းပညာကို တားလို့ရမှာ မဟုတ်ဘူး" ဟု ၎င်းက ဆိုသည်။ ဂျူဗလီကော်တာစက်တစ်လုံးလျှင် ကျပ် ခြောက်သိန်းမှ ရှစ်သိန်းကျော်ထိရှိပြီး ကတ်ပချာကတ် (ရုပ်နှင့် အသံဖမ်းကတ်) တစ်ခုလျှင် နှစ်သိန်းကျော်ပေးရကြောင်း၊ ယင်းပစ္စည်းများကို ကွန်ပျူတာပစ္စည်းအရောင်းဆိုင်အချို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

စီဒီအလွတ်တစ်ချပ်လျှင် ၁၁၀ ကျပ်၊ ၁၂၀ ကျပ်သာရှိပြီး အထုပ်လိုက်ဝယ်ပါက ထက်ဝက်ဈေးခန့်သာရှိကြောင်း၊ ယင်းစီဒီဖြင့် ခိုးကူးခွေထုတ်လုပ်ပါက အပြီးအစီးကုန်ကျငွေမှာ ၂၂၀ ကျပ် ဝန်းကျင်သာကုန်ကျကြောင်း၊ ၎င်းကို ၃၅၀ ကျပ်၊ ၄၅၀ ကျပ်၊ ၅၀၀ ကျပ်တို့ဖြင့် ပြန်ရောင်းချလေ့ရှိကြောင်း၊ တစ်ရက်လျှင် အချပ်ရေငါးထောင်ခန့်အထိ ထုတ်လုပ်ရောင်းချပါက အချိန်တိုအတွင်း အမြတ်များများရရှိခြင်းကြောင့် မသမာသောလုပ်ရပ်များ ပိုမိုလုပ်ဆောင်လာကြကြောင်း၊ အမြတ်ငွေများများရရှိသော်လည်း တရားမဝင်သောလုပ်ရပ်ကြောင့် မည်သည့်အချိန်တွင် ဖမ်းဆီးအရေးယူခြင်းခံရမည်ဆိုသည်ကို စိုးရိမ်ထိတ်လန့်မှု အမြဲတမ်းဖြစ်ခဲ့ရကြောင်း၊ သို့ဖြစ်၍ ကာလတိုအတွင်း ယင်းလုပ်ရပ်ကို စွန့်လွှတ်ခဲ့ပြီး ကွန်ပျူတာစာစီ၊ မိတ္တူကူးသည့်အလုပ်ကို ပြောင်းရွှေ့လုပ်ကိုင်ခဲ့ကြောင်း ခိုးကူးခွေ တစ်နှစ်ခန့် ထုတ်လုပ်ခဲ့သူတစ်ဦးက ၎င်း၏အတွေ့အကြုံကို ရှင်းပြပြောဆိုသည်။

ခိုးကူးခွေအားပေးမှုတွင် တက်သစ်စအဆိုတော်အချို့ကိုယ်တိုင် ပါဝင်ကြောင်း၊ ၎င်း၏သီချင်းခွေကို ၎င်းကိုယ်တိုင်ခိုးကူးခွေထုတ်လုပ်ရောင်းချသည့်ဆိုင်များသို့ လာရောက်ဖြန့်ဝေလေ့ရှိကြောင်း၊ ခိုးကူးဆိုင်မှ ဈေးနှုန်းအနည်းငယ်ဖြင့် အခွေများများထုတ်လုပ်ရောင်းချပေးခြင်းဖြင့် ၎င်း၏ သီချင်းခွေကို လူတိုင်းနီးပါးထံ ရောက်ရှိစေလို၍ဖြစ်ကြောင်း၊ ခိုးကူးခွေမှတစ်ဆင့် နာမည်ကျော်ကြားသွားသည့်အဆိုတော် ရှိကြောင်း၊ နောက်ပိုင်းတွင် တာဝန်ရှိသူများ၏ စုံစမ်းဖော်ထုတ်မှုကြောင့် ယင်းလုပ်ရပ်အနည်းငယ်ရပ်တန့်ခဲ့ကြောင်း အဆိုပါဈေးကွက်မှ စုံစမ်းသိရှိရသည်။

ယခုအချိန်အခါတွင် တစ်နေ့လျှင် အခွေပေါင်းများစွာ ထွက်ပေါ်လာခြင်းကြောင့် အခွေတိုင်းကို ဝယ်ယူရန်အခက်အခဲရှိကြောင်း၊ ငှားကြည့်မည်ဆိုပါကလည်း တစ်ချပ်လျှင် ကျပ်တစ်ရာကျော် နှစ်ရာနီးပါးပေးရခြင်းကြောင့် ကူးခွေကိုသာကိုယ်ပိုင်ဝယ်ယူ၍ အားပေးသူ များပြားလာကြောင်း၊ ခိုးကူးခွေကိစ္စ ဖြေရှင်းပြေလည်ရန် ထုတ်လုပ်သူ၊ သီဆိုသူ၊ ရောင်းချသူနှင့် စားသုံးသူအားလုံးက မိမိတို့ကိုယ်ကျိုးမကြည့်ဘဲ မျှတစွာဆောင်ရွက်သင့်ကြောင်း၊ ထုတ်လုပ်သူများအနေဖြင့်လည်း အကျိုးအမြတ်ကို များစွာမမျှော်လင့်သင့်ကြောင်း၊ တာဝန်ရှိသူများကလည်း စစ်ဆေးဖော်ထုတ်ဖမ်းဆီးရာတွင် ကာလတိုအတွင်း ရပ်တန့်မသွားဘဲ စီမံကိန်းကြီးတစ်ခုချမှတ်၍ ကာလရှည်ဆောင်ရွက်ပြီး ထိရောက်သော နှိမ်နင်းမှုပြုသင့်ကြောင်း၊ အဆိုတော်များ၊ ထုတ်လုပ်ရောင်းချသူများအနေဖြင့် ဈေးကွက်အခြေအနေကိုသာ အမြဲမပြတ် စောင့်ကြည့်လေ့လာ၍ စားသုံးသူများအကြိုက် ဆောင်ရွက်ပေးမည်ဆိုပါက ခိုးကူးခွေလုပ်ငန်း များစွာလျော့ကျသွားနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

# ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများကို အင်တာနက်အသုံးပြု၍ ကိုယ်တိုင်လျှောက်ထားသင့်

**သတင်းဆောင်းပါး – အောင်စိုး ၊ ၁–၂–၂၀၀၈**

**အလုပ်အကိုင်အခွင့်အလမ်းပေါများခြင်းနှင့် လုပ်ခလစာနှုန်းထားကောင်းမွန်ခြင်းတို့ကြောင့် မလေးရှား၊ စင်ကာပူ၊ အာရပ်စော်ဘွားများပြည်ထောင်စု (UAE)၊ တောင်ကိုရီးယားသမ္မတနိုင်ငံ စသောနိုင်ငံများသို့ ကျေးလက်ဒေသများမှ လူငယ်များပင် သွားရောက်လုပ်ကိုင်ကြရာ အများစုမှာ ဝန်ဆောင်မှုဆောင်ရွက်ခ ငွေကျပ်သိန်းဆယ်ဂဏန်းကျော်တောင်းခံသော ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများမှတစ်ဆင့် သွားရောက်ကြသူများဖြစ်ပြီး မိမိကိုယ်တိုင် အင်တာနက်မှတစ်ဆင့် စိတ်တိုင်းကျရှာဖွေရရှိသော အလုပ်အကိုင်ဖြင့် သွားရောက်သူဦးရေမှာ အလွန်နည်းပါးလျက်ရှိကြောင်း ရန်ကုန်မြို့တော် စမ်းချောင်းမြို့နယ်ရှိ Service+ အင်တာနက်သင်တန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။**

သတင်းဆက်သွယ်ရေးနည်းပညာများ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာခြင်းကြောင့် ပြည်တွင်းအလုပ်အကိုင်များကိုပင် အင်တာနက်ပေါ်တွင် ဖော်ပြထားရာ အလုပ်အကိုင်ရရှိရေးအတွက် အေဂျင်စီများသို့ ဝန်ဆောင်မှုအတွက် ငွေကြေးအကုန်အကျခံမည့်အစား ကွန်ပျူတာ၊ အင်တာနက်နှင့် အင်္ဂလိပ်စာအသင့်အတင့် အသုံးပြုနိုင်ပါက မိမိအတွက် ပိုမိုအကျိုးရှိမည်ဖြစ်ကြောင်း သွင်းကုန်ထုတ်ကုန်လုပ်ငန်းများဆောင်ရွက်နေသည့်ကုမ္ပဏီတစ်ခုတွင် အင်တာနက်မှတစ်ဆင့် ကွန်ပျူတာစာရင်း

www.foreverspace.com.mm





ကိုင်ရာထူးလျှောက်ထား၍ တာဝန်ထမ်းဆောင်နေသူ ဒေါ်မိုးမိုးက ပြောကြားသည်။

အေဂျင်စီအများစုမှာ ပြည်ပအလုပ်အကိုင်များကို အင်တာနက်ပေါ်တွင် ရှာဖွေချိတ်ဆက်၍ အကျိုးဆောင်ခ အဆမတန်ရယူပေးပို့နေခြင်းသာဖြစ်ပြီး အဆင်မပြေမှုတစ်စုံတစ်ရာဖြစ်ပွားပါက မိမိ၏အလုပ်သမားဘက်မှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိကြောင်း၊ မလေးရှားနိုင်ငံရှိဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင်သွားရောက်အလုပ်လုပ်ကိုင်ခဲ့သူ တောင်ငူမြို့မှ လူငယ်တစ်ဦးကဆိုသည်။ “ကျွန်တော် မလေးကို ၂၀၀၄ ခုနှစ်ထဲမှာ သွားတယ်။ အဲဒီတုန်းက ဝန်ဆောင်ခအပါအဝင် အပြီးအစီး ငါးသိန်းမကျော်ပါဘူး။ သေချာအောင် စာချုပ်ချုပ်ပြီးမှ သွားတာဆိုပေမယ့် ဟိုရောက်တော့ လုပ်ရမယ့်အလုပ်က စာချုပ်ထဲကအတိုင်း မဟုတ်ဘူး။ လစာနဲ့ OT (Over Time) အလုပ်ချိန်ကလွဲနေတယ်။ ကိုယ်မကြိုက်လို့ အေဂျင်စီကိုအကြောင်းကြားပေမယ့် ဘာမှထူးခြားမလာတဲ့အပြင် ပတ်စ်ပို့အသိမ်းတောင် ခံလိုက်ရသေးတယ်” ဟု ၎င်း၏အတွေ့အကြုံကို ပြောကြားသည်။

၂၀၀၈ ခုနှစ် နှစ်ဆန်းပိုင်းအတွင်း Inforithm-Maze Ltd. က ကောက်ယူခဲ့သော စစ်တမ်းများအရ မြန်မာနိုင်ငံတွင် အင်တာနက်ပုံမှန်သုံးစွဲသူဦးရေ သုံးသိန်းကျော်ရှိသော်လည်း ကျွမ်းကျွမ်းကျင်ကျင်အသုံးပြုနိုင်သူဦးရေမှာ တစ်သောင်းကျော်သာရှိကြောင်း ဖေဖော်ဝါရီလအတွင်းက YMCA အဆောက်အအုံ၌ကျင်းပသော IT စကားဝိုင်းဆွေးနွေးပွဲတွင် တာဝန်ရှိသူပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့တော်တွင် ဖွင့်လှစ်ထားသော အင်တာနက်သင်တန်းအများစုမှာ ရက်တိုသင်တန်းများသာဖြစ်ပြီး သင်တန်းသားများကို E-mail Account တစ်ခုဖွင့်တတ်ရုံ၊ Chatting ဝင်ပြောနိုင်ရုံမျှသာ သင်ကြားပေးနိုင်ပြီး အင်တာနက်ပေါ်ရှိ အခွင့်အလမ်းများကို ပြည့်ဝစွာအသုံးချနိုင်ရန် မိမိကိုယ်တိုင် ဆက်လက်ကြိုးစားမှသာ ရရှိနိုင်မည်ဖြစ်ကြောင်း အဆိုပါသင်တန်းတက်ရောက်ခဲ့သူတစ်ဦးက ဆိုသည်။

“ပညာကိုသာစွဲလမ်းပါစေ၊ အင်တာနက်ကို မစွဲလမ်းပါစေနဲ့” ဟု Service+ အင်တာနက်သင်တန်းများတွင် အသိပေးစာတန်းများရေးထိုးသော်လည်း အသုံးပြုသူလူငယ်အများစုမှာ Chatting အသုံးပြုခြင်းဖြင့်သာ အချိန်ကုန်နေကြပြီး ပညာသင်ကြားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့အတွက် အင်တာနက်ပေါ်မှာ သတင်းအချက်အလက်ရယူမှုမှာ နည်းပါးလျက်ရှိကြောင်း Website ဒီဇိုင်းရေးဆွဲသူတစ်ဦးက ပြောကြားသည်။

# ရထားသံလမ်းများကို Thermal သံလမ်းဂဟေဆက်နည်းဖြင့် ဆက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံတစ်ဝန်းရှိ ရထားသံလမ်းများကိုဆက်ရာတွင် အိန္ဒိယရထားသံလမ်းဂဟေဆက်နည်းပညာဖြစ်သော Thermal နည်းပညာကို အသုံးပြုမည်ဖြစ်ကြောင်း မြန်မာ့မီးရထားသံလမ်းအင်ဂျင်နီယာဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လက်ရှိကျင့်သုံးနေသည့် အပေါက်ဖောက်မူလီစုပ်သံလမ်းဆက်နည်းစနစ်အစား Thermal ကို ကျင့်သုံးမည်ဖြစ်ကြောင်း၊ အဆိုပါနည်းစနစ်မှာ သံလမ်းဆက်နှစ်ခုကို မိုလ်ဖြင့်အုပ်ကာ ယမ်းမှုန့်ထည့်၍ မီးဖြင့်အပူပေးသည့်နည်းဖြင့် ဂဟေဆော်ခြင်းဖြစ်ပြီး အချိန် ၄၅ မိနစ်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း၊ သံလမ်းဂဟေဆက်ရာတွင် Gas Pressure ဂဟေ၊ Electric ဂဟေ၊ Metal Flash ဂဟေ၊ Thermal ဂဟေဟူ၍ နည်းစနစ်လေးမျိုး ရှိကြောင်း အငြိမ်းစား သံလမ်းအင်ဂျင်နီယာတစ်ဦးက ရှင်းပြသည်။

လက်ရှိကျင့်သုံးနေသည့် မူလီစုပ်သည့်နည်းစနစ် အသုံးပြုပါက သံလမ်းဆက်တစ်ဆက်လျှင် မူလီသံလမ်းဆက်ပြားအပါအဝင် ကျပ်သုံးသောင်းခန့် ကုန်

www.foreverspace.com.mm



ကျကြောင်း၊ ရထားသံလမ်းခရီးတစ်မိုင်လျှင် အဆက်ပေါင်း ၂၇၂ ဆက်ခန့်ရှိ၍ Thermal နည်းမှာ ကုန်ကျစရိတ်များစွာ သက်သာကြောင်း၊ ယင်းအပြင် မူလီများကို ပုံမှန်ဆီထည့်ကျပ်ရခြင်း စသည့် လုပ်ငန်းအဆင့်များ သက်သာကြောင်း၊ ရထားခုတ်မောင်းစဉ် အဆိုပါနည်းစနစ်သည် ငြိမ့်ညောင်းသက်သာမှုရှိသကဲ့သို့ ဆူညံသံများနည်းပါးကြောင်း၊ အထူးသဖြင့် သံလမ်းတည်ငြိမ်မှု အထူးကောင်းမွန်သဖြင့် တုန်ခါမှုနည်းပြီး ရထားတွဲများ၏ ကြံ့ခိုင်မှုသက်တမ်းကို တိုးတက်စေကြောင်း မြန်မာ့မီးရထား သံလမ်းအင်ဂျင်နီယာဌာနမှ အဆိုပါတာဝန်ရှိသူ၏ အဆိုအရ သိရသည်။

၁၉၈၈ ခုနှစ်မတိုင်မီက ရထားသံလမ်းခရီးမိုင် ၁၉၀၀ ကျော်၊ သံလမ်းမိုင် ၂၇၀၀ ကျော်ရှိခဲ့သော်လည်း ယခုအခါ ရထားလမ်းခရီးမိုင် ၃၁၀၀ ကျော်၊ သံလမ်းမိုင် ၄၀၀၀ ကျော်ရှိကြောင်း မြန်မာ့မီးရထား၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

# နေပြည်တော်အဝေးပြေးယာဉ်လိုင်းများ လုံခြုံရေးအရ ခရီးသည်စိစစ်ရေးကတ်ပြုလုပ်ရန်လို

နေပြည်တော်၊ ဇန်နဝါရီ ၃၁

အစိုးရအုပ်ချုပ်ရေး ယန္တရားများ ပြောင်းရွှေ့အခြေစိုက်ရာ နေပြည်တော်သို့ ပြေးဆွဲနေသောအဝေးပြေးယာဉ်လိုင်းများတွင် ယာဉ်ပေါ်ပါခရီးသည်များ၏ လုံခြုံရေးအရ ယာဉ်အမှတ်အသားပါ စိစစ်ရေးကတ်များပြုလုပ်ပေးရန်လိုအပ်ကြောင်း နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဇန်နဝါရီလ ၃၁ ရက်နေ့က နေပြည်တော်တွင်ကျင်းပပြုလုပ်ခဲ့သော နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ အမှတ်စဉ် (၄/၂၀၀၈) အစည်းအဝေးတွင် ပြောကြားသည်။

အဆိုပါယာဉ်လိုင်းများအနေဖြင့် ယာဉ်အမှတ်အသားပါ စိစစ်ရေးကတ်များ ပြုလုပ်ကာ ယင်းကတ်များကို ခရီးသည်များ၌ ချိတ်ဆွဲစေခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ချိတ်ဆွဲစေခြင်းကြောင့် ခရီးသည်များယာဉ်ပေါ်အတက်အဆင်းပြုလုပ်ရာတွင် သေချာစွာစစ်ဆေးသွားနိုင်မည်ဖြစ်ကြောင်း၊ ယင်းအပြင် စစ်ဆေးနိုင်ခြင်းမရှိဘဲ လမ်းခုလတ်တွင် ခရီးသည်တင်ဆောင်ခြင်းမပြုကြရန်နှင့် လက်မှတ်ရောင်းချရာတွင်လည်း လက်မှတ်ဝယ်သူနှင့် ၎င်း၏ နိုင်ငံသားစိစစ်ရေးကတ်ပြားကို တိုက်ဆိုင်စစ်ဆေးသင့်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းသည် မကြာသေးခင်က ဖြစ်ပေါ်ခဲ့သော ပေါက်ကွဲမှုများကြောင့် လုံခြုံရေးကိစ္စရပ်များအထူးသတိပြုကြိုတင်ကာကွယ်နိုင်ရန်အတွက်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရန်ကုန်မြို့မှ နေပြည်တော်သို့ ခရီးသည်တင်ယာဉ်လိုင်း ၂၀ နီးပါးခန့် ပြေးဆွဲလျက်ရှိပြီး ယခုလတ်တလော အခြေအနေအထိ ယင်းကဲ့သို့သောကတ်များပြုလုပ်ရန် မည်သည့်ညွှန်ကြားချက် တစ်စုံတစ်ရာမျှ မရသေးကြောင်း အဆိုပါဒေသသို့ ပြေးဆွဲနေသည့် ယာဉ်လိုင်းတစ်လိုင်းထံမှ သိရသည်။

ပဲခူးတိုင်း ကျောက်ကြီးမှ ရန်ကုန်သို့ ပြေးဆွဲနေသော မှန်လုံယာဉ်ပေါ်တွင် ဇန်နဝါရီလ ၁၆ ရက်နေ့က လမ်းခုလတ်မှလိုက်ပါလာသော ခရီးသည်တစ်ဦးထားသွားသည့် လက်ဆွဲခြင်းအတွင်းမှ ဗုံးပေါက်ကွဲမှုတစ်ရပ်ကြောင့် ယာဉ်နောက်လိုက်တစ်ဦးသေဆုံးခဲ့ပြီး ခရီးသည်များမှာ ထမင်းစားနေချိန်ဖြစ်၍ လွတ်မြောက်သွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ရေးသားဖော်ပြချက်အရသိရသည်။

www.foreverspace.com.mm





# အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် အကောက်ခွန်သင်တန်းလက်မှတ်နှင့် စရန်ငွေဆယ်သိန်း လိုအပ်

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနက ချထားပေးသည့် အကောက်ခွန်လုပ်ငန်းများ ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် ယင်းဌာနမှဖွင့်လှစ်သည့် အကောက်ခွန်လုပ်ထုံးလုပ်နည်းသင်တန်းဆင်းလက်မှတ်နှင့် စရန်ငွေဆယ်သိန်း လိုအပ်ကြောင်း မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းများ ဝန်ဆောင်သူများအသင်း၏ အသင်းဝင်များထံမှ စုံစမ်းသိရှိရသည်။


အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များ ချထားပေးရာတွင် အဝါရောင်လိုင်စင်နှင့် ပန်းရောင်လိုင်စင်ဟူ၍ နှစ်မျိုးရှိကြောင်း၊ အဝါရောင်လိုင်စင်ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာနကဖွင့်လှစ်သည့် အကောက်ခွန်လုပ်ထုံးလုပ်နည်းသင်တန်းတက်ရောက်ပြီးသူများကိုချထားပေးသည့်လိုင်စင်ဖြစ်ပြီး ပန်းရောင်လိုင်စင်ဆိုသည်မှာ သင်တန်းတက်ရောက်ခြင်းမရှိဘဲ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်သူ လုပ်သားများကိုဆိုလိုခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

အဝါရောင်လိုင်စင်ရ အကောက်ခွန်ဝန်ဆောင်မှုကိုယ်စားလှယ်များသည် အကောက်ခွန်ရုံးများ၊ လေဆိပ်၊ သင်္ဘောဆိပ်များအားလုံးကို ဝင်ရောက်လုပ်ငန်းဆောင်ရွက်ခွင့်ရှိပြီး ပန်းရောင်လိုင်စင်များမှာမူ အကောက်ခွန်ရှင်းလင်းရေး ဆောင်ရွက်လိုသည့် သတ်မှတ်လေဆိပ်နှင့် သင်္ဘောဆိပ်တွင်သာ ဝင်ရောက်လုပ်ငန်းဆောင်ရွက်ခွင့်ရှိကြောင်း၊ အဝါရောင်လိုင်စင်လျှောက်ထားရာတွင် သင်တန်းဆင်းလက်မှတ်နှင့် စရန်ငွေကျပ်ဆယ်သိန်းလိုအပ်ကြောင်း အဝါရောင်လိုင်စင်ရ အကောက်ခွန်ကိုယ်စားလှယ်များ၏ ပြောကြားချက်အရ သိရသည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) က ပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းများနှင့်အညီ အကောက်ခွန်လုပ်ထုံးလုပ်နည်း သင်တန်း ၂၉ ကြိမ်ဖွင့်လှစ်ထားပြီးဖြစ်ကာ ယင်းတို့ထဲမှ သင်တန်းဆင်းများကို လုပ်ငန်းလိုင်စင်ချထားပေးနေရာ ယခုအခါ အဝါရောင်လိုင်စင်ရ အကောက်ခွန်ဝန်ဆောင်သူကိုယ်စားလှယ်ဦးရေ ၄၀၀ ဦးရှိပြီး အကောက်ခွန်ဝန်ဆောင်မှုလုပ်သား ပန်းရောင်လိုင်စင် ၁၁၃၃ ဦး ခွင့်ပြုထားကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

■

www.foreverspace.com.mm



www.foreverspace.com.mm

**မြန်မာနိုင်ငံ၌ ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို ရေးဆွဲသွားမည်ဖြစ်ရာ လက်ရှိအစိုးရကချမှတ်ထားသော မူဝါဒလမ်းစဉ်ခုနစ်ရပ်၏ စတုတ္ထအဆင့်နှင့်အညီ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေ ခံဥပဒေမူကြမ်းအား ၂၀၀၈ ခုနှစ် မေလတွင် နိုင်ငံတစ်ဝန်း၌ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုမည်ဖြစ်ပါသည်။ အနာဂတ်နိုင်ငံတည်ဆောက်ရေးတွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်လှုပ်ရှားကြမည့် မြန်မာလူငယ်များအနေဖြင့် အဆိုပါ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ (Referendum)နှင့်စပ်လျဉ်း၍ မည်ကဲ့သို့နားလည်သဘောပေါက်လက်ခံ၍ မည်ကဲ့သို့ရှုမြင်သုံးသပ်သနည်းဆိုသည်ကို Living Color က သိရှိဖော်ပြလိုပါသည်။ သို့ပါ၍ လူငယ်ထုကိုယ်စား လူငယ်ငါးဦးဖြစ်သည့် ကိုစံမြင့် (အီတလီစည့်လမ်းညွှန်)၊ ကိုအောင်သူဟိန်း (ကုန်သည်)၊ ကိုမျိုးဇော်ကို (NGO စေတနာ့ဝန်ထမ်း၊ Eco Dev)၊ မနီလာဝင်း (စိတ်ပညာဘွဲ့ရ) နှင့် မဆုထက်ချစ်မျိုး (ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ပထမနှစ် စိတ်ပညာအထူးပြု) တို့ကို Livng Color စာဖတ်ပရိသတ်များ သိရှိသုံးသပ်နိုင်ကြရန်အလို့ငှာ တွေ့ဆုံမေးမြန်းဆွေးနွေးခဲ့သည်များအနက်မှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။**

**အယ်ဒီတာ**

L.C ॥ ॥ **လူထုဆန္ဒခံယူပွဲဆိုတာကို ဘယ်လိုနားလည်ထားပါသလဲ။**

**ကိုအောင်သူဟိန်း ॥ ॥** အဲဒါကတော့ ကျွန်တော်တို့က လူတွေအကုန်ပေါင်းနေကြတာကိုး။ ပေါင်းနေကြတော့ ဒီအဖွဲ့အစည်းမှာရှိတဲ့ လူတွေရဲ့အခွင့်အရေးကို ပေးတယ်လို့ ယူဆတယ်။ လူတိုင်းကို အခွင့်အရေးပေးတယ်လို့ပဲ ယူဆတယ်။ တခြား မြင့်မြင့်မားမားကြီးတော့ မတွေးပါဘူး။ ကျွန်တော်တို့ အဓိကခံယူတဲ့ အချက်ကတော့ ဒီလူထုအနေနဲ့ တစ်ခုခုပြဿနာပေါ်လို့ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် တစ်ခုခုလုပ်ချင်တာပဲဖြစ်ဖြစ် အကြောင်းအရာတစ်ခုခုမှာ လူတွေကို အခွင့်အရေးပေးလိုက်တာ။ အသိပေးလိုက်တာ။ ပြီးလို့ရှိရင် ဒါအပေါ် ဘယ်လိုမြင်လဲဆိုတာကို ပြောခွင့်ပေးလိုက်တာလို့ ကျွန်တော်မြင်တယ်။



**ကိုစံမြင့်** ။ ။ လူထုဆန္ဒ၊ ဆန္ဒခံယူပွဲဆိုလို့ရှိရင် ကျွန်တော့်အနေနဲ့ဆိုရင် Great Chance ပဲ။ Big Change ပေါ့နော်။ တစ်ခုခု Change တော့မယ်ပေါ့။ Change မယ်ဆိုပြီးတော့ ဆန္ဒခံယူပွဲလုပ်တယ်ပေါ့။ ကျွန်တော်အနေနဲ့ကတော့ Great Chance ပါပဲ။ အဲလိုခံယူထားပါတယ်။

**ကိုမျိုးဇော်ကို** ။ ။ ကျွန်တော်ကတော့ ဒီလူထုဆန္ဒခံယူပွဲဆိုတဲ့နေရာမှာနော်။ ကျွန်တော်တို့က တိုင်းပြည်တစ်ပြည်ကို အုပ်ချုပ်တဲ့နေရာမှာ လူတွေနဲ့ အုပ်ချုပ်ဖို့၊ ဒီပြည်သူပြည်သားတွေကို အုပ်ချုပ်ဖို့ ဒီအခြေခံဥပဒေကို ရေးဆွဲရတယ်။ အဲဒီရေးဆွဲတဲ့ အခြေခံဥပဒေကို ကျွန်တော်တို့ပြည်သူပြည်သားတွေကရော သဘောတူလက်ခံရဲ့လားပေါ့၊ အုပ်ချုပ်ဖို့ရာ။ ဒါက ကျွန်တော်တို့က လူက အုပ်ချုပ်တယ်ဆိုတာထက် ဒီမူဝါဒကို စွဲကိုင်ပြီး အုပ်ချုပ်တာ။ ဒီမူဝါဒကိုစွဲကိုင်ပြီး အုပ်ချုပ်တဲ့နေရာမှာ သဘောမတူရင် အုပ်ချုပ်လို့ မရဘူး။ အဲဒီတော့ ပြည်သူလူထုရဲ့ သဘောတူညီမှုက အရေးကြီးတယ်နော်။ ဒီဟာဆိုတာလည်း ကျွန်တော်တို့ရဲ့ ဆန္ဒခံယူပွဲကတော့ ဟိုအရင်တုန်းက တစ်ခါလုပ်သေးတယ်လေ။ ကိုယ်က ငယ်သေးတော့ သိပ်မသိလိုက်ဘူးနော်။ အခုလည်း ကိုယ်က ဒီမှာရှိမရှိဆိုတာ မကျိန်းသေဘူး။ ငယ်သေးတော့ ကိုယ်က မကြုံဖူးသေးဘူး။ မကြုံဖူးသေးတော့ ကိုယ်က အရင်တုန်းက ဟာလေးတွေကို ပြန်ဖတ်ရတာပေါ့။ အဲဒီခေတ်တုန်းက ပတ်ဝန်းကျင်တုန်းက စာလေးတွေကို ပြန်လေ့လာရတာပေါ့လေ။ လေ့လာပြီးတော့မှ ဆန္ဒခံယူပွဲလုပ်ဖို့။

**ကိုစံမြင့်** ။ ။ ဟိုတုန်းကဟာနဲ့က နည်းနည်းကွဲတယ်လေ။ အခုဟာက မူကိုရွေးရမှာလေ။ ကျွန်တော်လည်း ပေးခဲ့တာပဲ။ အဲဒီတုန်းက ၁၈ နှစ်ပြည့်ပြီး နောက် ငါးလလောက်မှာပေးရတာ။ မေလမှာပေးရတာပေါ့နော်။ ပထမဆုံး ပေးရတာပေါ့။ ဒီတစ်ခေါက်ပြန်ပေးရမယ်ဆိုတဲ့အခါမှာ အရင်တုန်းက မဲပေးတုန်းက ဘာပြောင်းသွားလဲပေါ့။ အခု ဒီတစ်ခေါက် မဲထပ်ပေးတော့ ဘာပြောင်းသွားဦးမှာလဲပေါ့။ ဦးနှောက်ကို ပြန်မေးရတာပေါ့။ အရင်တုန်းကတော့ ပေးခဲ့တယ်။ What is change?။ ပြန်စဉ်းစားကြည့်တော့ အရင်တုန်းက ငါတို့ရပ်ကွက်က ဘယ်သူ့တော့ ငါရွေးလိုက်မယ်။ အဲဒီလောက်တော့ ရှိတာပဲ။ အရင်တုန်းကတော့ ၁၈ နှစ်ပေါ့။ အခု မဲပေးခဲ့ပြီး အများကြီးကို အတွေ့အကြုံတွေရလာတဲ့အခါမှာ ဘယ်လိုပဲဖြစ်ဖြစ် ဆန္ဒခံယူပွဲဟာ ကောင်းတယ်၊ ဖြစ်ရင်ဖြစ်မယ်ပေါ့နော်။

**မနီလာဝင်း** ။ ။ ကိုယ့်အနေနဲ့ပြောတာထက်စာရင် ကိုယ်က ဒါကို ရင်းနှီးမှုရပြီး သိနေတာ။ တခြားသူတွေအမြင်ပေါ့နော်။ အခုလောလောဆယ် လူတွေက ဘာဖြစ်နေလဲဆိုတော့ Election နဲ့ Referendum လုံးဝမကွဲဘူး။ လူတိုင်း မကွဲတာ။ အလွှာတစ်လွှာပဲကွဲတယ်။ အောက်ကလူတွေ ကြိုက်တဲ့လူကို မေး





www.foreverspace.com.mm

www.foreverspace.com.mm



မဆုထက်ချစ်မျိုး



ကိုအောင်သူဟိန်း

လိုက် မသိဘူး။ ဒီနေ့မနက်ပဲ အိမ်မှာရှိတဲ့ အမေ့ကို မေးကြည့်တယ်။ အမေ ဒီဟာလာမယ် ဘာလုပ်မှာလဲ Agree or Disagree မေးကြည့်တော့ သူသိလည်း မသိဘူးတဲ့။ နားလည်း မလည်ဘူးတဲ့။ အဲဒီအခါကျတော့ Agree ပဲလုပ်မယ်တဲ့ပေါ့နော်။ အဓိက,က Election ဆိုတာ ဘာလဲ။ Referendum ဆိုတာ ဘာလဲဆိုတာကို လူတွေ ကွဲကွဲပြားပြားသိအောင် လုပ်ပေးသင့်တယ်။

**မဆုထက်ချစ်မျိုး** ။ ။ လူထုဆန္ဒခံယူပွဲဆိုတာ ပြည်သူလူထုရဲ့ ဆန္ဒ ဘယ်လိုရှိလဲဆိုတာကို အခန်းကဏ္ဍတစ်ခုအနေနဲ့ ပါလိုက်တာပေါ့။ ပြည်သူလူထုက ဘယ်လိုသဘောထားလဲဆိုတာကို လုပ်တာလို့ ထင်ပါတယ်။

**L.C ။ ။ Referendum နောက်ပိုင်းမှာကော ဘာတွေဖြစ်လာနိုင်လဲ။**

**ကိုအောင်သူဟိန်း** ။ ။ အဲဒီမှာကတော့ နှစ်မျိုးပေါ့။ အဓိက,က သဘောတူတာ၊ မတူတာပေါ့။ လိုအပ်ချက်တွေတော့ ရှိတာပေါ့။ ကျွန်တော်တို့ဆို ဖတ်သာဖတ်တာ။ တချို့ဟာတွေ နားမလည်ဘူး။ ကျွန်တော့်အမြင်တော့ Yes က ၈၀ ရာခိုင်နှုန်းလောက် ထွက်လာလိမ့်မယ်။ လူတိုင်းက ဘယ်လိုပဲဖြစ်ဖြစ် Yes ပဲ ပေးကြမှာပဲ။ ကျွန်တော် ရုံးကလူတွေကို မေးကြည့်ဖူးတယ်။ သိပ်မစဉ်းစားဖူးတဲ့။ Yes ပဲတဲ့။ တစ်ခုခုဖြစ်သွားဖို့ပဲတဲ့။

ဒီစာအုပ်ကြီးချပြလည်း ဖတ်မယ့်သူ အရမ်းကိုနည်းသွားပြီ။ ရှိသမျှလူရဲ့ ၁၀ ရာခိုင်နှုန်းလောက်ပဲဖတ်မှာ။ အဲဒီတော့ လူတိုင်းဟာ... ဖတ်တဲ့သူက မထူးပါဘူးကွာ၊ မင်း ဒါပဲပေးလိုက်ဆိုရင်လည်း ပေးတဲ့လူက ပေးလိုက်မှာပဲ။ ဒီလိုပဲသွားမှာပဲ။

**ကိုစံမြင့်** ။ ။ ခုန ကိုအောင်သူဟိန်း ပြောသလိုပါပဲ။ ကျွန်တော်တို့မှာ တကယ်ကို Constitution နဲ့ မနေခဲ့ရတာက ကြာပြီလေ။ အဲဒါမယဉ်ပါးခဲ့တာပေါ့။ ကျွန်တော်တို့ အနည်းဆုံး Constitution လို့ ခေါ်လို့ရတဲ့ဥစ္စာနဲ့ ယဉ်ပါးဖို့ စနေပြီပေါ့နော်။ ကျွန်တော်တို့ဆီမှာ ဘယ်လိုက ဘယ်လိုအုပ်ချုပ်တယ်။ ဘယ်လိုပုံစံနဲ့သွားတာပါဆိုတာက တော်ရုံတန်ရုံလူတောင် မသိဘူးဖြစ်နေတယ်။ တစ်ခါတစ်ခါ အနည်းဆုံး ဒီဟာနဲ့ ယဉ်ပါးအောင် လုပ်နေရတာပေါ့နော်။

**ကိုမျိုးဇော်ကို** ။ ။ ကျွန်တော်ကတော့ အခြေခံဥပဒေရဲ့ အပိုင်းကို နည်းနည်းလောက် ပြောချင်တာပေါ့နော်။ အဲတော့ ကျွန်တော်တို့က ပြဿနာတစ်ခုကို အပြောင်းအလဲတစ်ခုပဲဖြစ်ဖြစ်၊ ပြဿနာတစ်ခုပဲဖြစ်ဖြစ် အကောင်းအဆိုးကတော့ ရှိမှာပဲ။ အဲဒီမှာ ကျွန်တော်တို့က ဘယ်လိုချဉ်းကပ်ကြမလဲပေါ့နော်။ နိုင်ငံတကာ ပညာရှင်တွေကတော့ အသွင်သဏ္ဌာန်က ဘယ်လိုရှိတယ်၊ အနှစ်သာရက ဘယ်လိုရှိတယ်၊ ဒါနဲ့ပဲ သုံးသပ်ကြတယ်။ အခုဒီမှာ အခြေခံဥပဒေကို သုံးသပ်မယ်ဆိုလို့ရှိရင် အသွင်သဏ္ဌာန်ပိုင်းအနေနဲ့တော့ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ ဒါမျိုးတွေ ရှိတာပေါ့။ အဖွဲ့အစည်းတွေပါမယ်။ လူပုဂ္ဂိုလ်တွေပါမယ်။ ဒီဟာတွေကိုပြောမယ်။ တက်လာမယ့် သမ္မတတို့ ဘာတို့ပေါ့နော်။ ဗျူရိုကရေစီ ယန္တရားတွေပါမယ်။ ဒါတွေကတော့ သူ့အသွင်သဏ္ဌာန်အနေအ

www.foreverspace.com.mm



**ကိုစံမြင့်**



**ကိုမျိုးဇော်ကို**

ထားအရ သတ်မှတ်တာ။ အနှစ်သာရပိုင်းရောက်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၇ တုန်းကရယ်၊ ၁၉၇၄ တုန်းကရယ် ရေးဆွဲကြတုန်းက အဲဒီမှာ ဘာပါလဲဆိုတော့ သူတို့က တကယ်တမ်းပြည့်ဝတဲ့လူတွေ၊ ပြည်သူလူထုအတွက် တရားမျှတတဲ့လူတွေ ပါမယ်၊ လွတ်လပ်မှုရှိရမယ်၊ ညီမျှမှုရှိရမယ်။ ဒီသုံးချက်ကို မူတည်ပြီးတော့ ပြည်သူလူထုက မဲပေးကြမယ်။ ဟုတ်ပြီ။ ကျွန်တော်တို့ဆွဲခဲ့တဲ့ဟာတွေ အများကြီးရှိခဲ့ပြီလေ။ ကျွန်တော်တို့ အမှားနည်းတဲ့ဟာ၊ အားနည်းချက်နည်းတာနဲ့များတာပဲ ကွာတာ။ အားနည်းချက်နည်းတဲ့ဟာက တာရှည်သွားတာပေါ့။ ဒီအခြေခံဥပဒေမှာ အားနည်းချက် များခဲ့လို့ရှိရင် သိပ်ကြာကြာမခံဘူး။ အဲဒီအပေါ်ကို သုံးသပ်ပြီး မဲပေးရမှာ။ အဲဒီတော့ ကျွန်တော်တို့က ဒါကို ဆက်သိထားရမှာက ပြီးပြည့်စုံသော ပြောင်းလဲမှုကတော့ မရနိုင်ဘူး။ ဒါကို ဆက်သတိထားရမှာ။ အဲဒီတော့ ကျွန်တော်တို့က Equal Change ပေါ့နော်။ Level ညီမျှတဲ့ပြောင်းလဲမှုကိုရောက်ဖို့က မျှော်မှန်းလို့မရဘူး။ Perfect ကိုတော့ သွားပြီးတော့ မျှော်မှန်းလို့မရဘူး။ တချို့လူတွေကတော့ သိပါတယ်။ ဒါပေမဲ့ ကျယ်ကျယ်ပြန့်ပြန့်သိဖို့ကကျတော့ ဘယ်လိုမျိုး ပြည်သူကို အသိပေးမလဲပေါ့နော်။ အဲဒီတော့ Media တွေအနေနဲ့ ဒါကတော့ ဒီလိုဒီလိုရှိနေပြီဆိုတာ အသိပေးဖို့ လိုမယ်ထင်တယ်။ ဒါ သူတို့ကို ကျွန်တော်တို့က မဲဆွယ်တဲ့သဘောတော့ မဟုတ်ဘူး။ နောက် အခုဟာက ပြီးပြည့်စုံတဲ့ပြောင်းလဲမှုကတော့ မရဘူး။ အများကြီးတော့ မျှော်မှန်းလို့ မရဘူးနော်။

နောက် တစ်ခု ရက်တွေဘာတွေ အတည်ပြုပြီးသွားရင်တော့ ဒီကစားကွင်း ကြီးမှာ ဝင်ရောက်ကစားတဲ့ ဒီပါတီအသီးသီးမှာ သူတို့က ဘယ် လောက်ပြင်ဆင်ထားလဲဆိုတဲ့အပေါ် မူတည်တယ်။

**မနီလာဝင်း** ။ ။ Yes ပေးလိုက်ရင်တော့ သူတို့ပြောထားတဲ့အတိုင်း ၂၀၁၀ ကို ရောက်သွားမှာပဲ။ No ဆိုရင်တော့ သူတို့ကိုယ်တိုင်လည်း ပြင်ဆင်ထားတာ မတွေ့ရဘူးပေါ့နော်။ No ဆိုရင် ဘာလုပ်မလဲဆိုတာ အခုထိ မတွေ့ရသေးဘူး။ အမှန်က သူတို့မှာလည်း Plan ရှိသင့်တယ်။ No ဆိုရင် ဘာလုပ်မလဲဆိုတာ။ ဆိုတော့ Yes ဆိုရင်တော့ ၂၀၁၀ ရောက်သွားမယ်။ No ဆိုရင်တော့ အခြေအနေက သိပ်မလှနိုင်တော့ဘူး။

**မဆုထက်ချစ်မျိုး** ။ ။ မသိဘူး။ ၁၈ နှစ်မပြည့်သေးဘူးဆိုတော့ မပေးရဘူး။ မပေးရဘူးဆိုတော့ ဘာမှလည်း လေ့လာမထားဘူး။ ၁၈ နှစ်မပြည့်သေးတော့ ဒီတစ်ခေါက်တော့ ပေးလို့မရဘူးပေါ့။ နောက်တစ်ခေါက်ဆိုရင်တော့ ၂၀၁၀ ရောက်ရင်တော့ ပေးမယ်။ ၂၀၁၀ က ဒီဥစ္စာ အတည်ဖြစ်သွားရင် ၂၀၁၀ ရောက်မှပဲ။ ၂၀၁၀ မှာ ပေးမှာပေါ့။

**L.C** ။ ။ **မဲပေးဖို့ ဘယ်လိုပြင်ဆင်ထားလဲ။**

**ကိုအောင်သူဟိန်း** ။ ။ အရင်ကတည်းက မျှော်လင့်ထားလားဆိုတော့ ကြေညာချက်မထွက်ခင်ကတော့ လုပ်ပေးမယ်ဆိုတာကိုတော့ ကျွန်တော်က သိပြီးသား။ အချိန်သာ မသိတာ။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ကျေနပ်ပါတယ်။ ပြောရရင်တော့ သူက 7 Steps

www.foreverspace.com.mm





**မနီလာဝင်း**

ရှိတယ်ဗျ။ ညီလာခံက ၂၀၀၇ ထဲမှ ပြီးတာကိုးဗျ။ ဒီဟာကို ၂ နှစ်လောက် အချိန်ယူဦးမယ်လို့ ယူဆထားတာ။ ကော်မတီတွေ ဘာတွေ ဖွဲ့တာတော့ ထားပါတော့။ ဖွဲ့ပြီးတော့ကို ၂ နှစ်လောက် အချိန်ယူဦးမယ်လို့ ယူဆတာပေါ့။ အခုတော့ အဲဒီလောက်မကြာဘဲနဲ့ ကြေညာချက်ထွက်လာတယ်။ မြန်တယ်ပေါ့နော်။ အဲဒီအတွက်ကြောင့်မို့ ပြင်ဆင်ထားတဲ့အပိုင်းကတော့ ကျွန်တော်က ဒါတွေဖြစ်လာမယ်ဆိုတာတော့ မျှော်လင့်ပြီးသား။ သတင်းစာမှာပါကတည်းက ဆန္ဒခံယူပွဲ Referendum က လာတော့မယ်ဆိုတာ သိနေတယ်။ ဒါပေမဲ့ Community က ဒါကို သိပ်မသိကြဘူး။ မှန်တာပြောရရင် စိတ်ကို မဝင်စားတာ။ ဒါကို ကျွန်တော်ကတော့ သတင်းစာမှာပါတဲ့ဟာကို နေ့တိုင်း အချိန်ကုန်ခံပြီး ထိုင်ဖတ်တော့ တချို့ဟာတွေ ဒါကို ကြိုက်တယ်။ ဒါကို မကြိုက်ဘူး။ ကိုယ့်ဟာနဲ့ကိုယ် ရှိတာပေါ့။ အချိန်ရရင်တော့ ကျွန်တော်က အပိုင်းလိုက်အပိုင်းလိုက် ဘယ်အပိုင်းကို ကြိုက်လားမကြိုက်ဘူးလား လုပ်မယ်လို့ ယူဆလိုက်သေးတယ်။ အခုဟာက Yes/No နှစ်ခုပဲ လုပ်ရမယ်ဆိုတော့လည်း ပြီးသွားတာပဲပေါ့။ ကျွန်တော်ကတော့ ဒါတွေက ဖြစ်လာမယ်ဆိုတာကတော့ မျှော်လင့်ထားပြီးသားပါ။

ကျွန်တော်က စာအုပ်တွေတော့ ဝယ်မထားဘူးခင်ဗျ။ ဝယ်မထားဘူးဆိုတာက ထွက်တာသိတာလည်း မကြာသေးတော့ မဝယ်ဖြစ်သေးတာ။ သတင်းစာကတော့ ပုံမှန်ဖတ်ဖြစ်တယ်။ ဒါပေမဲ့ တချို့ဟာတွေ သိမ်းထားတာရှိသေးတယ်။ ဒါပေမဲ့ မစုံတော့ဘူး။ တချို့က ဖတ်ကတည်းက အဓိကဟာတွေ ဖတ်သွားတယ်။ ဒါပေမဲ့ နောက်ပိုင်းကျတော့ ဘယ်လိုပြောမလဲ။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေလည်း အများကြီးထွက်လာတယ်လေ။

**ကိုမျိုးဇော်ကို** ။ ။ ကျွန်တော်ကတော့ မဲပေးဖို့အတွက်ကို အတော်လေးပြင်ဆင်ထားတယ်။ ဘာတွေပြင်ဆင်ထားလဲဆိုတော့ ဟိုးအရင်တုန်းက အခြေခံဥပဒေနဲ့ပတ်သက်တဲ့ စာအုပ်စာတမ်းတွေ ဖတ်ထားတာပေါ့။ ၁၉၇၄ ခုနှစ်က ထွက်တဲ့ စာအုပ်လည်း ဖတ်ထားတယ်။ အတော်လေးပြင်ဆင်ထားပါတယ်။ ဒါပေမဲ့ အခုဟာ တကယ်တမ်း မဲပေးရမယ့်အချိန်ကျတော့ ကိုယ်က ဒီမှာရှိချင်မှရှိမှာ။ တကယ်လို့ ဒီမှာမရှိရင် အဲဒီခံစားမှု မခံစားရတော့ဘူး။

**ကိုစံမြင့်** ။ ။ တခြားသတင်းတွေ ကြေညာပြီးတော့မှ အဲဒီသတင်းက နောက်ဆုံးမှ ကြေညာလိုက်တာ။ ကျွန်တော် သေသေချာချာမှတ်ထားလိုက်တယ်။ တခြားသတင်းတွေ ကြေညာပြီးတော့ နောက် ၁၅ မိနစ်မှာ စကြေညာလိုက်တာ။ ပြီးတော့ ကျွန်တော်က ထအော်လိုက်တယ်။ ဒီဟာ–ဆန္ဒခံယူပွဲလုပ်တော့ မယ်ဟေ့လို့။ အဲဒါ အမေက နင့်ဟာမဖြစ်နိုင်ဘူး။ ကျွန်တော့်အဖေဆို လုံးဝ မယုံဘူး။ အခုတင် သတင်းကြေညာလိုက်တာလို့ ပြောရတယ်။ ဟာ မဖြစ်နိုင်ဘူးလို့ပြောတယ်။ ကျွန်တော်တို့အဖေကလေ နောက် ငါးနှစ်၊ ခြောက်နှစ်၊ ကိုးနှစ်လောက်နေမှ ဖြစ်မယ်လို့ ထင်ထားတာလေ။ အဲဒါနဲ့ ကျွန်တော်အရမ်းဝမ်းသာသွားတယ်။ ဘေးနားကိုကပ်နေပြီပေါ့နော်။ နည်းနည်းတော့ Shock ဖြစ်သွားတယ်။ ငါ ဘာမှ မသိသေးပါလားဆိုပြီး။ နောက်ပိုင်းရောက်တော့ နည်းနည်းလေ့လာတာပေါ့နော်။

**မနီလာဝင်း** ။ ။ တကူးတကကြီး ပြင်ဆင်တာမျိုးတော့ မရှိဘူး။ ဒါပေမဲ့ အဲလိုကြားကြားချင်းတော့တစ်မျိုးပဲ။ အရင်တုန်းကဆို အရမ်းငယ်တယ်။ ၈၈ တုန်းကဆို ၂ နှစ်ပဲရှိသေးတယ်။ မသိဘူး။ ကြားကြားချင်းတုန်းကတော့ မဲပေးရမယ်ဆိုတော့ အံ့သြသွားတာပေါ့။ မဲပေးရမယ်ဆိုတာက ဘာကိုမဲပေးရမှာလဲပေါ့နော်။ ကိုယ်က မဲပေးရမှာက Agree လား။ Disagree လားပေါ့နော်။ နည်းနည်းလည်း Excited ဖြစ်တယ်။ နောက်တစ်ခါ အရမ်းနီးကပ်နေတဲ့အခါကျတော့ စာအုပ်တွေက မရောက်လာဘူး။ မရောက်လာတဲ့အခါကျတော့ ဘာတွေလဲပေါ့နော်။ အခြေခံမူတွေကတော့ သိတယ်။ အခြေခံမူတွေအတိုင်းလား။

**မဆုထက်ချစ်မျိုး** ။ ။ အရင်တုန်းက ဘာမှမသိဘူး။ အခုမှ နည်းနည်းပါးပါးလေးပဲသိတာ။ အမျိုးသားညီလာခံကို ဘာမှန်း မသိဘူး။ ဟိုတုန်းက TV မှာလာတာတော့ ကြည့်ဖူးတယ်။ ဒါပေမဲ့ သိပ်မသိဘူး။ 2007 အတွင်းက ပြီးသွားတာတော့သိတယ်။ နောက်ပြီး အခုမှ နည်းနည်းပါးပါးသိလာတာ။

**ကိုအောင်သူဟိန်း** ။ ။ ကျွန်တော့်စိတ်ထဲမှာ တကယ်တော့ ဝမ်းတော့သာတာပေါ့။ ဒါမျိုး တစ်ခါမှမပေးဖူးသေးဘူး။ ပေးဖို့ကိုလည်း ရည်ရွယ်ထားတာကိုး။ ကိုယ်လုပ်ချင်တာကိုလုပ်လိုက်ရတာ

www.foreverspace.com.mm

ပေါ့။ အဲလိုစိတ်ခံစားမှုတော့ရှိတာပေါ့။ နည်းနည်းပျော်တာပေါ့ဗျာ။ သိပ်အရမ်းစိတ်လှုပ်ရှားတဲ့ဟာတော့ မရှိပါဘူး။ ကျွန်တော် ဒီမှာမ ဟုတ်ဘဲ တခြားနိုင်ငံဆိုရင်တော့ လေးနှစ်ခြားတစ်ခါ၊ ငါးနှစ်ခြား တစ်ခါဖြစ်နေမယ့်ကိစ္စပါပဲ။ အမှန်ပြောရရင်တော့ ဟုတ်တယ်မ ဟုတ်လား။ လုပ်ရမယ့်အလုပ်တစ်ခုလို့ပဲ ယူဆတဲ့အတွက်မို့ အဲလို ပဲယူဆတယ်ပေါ့နော်။ သိပ်ထူးထူးဆန်းဆန်းတော့မရှိပါဘူး။ နည်း နည်းလေး ကိုယ်လုပ်ချင်တဲ့အလုပ်ကို လုပ်လိုက်ရတာ ဝမ်းသာတာ တစ်ခုပဲရှိတယ်။

**ကိုမျိုးဇော်ကို** ။ ။ ကိုယ်ကလည်း မကြုံဖူးဘူး။ မကြုံဖူး တော့ ကိုယ့်ရဲ့မဲတစ်ပြားကို ဘယ်လိုတန်ဖိုးရှိအောင်ထည့်မလဲလို့ စဉ်းစားပြီး ကြိုပြင်ထားတာပေါ့နော်။ တကယ်တမ်းဖြစ်လာတော့ ကောင်းပါတယ်။ ဖြစ်လည်းဖြစ်သင့်ပါတယ်။ ပျော်တယ်ပဲပြောရ မှာပေါ့။

**ကိုစံမြင့်** ။ ။ ကျွန်တော့်အနေနဲ့ကတော့ မဲလည်း ဒုတိယအကြိမ် ပေးရမှာပေါ့။ ဒီနှစ်ပေးရမယ့်ဟာကိုတော့ Experience ရှိတယ်ပေါ့နော်။ တကယ်လည်း စိတ်လိုလက်ရပေးသင့် ပါတယ်။ တကယ်လည်း မဲပေးရမယ်ဆိုတာကိုသိတော့ အော်ပြော ခဲ့မိတယ်။ ဘေးနားကလူတွေကို တကယ်ကို အော်ပြောခဲ့မိတယ်။ ငါတို့ မဲပေးရတော့မယ်။ ပေးရတော့မယ်ပေါ့။ ကျွန်တော်တို့ဒီနိုင်ငံ လျှောက်လှမ်းရမယ့်ရှေ့တစ်ခုကို တိုးဖို့တစ်ခုပေါ့နော်။ လှုပ်ရှားမှု တစ်ခုစပြီပေါ့နော်။ အဲဒါကြောင့် ကျွန်တော်က စိတ်လှုပ်ရှားပါ တယ်။ တကယ်မေလမှာပေးရတော့မှာဆိုရင် တကယ်ကိုစိတ်လှုပ် ရှားစွာနဲ့ ကျွန်တော်ပေးမှာပါ။ ကျွန်တော်တောင်မှ မေ့သွားပြီလေ။ အရမ်းကွာသွားပြီ။ တချို့ပေးခဲ့ဖူးတယ်ဆိုပေမယ့် ဒီမှာအခုရှိနေတဲ့ ၁၆ နှစ်လောက်ကလေးတွေလည်း ဒီလို Activity တွေရှိလာတယ် ဆိုတာကို ပထမဆုံး အားလုံးက ပါဝင်သင့်တယ်။ First Change လို့ပဲမြင်တယ်။ ဒီအတွက်လည်း ကျွန်တော်စိတ်လှုပ်ရှားမိပါတယ်။

**မနီလာဝင်း** ။ ။ နီလာ့အနေနဲ့ကတော့ အရင်တုန်းက တော့ Government က Government။ လူထုကလူထုပေါ့။ Public က သပ်သပ်စီနေကြတာ။ အခုဟာကတော့ ပထမဆုံး အစိုးရနဲ့ Public နဲ့ Big Chance ပေါ့နော်။ ကိုယ့်ရဲ့ဆန္ဒကို ထုတ်ဖော်ပြသ ခွင့်ရတာပေါ့။ ဒီအခွင့်အရေးက နောက်တစ်ခေါက်ထပ်ရဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ပထမဦးဆုံးလည်းဖြစ်တယ်။ အဲဒီအခါကျတော့ Excited ဖြစ်တယ်။ မဲလည်းပေးချင်တယ်။

**မဆုထက်ချစ်မျိုး** ။ ။ မဲပေးရမယ်ဆိုရင် ဟို ဘယ်လိုပြောမလဲ သူငယ်ချင်းတွေနဲ့ပြောတော့လေ။ သူကတော့ မွေးနှစ်တူတယ်။ လပဲကွာတယ်။ သူက ၂ လပိုင်းမွေးတာဆိုတော့ မေလမှာ မဲပေးလို့ ရပြီ။ သူကပြောတယ်။ နင်က မဲပေးလို့မရသေးဘူးလို့ပြောတယ်။ သူပြောလိုက်လို့ပေါ့နော်။ သူက မဲပေးလို့ရပြီး သမီးကမဲပေးလို့မရ သေးဘူးလို့ပြောလို့ မခံချင်တာ။ ပြိုင်ချင်တာ။ ဒီဟာကြီးကို မပေး လိုက်ရလို့ စိတ်မကောင်းဖြစ်တာတော့မရှိပါဘူး။ သမီးက မေလဆို ရင် ၁၈ နှစ်ပြည့်ဖို့ တစ်လပဲလိုတော့တာ။

**L.C** ။ ။ **နိုင်ငံတစ်နိုင်ငံမှာအုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်မှာ ဘယ်ဟာကို စိတ်ဝင်စားလဲ။**

**ကိုအောင်သူဟိန်း** ။ ။ အခြေခံမူသုံးခုပေါ့နော်။ ကျွန်တော်က တော့ ပြောရရင်တော့ အုပ်ချုပ်ရေးပိုင်းကို ပိုစိတ်ဝင်စားတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်စဉ်းစားကြည့်တော့ အမှန်က ဥပ ဒေက အရေးအကြီးဆုံးဗျ။ သို့သော် နိုင်ငံအတော်များများက ဘယ် လိုဖြစ်နေလဲဆိုတဲ့အခါကျတော့ ဥပဒေပြုရေးက သတ်သတ်တစ်ပိုင်း ပေါ့နော်။ သတ်သတ်တစ်ပိုင်းဆိုပေမယ့် အမှန်ဖြစ်သင့်တဲ့ဟာက ဥပဒေပြုရေးက အုပ်ချုပ်ရေးကို ပြန်ထိန်းမတ်ရမယ့်ဟာ နည်းနေ တယ်။ နိုင်ငံတိုင်းမှာပဲကြည့်ကြည့် နည်းနေတယ်။ အုပ်ချုပ်ရေး ပိုင်းက အမြဲတမ်း အပေါ်ရောက်ရောက်သွားတယ်။ ဒီမှာလည်း . . ဒါပေမဲ့ ဘယ်လိုဖြစ်လဲဆိုတော့ ပြောရရင် အမေရိကလိုနိုင်ငံမျိုး မှာတောင်မှ အုပ်ချုပ်ရေးကနေ ဥပဒေပြုရေးကို ဖိအားပေးလို့ နောက်ဗီတိုအာဏာပေးပြီး လက်မခံတာတို့ လုပ်လို့ရနေတော့ အုပ်ချုပ်ရေးပိုင်းက အရေးကြီးလိမ့်မယ်။ အဲဒါကြောင့် ကျွန်တော် က အုပ်ချုပ်ရေးပိုင်းကို စိတ်အဝင်စားဆုံးဖြစ်နေတာ။ အုပ်ချုပ်ရေး ပိုင်းက အရေးကြီးဆုံးဖြစ်လာလိမ့်မယ်ပေါ့နော်။ ဘာဖြစ်လို့လဲဆို တော့ အဓိက ကျွန်တော်ပြောတာက ဘယ်လိုပြောင်းပြောင်းပေါ့ နော်။ နောက်ပိုင်း ဟိုးအရင်ခေတ်တုန်းကလို ဖြစ်သွားလိမ့်မယ်။ အခုခေတ်တွေဘယ်လိုပြောင်းပြောင်း နောက်ပိုင်းအပေါ်ဆုံးမှာ တစ်ယောက်ကတော့ ကျန်နေရစ်မှာပဲ။ ဒါထုံးစံပေါ့နော်။ အဲဒီ တစ်ယောက်ရဲ့ဆုံးဖြတ်ချက်က အခုထက်ထိကို တော်တော်ကြီးကို အာဏာသက်ရောက်မှုရှိတုန်းပဲ။ ဘယ်စနစ်မှာပဲဆိုဆို ရှိတယ်။ ကျွန်တော်ငယ်ငယ်ကတည်းက စဉ်းစားပြီးတော့ လက်ခံထားတဲ့ အချက်တစ်ချက်ရှိတယ်။ အဲဒါကိုတော့ ဘယ်လိုခေါ်မလဲဆိုတော့ လူတစ်ဦးတစ်ယောက်ကို ကိုးကွယ်တဲ့ဟာမျိုးပေါ့။ Hero Worship ခေါ်မှာပေါ့။ ကျွန်တော်ကလည်း ငယ်ငယ်တုန်းက အဲဒါမျိုး သဘောကျခဲ့တယ်လို့ ပြောရမှာပေါ့နော်။ သန်း ၅၀၊ ၆၀ လောက် ရှိတဲ့လူထုကို အဓိကဆုံးဖြတ်ပေးတဲ့အနေအထား ရောက်သွားနိုင် တယ်။ အဲဒါကြောင့် အဓိကအုပ်ချုပ်ရေးယန္တရားက အရေးအကြီး ဆုံးလို့ ကျွန်တော်ကတော့ ယူဆတယ်။

**ကိုမျိုးဇော်ကို** ။ ။ ကျွန်တော့်အမြင်ကတော့ ကျွန်တော်က တော့ ဥပဒေပြုရေးအာဏာကို စိတ်ဝင်စားတယ်။ ဘာလို့လဲဆို တော့ ဒီတိုင်းပြည်တစ်ခု ဒီမိုကရေစီစနစ်ကိုသွားမယ်ဆိုရင် ဥပဒေ ပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ သုံး ရပ်ကို သီးခြားခွဲခြားထားတာပေါ့။ နောက်ဆုံးခွဲခြားထားတဲ့အထဲ မှာ အမြင့်ဆုံးကတော့ ဥပဒေပြုရေးအာဏာပေါ့။ ဘာဖြစ်လို့လဲဆို တော့ တိုင်းပြည်မှာ ဒီမိုကရေစီစနစ်ကိုသွားမယ်ဆိုရင် ဥပဒေပြု ရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကို သီးခြားစီခွဲခြားထားဖို့လို မယ်။ အဲလိုခွဲခြားထားတဲ့ထဲမှာ အမြင့်ဆုံးကတော့ ဥပဒေပြုရေး အာဏာပဲ။ အဲဒီလိုဝင်ရောက်ရောယှက်တယ်ဆိုတာတော့ ဒီမိုက

www.foreverspace.com.mm





အမည် – ကိုစံမြင့်
မွေးသက္ကရာဇ် – ၁၁–၁–၁၉၇၂

မိဘအမည် – ဦးကျော်ဝင်း–ဒေါ်မေကြည်
ပညာအရည်အချင်း – B.Sc (Geology)Q
အလုပ်အကိုင် – အီတလီသြော့လမ်းညွှန်
လိပ်စာ – ၂၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၉–၅၁၇၀၈၂၂
E-mail - chitthu.ye@gmail.com



အမည် – ကိုအောင်သူဟိန်း
မွေးသက္ကရာဇ် – ၂၀–၉–၁၉၈၀

မိဘအမည် – ဦးတင်ရွှေ–ဒေါ်ခင်စန်းမြင့်
ပညာအရည်အချင်း – M.B.,B.S (Ygn)
အလုပ်အကိုင် – ကုန်သည်
လိပ်စာ – ၄၂/ B၊ ၂၃လမ်း (အောက်)၊ လသာမြို့နယ်၊ ရန်ကုန်။ ရန်ကုန်။
ဖုန်း – ၀၉–၉၀၄၂၄၄၅
E-mail - aungthuhein.5@gmail.com



အမည် – မဆုထက်ချစ်မျိုး
မွေးသက္ကရာဇ် – ၁၄–၈–၁၉၉၀

မိဘအမည် – ဦးမျိုးထက်–ဒေါ်အေးအေးချစ်
ပညာအရည်အချင်း – 1st Year (Psycho), ABE(CBM)
အလုပ်အကိုင် – ကျောင်းသူ
လိပ်စာ – ၁၅၄ (Q)၊ ဒုတိယသီရိရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၉–၅၀၅၇၀၄၅
E-mail - moesetkyae@gmail.com



အမည် – ကိုမျိုးဇော်ကို
မွေးသက္ကရာဇ် – ၁၇–၂–၁၉၈၃

မိဘအမည် – ဦးခင်အောင်–ဒေါ်စန်းစန်းအေး
ပညာအရည်အချင်း – B.Sc (Maths)
အလုပ်အကိုင် – စေတနာ့ဝန်ထမ်း၊ Technology Environment and Development (Eco Dev)
လိပ်စာ – ၄၅၉(စ)၊ ဓမ္မာရုံ(၁)လမ်း၊ ၆ မိုင်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း – ၅၁၁၉၇၀
E-mail - myozawko1982@gmail.com

ရေစီအကျင့်အကြံကို မကျင့်ကြံတာပေါ့နော်။ မပီသဘူးပေါ့။ အမှန်ကတော့ ဒီမိုကရေစီဆိုတာလည်း အဲဒီသုံးခုကို ခွဲခြားဖို့အတွက်ကို ကျင့်ကြံတဲ့ကျင့်စဉ်ပါပဲ။

လွတ်လွတ်လပ်လပ်နဲ့ လုပ်ချင်တာလုပ်လို့ဖြစ်တာမှမဟုတ်တာ။ သူ့ရဲ့စည်းမျဉ်းစည်းကမ်းတွေကို ကျင့်တဲ့ကျင့်စဉ်တစ်ခုပဲဖြစ်တယ်။ အဲဒီတော့ အုပ်ချုပ်ရေးအာဏာထက်ကို ကျွန်တော်တို့ရဲ့ ဥပဒေပြုရေးအာဏာက ပိုပြီးတော့ အပေါ်မှာရှိသင့်တယ်။ တကယ်လည်းရှိမှလည်း ဒီမိုကရေစီစနစ်ရဲ့ ပြည့်ဝတဲ့အနှစ်သာရလို့ ကျွန်တော်ခံယူတယ်။ ဥပဒေပြုရေးအာဏာကို ပိုပြီးစိတ်ဝင်စားတယ်။

**ကိုစံမြင့်** ။ ။ ကဏ္ဍကြီးသုံးရပ်မှာဆိုရင် တရားစီရင်ရေးကို ကျွန်တော်ပြောချင်တယ်ပေါ့နော်။ တရားစီရင်ရေးအပိုင်းမှာဆိုလို့ရှိရင် ဒီလိုလူတွေရဲ့ဖြစ်လာတဲ့ ပြဿနာတွေကိုရင်ဆိုင်ရတော့မယ်။ အဲဒီမှာရှိနေတဲ့ တရားစီရင်ရေးက အရေးကြီးတယ်။ အားလုံးက အရေးကြီးတယ်လို့ပြောတဲ့အခါမှာ ဥပမာ–ကျွန်တော်တို့ အနာဂတ်မှာ Corruption ကို အဓိကထား စရမယ်။ နိုင်ငံတစ်နိုင်ငံကို စတင်တည်ထောင်တဲ့အခါမှာ ဒီဟာကိုစပြီး သူတို့အရင်ဆုံး ငါတို့ဒီ Constitution ကို စဆွဲပြီဆိုကတည်းက အရင်ဆုံးစလုပ်ရမှာက သူတို့တရားစီရင်တဲ့သူတွေကိုယ်တိုင်။

အခုတရားစီရင်ရေးအပိုင်းကိုတော့ ကျွန်တော်မသိရသေးဘူး။ ဒါပေမဲ့ ဒီဥပဒေပြုတဲ့ဘက်ကပဲ နိုင်ငံခြားမှာလို တကယ်ဂျူရီအဖွဲ့လူကြီးတွေကိုယ်တိုင် ဆုံးဖြတ်မယ်ပေါ့နော်။ တရားစီရင်ရေးက တစ်အားရှုပ်ထွေးတယ်။ ထုံးတမ်းစဉ်လာနဲ့ပြောမယ်။ အမွေမှုတွေဆို ပြတ်ပြတ်သားသားမရှိဘူး။ အဲဒါမျိုးတွေပေါ့။ ကျွန်တော် Example ပြောတာပေါ့နော်။ ဒါသေးသေးလေးတွေပါ။ ဒီလို ဥပဒေသေးသေးလေးတွေကအစ ကျွန်တော်တို့ကြည့်ရမယ်။ အပြစ်လုပ်တဲ့လူတိုင်းကို ဥပဒေနဲ့အညီ စီရင်ရမှာပဲ။

www.foreverspace.com.mm



အမည်– မနီလာဝင်း

| | | |
|---|---|---|
| မွေးသက္ကရာဇ် | – | ၂၆–၇–၁၉၈၆ |
| မိဘအမည် | – | (ဦးမောင်မောင်တင်)–ဒေါ်သန်းမူ |
| ပညာအရည်အချင်း | – | B.A (Psychology) |
| အလုပ်အကိုင် | – | ကျောင်းသူ |
| လိပ်စာ | – | ၅၇၈၊ သီဟိုဋ္ဌကျောင်းလမ်း၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ |
| E-mail | - | nilarwynn@gmail.com |

**မနီလာဝင်း** ။ ။ ဥပဒေပြုရေးကို စိတ်ဝင်စားတယ်။ Law က အရေးကြီးတယ်။ အားလုံးက Law အတိုင်းဆိုရင် အဆင်ပြေတယ်လေ။ Law အပေါ်ရောက်သွားရင်သာ ပြဿနာရှိတာ။ Law ကိုလည်း အစကတည်းက သေသေချာချာ ကိုစံမြင့်ပြောသလိုပေါ့။ အဲဒါကို တော်တော်စိတ်ဝင်စားတယ်။ ဥပမာ–ယောကျ်ားတွေဆိုရင် မိန်းမနှစ်ယောက်ယူလို့ရတယ်။ မိန်းမတွေကယူလို့မရဘူး။ အဲလိုမျိုးပေါ့။ ယောကျ်ားတွေဘက်က အဲဒီဥပဒေရှိတယ်။ မိန်းမတွေဘက်ကျတော့မရှိဘူး။ အဲဒါမျိုးတွေရှိတယ်။ ဒါ နီလာသိတာလေးတစ်ခုပဲရှိသေးတာ။ အများကြီးရှိသေးတယ်။ အဲဒီတော့ ဥပဒေပြုရေးကို စိတ်ဝင်စားတယ်။

**မဆုထက်ချစ်မျိုး** ။ ။ ကိုယ်က ဘာမှမသိသေးတော့ အားလုံးစိတ်ဝင်စားတယ်။ အဲဒါတွေက ဘယ်လိုမျိုးလဲဆိုတာ စိတ်ဝင်စားတယ်။ ဘယ်ကဏ္ဍကိုစိတ်ဝင်စားလဲဆိုတာထက် ဘာဖြစ်လာမလဲဆိုတာ ပိုစိတ်ဝင်စားတယ်။

**L.C** ။ ။ **Referendum အကြောင်း ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့်သိလာရအောင် အကောင်းဆုံးဘယ်လိုချဉ်းကပ်သင့်သလဲ။**

**ကိုအောင်သူဟိန်း** ။ ။ အဲဒါကတော့ ကျွန်တော်တို့နိုင်ငံက ဒီမှာက စာဖတ်အား နည်းတယ်။ စာဖတ်အားက တစ်အားနည်းတာကိုး။ နောက် ဒီကျွန်တော်တို့က Referendum နဲ့ ပတ်သက်လို့လေ့လာမယ်ဆိုရင် ဒီစာအုပ်ပဲရှိတယ်။ ဒီစာအုပ်နဲ့သတင်းစာအဟောင်းတွေပေါ့။ အဲဒါတွေကို ဖတ်တဲ့သူက တော်တော်ကိုနည်းတယ်။ အများစုက မသိကြဘူး။ တကယ်လို့မေလမှာပဲ မဲပေးရတော့မယ်။ လူတွေမဲရုံသွားကြပါလို့ TV က ကြေညာတဲ့အချိန်ကျမှသာ ဩော် အေးဟုတ်ပါလားဆိုပြီး သွားပေးကြလိမ့်မယ်။ ဘာမှ သူ့စိတ်ထဲမှာရှိမှာမဟုတ်ဘူး။ အဲဒီတော့ အမှန်ကဖြစ်သင့်တာကတော့ လူထုအနေနဲ့ လူတွေအနေနဲ့ စာဖတ်အားပိုကောင်းရင် ကောင်းတာပေါ့ဗျာ။

**ကိုမျိုးဇော်ကို** ။ ။ ကျွန်တော်က အဲဒါကိုပြောမလို့နော်။ ဒီသူတို့ကလုပ်တယ် မလုပ်ဘူးဆိုတာက တစ်ပိုင်းပေါ့နော်။ မလုပ်ဘူးဘဲဖြစ်ဖြစ်၊ လုပ်တယ်ပဲဖြစ်ဖြစ်။ ဒါပေမဲ့ မီဒီယာတာဝန်အရတော့လုပ်ရမှာ။ ဒါတာဝန်ပဲ။ အဲလိုလုပ်တဲ့အခါမှာလည်း လူထုနားလည်လွယ်တဲ့စကားမျိုးဖြစ်ဖို့လိုတယ်။ နောက်ဆုံး Picture နဲ့ပဲ ပြပြပေါ့နော်။ အဲလောက်ထိကို လုပ်ဖို့လိုတယ်။ စကားလုံးအကြီးကြီးတွေကျတော့ အဆင်မပြေဘူး။ ခေတ်သစ် 'အ' သုံးလုံးတို့ ဘာတို့သုံးရင်တော့ သူတို့မသိဘူး။ ဟိုတုန်းကဆို လုပ်တယ်။ ဆိုလိုတာက အဲလောက်ထိကိုလုပ်မှအဆင်ပြေမှာ။ အခုဟာက အလွှာကြီးတစ်လွှာကပဲသိတဲ့အခါကျတော့ အောက်ခြေက အဲလောက်မသိဘူး။ ဘယ်သူတွေလုပ်လုပ်မလုပ်လုပ် ကျွန်တော်ကတော့ မီဒီယာကဏ္ဍကို ပိုပြီးလုပ်စေချင်တယ်။ တာဝန်ရှိတယ်။

ကြားဖြတ်ပြောရဦးမယ် ဒီကဏ္ဍကြီးသုံးရပ်က သူတို့ကဏ္ဍတွေကို လုပ်ချင်မှလုပ်မယ်။ တစ်ခါတလေမလုပ်တဲ့ဟာလည်းရှိတယ်။ ဒါပေမဲ့ ထူးဆန်းတာက ဒီမီဒီယာက ပြည်သူအတွက် အမြဲတမ်းလုပ်နေတာ။ စစ်မှန်တဲ့ဟာတွေ အမြဲတမ်းလုပ်နေတာ သွားတွေ့တယ်။

**ကိုစံမြင့်** ။ ။ ကျွန်တော်တို့ ရှင်းရှင်းပြောရရင်လူထုကတော့ နည်းနည်းထိုင်နေရတာများနေတော့ နည်းနည်းအေးစက်နေတယ်။ အေးစက်နေတယ်ဆိုတာက ဦးနှောက်တွေအေးစက်နေတာကိုပြောတာ။ အခုသူတို့ကို ဒီဟာကိုပေးဖို့အတွက် ဆိုလို့ရှိရင် ဥပမာ မီဒီယာကနေစပြီး သွားမယ်။ နောက်ပြီးဒီဖွဲ့စည်းပုံ အခြေခံဥပဒေကအနည်းဆုံး ဘယ်လောက်ထိအရေးပါတယ်၊ ဘယ်အကျိုးတွေရရှိနိုင်တယ် ဆိုတာကိုပေးမယ်။ တစ်ယောက်နဲ့တစ်ယောက်ဆွေးနွေးမယ်။ မီဒီယာတွေကနေပြီးတော့ ဘယ်ဟာတော့ အားသာချက်ရှိတယ်။ ဘယ်ဟာ အားနည်းချက်ရှိတယ်။ အားသာချက်နဲ့ အားနည်းချက်ရှိမှာပဲ။ အားနည်းချက် ရှိကောင်းရှိမယ်။ ရှိရင်လည်း ဒီဟာ ဘာကြောင့်အားနည်းတယ်။ လူထုနဲ့ ဘယ်လိုပြင်လို့ရသေးတယ်ဆိုတာကို ဆွေးနွေးတာတို့လုပ်ရင် လူတွေအနေနဲ့က ပိုနားလည်လာမယ်။

**မနီလာဝင်း** ။ ။ နီလာ့အမြင်ပြောရရင် ပြင်ဆင်ဖို့ဆိုတာထက် ပြင်ဆင်တယ်ဆိုတာထက် သူတို့ကိုစိတ်ဝင်စားလာအောင် အရင်လုပ်ရမယ်။ တချို့က ဒါကိုဘာမှန်းကိုမသိဘူးတစ်ချက်၊ နောက်စိတ်မဝင်စားတာကတစ်ချက်။ အဲဒါသွားတွေ့တယ်။ နောက်အရမ်းပေါ့တန်နေသလိုပဲ။ ဒါက လူတွေအနေနဲ့ဒါကို လုံးဝကို စိတ်ဝင်စားပြီးနေသင့်တယ်။ ကိုယ့်ရဲ့အခွင့်အရေးလို့ မြင်သင့်တာပေါ့နော်။ ဘယ်သူမှအဲလိုမမြင်ဘူး။ လူတွေက ဒါကို ငါတို့ရဲ့ Big Challenge/ Chance လို့မြင်သင့်တာပေါ့နော်။

**အဖွဲ့ဝင်အယ်ဒီတာ**

www.foreverspace.com.mm

# စံနှုန်းမှီသန့်စင်သောအရက်နှင့် ယစ်ရွှေရည်စျေးကွက်

နိုင်မင်းဇင်



www.foreverspace.com.mm

**ယမကာ ခေါ် သေရည်သေရက်ဟူသည် အာနိသင်ပြင်းထန်သောဆေး ဖြစ်သကဲ့သို့ တစ်ချိန်တည်းမှာပင် အာနိသင်ပျော့သော အဆိပ်လည်းဖြစ်သည်။ ဖွံ့ဖြိုးဆဲမြန်မာနိုင်ငံ၏ ဈေးကွက်စီးပွားရေးစနစ်ထဲသို့ ပြည်တွင်းပြည်ပ ယမကာကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုတိုးတက်လာခြင်းနှင့်အတူ ယမကာဈေးကွက်ဝယ်လိုအားသည် အဆမတန် များပြားလာသည်။ ထို့အတူ အရည်အသွေးသတ်မှတ်စံနှုန်းပြည့်မီရေး၊ သောက်သုံးသူများ၏ကျန်းမာရေး တစ်နည်းအားဖြင့် သက်တမ်းပြည့်နေထိုင်နိုင်ရေးနှင့် ဆက်စပ်သုံးသပ်ရမည့်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ပညာရှင်များက ရှုမြင်သုံးသပ်ထား ကြသည်။**

ရန်ကုန်မြို့တော်ရှိ သမီးကြီးထံတွင် တနင်္သာရီဒေသမှ လာရောက်နေထိုင်နေသူ အသက် ၇၉ နှစ်အရွယ် ဒေါ်သီသီခ တစ်ယောက် မိုင် ၂၅၀ ကျော်အကွာအဝေးမှ ဝင်ရောက်လာသော ဖုန်းသတင်းတစ်ခုကြောင့် ဝင်ရောက်လက်စတရားစခန်းမှ ဇာတိမြို့သို့ အဖော်မပါတစ်ကိုယ်တည်း ပြန်သွားရသည်။

ဝင်ရောက်လာသည့်ဖုန်းသတင်းမှာ သူဖြစ်စေ၊ သမီးကြီးဖြစ်စေ တစ်ဦးဦး အမြန်ပြန်လာရန်၊ နို့ညှာသား ဖိုးထက်တစ်ယောက် လေတစ်ခြမ်းဖြတ်ကာ ကယောင်ကတမ်းပြောနေသောကြောင့်ဟုဖြစ်သည်။

သားသမီးကိုးယောက် မိခင် ဒေါ်သီသီခသည် အရက်ကျေးကျွန်ဖြစ်နေသော အိမ်ထောင်ပျက် နို့ညှာသား ဖိုးထက်တစ်ယောက် တစ်နေ့တွင် ယခုကဲ့သို့သတင်းမျိုး ကြားရမည်ကို မျှော်လင့်ထားသော်လည်း တကယ့်တကယ် နဖူးတွေ့ဒူးတွေ့ကြုံတွေ့ရသည့်အခါ နာကြားထားသော တရားတော်များ၊ ကျင့်ကြံထားသော သမာဓိများ ပျောက်ကွယ်လုမတတ် ဖြစ်ခဲ့ရသည်။ တစ်ကိုယ်တည်း အဖော်မပါ တစ်ညအိပ်ခရီးကို သင်္ဘောပေါ်၌ ကုန်လွန်ရမည့် ဒေါ်သီသီခ၏ အိမ်အပြန်လမ်းအတွေးထဲ၌ အိမ်ရောင်း၍ သားကို ဆေးကုမည်ဟုသာ တွေးမိပြီး ၂ နှစ်ခန့် အရက်သောက်ရုံဖြင့် အသက်အန္တရာယ် ခြိမ်းခြောက်ခံရသော သားဖြစ်သူသောက်သုံးသည့်အရက်များအကြောင်းကိုမူ တွေးမိခြင်းမရှိပါ။

မြန်မာနိုင်ငံတွင် ပြည်တွင်းဖြစ်နိုင်ငံခြားအရက်ဟု အရက်ထုတ်လုပ်သူတို့က ၎င်းတို့ဘာသာ နာမည်ပေးကင်ပွန်းတပ်ထားသည့် နာမည်ကျော်အရက်ကုမ္ပဏီကြီးတစ်ခု၏ ဖြန့်ချိရေးမန်နေဂျာ ရုံးခန်းစားပွဲပေါ်ရှိ တယ်လီဖုန်းနှစ်လုံးမှရော၊ ၎င်းကိုယ်နှင့်မကွာ သွားလေရာရာ ကားမောင်းစဉ်တွင်ပင် မနားရအောင် အသုံးပြုနေသည့် ဂျီအက်စ်အမ်မိုဘိုင်းလ်ဖုန်းမှပါ အမှာအော်ဒါများ တဖွဲဖွဲလာနေသည်။ အချို့ အမှာအော်ဒါဖုန်းများဆိုလျှင် ရှိရင်းစွဲပေးထားသော ခွဲတမ်းနှင့် မလုံလောက်၍ တိုးပေးရန် တကျည်ကျည်ပူဆာနေသဖြင့် ကိုင်ပင်မကိုင်ရဲ။ မိတ်ဆွေသူငယ်ချင်းတစ်ယောက်ကတော့ သူ့ကို မကြာခဏ စလေ့နောက်လေ့ရှိသည်။ "မင်းတို့အလုပ်က ရေရောင်းစားတာဆိုတော့ တွက်ခြေကိုက်တာပေါ့ကွာ" တဲ့။ သူငယ်ချင်းက နောက်ပြောပြောသည်ဆိုလင့်ကစား မှန်သင့်သလောက်တော့ မှန်နေသည်။ စီးပွားလည်း ဖြစ်သည်။ ငွေလည်း ဒလဟောဝင်သည်။ ခက်နေသည်က သူတို့စက်ရုံက ထုတ်လုပ်နိုင်သည့်စွမ်းရည် (Supply) ထက် သုံးစွဲသူများ၏ လိုအင် (Demand) က အဆပေါင်းများစွာ ပိုနေခြင်းပင်။ ငွေရသည့်အတွက် အမှာရှိသလောက် ရောင်းချင်သည်။ ယမကာလုလင်များအကြိုက်၊ ကာလသားတို့အကြိုက် ဆွဲဆောင်မှုရှိသော ကြော်ငြာပိုစတာများနှင့်လည်း ဆွဲဆောင်ထားသည်ကလည်း တစ်ကြောင်းပါသည်မဟုတ်လား။

စင်စစ်အားဖြင့် ယနေ့လူအနည်းစုကို စီးပွားဖြစ်စေသလို လူအများစုကို လူမှုဒုက္ခတွေ့စေသော အရက်ကို လူတို့ စတင်တွေ့ရှိသည်က နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်။ အဘယ်ကဲ့သို့ ရှာဖွေတွေ့ရှိခဲ့ပါသနည်း။

## စတင်တွေ့ရှိသူက သူရာ

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း အုပ်ချုပ်မင်းလုပ်စဉ်က ကာသိတတိုင်းတွင် 'သူရာ' အမည်ရှိ မုဆိုးတစ်ယောက် တောတွင်းသို့ ဝင်ရောက်အမဲလိုက်ရာမှ သစ်ပင်ကြီးတစ်ပင်၏ သုံးခွဆုံ သစ်ခေါင်းပေါက်ထဲမှ အရည်များကို ကျေးငှက်သတ္တဝါများ သောက်သုံးပြီး မူးယစ်ပျော်ပါးနေသည်ကို တွေ့မြင်ရသဖြင့် အပင်ထက်သို့တက်ကာ စူးစမ်း၏။

သစ်ပင်ကြီး၏သစ်ကိုင်းသုံးခွဆုံချိုင့်ခွက်ကြီးထဲ၌ မိုးတွင်းကာလက တင်ကျန်ခဲ့သည့် ရေများထဲသို့ အနီးပတ်ဝန်းကျင်မှ သစ်သီးများနှင့် ကျေးငှက်တို့ယူဆောင်လာသည့်အသီးအနှံများဖြင့် ကစော်ပေါက်လျက်ရှိပြီး ကျေးငှက်များက ဤကစော်ရည်ကိုသောက်၍ မူးယစ်ပျော်ပါးနေခြင်းဖြစ်တန်ရာ၏ဟုတွေးဆပြီး ကိုယ်တိုင်ဝင်သောက်ကြည့်သောအခါ ထူးခြားသောအရသာကို ခံစားမိသည်။

မုဆိုးသူရာသည် ထူးကဲသည့်အရသာနှင့် ခံစားမှုကို ၎င်း၏မိတ်ဆွေ 'ဝရုဏ' ရသေ့အား မျှဝေခံစားစေပြန်သည်။ ဤသို့ဖြင့် သူရာနှင့် ဝရုဏတို့သည် သဘာဝကပေးသည့် ကစော်ရည်ကို မြိန်ယှက်စွာ သောက်သုံးပျော်ပါးကြ၏။ ထိုမှတစ်ဖန် ကစော်ရည်ကိုခပ်ယူပြီး မြို့ရွာများတွင် ရောင်းချလျှင် စီးပွားဖြစ်မည်ဟု တွေးမိကာ ကာသိတတိုင်းသို့ ယူဆောင်ခဲ့ကြသည်။

ကာသိတဘုရင်သည် ကစော်ရည်၏အရသာနှင့် မူးယစ်ရီဝေသောခံစားမှုကို အထူးနှစ်ခြိုက်သဖြင့် သူရာနှင့် ဝရုဏတို့ကို ကစော်ရည်မပြတ် စီစဉ်ပေးရန် ညွှန်ကြားသည်။

သူရာနှင့် ဝရုဏတို့သည်လည်း မူလဘူတတွေ့ရှိရာ သစ်ခေါင်းသို့ပြန်သွားပြီး ကစော်ရည်ဖြစ်ပေါ်ပုံကို စူးစမ်း၍ စီမံဖန်တီးလေသည်။ ဤသို့ဖြင့် သဘာဝအလျောက်ဖြစ်သောကစော်ရည်မှ လူတို့ တီထွင်ထုတ်လုပ်သော ဝိုင်အရက် သို့မဟုတ်

www.foreverspace.com.mm

ဘီယာ စတင်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

စတင်တွေ့ရှိထုတ်လုပ်သူနှစ်ဦးကို အစွဲပြု၍ အရက်ကို သူရာဟူ၍လည်းကောင်း၊ ဝရုဏဟူ၍လည်းကောင်း ခေါ်ဝေါ်ကြောင်း ဗုဒ္ဓကျမ်းဂန်များက ဆိုသည်။

အာရှအလယ်ပိုင်း မြက်ခင်းလွင်ပြင်များတွင် လှည့်လည်သွားလာနေထိုင်သော မွန်ဂိုတို့သည် နို့မှဖြစ်သော ကစော်ရည်ကို ဤကဲ့သို့ပင် မတော်တဆတွေ့ရှိရာမှ နို့ကို ဘီယာ သို့မဟုတ် ဝိုင်အဖြစ် ပြုပြင်နိုင်သကဲ့သို့ ဘေဘီလုံခေတ်နှင့် အီဂျစ်တို့သည်လည်း သဘာဝကစော်ရည်ကို အကြောင်းတိုက်ဆိုင်တွေ့ရှိချက်လုပ်ရာမှ ဘီယာ သို့မဟုတ် ဝိုင်ကို စီမံဖန်တီးတတ်လာခြင်းဖြစ်သည်ဟု သုတေသီတို့က ယူဆလက်ခံထားကြသည်။

## အာရက် (Arrack)

သကြားရည်ကိုသော်လည်းကောင်း၊ အသီးအပွင့် အစရှိသည်တို့၏အရည်နှင့် သကြား၊ ကြံသကာတို့ကိုရောစပ်၍လည်းကောင်း သေချာစွာဖောက်ထားသော ကစော်ရည်ကို သိုးဆောင်းဘာသာဖြင့် ဝိုင် (Wine) ဟု ခေါ်သည်။ ထိုဝိုင်ကို ရေငွေ့ပြန်စေ၍ တစ်ဝက်သာရအောင်ချက်၍ယူရသောချေးကို အားဒန့်စပရစ် (Ardent Spirit) ဟု ခေါ်သည်။

စပျစ်သီးအမျိုးမျိုးကိုလုပ်၍ဖြစ်သော ဝိုင်၏ အားဒန့်စပရစ်ကို ဗြန္ဒီ (Brandy) ဟုခေါ်သည်။ ကြံသကာကိုလုပ်လျှင် ရှန့် (Rum) ဟုခေါ်သည်။ ဇူနီပတ်ခေါ်သည့် အသီးကိုလုပ်လျှင်ဇင် (Gin) ဟု ခေါ်သည်။ မုယောကိုလုပ်လျှင် ဝီစကီ (Whisky) ခေါ်သည်။ စပါးကိုလုပ်၍ ဖြစ်သောဝတ္ထုကို အာရက် (Arrack) ခေါ်သည်။ ဤ အာရက်ဟူသော သိုးဆောင်းဘာသာစကားကို မြန်မာတို့မပီသောကြောင့် အရက်ဟုခေါ်သည်ဟု ဥတုဘောဇနသင်္ဂဟကျမ်းက ဆိုသည်။


အထက်ပါသတ်မှတ်ချက်များသည် အကြောင်းတိုက်ဆိုင်စွာ သဘာဝအတိုင်းတွေ့ရှိရသော ကစော်ရည်မှ လူတို့ပြုပြင်ဖန်တီးယူသော ဘီယာ၊ ဝိုင်အဆင့်မှတစ်ဆင့် ပေါင်းခံကျိုချက်၍ပြုလုပ်သောအရက်ပြင်း အဆင့်ဆင့်သို့ ကူးပြောင်းလာပုံလည်း ဖြစ်သည်။

## အရက်စံနှုန်းသတ်မှတ်ချက်

ခေတ်ပေါ်ဓာတုဗေဒသိပ္ပံပညာက အရက်ကို (Ethyl Alcohol-$C_2H_5OH$) ဟု ခေါ်၏။ အရက်ထဲ၌ပါဝင်သော အရက်ဓာတ် (Ethyl Alcohol) ကိုလိုက်၍ P, OP နှင့် UP ဟူ၍ စံနှုန်းခွဲခြားသတ်မှတ်ထားသည်။

P (Proof) ဆိုသည်မှာ စံအရက်ကိုခေါ်ခြင်းဖြစ်၏။ စံအရက်တွင် Ethyl Alcohol အလေးချိန် ၄၉ ဒသမ ၂၆ ရာခိုင်နှုန်းနှင့် ထုထည် ၅၇ ဒသမ ၁ ရာခိုင်နှုန်း ပါဝင်၏။ စံအရက်ကို ရေနှင့်ရောပြီး မီးရှို့လျှင် မီးလောင်တတ်ပြီး ကျေးလက်ဒေသများတွင်ခေါ်ကြသည့် မီးတောက်ချက်အရက်ဖြစ်သည်။

OP (Over Proof) ဆိုသည်မှာ စံ



www.foreverspace.com.mm



| | အရက်အမျိုးအစား | စံနှုန်း | ထုထည်ရာနှုန်း |
|---|---|---|---|
| ၁။ | ရမ် Rum | ၃၀ up | ၄၀ |
| ၂။ | ဂျင် Gin | ၃၀ up | ၄၀ |
| ၃။ | စကော့ဝီစကီ Whisky | ၃၀ up | ၄၀ |
| ၄။ | ဘရန်ဒီ Brandy | ၃၀ up | ၄၀ |
| ၅။ | ဗော့ဒ်ကာ Vodka | ၃၅ up | ၃၇ |

**မှတ်ချက် – အရက်ပျော့အမျိုးအစားတွင်ပါဝင်သည့် ဝိုင်တွင် Ethyl Alochol ၁၂ ရာခိုင်နှုန်းမှ ၂၁ ရာခိုင်နှုန်း၊ ဘီယာတွင် သုံးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်း ပါဝင်သည်။**

အရက်၏အထက်ဟုအဓိပ္ပာယ်ရပြီး UP (Under Proof) ဆိုသည်ကား စံအရက်၏ အောက်ဟုဆိုလိုခြင်း ဖြစ်လေသည်။

လူအများသောက်သုံးနေသည့်အရက်များတွင်ပါဝင်သော အရက်ဓာတ်အလေးချိန်နှင့် ထုထည်များမှာ ဇယားပါအတိုင်း ဖြစ်သည်။

လူအများသောက်သုံးကြသည့် ရမ်၊ ဂျင်၊ စကော့ဝီစကီ၊ ဘရန်ဒီ၊ ဗော်ဒ်ကာ အရက်များသည် ဂျုံ၊ ရိုင်း၊ မုယော၊ စပါး၊ ပြောင်း၊ ဘာလီတို့မှ ထုတ်လုပ်ခြင်းဖြစ်ပြီး အရည်အသွေးပြည့်ဝသော စံမီအရက်ဖြစ်ရန် သစ်သားစည်များဖြင့် အနည်းဆုံး သုံးနှစ်သိုလှောင်ထားရကာ ကမ္ဘာကျော် စကော့ဝီစကီဆိုလျှင် အနိမ့်ဆုံးသုံးနှစ်မှ ၁၂ နှစ်အထိ သိုလှောင်ထားရှိရသည်။

အဆိုပါအရက်များသည် သိပ္ပံနည်းကျစံချိန်စံညွှန်းမီ ချက်လုပ်ဖော်စပ်ထားသည့် ကမ္ဘာကျော်အရက်များဖြစ်ပြီး ယင်းအရက်များကို ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သောကုမ္ပဏီတို့သည် ၎င်းတို့၏စံချိန်စံညွှန်းများနှင့် ပတ်သက်ပြီး အာမခံချက်ရဲရဲပေးနိုင်ခြင်းကြောင့် သောက်သုံးသူများ အနေဖြင့် သံသယကင်းစွာ ယုံကြည်မှုအပြည့်နှင့် သောက်သုံးကြပြီး ဈေးကွက်တွင် အဝယ်လိုက်သည်ဆိုကာ သတ်မှတ်စံနှုန်းများကို ဖောက်ဖျက်ခြင်း မပြုကြ။ ယင်းအရက်များအပေါ် သောက်သုံးသူများ၏ ယုံကြည်မှုနှင့် ဈေးကွက်ခိုင်မာမှုမှာ စံချိန်စံညွှန်းကို နှစ်ပေါင်းများစွာ ထိန်းနိုင်ခြင်းကြောင့် ဖြစ်သည်။

ထို့ကြောင့် စံချိန်စံညွှန်းမမီသော အရက်ချက်လုပ်ရာတွင် အရက်အမျိုးအစားကိုလိုက်၍ သိုလှောင်ထားရသည့် အချိန်ကာလရှိသည်။ ထိုကဲ့သို့ မသိုလှောင်ခြင်း သို့မဟုတ် စံချိန်မမီသောအရက်ကို ဈေးကွက်အတွင်းသို့ ရောင်းချခြင်းပြုလျှင် သောက်သုံးသူများကို ဥပဒ်ရောက်စေသည်ဟု စားသောက်ဆိုင်ဖွင့်လှစ်ထားသူတစ်ဦးက ဆိုသည်။

## Jumgle ဆိုသည့် အရက်ဖြူ

ကာဘိုဟိုက်ဒရိတ်ပါဝင်မှု မြင့်မားသော သီးနှံတစ်ခုခု (ဥပမာ–ဂျုံ၊ ဘာလီ၊ စပါး၊ ဆန်၊ သစ်တော်သီး စသည်) ကို အနှေးပေးပြီး တဆေး (Yeast) ဖြင့် ဓာတ်ပြုစေပါက ရရှိနိုင်သည့် ဘီယာနှင့် ဝိုင်တို့တွင် အရက်ဓာတ် Ethyl Alcohol ပါဝင်မှုရာခိုင်နှုန်း နည်းသဖြင့် ပြင်းထန်စွာ မူးယစ်ခြင်း မရှိပေ။

ကချင်၊ ကရင်၊ ချင်း၊ ကယားတိုင်းရင်းသားများ၏ရိုးရာ စိမ်ရည်၊ ခေါင်ရည်၊ ခေါင်ကျရည်၊ စပ်ပီ စသည်တို့သည် တဆေးဖြင့် ပြုလုပ်ထားသောဘီယာ သို့မဟုတ် ဝိုင်သာ ဖြစ်သည်။

အထက်ပါဝိုင်များကို ပေါင်းခံချက်လုပ်ခြင်းဖြင့် အရက်ကိုရရှိပြီး အရက်ဖြူခေါ် တောအရက်ခေါ် ချက်အရက်သည် အဆိုပါနည်းလမ်းဖြင့် ထုတ်လုပ်ကြခြင်း ဖြစ်သည်။

လုံးတီးဆန်ကိုဖြစ်စေ၊ အခြားဆန်ကိုဖြစ်စေ၊ ကောက်ညှင်းကိုဖြစ်စေ၊ ကျက်အောင်၊ နပ်အောင်ချက်၍ အအေးခံထားပြီး တဆေးနှင့် သမအောင်ရောစပ်ကာ ပလတ်စတစ်ပုံးအလွတ်သန့်သန့် သို့မဟုတ် စဥ့်အိုးအလွတ်တွင် သုံးရက်မှ ငါးရက်အထိ ထားပြီး ရေရော၍ ပေါင်းခံချက်ပါက တောအရက်ခေါ် ချက်အရက်ကိုရသည်ဟု ရှမ်းပြည်နယ်ဖယ်ခုံမြို့နယ်ဒေသခံအရက် ထုတ်လုပ်ရောင်းချသူတစ်ဦးက ပြောကြားသည်။

"ချက်အရက် မီးတောက်တယ်ဆိုတာ ပျင်းတောင်ပျင်းသေးတယ်။ တချို့ဆိုဆိုင်ကယ်မောင်းရင်တောင်ရမယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

## ကုန်ကြမ်းနှင့် စံ

သန့်စင်သောအရက်၊ အရည်အသွေးပြည့်မီသောအရက်ချက်မည်ဆိုပါက ခေတ်မီစက်ကိရိယာများကို အသုံးပြုနိုင်ခြင်းမရှိပါကလည်း သုံးစွဲသည့်ကုန်ကြမ်းသည် အစစ်အမှန်ဖြစ်ရန်လိုအပ်ကြောင်း၊ အရက်ချက်လုပ်ရာတွင် ရေသည်အရေးပါသည့်ကုန်ကြမ်းတစ်မျိုးဖြစ်ပြီး နာမည်ကျော် စကော့ဝီစကီဆိုလျှင် ၎င်းတို့နိုင်ငံမှ သဘာဝရေသည် ဘုရားပေးသည့် ဆုလာဘ်ပမာ အရက်ချက်ရာတွင် အထူးကောင်းမွန်၍ စကော့ဝီစကီ နာမည်ကျော်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အရက်ချက်ရာတွင်သုံးသည့်ရေသည်လည်း သန့်စင်ရန်အရေးကြီးကြောင်း အရက်ကုမ္ပဏီကြီးတစ်ခု၏ ထုတ်လုပ်ရေးတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အရက်သောက်သုံးသူတိုင်းသည် အရက်ကောင်းကိုကြိုက်ကြကြောင်း၊ အရက်ကောင်းဖြစ်ပါက အလွန်အကျွံမသောက်လျှင် နောက်တစ်နေ့ နံနက်မိုးလင်းပါက အရက်နာမကျဘဲ နေသာထိုင်သာရှိကြောင်း စင်ကာပူသင်္ဘောလိုင်းတစ်ခုမှ သင်္ဘောသားတစ်ဦးက ဆိုသည်။

အရက်ချက်လုပ်ရာတွင် ကာဘိုဟိုက်ဒရိတ်ပါဝင်မှုမြင့်သောသီးနှံများဖြစ်သည့် ဂျုံ၊ ဘာလီ၊ စပါး၊ မုယော စသည့် ကုန်ကြမ်းများကို အသုံးပြုရသည်။ ကျေးလက်ဒေသများတွင် ဆန်၊ ကောက်ညှင်း၊ ထန်းလျက်၊ ကြံသကာ၊ ပြောင်း၊ နံ့စားပြောင်းများကို အသုံးပြုရကြောင်း၊ ယခု

www.foreverspace.com.mm

ခေါက်ပိုင်း ဈေးနှုန်းကြီးမြင့်သည့် ကောက်ညှင်း၊ ထန်းလျက်၊ ကြံသကာတို့ဖြင့် အရက်ချက်လျှင် စီးပွားရေးအရ တွက်ခြေမကိုက်ပေ။ ကျေးလက်ဒေသများ၊ တောင်တန်းဒေသများမှ တစ်ပိုင်တစ်နိုင်အရက်ချက်သူများမှာ ဆန်ဈေးနှုန်း၊ ထင်းဈေးနှုန်း၊ အခွန်အခ (ယစ်မျိုးခွန်) များကြောင့် စီးပွားရေးအရတွက်ခြေကိုက်စေရန် တစ်ဖက်တစ်လမ်းမှ ဝက်မွေးမြူကြရသည်ဟု ကယားပြည်နယ် လွိုင်ကော်မြို့မှ လိုင်စင်ရအရက်ချက်သူတစ်ဦးက ပြောကြားသည်။

ဆန်တစ်ပုံးကို အရက်ချက်မည်ဆိုပါက အရက်ငှက်ပျောဖူးပုလင်း ၁၈ ပုလင်းမှ ၂၀ အထိရကြောင်း၊ တစ်ပုလင်း ၆၀၀ ကျပ်ဖြင့်တွက်လျှင် ၁၂၀၀၀ ကျပ်ခန့်ရကြောင်း၊ ဆန်တစ်ပုံး ၇၀၀၀ ကျပ်ခန့်ရှိ၍ ထင်းဖိုး၊ လုပ်အားခတို့နှင့်တွက်လျှင် တွက်ခြေမကိုက်ကြောင်း၊ အရက်ချက်လိုင်စင်သည် တစ်နှစ်စာအတွက် သိန်းဂဏန်းခန့် ရှိကြောင်း၊ ထို့ကြောင့် ခေါင်ဖတ်များကို ဝက်စာလုပ်၍ ဝက်ကိုကျွေးရာ ဝက်မွေးမြူမှုတွက်ခြေကိုက်ကြောင်း ကယားတိုင်းရင်းသူ ဒေါ်စိုးမြကာ ရှင်းပြသည်။

ပြည်တွင်းမှ အဖျော်ယမကာကုမ္ပဏီကြီးများအနေဖြင့်လည်း ဆန်ထွက်ပစ္စည်းများနှင့် အရက်မချက်ဟု ခံဝန်ချက်လက်မှတ်ထိုးရကြောင်း၊ သို့ရာတွင် ဆန်ထွက်ပစ္စည်းများအနက် ဆန်ကွဲဖြင့် အရက်ချက်လုပ်လျှင် အရည်အသွေးကောင်းအရက်ရကြောင်း၊ မြန်မာနိုင်ငံသည် ဆန်ကိုအဓိကစားသုံးသည့်နိုင်ငံဖြစ်သဖြင့် ဆန်ဖြင့် အရက်ချက်ခွင့်မပြုခြင်းဖြစ်ကြောင်း၊ ဆန်လတ်ကြီး၊ အိတ်စတာ၊ ၁၂.၂၃ စသဖြင့် ဆန်ကွဲအမျိုးမျိုးရှိကြောင်း အရက်ကုမ္ပဏီကြီးမှ ထုတ်လုပ်ရေးတာဝန်ခံတစ်ဦးက ပြောကြားသည်။

မန်ကျည်းအရက်၊ ရှောက်အရက်၊ လိမ္မော်အရက် စသည့် အရက်များသည် ဓာတုဗေဒနည်းပညာနှင့် ဖော်စပ်ထားသော အနံ့များကို အသုံးပြုထားသော်လည်း သောက်သုံးသူများအတွက် အန္တရာယ်မဖြစ်နိုင်ကြောင်း၊ ပီလောပီနံမှုန့်နှင့် သကြား ကုန်ကြမ်းများအနက် ဆန်ထွက်ပစ္စည်းများနှင့် ချက်သည့်အရက်သည် အကောင်းဆုံးဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံမှ ဆန်ထွက်ပစ္စည်းနှင့်ချက်သော အရက်များ ဝယ်ယူလိုကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ယမကာချက်လုပ်ရာတွင် ကုန်ကြမ်းအရေးပါသကဲ့သို့ ချက်နည်းပုံစံနှင့် စံသတ်မှတ်မှုကလည်း များစွာအရေးပါလှသည်။ အရက်အဆီတစ်လုံးကို ရေမည်မျှရောစပ်ရမည်၊ ရေရောစပ်ပြီးလျှင် အရက်ဘယ်နှလုံးထွက်မည်၊ ထိုအရက်ကို ချက်ချင်း ဈေးကွက်အတွင်းသို့ မဖြန့်ချိဘဲ အချိန်မည်မျှကြာကြာသိမ်းဆည်းထားသင့်သည်ဆိုသည်ကို ဆန်းစစ်ကြည့်ရန်လည်း လိုအပ်ကြောင်း တာမွေမြို့နယ်မှ အသက် ၄၀ ခန့်အရွယ်ရှိသူ အမျိုးသားတစ်ဦးက ဆိုသည်။

## ပေါက်စီသောက်ကြသည်

မြန်မာနိုင်ငံတွင် လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က လူငယ်များကြားတွင် မူးယစ်စေတတ်သည့် ဓာတုပစ္စည်းပါဝင်သည့် ချောင်းဆိုးပျောက်ဆေးရည်အချို့ သောက်သုံး၍ လက်ဖက်ရည်ဆိုင်ထိုင်သီချင်းနားထောင်သည့်ခေတ်တစ်ခေတ်ရှိဖူးကြောင်း၊ ယခုနောက်ပိုင်း ဈေးကွက်စီးပွားရေးနှင့်အတူ ဘီယာဆိုင်၊ စားသောက်ဆိုင်နှင့် အသားကင်ဆိုင်များ ဖွင့်လှစ်လာကြသည်ကို တွေ့ရသည်။

အနာဂတ်၏လူကြီးများဖြစ်မည့် လူငယ်များ အရက်သောက်သုံးခြင်းနှင့် ပတ်သက်၍ ဆန်းစစ်ကြည့်လျှင် ဘီယာနှင့် အရက်ကြော်ငြာများကြောင့် ကောင်းလိမ့်နိုးနိုးဖြင့် စမ်းသပ်သောက်ကြည့်ခြင်းအပြင် အရက်ဆိုင်များ အနီးအနားတွင် ပေါများစွာရှိနေပြီး ဝယ်ရလွယ်ကူခြင်း၊ ဘဝရှေ့ရေးမရေရာမှုကို ဖြေဖျောက်လိုခြင်း၊ အာရုံစူးစိုက်စရာအလုပ်တစ်ခုခု မယ်မယ်ရရမရှိခြင်းဆိုသည့်အချက်များသည် လူငယ်များ အရက်သောက်ရန် စေ့ဆော်ပေးသော အကြောင်းအရာများဟု သုတေသီများက သုံးသပ်ပြောဆိုကြသည်။

ယခုအခါ ဘီယာစတေရှင်များတွင် လူငယ်များသည် ဘီယာတစ်ဂျားကို အရက်နှစ်ပက်၊ သုံးပက်ခန့် ရောနှောသောက်ကြသည်။ ဘီယာသုံးလေးဂျားဖိုး မတတ်နိုင်သဖြင့် ငွေကြေးချွေတာကာ မူးအောင်ကြံဆ၍ သောက်ခြင်းဖြစ်ပြီး ယင်းကို ပေါက်စီသောက်သည်ဟုခေါ်ကြကြောင်း ဒဂုံမြို့နယ်မှ ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောကြားသည်။

အရက်သောက်ခြင်းကို လေ့လာကြည့်လျှင် ပတ်ဝန်းကျင်၏လှုံ့ဆော်မှုကြောင့် သောက်ခြင်း၊ မိမိဆန္ဒအရ ကြိုက်၍သောက်ခြင်းဟူ၍ ယေဘုယျအားဖြင့် နှစ်ပိုင်းတွေ့နိုင်ရာ ထိုအုပ်စုနှစ်စုတွင် မည်သည့်အပိုင်းက ပိုများသနည်း၊ မည်သည့်အုပ်စုတွင် လူ



www.foreverspace.com.mm

ကြီးနှင့်လူငယ် ပိုမိုပါဝင်သနည်းဟု လေ့လာမှုပြုသင့်ပြီး ယင်းလေ့လာမှုရလဒ်သည် အရက်သောက်သုံးမှု လျှော့ချရေးအတွက် အထောက်အကူပြုနိုင်ပြီး အထူးသဖြင့် လူငယ်များအရက်သောက်ခြင်း လျှော့ချရေးနှင့်ပတ်သက်၍ နည်းလမ်းတစ်ခုခု တွေ့နိုင်သည်ဟု သုတေသီတစ်ဦးက ဆိုသည်။

## ချဉ်ချဉ်တူးတူး မူးရင်ပြီးရော

မည်သည့်အရက်အမျိုးအစားကို သောက်သည်ဖြစ်စေ မူးတတ်သည်ဆိုသော်လည်း အရက်သောက်ကြသူအများစုမှာ ရည်ရွယ်ချက်အမျိုးမျိုးရှိကြသည်။ စိတ်အပန်းဖြေ၊ ဘဝအမောပြေသောက်ကြသူများ၊ စည်းစိမ်ခံသောက်ကြသူများအနေဖြင့် နိုင်ငံခြားဖြစ်အရက်မဟုတ်လျှင် ပြည်တွင်းဖြစ်တံဆိပ်ကပ်အရက်ကို ရေခဲတုံးလေးများထည့်၊ ဆော်ဒါလေးရော၍ အသားကင်တစ်မျိုးမျိုးနှင့် သောက်သုံးကြလိုသူအများစုဖြစ်ကြောင်း၊ သို့ရာတွင် အရက်ဈေးနှုန်းများ မြင့်မားခြင်းကြောင့်သာ အန္တရာယ်မကင်းသည့် ချက်အရက်များကို သောက်သုံးကြခြင်းဖြစ်ကြောင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့မှ ကျောင်းဆရာတစ်ဦးက အရက်သောက်ခြင်းနှင့်ပတ်သက်သည့် ၎င်း၏သဘောထားကို ရှင်းပြသည်။

ချက်အရက်တစ်ပုလင်း ၁၂ ပက်ခန့်သည် ကျပ် ၆၀၀ ခန့်သာရှိပြီး ပြည်တွင်းကုမ္ပဏီများမှ လေးပက်ဝင်အရက် တစ်ပုလင်းလျှင် ၇၀၀ ကျပ်ခန့်ရှိရာ အရက်သောက်သုံးသူအများစုသည် ဈေးနှုန်းကွာခြားချက်အရ ဈေးသက်သာသည့် ချက်အရက်ခေါ် တောအရက်ကို သောက်ကြသည်ကို တွေ့ရသည်။

ချက်အရက် တစ်ပိုင်တစ်နိုင် ထုတ်လုပ်ရောင်းချသူများတွင် စိမ်ရည်ရက်ကြာ၍ အချဉ်ပေါက်သွားပြီး စံမမီသည့်အရက်ကို သောက်သုံးသူများ မကြိုက်သကဲ့သို့ အနည်ကျများပြီး မီးပြင်း၍ တူးသွားသည့် အရက်ကိုလည်း သောက်သုံးသူများက ခေါင်းကိုက်သည်ဆိုကာ မကြိုက်ကြကြောင်း၊ ချဉ်ချဉ်တူးတူး မူးရင်ပြီးရော သောက်သုံးသူများသည် အရက်ကျေးကျွန်ဘဝ ရောက်သူများဖြစ်ကြောင်း ဖယ်ခုံမြို့မှ ပညာရေးဝန်ထမ်းတစ်ဦးက ဆိုပါသည်။

အရက်ပြင်းသည်၊ ပျော့သည်မဟူ အရက်မှန်လျှင် ခေါင်းကိုက်ခြင်း၊ သွေးတိုးခြင်းနှင့် ကိုယ်လက်မအီမသာဖြစ်တတ်ပြီး ကြာလျှင် ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါများကိုပါ ဒုက္ခပေးနိုင်ပါသည်။

## အသည်းရောဂါအဖြစ်များ

မြန်မာနိုင်ငံ၌ အသည်းရောင် ဘီပိုး၊ စီပိုး၊ အသည်းကြွပ်နာ စသဖြင့် အသည်းရောဂါဝေဒနာများအနက် အသည်းကြွပ်နာ (အရပ်အခေါ် ရေဖျင်းစွဲခြင်း) သည် အရက် အလွန်အကျွံသောက်ခြင်းနှင့် အရက်နှစ်ရှည်လများသောက်သုံးခြင်းကြောင့်ဖြစ်ရပြီး အထူးသဖြင့် စံချိန်မမီသောအရက်နှင့် မသန့်ရှင်းသောအရက်များသောက်သုံးမှုကြောင့် အများဆုံးဖြစ်ရကြောင်း အထွေထွေရောဂါကုဆရာဝန်တစ်ဦး၏အဆိုအရ သိရသည်။

ကမ္ဘာ့သမိုင်းဖြစ်ပေါ်မှုကို လေ့လာလျှင် ဘာသာအသီးသီး၏ သွန်သင်ဆုံးမဟောပြောချက်များသည် အရက်သောက်သုံးခြင်းကို အားမပေး။ သို့ရာတွင် အရက်၏ဆေးဖက်ဝင်မှု၊ အရက်၏ ပျော်ရွှင်စေသောအာနိသင်၊ လူမှုဆက်ဆံရေးတွင် အပေါင်းအသင်းဝင်ဆံ့မှုဆိုသည့် စွမ်းရည်တို့ကိုအကြောင်းပြု၍ ကမ္ဘာတစ်ဝန်းလုံး သောက်သုံးဆဲ၊ သောက်မြဲ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ အရက်လုံးဝမသောက်ရေးထက် အရက်သောက်သုံးမှုလျှော့ကျမှုသည် ပို၍လက်တွေ့ကျကြောင်း၊ ထို့ပြင် မည်သည့်ကိစ္စမဆို အလွန်အကျွံဖြစ်ပါက မကောင်းသည့်ဘက်သို့သာ ဦးတည်သွားသဖြင့် ယနေ့သောက်သုံးသူဈေးကွက် အခိုင်အမာကျယ်ပြန့်သောခေတ်တွင် ဈေးနှုန်းမှန်ကန်မျှတမှုနှင့် အကြံအဖန်မပါ စံချိန်မီအရည်အသွေးရှိကုန်ပစ္စည်းများထုတ်လုပ်ရေးသည် ပြိုင်ဆိုင်မှုကောင်းသော ဈေးကွက်ထိုးဖောက်ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

"ဒီနေ့ထုတ်နေတဲ့ ပြည်တွင်းအရက်တွေက သုံးမျိုးသုံးစားလောက်တွေ့ရတယ်။ အဓိက,ကတော့ဗျာ ဈေးကြီးကြီးသတ်မှတ်ထားတာကတော့ အကောင်းစားလို့သတ်မှတ်ပြီး ဈေးနည်းတာကတော့ အညံ့စားလို့ ငွေပေါ်မှာမူတည်ပြီး သတ်မှတ်ထားပါတယ်။ ဒါပေမဲ့ ဒီတံဆိပ်ပဲဗျာ။ ဒါပေမဲ့ အဲဒီဈေးကြီးတဲ့အရက်သောက်တော့ နောက် နေ့ခေါင်းကိုက်တာတို့၊ အရက်နာကျတာ တို့သိပ်မရှိဘူး။ ဈေးပေါတဲ့တံဆိပ်သောက်တော့ နောက်နေ့မှာ မျက်နှာကြီးပွပြီး မည်းနေတော့တာပဲ" ဟု မြန်မာနိုင်ငံသို့ မကြာသေးခင်ကမှ ပြန်ရောက်လာသော နိုင်ငံခြားသင်္ဘောသားတစ်ဦးဖြစ်သူ ဗဟန်းမြို့နယ်နေ ဦးဝင်းချိုဦးက ၎င်းကြုံတွေ့ခဲ့ရပုံကို ပြောကြားခြင်း ဖြစ်သည်။

ထို့ကြောင့် တံဆိပ်တစ်မျိုးကို အရည်အသွေးတစ်မျိုးတည်းထုတ်ပြီး ရောင်းသင့်ကြောင်း၊ ရုရှားဗော့ဒ်ကာဆိုလျှင် တံဆိပ်တစ်မျိုးတည်းရှိပြီး မည်သည့်နိုင်ငံတွင်မဆို ဗော့ဒ်ကာအရက်သည် အရသာတစ်မျိုးတည်းသာရှိကြောင်း ၎င်းက ပြောကြားသည်။

ထို့ပြင် အရက်ထုတ်လုပ်သူများအနေနှင့်လည်း ရောင်းရလျှင်ပြီးရောဆိုကာ ဈေးကွက်၏ဝယ်လိုအား လိုအပ်သလောက် ထုတ်ပေးနိုင်ရေးအတွက် စံချိန်မမီသောထုတ်ကုန်များ မထုတ်လုပ်မိစေရေးကို ကျင့်ဝတ်သဖွယ်စောင့်စည်းကြရန် လိုအပ်ကြောင်း ၎င်းကဆိုသည်။

အရက်သောက်သုံးသူများအနေဖြင့် သတ်မှတ်စံချိန်စံညွှန်းထက် ကျော်လွန်သောက်သုံးပါက ပထမအဆင့်တွင် အသည်းအဆီဖုံးနိုင်ပြီး ယင်းကာလတွင် ရပ်ဆိုင်းပါမှ မူလပကတိအတိုင်း ပြန်လည်ကောင်းမွန်နိုင်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် အသည်းရောင်နိုင်ပြီး သောက်သုံးမှုရပ်နားလျှင် ပြန်လည်ကောင်းမွန်နိုင်ကြောင်း၊ အချို့မှာမူ နာတာရှည် အသည်းရောင်ဖြစ်ပြီး ဆက်လက်သောက်သုံးပါက အသည်းခြောက်ရောဂါဖြစ်ပွားနိုင်ကြောင်း၊ ဆက်လက်သောက်သုံးလျှင် အသည်းကင်ဆာအထိ

www.foreverspace.com.mm

ဖြစ်ပွားနိုင်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းရောဂါပညာဌာနမှ ဌာနမှူး ပါမောက္ခ ဦးသံစစ်က ပြောကြားသည်။

အဆိုပါရောဂါများသည် အရက်သောက်သုံးသည့်ပမာဏလွန်ကဲမှုနှင့် ကာလရှည်ကြာစွာ သောက်သုံးမှုကြောင့်ဖြစ်ပွားလေ့ရှိသော်လည်း အမျိုးသားများအနေဖြင့် တစ်ရက်လျှင် နှစ်ယူနစ် (၁၆၀ ဂရမ်)၊ အမျိုးသမီးများအနေဖြင့် တစ်ယူနစ်ထက် ကျော်လွန်သောက်သုံးသည့်အခါ ရောဂါဖြစ်ပွားရန် အခွင့်အလမ်းပိုများကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အသည်းရောင် B ပိုး နှင့် C ပိုးတွေ့ရှိသူဦးရေများပြီး အဆိုပါရောဂါပိုးရှိသူများသည် အရက်သောက်လျှင် ရောဂါပိုမိုဆိုးဝါးစေကြောင်း ၎င်းကရှင်းပြသည်။

“အမေရိကမှာဆို လူဦးရေရဲ့ လေးပုံသုံးပုံလောက်က အရက်သောက်ကြပြီး သောက်သုံးသူတွေရဲ့ ၁၀ ရာခိုင်နှုန်းလောက် အယ်လ်ကိုဟောပြဿနာ ရှိကြတယ်။ အသည်းခြောက်ရောဂါရှင် ၄၄ ရာခိုင်နှုန်းလောက်ဟာ အရက်သောက်သုံးမှုကြောင့်ဖြစ်ကြတယ်။ အယ်လ်ကိုဟောပြဿနာဆိုတာကတော့ မိသားစုထဲမှာ၊ အပေါင်းအသင်းတွေကြားမှာ လူမှုဆက်ဆံရေးကအစ ဦးနှောက်၊ ကျောက်ကပ်၊ ကြွက်သား၊ နှလုံး၊ သရွက်ရွက်အကုန်ထိသလို လုပ်ငန်းကိုင်ငန်းတွေ၊ ဖြစ်ချင်တာတွေမှာ ထိတာကိုပြောတာ” ဟု ပါမောက္ခဦးသံစစ်က ဆိုသည်။

## စံမမီသောအရက်၏တန်ခိုး

အရက်ကြောင့် အသားရောင်ပြောင်းလဲခြင်း၊ ရတ်တရက်ပိန်ကပ်သွားခြင်း၊ ဆံပင်ကျွတ်ခြင်း၊ မျက်လုံးနီခြင်း၊ အရေပြား၌ အကွက်များ ပေါ်လာခြင်းတို့မှာ စံမမီသောအရက်များကြောင့်ဖြစ်ပြီး ပို၍ဆိုးသည်မှာ အသည်းခြောက်ခြင်း၊ အစာအိမ်ရောဂါ၊ ကျောက်ကပ်နှင့် သွေးတိုး၊ နှလုံးစသည်တို့ကို ဖြစ်ပေါ်စေတတ်ခြင်းဖြစ်သည်ဟု ဆေးပညာမှတ်တမ်းများအရသိရသည်။

အရက်အလွန်အကျွံသောက်သုံးခြင်းကြောင့် ဖြစ်တတ်သောရောဂါများရှိသည့်အပြင် စံမမီသောအရက်ကို သောက်သုံးခြင်းက ပို၍ပင်ဆိုးသေးသည်။ မြန်မာနိုင်ငံတွင်းရှိ ဆေးရုံ၊ ဆေးခန်းများတွင် အရက်ကြောင့် ဖြစ်တတ်သောရောဂါများကို ကုသနေသည်မှာ ကိန်းဂဏန်းအတိအကျ မရရှိသော်လည်း နေ့စဉ်လူနာသစ်များများလာသည်ဟု ကိုယ်ပိုင်ဆေးခန်း ငါးနှစ်ခန့်ဖွင့်လှစ်ထားသော ဆရာဝန်တစ်ဦးက ဆိုပါသည်။


ပြည်တွင်းဖြစ်နိုင်ငံခြားအရက်ဟုဆိုသော အရက်ကုမ္ပဏီကြီးသည် ထူးခြားစွာပင် အမှာရှိသလောက် ထုတ်လုပ်နိုင်သည့်အပြင် တစ်နှစ်ထက်တစ်နှစ် ကြော်ငြာများ၏ ဆွဲဆောင်အားကလည်း သူ့ကုမ္ပဏီက ထုတ်သည့်အရက်အာနိသင်ကဲ့သို့ ပြင်းပြင်းလာသည်။ သို့ကြောင့်ပင် တစ်နှစ်ပြီးတစ်နှစ် ရောင်းအားတက်လာသလို ကုမ္ပဏီဝန်ထမ်းများ၏ လစာခံစားခွင့်ကလည်း ကျွဲကူးရေပါ ဖြစ်လာသည်။ ဘောနပ်စ် ပိုရလာသည်။ အပန်းဖြေခရီးကောင်းကောင်းပို့ပေးသည်။ သွားစရိတ်၊ လာစရိတ် တိုးပေးသည်။ သူ့မိသားစုဘဝလည်း စိုပြည်လာသည်။ အလှူအတန်း ပိုလုပ်လာနိုင်သည်။ သည်အခြေအနေအတိုင်းဆိုလျှင် လာမည့်နှစ်များတွင်လည်း ရောင်းအား ထပ်တက်ရိပ်ပြနေသည့်အတွက် ဝန်ထမ်းများ၏လစာနှင့် ခံစားခွင့်များ တိုးလာဖို့သာရှိသည်။ သူ့အဖို့ကတော့ ရှေ့လျှောက် ရွှေရောင်နေ့ရက်များချည်းဟု ဆိုရပေမည်။

အိပ်ရာပေါ်တွင် လှဲနေခြင်းမဟုတ်သော်လည်း ဘယ်ဘက်ကိုယ်တစ်ခြမ်းလေဖြတ်သလို ဖြစ်သွားခြင်းကြောင့် ပါးစပ်တစ်ခြမ်းအနည်းငယ်ရွဲ့ကာ ဘယ်ဘက်ခြေနှင့် လက်လှုပ်ရှားမှု ပုံမှန်မဖြစ်တော့သော သားဖြစ်သူ ဖိုးထက်ကိုကြည့်ရင်း ဒေါ်သီသီခတစ်ယောက် မျက်ရည်တွေတွေကျရုံမှတစ်ပါး ဘာမျှမတတ်နိုင်ပါ။ သားအရက်သောက်မှန်းသိထားသည်မှာ မကြာလှသေးသည့်ကာလတစ်ခုအတွင်း ယခုကဲ့သို့ဖြစ်သွားခြင်းကိုသာ ဝမ်းနည်းအံ့သြဖြစ်ရသည်။ သူ့ပတ်ဝန်းကျင်တွင်လည်း သားနှင့်ရွယ်တူလူငယ်များ အရက်သေစာ သောက်စားကြသော်လည်း သားဖြစ်သူကိုမှ ကံကြမ္မာက ယိုးမယ်ဖွဲ့လေသလားဟုပင် တွေးမိသည်။ သို့သော် ဒေါ်သီသီခတစ်ယောက်၏အတွေး မမှန်ပါ။ ယနေ့ ဖိုးထက်လောက်အရွယ်ရှိသူ အသက် ၂၆ နှစ် ဝန်းကျင်လူငယ်များကို အရက်သောက်ဖြစ်ရန် နည်းလမ်းမျိုးစုံနှင့် ဆွဲဆောင်တွန်းအားပေးနေသကဲ့သို့ ဖြစ်နေပါသည်။ ပြောရလျှင် နိစ္စဓူဝတွေ့ကြုံနေရသည့် ဘဝအမော၊ စိတ်ဖိစီးမှု၊ ဝမ်းနည်းဝမ်းသာ၊ ဒေါသ အစရှိသည့် စိတ်ခံစားမှုတို့ကို မြန်မာငွေ ထောင်ဂဏန်းသာသာဖြင့် ယစ်ရွှေရည်နှင့် ခေတ္တဖြေဖျောက်နေကြခြင်းသာ ဖြစ်သည်။

အရက်ဆိုသည့် မနှစ်မြို့ဖွယ်ဝေါဟာရကို စကားလုံးကြွယ်ဝသော မြန်မာတို့က အသူရာရည်၊ ယစ်ရွှေရည်၊ ယမကာ အစရှိသဖြင့် စကားလုံးလှလှများဖြင့် သကာဖုံးခေါ်ဆိုလေ့ရှိကြသော်လည်း အရက်၏အာနိသင်ကတော့ ထိုစကားလုံးများကဲ့သို့ မလှပပါ။ ဒေါ်သီသီခ၏နို့ညှာသား ဖိုးထက်တို့လို နိုင်ငံအတွက် ကာယဉာဏစွမ်းအားအမြင့်ဆုံးအရွယ်ရှိနေသူ လူငယ်များ၏ စွမ်းရည်ကို ရိုက်ချိုးချေဖျက်ပစ်နိုင်သည်။ သူတို့တစ်တွေ၏ လူမှုပတ်ဝန်းကျင်ဘဝများကိုလည်း ညစ်နွမ်းစွန်းထင်းစေသည်။ သို့သော် မြန်မာနိုင်ငံတွင်သာ ဤအရက် ရှိနေခြင်းမဟုတ် ကမ္ဘာအရပ်ရပ် နိုင်ငံအသီးသီးတွင်လည်း ရှိပါသည်။ သို့သော် သက်ဆိုင်ရာနိုင်ငံအလိုက် ချမှတ်ပြဋ္ဌာန်းထားသော စည်းကမ်းဥပဒေနှင့်အညီ ထုတ်လုပ်ထားသော အရက်အမျိုးအမည်ပေါင်းများစွာကို ကမ္ဘာနှင့်အဝန်း တရားဝင် ရောင်းဝယ်ဖောက်ကားခွင့်၊ ဝယ်ယူသောက်သုံးခွင့် ရှိကြသည်။ အရေးကြီးသည်က မည်သည့်အရာမဆို တန်ဆေးလွန်ဘေးကို သိရှိရန်နှင့် ကျင့်ဝတ်နှင့်အညီ စီးပွားရှာကြရန်သာ။ သို့မဟုတ်ပါက နိုင်ငံတည်ဆောက်ရေးနယ်ပယ်၏ ခွန်အားများဖြစ်ရမည့် လူငယ်များကို အဆိပ်ရည်ရောင်း၍ စီးပွားလမ်းဖြောင့်သူများဟု သမိုင်းမှတ်တမ်းတင် ခံရမည်သာ ဖြစ်ပါသည်။

**နိုင်မင်းဇင်**

www.foreverspace.com.mm



www.foreverspace.com.mm

ဤကဏ္ဍတွင်

၅၈ ၁၀၀ ကျပ်တန်လက်မှတ်တစ်စောင်
၆၆ အာဆီယံသဘောတူညီချက်နှင့် မြန်မာ့အလုပ်ကုန်ပစ္စည်းဈေးကွက်ပါရာဒိုင်းသစ်
၇၂ ပြောင်းလဲလာသည့် အီလက်ထရွန်နစ်ဈေးကွက်နှင့် ရွေးချယ်မှုအနုပညာ
၇၈ ချိတ်ဆက်ရောင်းချလာသည့် ဒံပေါက်စားသောက်ဆိုင်ဈေးကွက်
၈၄ ရန်ကုန် ကုန်စည်ဈေးကွက်

**ဆောင်း** **နှောင်းရာသီ ဖေဖော်ဝါရီလ၏ နေ့တစ်နေ့ . . . ။ ထိုနေ့၌ ကိုဝင်းသိန်း (၂၈) နှစ်သည် ခရီးသွားအာမခံဆိုသည့် စကားအသုံးအနှုန်းကို ညောင်လေးပင်မြို့နယ် ဆေးရုံဓာတ်မှန်ဌာနရှေ့တွင် ဘဝ၌ ပထမဆုံးအကြိမ်အဖြစ် နာကျင်စွာ ကြားသိလိုက်ရသည်။ သို့ရာတွင် အဆိုပါစကားလုံး၏ အဓိပ္ပာယ်အရေးပါမှုသည် သူနှင့်သူ့မိသားစုအတွက် များစွာနောက်ကျသွားခဲ့ရပြီ ဖြစ်သည်။**

ယာဉ်တိုက်မှုကြောင့် သူ ဘယ်ဘက်ခြေထောက်တစ်ချောင်းကျိုးနေခဲ့ပြီး ဦးခေါင်း၊ လည်ပင်းနှင့် ခန္ဓာကိုယ်အနှံ့ ပွန်းပဲ့ဒဏ်ရာများ ရရှိလျက်ရှိသည်။ ဒဏ်ရာများကြောင့် ပါးစပ်မှလည်း သွေးများစီးကျနေကာ ခန္ဓာကိုယ်အနှံ့လည်း နီညိုရောင်သွေးခြောက်များဖြင့် ပေကျံလျက်ရှိနေသည်။ ထို့အတွက် သူ့တွင် အာမခံလျော်ကြေးငွေ တရားဝင်ရရှိရန်မှာမူ နတ္ထိပင် ဖြစ်သည်။

ခရီးသွားအာမခံလက်မှတ်မပါရှိသော ရန်ကုန်–ကျောက်တံတား ပြေးဆွဲသည့် ရွှေတံခါးယာဉ်လိုင်းဖြင့် လိုက်ပါလာရင်း ယင်းနေ့နံနက်တွင် ဖြစ်ပေါ်ခဲ့သည့် ယာဉ်တိုက်မှုကြောင့် ကိုဝင်းသိန်းအပါအဝင် ခရီးသည် ၃၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။

အခင်းဖြစ်ပွားသည့်နေရာတွင် အသက် ၆၀ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးမှာ ပွဲချင်းပြီး သေဆုံးခဲ့ကြရသည်။

"အတူတူစီးလာတဲ့ ကျွန်တော့်မိန်းမကလည်း ခြေထောက်ကျိုးသွားတယ်။ ရင်ခွင်ပိုက်ကလေးကတစ်ဖက်နဲ့ လက်ထဲမှာလည်း ပိုက်ဆံတစ်ပြားမှ မရှိဘူး" ဟု ရန်ကုန် –မန္တလေး ခြောက်လမ်းသွားအမြန်လမ်းမကြီးဖောက်လုပ်ရေးတွင် သံချိုးသံကွေးအလုပ်ကို လာရောက်လုပ်ကိုင်နေသူ ကိုဝင်းသိန်းက ဆိုသည်။

ယခုအချိန်တွင်မူ သူလိုချင်ခဲ့သည့် ဆိုက်ထဲတွင် အလုပ်ကြပ်ဆိုသည့် အလုပ်ကို ပေးလာလျှင်ပင် လမ်းမလျှောက်နိုင်တော့၍ လုပ်ငန်းအတွင်း လုပ်နိုင်မည်မထင်ဟု သူကဆိုသည်။ "ခန္ဓာကိုယ်အနှံ့ ဒဏ်ရာများမှ နာကျင်မှု၊ ဝမ်းဗိုက်မှ ဆာလောင်မှုတို့ဖြင့် သူသည် မူးဝေလျက်ရှိနေသည်။

ယခု ညောင်လေးပင်မြို့အဝင်တွင် ဖြစ်ပွားခဲ့သော ယာဉ်တိမ်းမှောက်မှုအပါအဝင် မြန်မာနိုင်ငံအဝန်း ယာဉ်တိုက်မှု၊ မတော်တဆဖြစ်မှုများ မကြာခဏ ဖြစ်ပေါ်နေသောကြောင့် ခရီးသွားအာမခံသည် နိုင်ငံအတွင်း ခရီးသွားလာနေသူများအတွက် မဖြစ်မနေ ဝယ်ယူထားရမည့်အခြေအနေတွင် ရှိလာနေပါသည်။

ကမ္ဘာအနှံ့ ခရီးသွားလာနေသူများက နာမည်ကျော်အာမခံကုမ္ပဏီကြီးများတွင် အာမခံများ တွင်တွင်ကျယ်ကျယ် ဝယ်ယူ၍ ခရီးသွားလာနေကြချိန်တွင် မြန်မာနိုင်ငံအတွင်း ခရီးသွားအများစုသည် ခရီးသွားအာမခံထား၍ရသည်ဆိုသည့်အသိကိုပင် မသိရှိနိုင်ကြသေးဘဲရှိသည်။

တကယ်တော့ အာမခံလက်မှတ်တစ်စောင်၏ဈေးနှုန်းသည် အများဆုံး ကျပ် ၁၀၀ သာဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းခရီးသွားအာမခံဌာနမှ မန်နေဂျာ ဒေါ်ခင်ယုမြင့်က ရှင်းပြသည်။



www.foreverspace.com.mm



"အဲဒီ ၁၀၀ ကျပ်တန်လက်မှတ်တစ်စောင်က ဒဏ်ရာအနေအထားပေါ် မူတည်ပြီး လျော်ကြေးရနိုင်ပါတယ်။ အနည်းဆုံးက လေးသောင်းကနေ ရှစ်သိန်းထိ ခံစားခွင့်ရှိပါတယ်"

ဖွံ့ဖြိုးပြောင်းလဲတိုးတက်နေပြီဖြစ်သော ယနေ့မြန်မာနိုင်ငံ၏ လူမှုဝန်းကျင်တွင် တစ်ဦးချင်းစီ၏ ရသင့်ရထိုက်သော အခွင့်အရေးများကို နိုင်ငံသားများ၏အသိဉာဏ် မည်မျှပင် နုံ့နဲ့စေကာမူ Stakeholder များက အပေါင်းလက္ခဏာဆောင်တိုးတက်မှုများ ရရှိလာစေရန် ဖြည့်ဆည်းပေးရမည့်အချိန်အခါဟုလည်း ဆိုရမည် ဖြစ်ပါသည်။

## ထိုင်ခုံနံပါတ်(၁၁)။ တောက္ကဲ့အင်း

ထိုနေ့က ဖေဖော်ဝါရီလ ၉ ရက်။ ကိုဝင်းသိန်း နံနက် ၂ နာရီခန့်က နေရပ် သာယာဝတီသို့ ပြန်ရန် မိသားစုနှင့်အတူ သံပုရာခွံဆိုက်မှ ကားဂိတ်ရှိရာသို့ ထွက်ခဲ့သည်။ (မှတ်ချက်။ တောက္ကဲ့အင်းသည် ပဲခူးတိုင်းအတွင်း တည်ရှိပြီး ရန်ကုန်နှင့် မိုင် ၁၅၀ ခန့်အကွာတွင် တည်ရှိသည်။)

တောက္ကဲ့အင်းတွင် ကျောက်တံခါး–ရန်ကုန် ပြေးဆွဲသည့် နံနက် ၄ နာရီထွက်သောကား ဂိတ်ထိုးထားသည်။ သူ၏အစီအစဉ်က ထိုကားဖြင့် ရန်ကုန်သို့ပြန်၍ ထိုမှ သာယာဝတီသို့ တစ်ဆင့် ခရီးဆက်ရန် ဖြစ်သည်။ ကားလက်မှတ်ဖြတ်သောအခါ သူတို့မိသားစု ထိုင်ခုံမရ။ ကိုဇော်မြင့်ဆိုသည့် လူတစ်ယောက်က မလိုက်ဖြစ်၍ ပြန်ရောင်းသောလက်မှတ်တစ်စောင်ရသောကြောင့် သူ့ဇနီးနှင့် လသားအရွယ်သမီးငယ်ကို ထိုင်စေပြီး သူက မတ်တတ်ရပ်၍ လိုက်ပါလာခဲ့သည်။

"ညောင်လေးပင်အဝင် ကားမတိုက်ခင်အချိန်ထိ ကျွန်တော့်လိုပဲ လက်မှတ်မရလို့ မတ်တတ်ရပ်လိုက်လာသူတွေ အပြည့်ပဲ။ စိတ်အထင် အယောက် ၄၀ လောက်ရှိမယ်" ဟု သူကဆိုသည်။

ထိုနေ့က ယာဉ်ပေါ်တွင် ကိုဝင်းသိန်း အပါအဝင် ခရီးသည်စုစုပေါင်း ၁၀၅ ဦး လိုက်ပါလာခဲ့သည်။

"ဝုန်းခနဲဆိုတဲ့ အသံကြားလိုက်တယ်။ သတိရလို့ ကြည့်လိုက်တဲ့အချိန်မှာ ညောင်လေးပင်ဆေးရုံ ခုတင်ပေါ်ကို ကျွန်တော် ရောက်နေပြီ" ဟုလည်း ကိုဝင်းသိန်းက ရှင်းပြသည်။

နံနက် ၁၂ နာရီ ခတ်မှန်ခန်းရှေ့တွင် သူ့ဇနီးနှင့် ကလေးကို ပြန်တွေ့ရသည်။ ထိုအချိန်တွင် သူ့ဇနီးက လမ်းမလျှောက်နိုင်တော့။ တင်ပါးဆုံရိုးက ကျိုးနေသည်။ သမီးငယ်ကမူ မည်သည့်ထိခိုက်ဒဏ်ရာမျှ မရဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ထိုအချိန်မတိုင်မီ နာရီပိုင်းအလိုကမူ ထိုသို့ဖြစ်ပျက်လာလိမ့်မည်ဟု ကိုဝင်းသိန်းအပါအဝင် ခရီးသည်အားလုံး မျှော်လင့်ကြလိမ့်မည်မဟုတ်။

"ကျွန်တော့်ကို လက်မှတ်ပြန်ရောင်းတဲ့ ကိုဇော်မြင့်က ကံကောင်းတယ်။ ကျွန်တော်တို့က ကံဆိုးတယ်" ဟုလည်း သူက ကံကြမ္မာကို ယိုးမယ်ဖွဲ့နေပြန်သည်။ မြန်မာနိုင်ငံတွင် နေ့စဉ်ခရီးသွားလာနေသူ အတော်များများသည် မရေရာမှုတစ်ခုအပေါ်တွင် ကံကိုသာယိုးမယ်ဖွဲ့လေ့ရှိပြီး အနောက်တိုင်းသားတို့ကမူ လက်တွေ့ကျကျ



www.foreverspace.com.mm

# အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း၍ အဝေးပြေးယာဉ်လိုင်းများတွင် ခရီးသွားအာမခံစနစ်တစ်ခု ပေါ်ထွန်းလာရေး ဝိုင်းဝန်းအကောင်အထည်ဖော်နေကြသည့်တိုင် ယာဉ်လိုင်းအချို့မှာ တစ်ပြေးညီလိုက်ပါနိုင်ခြင်းမရှိသည်ကိုတွေ့ရ။

သုံးသပ်ကြသည်။

"တချို့ကများ အာမခံလက်မှတ်ဝယ်ဖို့ပြောရင် ခရီးသွားခါနီး မဦးမချွတ်ဆိုပြီး မဝယ်ချင်ကြဘူး။ မမြင်နိုင်တဲ့အရာ မသိနိုင်တဲ့ အန္တရာယ်အတွက် ဒီစနစ်က ရှိသင့်ပါတယ်" ဟု ရန်ကုန်–ထားဝယ် ပြေးဆွဲနေသည့် ရွှေလီရတနာဂိတ်မှ ဂိတ်မှူးတစ်ဦးက သူ၏အမြင်ကို ပြောကြားသည်။

အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း၍ အဝေးပြေးယာဉ်လိုင်းများတွင် ခရီးသွားအာမခံစနစ်တစ်ခု ပေါ်ထွန်းလာရေး ဝိုင်းဝန်းအကောင်အထည်ဖော်နေကြသည့်တိုင် ယာဉ်လိုင်းအချို့မှာ တစ်ပြေးညီလိုက်ပါနိုင်ခြင်းမရှိသည်ကိုတွေ့ရပြီး ရွေးချယ်၍မရသောအခြေအနေများအရ ခရီးသည်များမှာ ထိုယာဉ်လိုင်းများကိုပင် စီးနင်းနေရဆဲဖြစ်ပါသည်။

"မ.ထ.သ အဝေးပြေးလက်အောက် ရန်ကုန်ဗဟိုပြယာဉ်လိုင်းတွေမှာတော့ ခရီးသွားအာမခံ ပါ,ပါတယ်။ ခရီးသည်ကို အာမခံပါတယ်ဆိုပြီး အသိပေးတာကလွဲလို့ ကိုယ်တိုင်လက်နဲ့တစ်ချက်မထိရဘဲ အာမခံဝယ်ဖြစ်သွားအောင် လုပ်ပေးထားပါတယ်" ဟု မြန်မာ့အာမခံလုပ်ငန်းမှ မန်နေဂျာ ဒေါ်ခင်စောဝင်းက ပြောကြားသည်။

သို့ရာတွင် မ.ထ.သ အဝေးပြေးလက်အောက်မဟုတ်ဘဲ ကျောက်တံတားမြို့နယ် သမဝါယမအသင်းမှ ပြေးဆွဲသော ယာဉ်လိုင်းကို စီးနင်းခဲ့ကြသည့် ကိုဝင်းသိန်းအပါအဝင် သေဆုံးဒဏ်ရာရသည့် ခရီးသည်များသည် ထိုအခွင့်အရေးနှင့် လွဲချော်ခဲ့ရသည်။

"ကျွန်တော်တို့မှာ အာမခံပါတဲ့လိုင်းကို ရွေးချယ်စီးဖို့ အခြေအနေမပေးခဲ့ပါဘူး" ဟု ဒဏ်ရာရခရီးသည်တစ်ဦးက ပြော ကြားသည်။

## တင်ပါးကိုအာမခံထားသူ (သို့) ပေါ့စတား ဂျေလို

၂၀၀၀ ပြည့်နှစ်ဝန်းကျင်က မြန်မာလူငယ်ထုအကြား စပိန်သံခပ်ဝဲဝဲ အနောက်တိုင်းတေးသံရှင်တစ်ဦး၏ တေးသွားများ ရှားရှားပါးပါး အောင်မြင်ပျံ့နှံ့လာခဲ့သည်။ သူမသည် အဆိုတွင်သာမဟုတ်၊ စည်းချက်ကျကျ တင်ပါးလှုပ်ယမ်းသည့်အကတို့ဖြင့် ကမ္ဘာတွင်သာမက အာရှသို့ပါ ရောက်ရှိလာခဲ့သည်။ သူကား အခြားသူမဟုတ်။ ယခု အမွှာသားယောကျ်ားလေးနှင့် သမီးမိန်းကလေးပိုင်ရှင် လုံးဝန်းသောတင်ပါးပိုင်ရှင် ဂျနီဖာလိုပက်ဇ် ခေါ် ဂျေလိုပင် ဖြစ်သည်။

"ကြားဖူးတယ်မဟုတ်လား။ ဂျေလိုရဲ့ တင်ပါးအာမခံအကြောင်းလေ၊ အာမခံအကြောင်းပြောရင် သူမပါရင် မပြီးပေါ့" ဟု မြန်မာ့အာမခံလုပ်ငန်းမှ အရာထမ်းတစ်ဦးက ဆိုသည်။

ဂျေလိုကဲ့သို့ ကမ္ဘာကျော်သူအများအပြားသည် သူတို့၏ ပါရမီထူးသောကိုယ်အင်္ဂါအစိတ်ပိုင်းများကို သီးခြားအာမခံများ ထားရှိလာကြသည်။

တင်ပါးဆိုရိုးကျိုးခဲ့သူ ကိုဝင်းသိန်းဇနီး မသင်းသင်းခိုင်သည် ခြေထောက်ကျိုး၍ ခရီးသွားအာမခံရရန်မရှိသော်လည်း ဂျေလိုသည် သူမ၏တင်ပါးထိခိုက်မှုအတွက် ဒေါ်လာ ၂၇ သန်းရရှိမည့် အာမခံထားရှိသည်ဟုလည်း ဆိုသည်။

ဘောလုံးလောကတွင် အလွတ်တည်ကန်ဘော၊ ဖြတ်တင်ဘောများဖြင့် ကမ္ဘာကျော်သူ အင်္ဂလန်အသင်း ကပ္ပတိန်ဟောင်း ဒေးဗစ်ဘက်ခမ်းသည် သူ၏ခြေထောက်အတွက် ဒေါ်လာသန်း ၇၀ တန်သော အာမခံထားရှိသည်ဟုလည်း ဗြိတိန်နိုင်ငံထုတ် The Star သတင်းစာတွင် ဖော်ပြပါရှိသည်။

ကမ္ဘာကျော် Rolling Stone မှ လိဒ်ဂီတာတီးခတ်သူ Keith Richard က သူ၏လက်ခလယ်ကို ဒေါ်လာခြောက်သန်းဖြင့် အာမခံထားခဲ့သလို ကန်ထရီးအဆိုတော် ဒေါ်လီပါတန်က သူ၏ရင်သားကို ဒေါ်လာခြောက်သိန်းဖြင့်လည်းကောင်း၊ ဆူပါမိုဒယ် Heidiklum က သူ၏ပေါင်တံကို ဒေါ်လာ ၂.၂ သန်းဖြင့်လည်းကောင်း၊ အဆိုတော် ဘရုစပရင်းစတင်းက သူ၏အသံကို ဒေါ်လာခြောက်သန်းဖြင့် လည်းကောင်း အာမခံ ထားခဲ့ကြသည်။

ကမ္ဘာပေါ်တွင်သာမက မြန်မာနိုင်ငံတွင်ပါ ပရိသတ်အားပေးမှုအရှိဆုံး မန်ချက်စတာယူနိုက်တက်အသင်း၏ အင်္ကျီတွင် AIG ဆိုသည့် အာမခံကုမ္ပဏီက ကြော်ငြာသည်အထိ ကမ္ဘာပေါ်ရှိ အာမခံလုပ်ငန်းများ၏နယ်ပယ်သည် ကျယ်ပြန့်လာနေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းကိုမူ အစိုးရက တာဝန်ယူလုပ်ကိုင်ဆဲဖြစ်ပြီး ၁၉၉၀ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ပြည်တွင်းပြည်ပကုမ္ပဏီများ၏ လုပ်ကိုင်မှုကို ထိန်းချုပ်ထားဆဲပင်ဖြစ်သည်။ မြန်မာ့အာမခံဥပဒေကိုမူ ၁၉၉၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး အာမခံစီးပွားရေးဥပဒေကို ၁၉၉၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ၂၀၀၇ ခုနှစ်နိုဝင်ဘာလတွင် ကျင်းပခဲ့သော အာဆီယံနိုင်ငံများနှင့် ကိုရီးယားနိုင်ငံတို့၏ ကုန်သွယ်ဝန်ဆောင်မှုလုပ်ငန်းများ အစည်းအဝေးတွင် မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်း၏ ဝန်ဆောင်မှုကို အစိုးရဝန်ကြီးဌာနများက တာဝန်ယူ ကိုင်တွယ်ထားဆဲဖြစ်သည်ဟုလည်း ရေးသား ဖော်ပြထားသည်။

## မသိ၍ မရှိကြသူ

လာမည့် ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနည်းတူ ပြောင်းလဲနေသော ခေတ်အခြေအနေများကိုလိုက်၍ ပြောင်းလဲကောင်းပြောင်းလဲလိမ့်မည်ဟု အာဆီယံရေးရာလေ့လာကျွမ်းကျင်သူတို့က ဆိုကြသည်။

www.foreverspace.com.mm





မြန်မာနိုင်ငံတွင် ခရီးသွားလာသူများအတွက် ထိခိုက်မှုအာမခံရောင်းချသည့် စနစ်ကို ၂၀၀၆ ခုနှစ်တွင် မ.ထ.သ အဝေးပြေးနှင့်ပူးပေါင်း၍ စတင်အကောင်အထည်ဖော်ခဲ့ပြီး ကားဂိတ်များတွင် အလွယ်တကူဝယ်ယူရရှိနိုင်သည့် အာမခံစနစ်ကို စတင်ခဲ့သည်ဟု မြန်မာ့အာမခံလုပ်ငန်းမှ မန်နေဂျာ ဒေါ်ခင်စောဝင်းက ပြောကြားသည်။

ထိုကဲ့သို့ အစိုးရနှင့် ပုဂ္ဂလိက ယာဉ်လိုင်းများတွင် ခရီးသွားအာမခံစနစ်ပေါ်ထွန်းလာရေး ဝိုင်းဝန်းအကောင်အထည်ဖော်လာကြသည့်တိုင် တစ်ပြေးညီလိုက်ပါနိုင်ခြင်းမရှိသည့်ယာဉ်လိုင်းများတွင် စီးနင်းလိုက်ပါကြသည့် ကိုဝင်းသိန်းကဲ့သို့ ခရီးသည်များသည် ထိခိုက်မှုအတွက် အစိုးရမှ ပေးလျော်သည့်အာမခံ မရရှိကြဟု သိရသည်။

မြန်မာ့အာမခံလုပ်ငန်း၏ မန်နေဂျာ ဒေါ်ခင်စောဝင်းကမူ "ကျွန်မတို့နိုင်ငံအနေနဲ့ အာမခံနဲ့ပတ်သက်တဲ့ဗဟုသုတ Public မှာ အရမ်းအားနည်းပါတယ်။ ဒါကြောင့် ပြည်တွင်းမီဒီယာတွေကနေတစ်ဆင့် အမြဲ ပွင့်ပွင့်လင်းလင်းအသိပေးနေပါတယ်" ဟု ဆိုသည်။

ညောင်လေးပင်တွင်ဖြစ်ပွားခဲ့သော ယာဉ်တိုက်မှုကဲ့သို့ ပြီးခဲ့သည့် ဇန်နဝါရီလ ၂၁ ရက်နေ့က ကျိုက်ထိုမြို့အဝင်တွင် ဖြစ်ပွားခဲ့သော ခရီးသည် ၂၈ ဦးသေဆုံးသည့် ဖြစ်စဉ်တွင် ခရီးသည်များသည် အာမခံလက်မှတ်ရောင်းချသည့် ယာဉ်လိုင်းကို စီးနင်းခဲ့သည့်အတွက် သေဆုံးသူတစ်ဦးလျှင် ကျပ် ၁၄ သိန်းခန့် ကျန်ရစ်သူများမှ ရရှိနိုင်သည်ဟုလည်း မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိ သူများက ပြောကြားသည်။

သို့ရာတွင် စီးနင်းလိုက်ပါလာသူ ခရီးသည်များက မိမိတို့၏ အသိရေချိန်ဖြင့် ခရီးသွားအာမခံဝယ်ယူကြ၍မဟုတ်ဘဲ မကြာခင်က ခရီးသွားလက်မှတ်နှင့် အာမခံတွဲဖက်၍ ထိုင်ခုံဇယားဖြင့်ရောင်းချခဲ့သော မဝယ်မနေရစနစ်ကြောင့်သာ ဖြစ်သည်။

"အာမခံလျော်ကြေးရတာတောင် အာမခံထားပြီး ထုတ်ရကောင်းမှန်းမသိတဲ့ သူတွေ အများကြီးပါပဲ" ဟု မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတို့ကဆိုသည်။

မြန်မာနိုင်ငံသားများအနေဖြင့် ခရီးသွားအာမခံတွင်သာမဟုတ် မီးအာမခံ၊ ထိခိုက်မှုအာမခံ၊ အလုံးစုံအာမခံ စသည့် အာမခံလုပ်ငန်းများတွင်လည်း အာမခံထားရန်အတွက် ဝန်လေးလျက်ရှိကြဆဲပင်ဖြစ်သည်။ မကြာမီရက်ပိုင်းက အချိန်အနည်းငယ်နှောင့်နှေးခဲ့မှုကြောင့် Relax ကျန်းမာရေးစင်တာသည် အာမခံလျော်ကြေး သိန်း ၂၂၀၀ ကျော်ကို လက်လွတ်ဆုံးရှုံးခဲ့ရကြောင်း မန္တလေးမြို့တော်အခြေစိုက် အာမခံကိုယ်စားလှယ်အသိုင်းအဝိုင်းမှ သိရှိရသည်။

Relax ကျန်းမာရေးစင်တာသည် သုံးနှစ်ဆက်တိုက် အာမခံထားရှိခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလ ၈ ရက်တွင် သက်တမ်းကုန်ဆုံးခဲ့ကြောင်း၊ သက်တမ်းဆက်လက်တိုးရန် စဉ်းစားဆုံးဖြတ်နေသည့်အတွက် အနည်းငယ်နှောင့်နှေးခဲ့ရပြီး လက်မတင်ကလေးတွင် အာမခံလျော်ကြေး သိန်းနှစ်

www.foreverspace.com.mm

ဘောင်ကျော်ကို လက်လွှတ်ဆုံးရှုံးခဲ့ရကြောင်း အဆိုပါစင်တာမှ တာဝန်ရှိသူတစ်ဦး၏ အဆိုကို ကိုးကား၍ The Voice Weekly တွင် သတင်းဖော်ပြပါရှိသည်။

## သတင်းအချက်အလက်ဈေးကြီးသလော

သို့ရာတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းစဉ်တစ်ရပ်ဟု သဘောပေါက်နားလည်မှုနည်းသေးသည့် ဝန်ဆောင်မှုပေးသူတို့၏ အသိပညာရေချိန် နိမ့်ပါးနေခြင်းကြောင့် မလိုလားအပ်သော Transaction Cost တို့သည် အာမခံလုပ်ငန်းကို စိတ်ဝင်စားမှု လျော့နည်းစေသည်ဟု အာမခံထားသူအချို့က ဝေဖန်သုံးသပ်ကြသည်။

"အာမခံအလွယ်တကူဝယ်လို့ရပြီလို့ ကျွန်တော်တို့မထင်ပါဘူး။ အင်တာနက်လိုင်းအမြန်လမ်းမကြီးပေါ်လာပေမယ့် အာမခံကို Online ကနေမှ မဝယ်နိုင်သေးတာ" စားသုံးသူတို့ထံမှ ခြားနားသောအမြင်များဖြစ်ပါသည်။

ကိုဝင်းသိန်းကဲ့သို့ အခြေခံလူတန်းစားခရီးသွားများအတွက် အာမခံဆိုသည့် အသုံးအနှုန်းကို မသိရှိနိုင်ရသေးသည်အထိ သတင်းအချက်အလက်က ဈေးကြီးဆဲ၊ အလှမ်းကွာဆဲ ဖြစ်ပါသည်။

စီးပွားရေးပညာရှင်တစ်ဦး၏ အဆိုအရမူ နိုင်ငံတကာတွင် Transaction Cost ဟုခေါ်ဆိုသည့် မလိုလားအပ်သော ကုန်ကျစရိတ်များမြင့်တက်လာရခြင်းမှာ သတင်းအချက်အလက်များ ဈေးကြီးသောကြောင့် သို့မဟုတ် သတင်းများဝှက်ထားမှုကြောင့်ဟု ထောက်ပြဝေဖန်ကြသည်။

သတင်းအချက်အလက်ဈေးကြီးသည်ဆိုခြင်းမှာ မည်သူက လုပ်ငန်းများလုပ်ကိုင်ခွင့်ရှိသည်၊ မည်သို့ခွင့်ပြုသည်၊ မည်သူဆုံးဖြတ်သည် စသည့်အချက်အလက်များကို မသိရသောကြောင့် စမ်းတဝါးဝါးအဆင့်နှင့် သွားရင်း ကုန်ကျစရိတ် များစွာဖြစ်ပေါ်ခြင်းကို ဆိုလိုပြီး ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားကို စီးပွားရေးလုပ်ငန်းနယ်ပယ်၏ အမြန်နှုန်း ရောက်ရှိစေရန် တွန်းအားပေးရာတွင် ကိစ္စရပ်တစ်ခုချင်းစီအတွက် တည်ရှိသည့်ကုန်ကျ စရိတ်လည်း ဖြစ်သည်။

## ရိုးရာမှ ဈေးကွက်သို့

မည်သို့ပင်ဖြစ်စေ လာမည့် ၂၀၁၀ ခုနှစ် AFTA ဧရိယာအရ မြန်မာနိုင်ငံ သည် Competitive Advantage ခေါ် နိုင်ငံ၏ ပြိုင်ဆိုင်နိုင်စွမ်းရည်ကို အာဆီယံ ၁၀ နိုင်ငံတွင် ယှဉ်ပြိုင်လာရတော့မည်ဖြစ် ပြီး ပြိုင်ဆိုင်နိုင်စွမ်းရည်ကို အဟန့်အတားဖြစ်စေမည့်စနစ်များကို ခေတ်နှင့်အညီ ပြုပြင်ရမည်လည်း ဖြစ်သည်။

"သက်ဆိုင်ရာဌာနတွေ အကူအညီပေးရင် ပေးသလောက် အာမခံက အောင်မြင်ပါတယ်။ သင်္ဘောသားအာမခံ အောင်မြင်တာက ရေကြောင်းဦးစီးဌာနက အများကြီး ကူညီပေးလို့ပါ။ မြေအန္တရာယ်အာမခံ အောင်မြင်တာလည်း သက်ဆိုင်ရာဒေသ အာဏာပိုင်တွေ ပူးပေါင်းကူညီလို့ပါ။ အာမခံအမျိုးအစား ၄၅ မျိုးလောက်ရှိတာမှာ ကျွန်တော်တို့ဝန်ထမ်းက တစ်ထောင်ကျော်လောက်ပဲရှိတယ်။ ၄၅ မျိုးကို ဒီတစ်ထောင်ကျော်နဲ့ တစ်နိုင်ငံလုံး လိုက်လုပ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ခရီးသွားအာမခံဆိုရင်လည်း မ.ထ.သ က အများကြီး အကူအညီပေးတော့ အောင်မြင်တယ်" ဟု မြန်မာ့အာမခံလုပ်ငန်း၏အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက ၂၀၀၇ ခုနှစ် ဒီဇင်ဘာလအတွင်း တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားသည်။

မြန်မာ့အာမခံလုပ်ငန်း၏ဆောင်ပုဒ်သည် 'မြန်မာ့အာမခံသည် ပြည်သူ့အတွက်' ဟု ဖွင့်ဆိုထားရာ မည်ရွေ့မည်မျှ ပြည်သူ့အတွက် ဆောင်ကြဉ်းလာနိုင်မည် ဆိုသည်ကို စောင့်ကြည့်ရမည်လည်း ဖြစ်ပါသည်။

"မြန်မာ့အာမခံလုပ်ငန်းက အရမ်းအောင်မြင်နေတာ နှစ်ခုရှိပါတယ်။ သင်္ဘောသားအသက်အာမခံနဲ့ မြေအန္တရာယ်အာမခံတွေပါ။ ကမ္ဘာမှာ ဒီလိုအာမခံမျိုးမရှိသေးဘူး။ ကျန်တာတွေလည်း အသင့်အတင့်ပဲ အောင်မြင်ပါတယ်။ အောင်မြင်တဲ့အထဲမှာ ခရီးသွားအာမခံလည်းပါတယ်" ဟု မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတို့က ပြောကြားသည်။

လွန်ခဲ့သောငါးနှစ်က မြန်မာနိုင်ငံကို လာရောက်လည်ပတ်သော နိုင်ငံခြားသားဧည့်သည်များ သံရုံးတွင် ဗီဇာဝင်သည့်အခါတွင် အာမခံရောင်းချရန် ကြိုးစားခဲ့ဖူးကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

"ဒါပေမဲ့ အဲဒါမအောင်မြင်ခဲ့ဘူး။ အဲဒါသာအောင်မြင်ရင် နိုင်ငံအတွက်လည်း နိုင်ငံခြားဝင်ငွေတွေ အများကြီးရမယ်။ တစ်ခုခုဖြစ်ရင် ကျွန်တော်တို့က ဒေါ်လာနဲ့ လျော်နိုင်တယ်" ဟုလည်း ၎င်းက ရှင်းပြခဲ့သည်။

"ကျွန်မက ရှေ့လထဲမှာ ဂျာမနီကို သင်တန်းတစ်ခုသွားတက်မှာ။ ဗီဇာစဝင်ဖို့ လုပ်ကတည်းက သူတို့က ခရီးသွားအာမခံဝယ်ဖို့ဆိုပြီး ကြိုတင်အသိပေးတာတွေရှိတယ်" ဟု ဘာလင်သို့သွားရောက်ရန် ပြင်ဆင်နေသူတစ်ဦးက ရှင်းပြခဲ့သည်။

ဂျာမနီနိုင်ငံတွင်သာမက အမေရိကန်ပြည်ထောင်စုရှိ တက္ကသိုလ်ကျောင်းများသို့ တက်ရောက်ကြသော မြန်မာကျောင်းသားများကိုလည်း အာမခံဝယ်ယူပြီးမှသာ ကျောင်းဝင်ခွင့်လက်ခံလေ့ရှိသည် ဟုလည်း ဘာကလေတက္ကသိုလ်တွင် တက်ရောက်ခဲ့သူ ဦးရဲနိုင်မိုးက ရှင်းပြသည်။

**သက်ဆိုင်ရာဌာနတွေ အကူအညီပေးရင် ပေးသလောက် အာမခံက အောင်မြင်ပါတယ်။ သင်္ဘောသားအာမခံ အောင်မြင်တာက ရေကြောင်းဦးစီးဌာနက အများကြီး ကူညီပေးလို့ပါ။ မြေအန္တရာယ်အာမခံ အောင်မြင်တာလည်း သက်ဆိုင်ရာဒေသ အာဏာပိုင်တွေ ပူးပေါင်းကူညီလို့ပါ။**

www.foreverspace.com.mm

"ဟုတ်ပါတယ်။ အခု မြန်မာတွေ ပြင်သစ်၊ ဂျာမနီ သွားမယ်ဆိုတဲ့အခါ အာမခံမပါရင် လက်မခံဘူး။ သူတို့ နိုင်ငံခြား သွားချင်လို့ ဗီဇာလျှောက်တဲ့အခါ အာမခံထားရတယ်။ သူတို့က မြန်မာ့အာမခံမှာ ထားခိုင်းတာမဟုတ်ဘူး။ ဘန်ကောက်တို့ ဘာတို့က ကုမ္ပဏီတွေမှာ ထားခိုင်းတာ" ဟု မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

## ကြိုမသိနိုင်သောအန္တရာယ်အတွက် အရံအတား

အမှန်စင်စစ် အာမခံသည် လူသားတို့ လှုပ်ရှားရုန်းကန်သွားလာနေရသော ဘဝကြီးထဲတွင် ကြိုတင်ကာကွယ်နိုင်သော အန္တရာယ်များရှိသလို ကြိုတင်မသိနိုင်၊ မကာကွယ်နိုင်သောအန္တရာယ်များရှိရာ ယင်းတို့အတွက် အရံအတားတစ်ခုသဖွယ်ပင် ဖြစ်သည်။

ကြိုတင်မသိနိုင်၊ မကာကွယ်နိုင်သောအန္တရာယ်ကျရောက်မှုတို့ကြောင့် လူကိုယ်တိုင်သာမက လူနှင့်ဆက်နွှယ်သော ပိုင်ဆိုင်မှု၊ ခန္ဓာကိုယ်အစိတ်အပိုင်းများပျက်စီးဆုံးရှုံးမှုတို့အတွက် အာမခံဆိုသောဝန်ဆောင်မှုက လိုအပ်လာပြီ ဖြစ်ပါသည်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလအတွင်း အင်းလေးကန်ထဲတွင် အီတလီဧည့်လမ်းညွှန်တစ်ဦး ရေနစ်သေဆုံးမှုအပြီး မြန်မာဧည့်လမ်းညွှန်များသည် အာမခံထားရှိသူများ များပြားလာသည်ဟုလည်း အီတလီဧည့်လမ်းညွှန် ကိုစံမြင့်က ပြောကြားသည်။

"အဲဒီဧည့်လမ်းညွှန်က အာမခံမထားတဲ့အတွက် ဘာလျော်ကြေးမှမရလိုက်ဘူး။ ကျွန်တော်တို့ဘဝက လက်တွေ့ သွားလာလှုပ်ရှားနေရတာ၊ သေချင်လည်းသေမယ် မပြောနိုင်ဘူး။ Risk က များတယ်" ဟု ကိုစံမြင့်က ရှင်းပြသည်။

ဖေဖော်ဝါရီလ ၁၉ ရက် ပူတာအိုလေဆိပ်တွင် Air Bagan ၏လေယာဉ် ပြေးလမ်းချော်မှုတွင် ကိုယ်တွေ့ကြုံခဲ့ရသူ Tour Operator တစ်ဦးက ကျွန်တော်တို့ရဲ့အလုပ်တာဝန်တွေဟာ မမြင်ရတဲ့အန္တရာယ်တွေ ဘယ်လိုမျိုးမဆို အချိန်မရွေးကျရောက်နိုင်တယ်ဆိုတာ သတိပေးလိုက်သလိုပါပဲ" ဟု ပြောကြားသည်။

မြန်မာနိုင်ငံအနှံ့ ခရီးသွားလုပ်ငန်းများတွင်သာမဟုတ် နေ့စဉ်ကျင်လည်နေရသော မြန်မာနိုင်ငံသားတို့၏ဘဝများတွင် မမြင်နိုင်သောအန္တရာယ်များက များစွာရှိနေဆဲ ဖြစ်ပါသည်။

## အာမခံပေးနိုင်မည့် အာမခံ

စိမ့်နေအောင်ချမ်း၍ ညို့နေအောင် မှိုင်းနေသော ထိုနေ့နံနက်ခင်းတွင် သေဆုံးသူ၊ ဒဏ်ရာရရှိသူ ခရီးသွားတို့၏ဆွေမျိုးများဖြင့် ညောင်လေးပင်ဆေးရုံပရဝဏ်သည် စည်ကားနေခဲ့သည်။

ခတ်မှန်ရိုက်ပြီးချိန်တွင် ကိုဝင်းသိန်းကို ဆေးရုံမှ သူနာပြုများကဖေးမ၍ တွန်းလှည်းပေါ်တင်လိုက်ကြသည်။ နာကျင်မှုကြောင့် သူ၏နှုတ်မှ ညည်းတွားသံများ ထွက်ပေါ်လာသည်။ ခတ်မှန်ခန်းနှင့် အမျိုးသားဆောင်ကြား မိန်းလမ်းမှ ဝိုင်းကြည့်နေသူများသူ့အတွက် လမ်းရှင်းပေးသဖြင့် သူ့တွန်းလှည်းသည် တရွေ့ရွေ့ ထွက်လာသည်။

တွန်းလှည်းဝင်လာသော ကော်ရစ်ဒါမှတစ်ဆင့် ဆေးရုံအောက်ထပ် အမျိုးသားဆောင်သို့အဝင်သည် အနည်းငယ် မှောင်ရိပ်သန်းနေသည်။ ယာဉ်တိုက်မှုကြောင့် ပြောဆိုဆွေးနွေးနေကြသည့် လူနာကြည့်ပရိသတ်၏ဆွေးနွေးသံများနှင့် သူနာပြုဆရာမတို့၏ ခပ်တိုတိုခပ်ပြတ်ပြတ် စကားသံတို့ကိုလည်း ကြားနေရသည်။

ကိုဝင်းသိန်းက တလိပ်လိပ်လှိုက်တက်လာပြီး တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားနေသော နာကျင်မှုတစ်မျိုးကို ခံစားနေရသည်။ သူနှင့် သူ့မိသားစုသည် တောကျွဲအင်းအနီး သံပုရာခွံဆိုက်မှ တိုက်ကြီးကအိမ်သို့ပြန်လာခဲ့ကြခြင်းဖြစ်သည်။ ကားရှေ့ပိုင်းတွင် လိုက်ပါခဲ့မိသော နံ့ချာသည့် သူ၏ကံကြမ္မာက ဖိစီးနှိပ်စက်၍ အိမ်မရောက်မီ ဆေးရုံခုတင်ပေါ်တွင် လဲလျောင်းနေရသည်။

ယခုအချိန်တွင် ဆေးရုံမှ ဒဏ်ရာသက်သာ၍ ဆင်းလျှင်ပင် အိမ်ပြန်ရမည်လော၊ အလုပ်ခွင်ထဲသို့ ပြန်ဝင်ရမည်လော မဝေခွဲတတ်။ ချီတုံချတုံ ဖြစ်နေမိသည်။

အာမခံချက်မရှိသော သူတို့မိသားစု၏အိမ်အပြန်ခရီးက ဝေးလွန်းလှသည်ဟု ထင်ရသည်။

"သေတဲ့သူက တစ်မျိုးပြီးသွားသေးတယ်။ ကျွန်တော်တို့မှာ ဘယ်လိုဆက်ပြီး နေထိုင်စားသောက်ရမယ်ဆိုတာကို မသိတော့ဘူး" ဟု ကိုဝင်းသိန်းက ဆိုသည်။

**တင်အောင်ကျော်**



www.foreverspace.com.mm






# အာဆီယံသဘောတူညီချက်နှင့် မြန်မာ့အလှကုန်ပစ္စည်းဈေးကွက်ပါရာဒိုင်းသစ်

မြနှင်းအေး

အာဆီယံအဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်း အလှကုန်ပစ္စည်းများ ထိန်းချုပ်ကန့်သတ်ရေး စီမံချက် (ASEAN Harmonized Cosmetic Regulatory Scheme) ကို ၂၀၀၃ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ကျင်းပခဲ့သည့် (၃၅) ကြိမ်မြောက် အာဆီယံဒေသတွင်း စီးပွားရေးဆိုင်ရာ ဝန်ကြီးများအဆင့် တွေ့ဆုံဆွေးနွေးပွဲတွင် တရားဝင်သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ယခု ၂၀၀၈ ခုနှစ်တွင် အဆိုပါသဘောတူညီချက်ကို မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ အားလုံးတွင် စတင်အကောင်အထည်ဖော်လျက်ရှိရာ စံသတ်မှတ်ချက်မရှိခဲ့သော မြန်မာ့အလှကုန်ပစ္စည်းရောင်းဝယ်ရေးဈေးကွက်အတွက် အချိုးအကွေ့အပြောင်းအလဲပါရာဒိုင်းသစ်တစ်ခုသို့ ရောက်ရှိတော့မည်ဟုဆိုရပေမည်။

www.foreverspace.com.mm

၂၀၀၃ ခုနှစ်တွင် သဘောတူညီခဲ့သော အာဆီယံဒေသတွင်း အလှကုန်ပစ္စည်း ထိန်းချုပ်ရေးစီမံချက်ကို အကောင်အထည်ဖော်ရန်အတွက် အာဆီယံနိုင်ငံများအားလုံးနှင့်သင့်လျော်မည့် အာဆီယံအလှကုန်ပစ္စည်းများအတွက် ညွှန်ကြားချက် (ASEAN Cosmetic Directive) ကို အာဆီယံဒေသတွင်းနိုင်ငံများမှ တာဝန်ရှိသူများ ပူးပေါင်းညှိနှိုင်းရေးဆွဲပြီး ၂၀၀၈ ခုနှစ်တွင် အပြီးသတ် ပြီးစီးခဲ့သည်။

အဆိုပါ အာဆီယံဒေသတွင်း အလှကုန်ပစ္စည်းများ ထိန်းချုပ်ကန့်သတ်ရေးစီမံချက်၏ အဓိကရည်ရွယ်ချက်မှာ အာဆီယံနိုင်ငံများ၌ ရောင်းချနေသော ပြည်တွင်းထုတ် အလှကုန်ပစ္စည်းများ သို့မဟုတ် ပြည်ပမှတင်သွင်းသည့် အလှကုန်ပစ္စည်းများ၏ အရည်အသွေးမြင့်ထုတ်လုပ်မှုပုံစံ တစ်ပြေးညီဖြစ်စေရန်၊ သုံးစွဲသူဘေးကင်းစေရန်၊ အာဆီယံနိုင်ငံအချင်းချင်းအကြား အလှကုန်များ အပြန်အလှန်တင်ပို့ရောင်းချနိုင်ရန်နှင့် ယခင်က တစ်နိုင်ငံနှင့် တစ်နိုင်ငံထားရှိသည့် စံသတ်မှတ်ချက်မတူညီမှုအစား တစ်ပြေးညီ စံသတ်မှတ်ချက်ဖြစ်စေရန် စသည်တို့ဆောင်ရွက်ရမည်ဖြစ်ကြောင်း အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း Mr.Ong Keng Yong ၏ ထုတ်ပြန်ချက်အရ သိရသည်။

လူ့ခန္ဓာကိုယ် ပြင်ပအပေါ်ယံအရေပြားအစိတ်အပိုင်းနှင့် အတွင်းအင်္ဂါအချို့ကို သန့်ရှင်းမှုနှင့် ကာကွယ်မှုပေးရန်၊ ပြင်ပလက္ခဏာများ ပုံစံပြောင်းလဲစေရန်နှင့် အနံ့အသက်ကို ပြောင်းလဲမှုပေးနိုင်သည့်ပစ္စည်းများကို အလှကုန်ပစ္စည်းများဟု အဓိပ္ပာယ်ဖွင့်ဆိုကြောင်း အာဆီယံအလှကုန်ပစ္စည်းများ ညွှန်ကြားချက် (ASEAN Cosmetic Directive) တွင် တရားဝင်သတ်မှတ်ဖော်ပြချက်အရ သိရသည်။

## မှတ်တမ်းတင်ရမည်

အာဆီယံဒေသတွင်း အလှကုန်ပစ္စည်းများ ထိန်းချုပ်ကန့်သတ်ရေးစီမံချက် (ASEAN Harmonized Cosmetic Regulatory Scheme) ကို ယခု ၂၀၀၈ ခုနှစ်မှစပြီး အာဆီယံနိုင်ငံများအားလုံးတွင် စတင်အသုံးပြုကာ ဈေးကွက်များအတွင်းရှိ အလှကုန်ပစ္စည်းများအားလုံး စတင်စိစစ်နေပြီဖြစ်သည့်အတွက် အာဆီယံအဖွဲ့ဝင်ဖြစ်သည့် မြန်မာနိုင်ငံတွင်လည်း အလှကုန်ပစ္စည်းစိစစ်ရေး မဖြစ်မနေ စတင်ဆောင်ရွက်တော့မည် ဖြစ်သည်။

"ပြည်တွင်းဈေးကွက်မှာ ရောင်းချနေတဲ့ အလှကုန်ပစ္စည်းတွေအားလုံး မှတ်တမ်းတင်ရပါမယ်။ မှတ်တမ်းတင်တဲ့ အလှကုန်တွေကို ကျွန်တော်တို့ ဇဟိုအစားအသောက်



www.foreverspace.com.mm

နဲ့ ဆေးဝါးများကြီးကြပ်ကွပ်ကဲရေးအဖွဲ့က မှတ်တမ်းတင် အောင်လက်မှတ် ထုတ်ပေးပါ့မယ်။ မှတ်တမ်းမတင်တဲ့ အလှကုန်တွေ ပြည်တွင်းဈေးကွက်မှာ ရောင်းချခွင့်မရှိသလို မှတ်တမ်းမတင်ဘဲရောင်းရင် အရေးယူခံရပါမယ်”ဟု ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဗဟိုအစားအသောက်နှင့် ဆေးဝါးများကြီးကြပ်ကွပ်ကဲရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းက ပြောကြားသည်။

အဆိုပါစီမံချက်အရ ပြည်တွင်း၌ ရောင်းချနေရသော အလှကုန်ပစ္စည်းများအားလုံး မှတ်တမ်းတင် (Notification of Cosmetic Product) ရမည်ဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရခြင်းမှာ ၂၀၁၅ ခုနှစ်တွင်အသက်ဝင်လာမည့် အာဆီယံ လွတ်လပ်စွာကုန်သွယ်မှုနယ်မြေ (ASEAN Free Trade Area-AFTA) သဘောတူညီချက်အရ အာဆီယံနိုင်ငံများအချင်းချင်း အရည်အသွေး၊ စံသတ်မှတ်ချက် တစ်ပြေးညီသော အလှကုန်ပစ္စည်းတင်ပို့ရောင်းချနိုင်ရန်အတွက် အာဆီယံအလှကုန်ပစ္စည်းများ ညွှန်ကြားချက် (ASEAN Cosmetic Directive) ကို ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

“အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအားလုံးမှာ အလှကုန်တွေ စစ်ဆေးစိစစ်မှုလုပ်နေသလို မြန်မာနိုင်ငံမှာလည်း လုပ်ဆောင်နေပြီ။ တကယ်လို့ မြန်မာနိုင်ငံက အလေးမထားဘဲ ငြိမ်သက်နေမယ်ဆိုရင် တခြားအာဆီယံနိုင်ငံတွေကနေ အရည်အသွေးညံ့၊ စံချိန်မမီတဲ့ ပေါပေါလောလောအလှကုန်တွေ ကိုယ့်နိုင်ငံထဲကို လိမ့်ဝင်လာမှာပဲ။ ကိုယ့်ဆီက အလှကုန်တွေကို ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ထားရင် ကိုယ့်ကုန်ပစ္စည်းက တခြားနိုင်ငံတွေလို အရည်အသွေးသတ်မှတ်ချက်မှာ တန်းတူရှိနေမှာပဲ”ဟု ၎င်းက ဆိုသည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အလှကုန်ထုတ်လုပ်သူအနေဖြင့်လည်း ၎င်းတို့၏ ရောင်းကုန်ပစ္စည်းကို သုံးစွဲနေသူများ ပိုမိုစိတ်ဝင်စားမှုရှိစေရေးနှင့် ပိုမိုကောင်းမွန်စေရေးအတွက် ဓာတုပစ္စည်းများ ထည့်သွင်းသုံးစွဲလာကြကြောင်း၊ အလှကုန်ပစ္စည်းများတွင် အများဆုံးအသုံးပြုသော ဓာတုပစ္စည်းများမှာ Phthalates Ethylene Dioxide ၊ 1,4 Dioxane Formaldehyde ၊ Nitrosamines နှင့် Acrylamide တို့ဖြစ်ကြောင်း ‘အလှကုန်ပစ္စည်းနှင့် ကျန်းမာရေး’ ဆောင်းပါးတွင် ရေးသားထားချက်အရ သိရသည်။

မြန်မာနိုင်ငံတွင် အမြတ်အစွန်းကြီးမားသည့် အလှကုန်ပစ္စည်းရောင်းဝယ်ရေးဈေးကွက်ကို စီးပွားရေးသမားအများအပြားက အာရုံကျရင်းနှီးမြှုပ်နှံလာရာ မမှန်ကန်သော နည်းလမ်းများသုံးစွဲပြီး အရည်အသွေးမမီသော အလှကုန်ပစ္စည်းများ ထုတ်လုပ်ပြီး ဈေးကွက်တင်ရောင်းချခြင်း၊ ပြည်ပနိုင်ငံများရှိ နာမည်မရှိ၊ အာမခံချက်မရှိသော အလှကုန်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီများနှင့် ဆက်သွယ်ကာ အလှကုန်ပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းရောင်းချခြင်း စသည့် ငွေကြေးအမြတ်ကိုသာ အာရုံထားပြီး ကျန်းမာရေးညီညွတ်မှုမရှိသောအလှကုန်ပစ္စည်းများကြောင့် ဝယ်ယူသုံးစွဲသူများ အရေပြား ပျက်စီးထိခိုက်ရသော ဖြစ်ရပ်များစွာ ရှိနေသည်။

အသားအရေအားဖြင့် အဖြူဘက်တွင်ရှိသည့် မပြည့်ပြည့် (နာမည်ရင်း



www.foreverspace.com.mm

မဟုတ်ပါ) ၏မျက်နှာမှာ နီမြန်းနေပြီး အသားပတ်သကဲ့သို့ မျက်နှာပြင်အနှံ့ အဖြူရောင်အဖတ်များ ဖြစ်ပေါ်နေသည်။ ရန်ကုန်မြို့တော်၏ အထင်ကရဈေးကြီးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းဈေးမှ နာမည်ကျော် အလှကုန်ပစ္စည်းအမှတ်တံဆိပ် မိတ်ကပ်ဘူးကို ဝယ်ယူသုံးစွဲပြီးသည့်နောက်ပိုင်း ရက်သတ္တပတ်အကြာ ၎င်း၏မျက်နှာမှာ နဂိုမူလမဟုတ်ဘဲ အသားအရေများ ပျက်စီးသွားခြင်းဖြစ်ကြောင်း ၎င်းကဆိုသည်။

"အရင်တုန်းက မိတ်ကပ်ဝယ်ရင် ကုန်တိုက်တွေက ကောင်တာမှာ သွားဝယ်တာများတယ်။ ဈေးကိုရောက်တုန်း အတူတူပါပဲဆိုပြီး ဝယ်လိုက်တာ။ စလိမ်းတုန်းက ဘာမှမဖြစ်ဘူး။ လိမ်းရင်း မျက်နှာကယားလာတယ်။ လိမ်းထားရင် မျက်နှာကြီးပူနေတာ။ ဘာမှမဖြစ်ဘူးဆိုပြီး ဒီအတိုင်းဆက်လိမ်းတာ။ ဒီလိုမျက်နှာဖြစ်သွားတာပဲ။ ခု မျက်နှာမှာ ဘာမှမလိမ်းဘူး။ အရေပြားဆရာဝန်ညွှန်ထားတဲ့ ဆေးပဲလိမ်းတယ်။ တော်ပါပြီ၊ နောက်ဝယ်မလိမ်းရဲတော့ဘူး" ဟု ၎င်းက ပြောကြားသည်။

အရည်အသွေးစံချိန်စံညွှန်းမမီသော အလှကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲမိရာမှ မပြည့်ပြည့်ကဲ့သို့ပင် အရေပြားပျက်စီးသွားသည့်သူ အများအပြားရှိကြောင်း၊ မိမိသုံးစွဲမည့်အလှကုန် မည်သည့်အမျိုးအစားကိုမဆို သေချာစမ်းသပ်ကာ မဝယ်ယူပါက ခါတ်မတည့်ခြင်း၊ အရေပြားလောင်ကျွမ်းခြင်း စသည်တို့ ဖြစ်ပေါ်စေသည့်အပြင် ကင်ဆာရောဂါပါ ဖြစ်ပေါ်စေနိုင်ကြောင်း International Health and Beauty Centre (IHBC) မှ အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာစိုးဝင်းဦးက ဆိုသည်။

"အလှကုန်ပစ္စည်းသုံးရင်း မျက်နှာကြီးမည်းသွားလို့ နဂိုမူလမျက်နှာပြန်ဖြစ်ဖို့ လာပြကြတဲ့သူတွေ အများကြီးပဲ။ မိတ်ကပ်တံဆိပ်နှစ်မျိုးကြောင့် ဖြစ်တာများတယ်။ လာပြတဲ့လူတွေကို မေးကြည့်တော့ အဲဒီမိတ်ကပ်တွေကို သုံးလေးနှစ်လိမ်းပြီး မျက်နှာကြီးမည်းလာမှ ကိုယ်နဲ့မတည့်တဲ့ မိတ်ကပ်မှန်း သိကြတာများတယ်။ အပေါ်ယံအရေပြားပျက်စီးတာက ဆေးလိမ်းလို့ပျောက်သေးတယ်။ ဒါပေမဲ့ နူတ်ခမ်းနီလို ခဲပါဝင်မှုများတဲ့ အလှကုန်မျိုးဆို နူတ်ခမ်းမှာ ဆိုးလိုက်တိုင်း ဗိုက်ထဲရောက်တယ်။ ကင်ဆာရောဂါ ဖြစ်နိုင်တယ်။ ကင်ဆာဆိုတာ ဖြစ်မှသိမှာ။ နောက်ကျနိုင်တယ်။ ကင်ဆာဆိုရင် ကုရခက်ပြီ" ဟု ၎င်းက ရှင်းပြသည်။

## စံချိန်စံညွှန်းနှင့် အရည်အသွေးက အရေးကြီး

အရည်အသွေးအာမခံချက်မရှိသော အလှကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲခြင်းကြောင့် တစ်ခဏတာအလှအပအတွက် တစ်ဘဝစာပေးဆပ်ရခြင်းသည် လှပချင်သူတို့အတွက် ပိုက်ဆံကုန်၊ ကျန်းမာရေးထိခိုက်စေသော နစ်နာဆုံးရှုံးမှုမျိုးဖြစ်စေသည်ဆိုလျှင် မမှားနိုင်ပါ။ စံချိန်စံညွှန်းနိမ့် အလှကုန်ပစ္စည်းများကြောင့် ကျန်းမာရေးထိခိုက်သည့်ဖြစ်ရပ်များ ဖြစ်ပွားရခြင်းမှာ ပြည်တွင်းဈေးကွက်ရှိ အလှကုန်ပစ္စည်းများနှင့်ပတ်သက်၍ စံသတ်မှတ်ချက်မရှိခြင်းနှင့် စီးပွားရေးအရ အမြတ်အစွန်းအဓိကထားပြီး စံချိန်စံညွှန်းမမီသော အလှကုန်ပစ္စည်းများ၊ ရက်လွန်အလှကုန်ပစ္စည်းများကို တရားမဝင်လမ်းကြောင်းမှ အများအပြားတင်သွင်းရောင်းချနေကြသော စီးပွားရေးသမားများကြောင့်ဖြစ်သည်။

"စံချိန်စံညွှန်းမမီတဲ့ အလှကုန်တွေ ဈေးကွက်မှာ ပုံစံအမျိုးမျိုးနဲ့ ရောင်းကြတယ်။ ဆိုင်ပေါ်မှာ တင်ရောင်းကြသလို အရောင်းမြှင့်တင်ရေးဆိုပြီး အလှကုန်ခြင်းတွေဆွဲပြီး လူစည်ကားတဲ့နေရာတွေမှာ လိုက်ရောင်းကြတာလည်း ရှိတယ်။ ပုံစံအမျိုးမျိုးနဲ့ကို ရောင်းကြတာ။ နောက်ပြီး အိမ်နီးချင်းနိုင်ငံတွေက ရက်လွန်အလှကုန်တွေကို ဒီမှာ ဈေးပေါပေါနဲ့ ပြန်ရောင်းတာမျိုးလည်းရှိတယ်"ဟု ယုဇနပလာဇာမှ အလှကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက အလှကုန်ဈေးကွက်အခြေအနေကို ရှင်းပြသည်။

ပြည်တွင်းထုတ် အလှကုန်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးကမူ ၎င်းတို့ထုတ်လုပ်သည့် အလှကုန်ပစ္စည်းများ၏ ကုန်ကြမ်းများ ဈေးနှုန်းတက်လာသော်လည်း ဝယ်ယူသုံးစွဲသူ လျော့နည်းသွားကာ ဈေးကွက်ထိခိုက်နိုင်မည်ကို စိုးရိမ်သဖြင့် ရောင်းချသည့်ဈေးနှုန်းကို မပြောင်းဆင်ရဲဘဲ ယခင်ဈေးအတိုင်းသာ မေး၍ရောင်းချနေရကြောင်း၊ သို့ရာတွင် အိမ်နီးနားချင်းနိုင်ငံမှ ဝင်ရောက်သည့် အရည်အသွေးမကောင်းသော အလှကုန်ပစ္စည်းများကြောင့် ဈေးကွက်ပျက်ကာ အဝယ်ထိုင်းပြီး တွက်ခြေမကိုက်ဖြစ်ရကြောင်း ပြောကြားသည်။

ဈေးကွက်တွင် အချို့သော အလှကုန်ပစ္စည်းများမှာ ထုတ်လုပ်မှုကုန်ကျစရိတ်အားဖြင့် မကြီးမားလှသော်လည်း ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းအပါအဝင် မီဒီယာကြော်ငြာအားကို အသုံးပြုကာ ဈေးကွက်တွင်း ခြယ်လှယ်ကာ ဈေးကွက်ပြိုင်ဆိုင်ရယူလိုသောကြောင့် မီဒီယာကြော်ငြာစရိတ်ကာမိအောင် ထုတ်လုပ်မှုစရိတ်လျှော့ချဆောင်ရွက်မှုများရှိသည့်အတွက် ပစ္စည်းအရည်အသွေးပိုင်း လျော့ကျမှုများ ဖြစ်ပေါ်တတ်သည်။

"ခုပြည်တွင်းဈေးကွက်က ဘယ်ပစ္စည်းမဆို တရားဝင်တင်သွင်းတာနဲ့အပြိုင် တရားမဝင် ကုန်ပစ္စည်းတင်သွင်း (parallel import) ပြီး ရောင်းကြတယ်။ တံဆိပ်ရိုက် ရောင်းကြတယ်။ Parallel Import ကြောင့် တရားဝင်လမ်းကြောင်းက တင်သွင်းသူရော၊ သုံးစွဲသူရော ထိခိုက်တယ်။ ဒါပေမဲ့ အလှကုန်မှာ ဒီလိုမဟုတ်ဘူး။ အလှကုန်ဆိုတာ လူ့အရေပြားပေါ်မှာ သုံးစွဲရတာဆိုတော့ ဗဟုသုတသိပ်မရှိတဲ့လူ၊ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်မှုနည်းတဲ့လူတွေကလွဲလို့ တံဆိပ်ရိုက်အလှကုန်ဆိုရင် သတိထားဝယ်တာများတယ်။ အရေပြားပေါ်မှာလိမ်းရတာဆိုတော့ စမ်းသုံးမယ်၊ ကိုယ်နဲ့ အဆင်မပြေရင် ဆက်မသုံးတော့

www.foreverspace.com.mm

ဘူး။ အဲဒီတော့ တံဆိပ်ရိုက်အလှကုန်ဈေးကွက် မကြီးထွားနိုင်ဘူး” ဟု နာမည်ကြီးပြည်ပအမှတ် တံဆိပ်အလှကုန်ကုမ္ပဏီတစ်ခုမှ စီးပွားရေးဘွဲ့ရရှိထားသူ ဈေးကွက်မန်နေဂျာတစ်ဦးက အလှကုန်ဈေးကွက်ကို သုံးသပ်ပြောကြားသည်။

၎င်းက ဆက်လက်၍ ၎င်းတို့၏ကုန် ပစ္စည်းများဈေးကွက်ဝေစုရရှိစေရန် အ ရောင်းမြှင့်တင်ရေးပွဲများ မကြာခဏ ပြုလုပ်ရကြောင်း၊ အရောင်းမြှင့်တင်ရေးပွဲများ ပြုလုပ်သော်လည်း ရောင်းအားတက်မလာပါက ပစ္စည်းဈေးကို အနည်းငယ်ပြန်လည်လျှော့ချ ပေးရသည့်အခါလည်းရှိကြောင်း၊ ပြည်ပအလှကုန်အမှတ်တံဆိပ်များ၏ အဓိကဈေးကွက်မှာ ရန်ကုန်မြို့တော်နှင့် မန္တလေးမြို့တော်တွင်သာရှိကြောင်း ပြောကြားသည်။

ယင်းကဲ့သို့ဖြစ်ရခြင်းမှာ အရည်အသွေးစံချိန်မီသည်ဟုဆိုသော အဆိုပါ ပြည်ပအလှကုန်ပစ္စည်းများ၏ ဈေးနှုန်းမှာ ကျပ်သောင်းဂဏန်းမှ ကျပ်သိန်းဂဏန်းအထိ ဈေးကြီးမြင့်သောကြောင့် အထက်တန်းလွှာများနှင့် လူလတ်တန်းစားများသာ ဝယ်ယူသုံးစွဲနိုင်ခြင်းကြောင့်ဖြစ်ပြီး ဝင်ငွေနည်းလူတန်းစားများနှင့် အလှကုန်ပစ္စည်းအတွက် ငွေကြေးအကုန်မခံနိုင်သော နယ်ဒေသများ၌မူ ငွေကြေးရာဂဏန်း၊ ထောင်ဂဏန်းမျှဖြင့် ဝယ်ယူရရှိနိုင်သော အလှကုန်ပစ္စည်းများကိုသာ ရွေးချယ်ဝယ်ယူ အသုံးပြုကြသည်။

## ရာသီဥတုနှင့်ကိုက်ညီရန်လည်းလို

အလှကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှုများတွင် ရောင်းချမည့်ဈေးကွက်အနေအထားကို တွက်ဆရသကဲ့သို့ နေထိုင်ရာနေရာဒေသ၏ ရေမြေသဘာဝ၊ ရာသီဥတုအနေအထားများကိုလည်း ထည့်သွင်းတွက်ချက် စဉ်းစားသုံးသပ်ရန်လည်း လိုအပ်ပါသည်။

ဈေးနှုန်းနိမ့်အလှကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် အရည်အသွေးမမီသော အလှကုန်ပစ္စည်းများရှိသကဲ့သို့ ဈေးနည်းသော်လည်း အရည်အသွေးစိတ်ချရသော အလှကုန်ပစ္စည်းများလည်းရှိကြောင်း၊ ဈေးနှုန်းကြီးမြင့်သော ပြည်ပမှတင်သွင်းသည့် အလှကုန်များတွင် ပေးရသည့်တန်ဖိုးအတိုင်း အရည်အသွေးမီသော အလှကုန်များရှိသော်လည်း ပြည်ပနိုင်ငံများတွင်ထုတ်လုပ်သည့် အလှကုန်ပစ္စည်းများမှာ ယင်းနိုင်ငံ၏ ရာသီဥတုအလိုက် ထုတ်လုပ်ထားခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် မကိုက်ညီသည့် အလှကုန်များလည်းရှိကြောင်း၊ အအေးပိုင်းနိုင်ငံတစ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တင်သွင်းရောင်းချနေသည့် ဈေးကွက်တွင်းမှ အလှကုန်တစ်မျိုးမှာ ပူပြင်းသည့် မြန်မာနိုင်ငံ၏ ရာသီဥတုကြောင့် ပါဝင်ဓာတ်ပစ္စည်းပြယ်ကာ ယင်းအလှကုန်ကို လိမ်းမိပါက အသားများပူခြင်း၊ ယားခြင်းများဖြစ်ပေါ်ကြောင်း၊ ယင်းကြောင့် အချို့အလှကုန်များမှာ ဈေးနှုန်းကြီးမြင့်စွာပေးရသော်လည်း စံချိန်မမီသည့် အလှကုန်များလည်းရှိကြောင်း အလှပြုပြင်ရေးဆိုင်ဖွင့်လှစ်ထားသူတစ်ဦးက ဆိုသည်။

ဗဟိုအစားအသောက်နှင့် ဆေးဝါးများကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ အလှကုန်ပစ္စည်းများ မှတ်တမ်းတင်လက်မှတ် ထုတ်ပေးမည့်အစီအစဉ်သစ်ကြောင့် ပြည်တွင်းဈေးကွက်တွင် အလှကုန်ပစ္စည်းများအရည်အသွေးမီထုတ်လုပ်လာနိုင်မည်ဖြစ်သကဲ့သို့ ပြည်ပမှတင်သွင်းသည့် အလှကုန်ပစ္စည်းများ၏ အရည်အသွေးကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းက ဆိုသည်။

“အလှကုန်ဆိုပြီး အမည်ခံထားတဲ့ကုန်ပစ္စည်းတွေမှန်သမျှ မှတ်တမ်းတင်လက်မှတ်ရှိရမယ်။ သနပ်ခါးကစပြီး အလှကုန်ပစ္စည်းတွေအားလုံး ကျန်းမာရေးဝန်ကြီးဌာနမှာ မှတ်တမ်းတင်ရမှာပါ။ မှတ်တမ်းတင်တယ်ဆိုတာက ရောင်းချတဲ့အလှကုန်ပစ္စည်းတွေမှာပါတဲ့ ဓာတုပစ္စည်းတွေကို စိစစ်တာပါပဲ။ ဥပမာ–သနပ်ခါးက အချိန်ကြာရင် ပုပ်သွားတယ်။ သနပ်ခါးကို မပုပ်အောင်ထိန်းသိမ်းတဲ့ ရွှံ့တစ်မျိုးကို ထည့်ပြီး ရောင်းကြတယ်။ အဲဒီရွှံ့ကို မှတ်တမ်းထဲမှာ ဖော်ပြရမယ်။ အာဆီယံက သတ်မှတ်ထားတဲ့ အလှကုန်မှာပါဝင်ရမယ့် ဓာတ်ပစ္စည်း ၁၁၃၆ မျိုးကို ကျွန်တော်တို့က စစ်မယ်။ ဘေးအန္တရာယ်မရှိဘူးဆိုရင် လက်မှတ်ထုတ်ပေးမယ်” ဟု ၎င်းကရှင်းပြသည်။



www.foreverspace.com.mm



သနပ်ခါးကဲ့သို့သော အလှကုန်ပစ္စည်းများပင် တရားဝင်စစ်ဆေးပြီး ထောက်ခံချက်ဖြင့် ရောင်းချစေမည့် အစီအစဉ်မှာ အလှကုန်ပစ္စည်းသုံးစွဲသူများအတွက် အရည်အသွေးစံချိန်စံညွှန်းသာမက ကျန်းမာရေးရှုထောင့်အရပါ အထူးကောင်းမွန်စေသည့် အစီအစဉ်ကြီးတစ်ရပ်ဟု ဆိုရပေမည်။

ဗဟိုအစားအသောက်နှင့်ဆေးဝါးများကြီးကြပ်ကွပ်ကဲရေးဌာန၏ အလှကုန်ပစ္စည်းမှတ်တမ်းတင်ရမည့် အစီအစဉ်သစ်ကြောင့် ပြည်တွင်းအလှကုန်ပစ္စည်းရောင်းဝယ်ရေးဈေးကွက်ပါရာဒိုင်းသစ်ဖြစ်ပေါ်တော့မည်ဖြစ်ကြောင်း၊ ယင်းကြောင့် အရည်အသွေးစံချိန်မီတင်သွင်းထုတ်လုပ်ကြရန် လိုအပ်ကြောင်း၊ ယင်းအလှကုန်ပစ္စည်းသုံးစွဲမည့်သူများအတွက်လည်း ယုံကြည်စိတ်ချရသောအလှကုန်ပစ္စည်းများသာ ဈေးကွက်တွင် မြင်တွေ့ရဖွယ်ရှိကြောင်း ပြည်တွင်းအလှကုန်ထုတ်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းဈေးကွက်တွင် ရောင်းချနေသည့် ပြည်တွင်းပြည်ပအလှကုန်များအားလုံးကို သေချာစွာစိစစ်သွားမည်ဖြစ်ကြောင်း၊ အလှကုန်ပစ္စည်းတင်သွင်းထုတ်လုပ်ရောင်းချနေသည့် လုပ်ငန်းရှင်များအနေဖြင့်လည်း ဗဟိုအစားအသောက်နှင့် ဆေးဝါးများကြီးကြပ်ကွပ်ကဲရေးအဖွဲ့နှင့် ပူးပေါင်းရန်လိုအပ်ကြောင်း အဆိုပါအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းက ဆိုသည်။

"ဌာနက မှတ်တမ်းတင်တဲ့အလှကုန်တွေမှာပါတဲ့ ဓာတုပစ္စည်းတွေကို သေချာစိစစ်မယ်။ ဥပမာ–အသားဖြူစေတယ် ဆိုတဲ့ မျက်နှာသစ်ဆေးတွေမှာ အသားဖြူအောင်ဆိုပြီး အဓိကသုံးရတဲ့ ဟိုက်ဒရိုကွီနုံး (Hydroquinone) တွေထည့်တယ်။ တချို့ အလှကုန်ထုတ်လုပ်တဲ့သူတွေက သုံးစွဲသူအကြိုက်တွေ့အောင်၊ ချက်ချင်းအသားဖြူလာအောင် အဲဒီဓာတ်တွေအရမ်းထည့်ထားတယ်။ ဟိုက်ဒရိုကွီနုံးက လေးရာခိုင်



နှုန်းထက်ပိုသုံးရင် အရေပြားရောင်ရမ်းတာတွေ၊ အပေါ်ယံအရေပြားကွာကျတာတွေ၊ ရေရှည်သုံးရင် အရေပြားမှာ အညိုအမည်းအပြောက်၊ အဖြူပြောက်ဖြစ်တာတွေရှိတယ်။ ပြီးတော့ အာရုံကြောထိတာတို့၊ ကျောက်ကပ်ပျက်စီးတာတို့၊ အသည်းထိတဲ့အထိ ကျန်းမာရေးကို ထိခိုက်စေနိုင်တယ်။ အဲလိုမျိုးတွေမဖြစ်အောင် ကျွန်တော်တို့က သေသေချာချာ စိစစ်သွားမှာပါ" ဟု ဗဟိုအစားအသောက်နှင့် ဆေးဝါးများကြီးကြပ်ကွက်ကဲရေးဌာနမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။


ဗဟိုအစားအသောက်နှင့် ဆေးဝါးများ ကြီးကြပ်ကွပ်ကဲရေးဌာန၏ အလှကုန်ပစ္စည်း မှတ်တမ်းတင်လက်မှတ်များမှာ သက်တမ်းကာလအားဖြင့် တစ်နှစ်သာခွင့်ပြုမည်ဖြစ်၍ နှစ်စဉ်အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနကလည်း နှစ်စဉ်စစ်ဆေးသွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှသိရသည်။

မည်သို့ပင်ဆိုစေကာမူ အာဆီယံအလှကုန်များ ထိန်းချုပ်ရေးစီမံချက်ကြောင့် စံသတ်မှတ်ချက်မရှိသော မြန်မာ့အလှကုန်ပစ္စည်းများရောင်းဝယ်ရေးဈေးကွက်အတွက် အသွင်အပြင်အချိုးအကွေ့ကြီးတစ်ခုသို့ တွန်းအားပေးလျက်ရှိနေသည်။ ပြည်တွင်းဈေးကွက်တွင်ရောင်းချနေသော အလှကုန်ပစ္စည်းများ၏ ဈေးနှုန်းနှင့် အရည်အသွေးမှာလည်း အာဆီယံအလှကုန်များ ညွှန်ကြားချက် (ASEAN Cosmetic Directive)ကြောင့် အခြားအာဆီယံနိုင်ငံများနည်းတူ နိုင်ငံတကာစံချိန်စံညွှန်းမီအဆင့်သို့ ရောက်ရှိလာမည်ဖြစ်သည်။

ပြည်တွင်းဈေးကွက်ရှိ အလှကုန်ပစ္စည်းထုတ်လုပ်တင်သွင်းရောင်းချသော ကုမ္ပဏီများအနေဖြင့်လည်း အာဆီယံနိုင်ငံများနည်းတူ နိုင်ငံတကာအဆင့်မီဈေးကွက်ဖြစ်ပေါ်လာရေး၊ စားသုံးသူများအတွက် ယုံကြည်စိတ်ချရသော အလှကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချရေး၊ စားသုံးသူနှင့် ထုတ်လုပ်သူ ညီတူညီမျှအကျိုးတူရရှိရေး Win-Win လမ်းစဉ်ကို ရည်မှျော်ကာ ဗဟိုအစားအသောက်နှင့် ဆေးဝါးများကြီးကြပ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အကြီးတန်းအရာရှိကြီးတစ်ဦးက တိုက်တွန်းပြောကြားသည်။

မြန်မာနိုင်ငံရှိ အလှကုန်ပစ္စည်းထုတ်လုပ်တင်သွင်းရောင်းချသူများအနေဖြင့်လည်း အာဆီယံအလှကုန်ပစ္စည်းထိန်းချုပ်ရေးစီမံချက်အတိုင်း လိုက်နာဆောင်ရွက်ပါက ၎င်းတို့၏ ထုတ်လုပ်တင်သွင်းရောင်းချသည့် ကုန်ပစ္စည်းများမှာ အာဆီယံဈေးကွက်ဝင်သည့် တန်းတူအရည်အသွေးစံချိန်စံညွှန်းများရှိလာမည်ဖြစ်ရာ ယခင်လမ်းဟောင်းအတိုင်း စံချိန်စံညွှန်းမရှိ အလှကုန်ပစ္စည်းများ ထုတ်လုပ်တင်သွင်းနေမည့်အစား တစ်ပြေးညီအဆင့်အတန်းရှိ အရည်အသွေးမြင့်အာဆီယံအလှကုန်ပစ္စည်းရောင်းဝယ်ရေးဈေးကွက်ပါရာဒိုင်းသစ်ကြီးတွင် ပါဝင်ရင်းနှီးမြှုပ်စီးမျောသင့်သည့်အချိန်ကောင်းဟုပင် ဆိုရပေမည်။

**မြနှင်းအေး**



# ပြောင်းလဲလာသည့် အီလက်ထရွန်နစ်ဈေးကွက်နှင့် ရွေးချယ်မှုအနုပညာ

ကျော်သန်းမင်း

www.foreverspace.com.mm

www.foreverspace.com.mm



**နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်း၏ရိုက်ပုတ်မှုကြောင့် အီလက်ထရွန်နစ်ပစ္စည်းတစ်ခု အသုံးဝင်မှုသက်တမ်း တိုးလာခြင်း၊ နည်းပညာမြင့်မားလာသည့် အသစ်အသစ်သော အီလက်ထရွန်နစ်ပစ္စည်းတို့၏ ဈေးနှုန်းချိုသာလာခြင်း၊ ဈေးကွက်တောင်းဆိုမှုအနေအထားအရ တာရှည်ခံမှုထက် ဈေးနှုန်းချိုသာမှုကို ဖောင်းပေးလာခြင်းတို့ကြောင့် ပြည်တွင်း အီလက်ထရွန်နစ်ဈေးကွက်တွင်အရည်အသွေးမြင့် တာရှည်ခံပစ္စည်းများထက် အရည်အသွေးမီဈေးနှုန်းချိုသာသည့် ပစ္စည်းများသာ ပိုမိုအရောင်းအဝယ်သွက်လာရာ မှန်ကန်စွာရွေးချယ်တတ်မှုမှာ အရေးပါလာသည်ကိုတွေ့ရသည်။**

## ကံသာလျှင်အဓိက

ယခင်ကပြည်တွင်း အီလက်ထရွန်နစ် ဈေးကွက်တွင် ဂျပန်ပြည်တွင်းသုံး ၁၁၀ ဗို့ (ဂျပန်နိုင်ငံတွင် အသုံးပြုပြီး သက်တမ်းကုန်သွားသည့် အီလက်ထရွန်နစ်ပစ္စည်းအဟောင်းများ၊ ရုပ်မြင်သံကြားစက်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝင်ရောက်လာပြီး နယ်စပ်တွင်တပ်ဆင်သည့် အမှတ်တံဆိပ် မဖော်ပြထားသော ရုပ်သံစက်၊ VCD နှင့် DVD စက်များ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ထုတ်လုပ်သည့် အီလက်ထရွန်နစ်ပစ္စည်းများနှင့် ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ဝင်ရောက်လာသည့် အီလက်ထရွန်နစ်ပစ္စည်းများစသဖြင့် အီလက်ထရွန်နစ်ဈေးကွက်အတွင်း အမျိုးအစားအစုံအလင် ဝင်ရောက်လျက်ရှိသည်။

ယခုအခါ ယင်းပစ္စည်းများအပြင် ပစ္စည်းအစိတ်အပိုင်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှတင်သွင်း၍ ပြည်တွင်း၌ပင် ပြန်လည်တပ်ဆင်ထုတ်လုပ်သည့် အီလက်ထရွန်နစ်ပစ္စည်းများလည်း ဈေးကွက်အတွင်း ထပ်မံဝင်ရောက်လာရာ အီလက်ထရွန်နစ်ဈေးကွက်မှာ ဈေးနှုန်းချိုသာမှုကို ဖောင်းပေးသည့် စားသုံးသူများအတွက် ရွေးချယ်ရခက်ခဲလာသည်ကို တွေ့ရသည်။

"ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက် တရုတ် DVD စက် တစ်ယောက်တစ်လုံးစီ ဝယ်လာကြတာ။ ကျွန်တော့်သူငယ်ချင်းစက်က တစ်နှစ်လောက်ရှိပြီ၊ မပျက်ဘူး။ ကျွန်တော့်စက်ကတော့ ဝယ်လာပြီး တစ်ပတ်နှစ်ပတ်ကြာတော့ ပျက်ရောပဲ။ ပျက်လိုက်ပြင်လိုက်၊ ပျက်လိုက်ပြင်လိုက်နဲ့ နောက်ဆုံးမခံနိုင်တော့လို့ ချောင်ထိုးထားလိုက်ရတယ်" ဟု တရုတ်နိုင်ငံလုပ် DVD စက်များ ဝယ်ယူခဲ့မှုနှင့်ပတ်သက်၍ ကံကိုသာပုံအပ်ထားရကြောင်း အသုံးပြုသူတစ်ဦးက ရှင်းပြသည်။

ပြည်တွင်းဈေးကွက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ VCD၊ DVD စက်များ ဈေးနှုန်းချိုသာစွာ ဝင်ရောက်လာမှုကြောင့် ဝင်ငွေအတန်အသင့်ရှိသူများအတွက် လက်လှမ်းမီသည့်အနေအထားဖြစ်နေပြီး ခေတ်မီစနစ်များ အသုံးပြုထားသည့်အတွက် ဈေးကွက်အတွင်း ဝယ်ယူမှုနှုန်း မြင့်မားကြောင်း၊ ဈေးနှုန်းချိုသာစေရန် အတွင်း၌ ထည့်သွင်းရသည့် ပစ္စည်းအစိတ်အပိုင်းများ၏ အရည်အသွေးနှင့် အရေအတွက်များ လျှော့ချထားပြီး အရည်အသွေး ထိန်းချုပ်မှုစနစ်တကျမရှိသည့်အတွက် တာရှည်အသုံးခံမှုအပိုင်းတွင် စက်တစ်လုံးနှင့် တစ်လုံး မ



www.foreverspace.com.mm

တူညီခြင်းဖြစ်ကြောင်း အီလက်ထရွန်နစ်ကျွမ်းကျင်သူတစ်ဦးက ဆိုသည်။

## ထိုသို့လုပ်ကြသည်

ပြည်တွင်းဈေးကွက်တွင် ဈေးကွက်ဝေစုအများဆုံးရရှိထားသော တရုတ်နိုင်ငံလုပ် အီလက်ထရွန်နစ်ပစ္စည်းများမှာ တရုတ်နယ်စပ်မှ မည်သည့်အမှတ်တံဆိပ်မျှမပါရှိဘဲဝင်ရောက်လာခြင်းဖြစ်ပြီး ပြည်တွင်းသို့ ဝင်ရောက်လာမှသာ တံဆိပ်မျိုးစုံပြန်လည်တပ်ဆင်ခြင်း၊ ပျက်သည့်ပစ္စည်းများကို ပြန်လည်ပြင်ဆင်ခြင်းတို့ပြုလုပ်ပြီး ရောင်းချကြခြင်းဖြစ်ကြောင်း တွေ့ရသည်။

"ဆိုင်သမားတွေကလည်း ပျက်ရင်ပစ္စည်းမဲ့၊ လက်ခမဲ့ အာမခံပါတယ်။ ဒီပဲပြန်လာပါဆိုပြီး ရွှန်းရွှန်းဝေအောင်ပြောတော့ ဝယ်သူလည်း အဟုတ်မှတ်ပြီး ဝယ်သွားတာ ဟိုရောက်တော့ ပျက်ရောပဲ။ ပြန်လာတော့ ဘယ်တုန်းက ဝယ်သွားတာလဲ မသိဘူး ဘာညာနဲ့ ပြောလိုက်တော့ ယောင်လည်လည်နဲ့ ပြန်သွားရတာတွေ အများကြီးပဲ"ဟု ပန်းဆိုးတန်းလမ်း အီလက်ထရွန်နစ်အရောင်းဆိုင်တစ်ခုတွင် အရောင်းဝန်ထမ်းလုပ်ကိုင်ခဲ့ဖူးသူတစ်ဦးက ရှင်းပြသည်။

CRT (Cathode Ray Tubes) ခေါ် မီးသီးအသုံးပြုသည့် ရုပ်မြင်သံကြားစက်များတွင် အသုံးပြုသည့် မီးသီးများမှာ မော်နီတာအဟောင်းမှ မီးသီးများ၊ အခြားရုပ်သံစက်အဟောင်းမှ မီးသီးများကို ပြန်လည်ထည့်သွင်းအသုံးပြုကြကြောင်း၊ ယင်းအပြင် ရုပ်သံစက်၏ ဆားကစ်ပိုင်းနှင့် အသံစနစ်ပိုင်းများတွင် ပါဝင်သည့်ပစ္စည်း (Components) များ၏ အရေအတွက်နှင့် အရည်အသွေးကိုလည်း လျှော့ချထားနိုင်ကြောင်း ရန်ကုန်မြို့တော်ရှိ အီလက်ထရွန်နစ်သင်တန်းကျောင်းတစ်ခုမှ သင်တန်းနည်းပြတစ်ဦးက ဆိုသည်။

"ထရန်စစ္စတာ ၁၀ လုံး သုံးရမယ့်နေရာမှာ ခြောက်လုံး ခုနစ်လုံးလောက်နဲ့ နှစ်ဆလုပ်ခိုင်းတာမျိုးတွေ၊ IC နှစ်လုံးသုံးရမယ့်နေရာမှာ တစ်လုံးတည်းနဲ့ ခိုင်းတာမျိုးတွေ၊ ဈေးပေါတာတွေသုံးတာ စသဖြင့်လုပ်လို့ရတဲ့အပိုင်းကတော့ အများကြီးပဲ။ DVD၊ VCD စက်တွေမှာဆို အရည်အသွေးမကောင်းတဲ့ Lens တွေ သုံး



www.foreverspace.com.mm

လို့ရတယ်။ ဆားကစ်ပိုင်းမှာလည်း ခုနက လိုခိုလို့ရတယ်။ အဲဒီလို ခိုလိုက်တော့ ဘာဖြစ်သလဲဆိုတော့ ဆားကစ်ပိုင်း ပျက်ဖို့ လွယ်တယ်။ သူလုပ်နိုင်တာထက် နှစ်ဆလောက်ခိုင်းထားတာဆိုတော့ အပျက်မြန်တယ်။ နောက်ရုပ်သံစက်မှာဆို CRT မီးသီး၊ သူဆိုရင် ထည့်ကတည်းကအဟောင်းဆိုတော့ ကြာလာရင်အရုပ်အထွက်ဝါးလာမယ်၊ အလင်းအား ကျလာမယ်။ DVD ၊ VCD မှာဆို Lens တွေက အရည်အသွေးညံ့တော့ ကြာကြာမသုံးလိုက်ရဘူး။ မဖတ်တော့တာ၊ အခွေထစ်တာ၊ CD လောက်ပဲဖွင့်လို့ရတော့တာ၊ DVD စက်ဆို Lens ကျသွားလို့ VCD လောက်ပဲ ဖွင့်လို့ရတော့တာ ဒါမျိုးတွေ ဖြစ်လာတယ်” ဟု ၎င်းက ရှင်းပြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံထုတ် အမှတ်တံဆိပ်မပါသည့် အီလက်ထရွန်နစ်ပစ္စည်းများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင် အီလက်ထရွန်နစ်ပစ္စည်း အစိတ်အပိုင်းများတင်သွင်း၍ ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်ပြီး တရားဝင်ဖြန့်ချိသော ဈေးနှုန်းချိုသာသည့်တံဆိပ်သစ်များ ပုံသေတံဆိပ်တစ်မျိုးတည်းဖြင့် အလုံးလိုက်တင်သွင်းရောင်းချသော တံဆိပ်သစ်အီလက်ထရွန်နစ်ပစ္စည်းများလည်း ဈေးကွက်တွင်း အပြိုင်အဆိုင် ဝင်ရောက်လာသည်ကို တွေ့ရသည်။

“ပြည်တွင်းမှာတပ်ဆင်ပြီး ကိုယ်ပိုင်တံဆိပ်နဲ့ ထုတ်တဲ့ပစ္စည်းတွေကလည်း တရုတ်ပစ္စည်းပဲ။ နောက်ဘယ်နိုင်ငံကပါ၊ ညာနိုင်ငံပါဆိုပြီး ဖြန့်နေတဲ့တံဆိပ်တွေ လည်း တရုတ်ပဲ။ ပြည်တွင်းမှာဆင်တဲ့ကောင်တွေက အလုံးလိုက်သွင်းတဲ့ကောင်တွေထက် အခွန်ပိုသက်သာတယ်၊ သယ်ဆောင်စရိတ်သက်သာတယ်။ အဲဒီတော့ ဈေးပိုနည်းတယ်၊ ဒါပဲ။ ဘယ်နိုင်ငံလုပ်တွေ၊ ညာနိုင်ငံလုပ်တွေပါဆိုပြီး ဘာပဲပြောပြော အားလုံးတရုတ်ပဲ။ တံဆိပ်မဲ့နဲ့ ဘာပဲကွာလဲဆိုတော့ သူတို့ကတရားဝင်ပြင်ပေးမယ့် ဝန်ဆောင်မှု (Service Centre) ရှိတယ်။ ဒါတောင်

**ဆိုင်သမားတွေကလည်း ပျက်ရင် ပစ္စည်းမဲ့၊ လက်ခမဲ့ အာမခံပါတယ်။ ဒီပဲပြန်လာပါဆိုပြီး ရွှန်းရွှန်းဝေအောင်ပြောတော့ ဝယ်သူလည်း အဟုတ်မှတ်ပြီးဝယ်သွားတာ ဟိုရောက်တော့ ပျက်ရောပဲ။ ပြန်လာတော့ ဘယ်တုန်းကဝယ်သွားတာလဲမသိဘူး ဘာညာနဲ့ ပြောလိုက်တော့ ယောင်လည်လည်နဲ့ ပြန်သွားရတာတွေ အများကြီးပဲ ။**

ပစ္စည်းဖိုးပေးရမှာ၊ လက်ခပဲအခမဲ့ပေးတာ” ဟု အီလက်ထရွန်နစ်ပစ္စည်းပြုပြင်ရေး (Service Centre) တစ်ခုမှ ဝါရင့်တာဝန်ခံတစ်ဦးက ရှင်းပြသည်။

## ဘယ်လိုရွေးမယ်၊ ဘာကိုဝယ်မယ်

ပြည်တွင်း အီလက်ထရွန်နစ်ပစ္စည်းဈေးကွက်အနေအထားအရ ဈေးနှုန်းအမြင့်မားဆုံးဖြစ်သည့် ဂျပန်နိုင်ငံထုတ်ပစ္စည်းများနှင့် ဒုတိယဈေးနှုန်းအမြင့်မားဆုံးဖြစ်သည့် ကိုရီးယားနိုင်ငံထုတ်ပစ္စည်းများမှာ အရည်အသွေး တာရှည်ခံမှု စိတ်ချရသည့် အနေအထားရှိသော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝင်ရောက်လာသည့် တံဆိပ်မဲ့များနှင့် တရားဝင်ဖြန့်ချိသည့် ပုံသေတံဆိပ်တပ် ပြည်တွင်းထုတ် သို့မဟုတ် အလုံးလိုက်သွင်းသည့် ပစ္စည်းများကို ရွေးချယ်ရာတွင် များစွာသတိထားရန် လိုအပ်သည်။

တံဆိပ်မဲ့ပစ္စည်းများသည် အရည်အသွေးညံ့ဖျင်းမှုကြောင့် နာမည်ပျက်မည်ကို စိုးရိမ်ရန်မလိုအပ်ဘဲ တံဆိပ်တစ်ခု နာမည်ပျက်သွားပါက အခြားတံဆိပ်တစ်ခု ပြောင်းလဲအသုံးပြုနိုင်သည်။ ရောင်းချသည့်ဆိုင်များမှာ စကားဖြင့်သာ အာမခံချက်ရှိပြီး ပျက်စီးချို့ယွင်းသွား၍ အမှန်တကယ်သွားရောက်ပြသပါက အကြောင်းမျိုးစုံပြကာ အခကြေးငွေရယူ၍ ပြင်ပေးလေ့ရှိသည်။ ယင်းသို့ဖြစ်ခြင်းမှာ တံဆိပ်မပါရှိ၍ နာမည်ထိန်းစရာမလိုခြင်းကြောင့် လက်ကားဖြန့်ချိသည့်လုပ်ငန်းများက အာမခံမပေး၍ဖြစ်ကြောင်း ဈေးကွက်တွင်းမှ သိရသည်။

ယခုပြည်တွင်းထုတ်ပစ္စည်းများမှာ တရုတ်နိုင်ငံမှ အစိတ်အပိုင်းများဖြစ်သော်



www.foreverspace.com.mm



လည်း ပုံသေတံဆိပ်ခပ်နှိပ်ထားခြင်းကြောင့် တံဆိပ်နာမည်ရလာစေရေး ကြိုးပမ်းရသကဲ့သို့ အလွယ်တကူနာမည်အပျက်ခံမည်မဟုတ်၍ တံဆိပ်မဲ့များထက် ပိုမိုစိတ်ချရဖွယ်ရှိပြီး Service Center များဖွင့်လှစ်၍ တရားဝင်ပြုပြင်ပေးခြင်းကြောင့် အသုံးပြုရသည့် ပစ္စည်းဖိုးသာပေးရပြီး လက်ခမဲ့ပြုပြင်ခွင့်ရနိုင်ရုံသာမက ပစ္စည်းဖိုးပိုတောင်းခြင်းမျိုးမရှိနိုင်ဟု ခန့်မှန်းနိုင်သည်။

ပြည်တွင်းထုတ်ပစ္စည်းများတွင်ပင် အာမခံပေးသည့်အနေအထားမတူဘဲ ပစ္စည်းအမှတ်တံဆိပ်ပေါ်လိုက်၍ ပစ္စည်းနှင့်လက်ခအခမဲ့အာမခံပေးသော တံဆိပ်များက လက်ခသာ အခမဲ့ပေးသောတံဆိပ်များထက် ဈေးအနည်းငယ်များသော်လည်း ပိုမိုအရည်အသွေးကောင်းသည်ကို တွေ့ရကြောင်း၊ သို့သော် ယင်းပစ္စည်းအားလုံးမှာ နာမည်ကျော်တံဆိပ်များနှင့် ရုပ်ထွက်အနည်းငယ်သာကွာခြားသည်ဟုဆိုသော်လည်း အသံပိုင်းတွင် များစွာအားနည်းကြောင်း၊ အသံထွက်ညံ့ရုံသာမက Volume တစ်ဝက်ထက်ပိုတင်၍မရဘဲ တစ်ဝက်ကျော်တင်ပါက အသံဝါးသွားကြောင်း အီလက်ထရွန်နစ် အင်ဂျင်နီယာ ဦးကျော်မြင့်က ရှင်းပြသည်။

## ဝယ်လိုအားကြောင့် ရောင်းလိုအား

နည်းပညာဖွံ့ဖြိုးမှုကြောင့် အီလက်ထရွန်နစ်ပစ္စည်းများ၏ ဈေးကွက်ဝင်မှု သက်တမ်းတိုသွားပြီး စားသုံးသူများ၏ ဝင်ငွေအနေအထားအရ တာရှည်ခံဈေးနှုန်းမြင့်ပစ္စည်းများထက် ဈေးနှုန်းချိုသာပြီး စနစ်စုံ (Multi-System) ပစ္စည်းများကိုသာ ရွေးချယ်လာကြရာ ပြည်တွင်းဈေးကွက်တွင် တရုတ်ပစ္စည်းများသာ ဈေးကွက်ဝေစုများစွာရရှိလာသည်ကို တွေ့ရသည်။

"တရုတ်ပစ္စည်းတွေက ဈေးတော့သက်သာတယ်။ ဒါပေမဲ့ ကံပေါ်မူတည်နေတာဆိုးတယ်။ အဓိက,ကတော့ သေချာချာ ရွေးဝယ်ဖို့ပဲ။ ဒါပေမဲ့ ကံမကောင်းလို့ မကောင်းတာဝယ်မိသွားရင် ပြင်လို့ဆုံးမှာမဟုတ်တော့ဘူး။ ကျွန်တော်ဆို ၂၅၀၀၀ ကျပ်နဲ့ VCD တစ်လုံးဝယ်လာတာ ဝယ်ပြီးမကြာဘူး၊ ပျက်တာပဲ။ ဆိုင်သွားပြန်ပြောတော့ ဆိုင်က တာဝန်မယူဘူး။ အပြင်မှာပြင်တော့လည်း ခဏခဏပြန်ပျက်နေတာနဲ့ ဆိုင်ပို့ရတာ မနည်းဘူး။ အခုထိ လက်ပူတိုက်သုံးနေရတာ။ စိတ်လည်းဆင်းရဲသေးတယ်။ ပြင်ရတာက နောက်အသစ်တစ် လုံးဖိုးထက်မကတော့ဘူး။ ကျွန်တော့်အတွေ့အကြုံအရဆိုရင် ပျက်သွားရင် ပြန်ပြင်တာထက် နောက်အသစ်တစ်လုံးထပ်ဝယ်လိုက်တာ ပိုကောင်းတယ်။ အဓိကကတော့ အာမခံမပါတာထက် ပါတာက ပိုစိတ်ချရတယ်"ဟု အသုံးပြုသူတစ်ဦးဖြစ်သည့် ဦးကျော်ကျော်က ဆိုသည်။

ယခင် Video Tape Recorder (အောက်စက်) ခေတ်မှာ နှစ်ပေါင်းကြာ

www.foreverspace.com.mm

ရှည်ခံခဲ့သော်လည်း ယခုနောက်ပိုင်း VCD ပေါ် ပြီးနောက်ပိုင်းတွင် DVD၊ MPEG-4၊ DVD-9 ၊ MDCD စသဖြင့် စနစ်အသစ်များ ကာလတိုအတွင်း ထပ်မံထွက်ရှိလာရာ VCD ပေါ်ပြီး နှစ်ပိုင်းအတွင်းမှာပင် VCD ခေတ်ကုန်ပြီး DVD ခေတ်ရောက်သွာ ကြောင်း၊ ယခုသာမန် DVD စက်မှာ ဇာတ်ကားအတွဲများပါသည့် အခွေများကြည့်၍မရသဖြင့် ယခုနောက်ပိုင်း ထပ်ပေါ်သည့် MPEG-4, DVD-9 စသည့်စနစ်များပါသည့် DVD စက်များ ခေတ်စားလာသည်။ ယင်းသို့ စနစ်အသစ်များ အချိန်တိုအတွင်း ပေါ်ထွက်လာမှုကြောင့် ဈေးသက်သာပြီး စနစ်စုံသည့် တရုတ်ပစ္စည်းများ ဈေးကွက်တွင် နေရာရလာခြင်း ဖြစ်သည်။

ဤအခြေအနေကို ဘောဂဗေဒအခြေခံသီအိုရီသဘောနှင့်ဆိုရပါက Demand ခေါ် ဈေးကွက်က တောင်းဆိုသည့် ဝယ်လိုအားရှိသည့်ပစ္စည်းကိုသာ Supply ခေါ် ဖြည့်ဆည်းရောင်းချသူများဘက်မှ တင်သွင်းဖြန့်ဖြူးနေရခြင်းပင် ဖြစ်သည်။

**နည်းပညာဖွံ့ဖြိုးမှုကြောင့် အီလက်ထရွန်နစ်ပစ္စည်းများ၏ ဈေးကွက်ဝင်မှု သက်တမ်းတိုသွားပြီး စားသုံးသူများ၏ ဝင်ငွေအနေအထားအရ တာရှည်ခံဈေးနှုန်းမြင့်ပစ္စည်းများထက် ဈေးနှုန်းချိုသာပြီး စနစ်စုံ (Multi-System) ပစ္စည်းများကိုသာ ရွေးချယ်လာကြရာ ပြည်တွင်းဈေးကွက်တွင် တရုတ်ပစ္စည်းများသာ ဈေးကွက်ဝေစုများစွာရရှိလာသည်ကို တွေ့ရသည်။**

သို့သော် ဤအခြေအနေသည် တစ်နိုင်ငံလုံး၏စီးပွားရေးရေချိန်ပြောင်းသွားသည်နှင့် ဝယ်လိုအားအမြင့် ရောင်းလိုအား အမြင့်သို့ ရောက်ရှိသွားမည်သာ ဖြစ်သည်။

## အားနည်းအားသာရှိစမြဲ

အီလက်ထရွန်နစ်ဈေးကွက်တွင် ဈေးနှုန်းချိုသာသည့် ပစ္စည်းများတင်သွင်းလာမှုကြောင့် နည်းပညာအသစ်အဆန်းများကို လူတန်းစားမရွေး ထိတွေ့လာနိုင်သည့် အားသာချက်များရှိသော်လည်း ရွေးချယ်မှုမှားသည့်အတွက် ငွေကုန်၊ စိတ်ပန်းဖြစ်သည်များလည်းကြုံတွေ့နေရပါသည်။ ဝင်ငွေအနေအထားအရ ဈေးချိုသာသည့် ပစ္စည်းများကို ဝယ်ယူမည်ဆိုပါက သတိထားရမည့်အချက်မှာ ပုံသေတံဆိပ်ရှိပြီး ပစ္စည်းနှင့် လက်ခအခမဲ့အာမခံ (Grantty) ပေးသည့် ပစ္စည်းများကိုသာ ဦးစားပေးရွေးချယ်သင့်ကြောင်း၊ ယင်းပစ္စည်းမျိုးကို မဝယ်နိုင်ပါက ဒုတိယဦးစားပေးအနေဖြင့် တရားဝင်ဖြန့်ချိသည့် ပုံသေတံဆိပ်ရှိပစ္စည်းများကို ဝယ်သင့်ကြောင်း၊ တံဆိပ်မဲ့၊ တံဆိပ်ရိုက်ပစ္စည်းများကိုမူ နောက်ဆုံးရွေးချယ်မှုအနေဖြင့် ဝယ်သင့်ကြောင်း အီလက်ထရွန်နစ်သင်တန်းကျောင်းတစ်ခုမှ သင်တန်းဆရာတစ်ဦးက သုံးသပ်အကြံပြုသည်။

ပြည်တွင်း၌ပင် အီလက်ထရွန်နစ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်နိုင်ခြင်းကြောင့် ပြည်တွင်းအီလက်ထရွန်နစ်ဈေးကွက် အနေအထားပြောင်းလဲလာသည် ကိုတွေ့ရသည်။ စနစ်စုံသည့် အီလက်ထရွန်နစ်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ဝယ်ယူလာနိုင်သကဲ့သို့ ယခင်ကကံစမ်းဝယ်ယူခဲ့ရရာမှ ပုံသေတံဆိပ်တစ်ခုဖြင့် ထုတ်လုပ်လာခြင်းကြောင့် အာမခံချက်ရှိသည့်အနေအထားသို့ ရောက်လာခြင်းမှာ ဈေးကွက်အတွင်း ကောင်းသော တိုးတက်မှုတစ်ရပ်ပင်ဖြစ်သော်လည်း ယင်းကုမ္ပဏီကြီးများအနေဖြင့် အရည်အသွေးမှန်မှန်ကန်ကန်နှင့် အမှတ်တံဆိပ်အမည်အပေါ် တန်ဖိုးထားနိုင်ဖွယ်ရှိမရှိဆိုသည်ကိုမူ ယတိပြတ် ပြောနိုင်ဖွယ်မရှိသေးကြောင်း အီလက်ထရွန်နစ်လုပ်ငန်းလုပ်ကိုင်သူများက သုံးသပ်ကြသည်။




**ကျော်ဆန်းမင်း**

၃မျိုးဆက်ရောင်းချလာသည့်

# ဒံပေါက်

## စားသောက်ဆိုင်ဈေးကွက်

နိုင်မင်းဇေ




www.foreverspace.com.mm

www.foreverspace.com.mm

**စျေး** ကွက်စီးပွားရေးစနစ်၏အဓိကအနှစ်သာရဖြစ်သည့် ပြိုင်ဆိုင်မှုပြင်းထန်လာခြင်းနှင့်အတူ ဒံပေါက်စားသောက်ဆိုင်အများစုသည် ရင်းနှီးမြှုပ်နှံမှုပမာဏ အမြောက်အမြားဖြင့် ဆိုင်ခွဲများ မြို့နယ်အနှံ့ ဖွင့်လှစ်ရောင်းချလာကြရာ လတ်တလောတွင် အမြတ်အစွန်းကြီးကြီးမားမားမရရှိသေးသော်လည်း ရေရှည်တွင် အမြတ်အစွန်းများ ရရှိလာမည်ဟု မျှော်လင့်ထားကြကြောင်း ဒံပေါက်ရောင်းဝယ်ရေးလုပ်ငန်းရှင်အများစုက ရှုမြင်သုံးသပ်ထားကြသည်။

## အကြောင်းရင်း (၁)

အသက် ၇၂ နှစ်အရွယ် အငြိမ်းစား ကုန်သွယ်ရေးဝန်ထမ်း ဒေါ်မာလာဝင်းဆွေသည် တိုင်းရင်းဆေးပညာရှင်များနှင့် အနောက်တိုင်းဆေးပညာရှင် (ဆရာဝန်) များက ကျန်းမာရေးအရ အဆီ၊ အဆိမ့် အစားအသောက်များကို လုံးဝရှောင်ကြဉ်ရန် သတိပေးထားသော်လည်း တစ်လလျှင် ဒံပေါက်နှစ်ပွဲခန့်စားသုံးရမှ စိတ်ကျေနပ်သူတစ်ဦးဖြစ်သည်။

အသက်အရွယ်အရ မြို့တွင်းပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်များကို အတက်အဆင်းပြုရန်၊ တိုးဝှေ့စီးနင်းရန် မစွမ်းသည့်အတွက် မြို့လယ်ရှိ ဒံပေါက်ဆိုင်များသို့ ကိုယ်တိုင်သွားရောက်၍ မစားနိုင်ခြင်းသည် ၎င်း၏ ဘဝနေဝင်ချိန်အခက်အခဲများအနက် တစ်ခုအပါအဝင် ဖြစ်သည်။

"အဘွားက ရန်ကုန်တက္ကသိုလ်တက်ကတည်းက ဒံပေါက်ကို အရမ်းကြိုက်တာ။ အခုပိုက်ဆံရှိရဲ့နဲ့ ဝယ်ပေးမယ့်သူလည်း မရှိ၊ ကိုယ်တိုင်လည်းမသွားနိုင်တော့ ဒံပေါက်ဆိုင်သာ နီးနီးနားနားရှိရင် ကိုယ်တိုင်သွားဝယ်စားပစ်မယ်" ဟု မရမ်းကုန်းမြို့နယ် ခဝဲခြံ၌နေထိုင်သူ ဒေါ်မာလာဝင်းဆွေက ဒံပေါက်စားချင်သည့်အာသာဆန္ဒကို ပြောပြသည်။

## အကြောင်းရင်း (၂)

ရန်ကုန်နည်းပညာတက္ကသိုလ်ကျောင်းသား ကိုလှရွှေသည် ဖခင်ဖြစ်သူကိုယ်တိုင် တစ်ချိန်က မြေနီကုန်း ဆန်းသီရိရုပ်ရှင်ရုံ (ယခု ရိုးမဘဏ်ခွဲ) ရှေ့တွင် ဒံပေါက်ဆိုင်ဖွင့်ထားပြီး ၎င်းကိုယ်တိုင်လည်း ဒံပေါက်ကို အလွန်နှစ်ခြိုက်သူတစ်ဦးဖြစ်သည်။ အင်းစိန်တွင် ကျောင်းတက်နေရင်း ဒံပေါက်စားလိုသည့်အခါ မြို့ထဲသို့ ကားတိုးစီးရသည့်အခက်အခဲများကို စဉ်းစားမိရင်း သမိုင်းလမ်းဆုံ၌ ကောင်းကြိုက်ဒံပေါက်ဆိုင်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

ရန်ကုန်မြို့တော် ဆင်ခြေဖုံးမြို့နယ်များ၌နေထိုင်သူများသည် ဒံပေါက်စားသုံးလိုလျှင် မြို့ထဲသို့ တကူးတကသွားရောက်ကြရသည်ကို တွေ့မြင်ရသဖြင့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း လူစည်ကားသည့် ဆင်ခြေဖုံးမြို့နယ်အချို့တွင် ဒံပေါက်ဆိုင်များလိုက် လံဖွင့်လှစ်ခဲ့သည်မှာ ယခုဆိုလျှင် ကောင်း ကြိုက်ဒံပေါက်ဆိုင်ခွဲ ၁၅ ဆိုင်ခန့် ဖွင့်လှစ် နိုင်ခဲ့ပြီ ဖြစ်သည်။

## အကြောင်းရင်း (၃)

၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ရန်ကုန်မြို့၏ ပတ်လည်တွင် မြို့သစ်များဖော်ထုတ်ခြင်းနှင့်အတူ မြို့ဧရိယာ သိသိသာသာ ကျယ်ပြန့်လာခြင်းသည် ဒံပေါက်ဆိုင်များအတွက် အလှည့်အပြောင်းဖြစ်ကြောင်း၊ ယခင်က ရန်ကုန်မြို့လယ် ဆူးလေဘုရားအနီးတစ်ဝိုက် ရုပ်ရှင်ကြည့် အပန်းဖြေပြီးနောက် ဒံပေါက်စား၍ ဖာလူဒါသောက်ကြသူများသည် မြို့သစ်များသို့ ရွှေ့ပြောင်းသွားကြကြောင်း၊ ဒံပေါက်ကို လက်ဖက်ရည်၊ မုန့်ဟင်းခါး၊ အသုပ်စုံ၊ ဆီချက် စသည့် စားသောက်ဖွယ်ရာများကဲ့သို့ မကြာခဏစားသောက်လေ့မရှိဘဲ ရံဖန်ရံခါမှသာ စားသောက်လေ့ရှိကြောင်း၊ ရန်ကုန်မြို့လယ် အနော်ရထာလမ်းမပေါ်ရှိ နာမည်ရဒံပေါက်ဆိုင်များနှင့် မြေနီကုန်းအနီးတစ်ဝိုက်ရှိ ဒံပေါက်ဆိုင်အချို့သည် လွန်ခဲ့သည့် ၁၀ နှစ်မှစ၍ အခြားမြို့နယ်များ၌ ဆိုင်ခွဲများဖွင့်လှစ်ရောင်းချလာကြောင်း ဒံပေါက်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

"ဖွင့်မယ်ဆိုရင် မြို့နယ်တိုင်းမှာ ဒံပေါက်ဆိုင်တွေ ဖွင့်သင့်တယ်။ Door to Door ပုံစံမျိုးဆို ပိုကောင်းတယ်" ဟု အနော်ရထာလမ်းပေါ်ရှိ ယုဇနဒံပေါက်ဆိုင်



www.foreverspace.com.mm

ဒံပေါက်တစ်အိုး၏အရသာအစစ်အမှန်နှင့် သက်တမ်းသည် လေးနာရီမှ ငါးနာရီခန့်သာရှိကြောင်း၊ ငါးနာရီကျော်သွားလျှင် အရသာအနည်းငယ်ချို့ယွင်းသွားသဖြင့် ပွဲ ၆၀ တစ်အိုးကို လေးနာရီအတွင်း ပွဲ ၄၀ ခန့်ကုန်လျှင် သိသိသာသာ နာမည်ရလာကြောင်း နာမည်ရရေးတွင် ဒံပေါက်အရသာ၏ အရေးပါပုံကို ၎င်းက ဆက်လက်ရှင်းပြသည်။

မှုသာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့အနှံ့ ဒံပေါက်ဆိုင်များ တွေ့မြင်နေရသော်လည်း အဓိကရောင်းချရသည့်ဆိုင်ကြီးများမှာ ၁၀ ဂဏန်းပင်မပြည့်ကြောင်းနှင့် နီလာ၊ ကြက်လျှာစွန်း၊ KSS၊ ကောင်းကြိုက်၊ ယုဇန၊ ရွှေညောင်ပင်၊ နတ်သုဒ္ဓါ စသည့်ဆိုင်များမှာ နာမည်ရလျက်ရှိသည်ကို တွေ့ရသည်။

နိုင်ငံတကာတွင် အစားအစာများကို ဖုန်းဆက်ရုံဖြင့် အိမ်တိုင်ရာရောက်ပို့ပေးသည့်ပုံစံကို ကျင့်သုံးလာကြကြောင်း၊ အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ကမ္ဘာကျော် အီတလီအစားအစာဖြစ်သည့် ပီဇာကို ဖုန်းဆက်ရုံဖြင့် အိမ်တိုင်ရာရောက်ပို့ပေးကြောင်း၊ ထိုင်းရိုးရာမဟုတ်သည့်ပီဇာသည် စတင်ရောင်းချစဉ်က ကြော်ငြာအားကောင်းကောင်းဖြင့် ငါးနှစ်ခန့်ကြာ အပြင်းအထန်ဆွဲဆောင်၍ ဈေးကွက်ထိုးဖောက်ခဲ့ရကြောင်း၊ ယခုအခါ ပီဇာသည် ထိုင်းလူမျိုးများ အထူးနှစ်ခြိုက်သည့် အစားအစာဖြစ်လာပြီး သိသိသာသာ ရောင်းအားတက်လာကြောင်း၊ ပီဇာနှင့်အတူ ကိုကာကိုလာကဲ့သို့ အချိုရည်ကိုပါ အိမ်တိုင်ရာရောက်ပို့ဆောင်သည့် ဝန်ဆောင်မှုပေးလာကြောင်း၊ လူလတ်တန်းစားများပြားလာသည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အချိန်ရှားပါးမှုနှင့်အတူ စားသောက်မှုပုံစံသည်လည်း လိုက်ပါပြောင်းလဲလာကြောင်း ထိုင်းနိုင်ငံ သမားဆက်တက္ကသိုလ်တွင် လုထုစီမံခန့်ခွဲမှု မဟာဝိဇ္ဇာသင်တန်း တက်ရောက်နေသူ မြန်မာကျောင်းသားတစ်ဦးက ရှင်းပြသည်။

ဒံပေါက်ချက်သည့်နည်းစနစ်သည် တစ်ဆိုင်နှင့်တစ်ဆိုင် ထူးခြားသော ကွာခြားမှုမရှိကြောင်း၊ ဆိုင်ခွဲဖွင့်သည့်အခါတွင် နာမည် (အမှတ်တံဆိပ်) သည် အထူးအရေးပါပြီး နာမည်ရယူရာတွင်လည်း ဆက်ဆံရေးကောင်းမွန်မှုမှာ အထူးအရေးပါကြောင်း၊ ဒံပေါက်သည် အိန္ဒိယနိုင်ငံ၏ အစားအစာဖြစ်၍ မြန်မာနိုင်ငံတွင်ရောင်းချသူအများစုမှာ အစ္စလာမ်ဘာသာဝင်များသာဖြစ်ကြောင်း၊ စားသုံးသူအများစုသည် မြန်မာများဖြစ်ပြီး ဒံပေါက်စားသုံးသူများသည် ရဟန်းရှင်လူ လူတန်းစားပေါင်းစုံ အလွှာစုံမှဖြစ်၍ ဖောက်သည်အားလုံးကို တစ်ပြေးညီဆက်ဆံရန် လိုအပ်ပြီး ခွဲခြားဆက်ဆံ၍မရကြောင်း ဦးလှရွှေက ဒံပေါက်ဆိုင်များ၏ နာမည်ရယူရာတွင် ဆက်ဆံရေးအထူးအရေးကြီးပုံကို ရှင်းပြသည်။

ဒံပေါက်တစ်အိုး၏အရသာအစစ်အမှန်နှင့် သက်တမ်းသည် လေးနာရီမှ ငါးနာရီခန့်သာရှိကြောင်း၊ ငါးနာရီကျော်သွားလျှင် အရသာအနည်းငယ်ချို့ယွင်းသွားသဖြင့် ပွဲ ၆၀ တစ်အိုးကို လေးနာရီအတွင်း ပွဲ ၄၀ ခန့်ကုန်လျှင် သိသိသာသာနာမည်ရလာကြောင်း နာမည်ရရေးတွင် ဒံပေါက်အရသာ၏ အရေးပါပုံကို ၎င်းက ဆက်လက်ရှင်းပြသည်။

## မပြတ်သော်လည်း မရှုံးသည့်ဈေးကွက်

လတ်တလော ဒံပေါက်ဆိုင်ခွဲများဖွင့်၍ ရောင်းချရခြင်း၏အားသာချက်သည် တစ်ဆိုင်၏အရှုံးကို အခြားဆိုင်ခွဲက ပြန်လည်ဖြည့်ဆည်းပေးခြင်းပင်ဖြစ်ကြောင်း၊ ဒံပေါက်သည် နောက်တစ်ရက်အထိ အ






www.foreverspace.com.mm

ထားမခံသဖြင့် အကျန်များလျှင် အရှုံးပေါ်ကြောင်း၊ ထို့ပြင် ဒံပေါက်ချက်ရာ၌ တစ်နေရာတည်း၌ချက်နိုင်သည့် အားသာချက်သည် ဆိုင်ခွဲများအတွက် အထူးအရေးပါကြောင်း သိရှိရသည်။

ဒံပေါက်ရောင်းဝယ်ရေးလောကသို့ ရင်းနှီးမြှုပ်နှံမှုအသစ်များသည် ငွေကြေးနေရာချထားသည့်အနေဖြင့် ဝင်ရောက်လာခဲ့ကြောင်း၊ နာမည်ကြီးဒံပေါက်ဆိုင်များမှ ဒံပေါက်ဖောက် (ချက်) တတ်သူဝါရင့် ပညာရှင်များကို လစာကောင်း မက်လုံးပေး၍ စည်းရုံးရမှုများရှိခဲ့ကြောင်း၊ သို့ရာတွင် ရေရှည်၌ အရှုံးပေါ်သဖြင့် ဆိုင်ပိတ်ရသူများလည်းရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။



## အအေးဆိုင်တွဲဖွင့်

ဒံပေါက်ဆိုင်ခွဲအများစုသည် ရောင်းအားမြင့်တင်ရန် အအေးဆိုင်များကိုပါ တွဲ၍ဖွင့်လှစ်လာကြသည်။ အအေးဆိုင်များ၏ အဓိကကုန်ကြမ်းမှာ နွားနို့ဖြစ်ပြီး နွားနို့ကုန်ကြမ်းကို ဟိန္ဒူဘာသာဝင်များက ရောင်းချကြသည်။ ဒံပေါက်နှင့် အအေးဆိုင်များဖွင့်လှစ်သူ လုပ်ငန်းရှင်အများစုသည် အစ္စလာမ်ဘာသာဝင်များဖြစ်ကြပြီး ဝန်ထမ်းများနှင့် စားသုံးသူဖောက်သည်များမှာ ဗုဒ္ဓဘာသာဝင် မြန်မာများဖြစ်သဖြင့် ဒံပေါက်နှင့် အအေးဆိုင်ရောင်းဝယ်ရေးလုပ်ငန်းသည် လူမျိုးစုံ ဘာသာစုံရောင်းဝယ်သည့်လုပ်ငန်း ဖြစ်လာသည်။

“အအေးဆိုင်တွေ တခြားစားသောက်ဖွယ်ရာတွေနဲ့ ရေရှည်တော့ ရောင်းအားမြင့်လို့မရဘူး။ စားသုံးသူကို ဆွဲဆောင်လို့မရ ဘူး” ဟု ယုဇနဒံပေါက်မှ တာဝန်ရှိသူတစ်ဦးက ၎င်း၏အမြင်ကို ပြောကြားသည်။

သို့ရာတွင် အဆီအဆိမ့်အစားအသောက်ဖြစ်သော ဒံပေါက်ကိုစားသုံးပြီးလျှင် အချဉ်အအေးဖြစ်သည့် ဒိန်ချဉ်နှင့် လိမ္မော်တို့ကဲ့သို့ အအေးနှင့် အချိုရည်ကို ထပ်မံသောက်သုံးလျှင် သင့်တော်သည်ဟု ယူဆ၍ ဒံပေါက်ဆိုင်နှင့်အတူ အအေးဆိုင်များကိုပါ ပူးတွဲ၍ ထပ်မံရင်းနှီးမြှုပ်နှံကြခြင်းဖြစ်သည်။

## ခေတ်မီဒံပေါက်ဆိုင်

ခေတ်မီဒံပေါက်ဆိုင်တစ်ဆိုင်ဖွင့်မည်ဆိုလျှင် သိန်းရာချီ၍ မြှုပ်နှံကြရပြီး လက်ရှိရန်ကုန်မြို့တော်၏ လူစည်ကားရာနေရာများရှိ ဆိုင်ခန်းများသည် ဈေးနှုန်းအထူးမြင့်၍ တစ်လငှားရမ်းခပင် ကျပ်သိန်းဂဏန်းခန့်ရှိသည်။ ဆိုင်အများစုသည် ကိုယ်ပိုင်ဆိုင်ခန်းများဖွင့်ရန် ကြိုးစားနေကြပြီး ရောင်းအားကောင်းလာချိန်တွင် ဆိုင်ခန်းနေရာသစ်ပြောင်းရွှေ့ရပါက ဖောက်သည်



များဆုံးရှုံးရသဖြင့် နေရာအတည်အကျဖြစ်ရန် အားထုတ်ကြခြင်း ဖြစ်သည်။

ဆိုင်အပြင်အဆင်သန့်ရှင်းမှုကို အထူးဂရုစိုက်သည့်အနေဖြင့် ကြွေပြားခင်း ကြွေပြားကပ်ကြသကဲ့သို့ အမိုးကိုလည်း နိုင်ငံခြားဖြစ် ဖောင်းကြွမျက်နှာကြက်တပ်ဆင်ကြသည်။ သံစားပွဲခုံများ၊ ဖိုင်ဘာခုံများနှင့် ဆိုင်ခွဲတိုင်း၌ ဖုန်းတစ်လုံးစီ ရင်းနှီးမြှုပ်နှံထားပြီး ဒံပေါက်ဆိုင်ဝန်ထမ်းများသည် တူညီဝတ်စုံများကို ဝတ်ဆင်ထားကြသည်။ စက်ရုံမှချက်ပြုတ်ပြီးသည့်ဒံပေါက်ကို ဖြန့်ချိရန် ကားနှစ်စီးခန့်လိုအပ်ပြီး အဆိုပါကားများကို အလွယ်တကူဆက်သွယ်ရန် မိုဘိုင်းလ်ဖုန်းတစ်လုံးစီ ပါရှိရန်လည်း လိုအပ်သည်ဟု လုပ်ငန်းရှင်တို့က ရှင်းပြသည်။

## ဝန်ထမ်းကောင်းရှားပါး

ဆိုင်ခွဲများဖွင့်လှစ်ရာတွင် ဆိုင်မန်နေဂျာ၊ ငွေသိမ်းကောင်တာ တာဝန်ယူသူ၊ စားပွဲထိုး၊ ဒံပေါက်ထုပ်သူလုပ်သားကောင်းများ သိသိသာသာရှားပါးကြောင်း၊ ငွေသိမ်းမည့်သူအား ဆွေမျိုးတော်စပ်သူမဟုတ်ပါက ယုံကြည်စိတ်ချရသူကို ခန့်ထားရန်လိုအပ်ကြောင်း၊ ဒံပေါက်၏အရသာကို ဆိုင်ခွဲအားလုံး တစ်ပြေးညီ ရရှိနိုင်သော်လည်း ဆိုင်ခွဲအားလုံးမှ ကောင်းမွန်သည့် ဝန်ဆောင်မှုတစ်ပြေးညီရရှိရန်မှာ ဆိုင်ဝန်ထမ်းများပေါ် မူတည်ကြောင်း၊ ထို့ပြင် အ

www.foreverspace.com.mm

လှူနှင့် မင်္ဂလာပွဲများ၌ အော်ဒါလိုက်ပြင်ပေးသည့်အခါ ဒံပေါက်ထည့်ပေးမည့်သူများ၏ ဆက်ဆံရေးနှင့် အကျင့်စာရိတ္တသည် အထူးအရေးပါကြောင်း ဒံပေါက်ဆိုင်ဖွင့်လှစ်ထားသူများက သတိပေးပြောကြားသည်။

ဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးထားသော်လည်း မြန်မာနိုင်ငံ၏ စားသောက်ဆိုင်စားပွဲထိုးအများစုသည် တစ်နေရာတည်း၌ စွဲစွဲမြဲမြဲလုပ်ကိုင်သူ အလွန်နည်းပြီး စားပွဲထိုးသစ်များ မကြာခဏခေါ်ယူရကြောင်း ဆိုင်ခွဲများဖွင့်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သည့် ဝန်ထမ်းကောင်းရှားပါးခြင်းပြဿနာကို ရန်ကုန်မြို့အနှံ့ ဒံပေါက်ဆိုင်ခွဲများ ဖွင့်လှစ်ရောင်းချသူတစ်ဦးက သုံးသပ်ပြောကြားသည်။



## အလားအလာ

ဒံပေါက်ထုတ်လုပ်ရာတွင် ထမင်းနှင့်ကြက်သားသည် အဓိကဖြစ်ပြီး အရန်အဖြစ် အချဉ်နှင့်သနပ်မျိုးစုံပါဝင်ကြောင်း၊ ဒံပေါက်ထမင်းချက်ရာတွင် ဆန်၊ ကြက်သွန်နှင့် မဆလာတို့သည် ဒံပေါက်၏အရသာအတွက် အဓိကဖြစ်ပြီး ဒံပေါက်ဆိုင်အများစုသည် မဆလာကို ကိုယ်တိုင်ဖော်စပ်ပြုလုပ်လာကြ သည်။ ကြက်သားကို တိုင်းရင်းကြက် သို့မဟုတ် မွေးမြူရေးကြက် အလျဉ်းသင့်သလို အသုံးပြုကြသော်လည်း ကြက်၏အရွယ်အစားမှာ မငယ်လွန်း၊ မကြီးလွန်းသည့် ၃၀ ကျပ်သား၊ ၄၀ ကျပ်သားအရွယ်အစားဖြစ်ရန် လိုအပ်သည်။ ယခုနောက်ပိုင်း ကြက်ငှက်တုပ်ကွေးဂယက်ကြောင့် ကြက်သားဈေးနှုန်း အပြောင်းအလဲမြန်ဆန်လာသဖြင့် ဒံပေါက်လုပ်ငန်းရှင်အချို့မှာ ကိုယ်ပိုင်ကြက်ခြံများဖြင့် မွေးမြူရန်ပင် စဉ်းစားလာကြသည်။





ဒံပေါက်ဈေးကွက်သည်လည်း နိုင်ငံတကာအစားအသောက်ကုမ္ပဏီကြီးများဖြစ်သည့် မက်ဒေါ်နယ်၊ CP အုပ်စုများကဲ့သို့ အစအဆုံး ဆိုင်ခွဲများဖြင့် ရောင်းအားမြှင့်တင်ရန် ပြင်ဆင်နေကြသည်ကို တွေ့ရသည်။

ဒံပေါက်ဆိုင်များမှာ လတ်တလောတွင် အမြတ်များများရရန်ထက် အရှုံးနည်းရန်သာ ရည်ရွယ်လုပ်ဆောင်နေရသော်လည်း ဒံပေါက်ဆိုင်ခွဲများကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာသည်။ လက်ရှိအနေအထားအရ တစ်နာရီအတွင်း ပွဲ ၁၀၀၀ ခန့် ထုတ်လုပ်နိုင်စွမ်း ရှိသည့် ဒံပေါက်ချက်ရုံများသည် ပစ္စုပ္ပန်အနေအထားထက် အနာဂတ်အနေအထားကို ရည်ရွယ်လုပ်ကိုင်နေကြခြင်း ဖြစ်ပုံရသည်။

မည်သို့ပင်ဖြစ်စေ ဒံပေါက်ကို လစဉ်မစားရလျှင် မနေနိုင်သော ဒေါ်မာလာဝင်းဆွေတစ်ယောက် ၎င်း၏အိမ် မြောက်ဘက် သမိုင်းလမ်းဆုံအနီးတွင် ခေတ်မီသစ်လွင်သော ဒံပေါက်ဆိုင်ကြီးတစ်ဆိုင်ဖွင့်ပြီး မကြာခင်မှာပင် မြို့ထဲမှ နာမည်ကြီး နီလာဒံပေါက်ဆိုင်ကြီး ထပ်မံဖွင့်လှစ်ခဲ့သဖြင့် မြေးအငယ်ဆုံး အဋ္ဌမတန်းကျောင်းသူ မေစုခိုင်ကို အဖော်ပြုလမ်းလျှောက်ရန်ဟူသည့် အကြောင်းပြချက်ဖြင့် သမီးများမသိအောင် ဒံပေါက်စားချင်သည့်အချိန်တွင် စားနိုင်လာတော့သည်။

“အဘွားက ဒံပေါက်စားပြီး အေးငြိမ်းသီတာ ငါးပြား သောက်လိုက်တယ်။ ဒါပေမဲ့ မြို့ထဲနဲ့ ဈေးနှုန်းသိပ်မကွာပေမယ့် အရသာတော့ နည်းနည်းကွာတယ်။ ပြီးတော့ ကားတိုးစီးရတဲ့ဒုက္ခ သက်သာတာပေါ့” ဟု အိမ်အနီးအနားတွင် ခေတ်မီဒံပေါက်ဆိုင်များ ဖွင့်လှစ်လာခြင်း၏ အားသာချက်ကို ဒေါ်မာလာဝင်းဆွေက ဝေဖန်ပြောကြားသည်။

**နိုင်မင်းဝေ**




www.foreverspace.com.mm

www.foreverspace.com.mm



**မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်သီးနှံမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အစဉ်အဆက်ရင်းနှီးမြှုပ်နှံရောင်းဝယ်လာကြသူအများစုသည် မြန်မာနိုင်ငံတွင်မွေးဖွားသည့် တရုတ်လူမျိုးများဖြစ်သဖြင့် တရုတ်နှစ်သစ်ကူးကာလပြီးဆုံးချိန်၌ အရောင်းအဝယ်သိသိသာသာပြန်တက်လာခဲ့သည်။ ဘုရင့်နောင်ပွဲရုံများရှိ မီးဖိုချောင်သုံးသီးနှံတစ်မျိုးဖြစ်သည့် ကြက်သွန်နီသည် ရောင်းသူဝယ်သူများနှင့် စည်ကားလျက်ရှိပြီး ကားကြီး၊ ကားငယ်၊ ခေါက်တိုထော်လာဂျီများဖြင့် ကြက်သွန်နီအိတ်များ အတင်အချပြုလုပ်နေကြသည်ကို သိသိသာသာတွေ့မြင်ရသည်။ ဆန်အရောင်းအဝယ်မှာ ဆက်လက်အေးစက်လျက်ရှိကာ ပဲမျိုးစုံဈေးကွက်၌ မတ်ပဲဈေးနှုန်းသည် အနည်းငယ်ပြန်မာလာပြီး ဆယ်စုနှစ်ကာလတစ်ခုအတွင်း ထူးထူးခြားခြားဖြစ်ရပ်တစ်ခုအနေဖြင့် ကြက်သွန်ဖြူလှောင်လက်များ လက်ကျန်များပြီး အရှုံးပေါ်ခဲ့ရကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။**


## ကုန်ကားများ တန်ဆာခလျှော့ယူ

ပွင့်လင်းရာသီ၏ အစဉ်အလာအတိုင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံအနှံ့အပြားသို့ ကုန်ပစ္စည်းများပုံမှန်ပို့ဆောင်နေကြရသည်ဟုဆိုသော်လည်း လွန်ခဲ့သောသုံးနှစ်ကကုန်စည်ရရှိမှုအနေအထားနှင့် နှိုင်းယှဉ်လျှင် သိသိသာသာလျော့နည်းသဖြင့် တန်ဆာခများကို လျှော့ယူလာကြရသည်။ အထူးသဖြင့် ရန်ကုန်သို့ အပြန်အလှန်ကုန်စည်ဝင်ရောက်နေသည့်ဒေသများမှ ကုန်ပစ္စည်းဝင်ရောက်မှု များပြားနေပြီး ရန်ကုန်မြို့တော်မှ ကုန်ပစ္စည်းအထွက်မှာ ပုံမှန်ခန့်သာရှိ၍ ကုန်ရရန် ညအိပ်စောင့်ဆိုင်းနေရသော ကုန်တင်ယာဉ်အရေအတွက် အထူးများပြားသဖြင့် တန်ဆာခကို လျှော့ယူလာရခြင်း ဖြစ်သည်။ အခြားဒေသများ၏ ကုန်စည်စီးဝင်မှုထက် ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသမှ ဆန်ထွက်ပစ္စည်းမျိုးစုံနှင့် ပဲမျိုးစုံတို့ အဝင်များနေပြီး ကုန်ကားဝင်ရောက်မှုမှာ ပုသိမ်မှ ရန်ကုန်သို့ အစီး ၂၀ ခန့်ဝင်ရောက်လာချိန်တွင် ရန်ကုန်မှ ပုသိမ်သို့အထွက်မှာ ဆယ်စီးခန့်သာရှိကြောင်း ရန်ကုန်-ပုသိမ်-ငွေဆောင်ဒေသများသို့ ကုန်စည်များပို့ဆောင်နေသည့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်တစ်ဦး၏အဆိုအရ သိရသည်။

နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် တရုတ်နှစ်သစ်ကူးနောက်ပိုင်းကာလ၌ ဘုရင့်နောင်မှ ကုန်တင်ပို့သည့်ကားထက် ကုန်တင်ကားပိုများနေပြီး ဘုရင့်နောင်ပွဲရုံ၌ ကုန်ကားများ ပိုလျှံနေကြောင်း၊ သို့ဖြစ်၍ ပိဿာချိန် ၃၀ ရှိ ကုန်အမာတစ်အိတ်လျှင် ယခင် ကျပ် ၅၀၀၊ ၅၅၀ မှ ယခု ၄၀၀၊ ၄၅၀ ကျပ်သို့ လျှော့ယူနေရကြောင်း၊ ဒီဇယ်တစ်ပီပါဈေးမှာ ယခင်လကထက် အနည်းငယ်ပြောင်းလဲခဲ့ပြီး ဖေဖော်ဝါရီလနှောင်းပိုင်းတွင် ဒီဇယ်တစ်ပီပါလျှင် ၂၄၃,၀၀၀ ကျပ်နှင့် ဓာတ်ဆီတစ်ပီပါ ၂၄၅,၀၀၀ ကျပ်အထိ ပြောင်းလဲခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

## ကြက်သွန်ဖြူအရှုံးပြ

ဆယ်စုနှစ်တစ်ခုအတွင်း ပထမဆုံးအကြိမ်အဖြစ် ကြက်သွန်ဖြူသည် ပြည်ပဝယ်လက်မရှိ၍ ဈေးနှုန်းများထိုးကျခဲ့ရပြီး ကြက်သွန်ဖြူလှောင်လက်များအထိနာခဲ့ရသည်။ ကြက်သွန်ဖြူကို ပေါ်ဦးပေါ်စကဈေးအမြင့်ဖြင့်ပေးဝယ်ထားကြရပြီး အဟောင်းပြတ်၍ အသစ်ပေါ်ချိန် စပ်ကူးမပ်ကူးကာလ ဈေးထိုးကျချိန်၌ ကြက်သွန်ဖြူလက်ကျန် စုစုပေါင်း ပိဿာချိန်သုံးသိန်းခွဲ၊ လေးသိန်းခန့်ကျန်ရှိပြီး ကုန်သည်တစ်ဦးချင်းအနေဖြင့် ပိဿာချိန် နှစ်သောင်းခွဲမှ သုံးသောင်းအထိ လက်ထဲ၌ ပိုက်မိနေသည်။ အထူးသဖြင့် ကြက်သွန်နီထွက်ပေါက်ဖြစ်သည့် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးနှင့် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတို့မှ အထွက်မရှိသဖြင့် ယခုကဲ့သို့ လက်ကျန်များပြားသွားခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ် ယခုကဲ့သို့အချိန်တွင် ကြက်သွန်ဖြူ အသစ်ပေါ်ချိန်၌ တစ်ပိဿာလျှင် ၉၀၀၊ ၁၁၀၀၊ ၁၃၂၅ ကျပ်အထိ ဈေးကောင်းပေးဝယ်ထားရသော ရှမ်းကြက်သွန်ဖြူသည် ရာသီသိမ်းချိန်၌တစ်ပိဿာ ၄၀၀၊ ၆၀၀၊ ၇၀၀ ကျပ်အထိ ကျဆင်းခဲ့ရကြောင်း ကြက်သွန်နီပွဲရုံများထံမှ စုံစမ်းသိရှိရသည်။



www.foreverspace.com.mm

## နွေကြက်သွန်ဈေးမာ

မီးဖိုချောင်သုံး စားသောက်ကုန်စည်လက်ကားဈေးကွက်သို့ နွေကြက်သွန်ပင်လေးများ စတင်ဝင်ရောက်လာပြီးနောက် တရုတ်နှစ်သစ်ကူး မတိုင်ခင်ထုတ်လုပ်မှု စရိတ်အောက်ရောက်သည်အထိ ဈေးနှုန်းကျဆင်းခဲ့ရသော ကြက်သွန်နီဈေးနှုန်း အနည်းငယ်ပြန်တက်လာကြောင်း၊ သို့ရာတွင် မတ်လအလယ် နွေကြက်သွန်လှိုင်လှိုင်ထွက်ချိန်၌ ဈေးနှုန်းထပ်မံကျဆင်းရန်ရှိကြောင်း၊ ယင်းကာလ၌ အစိုဓာတ်ရှိသေးသဖြင့် ပြည်ပဝယ်လက်လည်း ဝယ်လေ့မရှိကြောင်း၊ လက်ရှိနွေကြက်သွန်နှင့်မိုးကြက်သွန်ဈေးနှုန်းများ၏ တစ်ပိဿာကွာခြားချက်မှာ ၂၅ ကျပ်မှ ၅၀ ကျပ်ခန့်အထိရှိပြီး နွေကြက်သွန် တစ်ပိဿာ ၃၅၀ ကျပ်၊ မြင်းခြံတစ်ပိဿာ ၃၀၀ ကျပ်၊ ၄၅၀ ကျပ်၊ ၇၇၀ ကျပ်၊ ၅၀၀ ကျပ်၊ မြစ်သားတစ်ပိဿာ ၄၇၅ ကျပ်၊ ၆၅၀ ကျပ်၊ ၇၀၀ ကျပ်၊ တောင်တွင်းတစ်ပိဿာ ၃၀၀၊ ၄၇၅၊ ၅၀၀၊ ၅၂၅ ကျပ်ခန့်ရှိကြောင်းနှင့် ကုန်တင်ယာဉ်၁၅ စီးခန့် ပုံမှန်အဝင်ရှိကြောင်း ဖေဖော်ဝါရီလနောက်ဆုံးပတ် ကုန်စည်ဒိုင်မှတ်တမ်းများအရ သိရှိရသည်။

## လှောင်လက်ထုတ်သည့်ငရုတ်

ဝါးခယ်မ၊ ရွှေတောင်၊ ကုလားကျွန်း၊ ပန်းတနော် မြစ်ဝကျွန်းပေါ်ဒေသများမှ ငရုတ်အသစ်များပေါ်ချိန်နီးလာသဖြင့် အအေးခန်းဖြင့် လှောင်ထားသည့် ငရုတ်များကို ထုတ်ရောင်းလာကြကြောင်း၊ ယင်းငရုတ်သည် အသစ်ကဲ့သို့ပင် အရောင်အသွေးကောင်းကြောင်း၊ အကျိုးဆက်အနေဖြင့် ငရုတ်ဟောင်းများ ဈေးကျလာကြောင်း၊ မိုးထောင်ငရုတ်တစ်ပိဿာလျှင် ၂၀၀၀ ကျပ်၊ ကျောက်ရဲမှာ အဝင် ရပ်သွားပြီးနောက် တစ်ပိဿာ ၂၄၀၀ ကျပ်၊ ၂၅၅၀ ကျပ်၊ ရွှေတောင် ၁၇၀၀ ကျပ်၊ ပန်းတနော်၊ ဝါးခယ်မ ၁၈၀၀ ကျပ်၊ ငရုတ်ပုစိမ်းစား ၃၀၀၀၊ ၃၈၀၀ ကျပ်၊ စက ၂၆၀၀၊ ၂၈၀၀ ကျပ်၊ ဇီးပွ ၂၉၀၀၊ ၃၀၀၀ ကျပ်၊ ဆင်ဖြူကျွန်း ၅၀၀၀ မှ ၆၀၀၀ ကျပ် အထိရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။


## ကျရိပ်ပြသည့်ဆန်

ဘုရင့်နောင်ပွဲရုံ ဆန်ထွက်ပစ္စည်းမျိုးစုံ အရောင်းအဝယ်ဈေးကွက်သည် သိသိသာသာအေးစက်လျက်ရှိသည်။ ပြည်ပသို့ဆန်တင်ပို့ခွင့်ရှိသူများသာ အလုပ်အကိုင်ကောင်းပြီး နယ်သို့တင်ပို့သူများအနေဖြင့် အရောင်းအဝယ်မကောင်းသဖြင့် အလုပ်အကိုင်ပါးနေကြောင်း၊ ယခုနှစ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဒေသအလိုက် စပါးအောင်ပြီး ဆန်ထွက်နှုန်းကောင်းသဖြင့် ဒေသဝမ်းစာဖူလုံနေကြ၍ နယ်ပွဲရုံများမှ အမှာနည်းနေသည်နှင့် ကြုံတွေ့နေရကြောင်း ပိတောက်လမ်းအခြေစိုက် ဆန်ထွက်ပစ္စည်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်း ရှင်တစ်ဦးက ပြောကြားသည်။

လာမည့်လ၌ ရေနက်ကွင်းစပါးများ အလုံးအရင်းနှင့် ဈေးကွက်သို့ဝင်ရောက်လာရန်ရှိသကဲ့သို့ ဧပြီလရောက်လျှင်လည်း နွေစပါးများဈေးကွက်သို့ အလုံးအရင်းနှင့် ဝင်ရောက်လာရန်ရှိသဖြင့် ဆန်ဈေးနှုန်းများ ဆက်လက်ကျဆင်းနိုင်ကြောင်း၊ လက်ရှိဈေးကွက်အနေအထားအရ ပေါ်ဆန်းရှယ်နှင့် အကြမ်းရှယ်များလောက်သာ ဈေးကောင်းလျက်ရှိပြီး ရာသီဥတုပူပြင်းမှုကြောင့် ဆန်ခြောက်သွေ့ပြီး အကျိုးအကြေများသဖြင့် ဆန်ကွဲဈေးသည်လည်း တစ်အိတ်လျှင် လေးငါးခြောက်ရာခန့်ကျဆင်းနေကြောင်း၊ အထူးသဖြင့် မြီးတုံးအုပ်စုဝင်ပေါ်ကျွဲဆန်များ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း၊ ပေါ်ဆန်းရှယ် (ဖျာပုံစ) တစ်အိတ်လျှင် ၂၃,၀၀၀ ကျပ်မှ ၂၄,၀၀၀ ကျပ်၊ ပေါ်ကျွဲတစ်အိတ် ၁၃,၅၀၀ မှ ၁၄,၀၀၀ ကျပ်၊ ခွံနီ ၁၆,၅၀၀ ကျပ်၊ အကြမ်းရှယ် ၁၅,၅၀၀ ကျပ်ခန့်၊ ဆန်ကွဲတစ်အိတ် ၈,၅၀၀ ၊ ၉,၀၀၀ ကျပ်ခန့်ရှိကြောင်း စုံစမ်းသိရှိရသည်။

## ပဲဈေးမာပြီး ပြန်အေးနိုင်

လယ်ယာထွက်ကုန်သီးနှံမျိုးစုံ ကုန်စည်၏ အဓိကရောင်းကုန်ဖြစ်သော ပြည်ပ ပို့ကုန်ပဲမျိုးစုံသည် တရုတ်နှစ်သစ်ကူး ကာလမတိုင်ခင်က အရောင်းအဝယ်ပါးပြီး မတ်ပဲနှင့် ပဲစင်းငုံနီများသာ အရောင်း အဝယ်ရှိခဲ့သော်လည်း တရုတ်နှစ်သစ်ကူး သုံးရက်ပိတ်ပြီးနောက် ဝယ်လက်ကုန်သည် လက်ကြီးသမားများ၏ ဝယ်လိုအားကြောင့် မတ်ပဲဈေးနှုန်းသည် အနည်းငယ်ပြန်မာလာပြီး အရောင်းအဝယ်နေ့စဉ်ပုံမှန်ဖြစ်ခဲ့ကြောင်း၊ ဖေဖော်ဝါရီလ နောက်ဆုံးပတ်၌ မတ်ပဲရိုးရိုးပိဿာ ၆၀ တစ်အိတ်လျှင် ၅၄၅၀၀ ကျပ်၊ မတ်ပဲ RC တစ်တန် ၅၈၅,၀၀၀ ကျပ်၊ ပဲစင်းငုံနီ ၅၆၇,၀၀၀ ကျပ်၊ ပဲတီစိမ်းခရမ်းရွှေဝါ တစ်အိတ်



www.foreverspace.com.mm



၆၅,၀၀၀ ကျပ်မှ ၆၂,၀၀၀ ကျပ်၊ ၆၃,၀၀၀ ကျပ်အထိ ပြန်ဆင်းလာကြောင်း၊ လက်ရှိကမ္ဘာတွင် ဒေါ်လာဈေးကျဆင်းနေမှုကြောင့် မတ်လအတွင်း၌ ပဲမျိုးစုံသည် ကုန်သည်လက်ကြီးသမားများ၏ ရောင်းလိုအားများပြားလာမှုနှင့်အတူ မတ်ပဲဈေးနှုန်းများ ပြန်အေးနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

## ကိုယ်စားလှယ်ကတ် တိုးထုတ်ပေး

နိုင်ငံတကာ၏ စားအုန်းဆီဈေးနှုန်း သိသိသာသာမြင့်တက်နေပြီး မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီစက်လုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း ကိုယ်စားလှယ် ကတ် ၈၀၀ ကျော် ထပ်မံထုတ်ပေးခဲ့ကြောင်း၊ ယင်းသို့ ကိုယ်စားလှယ်ကတ်များထပ်မံထုတ်ပေးသော်လည်း ဈေးကွက်တွင်းသို့ ဖြန့်မည့် ဆီပီပါအရေအတွက်မှာ ပုံမှန်အတိုင်းပင်ရှိနိုင်ကြောင်း၊ ကိုယ်စားလှယ်ဆီကတ်တစ်ကတ်လျှင် လေးပီပါမှ သုံးပီပါသို့ ပြောင်းလဲထုတ်ပေးမည့်သတင်း ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်နေကြောင်း စားအုန်းဆီရောင်းဝယ်ရေးလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။ ကိုယ်စားလှယ်စားအုန်းဆီဈေးနှုန်းမှာ တစ်ပိဿာလျှင် ၂၅၀၆ ကျပ်၊ စာရွက်ဈေးမှာ ၃၁၈၀ ကျပ်ခန့် ရှိသည်။

မြေပဲသစ်များထွက်ရှိလာသော်လည်း ပဲဈေးနှုန်းမှာ ဈေးအမြင့်၌ငြိမ်နေကြောင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်မြေပဲသစ်များ လှိုင်လာလျှင် မြေပဲဆီဈေးနှုန်းကျဆင်းနိုင်ကြောင်း၊ ယခုနှစ်ရာသီအနေအထားသည် နောက်မိုးရွာသဖြင့် မြေအစိုဓာတ်ကျန်သဖြင့် မြေပဲအထွက်များသကဲ့သို့ မြေပဲဈေးနှုန်း ကျဆင်းလာလျှင် ပဲဆီဈေးနှုန်းလည်း ကျဆင်းနိုင်မည်ဟု ဆီစက်လုပ်ငန်းရှင်များ ခန့်မှန်းထားကြသည်။


ဖေဖော်ဝါရီလနောက်ဆုံးပတ်၌ မြေပဲဆီတစ်ပိဿာ ၄၈၀၀–၄၉၀၀ ကျပ် ခန့်ရှိပြီး တစ်ပိဿာ ၄၆၀၀ ကျပ်မှ ပြောင်းလဲလာခြင်းဖြစ်ကြောင်း၊ နှမ်းဆီတစ်ပိဿာ ၃၉၀၀–၄၀၀၀ ကျပ်ခန့်ရှိကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

## ညောင်ပင်လေးဈေး

မြို့တော်ရန်ကုန်သာမက အနယ်နယ်အရပ်ရပ်ရှိ ရောင်းဝယ်ဖောက်ကားသူတို့ပါ အဓိကလာရောက်သည့် ညောင်ပင်လေးဈေးကြီးတွင်း၌ ယခုလများအတွင်း ရောင်းဝယ်ဖောက်ကားမှုများပုံမှန်အတိုင်းလည်ပတ်ခဲ့ပြီး လက်ရှိငွေဈေးနှုန်းတစ်ရပ်မှာလည်း တည်ငြိမ်နေသည့်အတွက် ဈေးနှုန်းပုံမှန်အတိုင်းသာ ရှိနေခဲ့ကြောင်း ရောင်းဝယ်ဖောက်ကားသူတို့၏အဆိုအရ သိရသည်။

## ပြန်လည်သက်ဝင်လာတော့မည့်အချိုရည်

ပူပြင်းသည့်ရာသီတွင်သာ ပိုမိုအလုပ်ဖြစ်သည့် အချိုရည်တို့မှာ နွေဦးသို့ တစ်စတစ်စဝင်ရောက်လာခဲ့ပြီဖြစ်ရာ မကြာမီကာလတွင်း ချဉ်းနင်းဝင်ရောက်တော့မည့် နွေရာသီကို စောင့်ကြိုနေပြီဖြစ်ပြီး မတ်လနှင့် ဧပြီလများမှာ ရောင်းအားတွင် ထိပ်တန်းကာလများဖြစ်ကြောင်း၊



www.foreverspace.com.mm

ဖေဖော်ဝါရီလအတွင်း ပေါ်ပေါက်ခဲ့သည့် ဖြစ်ရပ် အချို့ကြောင့် နယ်စပ်ကုန်သွယ်မှု ပိုင်းတွင် အခက်အခဲအနည်းငယ်ရှိခဲ့ပြီး ယင်းနိုင်ငံမှတင်သွင်းသည့် စားကုန်အချို့ ဈေးနှုန်းအနည်းငယ်တက်သွားခဲ့ကြောင်း၊ အချိုရည်မှာ ၅၀၀ ကျပ်မှ ၁၀၀၀ ကျပ်ဝန်းကျင်ကြားထိ အနည်းငယ်တက်သွားခဲ့ကြောင်း၊ သကြားဈေးနှုန်းများ ကျဆင်းနေသည့်အတွက် ပြည်တွင်းထုတ် အချိုရည်ဈေးများမှာလည်း ဈေးအတက်မရှိကြောင်း ဈေးကွက်တွင်းမှ သိရှိရသည်။

## သကြား၊ နို့ဆီများဈေးကျ

သကြားဈေးကွက်တွင် နိုင်ငံတွင်း သကြားထုတ်လုပ်မှုအနေအထားအရ ၂၀၀၇ ခုနှစ်အတွင်းမှစ၍ သကြားဈေးနှုန်း အလွန်အမင်းမြင့်တက်မှုမရှိတော့ဘဲ နှစ်ကုန်ပိုင်းတွင် အနည်းငယ်ကျဆင်းလာခဲ့ရာမှ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လဆန်းပိုင်းအထိ သကြားဈေး ဆက်တိုက်ကျဆင်းလာခဲ့ကြောင်း၊ ယင်းသို့ သကြားဈေးကျဆင်းလာသည့်အတွက် ယင်းကိုအသုံးပြု၍ ထုတ်လုပ်သည့် စားကုန်အချို့ပါ ဈေးနှုန်းများ ကျဆင်းသွားခဲ့ရသည်။ မတ်လဆန်းပိုင်းတွင် လက်လီအရောင်းဆိုင်များ၏ သကြားပေါက်ဈေးနှုန်းများမှာ ယခင် ဇန်နဝါရီလဆန်းပိုင်းအထိ ဈေးကွက်တွင်း တစ်ပိဿာလျှင် ၁,၁၀၀ ကျပ်ပေါက် ဈေးရှိခဲ့သည့် သကြားမှာ ယခုအခါ ၉၀၀ ကျပ်ဝန်းကျင်ခန့်သာရှိတော့ကြောင်း ဈေး ကွက်တွင်းမှ သိရှိရသည်။

ထို့အတူ နို့ဆီဈေးမှာလည်းကျဆင်းနေရာ ဈေးကွက်ဝယ်လိုအားတွင် အသာရသည့် Dawn နို့ဆီမှာ လက်လီဈေး ၈၂၀ ကျပ်ရှိပြီး ယခင်ကလက်လီဈေးကွက်တွင်း ၈၀၀ ကျပ်ဝန်းကျင်ရှိခဲ့သည့် One Tea နို့ဆီမှာ လက်လီပေါက်ဈေး ၆၇၅ ကျပ် သာရှိတော့ကာ ဘိုမခြင်းဆွဲနို့ဆီမှာ ၅၁၀ ကျပ်ခန့်သာ ရှိသည်။

## ငြိမ်ချက်သားကောင်းနေသောဆပ်ပြာ

ဆပ်ပြာဈေးကွက်တွင် ဝယ်လိုအားမှာ ပုံမှန်အနေအထား၌သာ ဆက်လက်ရှိနေသေး၍ ပြည်တွင်းထုတ်ရွှေဝါဆပ်ပြာတောင့်ဈေးနှုန်းမှာ ဇန်နဝါရီလက တစ်ပါကင်လျှင် ၁၆,၄၀၀ ကျပ်ရှိရာမှ ယခုမတ်လဆန်းထိ ၁၆,၀၀၀ ကျပ်သို့ ကျဆင်းလာခဲ့သည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံများသို့ တင်ပို့မှုမှာလည်း နည်းသွားခဲ့ပြီး နယ်မှဝယ်ယူမှုလည်းကျဆင်းလာကြောင်း ဈေးကွက်တွင်းမှ သိရှိရသည်။ သို့သော် မတ်လဆန်းမှ သင်္ကြန်မတိုင်မီ အချိန်တွင်း၌ ရောင်းအားအကောင်းဆုံးအချိန်ဖြစ်ပြီး မိုးမကျမီအချိန်ထိ မျှော်မှန်း၍ရသည့်အတွက် အဆိုပါအချိန်များကို စောင့်မျှော်ကြည့်ရှုရဦးမည်ဖြစ်ကြောင်း ဝါရင့်ဆပ်ပြာကုန်သည်များက ပြောကြားသည်။

ယခုနှစ်ဆန်းပိုင်းတွင်မှစ၍ နာမည်ဆန်းဆန်း၊ ကြော်ငြာအားကောင်းကောင်းနှင့် ဈေးကွက်တွင်းဝင်ရောက်လာသည့် လေဆာဆပ်ပြာများနှင့် Family Care, Pro Care ဆပ်ပြာမွှေးတို့မှာလည်း ပုံမှန်ဝယ်လိုအားရှိနေကြောင်း၊ နိုင်ငံပိုင်စက်ရုံမှ ထုတ်လုပ်သည့် ကာဘော်လစ်ဆပ်ပြာမှာလည်း ဈေးကွက်တွင်း ဝေစုပုံမှန်ရနေကြောင်းနှင့် ယင်းဆပ်ပြာမှာ တစ်ပိုင်းလျှင် ၄၀၅ ကျပ်ခန့်ပေါက်ဈေးရှိနေကြောင်း ဈေးကွက်တွင်းမှ သိရှိရသည်။

## မှန်းဆရခက်ခက် အထည်ဈေးကွက်

ဈေးကွက်အတွင်းဝယ်လိုအားကျဆင်းနေသည့် အထည်ဈေးကွက်တွင် ဖေဖော်ဝါရီလဆန်းပိုင်းခန့်အတွင်းက ဝယ်လိုအားအနည်းငယ်ပြန်လိုက်လာခဲ့ကြောင်း၊ လကုန်ပိုင်းခန့်တွင်မူ ပုံမှန်အနေအထားသို့ ပြန်ရောက်သွားခဲ့ကြောင်းနှင့် နယ်ဝယ်လက်များ၏အနေအထားမှာလည်း လျော့ကျနေသေးကြောင်း အထည်ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်သည့်ကုန်သည်များထံမှ သိရသည်။ မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်မတိုင်မီ ဈေးကွက်တွင်းဝင်ရောက်မည့် သင်္ကြန်ဆင်အထည်များနှင့်အတူ အဆိုပါအချိန်တွင်း၌မူ ပုံမှန်ထက်ပို၍ ဈေးကွက်ပွင့်လင်းရန် မျှော်မှန်းနိုင်ကြောင်း ဈေးကွက်အတွင်းရောင်းဝယ်သူများက ဆိုသည်။

## ပေးသလောက် ပြန်ရခွင့်နှင့် ဈေးကွက်ဖွံ့ဖြိုးရေး

ပုံမှန်အတိုင်းဆိုပါက နှစ်စဉ်သင်္ကြန်ပွဲတော်မတိုင်ခင်ကာလများသည် ဈေးကွက်အတွင်း ရောင်းလိုအား၊ ဝယ်လိုအားအထူးကောင်းမွန်လေ့ရှိသော်လည်း ယခုနှစ်တွင်မူ ခါတိုင်းနှစ်များထက် ပို၍ အေးစက်နေသည်ကို တွေ့ရသည်။ ဘောဂဗေဒအခြေခံသီအိုရီအရ ဈေးကွက်တစ်ခု၏ အဓိကမောင်းနှင်အားမှာ Supply ခေါ် ရောင်းလိုအားနှင့် Demand ခေါ် ဝယ်လိုအား ဖြစ်ပါသည်။ ဈေးကွက်တို့မည်သည် ဝယ်လိုအားအပေါ်တွင် ရောင်းလိုအားက ချိန်ဆရသည့်သဘော ရှိသည်။ ဝယ်လိုအားအခြေအနေ အတိုးအဆုတ်၊ အနိမ့်အမြင့်ကိုလည်း အခြေအနေအကြောင်းအရာများစွာက ပြဋ္ဌာန်းပါသည်။ ယင်းအခြေအနေများစွာရှိသည့်အနက် စားသုံးသူများ၏ ဝင်ငွေအချိုးအဆမှာ အဓိကအကျဆုံး ဖြစ်ပါသည်။ ဝယ်လိုအားတိုးလာမှသာ ရောင်းလိုအားဖြည့်ဆည်း၍ ဈေးကွက်တစ်ခု ပုံမှန်လည်ပတ်၊ ထိုမှတစ်ဆင့် ဖွံ့ဖြိုးလာမည်ဖြစ်သည်။

များစွာသေချာသည်မှာ သတင်းအချက်အလက်ကို မြန်မြန်ဆန်ဆန်သိသူ၊ အများကြုံတွေ့ရသည် အခက်အခဲအတားအဆီးများကို လွယ်ကူစွာ ကျော်လွှားနိုင် သူ အနည်းစုဖြင့် ဈေးကွက်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးမရရှိနိုင်ဟူသောအချက်ဖြစ်ပါသည်။ စားသုံးသူများအပါအဝင် ဈေးကွက်အတွင်းရှိနေသူအားလုံး မိမိတို့ပေးအပ်ထားသော သွင်းအားစုများနှင့်အညီ အချိုးကျခံစားခွင့်ညီမျှစွာ ရရှိမှသာ ဈေးကွက်တစ်ခု ရှင်သန်ဖွံ့ဖြိုးနိုင်ပါကြောင်း ဘောဂဗေဒအခြေခံသီအိုရီသဘောကို ကိုးကား၍ ဈေးကွက်လေ့လာသူများက မှတ်ချက်ပြုသည်။

**နိုင်မင်းဝေ ၊ ဇာလီကျော်**

ဤကဏ္ဍတွင်

၉၀ တစ်ခုလုံးသဘော စီမံခန့်ခွဲခြင်း
၉၂ ဆင်းရဲခြင်းလွတ်ကင်းအောင် တက္ကသိုလ်များရှေ့ဆောင်

# တစ်ခုလုံးသဘော စီမံခန့်ခွဲခြင်း

အောင်ထွဋ်





www.foreverspace.com.mm

www.foreverspace.com.mm



**Institutionalization ဆိုသည်မှာ လူပုဂ္ဂိုလ်အဆုံးအဖြတ်မှ ရေးသားပြဋ္ဌာန်းသောဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများက ဆုံးဖြတ်သောလုပ်ငန်းစဉ်သို့ ကူးပြောင်းခြင်းကို သုံးနှုန်းသောစကားလုံးဖြစ်ပါသည်။ တစ်နည်းအားဖြင့် Institution များ နိုင်မာသည်ဟုဆိုလျှင် 'လူ' ပုဂ္ဂိုလ်ကမဆုံးဖြတ်ဘဲ 'မူ' များက အဆုံးအဖြတ်ပေးသည်ဟု ဆိုလိုခြင်း ဖြစ်ပေသည်။ ထိုမူများကို Public Policy ဟုခေါ်ပြီး ထိုသို့မူဝါဒများ ချမှတ်ပြဋ္ဌာန်းသည့်လုပ်ငန်းစဉ်ကို Policy Process ဟု ခေါ်ပါသည်။**

သို့တိုင်အောင် Policy Process ဆိုသည် နိုင်ငံတော်ကိုကိုယ်စားပြု၍ အာဏာစက်ကိုဖော်ဆောင်သူ အစိုးရ၏ လုပ်ငန်းစဉ်ဖြစ်သည်ဟု ဖွံ့ဖြိုးဆဲနိုင်ငံ အတော်များများတွင် ပြည်သူလူထုက နားလည်မှုလွဲမှားလျက်ရှိသည်ကို တွေ့ရသည်။ Policy Decision Making ဟုဆိုလျှင် အာဏာစက်ကို ကိုယ်စားပြုကျင့်သုံးသည့် အစိုးရ၏တာဝန်ဖြစ်သော်လည်း Policy Process တွင် ပါဝင်သော ပြဿနာများနှင့် အကြောင်းရင်းများကိုဖော်ထုတ်ခြင်း၊ ဖြစ်နိုင်ခြေရှိသောအဖြေများ ဝိုင်းဝန်းရှာဖွေခြင်း စသည်များသည် Player အားလုံး Stakeholder အားလုံးပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် ဖြစ်ပေသည်။

ပြည်သူ့ရေးရာမူဝါဒများနှင့် ပတ်သက်သော ဘာသာရပ်ကို တတိယကမ္ဘာ့နိုင်ငံအတော်များများက အလေးမထားသေးဘဲရှိနေရာ ဤနယ်ပယ်နှင့် ပတ်သက်၍ နားလည်မှုအလွဲများ မကြာခဏ မြင်တွေ့ရသည်။ 'ပြည်သူ့ရေးရာ' နှင့် ပတ်သက်၍ တတိယကမ္ဘာ့နိုင်ငံများက စိတ်ဝင်စားမှုရှိသည်မှာ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုသာဖြစ်ပြီး ပြည်သူ့ရေးရာမူဝါဒမဟုတ်ပေ။ ထို့ကြောင့်လည်း ပြည်သူ့ရေးရာ မူဝါဒဆိုသည်မှာ အစိုးရနှင့်သာသက်ဆိုင်သော ဘာသာရပ်ဖြစ်သည်ဟုယူဆကာ ပညာရေးနယ်ပယ်တွင်လည်း စိတ်ဝင်စားမှုနည်းသည်ကို တွေ့ရသည်။

အမှန်အားဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနယ်ပယ်တွင်လည်း ပြည်သူ့ရေးရာမူဝါဒများက အရေးပါသည်သာ ဖြစ်ပါသည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုသည်မှာ ပြည်သူ့ရေးရာဝန်ဆောင်မှု (Service Delivery) ပေးအပ်သည့်လုပ်ငန်းစဉ်သာဖြစ်ပေရာ ထိုလုပ်ငန်းစဉ်ကို ပြည်သူ့ရေးရာမူဝါဒများနှင့်အညီ စီရင်ဆုံးဖြတ်ဝေငှရခြင်းဖြစ်ပေသည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကို ပြည်သူ့ရေးရာမူဝါဒနှင့် စနစ်တကျ မတွဲဖက်လျှင် Institutions ခေါ် မူဝါဒများနှင့် စီရင်ခြင်းမဟုတ်ဘဲ လူပုဂ္ဂိုလ်ကစီရင်ခြင်းဖြစ်၍ အဂတိနည်းပါးရန်လည်း အခက်အခဲရှိသည်ကို တွေ့ရသည်။

ပြည်သူ့ရေးရာမူဝါဒများ အရေးပါသည်ဟု ဆိုရခြင်းမှာ Macro Management သဘောတရားကြောင့်ဖြစ်ပါသည်။ စီမံခန့်ခွဲမှုနယ်ပယ်တွင် Micro အဆင့်မှ Macro အဆင့်သို့ ကူးပြောင်းသောအခါ ပိုမိုကျယ်ပြန့်၍ နက်နဲလာသော သဘောသဘာဝရှိသောကြောင့် တစ်ခုချင်းသဘော

**"ပြည်သူ့ရေးရာ" နှင့်ပတ်သက်၍ တတိယကမ္ဘာ့နိုင်ငံများက စိတ်ဝင်စားမှုရှိသည်မှာ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုသာဖြစ်ပြီး ပြည်သူ့ရေးရာမူဝါဒ မဟုတ်ပေ။**

ကိုင်တွယ်ဖြေရှင်းရန် ခက်ခဲလာကာ တစ်ခုလုံးသဘော ကိုင်တွယ်ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ရှာဖွေလာရပေသည်။ တစ်ခုလုံးသဘောကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် နည်းနာများဆိုသည်မှာ ရေပက်မဝင်အောင် စဉ်းစားရေးသား လမ်းညွှန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဆိုလိုပေသည်။ ထိုသို့ပြဋ္ဌာန်းရသည့်ကိစ္စမှာ ခက်ခဲနက်နဲသော်လည်း တစ်ခုလုံးသဘောနှင့် တစ်လျှောက်လုံးသဘောကိုစဉ်းစားသောအခါ တွက်ခြေကိုက်သောကြောင့် Institutionalization ကို ယနေ့ပြောဆိုလာကြခြင်း ဖြစ်ပါသည်။

Micro သဘောနှင့် Macro သဘောတရားကို နားမလည်နိုင်သေးသော Management များက မကြာခဏပြောလေ့ရှိသော စကားတစ်ခွန်းရှိပါသည်။ မည်သို့သောမှုရှိပါသနည်းဟု စူးစမ်းသောအခါ ကြည့်ကောင်းအောင်ဖြေသောသဘောဖြင့် case by case စဉ်းစားပါမည်ဟူသော စကားလုံးကို Management အချို့က သုံးနှုန်းကြသည်ကို တွေ့ရသည်။

သို့သော် case by case ဆုံးဖြတ်ခြင်းသည် တစ်ခုလုံးသဘောကို ခြုံငုံသော Macromanagement မဟုတ်ကြောင်း ညွှန်ပြနေသည်ကို အတော်များများက ရိပ်စားသိရှိခြင်းမရှိသည်ကို တွေ့ရသည်။ case by case ဟုဆိုလျှင် ထိုသို့တစ်ခုချင်းသဘော စီရင်ဆုံးဖြတ်ရန် အချိန်ပိုနေသည်၊ မူတစ်ရပ်ဖြင့်ဆုံးဖြတ်ရန် အသင့်မရှိသေး၊ စနစ်တကျ Institutionalize မလုပ်ရသေး စသည်ဖြင့် ညွှန်ပြနေကြောင်း သဘောပေါက်ရန် လိုပါသည်။ ဆိုလိုသည်မှာ Management သဘောတရားကို နားလည်သူများက လူကဆုံးဖြတ်နေသည်ကို မသိစေလို၍ case by case ဟု သုံးနှုန်းလေ့မရှိပါဆိုသောအချက် ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်စေ မူသတ်မှတ်ပြဋ္ဌာန်းဆုံးဖြတ်ခြင်းသည်သာ အဂတိများကို ရှင်းလင်းဖယ်ရှားနိုင်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း Institutional သီအိုရီများ အခိုင်အမာရှိနေသည်ဖြစ်ရာ ယခု အခြေခံဥပဒေသစ်သည် မြန်မာနိုင်ငံတွင် အရည်အသွေးပြည့်ဝသော Institutions များ ဖြစ်ပေါ်ရေးအတွက် ကနဦးဖြစ်လိမ့်မည်ဟု ထင်မြင်ပါသည်။

**အောင်ထွန်း**

www.foreverspace.com.mm





# ဆင်းရဲခြင်းလွတ်ကင်းအောင် တက္ကသိုလ်များရှေ့ဆောင်

နွဲ့ကေခိုင်

၂၁ ရာစု အစောပိုင်းကာလတွင် ကမ္ဘာ့လူတန်းစားများ၏ အောက်ဆုံးအလွှာဖြစ်သော ဆင်းရဲသားလူမွဲများ၏အသံကို ကိုယ်စားပြုသော စာအုပ်တစ်အုပ်ထွက်ပေါ်လာပါသည်။ စာရေးသူမှာ ဟားဗတ်နှင့် ကိုလံဘီယာ အစရှိသည့် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်ကြီးများတွင် ဝါရင့်ပါမောက္ခတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာ ဂျက်ဖရီဆာ့ချ် ဖြစ်သည်။ ဂျက်ဖရီ၏ 'The End of Poverty' သည် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဖွံ့ဖြိုးရေးဘာသာရပ်ကို စိတ်ဝင်စားသူများအကြား ရေပန်းအစားဆုံးစာအုပ်တစ်အုပ်ဖြစ်ခဲ့ပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို Pro-Poor approach မှ ချဉ်းကပ်လိုသူများအတွက် မဖြစ်မနေကိုးကားရသောစာအုပ်တစ်အုပ် ဖြစ်လာခဲ့ပါသည်။ နိုင်ငံတကာရေးရာ ပညာရပ်နယ်ပယ်များကို အဆက်မပြတ်လိုသောမြန်မာစာဖတ်ပရိသတ်များအတွက် ဆရာကျော်ဝင်းက ၂၀၀၆ ခုနှစ်တွင် ဘာသာပြန်ဆို၍ 'ဆင်းရဲခြင်းလွတ်ကင်းအောင်' အမည်ဖြင့် ထုတ်ဝေခဲ့ပါသည်။ မြန်မာစာဖတ်ပရိသတ်များအတွက် ဂျက်ဖရီဆာ့ချ်သည် ရင်းနှီးပြီးသားဖြစ်နေသောကြောင့် အထူးမိတ်ဆက်ပေးရန်မလိုဟုယူဆပါသည်။ ဤဆောင်းပါးမှာ ၂၀၀၅ ခုနှစ်တွင် Aspen Symposium၌ ဒေါက်တာ ဂျက်ဖရီဆာ့ချ်၏ ကမ္ဘာ့ဆင်းရဲမွဲတေမှုကိုတိုက်ဖျက်ရာတွင် အရေးပါသော တက္ကသိုလ်များ၏အခန်းကဏ္ဍဟူသော ဟောပြောချက်ကို ဆီလျော်အောင် မြန်မာမှုပြု၍ တင်ပြလိုက်ခြင်းဖြစ်ပါသည်။ စာတွေ့ရောလက်တွေ့ပါ ပညာဆည်းပူးနိုင်သော တက္ကသိုလ်များသည် နိုင်ငံဖွံ့ဖြိုးရေး၏ရေသောက်မြစ်တစ်ခုဖြစ်သည်ဟူသောအချက်ကို ဂျက်ဖရီဆာ့ချ်က ကွင်းကွင်းကွက်ကွက် တင်ပြသွားပါသည်။


www.foreverspace.com.mm

# တက္ကသိုလ်များအပေါ် ဂျက်ဖရီဆာ့ချ်၏ အမြင်

ကျွန်တော့်အမြင်မှာတော့ နိုင်ငံဖွံ့ဖြိုးရေးအတွက် တက္ကသိုလ်တွေရဲ့ အခန်းကဏ္ဍက အင်မတန် စိတ်လှုပ်ရှားစရာကောင်းတယ်ခင်ဗျ၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေဟာ တက္ကသိုလ်တွေရဲ့ သုတေသနစွမ်းရည်တိုးတက်မှုကို အကူအညီပေးနေသလို ကျောင်းသားတွေအတွက်လည်း အတွေ့အကြုံရစေတယ်ဗျ၊ တက္ကသိုလ်ရဲ့ ဂုဏ်သိက္ခာကိုလည်း ပိုပြီး အရောင်တက်လာစေတာပေါ့ဗျာ၊ ကျွန်တော်ကတော့ တက္ကသိုလ်ဆိုတာကို သုတေသနလုပ်ငန်းတွေ၊ သင်ကြားရေးအလုပ်တွေကို လုပ်တဲ့နေရာတစ်ခုလို့ မြင်ရုံတင်မကဘဲ အသိပညာဗဟုသုတတို့ စုဝေးတဲ့နေရာတစ်ခုလို့လည်း ဆိုချင်တယ်။ အစွန်းမရောက်တဲ့ ပညာဗဟုသုတတွေတစုတစည်းတည်းရှိနေတဲ့ ရိပ်မြုံကြီးပေါ့ဗျာ။ ထူးခြားချက်က အမြတ်အစွန်းအဓိကထားတဲ့ ကုမ္ပဏီကြီးတွေ၊ အတိုင်ပင်ခံလုပ်ငန်းကြီးတွေ၊ တခြားနိုင်ငံတကာအဖွဲ့အစည်းကြီးတွေ မလုပ်နိုင်တဲ့ အလုပ်တွေကို တက္ကသိုလ်ကလုပ်နိုင်တယ်ဗျ။ တခြားအဖွဲ့အစည်းတွေအနေနဲ့ တက္ကသိုလ်ကြီးတွေနည်းတူ အတတ်ပညာ၊ နည်းပညာ ရှိကောင်းရှိမယ်။ ဒါပေမဲ့ သူတို့ကမ္ဘာကြီးရဲ့ ထောင့်စုံက ပြဿနာပေါင်းစုံကို စိတ်ဝင်စားတတ်တဲ့ ဒါရိုက်တာဘုတ်အဖွဲ့တစ်ခုရှိချင်မှရှိမယ်၊ တက္ကသိုလ်ဆိုတာ ကျောင်းသားတွေကို စာသင်ရုံနဲ့ မလုံလောက်ဘူးဗျ။ တစ်ကမ္ဘာလုံးကိုပါ စာသင်နိုင်ရမယ်။ ဒါဟာ တက္ကသိုလ်တစ်ခုရဲ့ အထူးတာဝန်ပေါ့။ တက္ကသိုလ်ကျောင်းအုပ်တိုင်းကတော့ ဒီအမြင်ကို လက်ခံနိုင်တာမဟုတ်ဘူးဗျ။


ယေဘုယျအားဖြင့်တော့ တက္ကသိုလ်တွေရဲ့ ဖွဲ့စည်းပုံ၊ တက္ကသိုလ်တွေရဲ့ ပညာရပ်ဆိုင်ရာ လှုပ်ရှားမှုတွေဟာ လောကမှာကြုံတွေ့နေရတဲ့ ပြဿနာတွေပေါ်မှာ အခြေခံပြီး ဖြစ်လာတာပါ။ လက်တွေ့မှာ တချို့ပြဿနာတွေက ပညာရပ်နယ်ပယ်တစ်ခုနဲ့ပဲသက်ဆိုင်ပြီး တချို့ပြဿနာတွေကတော့ ပညာရပ်တစ်ခုထဲကိုသုံးပြီး ခွဲခြမ်းစိတ်ဖြာလို့မရပါဘူး။ အတွေ့အကြုံအရတော့ ကျွန်တော် အလုပ်ထဲမှာ ကြုံရတဲ့ ပြဿနာတွေဟာ ပညာရပ်တွေအများကြီးကိုသုံးပြီးမှ ခွဲခြမ်းစိတ်ဖြာလို့ရလေ့ရှိတယ်။

အဲဒီအတွေ့အကြုံတွေကြောင့်ပဲ ပြီးခဲ့တဲ့ ၁၅ နှစ်လုံးလုံး ဟားဗတ်နဲ့ ကိုလံဘီယာတက္ကသိုလ်တွေမှာ ကျွန်တော်လုပ်ခဲ့သမျှတွေကို Interdisciplinary ဆိုတဲ့ ပညာရပ်ထောင့်စုံကနေ ကိုင်တွယ်နိုင်အောင် ကြိုးစားပါတယ်။ တချို့တက္ကသိုလ်တွေအတွက် ဒီလို Interdisciplinary Approach မျိုးကျင့်ကို ကျင့်သုံးဖို့လိုနေပြီ။ ဘာ့ကြောင့်လဲဆိုတော့ လောကရဲ့တချို့ပြဿနာတွေက ဒီလိုပညာရပ်အများကြီးပေါင်းပြီး မဖြေရှင်းရင်မဖြစ်လို့ပါ။ ဥပမာပေးရရင်တော့ဗျာ စီးပွားရေးတိုးတက်အောင် လုပ်မယ်ဆိုကြပါစို့။ ဒီကိစ္စကို စီးပွားရေးပညာဌာနနဲ့ပဲဆိုင်တယ်ဆိုပြီး လွှတ်ထားလို့မရဘူးဗျ။ ခင်ဗျား မှားသွားမယ်။ ကျွန်တော်ပြောတာကို မယုံမရှိနဲ့။ ကျွန်တော်စီးပွားရေးပညာဌာနမှာ အလုပ်လုပ်လာတာ ၂၅ နှစ်ကျော်ပြီ။ အမှန်က စီးပွားရေးပညာရှင်ဆိုတဲ့သူတွေဟာ ငှက်ဖျားတိုက်ဖျက်ရေးပညာရှင်တွေ၊ ပြည်သူ့ကျန်းမာရေး စပယ်ရှယ်လစ်တွေ၊ စိုက်ပျိုးစီးပွားပညာရှင်တွေ၊ မိုးလေဝသပညာရှင်တွေ၊ မြေဆီလွှာကျွမ်းကျင်သူ သိပ္ပံပညာရှင်တွေ၊ ရေကျွမ်းကျင်သူတွေ၊ အင်ဂျင်နီယာတွေနဲ့ပေါင်းပြီး အလုပ်လုပ်နိုင်မှ လုံးလုံးလျားလျားအောင်မြင်မှုကို ရ


အာဖရိကသားတို့နှင့် တစ်သားတည်းဂျက်ဖရီ

www.foreverspace.com.mm


Jeffrey D.Sachs




နိုင်တာမျိုးဗျ။ ဒီလိုနယ်ပယ်အစုံက သိပ်တော်တဲ့ပုဂ္ဂိုလ်တွေနဲ့ ပေါင်းကိုပေါင်းပြီး အလုပ်လုပ်နိုင်ရမယ်။ ဥပမာ– သိပ္ပံပညာရှင်တစ်ယောက်က ပြဿနာတစ်ခုကို သူ့အစွမ်းနဲ့ ကောင်းကောင်းကြီးရှင်းနိုင်တယ်ဆိုပေမယ့် အဲဒီ သူတတ်တဲ့ပညာကို အသုံးချလို့ရတဲ့ Public policy တစ်ခုထွက်လာဖို့ ဘယ်လိုလုပ်ရမယ်ဆိုတာ သူမသိဘူးဗျ။ အဲဒီတော့ ဒီကွက်လပ်ကို လူမှုသိပ္ပံပညာရှင် (Social Scientists) တွေက ဝင်ဖြည့်လိုက်ရုံပဲပေါ့။ ဒါကြောင့်လည်း ကျွန်တော်တို့တစ်တွေ အလုပ်ကို ကောင်းကောင်းဝေစုခွဲတတ်ကြဖို့လိုတာပေါ့။ Division of Labor ဆိုပါတော့။ ကျွန်တော်ကတော့ ဒီလိုပညာရှင်စုံပါတဲ့ အလုပ်မျိုးမှာ တွဲလုပ်ဖို့ဝန်မလေးဘူး။ အခု ကျွန်တော်ရှိနေတဲ့ Earth Institute မှာ လုပ်နေတာကိုပဲ ကြည့်လေ။ ဒီ Institute ရဲ့ အဓိကလုပ်ငန်းဖြစ်တဲ့ Sustainable Development ဆိုတာမှာပဲ ဆင်းရဲမွဲတေမှုလျှော့ချဖို့နဲ့ ကမ္ဘာကြီးပူနွေးလာမှုဆိုတာနှစ်ခုက ပေါင်းပြီးပါနေတယ်မဟုတ်လား။

ကျွန်တော် အထူးပြုလေ့လာနေတဲ့ ဆင်းရဲမွဲတေမှု (Poverty) ပဲ ဆိုပါတော့ဗျာ။ တက္ကသိုလ်မှာရနိုင်တဲ့ သီအိုရီတွေ၊ ဆရာတွေက သင်ပေးလိုက်တာတွေ၊ စာတွေ့ သုတေသနပြုတာတွေဟာ ဒီလို လူမှုစီးပွားပြဿနာမျိုးကို ဖြေရှင်းဖို့ မလုံလောက်ဘူးဗျ။ ဒီလို စာတွေ့နဲ့ မလုံလောက်ဘူးဆိုတာကို အလုပ်ဝင်စ စောစောစီးစီးသိလိုက်ရတာ ကျွန်တော့်အတွက်တော့ ကံကောင်းတာပါပဲ။ စောစောသိလိုက်ရတော့ ကျွန်တော့်ရဲ့ လုပ်ပုံလုပ်နည်းတွေကို စောစောပြင်လို့ရတာပေါ့။ ၁၉၈၅ လောက်မှာ တချို့လေးနက်တဲ့ ပြဿနာတွေကို ကျွန်တော်စပြီး ကိုင်တွယ်နေရပြီ။ ဒီအချိန်မှာ အဲဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော်လေ့လာထားခဲ့တာတွေက သီအိုရီပိုင်းတွေချည်းပဲပေါ့။ ဒါပေမဲ့ လက်တွေ့ကွင်းဆင်းကြည့်လိုက်တဲ့အခါကျတော့ ကျွန်တော်သိထားတာတွေက မလုံလောက်ဘူးဗျ။ ဒီတော့ အနှစ် ၂၀ လောက် ကျွန်တော်အချိန်ကုန်ခဲ့တဲ့ကျောင်းကို ပြန်သွားရတယ်။ အဲဒီအချိန်မှာ ကျွန်တော်သိဖို့လိုနေသေးတာတွေကို ထပ်ဖြည့်ဖို့ ကြိုးစားရတယ်။ အထူးသဖြင့်တော့ ကျွန်တော်ကိုင်တွယ်နေတဲ့ ပြဿနာတွေကို တခြားပညာရပ်တွေက ဘယ်လိုရှုထောင့်မျိုးနဲ့ မြင်သလဲဆိုတာကို သီအိုရီအခြေခံခိုင်ခိုင်ရအောင် ပြန်ကြိုးစားရတယ်။ တစ်ချိန်တည်းမှာပဲ တက္ကသိုလ်ရဲ့ ပြင်ပအခြားအလုပ်ခွင်ထဲက လုပ်နည်းလုပ်ဟန်တွေကို ဆည်းပူးရတယ်။

တချို့တက္ကသိုလ်တွေကတော့ ကျွန်တော့်လုပ်ပုံကိုင်ပုံကို မကြိုက်ဘူးဗျ။ အထူးသဖြင့် ကျွန်တော်ရဲ့ ဟားဗတ်ပေါ့။ သူတို့ကပြောတယ်။ ကောင်းပြီ၊ ခင်ဗျား အပြင်မှာ လုပ်ချင်ရာလုပ်နိုင်တယ်၊ ဒါပေမဲ့ Academic work ကိုလည်း လေးလေးနက်နက်လုပ်ရလိမ့်မယ်လို့ ပြောကြတယ်။

ဒီအချိန်မှာ ကျွန်တော် ပညာရပ်နယ်ပယ်တွေမှာ လေးလေးနက်နက်ကြိုးစားခဲ့ရတာတွေကို ကျွန်တော်ပြန်စဉ်းစားကြည့်တယ်။ တကယ်တော့ ပြီးခဲ့တဲ့ ဟာတွေက တကယ့်ဘဝပြဿနာတွေနဲ့ သိပ်အဆက်အစပ်မရှိဘူးဗျ။ တကယ်တော့ လောကကြီးဟာ ကျွန်တော်ထင်တာထက်ပိုပြီး ရှုပ်ထွေးတယ်။ ရုံးခန်းထဲမှာ ထိုင်နေရုံ၊ စီးပွားရေးမော်ဒယ်တစ်ခုကို သင်္ချာကို အခြေခံပြီး ထုတ်လိုက်ရုံ၊ ပညာရပ်ဆိုင်ရာ ဂျာနယ်တစ်ခုခုမှာ ဆောင်းပါးတစ်ပုဒ်ဝင်ရေးရုံနဲ့တော့ မလုံလောက်ဘူးဗျ။ ဒါကြောင့် ကျွန်တော်ပြဿနာတွေကို သီအိုရီသက်သက်နဲ့ မချဉ်းကပ်တော့တာပဲ။ ခင်ဗျားမှာတက္ကသိုလ်ကရတဲ့ သီအိုရီနဲ့ပတ်သက်ပြီး ဝမ်းစာပြည့်နေဖို့အရေးကြီးသလိုပဲ တချို့ကိစ္စတွေအတွက် ကွင်းဆင်းလေ့လာဖို့ မလုပ်မဖြစ်လုပ်ရမယ်ဗျ။ အများအားဖြင့် စီးပွားရေးတက္ကသိုလ်တချို့က ကွင်းဆင်းလေ့လာတာအဓိကမကျဘူးလို့ယူဆနေကြတာ ဆိုးတယ်ဗျာ။ ဥပမာ–စီးပွားရေးတက္ကသိုလ်ကျောင်းသားတစ်ယောက်ကို နိုက်ဂျီးရီးယားနိုင်ငံအကြောင်းကို စာအုပ်ထဲက သတင်းအချက်အလက်တွေနဲ့ ဘွဲ့ယူစာတမ်းတစ်စောင်ရေးခိုင်းတာက ဆေးကျောင်းသားတစ်ယောက်ကို လူနာနဲ့ တစ်ခါမှ မတွေ့ဘဲနဲ့ ဆရာဝန်ဖြစ်လာအောင် လေ့ကျင့်ပေးနေတာနဲ့ တူတယ်ဗျ။ ကျောင်းသားတစ်ယောက်ကို သူတို့တစ်ခါမှ မရောက်ဖူးတဲ့နိုင်ငံတစ်ခုအကြောင်းကို စာတမ်းရေးခိုင်းတာမျိုး မဖြစ်သင့်ဘူးဗျာ။ ဒါဟာတက္ကသိုလ်တွေမှာ ဖြစ်နေကျ အမှားတစ်ခုပဲ။

ကွင်းဆင်းလေ့လာတာဟာ မလွယ်ဘူးဗျ။ အခက်အခဲတွေနဲ့ပြည့်နေတာ အ

www.foreverspace.com.mm

ပေးအချာပေါ့။ ဒါပေမဲ့ ခင်ဗျားက ကမ္ဘာ့ထိပ်တန်းရှားပါးညဏ်ကြီးရှင်တစ်ယောက်မဟုတ်ဘူးဆိုရင်တော့ ပြည်သူ့ရေးရာမူဝါဒနဲ့ဆိုင်တဲ့ ပြဿနာမျိုးကိုသိဖို့ ခင်ဗျား Field ထဲ ဆင်းကိုဆင်းရမှာပဲ။ ကျွန်တော်ကတော့ ရုံးခန်းကနေ ထိုင်ရာမထဘဲ ဒီလိုပြဿနာမျိုးကို ခွဲခြမ်းစိတ်ဖြာနိုင်လောက်တဲ့ ညဏ်ကြီးရှင်မဟုတ်တော့ ကျွန်တော်ကွင်းဆင်းရတယ်။

ကွင်းဆင်းလေ့လာရာမှာ အထောက်အကူပြုနိုင်တာကတော့ ကိုယ်လေ့လာနေတဲ့ ဒေသမှာရှိတဲ့တက္ကသိုလ်တွေနဲ့ ချိတ်ဆက်ထားလိုက်ဖို့ပါပဲ။ ဥပမာဗျာ 'The Carnegie Foundation' ဆိုရင် ကမ္ဘာအနှံ့အပြားကနိုင်ငံတွေနဲ့ ဒီလိုအချိတ်အဆက်တွေလုပ်ထားတယ်။ ကျွန်တော်တို့ အမေရိကက တက္ကသိုလ်တွေအနေနဲ့ တခြားဖွံ့ဖြိုးဆဲနိုင်ငံက တက္ကသိုလ်တွေနဲ့ပူးပေါင်းခြင်းကြောင့် ကျွန်တော်တို့ရဲ့ သုတေသနအလုပ်တွေ အဆင်ပြေနိုင်သလို သူတို့ကိုလည်းလိုအပ်တဲ့ အကူအညီတွေအများကြီးပေးနိုင်တယ်။ ၂၁ ရာစုဆိုတဲ့ ဂလိုဘယ်လိုက်ဖေးရှင်းခေတ်ကြီးမှာဗျာ၊ ကျွန်တော်တို့တက္ကသိုလ်နဲ့ နိုင်ငံခြားတက္ကသိုလ်တွေရဲ့စာသင်ခန်းတွေကို Video Conference ပုံစံနဲ့ ချိတ်ဆက်ထားဖို့ ဘယ်လောက်ကောင်းလိုက်သလဲ။ ဥပမာ–ကိုလံဘီယာတက္ကသိုလ်နဲ့ တရုတ်တက္ကသိုလ် ပူးပေါင်းလိုက်ရင် ကိုလံဘီယာက ပါမောက္ခကစာသင်နေတာကို တရုတ်က ကျောင်းသားကကြည့်နိုင်သလို တရုတ်ပါမောက္ခသင်နေတာကို အမေရိကန်ကျောင်းသားက လေ့လာနိုင်မယ်။

ကျွန်တော်ပြောခဲ့သလိုပါပဲ။ ပညာရှင်တွေရဲ့ တကယ့်အစစ်အမှန်အလုပ်တွေဟာ တက္ကသိုလ်ပရဝုဏ်ထဲမှာပဲရှိတယ်လို့ ဟားဗတ်က တချို့က မြင်နေကြသေးတယ်။ ဟားဗတ်ရဲ့အခန်းကဏ္ဍဟာ အကောင်းဆုံးပညာတွေဖြန့်ဖြူးနိုင်တဲ့ အတော်ဆုံးပညာရှင်တွေ မွေးထုတ်ရုံသက်သက်လို့ ထင်နေကြသေးတယ်။ NGO တစ်ခုခုမှာ ပညာရှင်တွေအနေနဲ့ စိတ်လိုလက်ရ စေတနာ့ဝန်ထမ်း ဝင်ကူတာဟာမလိုအပ်ဘူးလို့ မြင်နေကြတယ်။ ကျွန်တော့်အမြင်မှာတော့ ဒါ အတော့်ကို မှားတာပဲ။ ဘာ့ကြောင့်လဲဆိုတော့ ဘယ် Institutions မဆို ဘဝထဲက ပြဿနာအစုံကိုလေ့လာနိုင်ဖို့ ကွဲပြားတဲ့ ဦးတည်ချက်၊ ရည်ရွယ်ချက်အစုံနဲ့ လူတွေ ပါဝင်ဖွဲ့စည်းထားကြတာမဟုတ်လား။ တက္ကသိုလ်ဆိုတာရော ဒီလိုမဖြစ်သင့်ဘူးလား။



တက္ကသိုလ်က ပညာရှင်တွေက တခြား Institution တွေ မလုပ်နိုင်တာကိုတောင် ပိုလုပ်နိုင်သေးတယ်။ ဥပမာ–ပြည်သူ့ရေးရာမူဝါဒ (Public Policy) လို အကြောင်းအရာမျိုးကိုကိုင်တွယ်ရာမှာ တက္ကသိုလ်လောက် ဘယ်အဖွဲ့အစည်းကမှ ပိုကောင်းအောင်မလုပ်နိုင်ဘူး။ ကမ္ဘာ့ဘဏ် (WB) တို့လို၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) တို့လို အဖွဲ့အစည်းမျိုးနဲ့ယှဉ်ကြည့်ဗျာ။ တက္ကသိုလ်တွေလို ဒီအဖွဲ့အစည်းကြီးတွေဟာ သိပ္ပံပညာတိုးတက်အောင် မလုပ်နိုင်ဘူးဗျ။ ဘာကြောင့်လဲဆိုတော့ ကမ္ဘာ့ဘဏ်က သိပ္ပံနည်းပညာလိုအထူးအဖွဲ့အစည်းတစ်ခုမဟုတ်ဘူးလေ။ ကမ္ဘာ့ဘဏ်အတွက် သိပ္ပံပညာရှင်အနည်းစု အလုပ်လုပ်ကောင်းလုပ်လိမ့်မယ်။ ဒါပေမဲ့ အချိန်ခပ်တိုတိုအတွက်ပဲဖြစ်မယ်ဗျ။ ပုဂ္ဂလိက စီးပွားရေးကုမ္ပဏီကြီးတွေကရော၊ သိပ္ပံဆိုင်ရာတီထွင်ဆန်းသစ်မှုတွေ လုပ်နေတာပဲ။ ဒါပေမဲ့ တက္ကသိုလ်နဲ့မတူတာက သူတို့က သူတို့ရဲ့ ပုဂ္ဂလိကအကျိုးစီးပွားကိုရှေ့တန်းတင်တာဗျ။ ပြီးတော့ ပုဂ္ဂလိက စီးပွားရေးကုမ္ပဏီဆိုတာမျိုးကလည်း ရှယ်ယာရှင်တွေ၊ စီးပွားရေး Partner တွေရဲ့အကျိုးစီးပွားကိုအခြေခံတာမို့ လောကကြီးရဲ့ကောင်းကျိုးအတွက် တကယ်ဖြစ်သင့်ဖြစ်ထိုက်တာကို ထုတ်ဖော်ပြောဆိုဖို့ ခဲယဉ်းပါတယ်။ ကိုယ်ကျိုးစီးပွားနဲ့ပဲယှဉ်ပြီးစဉ်းစားတာဟာ ဒီလိုစီးပွားရေးကုမ္ပဏီကြီး

www.foreverspace.com.mm

တွေမှာတင်မဟုတ်ဘဲ ကမ္ဘာ့ဘဏ်တို့ IMF တို့လို အဖွဲ့အစည်းတွေမှာတောင် မကင်းဘူးဗျ။ အထူးသဖြင့် သူတို့ရဲ့ ပေါ်လစီရေးရာတွေကို အမေရိကနဲ့ တခြားချမ်းသာတဲ့နိုင်ငံတချို့က ဝင်စွက်ခွင့်ပိုများနေတာကိုဗျ။ ဒီလိုလုပ်ခွင့်ရှိနေတာဟာ တစ်ခါတလေ အခြေအနေကို ပိုကောင်းစေသလိုပဲ တစ်ခါတလေ ပိုဆိုးသွားစေတယ်ဗျ။ ဘာကြောင့်လဲဆိုတော့ သူတို့တစ်နိုင်ငံချင်းစီရဲ့လိုအင်ဟာ အားလုံးကောင်းကျိုးမဟုတ်ဘဲ သူတို့ကောင်းကျိုးအတွက်လည်းဖြစ်နေနိုင်သေးတာကိုး။ နောက်တစ်ခုက NGO တွေနဲ့ တက္ကသိုလ် မတူတာ။ NGO တွေက တကယ့်ကို ကောင်းတဲ့အဖွဲ့အစည်းတွေပါ။ ဒါပေမဲ့ NGO တွေရဲ့ အားနည်းချက်က သူတို့မှာ ပညာရည်နဲ့ ပညာရှင် လုံလုံလောက်လောက် မရှိတာဘဲ။ ဒီတော့ တချို့ခက်ခဲနက်နဲလှတဲ့ ပြဿနာကြီးတွေကိုကိုင်တွယ်ဖို့ သူတို့ မတတ်နိုင်ဘူး။ ဒါကြောင့်မို့ တက္ကသိုလ်ဆိုတာ စာသင်ဖို့နဲ့ ပညာရှင်မွေးထုတ်ဖို့ပဲဆိုတဲ့ အယူအဆရှိသူတွေကို ကျွန်တော်ပြောမယ်။ NGO တွေ၊ ကမ္ဘာ့ဘဏ်လို အဖွဲ့အစည်းတွေ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းကြီးတွေ ဝင်လုပ်လို့မရတဲ့အလုပ်တွေကို တက္ကသိုလ်တွေကမှမလုပ်ရင် ဘယ်သူတွေလုပ်မလဲ။

အမေရိကန်တက္ကသိုလ်တချို့မှာ ဒီအချက်ကို အစဉ်အဆက် ကောင်းကောင်းကြီးအသုံးချခဲ့သူတွေရှိတယ်ဗျ။ ဥပမာဗျာ အေဗရာဟမ်လင်ကွန်းဆိုရင် လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀ လောက်ထဲက Land Grant တက္ကသိုလ်တွေကို အမေရိကန်ပြည်သူတွေရဲ့ စိုက်ပျိုးရေးထုတ်ကုန်အထွက်တိုးဖို့ဆိုပြီး ရည်ရွယ်တည်ထောင်ခဲ့တာမဟုတ်လား။ နောက်ပြီး Massachusetts Institute of Technology (MIT) ထွက် ပညာရှင်တွေကြောင့်ပဲ အမေရိကဟာ ကမ္ဘာပေါ်မှာ စစ်ဘက်ဆိုင်ရာနည်းပညာမှာ ရှေ့တန်းရောက်နေတာမဟုတ်လား။ ဒါဟာ ကျွန်တော်တို့ အမေရိကအတွက် သေချာအကျိုးရှိမယ့် ရင်းနှီးမြှုပ်နှံမှုတွေပေါ့။

တက္ကသိုလ်တွေရဲ့လုပ်ပိုင်ခွင့်တွေဟာ ကျွန်တော်တို့ထင်တာထက်ပိုများပါတယ်။ ကမ္ဘာကြီးရဲ့လူဦးရေ စုစုပေါင်းထဲက ၉၅ ရာခိုင်နှုန်းဟာ ကျွန်တော်တို့အမေရိကန်ပြည်ထောင်စုရဲ့အပြင်ဘက်မှာ နေထိုင်ကြတာ။ ပြီးတော့ ကမ္ဘာ့လူဦးရေရဲ့ ၈၅ ရာခိုင်နှုန်းက ဖွံ့ဖြိုးဆဲနိုင်ငံတွေ နယ်ပယ်ထဲကိုရောက်နေတယ်။ ဒီတော့ စီးပွားရေးဖွံ့ဖြိုးမှုဆိုတဲ့ ဘာသာရပ်အကြောင်းကိုလေ့လာမယ်ဆိုရင် ခင်ဗျားတက္ကသိုလ်မှာယူတဲ့ ချမ်းသာတဲ့ နိုင်ငံတွေဘက်ကအမြင်နဲ့ သုံးသပ်ထားတဲ့ 'ဘောဂဗေဒ' သင်ရိုးတစ်ခုနဲ့ မလုံလောက်ဘူးဗျ။ 'စီးပွားရေးဖွံ့ဖြိုးမှု' ဆိုတဲ့ ခေါင်းစဉ်ကို လေ့လာမယ်ဆိုရင် အဲဒီလိုမျိုး ဘောဂဗေဒသင်ရိုးအစား ခင်ဗျားယူသင့်တဲ့ဘာသာကတော့ 'How did that happen?' 'စီးပွားရေးဖွံ့ဖြိုးအောင် ဘယ်လိုလုပ်ကြမလဲ' ဆိုတဲ့ ပညာရပ်စုံ၊ ဘက်စုံ၊ ထောင့်စုံကနေ သုံးသပ်ထားတဲ့ စပယ်ရှယ်သင်ရိုးသစ်တစ်ခု ယူရလိမ့်မယ်။ ကမ္ဘာ့လူဦးရေရဲ့ ခြောက်ပုံတစ်ပုံဟာနေ့စဉ် ဘဝရပ်တည်ရေးအတွက် အသည်းအသန်ကြိုးပမ်းနေရတဲ့အချိန်မှာ ကျွန်တော်တို့သင်ရိုးတွေက ဖြစ်သင့်သလိုမဖြစ်ဘဲ ကျဉ်းမြောင်းလွန်းနေတယ်။

နောက်ပြီး တက္ကသိုလ်မှာ လက်တွေ့သဘောပါဖို့လိုတယ်ဗျ။ ဆိုပါတော့ဗျာ။ စီးပွားရေးအကြောင်းကို လေ့လာမယ်ဆိုရင် ကျောင်းသားတွေကို လက်တွေ့ကျကျ သင်ကြားပေးလို့ရတဲ့ Clinical Economics လိုမျိုးရှိဖို့လိုတယ်။ ဒါကလည်း ကျွန်တော့်ဇနီးရဲ့ လုပ်ပုံကိုင်ပုံတွေကနေ ကျွန်တော်ရလာတဲ့အမြင်ပါ။ သူက ဆေးခန်းထိုင်တဲ့ဆရာဝန်ဗျ။ ပြည်သူ့ကျန်းမာရေး စပယ်ရှယ်လစ်တစ်ဦးဆိုလည်း မမှားဘူး။ သူက လူနာတစ်ယောက်နဲ့စကားပြောရင် ရောဂါဖြစ်စဉ်ကို အသေးစိတ်မေးတယ်။ အဖျားတက်နေတဲ့ လူနာတစ်ယောက်ဆိုရင်ပဲ မေးခွန်းတစ်ခု၊ နှစ်ခုလောက်မေးပြီးတာနဲ့ ဘာဆေးစားလိုက်ဆိုပြီး ခပ်မြန်မြန်ဆေးညွှန်းပေးတတ်တဲ့သူမျိုးမဟုတ်ဘူး။ ရောဂါရာဇဝင်၊ လူနာရဲ့မျိုးရိုးထဲမှာ ဖြစ်လေ့ရှိတဲ့ရောဂါ၊ လူနာရဲ့ရောဂါလက္ခဏာအသေးစိတ်ကို မေးခွန်းတွေဆင့်ဆင့်ပြီး စိတ်ရှည်ရှည်နဲ့ မေးတတ်တယ်။ ဒီလိုနည်းနဲ့ သူကဘယ်လို ကုထုံးနဲ့ကုရမယ်ဆိုတာကို စနစ်တကျ ဆုံးဖြတ်ချက်ချသွားလေ့ရှိတယ်။ သူ့လုပ်ပုံကိုင်ပုံကို အနှစ်နှစ်ဆယ်လောက် မြင်တွေ့နေရတာများလာတော့ ကျွန်တော့်ရဲ့ ဆင်းရဲမှုတိုက်ဖျက်ရေးလုပ်ငန်းတွေမှာလည်း ဒီသဘောသဘာဝကို သုံးလို့ရတယ်လို့ မြင်လာတယ်။ ဒေသတစ်ခုရဲ့ ဖွံ့ဖြိုးရေးကို လုပ်တော့မယ်ဆိုရင် အဲဒီဒေသရဲ့ ရှေးဟောင်းနှောင်းဖြစ်၊ အဲဒီဒေသရဲ့ ပထဝီတွေ၊ ခရီးသွားလာရေးစရိတ်တွေ၊ ပြည်သူတွေကြားကရောဂါဖြစ်ပွားမှုလက္ခဏာတွေ၊ ရေမြေအနေအထားတွေ ဒါတွေကို ခင်ဗျားမေ့ထားလို့မရဘူး။ ဆေးကျောင်းသားတွေ ဆေးရုံမှာ အလုပ်သင်ဆင်းရသလိုပဲ၊ စီးပွားရေးကျောင်းသားတွေကလည်း အလုပ်သင်ဆင်းဖို့လိုတယ်ဗျ။ ဒါကိုပဲ Clinical Economics လို့ ဆိုကြပါစို့။ အခုတော့ ဒီလိုမဟုတ်ပါ ဘူး။ လက်ရှိတက္ကသိုလ်တွေမှာ လုပ်ပုံကိုင်ပုံတွေက ဒီလိုအလုပ်သင်ဆင်းနိုင်တဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခု မဖန်တီးပေးထားဘူးဗျ။ ကျွန်တော့်လုပ်ဖော်ကိုင်ဖက် ပါမောက္ခအတော်များများက ကျောင်းသားတွေကို ပညာရပ်ဆိုင်ရာဂျာနယ်တွေမှာ ဆောင်းပါးဝင်ရေးတတ်ရုံပဲသင်နေကြပြီး တကယ့်လောကရဲ့ပြဿနာကို ဖြေရှင်းတတ်အောင် သင်ပေးနေကြတာမဟုတ်ဘူး။ တကယ်တော့ ကျွန်တော်တို့အားထုတ်မှုတွေအားလုံးရဲ့ ၉၉ ရာခိုင်နှုန်းဟာ လောကရဲ့ ပြဿနာတွေကို ဖြေရှင်းဖို့အတွက်ဖြစ်ပြီး ကျန်တဲ့ ၁ ရာခိုင်နှုန်းက နောင်မှာကြုံတွေ့လာနိုင်တဲ့ ပြဿနာတွေကို ဖြေရှင်းဖို့ အခုထဲကလုပ်ထားသင့်တဲ့ အရာတွေဖြစ်သင့်တယ်မဟုတ်လား။

**နွဲ့ကေခိုင်**

Ref: Address given by Professor Jeffrey D.Sachs at the 2005 Aspen Symposium September 26,2005

www.foreverspace.com.mm



# ဈေးဝယ်လမ်းညွှန်

အမှတ် ၁၅၃ ၂၀၀၈ ခုနှစ်၊ ဧပြီ




## တောင်ကြီးက အင်တာနက်ဆိုင်သစ်

ရှမ်းပြည်နယ် မြို့တော်တောင်ကြီးမှာ အသစ်ဖွင့်လှစ်လိုက်တဲ့ အင်တာနက်ကဖီးဆိုင်တစ်ဆိုင်ကို လမ်းညွှန်လိုက်ပါတယ်။ အင်တာနက်အသုံးပြုသူ တဖြည်းဖြည်းများလာတဲ့ တောင်ကြီးမြို့မှာ အင်တာနက်ဆိုင်တွေလည်း အများအပြားဖွင့်လှစ်တဲ့အထဲက ဒီဆိုင်မှာ ADSL အင်တာနက်အမျိုးအစားကို အသုံးပြုထားတာကြောင့် Connection ကောင်းကောင်းနဲ့ အသုံးပြုနိုင်မှာပါ။ မြို့ခံတွေနဲ့ တောင်ကြီးမြို့အလည်ရောက်ရှိခိုက် အင်တာနက်အသုံးပြုလိုသူတွေအတွက် လမ်းညွှန်ဖော်ပြပေးလိုက်ပါတယ်။

လိပ်စာကတော့–

Cyber Pioneer

အမှတ်–၄၀၃၊ တိုက်(၄)၊ ကျွန်းရွှေဝါလမ်း၊ သစ်တောရပ်ကွက်၊ ဘောလုံးကွင်းတိုက်တန်း၊ တောင်ကြီးမြို့။

## ဘွဲ့ယူမယ့်မမများ လှလှလေးဖြစ်ဖို့

ခေတ်ပုံဆိုင်တွေ၊ အလှမိတ်ကပ်လိမ်းခြယ်ပေးနေတဲ့နေရာတွေမှာ ဖြူနီပြာဝါရောင်စုံဖြာနေတဲ့ ဘွဲ့ယူမယ့်မမတွေ အလုပ်ရှုပ်နေကြမယ့် အချိန်ကာလဖြစ်လို့ ဈေးနှုန်းသက်သက်သာသာနဲ့ ကိုယ့်ရဲ့မျက်နှာလေး ကြွေရုပ်ကလေးလိုဖြစ်သွားအောင် လိမ်းခြယ်ပေးမယ့် နေရာလေးကို လမ်းညွှန်ပေးလိုပါတယ်။ ဘွဲ့ယူတဲ့သူတွေကိုသာ သီးသန့်လိမ်းခြယ်ပေးတယ်လို့ ဆိုပါတယ်။ ဘွဲ့တစ်ကြိမ်အလှဆင်ရင် ၈၀၀၀ ကျပ်၊ နှစ်ကြိမ်ပြင်ရင် ၁၅၀၀၀ ကျပ် ကျသင့်မှာပါ။ ဘွဲ့နှင်းသဘင်သွားဖို့ဝတ်မယ့် အင်္ကျီ အဝတ်အစားနဲ့ တခြားလိုအပ်တာတွေ အားလုံး ဆောင်ရွက်ပြီးစီးပြီး ကိုယ့်ရဲ့မျက်နှာလေး အဲဒီနေ့မှာ လှလှပပဖြစ်ပါ့မလား စိတ်ပူနေသူတွေအတွက် အေးဘုံ–တိုက် ၂၈၉/၂၊ အရှေ့ရန်ကင်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း–၅၅၅၂၅၀ ကိုဆက်သွယ်ပြီး စိတ်တိုင်းကျလိမ်းခြယ်နိုင်ပါတယ်။

## နက္ခတ်ဗေဒင် ဝါသနာပါသူတွေအတွက်

ဗေဒင်ဝါသနာပါသူတွေအတွက် မိမိသိလိုတာတွေ မေးမြန်းဖို့ပဲဖြစ်ဖြစ်၊ ကိုယ်တိုင်တတ်မြောက်ချင်လို့ လေ့လာသင်ယူဖို့ပဲဖြစ်ဖြစ် အဆင်ပြေစေမယ့် နေရာတစ်ခုကို ညွှန်ပြလိုပါတယ်။ နက္ခတ်ဗေဒင်သင်တန်းကျောင်းတစ်ခု ဖြစ်ပါတယ်။ ဇာတာဖွဲ့လိုသူတွေကို ဟောပေးတဲ့အပြင် ကွန်ပျူတာနဲ့လည်း ဇာတာဖွဲ့ပေးပါတယ်။ သင်ယူလိုသူတွေအတွက် အမည်ပေး၊ အခါပေးသင်တန်းအမျိုးမျိုးပေးတဲ့နေရာ တစ်ခုပါ။ ကျောင်းခွဲလုံးဝမရှိဘူးလို့ သိရပါတယ်။

လိပ်စာ–

အမှတ်– အမှတ်–၂၇၂၊ ပထမထပ်

ဗိုလ်ချုပ်အောင်ဆန်းဈေး(မျက်နှာစာတန်း)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

E-mail: keikeisein@mail4u.com.mm

Website:www.appliedastroinstitute.com

www.foreverspace.com.mm

# ရေကူးဝတ်စုံအမျိုးမျိုး

နွေရာသီကျောင်းပိတ်ရက်တွေမှာ ရေကူးသင်မယ့်သူတွေ၊ ခန္ဓာကိုယ်မှာရှိတဲ့အဆီတွေကို ချပစ်ဖို့ ရေကူးမယ့်သူတွေနဲ့ ရေကူးရတာကို ဝါသနာပါသူတွေအတွက် ရေကူးဝတ်စုံဝယ်လို့ရနိုင်မယ့်နေရာတစ်ခုကို ညွှန်ပြလိုက်ပါတယ်။ ကျားဝတ်၊ မဝတ် ရေကူးဝတ်စုံတွေကို အရွယ်အစားအစုံရနိုင်တယ်လို့ သိရပါတယ်။ တစ်ဆင့်ပြန်လည် ရောင်းချလိုသူတွေအတွက်ပါ လက်လီလက်ကား ရောင်းချပေးနေတယ်လို့လည်း ဆိုပါတယ်။ လိပ်စာကို အောက်မှာဖော်ပြပေးထားပါတယ်။

တက္ကသိုလ်များရေကူးကန်၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၅၀၀၅၄၄၊ ၀၉-၅၁၀၆၁၄၀၊
၀၉-၅၁၈၀၂၈၄၊ ၀၉-၅၁၇၅၇၂

# စားသောက်ဆိုင်သစ်

- **Golden Kitchen Restaurant**
  Grand Mee Ya Hta Hotel၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
  ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- **9 Miles အကင်နှင့် စားဖွယ်စုံ**
  အမှတ်-၁၆၉(A)၊ ပြည်လမ်း၊ ၉ မိုင်၊ မရမ်းကုန်းမြို့နယ်၊
  ရန်ကုန်။
- **CP Fresh Mart (ဆိုင်ခွဲ)**
  အမှတ်-၃၀/၃၁၊ ပဒုမ္မာကွင်းပွဲကြည့်စင်ဆိုင်တန်း၊ ဗားကရာလမ်း၊ ပဒုမ္မာလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။

# နေရာပြောင်း ၊ လိပ်စာသစ်

- **SUN FAR Travels & Tours (ရုံးချုပ်)**
  အမှတ်-(၂၅-၃၁)၊ အခန်းအမှတ် (၁-၄)၊
  ၃၈ လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
  ဖုန်း-
- **လှရွှေနှင့်သား မျက်မှန်ဆိုင်**
  ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
  ရန်ကုန်။ ဖုန်း-၂၀၀၇၄၇၊ လိုင်းခွဲ-၂၂၈၀
- **Diamond Villa Gems & Jewellery**
  အမှတ်-၂၂(အေ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊
  ရန်ကုန်။
- **မြမာလာအထည်ဆိုင်**
  ဆိုင်အမှတ်-၂၅/၂၆၊ မြေညီထပ်၊ D ရုံ၊ မန်းမြန်မာပလာဇာ၊
  ဈေးချို၊ မန္တလေး။
  ဖုန်း-၀၉-၂၀၀၂၂၀၂၊ ၀၉-၂၀၁၃၇၉၆၊ ၀၂-၇၃၆၃၂

# ကားစီးလုံးငှားမယ်ဆို

အိမ်မှာ လပေးစနစ်နဲ့ အိမ်စီးကား သန့်သန့်လေးတွေကို ငှားချင်သူတွေအတွက် အဆင်ပြေနိုင်မယ့်နေရာတစ်ခုပါ။ အပန်းဖြေခရီးနဲ့ မိသားစုခရီးစဉ်တွေအတွက် ကားမျိုးစုံကို စိတ်တိုင်းကျငှားလိုသူတွေအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးနေတဲ့ Crane ကားမျိုးစုံ ငှားရမ်းရေးဝန်ဆောင်မှုတစ်ခုကို လမ်းညွှန်ပေးပါရစေ။

အဲဒီမှာ ကားကိုငှားသူက အကျိုးဆောင်ခကို မပေးရဘဲ ယာဉ်ပိုင်ရှင်ဆီကသာ ရယူတယ်လို့ သိရပါတယ်။ ဝန်ဆောင်မှုတွေပေးနေတာ ဆယ်စုနှစ်တစ်ခုစာရှိသွားပြီမို့ ခိုင်မာစိတ်ချရမှုကို အာမခံပေးနိုင်တယ်လို့ ဆိုပါတယ်။ အိမ်မှာ ကားပိုရှိတဲ့ ယာဉ်ပိုင်ရှင်တွေလည်း လာရောက်ဆက်သွယ်ချင်ရင်-

လိပ်စာ

Crane Car Rental House
တိုက်-၈၊ အခန်းနံပါတ်-၈၀၅၊ ပန်းခြံတာဝါ၊
တော်လှန်ရေးပန်းခြံအနီး၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်။ ဖုန်း-၀၉-၅၀၀၂၀၁၈

# ဇီဝမျိုးကွဲသုတေသန စာတမ်းပြုစုလိုသူများအတွက် နည်းပညာအကူအညီလိုအပ်လျှင်

မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ သက်ရှိဇီဝမျိုးစုံမျိုးကွဲတွေ၊ ရှားပါးသက်ရှိမျိုးစိတ်တွေနဲ့ ဒေသရင်းသက်ရှိမျိုးစိတ်တွေနဲ့ပတ်သက်ပြီး ရှာဖွေဖော်ထုတ် သုတေသနစာတမ်း ပြုလုပ်လိုသူ အဖွဲ့အစည်းများနဲ့ တက္ကသိုလ်အသီးသီးက Ph.D, M.Res.နဲ့ M.Sc ကျမ်းပြုကျောင်းသူကျောင်းသားများအတွက် နည်းပညာပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးပေးမယ့် အဖွဲ့အစည်းတစ်ခုကို လမ်းညွှန်လိုပါတယ်။ တက္ကသိုလ်အသီးသီးမှ စေတနာ့ဝန်ထမ်း အငြိမ်းစားနဲ့ တာဝန်ထမ်းဆောင်ဆဲ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိကဆရာ၊ ဆရာမများ၊ Ph.D(ပါရဂူ) ဘွဲ့ရပညာရှင်များက ဇီဝသုတေသနစာတမ်းပြုလုပ်လိုသူ မည်သူကိုမဆို စာတွေ့နဲ့ နည်းပညာပိုင်းသာမက လက်တွေ့ကွင်းဆင်းရာမှာ လိုအပ်တဲ့အကူအညီများကို ပံ့ပိုးကူညီလမ်းညွှန်သင်ပြပေးမယ်လို့ ဆိုပါတယ်။

လိပ်စာကတော့-

Biologial Research Education and Conservation Centre
တိုက်(၆)၊ အခန်း(၆)၊ အမှတ်(၁) ရပ်ကွက်၊ ၁၂ လုံးတန်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၆၂၄၉၆၊ ဖက်စ်-၅၆၂၄၉၆
E-mail:sansanoo@mptmail.net.mm

www.foreverspace.com.mm



## မန္တလေးက ကြိမ်နန်းတော်

မိမိရဲ့အိမ်ဂေဟာလေးကို မြန်မာဆန်ဆန်လက်မှုပစ္စည်းလေးတွေနဲ့ အလှဆင်နိုင်ဖို့ ကြိမ်ပစ္စည်းဆန်းဆန်းလေးတွေ ရနိုင်တဲ့ ဆိုင်တစ်ဆိုင်ကို လမ်းညွှန်ချင်ပါတယ်။ ကြိမ်ထည်ပရိဘောဂတွေကို နှစ်သက်ရာဒီဇိုင်းနဲ့ အော်ဒါမှာလို့လည်း ရနိုင်တယ်လို့ သိရပါတယ်။ ထူးခြားတာကတော့ နံရံကပ်မီးအိမ်လေးတွေပါ ဒီဇိုင်းမျိုးစုံရှိပြီး ဈေးနှုန်းကလည်း ၅၀၀၀ ကျော်ကျော်ပဲရှိတာကြောင့် ဝယ်ယူဖို့ လမ်းညွှန်လိုက်ရခြင်းပါ။ ပိတောက်ခြောက်ရောင်နဲ့ အဖြူရောင် စတဲ့ အရောင်ဆန်းလေးတွေလည်းရနိုင်တယ်လို့ ဆိုပါတယ်။

လိပ်စာ– ကြိမ်နန်းတော် ၊ အမှတ်–(B-7)၊
လေယာဉ်ကွင်းဟောင်းအနောက်ဘက်၊ ရန်ကုန်–မန္တလေးလမ်းမပေါ်၊ မန္တလေး။

## လှည်းတန်းက LCCI နဲ့ Management သင်တန်းသစ်

ရန်ကုန်မြို့က သင်တန်းအမျိုးအစားစုံလင်စွာ ဖွင့်လှစ်ရာနေရာတစ်နေရာဖြစ်တဲ့ ကမာရွတ်မြို့နယ် လှည်းတန်းမှာ အသစ်ထပ်မံဖွင့်လှစ်လိုက်တာဖြစ်ပြီး LCCI ဘာသာရပ်နဲ့၊ Management ဘာသာရပ်တွေ သင်ကြားပေးတဲ့ သင်တန်းကျောင်းတစ်ခုကို လမ်းညွှန်လိုက်ပါရစေ။ ဒီသင်တန်းကျောင်းမှာ LCCI Diploma ၊ Management ဘာသာရပ်တွေအပြင် IELTS ၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာသင်တန်းအမျိုးမျိုး၊ MYOB ကွန်ပျူတာ စာရင်းကိုင်ဘာသာရပ်တွေကိုပါ သင်ယူနိုင်ပြီး သက်ဆိုင်ရာဘာသာရပ်တွေမှာ ကျွမ်းကျင်သူဆရာများကိုယ်တိုင် သင်ကြားပြသပေးမယ်လို့ ဆိုထားပါတယ်။

လိပ်စာကတော့ – International Academic Glory (IAG)
Business & Management Training Center
တိုက်–(၅၂/B)၊ ရန်ကုန်–အင်းစိန်လမ်း၊ စံရိပ်ငြိမ် (၃) လမ်းနှင့် (၄) လမ်းကြား၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၄၂၈၃၆၊ ၀၉–၅၁၃၈၃၇

## ပုံဟောင်းကို ပုံကောင်းဖြစ်အောင်

အရင်ကရိုက်ထားတဲ့ အမှတ်တရဓာတ်ပုံတွေပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့ ဘိုးဘွားလက်ထက်ကပုံတွေပဲဖြစ်ဖြစ် မပီပိုးတဝါးဖြစ်နေတဲ့ ပုံဟောင်းတွေကို ပြုပြင်ပေးနိုင်တဲ့ နေရာတစ်ခုပါ။ ပြင်ပြီးသားပုံတွေနဲ့ လတ်တလောရိုက်ထားတဲ့ပုံတွေကိုလည်း ခမ်းခမ်းနားနား တင့်တင့်တယ်တယ် မြင်လိုသူ၊ ချိတ်ဆွဲထားလိုသူတွေအတွက်လည်း ဘောင်အမျိုးမျိုးရနိုင်တာ တွေ့ရပါတယ်။ ဒါ့အပြင် အပျော်တမ်းပဲဖြစ်ဖြစ်၊ လုပ်ငန်းအတွက်လိုအပ်လို့ပဲဖြစ်ဖြစ် ပုံဟောင်းတွေကို ပြုပြင်တတ်ချင်သူတွေအတွက်လည်း သင်တန်းစီစဉ်ပေးထားတာတွေ့ရပါတယ်။

လိပ်စာကတော့–
FOTO HIGH TECH (DIGI WORKSHOP)
ဘောင်အမျိုးမျိုးနှင့် ဒစ်ဂျစ်တယ်ဓာတ်ပုံလုပ်ငန်း၊ အမှတ်–၁၆၅၊ ၃၃ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–C/O ၃၈၆၈၉၁



www.foreverspace.com.mm

## နေပြည်တော်က တာယာဆိုင်သစ်

ဆောက်လက်စအဆောက်အအုံတွေများစွာရှိတဲ့ နေပြည်တော်မှာ အသစ်ဖွင့်လှစ်လိုက်တဲ့ တာယာအရောင်းဆိုင်သစ်ပါ။ လိုအပ်တဲ့ ဆောက်လုပ်ရေးပစ္စည်းတွေ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေမှာ အဆင်ပြေချောမွေ့စေဖို့ အဓိကရည်ရွယ်ဖွင့်လှစ်ထားတာဖြစ်တယ်လို့ ဆိုပါတယ်။ မော်တော်ယာဉ်ကြီးငယ်နဲ့ ယန္တရားယာဉ်တွေရဲ့ တာယာ အရွယ်အစားအမျိုးမျိုးကို ရွေးချယ်ဝယ်ယူနိုင်မှာပါ။ ဂျပန်၊ အင်ဒိုနီးရှား၊ တရုတ်၊ ထိုင်း စတဲ့ နိုင်ငံတွေက နာမည်ကျော် အမှတ်တံဆိပ် တာယာတွေကို ရောင်းချပေးတာ တွေ့ရပါတယ်။ ထူးခြားတာက ဝန်ဆောင်မှုအနေနဲ့ တာယာဝယ်ယူသူတွေကို တာယာဖြုတ်ပေး၊ တပ်ပေးတာမျိုးကို ဆောင်ရွက်ပေးတာမျိုးပါ။

လိပ်စာကတော့–

TRI STAR General Trading Company Limited

အမှတ်–၇၊ ၆၈–၆၉၊ သပြေကုန်းဈေး၊ နေပြည်တော်။ ဖုန်း–၀၆၇–၄၁၄၇၁၈

## ရှမ်းခေါက်ဆွဲစားမလား

ရှမ်းခေါက်ဆွဲ ကြိုက်နှစ်သက်ကြသူများအတွက် အရသာ ထူးခြားကောင်းမွန်ပြီး တစ်ပန်းကန် ပြည့်ပြည့်ဝဝစားရတဲ့ အင်းစိန်မြို့နယ်အတွင်းက ဆိုင်ကလေးတစ်ဆိုင်ပါ။ နေအိမ်ဝင်းထဲမှာပဲ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ခင်းကျင်းဖွင့်လှစ်ထားတာမို့လို့ အေးအေးချမ်းချမ်း စားသုံးနိုင်ပါတယ်။ ရှမ်းခေါက်ဆွဲအပြင် တို့ဟူးနွေး၊ မြီးရှည်၊ ဆန်စီး၊ ဆန်ဖွယ် စတာတွေကိုပါ မှာယူသုံးဆောင်နိုင်ပါတယ်။

လိပ်စာကတော့–

အမှတ်–၅၇၊ လမ်းသစ်လမ်း၊

အဝေယာလမ်းထိပ်၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

## သာယာတဲ့နေရာက အလှဆင်ပစ္စည်း

မိမိကိုယ်ပေါ်မှာ အလှဆင်မြန်းဖို့ လက်ဝတ်လက်စားပစ္စည်းတွေ ဝယ်ယူရာမှာ ဈေးဝယ်စင်တာတွေ၊ ဖက်ရှင်ဆိုင်တွေကို ဦးတည်ပြီး သွားရောက်ဝယ်ယူတာက လုပ်ရိုးလုပ်စဉ် ဖြစ်နေပါပြီ။ အပန်းဖြေလည်ပတ် စားသောက်စရာနေရာတစ်ခုကို သွားရင်း ကြုံကြိုက်လို့ ပေါ့ပေါ့ပါးပါး ဝင်ရောက်ကြည့်ရှုဝယ်ယူတာမျိုးက တစ်ခါတစ်ရံမှာ အတွေ့အကြုံသစ်တစ်ခုကို ဖြစ်စေပါတယ်။ ဒါကြောင့် သာယာစိုပြည်တဲ့ ဥယျာဉ်ထဲက ငွေထည် လက်ဝတ်လက်စားတွေ ဝယ်ယူနိုင်တဲ့ဆိုင်တစ်ခုကို ညွှန်းလိုတာပါ။ ဒီဆိုင်မှာ ငွေထည် လက်ဝတ်ထည်တွေကို ဒီဇိုင်းအမျိုးမျိုးနဲ့ ဝယ်ယူဝတ်ဆင်နိုင်ပါတယ်။ လက်ဆောင်ပေးလို့လည်းကောင်းတဲ့ ပစ္စည်းလေးတွေပါ။

လိပ်စာ–

Sein Lann Jewellery & Souvenir Shop

အမှတ်–၂၈၊ အင်းလျားလမ်း၊ စိမ်းလန်းစိုပြည်ဥယျာဉ်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ဖုန်း–၇၀၅၅၀၄



www.foreverspace.com.mm

# မြို့နယ်အသင်းများ

ရန်ကုန်၊ မန္တလေး စတဲ့ မြို့ကြီးတွေမှာပဲနေနေ၊ ကယားပြည်နယ်၊ ချင်းပြည်နယ် စတဲ့ ကိုယ့်မြို့နဲ့ဝေးတဲ့ ဝေးလံတဲ့ဒေသပြည်နယ်တွေမှာပဲ တာဝန်ထမ်းဆောင်ဖို့အတွက် ရောက်နေနေ၊ နိုင်ငံခြားရပ်ခြားကိုပဲ ရောက်နေနေ ကိုယ့်မြို့၊ ကိုယ့်ဇာတိကိုတော့ ချစ်တတ်၊ လွမ်းတတ်ကြသူတွေချည်းပါ။ အကယ်ဒမီရတဲ့ အနုပညာရှင်တွေ၊ နာမည်ကျော်စာရေးဆရာတွေ စတဲ့ အောင်မြင်တဲ့သူတွေကိုလည်း ကိုယ့်အရပ်၊ ကိုယ့်ဇာတိကလို့ ဂုဏ်ဖော်ပြောဆိုတတ်ကြတဲ့ ဒေသစွဲကြီးသူတွေလည်း ရှိတတ်ကြတာ တွေ့ရစမြဲပါ။ ဘယ်လိုအကြောင်းမျိုးနဲ့ပဲဖြစ်ဖြစ် ကိုယ့်မြို့နယ်ဒေသကလူတွေအကြောင်း စုံစမ်းချင်လို့ပဲဖြစ်ဖြစ်၊ သတိတရ တွေ့ချင်ဆုံချင်ကြလို့ပဲဖြစ်ဖြစ်၊ ပရဟိတလုပ်ငန်းတွေမှာ အလှူငွေထည့်ဝင်ချင်ကြ၊ ဆောင်ရွက်ချင်ကြလို့ပဲဖြစ်ဖြစ် မြို့နယ်အသင်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်နိုင်ကြမှာပါ။ အဲဒါကြောင့် မြို့နယ်အသင်းတည်နေရာတွေ သိချင်သူတွေ၊ ဆက်သွယ်ချင်ကြသူတွေအတွက် ရန်ကုန်မြို့တော်မှာ အသင်းရုံးဖွင့်လှစ်ထားရှိတဲ့ မြို့နယ်အသင်းလိပ်စာတွေကို လက်လှမ်းမီသမျှ စုစည်းဖော်ပြပေးလိုက်ပါတယ်။

- **ခေတ္တရာအသင်း**
  ခေတ္တရာအသင်းဓမ္မာရုံ၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **ပဲခူးမြို့နယ်အသင်း**
  S-၁၀/၁၁၊ ဒုတိယထပ်၊ ကန်တော်လေးလမ်း၊ အောင်ဆန်းကွင်း(မြောက်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
- **ဘိုကလေးမြို့နယ်အသင်း**
  အမှတ်-၅၄၊ တတိယထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၁၂၅၀၈
- **ထားဝယ်မြို့နယ်အသင်း**
  အမှတ်-၈၂၈၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၂၂၂၁၉
- **ဒိုက်ဦးမြို့နယ်အသင်း**
  အမှတ်-၂၁၁၊ ပထမထပ်၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၈၂၄၂၆
- **ကျောက်တန်းမြို့နယ်အသင်း**
  အမှတ်-(၅-A)၊ ဇမ္ဗူရစ်လမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၆၆၉၂၂
- **ကျောင်းကုန်းမြို့နယ်အသင်း**
  အမှတ်-၂၀၃၊ ပထမထပ်၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၃၅၂၄
- **ကျုံမငေးမြို့နယ်အသင်း**
  အမှတ်-၅၇၊ ပထမထပ်၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၂၇၅၅၁



www.foreverspace.com.mm

- **လပွတ္တာမြို့နယ်အသင်း**
  အမှတ်–(၆၃–A)၊ ပထမထပ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၂၀၈၈
- **မန္တလေးအသင်း**
  အမှတ်–၆၂၈/၆၃၂၊ ပထမထပ်၊ ကုန်သည်လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြား၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၈၆၀၃
- **မော်လမြိုင်ကျွန်းမြို့နယ်အသင်း**
  အမှတ်–၁၇၉၊ ဒုတိယထပ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊ ရန်ကုန် ။
- **မြိတ်မြို့နယ်အသင်း**
  အမှတ်–၆၈၊ ပထမထပ်၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၄၃၄၀
- **ညောင်တုန်းမြို့နယ်အသင်း**
  အမှတ်–၂၇၅(ဘယ်ဘက်)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၀၁၀၆
- **ပန်းတနော်မြို့နယ်အသင်း**
  အမှတ်–၁၇၅ (ဘယ်)၊ ဒုတိယထပ်၊ အောက်ကြည့်မြင်တိုင်လမ်း၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။
- **တန့်ဆည်မြို့နယ်အသင်း**
  ဗဟန်း (၃) လမ်း၊ မြို့မရပ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **ဝါးခယ်မမြို့နယ်အသင်း**
  အမှတ်–၁၂၊ ပထမထပ်၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၆၅၉၀

## ရိုးရာအထည်နဲ့ ဒီဇိုင်းဆန်းချင်သလား

ဒီကနေ့ကာလမှာ ဘယ်လိုပိတ်စအဆင်မျိုးမဆို ခေတ်မီလှပဆန်းပြားအောင် ချုပ်လုပ်နိုင်တဲ့ ဖက်ရှင်ဒီဇိုင်းဖွံ့ဖြိုးလာမှုကြောင့် ပြည်တွင်းဖြစ် တိုင်းရင်းသားရိုးရာအထည်တွေဟာလည်း အသွင်တစ်မျိုးနဲ့ ဆန်းပြားလှပလာခဲ့ပါတယ်။ ယခင်က ရိုးရိုးယဥ်ယဥ် ချုပ်လုပ်ဝတ်လေ့ရှိကြတဲ့ ရိုးရာအထည်တွေကို အသွင်ဆန်းစွာ မြင်တွေ့လာရတဲ့အထဲမှာ ကချင်ထည်လည်း အပါအဝင် ဖြစ်ပါတယ်။ မြန်မာဆန်ဆန်ပုံစံ၊ ယဥ်ယဥ်လေးနဲ့ ဆန်းနေတဲ့ပုံစံ၊ ခေတ်မီဆန်းပြားတဲ့ပုံစံ ကြိုက်နှစ်သက်ရာ ချုပ်လုပ်ဝတ်ဆင်နိုင်ဖို့ ကချင်လုံချည်စုံလင်စွာရနိုင်တဲ့ နေရာလေးတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ အရောင်အသွေးစုံ၊ အဆင်စုံရရှိနိုင်ပြီး ပိုးပြောင်စပေါ်မှာ ကချင်အဆင်ဒီဇိုင်းဖော်ထားတဲ့အထည်တွေရနိုင်တာလည်း တွေ့ရပါတယ်။

လိပ်စာ–Novel ကချင်လုံချည်စတိုး
အမှတ်–S.H.I၊ အခန်း G-2၊ ဝေဇယန္တာ Shopping Mall နံဘေး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။

- **ဇလွန်မြို့နယ်အသင်း**
  အမှတ်–၇၇၊ ပထမထပ်၊ စမ်းချောင်းလမ်း၊ ဓမ္မာရုံအနီး၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၁၀၆၁၇ (တစ်ဆင့်) ၊ ၅၁၀၃၆၇
- **ပုသိမ်အသင်း**
  အမှတ်–၂၀၆၊ ပထမထပ်၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။



www.foreverspace.com.mm

# ရေကူးသင်ရအောင်

ရေကူးအားကစားဟာ ကျန်းမာရေးအတွက်သာမက ကိုယ်ခန္ဓာကျစ်လျစ်သန်စွမ်းရေးအတွက်ပါ အထောက်အကူပြုတဲ့အပြင် အရေးကြုံလာပါက သက်လုံပါကောင်းစေတဲ့ အားကစားနည်းပဲ ဖြစ်ပါတယ်။ နွေရာသီကျောင်းပိတ်ရက်ကာလမှာ အခြေခံရေကူးသင်တန်းတွေတက်နိုင်ဖို့ ကျွမ်းကျင်တဲ့နည်းပြတွေနဲ့ စနစ်တကျသင်ကြားပို့ချပေးနေတဲ့ ရန်ကုန်မြို့အတွင်းက ရေကူးကန်နဲ့ရေကူးသင်တန်းအချို့ကို ရွေးချယ်စုစည်းဖော်ပြလိုက်ပါတယ်။ ကျွမ်းကျင်တဲ့ရေကူးသမားတစ်ဦးဖြစ်လိုရင်တော့ သင်တန်းပြီးသွားတဲ့အခါ နည်းပြတွေနဲ့ စနစ်တကျ ဆက်လက်လေ့ကျင့်သွားဖို့လိုပါတယ်။ သင်တန်းတိုင်းက သင်တန်းဆင်းလက်မှတ်ချီးမြှင့်ပေးပါတယ်။

| စဉ် | ရေကူးသင်တန်းအမည် | သင်တန်းချိန် | ဈေးနှုန်း | လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ကန်တော်ကြီးရေကူးကန် | နံနက်<br>၆း၃၀–၈း၀၀(မသီးသန့်)<br>၇း၃၀–၉း၀၀(ကျား/မ)<br>၈း၃၀–၁၀း၀၀(ကျား/မ)<br>(တနင်္လာမှသောကြာ)<br>တစ်လ | ၂၅၀၀၀ ကျပ် | ဗဟန်း(၃)လမ်းမှတ်တိုင်အနီး၊ မဟာမြိုင်ကျွန်း၊ ကန်တော်ကြီးသဘာဝဥယျာဉ်ဝင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၃၇၁၇၊ ၅၅၄၂၆၆ | ထူးချွန်သူများကိုအသင်းဝင်ခွင့်ပြု |
| ၂။ | ရန်ကုန်ရေကူးအသင်း<br>အမျိုးသားရေကူးကန် | နံနက်<br>၇း၃၀–၉း၀၀(မ)<br>၈း၃၀–၁၀း၀၀(ကျား)<br>မွန်းလွဲ<br>၁း၃၀–၃း၀၀(ကျား)<br>၂း၃၀–၄း၀၀(မ)<br>(တနင်္ဂနွေမှကြာသပတေး)<br>ခြောက်ပတ် | ၁၅၀၀၀ ကျပ် | အမျိုးသားရေကူးကန်၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၇၈၅၂၀ | T.Shirt<br>လက်ဆောင်ပေး |
| ၃။ | ကုက္ကိုင်းရေကူးအသင်း<br>ကုက္ကိုင်းရေကူးကန် | နံနက်<br>၆း၃၀–၈း၃၀<br>၉း၀၀–၁၁း၀၀<br>(အင်္ဂါမှ စနေ) တစ်လ | ၂၅၀၀၀ ကျပ်<br>၁၅၀၀၀ ကျပ်<br>(အသင်းဝင်များ) | အမှတ်–၃၄၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၂၇၄၉ | |
| ၄။ | တက္ကသိုလ်များရေကူးကန် | **ရိုးရိုး**<br>နံနက်<br>၆း၃၀–၈း၀၀(ကျား/မ)<br>၇း၃၀–၉း၀၀(မ)<br>၉း၃၀–၁၁း၀၀(ကျား/မ)<br>ညနေ<br>၄း၀၀–၅း၃၀(ကျား/မ)<br>**သီးသန့်**<br>နံနက်<br>၈း၃၀–၁၀း၀၀ (ကျား/မ)<br>ညနေ<br>၃း၀၀–၄း၃၀ (ကျား/မ)<br>၅း၀၀–၆း၃၀ (ကျား/မ)<br>(တနင်္လာမှသောကြာ) | ၂၀၀၀၀ ကျပ်<br><br><br><br><br><br><br>၄၀၀၀၀ ကျပ် | သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၃၁၀၉၊ ၀၉–၅၁၀၄၁၄၀ | မတတ်မချင်းသင်ကြားပေးမည်။ |



www.foreverspace.com.mm

## ကိုယ်ဝန်ဆောင်မိခင်တွေ ရှုံးထုတ်နိုင်ဖို့

အသက်အရွယ်စုံ အမျိုးသမီးတွေအတွက် ခေတ်မီလှပဆန်းသစ်တဲ့ ဒီဇိုင်းတွေနဲ့ အဝတ်အထည်တွေမျိုးစုံ ရောင်းချနေကြလို့ ဘယ်နေရာမှာကြည့်ကြည့် လှပခေတ်မီစွာ ဝတ်စားထားတဲ့ အမျိုးသမီးတွေကို တွေ့မြင်နေရမြဲပါ။ သာမန်အမျိုးသမီးတွေ အတွက် ရွေးချယ်စရာ အဝတ်အစားတွေရှိပေမယ့် ကိုယ်ဝန်ဆောင်မိခင်တွေ အတွက်တော့ အဝတ်အစားဝတ်ဆင်ဖို့ ရွေးချယ်ရအတော့်ကို နည်းပါတယ်။ ခုဒီဆိုင်လေးကတော့ ကိုယ်ဝန်ဆောင်မိခင်တွေအတွက် လှပဆန်းသစ်တဲ့ဒီဇိုင်းနဲ့ ကိုယ်ဝန်ဆောင်ဖက်ရှင် အဝတ်အထည်တွေကိုသာ သီးသန့်ရောင်းချပေးတဲ့ဆိုင်လေးပါ။ ဝတ်လိုက်ရင် ကိုယ်ဝန်ဆောင်တစ်ဦးလို့ မထင်ရလောက်အောင် အတော့်ကိုလှပတဲ့ ကိုယ်ဝန်ဆောင်အင်္ကျီအများအပြားရှိတယ်လို့ သိရပါတယ်။ တခြားကိုယ့်မိတ်ဆွေ ကိုယ်ဝန်ဆောင်တစ်ဦးဦးကို လက်ဆောင်ပေးလိုရင်ပဲဖြစ်ဖြစ်၊ ကိုယ်တိုင်ရွေးချယ်ဝယ်ယူဝတ်ဆင်လိုချင်ရင်ပဲဖြစ်ဖြစ် သွားရောက်ကြည့်ရှုဝယ်ယူနိုင်ပါတယ်။

လိပ်စာ–

Fancymom
အမှတ် ၁၂၈၊ ဆိပ်ကမ်းသာလမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၀၁၂၅၊ ၃၈၄၃၂၂

## နိုင်ငံခြားမင်းသား၊ မင်းသမီးတွေနဲ့ ဓာတ်ပုံတွဲရိုက်ချင်လို့လား

သူငယ်ချင်းတွေကို အပျော်တမ်းစချင်နောက်ချင်လို့ပဲဖြစ်ဖြစ်၊ ကမ္ဘာကျော် နိုင်ငံခြားမင်းသား၊ မင်းသမီးတွေကို တကယ်ပဲနှစ်သက်လို့ အတူတကွ ဓာတ်ပုံရိုက်ကူးချင်ရင်ပဲဖြစ်ဖြစ် စိတ်ကူးကို အကောင်အထည်ဖော်ပေးမယ့်နေရာတစ်ခုပါ။ စိတ်တိုင်းကျတွဲဖက်ရိုက်ကူးနိုင်မှာဖြစ်ပြီး စတစ်ကာ၊ အိတ်ဆောင်၊ ပြက္ခဒိန်၊ အမှတ်တရသော့ချိတ် စတာတွေလည်း ပြုလုပ်နိုင်ပါသေးတယ်။

ဒါ့အပြင် မိုဘိုင်းလ်ဖုန်းတွေနဲ့ ရိုက်ကူးထားတဲ့ ပုံတွေကိုလည်း ပိုမိုကောင်းမွန်စွာနဲ့ကူးယူနိုင်မယ့်အပြင် ကတ်ထဲမှာ မှားယွင်းပြီး ဖျက်လိုက်မိတဲ့ပုံတွေကို ပြန်ပြီးလိုချင်သူတွေအတွက်လည်း အဆင်ပြေအောင် ဆောင်ရွက်ပေးနေတယ်လို့ ဆိုပါတယ်။ ဓာတ်ပုံနဲ့ပတ်သက်လို့ ဘွဲ့ဓာတ်ပုံ၊ အလှဓာတ်ပုံရိုက်ကူးပေးခြင်း၊ လိုင်စင်ပုံ၊ ပါတ်စ်ပို့ပုံတွေ အမြန်ရိုက်ကူးခြင်းတွေကိုပါ ပြုလုပ်နိုင်မှာပါ။

လိပ်စာကတော့–
COMET PHOTO SERVICE & DIGITAL STUDIO
အမှတ်–၄၀၁/၄၁၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် မျက်နှာချင်းဆိုင်၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်။ ဖုန်း–၂၄၂၄၁၉

## လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **International Academic Glory (IAG)**
  Business & Management Training Center
  တိုက်–၅၂/B၊ ရန်ကုန်–အင်းစိန်လမ်း၊
  စံရိပ်ငြိမ် (၃) လမ်းနှင့် (၄) လမ်းကြား၊
  ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၁၄၂၈၃၆၊ ၀၉–၅၁၃၈၃၇
- **ဇင်ထက်ဆောက်လုပ်ရေးပစ္စည်း(ဆိုင်ခွဲ)**
  အမှတ်–၇၆၊ လမ်းသစ်လမ်း၊ ဝပ်ရှော့လမ်းဆုံမှတ်တိုင်အနီး၊
  နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၆၄၄၈၃၂
- **GIORDANO ဖက်ရှင်(ဆိုင်ခွဲ)**
  အင်းစိန်လမ်းနှင့် ဦးထွန်းလင်းခြံလမ်းထောင့်၊ လှည်းတန်းမှတ်တိုင်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **Biological Research Education and Conservation Centre**
  တိုက်(၆)၊ အခန်း(၆)၊ အမှတ်(၁) ရပ်ကွက်၊ ၁၂ လုံးတန်း၊
  အရှေ့ရန်ကင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း/ဖက်စ်–၅၆၂၄၉၆၊
  E-mail:sansanoo@mptmail.net.mm
- **Fashion U.B.O(Underground Band Organization)**
  A-19၊ တတိယထပ်၊ ယုဇနပလာဇာ၊
  မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
- **ANGEL BOUTIQUE**
  အမှတ်–၁၅၊ အင်းစိန်လမ်း၊ လှည်းတန်းမှတ်တိုင်အနီး၊
  ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၆၅၅၆
- **Excellent (6)**
  တိုက်–၂၊ အခန်း(၈)၊ Exel Tower အနီး၊ ရန်ရှင်းအိမ်ရာ၊
  ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **TRI STAR General Trading Co., Ltd.**
  **(မော်တော်ယာဉ်တာယာအရောင်းပြခန်း)**
  ဆိုင်အမှတ်(၇)၊ ၆၈–၆၉၊ သပြေကုန်းဈေး၊ နေပြည်တော်၊
  ဖုန်း–၀၆၇–၄၁၄၇၁၈

www.foreverspace.com.mm


- **မန်းမြန်မာဈေးချိုပလာဇာ**
  ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။
- **GLORIA Fashion**
  အမှတ်–၁၉၊ ၃/က၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၉၄၂၆၊ ၀၉–၅၁၄၆၁၆၆
- **ရွှေကောင်းကင် ဒစ်ဂျစ်တယ်ဗီဒီယိုနည်းပညာသင်တန်း**
  အမှတ်–၂၁၁၊ ပထမထပ်(ညာ)၊ ၃၇ လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၁၅၅၇၇
- **Green Days ဒစ်ဂျစ်တယ်အိုင်တီအရောင်းပြခန်း**
  Sky Walk Shopping Mall၊ ဒုတိယထပ်၊ ရတနာပုံဈေး၊ ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်း၊ ၇၈ လမ်း၊ ၃၃ × ၃၄ လမ်းကြား၊ မန္တလေး။
- **Sun Star Photo Gallery**
  လမ်း ၈၀၊ ၃၃ × ၃၄ လမ်းကြား၊ မြစ်ဖျားဧရာဟိုတယ်အနီး၊ မန္တလေး။
- **D' Corner Digital IT Shop**
  အမှတ်–၁၈၂/၂၀၂၊ အခန်းအမှတ်–၃၀၊ မြေညီထပ်၊ ၃၄ လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **MEMORY Wedding Dress & Photo Studio**
  အမှတ်–၉၅၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
- **စာပေလောက–၈**
  အမှတ်–๔/๑၊ ခေမာသီလမ်း၊ (ဈ)ဈေးအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
- **ကြယ်စင်ဝန်း ရေမွှေးကောင်တာသစ်**
  အမှတ်–၁၂၂၊ သီရိရတနာအဆင့်မြင့်ဈေး၊ Reflections Fashion Shop၊ နေပြည်တော်။
- **ဒေဝီကျော်လင်းပွဲထိုင်ဇာ**
  ဆိုင်အမှတ်–၈၄ (နာရီစင်အောက်ဗဟိုဝင်ပေါက်ကြီးအနီး၊ အတွင်းမျက်နှာစာတန်း)၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- **Shoe Mart**
  အမှတ်–၄၇၉၊ ကုန်သည်လမ်း၊ ဘိုကလေးဈေးလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ ဗိုလ်ထထောင်မြို့နယ်၊ ရန်ကုန်။
- **D-Moe Favourite Fashion**
  မြေညီထပ်၊ ပုလဲကွန်ဒို(အေ)၊ ဆရာစံလမ်း၊ ကမ္ဘာအေးဘုရားလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- ***** TTS Cyber Club**
  တတိယထပ်၊ ပြည်မြန်မာကုန်တိုက်၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **eezy Cyber Cafe**
  ရွှေချိုရိပ်၊ ၆၆ လမ်း၊ ဘဏ်အနီး၊ ပျဉ်းမနားမြို့။
- **SHU MA NYEE PHOTOGRAPHY MAGAZINE**
  အမှတ်–၂၂၂/၂၂၆၊ ဆူးလေဘုရားလမ်း၊ ရွှေဆောင်ရုပ်ရှင်ရုံအနီး၊ စာပေလောက (၅)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၁၈၁၇၊ ၃၇၁၆၆၇
- **STAR EMPIRE CO., LTD. ရုံးခန်းသစ်**
  Empire Colour Separation & Stars Empire One Stop Printing Services
  အမှတ်–၁၃၃၊ ၃၄ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **Cyber Centre For English Language**
  အမှတ်–၂၆၊ ကမ္ဘောဇရိပ်သာ၊ ကမ္ဘာအေးဘုရားလမ်း၊ ကုက္ကိုင်းမှတ်တိုင်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **Ocean Gate Computer Training Centre**
  အမှတ်–၂၂၊ ရဲဘော်လမ်း၊ (၄) ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဖုန်း–၀၈၂–၃၁၀၅၉
- **Reflections Store**
  အမှတ်–၁၂၂၊ Shopping Complex၊ သီရိရတနာအဆင့်မြင့်ဈေး၊ နေပြည်တော်။

# ဖုန်းလေးတစ်ချက်သာ ဆက်ဖို့လိုပါတယ်

ကိုယ့်ရဲ့အိမ်မှာ ဒါမှမဟုတ် ရုံးခန်းတွေမှာ တပ်ဆင်ထားတဲ့ ဖုန်း၊ မိုဘိုင်းလ်ဖုန်း၊ ဖက်စ်၊ အီးမေးလ်၊ မီတာ စတာတွေရဲ့ လစဉ်ကျသင့်တဲ့ဘီလ်အမျိုးမျိုးကို ဘီလ်ဆောင်ရမယ့်နေရာဆီ ကိုယ်တိုင်သွားပေးဆောင်စရာမလိုဘဲ ဖုန်းလေးတစ်ချက်သာ ဆက်ဖို့လိုတဲ့ ဘီလ်အမျိုးမျိုးဝန်ဆောင်မှုပေးနေတဲ့ လုပ်ငန်းတစ်ခုကို လမ်းညွှန်ပေးလိုက်ပါတယ်။ ဖုန်း၊ ဖက်စ်၊ အီးမေးလ် စတာတွေရဲ့ ဘီလ်တွေအပြင် တခြားဘီလ်အမျိုးမျိုးပေးဆောင်ဖို့အတွက်လည်း ဝန်ဆောင်မှုဆောင်ရွက်ပေးတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီဝန်ဆောင်မှုလုပ်ငန်းဆီကို ဖုန်းတစ်ချက်ဆက်လိုက်ရုံနဲ့ ကိုယ်ရဲ့အိမ်၊ ရုံးခန်းဆီကို အရောက်လာယူ/ပြန်ပို့ပေးမယ်လို့ သိရပါတယ်။ ဒါ့အပြင် တစ်စောင်ချင်းလည်း လက်ခံဆောင်ရွက်ပေးပါတယ်။ အသေးစိတ်ကျသင့်မယ့်စရိတ်နဲ့ တခြားသိလိုတာတွေအတွက် လိပ်စာကတော့–

COMRADE Business & Consultancy Group Co.,Ltd.
တိုက်–၉၁၊ အခန်း(၇)၊ ၄၉ လမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၃၅၈၃၊ ၂၀၁၄၆၉၊ ၀၉–၅၁၀၁၀၇၉

www.foreverspace.com.mm



# နွေရာသီမှာသင်ယူရင်း ပျော်ရွှင်စွာဖြတ်သန်းဖို့

ကျောင်းသင်ခန်းစာတွေထဲမှာ နေထိုင်ဖြတ်သန်းခဲ့ရတဲ့ကာလအပြီး နွေရာသီကျောင်းပိတ်ရက်မှာ ကိုယ်ပိုင်အားလပ်ချိန်တွေ များများ ရရှိလာလို့ ဖိစီးမှုကနေလွတ်မြောက်လာတဲ့ ကာလကိုရောက်ရှိလာပါပြီ။ ဒီအချိန်လောက်ဆိုရင် ပြည့်ပြည့်ဝဝအနားယူလို့ ကျေနပ်လောက်ပါပြီ။ ကျန်ရှိသေးတဲ့ ကျောင်းပိတ်ချိန်အားလပ်ရက်တွေကို ဘယ်လိုအကျိုးရှိရှိအသုံးချမယ်ဆိုတာကိုလည်း စဉ်းစားမိကြမှာပါ။ ဒီလိုအချိန်မျိုးမှာ အချိန်ကို အကျိုးရှိရှိအသုံးချတတ်ဖို့လည်း လိုအပ်တာမို့ စိတ်ပျော်ရွှင်ပေ့ါပါးစွာနေထိုင်ရင်း သင်ယူမှုတွေပြုလုပ်တတ်ရင် အကောင်းဆုံးပါ။ အခုလမ်းညွှန်မယ့် အကြောင်းအရာတွေထဲမှာ ပညာရေးအတွက် ပြင်ဆင်ပြီးသားလည်းဖြစ်၊ တတ်မြောက်မှုအတွက်လည်းပျော်ရွှင်စေမယ့် တကယ်အသုံးကျတဲ့ သင်တန်းအမျိုးအစားတွေ ဖော်ပြထားပါတယ်။ ငယ်ရွယ်သူတွေလည်း တက်ရောက်နိုင်ပေမယ့် နောက်တက်ရမယ့်အတန်းအတွက် ကြိုပြင်စရာမလိုတဲ့ တက္ကသိုလ်ဝင်တန်းဖြေပြီးသူတွေနဲ့ ပိုမိုသင့်လျော်တဲ့ သင်တန်းတွေပါ။ ပညာရေးတစ်ဆစ်ချိုးဖြစ်တဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းကို စောင့်နေဆဲအချိန်မှာ ဘယ်လိုပညာရေးကိုပဲ ဆက်လက်ဆည်းပူး ဆည်းပူး၊ အသုံးဝင်မယ့် အင်္ဂလိပ်စာနဲ့ ကွန်ပျူတာသင်တန်းတွေကိုလက်နက်အဖြစ်ကြိုတင်တပ်ဆင်ရင်း၊ အသိဉာဏ်ဖြန့်ကြက်မှုနဲ့ နှလုံးရည်ကို ထောက်ကူဖြည့်ဆည်းပေးနိုင်တဲ့ ဂီတနဲ့ ပန်းချီသင်တန်းတွေမှာ ဉာဏ်ကွန့်မြူးလောင်းဖြည့်ရင်း ဖြတ်သန်းဖို့အတွက် ရွေးချယ်တက်ရောက်နိုင်ဖို့ ဖော်ပြလိုက်ရခြင်းပါ။

## ကွန်ပျူတာသင်တန်းများ

❑ **KMD**

- အမှတ်–၅၅၀/၅၅၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၁၀၃၅၊ ၂၄၉၁၅၅၊ ၃၈၁၁၂၉၊ ၃၈၁၇၇၆
- အမှတ်–၃၃၁၊ ပြည်လမ်း၊ MK Fashion Shop အနီး၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၇၄၃၆၊ ၅၃၄၁၇၀
- အမှတ်–၂၇၂၊ ပထမထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၁၃၈၂
- တိုက်–၁ ၊ အခန်း ၃၀၊ ပထမထပ်၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ လှည်းတန်းလမ်းဆုံအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၄၄၀၀

❑ **MCC Computer Centre**

ရွှေတိဂုံဘုရားလမ်း၊ သိမ်ကြီးဈေး C ရုံ၊ အဆောင် (၃/၄)၊ တတိယထပ်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၅၇၅၈၊ ၂၄၅၇၆၂၊ ဖက်စ်–၂၄၅၇၅၈
E-mail: mcc-it@myanmar.com.mm

❑ **MPEC**

အမှတ်–၁၁၂၊ အခန်း ၁၁/၁၂၊ ပြည်လမ်း၊ ရှစ်မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၈၇၇၉၊ ၆၆၈၂၅၉

❑ **ACE Data Systems**

Asia Plaza ဒုတိယထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၃၈၇၁

❑ **Link Computer**

အမှတ်–၅၁၈၊ မြေညီထပ်၊ ကုန်သည်လမ်း၊ ဆိပ်ကမ်းသာလမ်းနှင့် ၃၈ လမ်းကြား၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၃၉၈၂၊ ၂၄၀၆၂၂၊ ၃၈၇၂၃၅
E-mail:glink@yangon.net.mm

❑ **Service+ Networking**

အမှတ်–၂၃၆၊ အခန်း 4C၊ ရတနာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၀၄၅၇

❑ **Tech Training Centre**

အမှတ်–၄၁၊ ရန်ကုန်–အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၅၉၈၆

❑ **Time Computer Centre**

အမှတ်–၁၂၆၊ ၃၃ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၄၆၂၀

❑ **Ocean Gate Training Centre**

အမှတ်–၃၅၅၊ အခန်း (၂၀၆)၊ သိမ်ဖြူလမ်း၊ သိမ်ဖြူဈေးမှတ်တိုင်အနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၀၁၃၀၊ ၀၉–၉၀၆၁၃၂၅၊
E-mail:oceangate@myanmar.com.mm

❑ **Alpha Computer**

၃၉ လမ်း၊ ၈၅ လမ်းထောင့်၊ မန္တလေး။ ဖုန်း–၈၉၄၄၁

❑ **KMD**

ဗိုလ်ချုပ်လမ်း၊ ပျဉ်းမနား။ ဖုန်း–၀၆၇–၂၁၈၄၂

❑ **MCC**

အမှတ်–၁၊ မြို့မဈေးအပေါ်ထပ်၊ ပျဉ်းမနား။ ဖုန်း–၀၆၇–၂၂၁၁၄

❑ **MCC**

၇၂ လမ်း၊ ၂၈ လမ်းထောင့်၊ မန္တလေး။ ဖုန်း–၀၉–၂၀၀၁၁၆၄

## အင်္ဂလိပ်စာသင်တန်းများ

❑ **YES**

အမှတ်–၁၉၀(ဒုတိယထပ်)၊ ၂၈ လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း–၂၄၃၉၅၀

- **Success**
  အမှတ်–၁၁၉၊ Y.W.C.A ၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၂၀၄၆၊ ၂၀၀၆၀၁
  E.mail:arthursuccess@mptmail.net.mm
- **PES**
  အမှတ်–၁၈(လေးထပ်)၊ ရတနာလမ်း၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၁၆၅၀၃၊ ၅၀၃၉၈၄
- **TECH**
  အမှတ်–၄၁၊ ရန်ကုန်–အင်းစိန်လမ်း၊ လှည်းတန်းလမ်းဆုံအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၃၉၅၃၁၊ ၇၀၅၇၀၂၊ ဖက်စ်–၅၃၉၅၃၁၊
  E-mail:aet.tech@myanmar.com.mm
- **Asia Language & Business Academy**
  အမှတ်–၆၆၊ တတိယထပ်၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၄၀၅၅
- **Nelson English Language Centre**
  အမှတ်–၅၃၊ ဓမ္မာရုံလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၄၂၈၇
- **U Aung Din**
  အမှတ်–၄၇/၇၊ ၅၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၉၀၉၄၁
- **Saya U Thein Lwin**
  အမှတ်–၂၆၃၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၀၅၁၅
- **Thames**
  မြေနီကုန်းပလာဇာဒုတိယထပ်၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၅၉၇၁
- **Super A One**
  အမှတ်–၂၂၊ တိုက်–၁၊ ပထမထပ်၊ အင်းစိန်လမ်း၊ လှည်းတန်းလမ်းဆုံအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၁၂၃၁
- **Time English Speaking**
  အမှတ်–၂၅၊ တိုက်–၁၊ ပထမထပ်၊ လှည်းတန်းလမ်းဆုံအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၄၂၇၃
- **Top English**
  အမှတ်–၁၅၄၊ ၃၃ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၆၅၄၈
- **Top English (Saya Lawrance)**
  အမှတ်–၂၆၇၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၅၃၄၇၁၉
- **E.L.P.C**
  အမှတ်–၆၅/၃၂၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြား၊ မန္တလေး။
  ဖုန်း–၀၂–၆၈၉၃၈
- **Quality Speaking Centre**
  အမှတ်–၁၀၈–B၊ ၇၃ လမ်း၊ ၂၈ လမ်းနှင့် ၂၉ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၂၃၉၀၉
- **ဦးအောင်ဟိန်းကျော်**
  အမှတ်–၁၈၂၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၂၄၆၈၊ ၀၉–၅၁၇၁၈၄၁
- **ဦးမြကြိုင်**
  အမှတ်–၁၅/၁၇/၁၉၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၂၀၅၅

## ဂီတသင်တန်းများ

- **Art Music Academy**
  အမှတ်–၅၅/၅၆(တတိယထပ်)၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  E-mail:artmusic@myanmar.com.mm
- **Hla Shwe Music Centre**
  အခန်း–၉၀၉ B၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၉၅၈၉
- **Do-Re-Mi Music Centre**
  အမှတ်–၂၊ အနောက်မေခလမ်းသွယ်–၃၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၃၆၉၉
- **Do-Re-Mi Kids Music Centre**
  အမှတ်–၂၄/၂၆၊ ကမ္ဘာအေးဘုရားလမ်း၊ Golden Hill Tower၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၈၅၅၆
- **ဂီတမိတ်**
  အမှတ်–၂၁၉၊ ကာယသုခလမ်းသွယ်၊ ဘူတာရုံလမ်း၊(ကံဘဲ့) ရန်ကင်းမြို့နယ်၊ ရန်ကုန်။
- **တယောဦးတင်ရီ**
  တိုက်–၁၆၊ (၈ လွှာ)၊ လှည်းတန်း (၁) လမ်းထိပ်၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
  ဖုန်း–၀၉–၅၀၅၈၁၀၃၊ ၀၉–၉၉၂၈၈၅၃
- **ဦးစောနု**
  အမှတ်–၁၆၊ ပထမထပ်၊ စံရိပ်ငြိမ်(၂) လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၄၆၂၆

## ပန်းချီသင်တန်းများ

- **Sun Flower**
  အမှတ်–၇၂၊ အောင်မင်းခေါင်(၁)လမ်း၊ ဝင်ဒါမီယာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၃၄၂၇၁
- **K Art Gallery & Art, Music Training**
  **(ပန်းချီ၊ စောင်း၊ စန္ဒရား၊ အော်ဂင်)**
  အမှတ်–၄၇/၁၊ ရွှေပြည်စိုးလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊



www.foreverspace.com.mm

www.foreverspace.com.mm



ရန်ကုန်။ ဖုန်း-၀၉-၅၁၅၂၇၅၉

- **Art & Design Centre**
  အခန်းအမှတ်-၁၀(A)၊ တိုက် ၄၂(B) စတုတ္ထထပ်၊
  ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
  ဖုန်း-၀၉-၅၀၄၃၈၀၂၊ ၀၉-၉၈၇၃၃၄၁၊ ၀၉-၈၀၂၀၃၅၅
- **YAG**
  အမှတ်-၂၇၃(5-B)(5-C)၊ ဗညားဒလလမ်း၊
  တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၆၈၂၅
- **ဒေါ်နွဲ့နွဲ့ရီ**
  အမှတ်-၈၊ ၁၄ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
  ဖုန်း-၂၂၇၂၉၂
- **ပံသုစန္ဒာ**
  အမှတ်-စီ-၄၊ ၇၈ လမ်း၊ ၂၇ x ၂၈ လမ်းကြား၊
  ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း-၀၂-၆၈၅၅၉

## မီးသတ်ဆေးဘူးဝယ်သင့်ပြီ

ပူပြင်းခြောက်သွေ့ပြီး မီးလောင်ကျွမ်းမှုကြာခဏဖြစ်ပွားတတ်တဲ့ အခုလိုနွေရာသီကာလမှာ မိမိတို့ရဲ့နေအိမ်၊ စာသင်ခန်း၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်ခန်းနဲ့မော်တော်ယာဉ်တွေ အကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းတဲ့အခါ ရုတ်တရက်လွယ်လင့်တကူငြိမ်းသတ်နိုင်တာက မီးသတ်ဆေးဘူးတွေပဲဖြစ်ပါတယ်။ သာမန်ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းတဲ့အခါ ရေနဲ့အလွယ်တကူပက်ပြီး ငြိမ်းသတ်လို့ရပေမယ့် စားသုံးဆီနဲ့ လောင်စာဆီအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းတာတွေ၊ ဂက်စ်ဓာတ်ငွေ့ပေါက်ကွဲလို့ မီးလောင်ကျွမ်းတာတွေနဲ့ လျှပ်စစ်ဓာတ်ကြိုးရှော့ခ်ဖြစ်လို့ မီးလောင်ကျွမ်းတဲ့အခါတွေမှာတော့ မီးသတ်ဆေးဘူးများကပဲ ငြိမ်းသတ်ပေးနိုင်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာ ပေါ့ဆမှုနဲ့လျှပ်စစ်မီးမကြာခဏပျက်လို့ ဝါယာရှော့ခ်ဖြစ်ရာက မီးလောင်ကျွမ်းမှုတွေ မကြာခဏဆိုသလိုပေါ်ပေါက်နေပါတယ်။ မီးလောင်မှုဖြစ်ပွားလို့ မီးသတ်ကားမလာခင်မှာ မိမိကိုယ်တိုင်အလွယ်တကူ ငြိမ်းသတ်လို့ရနိုင်တဲ့ မီးသတ်ဆေးဘူးအမျိုးမျိုးကို လက်လီလက်ကားတင်သွင်းဖြန့်ချိပေးနေတဲ့ ကုမ္ပဏီနှစ်ခုရဲ့လိပ်စာတွေကို စုစည်းဖော်ပြပေးလိုပါတယ်။ တစ်နိုင်တစ်ပိုင်အိမ်သုံး Dry Power Type အမျိုးအစား 1 kg ကနေ 8 kg အထိ အစားစားရှိပြီး လုပ်ငန်းသုံး $CO_2$ Type နဲ့ တွန်းလှည်းပါတဲ့ 25 kg အထက် Trolley Type အမျိုးအစားတွေအထိ ဝယ်ယူရရှိနိုင်ပါတယ်။

**လိပ်စာ–** Rain Flower မီးသတ်ဆေးဘူး
မြန်မာသီဟဝန်ဆောင်မှုကုမ္ပဏီလီမိတက်ရုံးချုပ်နှင့်အရောင်းပြခန်း
အမှတ်-၃၂၆/၃၂၈၊ ၂၄ လမ်းနှင့် ကမ်းနားလမ်းထောင့်၊
လသာမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၄၂၈၈၊ ၃၇၉၆၃၇၊ ၃၇၆၃၉၅၊
၃၈၀၂၅၄၊ ဖက်စ်-၃၇၆၉၃၇၊
E-mail: rainflower@mptmail.net.mm,
Website: www.myanmarthiha.com

– CHINT မီးသတ်ဆေးဘူး
Aye Myat Chanthar Co.,Ltd.
ရန်ကုန်– အမှတ်-၄၇၁၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၅၂၄၉၇၈၊ ၃၉၁၀၆၁၊ ၇၂၄၉၀၀
မန္တလေး-အမှတ်-၂၇၇၊ ၃၅ လမ်း၊ ၈၁ × ၈၂ လမ်းကြား၊
မန္တလေးမြို့။ ဖုန်း-၀၂-၃၃၄၁၄၊ ၃၃၅၁၃။
E-mail: louchint@gmail.com.
Website: www.chint.com

**မီးသတ်ဆေးဘူးအမျိုးအစားနှင့်ဈေးနှုန်းများ**

| စဉ် | အမျိုးအစား | Rain Flower | CHINT | မှတ်ချက် |
|---|---|---|---|---|
| ၁ | 1 Kg | ၁၆,၅၀၀ ကျပ် | ၁၆,၀၀၀ ကျပ် | A,B,C,E Dry Power Type |
| ၂ | 2 Kg | ၂၁,၅၀၀ ကျပ် | ၁၈,၀၀၀ ကျပ် | A,B,C,E Dry Power Type |
| ၃ | 3 Kg | ၂၆,၀၀၀ ကျပ် | ၂၀,၂၀၀ ကျပ် | A,B,C,E Dry Power Type |
| ၄ | 4 Kg | ၃၁,၀၀၀ ကျပ် | ၂၂,၅၀၀ ကျပ် | A,B,C,E Dry Power Type |
| ၅ | 5 Kg | ၃၄,၀၀၀ ကျပ် | ၂၄,၆၀၀ ကျပ် | A,B,C,E Dry Power Type |
| ၆ | 8 Kg | ၄၅,၀၀၀ ကျပ် | ၃၂,၀၀၀ ကျပ် | A,B,C,E Dry Power Type |
| ၇ | 2 Kg | ၄၇,၅၀၀ ကျပ် | – | $CO_2$ Type |
| ၈ | 25 Kg | ၁၉၅,၀၀၀ ကျပ် | – | Trolley Type |
| ၉ | 35 Kg | – | ၂၄၀,၀၀၀ ကျပ် | Trolley Type |
| ၁၀ | 40 Kg | ၂၁၅,၀၀၀ ကျပ် | – | Trolley Type |
| ၁၁ | 50 Kg | ၂၄၅,၀၀၀ ကျပ် | - | Trolley Type |

www.foreverspace.com.mm

# ၂၀၀၈ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ကွပ်ကဲထိန်းချုပ်မှုဝန်းကျင် ဒိုင်းနမစ်နှင့် အကောင်းဆုံး ပါဖောင်းမဲန့် စာမူခွင့်ပြုချက်အမှတ် - ၄၀၀၃၉၇၀၃၀၇ | မောင်စူးစမ်း | ၁၀၀၀ | ၂၀၀၀ | အခွင့်အလမ်း | ၂၀၀၇၊ ဒီဇင်ဘာ (ပ-ကြိမ်) | စီးပွားရေး အတွေးအမြင် |
| ၂။ | နှလုံးသားအတွက် မေတ္တာစာများ စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၁၄၀၉၀၇ | ကိုမျိုး(IR) | ၅၀၀ | ၁၀၀၀ | သင်း | ၂၀၀၈၊ ဇန်နဝါရီ (ပ-ကြိမ်) | ဘာသာပြန် |
| ၃။ | ဒေါ်မြသိန်း၏ ဘဝမှတ်တိုင် စာမူခွင့်ပြုချက်အမှတ် - ၄၀၁၁၇၅၁၀၀၇ | ဆလိုင်းရွှေလင်း | ၅၀၀ | ဓမ္မဒါန | ရန်အောင် | ၂၀၀၇၊ ဒီဇင်ဘာ (ပ-ကြိမ်) | ဘာသာရေး |
| ၄။ | နာမကျန်းသည် အိုနှင်းဆီ (ပ/ဒုတွဲ) စာမူခွင့်ပြုချက်အမှတ် - ၅၀၅/၂၀၀၃(၄) | မိုးမိုး (အင်းလျား) | ၅၀၀ | | စာပေလောက | ၂၀၀၈၊ ဖေဖော်ဝါရီ (ဒု-ကြိမ်) | ဝတ္ထုရှည် |
| ၅။ | အချစ်ဗေဒ စာမူခွင့်ပြုချက်အမှတ် - ၄၀၀၆၄၆၀၅၀၇ | AMK | ၅၀၀ | | စာပေလောက | ၂၀၀၈၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | ဘာသာပြန် |
| ၆။ | ကာလာပွဲတော် စာမူခွင့်ပြုချက်အမှတ်-၄၀၀၉၉၃၁၀၀၇ | မောင်ကိုကို (အမရပူရ) | ၁၀၀၀ | ၁၅၀၀ | ရှုပါ | ၂၀၀၇၊ နိုဝင်ဘာ (ပ-ကြိမ်) | ဆောင်းပါး ပေါင်းချုပ် |
| ၇။ | မြင့်မြတ်သူတို့ရဲ့အလုပ် စာမူခွင့်ပြုချက်အမှတ် - ၃၂၀၇၂၅၁၀၀၇ | ရဝေနွယ် (အင်းမ) | ၂၀၀၀၀ | ၆၀၀ | ရာပြည့် | ၂၀၀၈၊ ဖေဖော်ဝါရီလ (ပ-ကြိမ်) | ဆောင်းပါး ပေါင်းချုပ် |
| ၈။ | ကိုယ်ဘယ်လောက်တော်တယ်၊ တတ်တယ်ဆိုတာက အကြောင်း မဟုတ်ဘူး၊ ကိုယ့်မှာတော်ချင် တတ်ချင်စိတ်ဘယ်လောက် ရှိသလဲဆိုတာကသာ အကြောင်း စာမူခွင့်ပြုချက်အမှတ် - ၄၀၁၁၃၄၁၀၀၇ | မြင့်စိုးလှိုင် | ၅၀၀ | | စာပေလောက | ၂၀၀၈၊ ဇန်နဝါရီ (ပ-ကြိမ်) | ဘာသာပြန် |
| ၉။ | စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်ရဲ့အသည်းနှလုံးနဲ့ဝိညာဉ် စာမူခွင့်ပြုချက်အမှတ် - ၄၀၁၃၅၁၁၂၀၇ | ကျော်ဇောဦး | ၅၀၀ | ၁၈၀၀ | KZO | ၂၀၀၀ ၊ ဖေဖော်ဝါရီ (ပ-ကြိမ်) | ဘာသာပြန် |
| ၁၀။ | နှစ်ဆယ်ရာစုနိုင်ငံရပ်ခြားဝတ္ထုတိုများ စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၃၅၀၆၀၇ | ညွန့်ကြူး | ၅၀၀ | ၂၀၀၀ | ရာပြည့် | ၂၀၀၈၊ ဖေဖော်ဝါရီ (ဒု-ကြိမ်) | ဘာသာပြန် |

www.foreverspace.com.mm



| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁၁။ | ကင်းဝန်မင်းကြီး ပြင်သစ်နိုင်ငံသွားနေ့စဉ်သတင်း<br>စာမူခွင့်ပြုချက်အမှတ် – ၃၁၀၀၄၅၀၇၀၇ | ဦးမောင်တင် | ၅၀၀ | ၃၀၀၀ | ရာပြည့် | ၂၀၀၈၊ ဇန်နဝါရီ (စ–ကြိမ်) | ဘာသာပြန် |
| ၁၂။ | နေရာလွဲသောအား<br>စာမူခွင့်ပြုချက်အမှတ် – ၄၁၁၀၃၅၀၉၀၇ | ဒေါက်တာခင်မောင်ဆွေ (မူးယစ်) | ၁၀၀၀ | ၁၅၀၀ | ဖူလုံ | ၂၀၀၈၊ ဇန်နဝါရီ (ပ–ကြိမ်) | မူးယစ်ဆေးဝါးအန္တရာယ်ပညာပေး |
| ၁၃။ | အရှုံးတစ်ယောက်ရဲ့ ကောင်းကင်ဘုံ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၃၄၃၁၃၀၇ | စာရေးဆရာစုံ | ၅၀၀ | ၂၀၀၀ | ကံ့ကော်ဝတ်ရည် | ၂၀၀၈၊ ဖေဖော်ဝါရီ (ပ–ကြိမ်) | နိုင်ငံတကာဝတ္ထုတိုစုစည်းမှု |
| ၁၄။ | ခွေးညို<br>စာမူခွင့်ပြုချက်အမှတ် – ၅၀၀၇၈၂၀၇၀၇ | မင်းကျော် | ၁၀၀၀ | ၂၃၀၀ | The Key | ၂၀၀၈၊ ဖေဖော်ဝါရီ (ဒု–ကြိမ်) | ဝတ္ထု |
| ၁၅။ | စစ်သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံး ဂန္ထဝင်တိုက်ပွဲများ<br>စာမူခွင့်ပြုချက်အမှတ် – ၃၁၀၀၀၆၁၀၈၀၇ | သောင်းထိုက် | ၅၀၀ | ၁၅၀၀ | ရတနာပုံ | ၂၀၀၈၊ ဖေဖော်ဝါရီ (ပ–ကြိမ်) | ဆောင်းပါးပေါင်းချုပ် |
| ၁၆။ | အနေးသွားလွန်းပျံယာဉ်<br>စာမူခွင့်ပြုချက်အမှတ် – ၅၀၁၃၄၈၁၁၀၇ | ဝေမှူးသွင် | ၁၀၀၀ | ၁၅၀၀ | အိပ်မက်အသစ် | ၂၀၀၈၊ ဖေဖော်ဝါရီ (ဒု–ကြိမ်) | ဝတ္ထု |
| ၁၇။ | မအိုမီမနာမီမသေမီ<br>စာမူခွင့်ပြုချက်အမှတ် – ၃၂၀၇၈၀၁၁၀၇ | အရှင်အာစာရ (ကံယုံ) | ၁၅၀၀ | ဓမ္မဒါန | ရာပြည့် | ၂၀၀၈၊ ဖေဖော်ဝါရီ (ဒု–ကြိမ်) | ဘာသာရေး |
| ၁၈။ | မမှားရဲသူ၊ မှားရဲသူနှင့် မတူညီသောအမှားများ<br>စာမူခွင့်ပြုချက်အမှတ် – ၄၀၁၁၉၂၁၀၀၇ | ဇော်သိုက် | ၅၀၀ | ၁၂၀၀ | – | ၂၀၀၈၊ ဖေဖော်ဝါရီ (ပ–ကြိမ်) | ဆောင်းပါးပေါင်းချုပ် |
| ၁၉။ | ရေကြည်တွင်းနဲ့ မိုးခါးရေ<br>စာမူခွင့်ပြုချက်အမှတ် – ၅၀၀၄၂၄၀၄၀၇ | မောင်လွင်မွန် (ကသာ) | ၇၀၀ | ၁၂၀၀ | ချမ်းမြေ့ရတနာ | ၂၀၀၈၊ ဖေဖော်ဝါရီလ (ပ–ကြိမ်) | ဝတ္ထုတိုစုစည်းမှု |
| ၂၀။ | ပိဋကတ်မှ ဗုဒ္ဓနှင့်ဓမ္မ<br>စာမူခွင့်ပြုချက်အမှတ် – ၃၂၀၀၁၉၀၀၀၈ | ဦးအေးမောင် (ဗုဒ္ဓနှင့် ဗုဒ္ဓဝါဒကျမ်းပြု) | ၅၀၀ | ၁၅၀၀ | ရန်အောင် | ၂၀၀၈၊ ဖေဖော်ဝါရီ (တ–ကြိမ်) | ဘာသာရေး |
| ၂၁။ | နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့် စာစုစာရင်း (စတုတ္ထတွဲ)<br>စာမူခွင့်ပြုချက်အမှတ်–၄၁၁၃၂၁၁၂၀၇ | စာရေးဆရာများ | ၅၀၀ | ၂၇၀၀ | ရွှေဟင်္သာ | ၂၀၀၈၊ ဖေဖော်ဝါရီ (ပ–ကြိမ်) | ဆောင်းပါးပေါင်းချုပ် |
| ၂၂။ | ဖိစီးမှုစွမ်းအင်ဖြင့် အောင်မြင်သောဘဝ ထူထောင်နည်း<br>စာမူခွင့်ပြုချက်အမှတ် – ၄၀၁၁၅၃၁၀၀၇ | ကျော်သက်ခိုင် (ဆေးတက္ကသိုလ်) | ၅၀၀ | ၁၅၀၀ | ကျော်သက်ခိုင် | ၂၀၀၈၊ ဖေဖော်ဝါရီ (ပ–ကြိမ်) | အောင်မြင်ရေးကျမ်း |

| | | | | | | |
|---|---|---|---|---|---|---|
| ၂၃။ အကြောတည့်လား လျှာနဲ့သွား<br>စာမူခွင့်ပြုချက်အမှတ် - ၄၀၀၈၆၉၀၇၀၇ | အတ္တကျော် | ၁၀၀၀ | ၁၅၀၀ | လက်တွဲဖော် | ၂၀၀၈၊ ဖေဖော်ဝါရီ<br>(ပ-ကြိမ်) | ဆောင်းပါး<br>စုစည်းမှု |
| ၂၄။ မသိမဖြစ်အခြေခံဓာတ်ပုံ<br>ပညာနည်း(၁၀၀)<br>စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၈၇၀၁၀၈ | တက္ကသိုလ်<br>စိုးဝင်း | ၅၀၀ | ၂၀၀ | စိတ်ကူး<br>ချိုချို | ၂၀၀၈၊ မတ်<br>(ပ-ကြိမ်) | ဓာတ်ပုံပညာ |
| ၂၅။ ကမ္ဘာ့စာပေအညွှန်း<br>စာမူခွင့်ပြုချက်အမှတ် - ၄၀၀၅၅၈၀၅၀၇ | မောင်သင် | ၅၀၀ | ၆၅၀၀ | စိတ်ကူး<br>ချိုချို | ၂၀၀၈၊ ဖေဖော်ဝါရီ<br>(ပ-ကြိမ်) | စာပဒေသာ |
| ၂၆။ စာပေဘဝဓာတ်လမ်းစုံ<br>စာမူခွင့်ပြုချက်အမှတ်- ၅၀၀၇၇၈၀၆၁၆ | သိန်းဖေမြင့် | ၁၀၀၀ | ၈၀၀၀ | သူရိယ | ၂၀၀၈၊ ဇန်နဝါရီ<br>(၃-ကြိမ်) | စာပဒေသာ |
| ၂၇။ ဆားပုလင်းနှင်းမောင်နှင့် ဖဲသုံး<br>ချပ်သမားအပါအဝင် ဝတ္ထုတိုများ<br>စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၁၅၀၂၀၈ | မင်းသိခ် | ၅၀၀ | ၂၀၀၀ | လာဘ်မိုးဖွေ | ၂၀၀၈၊ မတ်<br>(ပ-ကြိမ်) | ဝတ္ထုတို<br>ပေါင်းချုပ် |
| ၂၈။ မဟာဗုဒ္ဓဝင်(အကျဉ်းချုပ်)<br>စာမူခွင့်ပြုချက်အမှတ် - ၃၂၀၇၁၅၁၀၀၇ | ဦးသန်းလွင် | ၅၀၀ | ၃၀၀၀ | ရွှေတင်ဝင်း | ၂၀၀၈၊ ဖေဖော်ဝါရီ<br>(ပ-ကြိမ်) | ဘာသာရေး |

# စာအုပ်လမ်းညွှန်
Editor's Choice

## ဂလိုဘယ်လိုက်ဇေးရှင်း တတိယလှိုင်းနှင့် ဦးနှောက်ပါဝါစစ်ပွဲများ

**ကျော်ဝင်း**

၂၀၀၈ ခုနှစ် နှစ်ဆန်းပိုင်းတွင်ပင် လေးအုပ်မြောက်ထွက်ရှိလာသည့် ကျော်ဝင်း၏စာအုပ် ဖြစ်သည်။ ကျန်ခဲ့သည့် ငါးနှစ်ကာလအတွင်းရေးသားဖော်ပြ၊ ထုတ်ဝေခဲ့ပြီးဖြစ်သကဲ့သို့ မျက်မှောက်အထိလည်း နောက်ဆုံးထွက်ပေါ်လာသော အကောက်အယူများကို အလျဉ်းသင့်သလို ရေးသားလျက်ရှိသည့် ဂလိုဘယ်လိုက်ဇေးရှင်းကို လှိုင်းသုံးလှိုင်း၊ ကဏ္ဍလေးခုဖြင့်



သရုပ်ခွဲပြထားသည်။ အထူးသဖြင့် ယနေ့ပညာရှင်အချို့က ဂလိုဘယ်လိုက်ဇေးရှင်းကို ခေတ်သုံးခေတ်၊ လှိုင်းသုံးလှိုင်းဖြင့် ပိုင်းခြားလေ့လာဆန်းစစ်ချက်တို့ကို စုစည်းကာ မျက်မှောက်ကာလရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နည်းပညာနှင့် နယ်ပယ်အားလုံးအပေါ် ရိုက်ခတ်ပြောင်းလဲမှုများကို ထင်ဟပ်ပေးထားခြင်း ဖြစ်သည်။

၁၄ ရာစုအစောပိုင်းကာလမှ ၁၉ ရာစုအစပိုင်းကို ဂလိုဘယ်လိုက်ဇေးရှင်း ပထမလှိုင်းဟု ပိုင်းခြားပြီး ၁၉ ရာစုမှ ၂၀ ရာစုအကုန်အထိကို ဒုတိယလှိုင်းကာလအဖြစ် သတ်မှတ်ကာ ၂၁ ရာစုအဝင်မှစ၍ တတိယလှိုင်းအဖြစ် ဝိဂြိုလ်ပြု ပိုင်းဆစ်ပြသည်။ လှိုင်းတစ်ခုနှင့်တစ်ခုအကြား ကွာဟချက်မှာ သည်ဘက်ရောက်လာသည်နှင့်အမျှ အချိန်ကာလနှင့် ပြောင်းလဲမှုဖြစ်စဉ်တို့ အရွေ့အပြောင်းက ပို၍ပို၍ မြန်လာသည်။ တတိယလှိုင်းကာလအရောက်တွင် အတိတ်ကာလက စွဲမှတ်လာခဲ့သော စံနှုန်းတန်ဖိုးများ လုံးဝနီးပါး လမ်းခွဲထွက်လာသည်။ အထူးသဖြင့် သက်ဆိုင်ရာလူ့အဖွဲ့အစည်းတစ်ခု၏ ပြောင်းလဲမှုဖြစ်စဉ်ကို အဓိကပဲ့ကိုင်သူ

www.foreverspace.com.mm

များဟုဆိုနိုင်သည့် အုပ်ချုပ်ရေး (တစ်နည်းအားဖြင့်) အစိုးရပုံစံတို့၏ အပြောင်းအလဲက သိသာလှသည်။ တက်ကြွသော၊ အားကောင်းသော၊ အရည်အချင်းရှိသော အစိုးရတစ်ရပ်ခေါ် 'ဒိုင်းနမစ်အစိုးရ' ပုံစံသစ်တစ်ရပ် ပေါ်လာသည်။ ဒိုင်းနမစ်ဖြစ်သော အစိုးရတို့ကသာ တိုင်းပြည်၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို ဖော်ဆောင်နိုင်သည်ဖြစ်၍ ဒိုင်းနမစ်အစိုးရပုံစံသစ် ဖော်ဆောင်လာကြသည်။ ဤအချက်ကို တတိယလှိုင်း၏စီးပွားရေးပုံစံတွင် ဤသို့ ဖော်ပြထားသည်။

"အုပ်ချုပ်ရေးစနစ်တစ်ခု ဒိုင်းနမစ်ဖြစ်မဖြစ် ဆိုသည်ကို ဗျူရိုကရေစီတွင် ပါဝင်သော တက်ခနိုကရက်အရေအတွက် နှင့် တိုင်းတာရမည်ဟု ဆိုသည်။ တက်ခနိုကရက်ပါဝင်မှုအချိုးအဆမြင့်လေ ဒိုင်းနမစ်ဖြစ်လေ၊ စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုနိုင်လေဟု ယူဆကြသည်" (စာ–၂၁)

သမားရိုးကျစဉ်းစားသူ၊ တစ်နည်းအားဖြင့် Stereotype တွေးတတ်သူ အများစုက ဂလိုဘယ်လိုက်ဖေးရှင်းကို အမေရိကနဲ့ အနောက်အုပ်စုက ဦးဆောင်နေခြင်းသာဖြစ်သည်ဟု စွပ်စွဲကြသည်။ တစ်ချိန်တစ်ခါက မှန်သင့်သလောက် မှန်ခဲ့သော်လည်း ယခုမမှန်တော့။ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး၊ စီးပွားရေး တစ်ဟုန်ထိုး မြင့်မားလာသော ယနေ့တရုတ်ပြည်သည်လည်း ဂလိုဘယ်လိုက်ဖေးရှင်းကို ဦးဆောင်မောင်းနှင်သူမဟုတ်နိုင်။ အမေရိကနှင့် တရုတ်ကဲ့သို့ အမျိုးသားနိုင်ငံများတွင် ဂလိုဘယ်လိုက်ဖေးရှင်း၏ အဓိကအင်ဂျင်မရှိတော့ဘဲ အင်တာနက်ပေါ်ရှိ ဆိုက်ဘာစပေ့ကိုယ်တိုင် မောင်းနှင်နေခြင်းဖြစ်သောကြောင့် ဆိုက်ဘာစပေ့ဟု အမည်တပ်လာကြကြောင်း၊ ဆိုက်ဘာစပေ့တွင် အမျိုးသားအကျိုးစီးပွားဟု ခေါင်းစဉ်တပ်၍ ဘက်လိုက်မှုများမရှိနိုင်ဟု မှန်းဆရသော်လည်း အလွန်ပြိုင်ဆိုင်မှုအားကြီးကာ အလွန်မတည်ငြိမ်သော စီးပွားရေးဖြစ်ဖွယ် ရှိသည့်အတွက် 'ပညာ' သည်သာ တစ်ခုတည်းသော အားကိုးရာဖြစ်လိမ့်မည်ဟု နိမိတ်ဖတ်ထားကြကြောင်း ပညာနှင့်သာ တတိယလှိုင်းစီးနိုင်မည်ကို သရုပ်ဖော်ပြသည်။

"အနာဂတ်အင်ပါယာများမှာ စိတ်ပိုင်းဆိုင်ရာ အင်ပါယာများဖြစ်လိမ့်မည်" ဟု ဟောကိန်းထုတ်ခဲ့သော ဝင်စတန်ချာချီ၏ ဟားဗတ်တက္ကသိုလ်မိန့်ခွန်းကို ယနေ့မျက်မှောက် အခြေအနေနှင့် ယှဉ်ကာ "နောင်လာမည့် အနာဂတ်စစ်ပွဲများမှာ ဉာဏ်ကြီးသူများကို အပြိုင်ရှာဖွေစုစည်းကြသည့် တဲလင့်ဝါး (Talent War) များဖြစ်လိမ့်မည်" ဟု ဖြည့်စွက်တွေးပြထားခြင်းဖြင့် အစချီကာ ကမ္ဘာကျော်ကုမ္ပဏီကြီးများ တဲလင့်ရှိသူ (ဝါ) 'ဇ' ရှိသူများကို အပြိုင်ဆွဲဆောင်ရှာဖွေခန့်ထားလာကြခြင်းကို ရှင်းပြသည်။ ခက်နေသည်မှာ အဆိုပါ ဇရှိသူများ လိုသလောက်မရနိုင် ရှားပါးခြင်းပင်။ ဤ သည်ကို 'ပညာခေတ် သို့ သော် ...' ခေါင်းစဉ်ငယ်အောက်တွင် ဤသို့ သရုပ်ဖော်ပြသည်။

" 'ဖြတ်သန်းသွားလာခွင့်မပြု . . .'၊ ကျူးကျော်ဝင်ရောက်သူများကို အရေးယူမည်' စသော ဆိုင်းဘုတ်များ၊ ကြေညာချက်များကိုသာ တွေ့ဖူးမြင်ဖူးကြဖို့ များပါလိမ့်မည်။ အိန္ဒိယနိုင်ငံ၊ ဘန်ဂလိုမြို့ရှိ ဂျီအီးရုံးခွဲရှေ့မှ ဆိုင်းဘုတ်ကမူ အတော်လေးထူးဆန်းနေသည်။ 'ကျူးကျော်ဝင်ရောက်လာသူများကို အလုပ်ခန့်ပစ်မည်' (Trespassers will be recruited) ဟူ၏။ စင်စစ်ဆိုင်းဘုတ်စာသားမှာ ထူးချွန်ထက်မြက်သူ၊ ဇရှိသူ ရှားပါးမှုကြီးကို ဖော်ပြနေခြင်းဖြစ်ပါသည်" (စာ–၃၁၊ ၃၂)

အခြားတစ်ဖက်တွင်လည်း တဲလင့်နှင့်ပတ်သက်သော အငြင်းအခုန်များ ရှိနေပါသည်။ ထိုအထဲမှ အရေးအကြီးဆုံး ငြင်းခုန်မှုမှာ တဲလင့်နှင့်အက်သစ် (Ethic) ဘယ်သင်းကို ဦးစားပေးရမည်နည်း။ ဘယ်အရာက ပိုအရေးကြီးသနည်း ဆိုခြင်းဖြစ်၏။

ဤအချက်ကို အောက်ပါအရေးအသားဖြင့် ဖြည့်ပြထားသည်။

"လူ့အရည်အချင်းမှာ mature ထက် nature နှင့်ဆိုင်သည်ဟု ဆိုခဲ့ပြီးပြီ။ ထူးချွန်ထက်မြက်သူဖြစ်စေရန် လေ့ကျင့်သင်ကြားပေးလို့ ရသလောက် ရနိုင်သည်ဟု အဓိပ္ပာယ်ထွက်သည်။ ကျင့်ဝတ်ကိုကော လေ့ကျင့်သင်ကြားပေး၍ ရနိုင်ပါမည်လော . . .။ ရနိုင်သည် သို့သော် မလွယ်ဟု အဖြေပေးသည်။ ပညာက ဦးနှောက်ထဲ ရောက်စေရန် သင်ကြားပေးရသည်။ ကျင့်ဝတ်က အသည်းနှလုံးထိ ရောက်ဖို့ လိုအပ်လေရာ သင်ကြားဖို့ အခက်ဆုံးဟု ဆိုသည်။ . . . တန်းတူအရေးပါသည်သာဖြစ်သည်။ တဲလင့်ကို အက်သစ်နှင့် ကျားကန်နိုင်လျှင်မူ 'အတိုင်းထက်အလွန် တံခွန်နှင့် ကုက္ကား' ဟု ဆိုရမည်ဖြစ်ပါကြောင်း . . ." (စာ–၅၁)

WORLD VIEW အခန်းတွင် ဆူပါပါဝါအမေရိကန်ပြည်ထောင်စု ဦးဆောင်သော ဧကဝင်ရိုးကမ္ဘာနှင့် ဂလိုဘယ်လိုက်ဖေးရှင်းဖြစ်စဉ်တို့ကြောင့် နားလည်မှုအလွဲ၊ ဘာသာပြန်အလွဲများ၊ တစ်ကိုယ်တော်ကြိတ်ဝါဒကျင့်သုံးမှု၊ မိမိကိုယ်ကိုယ်ရှိသည်ထက်ပို၍ အထင်ကြီးစိတ်၊ မပြားသေးသော ကမ္ဘာ (ဝါ) အမှောင်ခြမ်းတွင် ရှိနေဆဲ လူ့အဖွဲ့အစည်းတို့၏ အငုံ့စိတ်၊ သိမ်ငယ်စိတ်မှသည် မကျေမနပ်၊ ဒေါသစိတ်သို့ ကူးပြောင်းကာ ကသောင်းကနင်းကမ္ဘာကြီးအဖြစ် ပုံဖော်သကဲ့သို့ ဖြစ်နေခြင်းတို့ကို အကြောင်းအရင်းနှင့်တကွ ရှင်းပြထားသည်။ ပဋိပက္ခများပြေလည်ရန် ရန်မီး၊ အမုန်းမီးတို့ ငြိမ်းရန် မလွယ်ကူလှသေးသော်လည်း ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းကိုလည်း ဖော်ထုတ်ပေးထားသည်။ တစ်ဖန် ဂလိုဘယ်လိုက်ဖေးရှင်းနှင့် ဧကဝန်ရိုးမှာ အတွဲအစပ်ညီသော သမူဟပစ္စည်းမဟုတ်ဘဲ ပဋိပက္ခမျိုးစုံကိုသာ ပွားစည်းစေသော ဝိရောဓိပစ္စည်းသာဖြစ်ကြောင်း၊ ဤဧကဝင်ရိုးအောက်မှ ဂလိုဘယ်လိုက်ဖေးရှင်း၏ ဖြစ်တန်ရာအန္တရာယ်များကို ဆဝါးနိုင်လောက်မည့်အဆိုမှန်သုံးရပ်ကို ရှင်းပြပေးထားသည်။ ယနေ့ဖြစ်ပေါ်နေသော အကြမ်းဖက်အန္တရာယ်များ လျော့ပါးသွားစေနိုင်မည့် အောက်ပါအဆိုနှင့် မျှော်လင့်ချက်

www.foreverspace.com.mm

ကို ကာလီဖိုးနီးယားတက္ကသိုလ် ဘာလေ နိုင်ငံရေးသိပ္ပံပါမောက္ခ ဒေါက်တာစတီဗင် ဝက်ဘာနှင့်အဖွဲ့၏ ဂလိုဘယ်လိုက်ဖေးရှင်းဆိုင်ရာ သုတေသနအပေါ် ဆင့်ပွားတွေးတောသုံးသပ်နိုင်ရန် ဖော်ပြပေးထားသည်။

“အကယ်၍ လက်ရှိကမ္ဘာကြီးမှာ အမေရိကန်ဦးဆောင်မောင်းနှင်နေသော ဇကေဝင်ရိုးမဟုတ်ဘဲ ယဉ်ကျေးမှုမျိုးစုံ၊ ဘာသာတရားမျိုးစုံ၊ အိုင်ဒီအိုလိုဂျီမျိုးစုံရှိသော အခြားနိုင်ငံများ အပြိုင်မောင်းနှင်သည့် ဗဟုဝင်ရိုးဖြစ်လာလျှင် ယနေ့ အကြမ်းဖက်ဝါဒ၏ ဖြန့်ချိရေးမှိုင်းများကို ပို၍ ကြည်ကြည်လင်လင် ထိုးဖောက်မြင်နိုင်လိမ့်မည်ဟု မျှော်လင့်ရပါသည်။” (စာ-၈၀)

ဤအဆိုသည် စင်စစ်ယနေ့ကမ္ဘာကြီး၏ လားရာအမြင်များ ပြောင်းလဲရန်အတွက်သာမက မျက်မှောက်လူ့အဖွဲ့အစည်းအတွင်းရှိ Us or Them မဖြူလျှင် မည်းရမည်ဆိုသော ခေါက်ရိုးကျိုးအမြင်ရှိနေသူများအတွက်လည်း အရေးကြီးသည်။

ဂလိုဘယ်လိုက်ဖေးရှင်းဖြစ်စဉ်အတွင်းတွင် အကြီးမားဆုံးစိန်ခေါ်မှုတစ်ရပ်မှာ အနောက်ကမ္ဘာ (ဥရောပ၊ အမေရိက) အရှေ့အလယ်ပိုင်းကမ္ဘာနှင့် အရှေ့ (အာရှ) ကမ္ဘာတို့၏ ယဉ်ကျေးမှုဓလေ့များ အပြိုင်တည်ရှိနေခြင်းဖြစ်သည်။ ဤယဉ်ကျေးမှုသုံးရပ်ကပင် စိတ်လှုပ်ရှားမှုခေါ် အီမိုးရှင်းများကို မွေးထုတ်ပေးသည်။ ဤသည်နှင့်ပတ်သက်၍ Dominique Morisi ၏ The Clash of Emotions စာအုပ်ပါအကြောင်းအရာကို ကျော်ဝင်းက ယခုစာပုဒ်ဖြင့် ဖြေရှင်းနိုင်ဖွယ်နည်းလမ်းကိုလည်း ဆင့်ပွားမျှဝေပေးထားသည်။

“အထူးသဖြင့် အကြောက်တရားနှင့်ယှဉ်သော စိတ်လှုပ်ရှားမှု (အနောက်၏ အီမိုးရှင်း) နှင့် အရှက်အမုန်းတို့နှင့်ယှဉ်သော စိတ်လှုပ်ရှားမှု (မွတ်ဆလင်ကမ္ဘာ၏ အီမိုးရှင်း) တို့ တိုးတိုက်နိုင်သည့် အန္တရာယ်မှာ ကမ္ဘာလုံးချီခြိမ်းခြောက်မှု ဖြစ်လာနိုင်ပါသည်။ သို့နှင့်အမျှ အဆိုပါခြိမ်းခြောက်မှုကို မှန်မှန်ကန်ကန်ဖြေရှင်းရာမှာလည်း မျက်မှောက်ခေတ်ကမ္ဘာကြီးအတွက် အဓိကအကျဆုံးစိန်ခေါ်ချက် ဖြစ်လာရတော့သည်။

ထိုခြိမ်းခြောက်မှုကို ဖြေရှင်းရန်အတွက် အဓိကတာဝန်ရှိသူမှာ မိမိတို့အပေါ် ကျရောက်လာမည့် အရှက်နှင့် အမုန်း၏ နောက်ဆက်တွဲအန္တရာယ်ကို ငြင်းပယ်နေဖို့မလိုသည့် အနောက်ကမ္ဘာပင်ဖြစ်ပြီး ထိုအန္တရာယ်ကို မှားယွင်းသော အိုးရွဲ့ စလောင်းရွဲ့နည်းဖြင့် တုန့်ပြန်ဖို့ မကြိုးစားဘဲ အရှက်နှင့် အမုန်း၏ဓလေ့သဘာဝကို နားလည်အောင် ကြိုးစားပြီး စာနာစိတ်ဖြင့် ချဉ်းကပ်ရမည်ဖြစ်ကြောင်း၊ ရရှိလာမည့် စာနာနားလည်မှုကို အရင်းခံကာ မိမိတို့ကိုယ်တိုင်၏ အကြောက်ဓလေ့ကို ဖယ်ရှားပြီး မွတ်ဆလင်ကမ္ဘာတွင် အာရှ၏ မျှော်လင့်ခြင်းဓလေ့အမြစ်တွယ်လာစေရန် နိုင်ငံတကာမိသားစုမှတစ်ဆင့် လက်တွဲကြိုးပမ်းသည့် လမ်းကြောင်းဖြင့်သာ အကြမ်းဖက်ဝါဒကို အပြီးတိုင်အမြစ်ဖြတ်နိုင်စရာရှိလိမ့်မည်ဟု သဘောရကြောင်း သုံးသပ်ပြသည်။

ယနေ့ ကြုံတွေ့နေသမျှ မကျေလည်မှု၊ ပဋိပက္ခများသည်လည်း စစ်စစ်စာနာနားလည်စိတ်ဖြင့် မချဉ်းကပ်ကြခြင်းကြောင့် မျဉ်းပြိုင်ကဲ့သို့ ဖြစ်နေကြခြင်းဖြစ်သည်။ တစ်ဖက်ကိုတစ်ဖက် အပြစ်ရှာနေခြင်းသည် မပြီးဆုံးနိုင်သည့် ပဋိပက္ခကိုသာ မီးထိုးပေးသလိုဖြစ်နေပြီးလျှင် တစ်ဖက်ဖက်ကသာ အမြင်ကျယ်ကျယ်သဘောထားကြီးကြီးထား၍ ပြေလည်စေသည့် နည်းလမ်းရှာလျှင် မုချတွေ့နိုင်မည်ဆိုသည်ကိုလည်း သတိပြုမိစေသည်။ (စာ-၁၀၈-၁၀၉)

ယနေ့ ဖွံ့ဖြိုးဆဲနိုင်ငံအများစု၏ စီးပွားရေးတိုးတက်မှုနှင့်ပတ်သက်၍ ကိုးကားညွှန်းဆိုမှု အပြုရဆုံးဟုဆိုရမည့် ပီရူးနိုင်ငံအခြေစိုက် Institute for Liberty and Democracy- I.L.D သုခမိန်အဖွဲ့ကြီး၏ အကြီးအကဲ ဟာနန်ဒိုဒီဆိုကို၏ 'အရင်း ရဲ့ လျှို့ဝှက်ချက်' (The Mystery of Cap-ital) စာအုပ်ပါ ဒီဆိုကို၏ အမြင်များအပေါ် သုံးသပ်ချက်ဝေဖန်ချက်တို့ကို လန်ဒန်ထုတ် အီကောနောမစ်မဂ္ဂဇင်းကြီးက ဖောက်သည်ချပြသည်။ ထိုဝေဖန်သုံးသပ်ချက်အများအနက် 'လက်ကားမှ လက်လီသို့' ဟု အမည်ပေးထားသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှု၏ သော့ချက်အကျဆုံးအောက်ဖော်ပြပါ ကဏ္ဍလေးရပ်မှ ယနေ့ဖွံ့ဖြိုးဆဲနိုင်ငံများရှိ နိုင်ငံကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်စေလိုသူတိုင်း ချက်ခြင်း အကောင်အထည်ဖော်သင့်လှသည်။

၁။အခြေခံအဆောက်အဦ (Infra-structure)

၂၊ ထိန်းချုပ်ရေးနှင့် ဥပဒေဆိုင်ရာအဖွဲ့အစည်းများ (Regulatory Institutions)

၃။ ပညာရေး (Education) နှင့်

၄။ ယဉ်ကျေးမှုဓလေ့တို့ဖြစ်ပြီး အထူးသဖြင့် နံပတ်နှစ်ဥပဒေကဏ္ဍကို ယခုပင် မဆိုင်းမတွအကောင်အထည်ဖော်ဖို့ လိုမည်ဖြစ်ကြောင်း အကြံပြုသည်။

၂၁ ရာစုရောက်သည်နှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကုန်ခဲ့သည့် ရာစုများက သုံးစွဲလာခဲ့သည့် ငွေသားစက္ကူမှသည် စမတ်ကတ်နှင့် မိုဘိုင်းလ်ဖုန်းများမှတစ်ဆင့် ငွေချေလာကြပြီဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် အီလက်ထရွန်နစ်ဒစ်ဂျစ်တယ်ငွေပေးချေရေးနည်းပညာပို၍ ပို၍ အဆင့်မြင့်လာကာ ငွေသားနိဂုံးရောက်တော့မည်လားဟုပင် မေးခွန်းထုတ်စရာရှိလာသည်။ သို့သော် ငွေမည်းများရှိနေသမျှကာလပတ်လုံး မိုဘိုင်းလ်ဖုန်းနှင့် ဘဏ်စာရင်းမရှိသေးသူများ ရှိနေသေးသမျှ ကာလပတ်လုံး ငွေသားမပျောက်နိုင်သေးဟုလည်း ဆိုကြသည်။ 'ငွေမည်း' ခေါင်းစဉ်အောက်တွင်မူ ငွေသားကိုသာ စွဲစွဲမြဲမြဲကိုင်ထားဦးမည့် အခြေအနေကို ဤသို့ ဖော်ထုတ်ပြသည်။

“အကြင်သူသည် မူးယစ်ရာဇာတစ်ဦး ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ် အကျင့်ပျက်အရာရှိဖြစ်ချင်ဖြစ်မည်။ သို့မဟုတ် အခွန်ရှောင်လိုသူလည်း ဖြစ်နိုင်သည်။ သူ့အတွက် ငွေစက္ကူနှင့် အကြွေတို့၏ ဆိုခဲ့ပါ 'အမည်မသိ' ဂုဏ်အင်္ဂါက အတော်အသုံး

တည့်နိုင်သည်။ စမတ်ကတ်ငွေ မိုဘိုင်းလ်ဖုန်းတွေက စိတ်မချရ။ ငွေစာရင်းကို အခြေခံရသည်ဖြစ်၍ ဘဏ် (သို့မဟုတ်) ဝန်ဆောင်မှုပေးသော ကုမ္ပဏီတို့က မည်သူ၏ငွေဖြစ်ကြောင်း သိနိုင်သည်။ ထိုမှတစ်ဆင့် တာဝန်ရှိသူတွေ သိသွားနိုင်သည်။ သို့အတွက် ဒစ်ဂျစ်တယ် (သို့မဟုတ်) အီလက်ထရွန်နစ် (သို့မဟုတ်) အင်ဖော်မေးရှင်း အသပြာမည်မျှခေတ်မီနေပါစေ ငွေမည်းသမားများက မနှစ်သက်နိုင်။ ဒိတ်အောက်နေပြီဆိုကြသော ငွေသား (ငွေစက္ကူနှင့် အကြွေ) ကိုသာ စွဲစွဲမြဲမြဲ ဆက်ကိုင်ထားကြလိမ့်မည် ဆိုသည်"(စာ–၁၄၇)

REGIONAL FOCUS ကဏ္ဍမှ 'နောက်ထပ်ကျားတစ်ကောင်မွေးဖွားခြင်း' 'မနေ့က ရန်သူ၊ ဒီနေ့မိတ်ဆွေ၊ နက်ဖြန်ခါမဟာမိတ်' နှင့် 'တော်လှန်ရေး၏ သားသမီးများ' ခေါင်းစဉ်ခွဲသုံးခုဖြင့် ဗီယက်နမ်၏ လက်ရှိကောက်ကြောင်းကို သရုပ်ဖော်ပြထားသည်။ နှစ်ပေါင်းထောင်ချီ၍ တရုတ်အင်ပါယာအောက်တွင် နေခဲ့ရပြီး ပြင်သစ်ကိုလိုနီဘဝဖြင့် နှစ်တစ်ရာကျော် နေခဲ့ရသည့်အပြင် ၎င်း၏နိုင်ငံတွင် ဆူပါပါဝါ အမေရိကန်ပြည်ထောင်စုနှင့် အကြီးအကျယ် စစ်ခင်းအနိုင်တိုက်ခဲ့ရသည့် ကွန်မြူနစ်ဗီယက်နမ်မှာ ယနေ့ဖွံ့ဖြိုးဆဲနိုင်ငံများ အတုယူစရာတွေ များလှသည်။ အထူးသဖြင့် ရိုးသားဖြောင့်မတ်၍ ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့သော ဗီယက်နမ်မျိုးချစ်သူရဲကောင်းကြီး ဟိုချီမင်းခေါ် ဦးလေးဟို၏ ပုံရိပ်သည် ယနေ့ဒုတိယမျိုးဆက်ဗီယက်နမ်ခေါင်းဆောင်များနှင့် မျိုးဆက်သစ် ဗီယက်နမ်လူငယ်များ၏ ရင်တွင်းကိန်းအောင်းနေခြင်းက ဗီယက်နမ်က နောက်ထပ်အာရှကျားတစ်ကောင်အဖြစ်သို့ ရောက်အောင် အဓိကပို့ဆောင်ပေးသော အကြောင်းအရင်းဖြစ်ပါသည်။ ရိုးဖြောင့်သော ဗီယက်နမ်ခေါင်းဆောင်များက နိုင်ငံနှင့် လူထုအပေါ် ကိုယ်ကျိုးမဖက် စေတနာအပြည့်ရှိနေခြင်း၊ နိုင်ငံကို အမှန်တကယ်ဖွံ့ဖြိုးတိုးတက်စေရန် ဆန္ဒပြင်းပြင်းပြပြရှိနေခြင်း၊ လက်တွေ့လည်း ကြိုးကြိုးစားစားအလုပ်လုပ်ခြင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ ပညာရှင်များ၏ အကြံဉာဏ်ကို လေးလေးစားစားရယူခြင်းတို့ ယနေ့ဗီယက်နမ်ကို အရောင်တင်ပေးသည်။

ယခင်က တောင်မြောက်နှစ်ပိုင်းကွဲခဲ့၍ စိတ်ဝမ်းကွဲခဲ့ကြသော်ငြား ယနေ့ ဤသို့မဟုတ်တော့။ တစ်ခုတည်းသော ရည်မှန်းချက်အတွက် အပြန်အလှန်နားလည်မှုရှိနေကြသည်။ ထို့အပြင် မိမိတို့နိုင်ငံသားများ၏ ပကတိအခြေအနေမှန်ကိုလည်း လက်ခံကြသည်။ ယင်းကို ဝန်ကြီးချုပ်၏ စီးပွားရေးအကြံပေး မင်ယူ၏အောက်ပါစကားဖြင့်ပေါ်လွင်စေသည်။

"ကျွန်တော်တို့ဆီမှာ ပုံစံသေ အတွေးအခေါ် (Stereotype) တချို့ရှိသလောက်ရှိသေးတာပေါ့ဗျာ။ ဒါပေမဲ့ ဒါဟာ တောင်ပိုင်း၊ မြောက်ပိုင်းနဲ့ ဘာမှမဆိုင်ပါဘူး။ အတွေးအခေါ်ကိစ္စပါ။ ကျွန်တော်တို့အားလုံးရဲ့ ရည်မှန်းချက်က တစ်ခုတည်းပဲလေ . . . ။ ဗီယက်နမ်ကို ခေတ်မီနိုင်ငံထူ ထောင်ဖို့ပေါ့။ (စာ–၂၁၀)

ထို့အပြင် ယနေ့ဗီယက်နမ်နိုင်ငံကို အဓိကစီမံခန့်ခွဲနေသူ အစိုးရအဖွဲ့ဝင်ဝန်ကြီးများမှာ အသက်ငယ်ရွယ်သူ လူငယ်ပညာတတ်များဖြစ်သည်။ ဟားဗတ်ထွက် စိုက်ပျိုးရေးဝန်ကြီး၊ ဂျာမန်တက္ကသိုလ်မှ Ph.D ဘွဲ့ရ ပညာရေးဝန်ကြီးနှင့် ဝန်ကြီးချုပ်၏ စီးပွားရေးအကြံပေး အသက် ၄၂ နှစ်သာရှိသေးသူ မင်ယူမှာလည်း ယခင်ဆိုဗီယက်တက္ကသိုလ်ထွက်ဖြစ်သော်လည်း ပရင်စတန်တွင် ပညာဆက်သင်ထားသူဖြစ်သည်။

ပြင်ပသုတေသီများက ဗီယက်နမ်၏အပြောင်းအလဲကို တရုတ်ပြည်နှင့် နှိုင်းယှဉ်စဉ်းစားကြသော်လည်း ပြည်မကြီးထက် ၁၉၇၀ ဝန်းကျင်က ထိုင်ဝမ်နှင့် ပို၍နီးစပ်သည်။ တရုတ်ပြည်တွင် ယနေ့အထိ မော်စီတုန်းအရိပ်ရှိနေသလို ဗီယက်နမ်တွင်လည်း ဟိုချီမင်း၏ အရိပ်ရှိနေပါသေးသည်။ သို့သော် အကဲခတ်များ၏ အောက်ပါရှုမြင်ချက်ကမူ ယနေ့တိုင် သင်္ကေတအရိပ်များရှိနေသေးသော၊ ဖျောက်ဖျက်ရန် ကြိုးစားနေသောနိုင်ငံများ သတိပြုဆင်ခြင်စရာဖြစ်သည်။

"'မော်' က အိုင်ဒီအိုလိုဂျီကို ကိုယ်စားပြုသော်လည်း 'ဟို' မှာ လူထုချစ်မြတ်နိုးမှု၏ သင်္ကေတဖြစ်သည်။ . . .

. . . ပြုပြင်ပြောင်းလဲမှု၏ အဆင့်တစ်ဆင့်ရောက်လျှင် အိုင်ဒီအိုလိုဂျီနှင့် ထိပ်တိုက်တွေ့ကောင်းတွေ့နိုင်ပါသည်။ တရုတ်ပြည်၏အနာဂတ်တွင် ဤအလားအလာက အတော်အကဲဆတ်သည်။ ဦးလေးဟို၏သားသမီးများတွင်မူ ဤပြဿနာမကြီးတန်ရာ 'ဟို' ကား ဗီယက်နမ်လူထု၏ ဆန္ဒနှင့် သူတို့၏ စိတ်ချမ်းသာပျော်ရွှင်မှုကိုသာ ကိုယ်စားပြုသူဖြစ်ပေသည်။"(စာ–၂၁၇)

ဗီယက်နမ်ထံမှ အထူးနမူနာယူစရာကောင်းသည့်အချက်မှာ ယဉ်ကျေးသော လူ့အဖွဲ့အစည်း၏ စရိုက်လက္ခဏာရပ်များဖြစ်သည်။ ယဉ်ကျေးသော လူ့အဖွဲ့အစည်းတို့တွင် ရန်သူမရှိ၊ မိတ်ဆွေသာရှိ၏။ ဤအချက်ကို ရန်သူရှာ၍ မိမိအဖွဲ့အစည်းကို စည်းရုံးနေရသူ၊ ခေတ်မမီတော့သည့် အတွေးအခေါ်ရှိသူတို့ အတုယူထိုက်လှ၏။ ဗီယက်နမ်အများစု၏ဆန္ဒမှာ အကြောင်းများစွာကြောင့် နောက်ကျကျန်ခဲ့သော နိုင်ငံကို ဖွံ့ဖြိုးရေးလမ်းကြောင်းပေါ်သို့ အချိန်မီတွန်းတင်ရေးဖြစ်ရာ ရန်သူဟောင်းများ၊ ရန်သူသစ်များရှာ လက်ညှိုးထိုးနေလျှင် အချိန်မမီနိုင်တော့။ သို့အတွက် မည်သည့်ရန်သူဟောင်းနှင့်မဆို လက်တွဲဖို့ ဝန်မလေးဘဲ ဤသို့ လက်တွဲဆောင်ရွက်ခြင်းဖြင့်သာ အတိတ်မှအာဃာတအစွဲများကို ဖြေဖျောက်နိုင်မည်ဟု ယုံကြည်ထားကြ၏။ ဤအချက်မှာ ယနေ့ အချင်းချင်းအပြစ်ရှာ၊ ရမယ်ရှာ။ လက်ညှိုးထိုး၊ အငြင်းပွားနေသူများ နိုင်ငံ့အကျိုးနှင့် ကိုယ်ကျိုး အုပ်စုအကျိုး ကွဲကွဲပြားပြားကြည့်ကာ သင်ခန်းစာယူသင့်လှသည်။

အချုပ်အားဖြင့်ဆိုရသော် ဤစာအုပ်သည် ယနေ့နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် အမှန်တကယ်စိတ်ပါဝင်စားသူ မည်သူမဆို ပြဋ္ဌာန်းချက်စာအုပ်သဖွယ်




www.foreverspace.com.mm

www.foreverspace.com.mm

လောက်ကိုင်ပြလေ့လာသင့်သော စာအုပ်ဖြစ်သည့်အားလျော်စွာ ပါဝင်သော ကဏ္ဍတိုင်း၊ အကြောင်းအရာတိုင်းက တန်ဖိုးရှိလှသည်။ ပညာရှင်များ၏ စာအုပ်များမှ ဆောင်းပါးများစွာထဲမှ အဆီထုတ် အနှစ်ခပ်ပေးထားသဖြင့်လည်း အပိုအလိုမရှိ လောက်အောင် ပြည့်စုံလှသည်။

အဓိကအကြောင်းအရာမဟုတ်သော ထုတ်ဝေတိုက်၏ အခြားစာအုပ်ကြော်ငြာများ ရှေ့စာမျက်နှာများတွင် ပါဝင်နေခြင်းက စာအုပ်တန်ဖိုးကျမသွားဘဲ ပိုတက်လာစေသည်။ သို့သော်မူရင်းစာရေးဆရာ၏စာကိုတန်ဖိုးထား၍ တစ်ခုတ်တရ စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသူအနေဖြင့် စာအုပ်တိုက်ကထုတ်ဝေသော အခြားစာအုပ်များကို စာအုပ်နောက်ကျောစာမျက်နှာတွင် ကြော်ငြာလျှင် စေတနာမှန်ပို၍ ပေါ်လွင်မည်ဖြစ်သည်။ မည်သို့ဆိုစေ 'ကျော်ဝင်း' ၏ စာအုပ်မှန်လျှင် ဈေးကွက်တွင် 'ပေါက်' မည်သေချာနေသဖြင့် ကျော်ဝင်း၏စာရေးမှ ကြော်ငြာကိုလည်း သတိပြုမိသွားမည်ကတော့ သေချာသည်။ မျက်နှာဖုံးဒီဇိုင်းနှင့် အပြင်အဆင်ဆွဲဆောင်မှု အားနည်းသော်လည်း ကျော်ဝင်းပရိသတ်က သေချာပေါက်ဝယ်မည့်စာအုပ် ဖြစ်သည်။

ထုတ်ဝေတိုက် – မုံရွေး
မျက်နှာဖုံးဒီဇိုင်း– မျိုးဇော်
ထုတ်ဝေသည့်လ – ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ
ထုတ်ဝေသည့်အကြိမ်– ပထမအကြိမ်
အုပ်ရေ – ၅၀၀
တန်ဖိုး – ၂၅၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ်–၄၀၁၂၉၉၁၁၀၇




## ကွပ်ကဲထိန်းချုပ်မှုဝန်းကျင်ဒိုင်းနမစ်နှင့် အကောင်းဆုံးပါဖောင်းမဲန့်

**မောင်စူးစမ်း**

အမှာစာတစ်ကြောင်းမျှမပါဝင်၊ ထိမိရှင်းလင်းသော အိုင်ဒီယာကွန်ရက်အပြောင်းအရွှေ့နှင့် သက်ရောက်မှုများကို တို့ထိတင်ပြထားသော ဆောင်းပါးတို ပုဒ်ရေ ၅၀ ကို စုစည်းတင်ဆက်ထားခြင်းဖြစ်သည်။ ပထမ ဆောင်းပါးတွင် (Cooperation)၊ (Conflict)၊ (Connectivity)၊ (Command)၊ (Control)၊ (Collaboration)၊ (Development)၊ (Destruction)၊ (Disruption) တို့ အပေါ် နားလည်သဘောပေါက်ရန် အရေးကြီးပုံကို ဖော်ပြထားသည်။ ရေနံ၏စွမ်းအင်နှင့် ရပ်တည်နေပုံကို ဒုတိယဆောင်းပါးတွင် ဖတ်ရမည်ဖြစ်ရာ အလားအလာများကို 'ဆ' ကြည့်မိမည်မှာ ဧကန်ပင်။ လက်ရှိ ၂၀၀၈ ရေနံရှော့ခ်က ပို၍ပြင်းအားကောင်းနေသော်ငြား ထိုဆောင်းပါးက စာရှုသူများကို ရှုမြင်မှုပိုမိုပီပြင်ထင်ရှားလာစေမည်ဟု ဆိုချင်သည်။

'ယခုအခါ မိမိအဖွဲ့အတွင်း အထက်အောက်စီမံခန့်ခွဲနိုင်ရုံဖြင့် ဘိဇနက်၌ အောင်မြင်လိမ့်မည်ဟု အာမမခံနိုင်တော့ပေ' (စာ–၁၉)၊ 'ကော်ပိုရေးရှင်းနှစ်မျိုး (စာ–၂၀)၊ 'စနစ်နှစ်မျိုး' (စာ–၂၁)၊ 'အလျားလိုက်ပေါ်လစီမှ ဈေးကွက်သို့ ကော်ပိုရိတ်တိုက်ပွဲ' ဆောင်းပါးကိုလည်း စာရှုသူများကျော်ဖတ်သွားမည်ဟုမထင်ပေ။ ရေနံနှင့်ရွှေတို့၏ 'စီးပွားရေးပွတ်အား' ကို စာမျက်နှာ ၂၅ မှ ၂၈ အထိ အကျဉ်းသဘောဖော်ပြထားသည်။ စီးပွားရေးလုပ်ဆောင်ပုံ ဝိသေသလေးမျိုးနှင့် စရိုက်သုံးမျိုး၊ ထို့ပြင် အခြေ

www.foreverspace.com.mm

အနေလေးပါးကို သိထားခြင်းဖြင့် အကျိုးထူးသာရှိနိုင်မည်ဟု ဆိုချင်သည်။ ယင်းတို့မှာ 'ဧကန်မဲ့ကြား ဘေးအန္တရာယ်ကို ဘယ်လိုတွက်သလဲ' ဟု ခေါင်းစဉ်ပေးထားသော ဆောင်းပါးတွင် ပါဝင်နေသည်။ 'ကမ္ဘာကြီး၌ ဘာတွေဖြစ်နေသနည်းဟု သိရှိရန် နားနှင့်မျက်စိ အမြဲဖွင့်ထားရသည်။ ဉာဏ်သုံးနိုင်ရမည်။' (စာ–၃၈) 'တရုတ်ခေါင်းဆောင်မှုအရည်အသွေးကို အထင်မသေးအပ်' ဟူ၍ ထောက်ရှုဖော်ပြထားသော 'မာလ်တီဖော်မက်ထဲမှ ဆန်းပြားသောအတွဲများ' ဆိုသည့် ဆောင်းပါးကလည်း တတိယအသိမြင်သစ်တစ်ရပ် ဖြစ်ပေါ်လာစေပေမည်။ ဖော်မက်များအကြား အခွင့်အလမ်းများရှိနေသည့် ဥပမာအနည်းငယ်ဖြင့် တင်ဆက်ထားသည်။

Property to borrow ဆိုသော အယူအဆပေါ်လာပုံကို စာမျက်နှာ ၄၆၊ ၄၇နှင့် ၄၈ တွင် စိတ်ဝင်စားဖွယ် ဖော်ညွှန်းပြထားသည်။ ယင်းနှင့်ဆက်နွယ်၍ လူမှုစီးပွားအသွင်သစ်ပေါ်နေပုံကို ရှင်းပြသည်။ ယင်းဆောင်းပါးအပြီးတွင် ရေနံ၏အလှူပ်အယိမ်းပြနေနိုင်စွမ်းကို စာမျက်နှာ ၁၁ မျက်နှာဆောင်းပါးနှစ်ပုဒ်ဖြင့် တင်ပြပြန်သည်။ နည်းပညာသုံး စီမံခန့်ခွဲနေရပုံနှင့် Investment Class အကြောင်းကို ဖွင့်ဆိုထားသည်။ စာအုပ်အမည် 'ကွပ်ကဲထိန်းချုပ်မှုဝန်းကျင်ဒိုင်းနမစ်နှင့် အကောင်းဆုံးပါဖောင်းမဲန့်' ဆောင်းပါးမှာ စီးပွားရေးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းများ၏ အာနိသင်တို့ စီမံခန့်ခွဲမှုပုံသဏ္ဌာန်အလှည့်အပြောင်းကြောင့် မည်သို့ပြောင်းလဲသွားသည်ကို တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကို ဥပမာပေး၍ ဖော်ပြသည်။

ဆိုက်ဘာအရင်းရှင်စနစ်ကျင့်သုံးလာပုံ၊ ဘူမိဗေဒနှင့် ပထဝီနိုင်ငံရေး ဒွေးရောယှက်တင်ဖြစ်လာပုံကို စာမျက်နှာ ၈၀ မှ ၈၄ အထိ လေ့လာကြည့်နိုင်မည်ဖြစ်သည်။ 'ရွှေ' နေရာရပုံကို 'ရွှေဈေးနှုန်းနှင့် ပညာညီမျှခြင်း' ဆောင်းပါးတွင် တွေ့ရပေမည်။ ရွှေဈေးတက်ခြင်းသည် ငွေဖောင်းပွမှုကြောင့်ဟုဆိုထားသည်။ Companies with Healthy Cultures ပုံပြဂရပ်ပါဆောင်းပါး၊ အနာဂတ်ပညာစီးပွားရေးပုံသဏ္ဌာန်၊ သတင်းစီးဆင်းမှုနှင့် ပညာတို့၏ရွေ့နှုန်း၊ ပညာနှင့်အလုပ်ကိစ္စ၊ ရှိုး (Show) သမားနှင့် သိ (Know) သမားအကြောင်း၊ မာမီပါဝါ (Mommy Power) နှင့် နားပူနားဆာပါဝါ (Pester Power) တို့ ပေါ်ထွန်းနေပုံ၊ မီဒီယာ များအပေါ်ထား ယုံကြည်ချက်၊ ဈေးကွက်များပေါင်းစည်းချဲ့ထွင်ရန် အားထုတ်ကြပုံနှင့် မျက်မှောက်အရင်းရှင်စနစ်၏ တည်ချက်၊ ဒစ်ဂျစ်တယ်တော်လှန်ရေး၏လားရာ၊ ဒစ်ဂျစ်တယ်လူမှုစစ်တမ်း၊ ငွေတိုးနှုန်းကိုင်တွယ်ထိန်းကျောင်းပုံ၊ ငွေဖွာထွက်မှု၊ Entrepreneur နှင့် ကျင့်ဝတ်ပြဿနာ၊ အခွင့်အလမ်းနှစ်မျိုးအကြောင်း၊ စီးပွားရေးအရွယ်အစား၏သက်ရောက်အား၊ ဂျီအမ်ကုမ္ပဏီ၏ တရုတ်ဈေးကွက်၊ စွန့်ဦးတီထွင်မှုပုံသဏ္ဌာန်ဆိုင်ရာ အပြောင်းအလဲလေးဆင့်၊ သကြားဈေးတက်ခြင်းနှင့် ယင်း၏ရိုက်ခတ်မှုများ စသည်တို့ကို ဆောင်းပါးတိုတစ်ပုဒ်စီဖြင့် တင်ပြထားသည်။

စာမျက်နှာ ၁၈၁ ရှိ 'သီအိုရီအိပ်ခ်စ်နှင့် သီအိုရီဝိုင်၊ စီမံခန့်ခွဲမှုအီဖော်လူးရှင်း' ဆောင်းပါးကို ဖတ်ကြည့်ရန်ညွှန်းလိုပါသည်။ ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးနယ်ပယ်၌ ကစဉ့်ကလျားဖြစ်နေပုံများကိုလည်း ဆောင်းပါးဖွဲ့၍ အရိပ်အကြွင်းဖော်ပြသည်။ MBA ပရိဂရမ်တစ်ခုအတွက် 'စံ' ထားရမည့်အချက် ၁၀ ချက်၊ Small Business နှင့် ပတ်သက်သော အယူအဆသုံးမျိုး၊ တရုတ်ကုမ္ပဏီများ၏ အလုပ်သမားပြဿနာ၊ ရေနံ၊ တရုတ်နှင့် အိန္ဒိယရေနံ ဝယ်နေပုံနှင့် ရေနံပိုင်ဆိုင်မှုချိန်ခွင်လျှာအကြောင်း၊ ကော်ပိုရိတ်များ၏ ဖွဲ့စည်းပုံအပြောင်းအလဲ၊ အရင်းအနှီးသုံးမျိုးနှင့် မဟာဗျူဟာများ ဖွဲ့ယူဆောင်ရွက်ပုံ၊ Temp-time အလုပ်လုပ်မှုစနစ်ဖြင့် စခန်းသွားကြပုံ၊ ပီပြင်သော ဈေးကွက်စီးပွားရေးထူထောင်နိုင်ရေးတွင် ပါဝင်နေသော လက်ဝါးကြီးအုပ်စနစ် အနှောင့်အယှက်၊ စီးပွားရေးပါဝါနိုင်ငံကြီးများ လွန်ဆွဲနေပုံ၊ ခေါင်းဆောင်မှုပညာ၏လက်ရှိ ကဏ္ဍ၊ အမြတ်နှင့် ရှယ်ယာများ စီမံခွဲပေး ခြင်း၊ ပစ်မှတ်ဈေးကွက်နှစ်မျိုးအကြောင်း စသည်တို့ကိုလည်း ဆောင်းပါးတစ်ပုဒ်စီဖြင့် တင်ပြထားသည်။

ခြုံ၍ဆိုရလျှင် ဤစာအုပ်မှာ မျက်မှောက်စီးပွားရေးဖွဲ့စည်းဆောင်ရွက်နေပုံများကို ထင်ဟပ်ဖော်ပြထား၍ ကမ္ဘာ့စီးပွားရေးစနစ် မည်သည့်ပုံသဏ္ဌာန်ဖြင့် ခရီးဆက်နေသည်ကို စာရှုသူများ ကွက်ကွက်ကွင်းကွင်းသိမြင်လာစေနိုင်သည်ဟုဆိုချင်သည်။ စာအုပ်ပါအကြောင်းအရာနှင့် စာရေးသူ၏လိုတိုရှင်းတင်ပြမှုများကောင်း၏။ အချိန်အနည်းငယ်ပေး၍ ဖတ်ရှုပြီးလျှင် တန်သည် ဟု ကောက်ချက်ဆွဲမိပေမည်။

အခွင့်အလမ်းဂျာနယ်က စီစဉ်ထုတ်ဝေသော စာအုပ်များ၏ထုံးစံအတိုင်း ဆောင်းပါးတစ်ပုဒ်ချင်းစီ၏အောက်ခြေတွင် မူရင်းစာရေးသူ မောင်စူးစမ်း ကိုးကားထားသော စာစောင်များသာပါဝင်ပြီး အခွင့်အလမ်းဂျာနယ် သို့မဟုတ် မည်သည့်စာစောင်တစ်ခုခုတွင် မည်သည့်ခုနှစ်၊ လ၊ အမှတ်စဉ်ဘယ်လောက်တွင် ဖော်ပြခဲ့ပြီးသော ဆောင်းပါးဖြစ်သည်ဆိုသော အောက်ခြေမှတ်ချက် မပါဝင်ပေ။

အရောင်များ၊ သင်္ကေတများ၊ ပုံသဏ္ဌာန်များဖြင့် ရေးဆွဲထားသည့် မော်ဒန်ပန်းချီလက်ရာက စာဖတ်သူအတွက် အဓိပ္ပာယ်ဖော်ရခက်ခဲနိုင်သော်လည်း သုံးထားသည့်အရောင်များမှာမူ အဖုံးဒီဇိုင်းဆွဲဆောင်မှု ရှိနိုင်ပါသည်။ ဤစာအုပ်အတွက် စာရေးသူနှင့် စီစဉ်သူ၏စေတနာကို အသိအမှတ်ပြုထိုက်သည်။ ဤစာအုပ်ကြောင့် တစ်စုံတစ်ရာသောကောင်းကျိုးသာရှိမည်ဖြစ်ပါသည်။

ထုတ်ဝေတိုက်– အခွင့်အလမ်း
မျက်နှာဖုံးဒီဇိုင်း– ဖေစိုးအောင်
ထုတ်ဝေသည့်လ– ၂၀၀၇ ခုနှစ်
ဒီဇင်ဘာလ
အကြိမ်– ပထမအကြိမ်
တန်ဖိုး– ၂၀၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ်– ၄၀၀၃၉၇၀၃၀၇

■

www.foreverspace.com.mm

# ကုန်စျေးနှုန်း

၂၀၀၈ ၊ မတ်လအတွင်း ဖြစ်ပေါ်ခဲ့သော ကုန်စျေးနှုန်းများ

## ကားစျေးနှုန်း (၂၂-၃-၂၀၀၈)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | စျေးနှုန်း (သိန်း) |
|---|---|---|---|
| Suzuki Wagon | R+ | စတိ(ဇီးရောင်/ပစ္စည်းစုံ) | ၃၈၀ |
| Suzuki Wagon | R+ | (ဇ၁)(ဇီးရောင်) | ၃၃၀ |
| Corolla 1.5 Limited | 86/87 | (သ) | ၃၀၀ |
| Corolla 1.5 Limited | 88/89 | (၇က) | ၄၁၀ |
| Corolla 1.5 Limited | 88/89 | (၆က) | ၄၀၀ |
| Corolla 1.5 Limited | 90/91 | (၁က) | ၄၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (သ) | ၂၄၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၁က) | ၃၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (အ) | ၃၂၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁ခ) | ၆၀၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 86/87 | (အ) | ၂၀၀ |
| Toyota Publica | 81 | (ဒ) | ၁၀၅ |
| Toyota Publica | 86/87 | (၁က) | ၁၇၀ |
| Toyota Publica | 88 | (၂က) | ၂၀၀ |
| Sunny Pick-up | 86/87 | (၁က) | ၁၁၀ |
| Sunny Pick-up | 90/91 | (၂က) | ၁၃၀ |
| Sunny Super Saloon (1.5) | 86/87 | (သ) | ၂၅၀ |
| Sunny Super Saloon (1.5) | 86/87 | (၁က) | ၂၇၀ |
| Sunny Super Saloon (1.5) | 88/89 | (၁က) | ၂၈၀ |
| Sunny Super Saloon (1.5) | 88/89 | (သ) | ၂၄၀ |
| Sunny Super Saloon (1.5) | 92 | (၆က) | ၄၃၀ |
| TOYOTA LANDCRUISER | 2004 | (ဇ၁) | ၂၆၀၀ |
| TOYOTA PRADO | 97 | (၃ခ) | ၁၆၅၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ စျေးအတက်အကျရှိသည်။

* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ စျေးကွာခြားသည်။

* အဝယ်နည်းပါးသည့်အတွက် ခေါ်စျေးများသာ ဖြစ်သည်။



## တီဗီရောင်စုံများ

(၂၂-၃-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| SAMSUNG | CS-29 M21 FA | 29" | ၃၉၈,၈၀၀ |
| SAMSUNG | CS-21 K30 | 21" | ၂၁၉,၉၀၀ |
| SAMSUNG | CS-21 K40 | 21" | ၂၀၅,၀၀၀ |
| STAR | S2107C | 21" | ၁၇၆,၀၀၀ |
| STAR | T2107C | 21" | ၁၆၉,၀၀၀ |
| LG | 21 FB5RG | 21" | ၂၀၉,၀၀၀ |
| LG | RT -29 FD 17 R | 29" | ၂၁၂,၈၀၀ |
| SONY | KV-SW 14M51 | 14" | ၂၁၆,၀၀၀ |
| SONY | KV-BZ 213M50 | 21" | ၂၉၈,၀၀၀ |
| SAKURA | 14 GI 1485 | 14" | ၉၆,၀၀၀ |
| SAKURA | 29 F29 M2 | 29" | ၂၆၅,၅၀၀ |

## ရေခဲသေတ္တာများ

(၂၂-၃-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| MITSUBISHI | MR-F25R | ၄၄၅,၀၀၀ |
| MITSUBISHI | MR-F62PST-P(504L) | ၈၅၀,၀၀၀ |
| STAR | AR-150A | ၂၉၈,၀၀၀ |
| STAR | R-130M (1 door) | ၂၀၈,၈၀၀ |
| STAR | 18 DR4HA (2door) | ၃၁၅,၀၀၀ |
| STAR (Two door) | R-130 | ၂၆၄,၀၀၀ |
| STAR | R-170 | ၃၂၄,၀၀၀ |
| Daewoo(One door) | FR 360 | ၅၂၉,၀၀၀ |
| Daewoo(One door) | FR 064 | ၁၅၆,၀၀၀ |
| Daewoo(Two door) | FR 291 | ၃၈၈,၀၀၀ |
| LG | GC-051SNS | ၁၅၅,၀၀၀ |
| LG | GC-151SNA | ၂၀၅,၀၀၀ |
| LG | GNV 212 | ၃၆၈,၀၀၀ |
| SAMSUNG (Two door) | RT-24MHBBK | ၄၂၄,၇၀၀ |
| SAMSUNG (Two door) | RT-21 MGBB/K | ၄၀၉,၀၀၀ |
| SAMSUNG (One door) | RA 18FHSS/K | ၂၇၀,၅၀၀ |

## VCD ပြစက်

(၂၂-၃-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Star | TB-096 | ၄၉,၅၀၀ |
| Star | VCD-968/(G) | ၄၄,၀၀၀ |
| Samsung | 23 M | ၆၈,၅၀၀ |
| Samsung | 2217K | ၅၉,၆၀၀ |
| Crown | 5569 | ၃၂,၅၀၀ |
| Crown | 4359 | ၃၉,၅၀၀ |
| Sony | DVP-k56P | ၉၅,၀၀၀ |
| Sony | DVP-k88p | ၁၁၀,၀၀၀ |

## DVD ပြစက်

(၂၂-၃-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| Samsung | DVD P-260K | ၈၅,၅၀၀ |
| Samsung | DVDP 365K(MP4) | ၉၆,၀၀၀ |
| STAR | B-036 | ၅၃,၅၀၀ |
| STAR | B-096 (MP4+DC) | ၅၉,၅၀၀ |
| STAR | B-095 | ၄၈,၅၀၀ |
| LG | DK-9711N | ၁၀၄,၀၀၀ |
| LG | DK-9933N | ၁၁၉,၅၀၀ |
| Daewoo | DV 1400S | ၁၀၉,၀၀၀ |
| Panasonic | DV DS2 | ၉၈,၅၀၀ |

## လေအေးစက်များ

(၂၂-၃-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AW-09P/HDA | ၃၄၂,၀၀၀ |
| SAMSUNG | AW-12P/HDA | ၃၂၉,၅၀၀ |
| SAMSUNG | AS-09 WHWD | ၃၃၈,၅၀၀ |
| SAMSUNG | AS-12 WHWD | ၃၂၈,၀၀၀ |
| SAMSUNG | Aw-07FISDA | ၃၆၆,၀၀၀ |
| STAR | MS-12 | ၂၃၅,၀၀၀ |
| STAR | MS-09 | ၂၄၈,၀၀၀ |
| Daewoo(Splite Type) | 1HP DSB 095L | ၂၉၈,၀၀၀ |
| Daewoo | 1.5HP DSB 125L | ၃၅၈,၅၀၀ |
| Daewoo | 2HP DSB 189L | ၅၀၅,၀၀၀ |

## အဝတ်လျှော်စက်များ

(၂၂-၃-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | WP-750 (Semi Auto) | ၁၉၉,၀၀၀ |
| LG | WP-900 (Semi Auto) | ၂၃၅,၀၀၀ |
| LG | WP.S 650(Full Auto) | ၃၃၀,၀၀၀ |
| SAMSUNG | WA-90R3 | ၃၄၅,၀၀၀ |
| SAMSUNG | WA-90F3 | ၃၅၀,၀၀၀ |
| SAMSUNG | WA-90J7 | ၃၅၆,၀၀၀ |
| STAR | WT-75 H2 | ၁၅၈,၀၀၀ |



www.foreverspace.com.mm

www.foreverspace.com.mm



## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ် (လက်လီ)

(၂၂-၃-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၁၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၈၀၀ |
| Junior Horlick (400g) | ၃,၄၀၀ |
| Milo (400g) ခဲထုပ် | ၃,၁၀၀ |
| Milo (400g) (ပုလင်း) | ၃,၇၀၀ |
| Maltova (450g) (နီ) | ၃,၁၅၀ |
| Ovaltine (400g) နီ | ၃,၇၀၀ |
| Ovaltine (200g) နီ | ၂,၀၀၀ |
| Ovaltine 400g (ဖြူ) | ၃,၈၀၀ |
| Ovaltine 200g (ဖြူ) | ၂,၂၀၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၃,၆၅၀ |

## နို့မှုန့်ဘူးများ

(၂၂-၃-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Dumex (Step 1,2)(900g) | ၁၂,၃၀၀/၁၁,၂၀၀ |
| Dumex (3plus)(700g) | ၈,၀၀၀ |
| Dumex Step 1,2 700g | ၈,၉၀၀၊ ၈,၆၀၀ |
| Dumex 1Plus 700g | ၈,၁၀၀ |
| Dumex Ma Ma Plus 400g | ၇,၁၀၀ |
| Dumex Lactose free 400g | ၇,၈၅၀ |
| Nestle ဆန် သံဘူး Stage 1 300 g | ၃,၅၀၀ |
| Nestle ဂျုံ သံဘူး | ၅,၈၀၀ |

## နိုင်ငံခြား အရက်များ

(၂၂-၃-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၂,၈၀၀ |
| VAT 69 (75Cl) | ၁၀,၈၀၀ |
| Jonnie Walker (Red)(75Cl) | ၁၂,၅၀၀ |
| Jonnie Walker (Red)(37.5Cl) | ၇,၀၀၀ |
| Jonnie Walker (Red)(1Liter) | ၁၅,၉၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၄,၁၀၀ |
| Jonnie Walker (Black)(75Cl) | ၂၄,၈၀၀ |
| Jonnie Walker(Black)(1Liter) | ၃၀,၈၀၀ |
| Black & White (1Liter) | ၁၆,၅၀၀ |
| Black & White (75Cl) | ၁၂,၇၀၀ |
| Gold Label (75Cl) | ၄၃,၀၀၀ |
| SCOTTISH LEADER | ၇,၃၀၀ |
| Grand Royal (အပြား)ရွှေပတ် | ၃,၅၀၀ |
| SPY(CLASSIC)(Red) (Wine) | ၁,၃၀၀ |
| Mekhong (75CL) | ၅,၉၀၀ |
| Mekhong (37.5CL) | ၂,၇၀၀ |
| SPEY ROYAL (70Cl) | ၇,၂၀၀ |

## မုန့်ပုံး သံဘူးများ

(၂၂-၃-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၆,၈၀၀ |
| Cream Crackers(Hup Seng) | ၇,၂၀၀ |
| (KHIAN GUAN) Top Choice | ၆,၅၅၀ |
| (HWA TA) Choice | ၅,၅၀၀ |
| (Munchys) Funmix | ၆,၂၀၀ |
| Hwa Tai Wonderful | ၅,၅၀၀ |
| Lee Daily Delight | ၅,၈၀၀ |
| Every Time | ၆,၂၀၀ |
| Summer Day | ၅,၈၀၀ |
| (Shan Fatl) Party | ၅,၂၀၀ |
| (Julie's) Biscuit Assorties | ၆,၅၀၀ |
| (Julie's) Love letters | ၄,၉၅၀ |

## ခေါက်ဆွဲခြောက်များ

(၂၂-၃-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၁၅၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၁၉၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၁၅၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၁၅၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၁၅၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၅၀ |
| Shin Shin (ကြာဆံ) | ၂၀၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၁၅၀ |
| Yum Yum ကြက်သားချဉ်စပ် | ၁၈၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၅၀ |

www.foreverspace.com.mm

| | |
|---|---|
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၅၀ |

## သွားတိုက်ဆေးများ

(၂၂-၃-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး | ၇၅၀ |
| Best-T (125g) White | ၄၀၀ |
| Colgate (40g) Double Cool Stripe | ၄၀၀ |
| Col gate (160g) Double Cool Stripe | ၁,၆၀၀ |
| Close-Up (New)(18 g) | ၃၅၀ |
| Close-Up (160g) ပြာ | ၁,၆၀၀ |
| Colgate Fresh Cool Mint 200g | ၁,၈၀၀ |
| Colgate Great Regular 200 g | ၁,၈၀၀ |
| Colgate Total Fresh Stripe 160g | ၃,၂၀၀ |
| Colgate Whitening 160g | ၂,၆၅၀ |
| Colgate gel (စိမ်း) 160g | ၂,၀၀၀ |
| 3D | ၃၅၀ |

## ကိုယ်တိုက်ဆပ်ပြာများ

(၂၂-၃-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၃၅၀ |
| Imperial Leather (125g) | ၅၄၀ |
| Fashion | ၂၆၀ |
| Miss | ၃၀၀ |
| DOVE | ၉၀၀ |
| Kanebo | ၁,၃၀၀ |
| YOKO WHITENING Herbal 110g | ၁,၂၀၀ |
| Family Care 125g | ၄၅၀ |
| ASEPSO | ၇၀၀ |
| CAMAY | ၆၀၀ |
| Spa | ၃၂၀ |
| E-Lan | ၃၀၀ |
| LUX 100g | ၃၅၀ |
| KAO | ၄၀၀ |
| Parrot | ၂၀၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၂၅၀ |
| A21 (နက်)125g | ၃၅၀ |
| DG Soap 100g | ၃၅၀ |

## ခေါင်းလျှော်ရည်

(၂၂-၃-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၅,၄၀၀ |
| Head and Shoulder 200g | ၂,၉၀၀ |
| Head and Shoulder 100g | ၁,၀၀၀ |
| Pantene 400g | ၅,၀၀၀ |
| Pantene 200g | ၂,၇၅၀ |
| Pantene 100g | ၁,၀၀၀ |
| Clinic Clear 380g | ၄,၈၅၀ |
| Clinic Clear 90g | ၄,၀၀၀ |
| Palmolive 100 g | ၁,၂၅၀ |
| Palmolive 200 g | ၂,၇၀၀ |
| Rejoice 100 g | ၆၅၀ |
| Rejoice 200 g | ၁,၇၀၀ |

## ခြင်ဆေးခွေ

(၂၂-၃-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |
| Fumakilla (10) coils | ၂၅၀ |
| MARS | ၂၀၀ |
| Fuji | ၂၅၀ |
| Raid | ၃၅၀ |
| ATAK | ၁၈၀ |
| FIGHTER | ၃၂၀ |
| GO! | ၃၀၀ |
| ပါရမီ | ၂၀၀ |
| MOSFLY | ၂၅၀ |
| ဂေါ်ဇီလာ | ၃၅၀ |
| Spider | ၂၅၀ |
| Golden Lion | ၂၅၀ |
| Special | ၃၅၀ |

www.foreverspace.com.mm



# ကွန်ပျူတာ ဈေးနှုန်းများ



(၂၁-၃-၂၀၀၈)

### ❑ TOSHIBA Notebook Satellite PSMCDL OOC002

- Intel Dual Core T2330 1.6 GHz
- 512 MB DDR 667
- 14.1" WXGA CSV (Latest Clear Super View) Dispaly
- Intel 960 GL Graphic
- 80 GB HDD
- WIFI 802.11g
- Builtin 10/100 Ethernet Lan, 56K Fax & Data Modem
- DVD RW Super
- 1 Year International Warranty

Price 869,900 Ks

### ❑ KMD Family PC

- VIA C3 Samuel 2 2000,800 MHz
- M 789 CG Socket 370 MB
- 80 GB Hard Disk
- 256 MB DDR RAM (PC 400, Kingston)
- Buit in VGA, Network Card 10/100 Mbps, Sound Card 2 Channel
- 15" Color Digital Monitor
- CD Rom
- 1.44 MB Floppy Disk Drive
- USB 2.0(4 Ports), Parallel & Serial
- Keyboard , Mouse & Pad
- Tower Casing

Price 375,000 Ks

### ❑ CFTG SOHO Computer

- Intel P4 Celeron 1.6 GHz Processor
- MSI P4 M900 M/B (Sound+VGA+LAN Builtin)
- 512MB DDRII RAM (PC 400MHz)
- 80GB IDE HDD (Seagate, 7200 RPM)
- 1.44 MB FDD(Mitsumi)
- P4 Tower Casing with 500W Power Supply
- PS2 Keyboard, Mouse and Pad
- Viewsonic 15" Digital Monitor (Digital Control)

Price 370,000 Ks

### ❑ Lucky Bird P4 Accelerator PC 775

- Intel Pentium Core 2 Duo 2.2 GHz (775 CPU)
- ASUS I'ntel 945 Chipset
- 1GB DDR RAM
- 160 GB HDD SATA
- 15" Samsung Monitor
- PS2 Keyboard & Optical Mouse & Mouse Pad
- P4 ATX Tower Cusing
- Free Speaker

Price 475,000 Ks

### ❑ KMD CLASSIC MODEL

- Intel Pentium Dual Core 1.8 GHz (1MB, L2 Cache, 800 MHz)
- GIGA 945, GCM S2L DDR2 Pentium 4 Motherboard (With PCIE+Sound+LAN)
- 512 MB DDR RAM (PC 667 MHz)
- 80 GB HDD (Hitachi, 7200 RPM)
- 15" SVGA Color Monitor (View Sonic)
- PS II Keyboard & PS II Optical Scroll Mouse
- Mouse Pad
- P4 Casing (Handle High

Price 413,000 Ks

### ❑ CFTG Power Computer

- Intel Pentium 4 3.0 F GHz processor (LGA 775)
- ASUS GMX M/B
  Sound + AGP & LAN Built-in

www.foreverspace.com.mm

- 512 MB DDR RAM (PC 533 MHz)
- 80 GB IDE HDD (Seagate) ,7200 rpm
- 1.44 MB FDD (Mitsumi)
- P4 ATX Tower Casing with 500W Power Supply
- PS2 Win 98 Keyboard
- PS2 Mouse & Pad
- 15" SVGA Colour Monitor (Viewsonic)

Price 400,000 Ks

## ❑ CFTG High Performance Computer

- Intel Pentium Core 2 Duo 2.22 GHz Processor
- ASUS GCMX M/B 1MB (Sound+ AGP + LAN Built-in)
- 1 GB DDR Ram (PC 400 MHz)
- 1.44 MB Floppy Drive (Mitsumi)
- 160 GB IDE HDD (Samsung PRM 7200)
- P4 Tower Casing with 500W Power Supply
- 15" Digital Color Monitor (Viewsonic / Samsung)
- PS2 Win 98 Keyboard, mouse (PS/2)
- Mouse Pad

Price 505,000 Ks

(မတ်လလယ်ပိုင်း ငွေမာဈေးကျဆင်းမှုကြောင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းဈေးနှုန်းများ ကျဆင်းခဲ့သည်။ အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၀၈ ခုနှစ် မတ်လ ၂၁ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

## ❑ Multimedia

| | |
|---|---|
| 16x DVD ROM (Sony) | 27,500 KS |
| Sony CD Writer (52 x 32 x 52 x) | 27,500 Ks |
| Sony 20 x DVD Writer | 41,000 Ks |
| 52 x 32 x 52 x 16 Combo (Sony) | 34,000 Ks |
| 18 x DVD Writer (ASUS) | 44,500 Ks |
| A4 Tech Small Micralab B.55 Speaker | 8,200 Ks |
| Microlab FC 570 Speakers with sub woofer | 66,000 Ks |
| Microlab M-300ll Speakers with sub woofer | 57,000 Ks |
| Microlab FC-361 Speakers with sub woofer | 63,000 Ks |

## ❑ Memory

| | |
|---|---|
| 512 MB (DDR RAM) PC 400 MHz (Kingston) | 36,000 Ks |
| 512 MB (DDR 2 RAM) PC 667 MHz (Kingston) | 16,500 Ks |
| 1GB (DDR 2 RAM) 667 MHz (Kingston) | 27,000Ks |

## ❑ Storage Device

| | |
|---|---|
| 80 GB (Hitachi) IDE | 57,000 Ks |
| 80 GB (Seagate) SATA | 58,000 Ks |
| 160 GB (Hitachi) SATA | 63,000 Ks |
| 160 GB (Seagate) IDE | 68,000 Ks |
| 250 GB (Hitachi) SATA | 81,000 Ks |
| 320 GB (Seagate) SATA | 112,000 Ks |

## ❑ Monitor

| | |
|---|---|
| 15" SVGA Color Monitor (Viewsonic) | 111,000 Ks |
| 15" SVGA Color Monitor (Sammie) | 88,000 Ks |
| 15" SVGA Color Monitor (Samsung) | 103,000 Ks |
| 17" SVGA Color Monitor (Philips)E | 122,000 Ks |
| 17" SVGA Color Monitor (Philips)57 | 132,000 Ks |
| 17" SVGA Color Monitor (View Sonic) | 148,000 Ks |
| 17" LCD Color Monitor (View Sonic) | 247,000 Ks |
| 17" LCD Color Monitor (Samsung) | 242,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1912 | 285,000 Ks |

## ❑ Printer

| | |
|---|---|
| Canon Laserjet LPB 2900 Printer (USB) | 141,000 Ks |
| HP Laserjet 2015 Printer (USB) | 316,000 Ks |
| HP Color Laserjet 2600N Printer (USB) | 490,000 Ks |
| HP Laserjet 1020 A Printer (USB) | 161,000 Ks |
| Canon PIXMA iP 1880 Printer (USB) | 67,000 Ks |
| EPSON Acculaser C 1100 | 670,000 Ks |
| EPSON C 110 Inkject Printer | 137,000 Ks |
| EPSON C x 9300 F Printer | 280,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 250,500 Ks |
| EPSON Dot Matrix Ptinter LQ 2180 | 730,000 Ks |
| EPSON C90 Inkjet Printer | 78,000 Ks |
| EPSON SP 230 Photo Printer | 190,000 Ks |
| EPSON SP 1390 Photo Printer | 540,000 Ks |
| EPSON CX 5500 SPC Printer | 143,000 Ks |
| EPSON 6200 L Laser Printer | 200,000 Ks |
| Fuji Xerox Laser jet C 525 A Printer | 560,000 Ks |
| Fuji Xerox Colour Laser Multifunction 2090 Fs | 1,624,000 Ks |
| Fuji Xerox Multifunction WC PE 220 | 504,000 Ks |

## ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 61,500 Ks |
| HP 1010/ 1320/ 1300 Toner | 69,500 Ks |
| HP 2015 Toner | 79,000Ks |
| Canon 2900 Toner | 54,500 Ks |
| Canon 1120 Toner | 54,500 Ks |

## ❑ Scanner

| | |
|---|---|
| EPSON Perfection V10 Scanner | 120,000 Ks |
| EPSON Perfection V200 Scanner(A4 Film) | 195,000 Ks |
| HP Flatbed Scanner 2410 (USB) | 103,000 Ks |
| Canon Flatbed Scanner lide 25 | 67,000 Ks |

## ❑ UPS

| | |
|---|---|
| 650 VA (Power Tree) Basic | 50,000 Ks |
| 1250 VA (Power Tree) | 92,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group ? Lucky Bird Co., Ltd.? Concordia International Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**(အယ်ဒီတာ)**

www.foreverspace.com.mm

# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | မြန်မာနိုင်ငံအထက်ပိုင်း ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | MP Bio Tank (အသင့်သုံးအိမ်သာတွင်း) (ထိုင်း) | ASIA GREEN LAND DISTRIBUTION & ADVERTISING CO., LTD.<br>အမှတ်–၁၂၃၊ ပထမထပ်၊ ၃၈ လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၃၇၈၈၄၄၊ ၀၉–၅၀၀၀၅၃၀<br>ဖက်စ်–၃၇၈၈၄၄<br>E-mail: asiagreenlandadv@gmail.com | ဒေါ်နီလာ (Marketing Manager) | မရှိ |
| ၂။ | ORDOS သွားပွတ်တံ (တရုတ်) | RED HOT CO., LTD.<br>တိုက် (C-1)၊ အခန်းအမှတ်–၀၀၉၊ ဆင်မလိုက်အဝေးပြေးယာဉ်ရပ်နားစခန်းဝင်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၅၁၄၁၅၉၊ ၅၀၄၄၅၁၊<br>၀၉–၈၀၂၃၅၃၆ | ဒေါ်သက်နွယ် (Marketing Manager) | မရှိ |
| ၃။ | Homtamin Ginseng ဂျင်ဆင်းအားဆေး (ကိုရီးယား) | MEDI POWER CO., LTD.<br>တိုက်–၁၀၊ အခန်း ၁၈/၁၉၊ နှင်းဆီလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၂၉၉၁၉၄၊ ၂၉၈၉၄၄ | ဒေါ်သိန်းသိန်းဦး (General Manager) | MEDI POWER CO., LTD.<br>အမှတ်–၂၅၅(A)၊ မြေညီထပ်၊ ၃၁လမ်း၊ ၈၂× ၈၃ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၉–၉၀၆၁၆၃၉ |
| ၄။ | View Sonic Projectors (အမေရိကန်) | ROYAL AYEYARWADDY CO., LTD.<br>အမှတ်–၇၊ မြေညီထပ်၊ ၈၇ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၃၈၄၈၅၀၊ ၃၈၉၃၆၆၊ ၇၀၉၆၀၁၊<br>၀၉–၅၀၃၉၈၇၀၊ ဖက်စ်–၃၈၄၈၅၀ | ဦးစိုးရဲသူ (General Manager) | ROYAL AYEYARWADDY CO., LTD.<br>အမှတ်–၄၀၊ ရတနာပုံဈေး (တတိယထပ်) ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်း၊ ၇၈ လမ်း၊ မန္တလေး။ ဖုန်း– ၀၂–၈၉၆၁၅ |
| ၅။ | STORM Hair Care & Body Care (မလေးရှား) | SEVEN DIAMOND DRAGON TRADING CO., LTD.<br>အမှတ်–၆၁၊ မြေညီထပ်၊ အုန်းပင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း–၇၀၈၃၁၀၊ ၀၉–၅၀၀၅၁၃၉ | ဦးစိုင်းဟူ (Director) | မရှိ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့(အခမဲ့) ဝန်ဆောင်မှုပေးခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm



# ရက်စွဲမှတ်တမ်း

**၇-၂-၂၀၀၈**✳ ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ရှိဗ်ရှန်ကာမီနွန်နှင့် ဇနီး မစ္စစ်မိုဟိနိမီနွန် မြန်မာနိုင်ငံသို့ ရောက်ရှိ။

✳ ၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆုချီးမြှင့်ပွဲ) ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံတွင် ကျင်းပ။

**၁၀-၂-၂၀၀၈**✳ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲမှု မကြာမီ ပြီးစီးတော့မည်ဖြစ်၍ အဆိုပါမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ ခုနှစ် မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဖေဖော်ဝါရီလ ၉ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာထားသော ကြေညာချက်အမှတ် ၁/၂၀၀၈ ကိုလည်းကောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ် ၂/၂၀၀၈ ကိုလည်းကောင်း ထုတ်ပြန်ကြေညာ။

✳ ရန်ကုန်မြို့တော်ရှိ ဒုတိယမြောက် လှိုင်မြစ်ကူးတံတားတစ်စင်းဖြစ်သည့် အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ကို ဆက်သွယ်ထားသော အောင်ဇေယျကြိုးတံတားကြီး၏ လှိုင်သာယာမြို့နယ်ဘက် အဆင်းတံတားပေါ်တွင် မွန်းလွဲ ၂ နာရီ ၅၅ မိနစ်အချိန်က ရွှေဧည့်သည်ယာဉ်လိုင်းမှ ယာဉ်အမှတ် ၇ခ/၇၉၄၁ နှင့် ငြိမ်းချမ်းရေး ၂၂၄ ယာဉ်လိုင်းမှ ယာဉ်အမှတ် ၂က/၂၇၃၇ (ဒိုင်နာ) တို့ အရှိန်ပြင်းထန်စွာ မျက်နှာချင်းဆိုင်တိုက်မိရာ ယာဉ်နှစ်စီးပေါ်တွင်လိုက်ပါလာသော ခရီးသည်များအနက် ကိုးဦးမှာ အခင်းဖြစ်ရာနေရာတွင် ပွဲချင်းပြီးသေဆုံးပြီး ၁၈ ဦးခန့် အပြင်းအထန် ဒဏ်ရာရရှိသွားကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ရေးသားဖော်ပြ။

**၁၁-၂-၂၀၀၈**✳ ရန်ကုန်နှင့် မန္တလေးအရောင်းအဝယ်ဈေးကွက်တွင် ဖြစ်ပေါ်နေသော ရွှေဈေးနှုန်းများ ဖေဖော်ဝါရီလဆန်းပိုင်းတွင် ပြန်လည်မြင့်တက်လာပြီး အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်ခြောက်သိန်းအထိ ပြန်လည်ရောက်ရှိ။

**၁၅-၂-၂၀၀၈**✳ မြန်မာနိုင်ငံရှိ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ခွင့်ပြုထားသည့် အစိုးရဘဏ်အချို့တွင် စင်ကာပူဒေါ်လာဖြင့် တရားဝင်ငွေ စာရင်းဖွင့်ခွင့်ပြုတော့မည့်အစီအစဉ်ကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တရားဝင်စတင်မည်ဟု မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB)တို့တွင် ဇန်နဝါရီလဆန်းပိုင်းမှစ၍ တရားဝင်ကြေညာချက်များ ထုတ်ပြန်။

**၁၇-၂-၂၀၀၈**✳ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ပဲခူးမြစ်လမ်းနှင့် ဧရာဝတီလမ်းထောင့် ဓာတ်ငွေ့အရောင်းဆိုင်အမှတ် (၀၂၁) ၏ အနောက်ဘက် ပေ ၂၃၀ ခန့်အကွာတွင် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က အင်းစိန်ရွာမဓာတ်ငွေ့ထိန်းဖြန့်စခန်းမှ သာကေတဓာတ်အားခွဲရုံသို့ ပို့လွှတ်သော ၁၄ လက်မ ဓာတ်ငွေ့ပိုက်လိုင်း မီးလောင်ပေါက်ကွဲမှုဖြစ်ပွား။

**၁၈-၂-၂၀၀၈**✳ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ သံတမန်အဆက်အသွယ် နှစ် ၆၀ ပြည့်မြောက်သည့် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် အပြန်အလှန်ပေးပို့သော နှစ်နိုင်ငံအကြီးအကဲများ၏ သဝဏ်လွှာများကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

✳ လက်ရှိ CNG ပြောင်းလဲထားသော CNG မော်တော်ယာဉ်အရေအတွက် ၁၄၀၀၀ စီးကို သဘာဝဓာတ်ငွေ့လုံလောက်စွာ ဖြန့်ဖြူးနိုင်ရန်အတွက် ပြီးခဲ့သည့်နှစ်အတွင်းက ရပ်နားထားခဲ့သော CNG ပြောင်းလဲရေးလုပ်ငန်းများကို သက်ဆိုင်ရာက ပြန်လည်ခွင့်ပြု။

**၁၉-၂-၂၀၀၈**✳ ကချင်ပြည်နယ်ပူတာအိုမြို့မှ မြစ်ကြီးနားမြို့သို့ ပျံသန်းထွက်ခွာမည့် Air Bagan ATR 42 လေယာဉ်သည် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်တွင် ပူတာအိုလေဆိပ်မှ ပျံတက်ရန် လေယာဉ်ပြေးလမ်းမှအရှိန်နှင့် ထွက်ခွာနေစဉ် လေယာဉ်ပြေးလမ်းမှ ပေ ၃၀၀ ကျော်တွင်လမ်းချော်ပြီး ပြေးလမ်းပြင်ပသို့ ရောက်ရှိသွားခဲ့ကြောင်း Air Bagan Ltd. မှ တရားဝင်သတင်းထုတ်ပြန်။

www.foreverspace.com.mm



* ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ၌ တည်ဆောက်လျက်ရှိသည့် တစ်ရက်တန် ၅၀၀ ကျ အမှတ် ၄ ဘိလပ်မြေစက်ရုံ ပန္နက်တင်။

**၂၀-၂-၂၀၀၈*** နေပြည်တော်တွင် မကြာမီဖွင့်လှစ်တော့မည့် တိရစ္ဆာန်ဥယျာဉ်တွင် ပြသထားရှိရန်အတွက် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)၊ လှော်ကားအေးမဲ့ဥယျာဉ်နှင့် ရတနာပုံတိရစ္ဆာန်ဥယျာဉ် (မန္တလေး) တို့မှ တိရစ္ဆာန်အချို့ကို ဖေဖော်ဝါရီလအတွင်း အသုတ်များခွဲ၍ ပို့ဆောင်ပေးလျက်ရှိကြောင်း ဖေဖော်ဝါရီလ ၂၀ ရက်နေ့ထုတ် Weekly Eleven ဂျာနယ်တွင် ရေးသားဖော်ပြ။

* ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် အဖွဲ့ဝင်များက မိမိတို့ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် လက်မှတ်ရေးထိုး အတည်ပြုလိုက်ကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

**၂၃-၂-၂၀၀၈*** Orbis International မှ အဖွဲ့ဝင် ၂၉ ဦးပါဝင်သော မျက်စိကုလေယာဉ်မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး) သို့ ရောက်ရှိလာကြောင်း ယနေ့ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

**၂၄-၂-၂၀၀၈*** တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ ၁ ရပ်ကွက်၊ ရှုမဝ ၂ လမ်း၊ အိမ်အမှတ် ၃၂-က ၌ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ ခန့် အချိန်တွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ် ၁၉၆ လုံး မီးလောင်ကျွမ်းခဲ့ပြီး လူပေါင်း ၁၄၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြ။

* ဦးထွန်းဇံ (ပါလီမန်အတွင်းဝန်ဟောင်း) အသက် ၉၅ နှစ်ကွယ်လွန်။

**၂၅-၂-၂၀၀၈*** မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၃× ၃၄ လမ်းကြား၊ ၇၇× ၇၈ လမ်းကြားရှိအဆင့်မြင့် ရတနာပုံဈေးမြေညီထပ် ဆိုင်ခန်း (ဃ) ဆောင် အမှတ် ၂၆၁ ၌ ဖေဖော်ဝါရီလ ၂၅ ရက် နံနက် ၈ နာရီ မိနစ် ၂၀ ခန့်တွင် လျှပ်စစ်ဝါယာရှော့ခ်မှတစ်ဆင့် မီးလောင်မှုတစ်ရပ်စတင်ဖြစ်ပွားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

* ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်၊ (၄) ရပ်ကွက်၊ စိန်ပန်း ၅ လမ်း၊ အိမ်အမှတ် ၂၀ တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အိမ် ၁၁ လုံး မီးလောင်ကျွမ်းခဲ့ပြီး လူ ၅၇ ဦး အိုးမဲ့အိမ်မဲ့ဖြစ်သွားခဲ့ကြောင်း ဖေဖော်ဝါရီလ ၂၇ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

* ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန် (၄) အနောက်ဘက်ခြမ်းရှိ သောင်ကြီးရပ်ကွက်နှင့် ရေဥက္ကံရပ်ကွက်တို့၌ မီးလောင်ကျွမ်းမှုတစ်ရပ်ဖြစ်ပေါ်ခဲ့ရာ အိမ်ခြေ ၂၀၀ ကျော် ဆုံးရှုံးသွားပြီး လူပေါင်း ၃၀၀၀ နီးပါး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိ။

* တရုတ်ပြည်သူ့သမ္မတနိုင်ငံအခြေစိုက် China National Offshore Oil Corporation (CNOOC) ကုမ္ပဏီ မုတ္တမကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ကွက် M-10 တွင် အစမ်းတွင်းအမှတ် ရွှေပြည်သစ် (၁) စတင်တူးဖော်။

**၂၆-၂-၂၀၀၈*** ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁) ရပ်ကွက်၊ သုမိတ္တာ ၂၄ လမ်း၊ အမှတ် ၉၁၈ တွင် ညနေ ၅ နာရီ ၁၅ မိနစ် ခန့်က လျှပ်စစ်မီးဖိုမှတစ်ဆင့် မီးစတင်လောင်ကျွမ်းမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အိမ်သုံးလုံးမီးလောင်ပျက်စီးခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ရေးသားဖော်ပြ။


* ရန်ကုန်မြို့၊ ဒဂုံမြို့နယ် မော်ကွန်းတိုက်လမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနအား အမျိုးသားတုပ်ကွေးရောဂါဌာနအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က တရားဝင်အသိအမှတ်ပြု။

* ရန်ကုန်တိုင်း သုံးခွမြို့နယ် တကောကျေးရွာအနီး၊ တကောချောင်းပေါ်တွင် တည်ဆောက်ထားသည့် အကျယ် ၆ ပေ၊ အမြင့် ၁၆ ပေရှိသည့် ရေတံခါးပေါက် ၂၁ ပေါက် ပါရှိသည့် တကော ရေထိန်းတံခါး ဖွင့်လှစ်။

* မန္တလေးမြို့ရှိ ရတနာပုံဈေးတွင် ဖေဖော်ဝါရီလ ၂၅ ရက်နေ့က လောင်ကျွမ်းခဲ့သော မီးကြွင်းမီးကျန်များကို ရှင်းလင်းနေစဉ် မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်ခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးထပ်ဆင့်လောင်ကျွမ်းမှုတစ်ရပ် ဖြစ်ပေါ်။

**၂၇-၂-၂၀၀၈*** ချီဖွေငယ် ရေအားလျှပ်စစ်စီမံကိန်း ကန်ထရိုက်စာချုပ်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် China Power Investment Corporation (CPI) မှ တာဝန်ရှိသူအသီးသီး နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် လက်မှတ်ရေးထိုး။

**၃-၃-၂၀၀၈*** တနင်္သာရီတိုင်း မြိတ်မြို့ရှိ မြိတ်တက္ကသိုလ်ပင်မဆောင် ဖွင့်လှစ်။



www.foreverspace.com.mm

www.foreverspace.com.mm

# "နိုင်ငံတည်ဆောက်ရေးကို စိတ်လှုပ်ရှားမှု (Emotion) နဲ့ မသွားဘဲ ပညာနဲ့ယှဉ် နလုံးသွင်းနိုင်ဖို့ပါ"

## စာရေးဆရာ ကျော်ဝင်းနှင့် တွေ့ဆုံခြင်း

အဖွဲ့ဝင်အယ်ဒီတာ

**ကျွန်**တော်တို့ပတ်ဝန်းကျင်တွင်သာမက ကမ္ဘာကြီးတစ်ခုလုံး၌ပါ အပြောင်းအလဲများက အချိန်နှင့်အမျှ ဖြစ်ပေါ်နေပါသည်။ လူ့အဖွဲ့အစည်းတစ်ခုလုံး၏အပြောင်းအလဲများကို လူသားတို့၏ စိတ်ကူးအကြံဉာဏ်နှင့် အိုင်ဒီအိုလိုဂျီ ခေါ် အတွေးအခေါ်စိတ်ကူးစိတ်သန်းများ၊ ရှုမြင်ပုံရှုမြင်နည်းများက ရှေ့ဆောင်ပါသည်။ စိတ်ကိုဖွင့်ထားလျှင် ဖွင့်ထားသလောက်၊ ပြုလွယ်ပြင်လွယ် နိုင်စွမ်းရှိသလောက် မျက်မှောက်လူ့အဖွဲ့အစည်း၏ လားရာအမြင်များ၊ တူရူချက်များ၊ အိုင်ဒီအိုလိုဂျီအသစ်များကို မြင်နိုင်သိနိုင်ပါသည်။ ကမ္ဘာတစ်ဝန်းဖြစ်ပေါ်နေသော ကမ္ဘာလုံးဆိုင်ရာ အခြေအနေအပြောင်းအလဲများကို စနစ်တကျပိုင်းခြားစိတ်ဖြာသုံးသပ်၍ ရှုထောင့်အသစ် အမြင်အသစ်များ ထုတ်ဖော်နေသော ပညာရှင်များ၏ အိုင်ဒီအိုလိုဂျီအသစ်များကို ကမ္ဘာ့လူသားအားလုံးနည်းတူ ကျွန်တော်တို့နိုင်ငံသားများလည်း နားဆင်ခွင့်၊ ဖတ်ရှုခွင့်၊ ဝေဖန်ပိုင်းဆစ်ခွင့်၊ လက်ခံခွင့်၊ လက်မခံခွင့် ရှိပါသည်။ ထိုအခြေအနေရရှိရန် ပညာရှင်များ ဘာပြောနေကြသနည်း၊ ဘာအသစ်ဖော်ထုတ်ထားကြသနည်းဆိုခြင်းတို့ကို သိရှိရန် လိုပါသည်။ အထူးသဖြင့် ၂၀ ရာစုနှောင်းပိုင်းမှစ၍ ကျယ်လောင်လာသော ဂလိုဘယ်လိုက်ဇေးရှင်းအရှိန်အဟုန်ကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့ပြောင်းလဲမှုများကို မြန်မာစာဖတ်ပရိသတ်သို့ စိုက်လိုက်မတ်တတ် မိတ်ဆက်ပေးနေသူ အမျိုးသားစာပေ (ဘာသာပြန်သုတ) ဆုရှင် စာရေးဆရာကျော်ဝင်းနှင့် တွေ့ဆုံကာ အပြောင်းအလဲများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးထားပါသည်။ ကြိုက်ခြင်းမကြိုက်ခြင်းနှင့် လက်ခံခြင်းမခံခြင်းသည် သက်ဆိုင်ရာအကြောင်းအရာကို ဂဏသေချာစွာသိရှိပြီးမှ ဆုံးဖြတ်နိုင်ပါသည်။ စနစ်တစ်ခု၊ အိုင်ဒီအိုလိုဂျီတစ်ခု၊ အဖွဲ့အစည်းတစ်ခု၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ်တွင်လည်း ဤသို့ပင်။ မြန်မာလူ့အဖွဲ့အစည်းအတွင်း အတွေးအခေါ်ပြတင်း၊ စိတ်ပြတင်းဖွင့်ထားသူများ တိုးပွားလာစေရန် ရည်ရွယ်ပါသည်။

**အယ်ဒီတာ**

**L.C ။ ။ ပုံမှန်အားဖြင့် တော်တော်များများက ဆရာ့ကို Globalization နဲ့ တွဲသိတာများတယ်။ Egress မှာလည်း ဒါကိုပဲ အခြေခံပြီး သင်ပေးနေတဲ့အပြင် ဆရာကိုယ်တိုင်လည်း Globalization အခြေခံတဲ့ The World is Flat နဲ့ အမျိုးသားစာပေဆုရထားတော့ မေးတဲ့သူအများစုက ဒါပဲဦးတည်မေးနေကြတာများတယ်။ ကျွန်တော်တို့ကတော့ ဒီဘက်ခေတ်ရဲ့ Ideology အပြောင်းအလဲ၊ Trend အပြောင်းအလဲနဲ့ ပတ်သက်ပြီး မေးချင်ပါတယ်။ ဒီမှာက ပြောင်းတာကို မသိတဲ့သူတွေ ရှိနေသေးတယ်။ ပြောင်းတာသိတဲ့သူကတော့ Layer တစ်ခုရောက်သွားမယ်ထင်တယ်။ Society ထဲမှာ Ideology နဲ့ Trend အပြောင်းအလဲအပေါ်မူတည်ပြီး Layer တွေကွဲသွားတာကို ဆရာ့အမြင် သိချင်တာပါ။**

**K.W** ။ ။ စစ်အေးခေတ် ဟိုဘက်ဒီဘက် အပြောင်းအလဲတွေကို ဆရာမောင်စူးစမ်းဘာသာပြန်တဲ့ 'လက်ဇပ်ကားနဲ့သံလွင်ပင်' စာအုပ်မှာ တော်တော်ပြည့်ပြည့်စုံစုံ ပါပြီးသားပါ။ Egress မှာ ကျောင်းသားတွေကိုသင်ရတော့ ဒီအပြောင်းအလဲတွေကို မှတ်လို့လွယ်အောင် ဇယားတစ်ခုလုပ်ပေးပါတယ်။ လက်ဇပ်ကားနဲ့ သံလွင်ပင်စာအုပ်ကို အညွှန်းရေးတုန်းကလည်း ဒီဇယားကို ဖော်ပြဖူးတယ်။ အခု ဒါကိုပြန်ပြောနေရင် စာမျက်နှာတွေ သိပ်များသွားမယ်ထင်တယ်။ ဒီတော့ ဆိုခဲ့တဲ့အပြောင်းအလဲတွေထဲက အရေးအကြီးဆုံးလို့ ကျွန်တော်ထင်တဲ့ အပြောင်းအလဲတစ်ခုကိုပဲ ပြောချင်ပါတယ်။ Way of thinking ပြောင်းလာတာပါ။

စစ်အေးခေတ်ရဲ့သင်္ကေတက 'နံရံတံတိုင်း' (Wall) လေ။ ဒီ Wall ကြီးရှိနေတာကိုက 'ငါတို့ကွဲနေကြပါလား' ဆိုတာကို ဖော်ပြနေတာ။ ဒီတော့ စဉ်းစားနည်းမှာလည်း လက်ဝဲ၊ လက်ယာ၊ ရန်သူ၊ မိတ်ဆွေ၊ Anti-Pro ပြောရရင် 'ငါတို့နဲ့သူတို့' စဉ်းစားနည်းပေါ့ဗျာ။ အရာရာ ဒီလိုပဲစဉ်းစားကြတာများတယ်။ အခု စစ်အေးလွန်ခေတ် (တစ်နည်းပြောရရင်) ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ရဲ့

www.foreverspace.com.mm

သင်္ကေတက 'အင်တာနက်ဝက်ဘ်ဆိုက်'။ ဒီဝက်ဘ် (Web) ကြီး ရှိနေတာကိုက 'ငါတို့ပူးပေါင်းဆောင်ရွက်လို့ရပါလား' ဆိုတာကို ဖော်ပြနေတာ။ ဒီတော့ စဉ်းစားနည်းမှာလည်း ပြောင်းလာရတာ ပေါ့။ အရင်ကလို 'ငါတို့နဲ့သူတို့' ဆိုတဲ့ အထိုင်ပေါ်က စဉ်းစားတာ မဟုတ်တော့ဘဲ 'ငါတို့တစ်တွေ' ဆိုတဲ့ ရပ်ခံမှုဘက်က စဉ်းစားလာ ကြတယ်။ ပြောရရင် Wall စဉ်းစားနည်းနဲ့ Web စဉ်းစားနည်း ပေါ့ဗျာ . . . ။

ဒါကို ခပ်နက်နက်ပြန်စဉ်းစားလိုက်ရင် Dialectics way of thinking ကနေ Trilectics way of thinking ကို ရွေ့လာတာ လို့ ပြောနိုင်မယ်ထင်တယ်။ Dialectics (ဒိုင်ယာလက်တစ်) ကို သခင်စိုးကြီးက အနုပဋိလောမလို့ ဘာသာပြန်တယ်လေ။ လက်ဝဲ သမားတွေ အပြောများတော့ ဒါကို တော်တော်များများက လက်ဝဲ စဉ်းစားနည်းလို့ စွဲနေကြတာ။ ကျွန်တော့်အထင်ပြောရရင် လက်ဝဲ တွေ လက်ယာတွေနဲ့ သိပ်မဆိုင်ဘူးဗျ။ အမှန်က စက်မှုခေတ်ရဲ့ စဉ်းစားနည်း။ စက်မှုခေတ်တစ်လျှောက်လုံး လက်ဝဲဖြစ်စေ၊ လက် ယာဖြစ်စေ ဒီနည်းနဲ့ စဉ်းစားကြတာများတယ်။ အခု အိုင်တီခေတ် ရောက်တော့ ဒီစဉ်းစားနည်းမှာ အကန့်အသတ်တွေရှိလာတယ်။ ဒါကြောင့်လည်း Trilectics (ထွိုင်ယာလက်တစ်) ဆိုတဲ့ စဉ်းစား နည်းအသစ်ဘက်ကို ရွေ့လာတာဖြစ်မယ်ထင်တယ်။

ဘာကွာလဲဆိုတော့ အများကြီးကွာသွားပြီထင်တယ်ဗျ။ ဒိုင်ယာလက်တစ်ရဲ့အနှစ်က ပဋိပက္ခ။ ပဋိပက္ခချည်းတိုက်ပွဲဆင်ရာ က တိုးတက်မှုကို ဦးတည်သွားတယ်ပေါ့။ ဒီတော့ ဒိုင်ယာလက် တစ်နည်းက ဆန့်ကျင်ဘက်တွေ အပြန်အလှန်ဖယ်ထုတ်ဖို့ ကြိုးစား ကြတာ။ ထွိုင်ယာလက်တစ်ရဲ့အနှစ်က 'စုဖွဲ့မှု' (Unity)။ ဆန့် ကျင်ဘက်တွေကြား 'မျှခြေ' (Equilibrium) တွေ စုဖွဲ့ဖို့ ကြိုးစား ရင်းက တိုးတက်မှုကို ဦးတည်သွားတယ်ပေါ့။ ဒီတော့ Trilectics နည်းက ဆန့်ကျင်ဘက်တွေ အပြိုင်တည်ရှိဖို့ကြိုးစားတာ။ သူတို့ ကြား အားမျှခြေကိုရှာဖွေယူတာ ဒီလိုကွာသွားတယ်။ ပြောရရင် စောစောက ကျွန်တော်ပြောတဲ့ Wall နဲ့ Web ပါပဲ။

ဒီအခြေခံစဉ်းစားနည်းပေါ်မူတည်ပြီး ခင်ဗျားတို့ပြောတဲ့ Layer တွေ ကွာသွားမယ်ထင်တယ်။ Wall Layer ထဲမှာ ကျန်ရစ် ရင်တော့ စစ်အေးလွန်ခေတ်အပြောင်းအလဲတွေကို ညင်ညင်သာ သာသိမ်သိမ်မွေ့မွေ့ဖြတ်သန်းဖို့ လွယ်မယ်မထင်ဘူး။ Wall ကနေ Web ပြောင်းဖို့ဆိုရင် ကျွန်တော်တို့မှာရှိနေတဲ့ အခုအခံအစွဲအလမ်း တွေနဲ့ ပထမဆုံး တိုက်ပွဲဆင်ရမယ်ထင်တယ်။ ကိုယ့်ကိုယ်ကိုယ် ပြန်ရှော့ခ်ရိုက်ရတဲ့သဘောပေါ့ဗျာ။ Anti-Knowledge တို့ Un-learning တို့ဆိုတဲ့ ခေတ်သစ်ပညာရေးအကောက်အယူတွေဟာ ဒီသဘောပါပဲ။

**L.C ။ ။ ဆရာ Trilectics အကြောင်း စာအုပ်တစ်အုပ် ရေးထားတာ ရှိတယ်ထင်တယ်။ Dialectics နဲ့ Trilectics ကွာတာလေး ရှင်းပြပေးပါ။**

**K.W** ။ ။ ထွိုင်ယာလက်စ်တစ်အကြောင်းပြောရင် ထိုင်ငို



ဒိုင်ယာလက်တစ်က မျဉ်းတန်းသဘောတွေကို ကောင်း ကောင်းချဉ်းကပ်နိုင်ပါတယ်။ ဒါကြောင့် အဆက်အစပ်ရှိတဲ့ခေတ် တစ်လျှောက်လုံး ယေဘုယျအသုံးတည့်တယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ မျဉ်းတန်းမဟုတ်တဲ့အပြောင်းအလဲတွေကို ချဉ်းကပ်ရာမှာ တော့ အကန့်အသတ်ရှိလာတယ်။

ချင်လောက်အောင် စိတ်ဓာတ်ကျမိတဲ့ ကိုယ်တွေ့အတွေ့အကြုံက စချင်တယ်ဗျာ။ တကယ်တော့ ဒိုင်ယာလက်တစ်ရဲ့အားနည်းချက် တွေကို စိစစ်ကြတာ။ အဲဒီကနေ ထွိုင်ယာလက်တစ်ကို ကြံဆလာ တာ။ ဒီဖြစ်စဉ်တွေ စနေတာ ၁၉၅၀ ဝန်းကျင်လောက်ကတည်း ကဗျ။ ကျွန်တော်က ၁၉၅၂ မှာ မွေးတာဆိုတော့ ကျွန်တော်မမွေး ခင် ဒါမှမဟုတ် ကျွန်တော်မွေးခါစလောက်ကတည်းက ရှိခဲ့တာ ပေါ့။ ဒါပေမဲ့ ထွိုင်ယာလက်တစ်ဆိုတဲ့ ဝေါဟာရကို စကြားဖူးတာ၊ ဒီအကြောင်းကို စမြည်းဖူးတာ မနေ့တစ်နေ့ကမှ။ အသက် ၅၆ နှစ်ရောက်မှ။ ဒီတော့ ကျွန်တော်နောက်ကျခဲ့တာ နည်းနည်းနော နော မဟုတ်ဘူး။ တစ်သက်လုံးဗျ။ ကိုယ့်ကိုယ်ကိုယ်လည်းရှက် တယ်။ ထိုင်ငိုချင်လောက်အောင်ကို စိတ်ဓာတ်ကျမိတယ်။

အခု ထွိုင်ယာလက်တစ်အကြောင်း လုံးချင်းစာအုပ်ထုတ်ဖို့ ရုံးတင်ထားပါတယ်။ မကြာခင်ထွက်နိုင်ပါလိမ့်မယ်။ အခုလော လောဆယ်မှာတော့ သိပ်ကျယ်ပြန့်တဲ့ဘာသာရပ်မို့ အကျဉ်းသ ဘောပဲ ပြောပါရစေ။

လူ့သမိုင်းမှာ အခြေခံစဉ်းစားနည်းသုံးမျိုးရှိတယ်လို့ မှတ်

www.foreverspace.com.mm



ဘာသာရပ်ပါတယ်။ သမားရိုးကျယုတ္တိ (Formal Logic) ရယ်၊ ဒိုင်ယာလက်တစ်ရယ်၊ ထွိုင်ယာလက်တစ်ရယ်ပေါ့။ သမားရိုးကျယုတ္တိက စက်မှုခေတ်မတိုင်မီ စဉ်းစားနည်းပေါ့။ သဘာဝသိပ္ပံနဲ့ ဆက်စပ်ကြည့်ရင် သိပ္ပံပညာရဲ့ ပထမအလှည့်အပြောင်းကာလ (နယူတန်မတိုင်မီခေတ်) ပေါ့။ သူ့ရဲ့အဓိကအားနည်းချက်က အပြောင်းအလဲကို မထင်ဟပ်နိုင်တာ။ ဒိုင်ယာလက်တစ်က စက်မှုခေတ်စဉ်းစားနည်း။ သိပ္ပံပညာရဲ့ ဒုတိယအလှည့်အပြောင်းကာလ (နယူတန်ခေတ်) နဲ့ ဆက်စပ်ပေါ်ထွက်လာတာ။ အပြောင်းအလဲကို ထင်ဟပ်ဖို့ ကြိုးစားလိုက်တဲ့ စဉ်းစားနည်းပါ။ သူ့ခေတ်နဲ့သူ ရှေ့တန်းရောက်တယ်လို့ဆိုနိုင်ပါတယ်။

ဒီနေရာမှာ ပီတာဒရပ်ကာရဲ့စာအုပ်တစ်အုပ်ကို ကြားဖြတ်ပြောပါရစေ။ 'အဆက်ပြတ်သွားတဲ့ခေတ်' (Age of Discontinuity) ဆိုတဲ့ စာအုပ်ပါ။ ဒရပ်ကာကြီးက အိုင်တီမတိုင်မီကာလကို 'အဆက်အစပ်ရှိတဲ့ခေတ်' (Age of Continuity) လို့ အကဲဖြတ်တယ်။ ဒီကာလအပြောင်းအလဲတွေဟာ 'မျဉ်းတန်းသဘော' (Linear) မို့လို့တဲ့။ ဒါပေမဲ့ အိုင်တီပေါ်လာတော့ ဖြစ်စဉ်ဖြစ်ရပ်တွေဟာ 'မျဉ်းတန်းမဟုတ်တဲ့သဘော' (non-Linear) ဘက်ရွှေ့လာတယ်လို့ ဆိုတယ်။ ဒါကြောင့် အိုင်တီနောက်ပိုင်းကို 'အဆက်ပြတ်သွားတဲ့ခေတ်' လို့ သူကပြောတာ။

ဒိုင်ယာလက်တစ်က မျဉ်းတန်းသဘောတွေကို ကောင်းကောင်းချဉ်းကပ်နိုင်ပါတယ်။ ဒါကြောင့် အဆက်အစပ်ရှိတဲ့ခေတ်တစ်လျှောက်လုံး ယေဘုယျအသုံးတည့်တယ်လို့ ပြောနိုင်ပါတယ်။ ဒါပေမဲ့ မျဉ်းတန်းမဟုတ်တဲ့အပြောင်းအလဲတွေကို ချဉ်းကပ်ရာမှာတော့ အကန့်အသတ်ရှိလာတယ်။ အဆက်ပြတ်သွားတဲ့ခေတ်အတွက်တော့ ပြဿနာရှိလာတယ်။ ဒါကြောင့် သူ့ထက်ပိုပြည့်စုံတဲ့ ထွိုင်ယာလက်တစ်ဘက် ရွှေ့လာရတာပါ။

နောက်တစ်ခုက သဘာဝသိပ္ပံပညာရဲ့ အပြောင်းအလဲ။ ပညာရှင်တွေက နယူတန်နောက်ပိုင်းကို သိပ္ပံပညာရဲ့ တတိယအလှည့်အပြောင်းလို့ သတ်မှတ်ကြတယ်။ ဒီကာလမှာ သိပ္ပံကိုယ်တိုင်က 'တိကျမှု' ကနေ 'မတိကျမှု' ဘက်ရွှေ့လာတယ်။ ဒီအပြောင်းအလဲမှာ 'ဇကန်သဘော' ကဲတဲ့ ဒိုင်ယာလက်တစ်ထက် 'အနေကန်သဘော' ကဲတဲ့ ထွိုင်ယာလက်တစ်က ပိုအသုံးတည့်နိုင်စရာ ရှိတယ်ပေါ့ဗျာ။

တစ်ခုတော့ရှိပါတယ်။ ထွိုင်ယာလက်တစ်ဟာ ဒိုင်ယာလက်တစ်ကို လုံးဝငြင်းဖျက်တဲ့သဘောတော့ မဟုတ်ပါဘူး။ ဖြည့်ဆည်းတဲ့သဘောပါ။

**LC** ။ ။ **Trilectics ကို ဆရာတို့ ခုနောက်ပိုင်းမှ သိလာရတာ အရင်က ကမ္ဘာ့စာပေနဲ့ အလှမ်းဝေးနေလို့လား။**

**K.W** ။ ။ ကမ္ဘာ့စာပေနဲ့ လုံးဝအလှမ်းဝေးတာတော့လည်း မဟုတ်လောက်ဘူးဗျ။ 'နီးတဲ့ဟာနီးပြီး ဝေးတဲ့ဟာဝေး' လို့ ပြောရမလားဘဲ။ ကျွန်တော်တို့တိုင်းပြည်အနေနဲ့ပြောရရင် လက်ဝဲသြဇာ အတော်ကြီးခဲ့တယ် ထင်တယ်။ ၁၃၀၀ ပြည့်မတိုင်ခင် ၁၉၃၀ အလွန်နှစ်တွေမှာ တစ်ကြိမ်၊ စစ်ပြီးခါစ ၁၉၄၈ တစ်ဝိုက်မှာတစ်ကြိမ်၊ တော်လှန်ရေးကောင်စီတက်ခါစ ၁၉၆၂ ဝန်းကျင်မှာတစ်ကြိမ်၊ လက်ဝဲစာပေလှိုင်းလုံးကြီးတွေ ပေါ်ခဲ့ဖူးတယ်မို့လား။ ဒီတော့ လက်ဝဲစာပေနဲ့ပတ်သက်ရင် အတော်လေးပြည့်ပြည့်စုံစုံရှိခဲ့တယ်လို့ထင်တယ်။ ဥပမာ– Capital ဘာသာပြန်မရှိပေမယ့် မြန်မာဘာသာနဲ့ အဖွင့်ကျမ်းတွေရှိတယ်။ Manifesto ဆိုရင် တိုက်ရိုက်ဘာသာပြန်ရှိတယ်။ စာအုပ်တော်တော်များများ ဘာသာပြန်ရှိပါတယ်။ ဒါပေမဲ့ လက်ယာဘက်မှာတော့ မရှိသလောက်ရှားတယ်။ ပြောရရင် ဟိုခေတ်က သံရုံးဘာသာပြန် ခပ်ညံ့ညံ့တွေပဲရှိတယ်။ ဒါကလည်း ခိုင်ခိုင်မာမာသဘောထက် အပေါ်စားကွန်မြူနစ်ဆန့်ကျင်ရေးကကဲနေသလိုပဲ။ စစ်အေးခေတ်ကိုး။

၁၉၈၀ အလွန်နှစ်တွေရောက်တော့ ကမ္ဘာမှာရော ကျွန်တော်တို့တိုင်းပြည်မှာပါ ဈေးကွက်စီးပွားရေးစနစ်နဲ့ ဒီမိုကရေစီဘက်ဦးလှည့်လာပြီလေ။ ဒါပေမဲ့ ဒီဘာသာရပ်တွေနဲ့ ပတ်သက်တဲ့ ထောက်ထောက်ခံခံဘာသာပြန်စာအုပ်ကောင်းတွေ မရှိဘူး။ အခုမှ 'ဈေးကွက်စီးပွားရေးဆိုတာ ဘာလဲ'၊ 'ဒီမိုကရေစီဆိုတာ ဘာလဲ' အခြေခံကစ ပြန်လိုက်နေရတယ်။ ပြောရရင်တော့ ဒါ ကျွန်တော်တို့ အားနည်းချက်ပဲ။ ကျွန်တော်တို့ရှေ့က လူကြီးတွေလောက် အလုပ်မလုပ်နိုင်သေးတာပဲ။ ကျွန်တော်တို့တွေ အများကြီးကြိုးစားရဦးမယ်ထင်တယ်။

**L.C** ။ ။ **၁၉၄၈ ဝန်းကျင်လောက်မှာ ဘာသာပြန်စာအုပ်တွေ တော်တော်ထွက်ခဲ့တယ်။ သိရသလောက် ဗန်းမော်မှာရှိတဲ့ စာပေဝါသနာအိုးတွေ ပြောပြတာ သိရသလောက်ဆိုရင် မူရင်းစာအုပ်ကို ကုန်စုံဆိုင်တွေမှာတောင်ဝယ်လို့ရတဲ့ အနေအထား ရှိတယ်တဲ့။**

**K.W** ။ ။ ၁၉၄၈ ဝန်းကျင် စစ်ကြီးပြီးခါစဆိုတော့ လူတွေစာတော်နေတာလည်း ပါမှာပေါ့ဗျာ။ စာဖတ်ပရိသတ် Demand က မြင့်တာပေါ့။ Supply ဘက် (စာရေးဆရာဘက်) ဆိုရင်လည်း စစ်နဲ့ တော်လှန်ရေးကိစ္စတွေကို ကိုယ်တိုင်ဖြတ်ခဲ့ရတဲ့လူတွေရှိတယ်လေ။ အဲဒီခေတ် စာရေးဆရာတွေမှာ အတွေ့အကြုံရှိတယ်။ ဘဝရှိတယ်။ ပညာရေးရေခံမြေခံကောင်းခဲ့တာလည်းပါမယ်။ အဲသလို Demand ရော Supply ပါ ဘက်ညီတော့ စာပေဖွံ့ဖြိုးတာပေါ့ဗျာ။

ကျွန်တော်တို့ခေတ်မှာတော့ Demand (စာဖတ်သူ) ထက် Supply (စာရေးဆရာ) ဘက်က လိုအပ်သလောက် မဖန်တီးနိုင်တာ ဖြစ်မယ်ထင်တယ်။ စာအုပ်ဈေးတွေကြီးတဲ့ကြားက ပရိသတ်က ကြိုးစားဝယ်ဖတ်ကြပါတယ်။ အထူးသဖြင့် အပြောင်းအလဲကို ထင်ဟပ်တဲ့စာတွေဆိုရင် စိတ်ဝင်စားကြပါတယ်။ ကျွန်တော်တို့ဘက်ကသာ . . . ။ ထားပါတော့ဗျာ။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာတစ်ခုရှိတယ်။ ကျွန်တော်ဖတ်ရတဲ့စာအုပ်တစ်အုပ် (J. curne) ထဲမှာ တိုင်းပြည်တစ်ပြည်ရဲ့ Openness ကိုတိုင်းတဲ့ညွှန်ကိန်းတွေ ဖတ်ရတယ်။ အဲဒီထဲမှာ 'ဘာသာပြန်စာအုပ်အရေအတွက်' ဆိုတာ ပါတယ်ဗျ။ ကျွန်တော်တို့ စာရေးသူတွေ စဉ်းစား

www.foreverspace.com.mm

ဖို့လိုမယ်ထင်တာပဲ။

**L.C ။ ။ တရုတ်တောင် ခုနောက်ဆုံး ပါတီညီလာခံမှာ ခါတိုင်းနှစ်ထက် ဒီမိုကရေစီဆိုတဲ့စာလုံး တော်တော်သုံးလာတယ်နော်။**

**K.W** ။ ။ ဟုတ်တယ်ဗျ။ ဟူကျင်တောင်ရဲ့ မိန့်ခွန်းမှာကိုပဲ ဒီစကားလုံးကို ၁၅ ကြိမ်ဆိုလား ပါတယ်ပြောတာပဲ။ ဒါဘာကို ဖော်ပြလဲဆိုတော့ ပေါက်ဖော်ကြီးတွေလည်း Political Reform ကို အလေးထားလာပြီဆိုတဲ့သဘောပေါ့ဗျာ။ ကောင်းတာပေါ့။

စီမံကိန်းစီးပွားရေးနဲ့ တစ်ပါတီစနစ်ကနေ ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်လှည့်ပြောင်းတဲ့နေရာမှာ ယေဘုယျပုံစံနှစ်မျိုးရှိတယ်ဗျ။ လွယ်လွယ်ပြောရရင် ရုရှားပုံစံနဲ့ တရုတ်ပုံစံဆိုပါတော့ဗျာ။ ရုရှားပုံစံက Economic Reform နဲ့ Political Reform ကို တစ်ပြိုင်တည်းလုပ်တယ်။ 'ဂလပ်စနော့'(ပွင့်လင်းရေး) နဲ့ 'ပယ်ရီစတွိုင်ကာ'(စီးပွားရေးပြုပြင်ပြောင်းလဲမှု) ကို တွဲလုပ်တဲ့သဘောပေါ့ဗျာ။ အသွက်အမြန်ကို ဦးစားပေးတယ်။ Shock Therapy သဘောလို့ ဆိုနိုင်တာပေါ့။ တရုတ်ကတော့ လေးမျိုးခေတ်မီရေးနဲ့ စတာ။ ပဥ္စမမြောက်ခေတ်မီရေး (Political Reform) မပါဘူး။ စီးပွားရေးခိုင်မှ ဒါကို တဖြည်းဖြည်းပြောင်းမယ်ပေါ့။ Gradnal နည်း။ အသွက်အမြန်ထက် တည်ငြိမ်မှုကို ဦးစားပေးတယ်။

ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီကာလက ရုရှားနည်းကို ပိုသဘောကျတဲ့သူက များမယ်ထင်တယ်။ လက်တွေ့ဖြတ်သန်းလိုက်တဲ့အခါကျတော့ တရုတ်နည်းက အလုပ်အယမ်းနည်းနည်းနဲ့ အောင်မြင်တာ တွေ့ရတယ်လေ။ ဒီမှာ ဘာသင်ခန်းစာရလိုက်သလဲဆိုတော့ စနစ်တစ်ခုကနေ နောက်တစ်ခုပြောင်းတဲ့အခါမှာ Institution တွေရဲ့အခန်းက ဘယ်လောက်အရေးကြီးလဲဆိုတာပေါ့။ Institution တွေအားကောင်းရင် အလုပ်အယမ်းနည်းမယ်၊ တည်ငြိမ်မယ်။ အားနည်းရင် အလုပ်အယမ်းများမယ်။ အန္တရာယ်ရှိတယ်ပေါ့။ ဒီတော့ Institutional Reform အတွက် 'ကူးပြောင်းရေးကာလ' (Transitional period) တစ်ခု လိုမယ်ဆိုတာပါ။

စောစောက ကျွန်တော်ပြောခဲ့တဲ့ J.curne က ဒီအကြောင်းကို ဆွေးနွေးထားတာဗျ။ 'တည်ငြိမ်မှု' (Stability) နဲ့ 'တံခါးဖွင့်မှု' (openness) ရဲ့ အဆက်အစပ်ကို ရှင်းပြထားတာ။ အရင်ကတော့ တည်ငြိမ်မှုကို တံခါးပိတ်ပြီး ဖန်တီးယူတာပေါ့။ Power base နဲ့ သွားတာပေါ့ဗျာ။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ အခြေအနေအရ တံခါးဖွင့်လိုက်ရတော့ အခိုက်အတန့်ကာလတစ်ခုမှာ တည်ငြိမ်မှုဟာ ကျသွားတတ်တယ်တဲ့။ ဒါပေမဲ့ တစ်ချိန်မှာ ပြန်တက်နိုင်တဲ့ အလားအလာတော့ရှိပါတယ်။ အဲဒီလိုကျနေတဲ့ ကာလပိုင်းကို 'ကူးပြောင်းရေးကာလ' လို့ခေါ်တာ။ ဒီကာလ မြန်မမြန်၊ ငြိမ်မငြိမ်ကို Institutional Reform က စကားပြောလိမ့်မယ်တဲ့။

Institutional တွေကို ကျမ်းရှင်က မော်တော်ကားတွေမှာသုံးတဲ့ 'ရှော့ဘား' (Shock absorber) နဲ့ ဥပမာယူတယ်။ ရှော့ဘားကောင်းရင် ကားစီးရတာငြိမ့်မယ်။ မကောင်းရင် ဝုန်းဒိုင်းဝုန်းဒိုင်း

**တစ်ခါက အဖြူပြောခဲ့တာကို နောင်မှာ အမည်းလို့ပြောတာကိုတော့ သူ့ဘက်က ပြောစရာရှိတယ်တဲ့၊ သူ့အနေနဲ့ ဖြူတယ်လို့မြင်လို့ ဖြူတယ်ပြောခဲ့တယ်။ နောက် အဖြူလို့ မမြင်တော့ဘဲ အမည်းလို့မြင်လာတော့ လူ့အထင်သေးမှာစိုးရိမ်ပြီး အဖြူပဲလို့ တင်းခံမနေနိုင်ဘူး။ မည်းတယ်လို့မြင်တာကို မည်းတယ်ပဲ ပွင့်ပွင့်လင်းလင်းပြောမယ်။ ဒါဟာ သူ့သမာဓိပဲ။**

ဖြစ်မယ်ပေါ့ဗျာ။ ဒီစာအုပ်အကြောင်းကို ပြီးခဲ့တဲ့ The Waves (၂၀၀၈၊ ဇန်နဝါရီလထုတ်) မှာ အညွှန်းရေးထားပါတယ်။ အဲဒီထဲက ဂရပ်ပုံနဲ့ တိုက်ကြည့်ရင် ပိုရှင်းမယ်ထင်တယ်။

**L.C ။ ။ Institution ဆိုတာ Family က စသလား။ ဒါမှမဟုတ် State ပိုင်းပဲ ပါတာလားဆရာ။**

**K.W** ။ ။ Family ကနေ State အထိ Institution သဘောရှိတယ်ဗျ။ သူ့ Function နဲ့သူပေါ့။ ဥပမာ–အိမ်တစ်အိမ်မှာ အိမ်ထောင်ဦးစီး (အဖေပေါ့) ကို ကြောက်ရလို့ ငြိမ်နေမယ်ဆိုပါတော့။ ဒီမိသားစုမှာ တည်ငြိမ်မှုတော့ ရှိချင်ရှိမယ်။ ဒါပေမဲ့ သီရိဂေဟာတော့ ဖြစ်မယ်မထင်ဘူး။ စစ်အေးခေတ်က အသုံးတည့်ခဲ့တဲ့ Power base နည်းပေါ့ဗျာ။ မိဘရော၊ သားသမီးမှာပါ သူ့စည်းကမ်းနဲ့သူ၊ သူ့ရပိုင်ခွင့်နဲ့သူရှိရင်တော့ တည်ငြိမ်မှုလည်းရှိမယ်။ သီရိဂေဟာလည်း ဖြစ်နိုင်မယ်။ ဒါက Power base နဲ့ သွားတာမဟုတ်ဘူးလေ။ Rule of the game နဲ့သွားတာ။ Institution ဆိုတာ ဒါကို ပြောတာပါ။ State Building မှာ Institutionalization က 'အခရာ' လို့ ဖရန်စစ်ဖူကူယားမားကတော့ ပြောတာပဲ။

**LC ။ ။ The World is Flat စာအုပ်နဲ့ ပတ်သက်လို့ 'ကမ္ဘာကြီးမပြားသေးဘူး' လို့ တုံ့ပြန်ကြတာတွေ ရှိတယ်နော်။**

**K.W** ။ ။ ရှိပါတယ်။ ကျွန်တော်တို့စာပေလောကမှာရော၊ နိုင်ငံတကာမှာရော ရှိပါတယ်။ တကယ်တော့ ဖရီးမင်းကိုယ်တိုင်က 'ကမ္ဘာကြီးတစ်ခုလုံးပြားပြီ' လို့ မပြောပါဘူး။ သူ့စာအုပ်မှာကိုပဲ Unflat World ဆိုတဲ့ အခန်းတစ်ခန်းပါ,ပါတယ်။ ကျွန်တော်တို့စာပေလောက,က ဝေဖန်ရေးဆရာတွေက စာအုပ်တစ်အုပ်လုံးမပြောနဲ့ 'မာတိကာ' ကိုတောင် ဖတ်ကြဟန်မတူဘူး။ နိုင်ငံတကာပညာရှင်တွေရဲ့ ဝေဖန်ချက်တွေမှာတော့ အလေးထားစဉ်းစားစရာတွေ အများကြီးပါတယ်။ နယူးဝိခ်ပင်တိုင်ဆောင်းပါးရှင် Robert.J Samulsim ရဲ့ ဝေဖန်ချက်ကို ကျွန်တော့်ဘာသာပြန်စာအုပ် တတိယတွဲမှာ နောက်ဆက်တွဲအနေနဲ့ ထည့်ပေးထားပါတယ်။ ဟားဗတ်ကပါမောက္ခ Pankaj Ghemawat ရဲ့ ဝေဖန်ချက်ကိုလည်း The Waves (5/07. June 2007) မှာ Cover Theme အနေနဲ့ ဖော်ပြဖူးပါတယ်။ စာဖတ်ပရိသတ်တွေ ဆက်စပ်စဉ်းစားနိုင်ဖို့ပါ။

ပြောရရင် ဒီခေတ်ရဲ့ထူးခြားချက်က ဒါပဲထင်တယ်ဗျ။ အ

www.foreverspace.com.mm



ယူအဆမျိုးစုံ အပြိုင်ရှိနေတယ်။ ဘယ်ဟာအမှား၊ ဘယ်ဟာအမှန် ယတိပြတ်ပြောဖို့ခက်တယ်။ အမှားထဲမှာ အမှန်ရှိသလို အမှန်ထဲမှာလည်း အမှားရှိနေနိုင်တယ်။ ဒီတော့ either-or logic နဲ့ ကြည့်လို့ မရတော့ဘူး။ ဘုရားဟောတဲ့ ဝိဘဇ္ဇဝါဒနဲ့ ချဉ်းကပ်မှ တော်ကာကျလိမ့်မယ်။ ခက်နေတာက ကျွန်တော်တို့စာပေလောကမှာ အမှား၊ အမှန် ပြတ်ပြတ်ပြောမှ ကြိုက်တယ်။ ရှင်းမှလင်းမှကြိုက်တယ်။

**L.C ။ ။ အဲဒါ ကျွန်တော်တို့လူမျိုးတွေရဲ့ စရိုက်တစ်ခု ဖြစ်သွားမှာ စိုးရိမ်ရတယ်နော်။**

**K.W** ။ ။ ကျွန်တော့်အမြင်တော့ ဖြစ်သလောက်ဖြစ်နေပြီ တောင်ထင်တာပဲ။ ဘာပဲဖြစ်ဖြစ် အရေးကြီးတာက စရိုက်သေတွေ မဖြစ်ဖို့ပါ။ ဝတ္ထုဆိုရင် စရိုက်သေတွေများနေရင် ပျင်းစရာကောင်းတာပေါ့ဗျာ။ စရိုက်ရှင်ဆိုရင်တော့ သွက်တာပေါ့။ နိုင်ငံတစ်ခုကို ခေတ်မီနိုင်ငံတော် တည်ဆောက်တော့မယ်ဆိုရင် နိုင်ငံသားတွေရဲ့ စဉ်းစားတွေးခေါ်နည်းတွေ၊ စရိုက်တွေကိုလည်း ခေတ်နဲ့အညီ ပြောင်းလဲဖို့လိုမယ်ထင်တာပဲ။

ဒီနေရာမှာ ကားလ်မက်ခ်ရဲ့စကားတစ်ခွန်းကို ပြန်ညွှန်းချင်တယ်ဗျ။ 'ကမ္ဘာကြီးကို ပြောင်းလဲမယ့်သူဟာ ကိုယ့်ကိုယ်ကိုယ် အရင်ပြောင်းလဲရမယ်' တဲ့။ မက်ခ်ရဲ့ တပည့်သားမြေးလို့ဆိုတဲ့သူတွေ သတိရကြဖို့ပါ။

**L.C ။ ။ လူ့အဖွဲ့အစည်းမှာ တင်းမခံဖို့ Flexible ဖြစ်ဖို့ဆိုရင် ပညာရေးက အဓိကကျတယ်လို့ မထင်ဘူးလားဆရာ။**

K.W ။ ။ သိပ်ဟုတ်တာပေါ့ဗျာ။ နိုင်ငံတည်ဆောက်ရေးကို 'စိတ်လှုပ်ရှားမှု' (Emotion) နဲ့မသွားဘဲ ပညာနဲ့ယှဉ် နှလုံးသွင်းနိုင်ဖို့ပါ။ စောစောက ပြောခဲ့တဲ့ Institutionalization ဆိုတာ အနှစ်သဘောကတော့ ဒါပါပဲ . . . ။

**LC ။ ။ သောမတ်ဖရီးမင်းက ရေးဖူးတယ်။ ၁၉ ရာစုပညာရေးနဲ့နေနေမယ်ဆိုရင် Idea တွေက ခုနလိုဖြစ်နေပါ့မလား။**

**K.W** ။ ။ တကယ်တော့ ကျွန်တော်တို့နဲ့ ယှဉ်ပါးခဲ့တဲ့ ၂၀ ရာစုပညာရေးဟာ ၁၉ ရာစု ဉာဏ်အလင်းခေတ်ကို အခြေခံတာဗျ။ သူက Knowledge အဓိကလို့ဆိုနိုင်မယ်ထင်တယ်။ Knowledge ဆိုတာက ရှိပြီးသိပြီးပညာတွေရဲ့ အစုအဝေးလေ။ တစ်နည်းဆိုရရင် အဖြေတွေရဲ့ အစုအဝေးပေါ့။ ဒါကိုရဖို့ Learning နဲ့သွားရတာ။ ရည်ရွယ်ချက်က Knowledge ကိုင်ပြီး အလုပ်လုပ်တတ်တဲ့ Knowledge Worker တွေ မွေးထုတ်ဖို့။

ဒါပေမဲ့ ၂၁ ရာစုပညာရေးရဲ့ ရည်ရွယ်ချက်က Knowledge Worker သာမက ပညာအသစ်တွေဖန်တီးနိုင်တဲ့ Knowledge Creator တွေပါ မွေးထုတ်ဖို့ ဖြစ်လာတယ်။ ဒီတော့ Knowledge သက်သက်နဲ့ မလုံလောက်တော့ဘူး။ Anti-Knowledge က ရှေ့ရောက်လာတယ်။ Anti-Knowledge ဆိုတာရှိပြီး၊ သိပြီးပညာ တွေကို ပြန်စိစစ်ရတာ။ မေးခွန်းတွေရဲ့ အစုအဝေးပေါ့။ ဒါကို Learning နဲ့ သွားလို့မရတော့ဘူး။ Unlearning နဲ့ ချဉ်းကပ်ရတယ်။ Unlearning ဆိုတာ ရှိပြီး၊ သိပြီးအသိတွေကို 'ခေတ်' နဲ့ ဆန်ထုတ်တိုက်ရတာ။ ပြောရရင် ဝိဘဇ္ဇနည်းပေါ့။ ဒါမှ အရာရာကို 'အသစ် တစ်ဖန်လေ့လာ' (Relearning) နိုင်မှာ။ 'ပညာအသစ်' (New Knowledge) တွေထွက်လာမှာ . . . ။ ဒီတော့ 'ဝိဘဇ္ဇစိတ်အခံ' (analytic mindset) နဲ့ 'ပြောင်းလွယ်ပြင်လွယ်နိုင်စွမ်း' (flexibility) က အခြေခံလိုအပ်ချက်တွေ ဖြစ်လာတယ်။

ဒါပေမဲ့ အခုထိ ကျွန်တော်တို့ စာပေလောကမှာ တော်တော်များများစွဲနေတာက 'အယူအဆတစ်ခုကို (မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ) သေအထိကိုင်သွားနိုင်မှ သူရဲကောင်း' ဒီလိုဖြစ်နေတာကိုး။ ဒီတော့ စောစောကပြောခဲ့တဲ့ အခြေခံလိုအပ်ချက်နှစ်ခု (ဝိဘဇ္ဇစိတ်အခံနဲ့ ပြောင်းလွယ်ပြင်လွယ်နိုင်စွမ်း) ဟာ တွေဝေမှု၊ မပြတ်သားမှုတွေရဲ့ ဖော်ပြချက် ဖြစ်နေတော့တာပေါ့။

**LC ။ ။ ကျွန်တော်တို့ဆီမှာတင်မဟုတ်ဘူး။ တခြားမှာလည်း ဒါမျိုးဖြစ်တာ တွေ့ရတယ်။ အထူးသဖြင့် ဘက်တစ်ဖက်မှာ အကြာကြီးနေခဲ့ရတဲ့လူတွေက အခြားတစ်ဖက်ရောက်သွားရင် ဒီလိုဖြစ်သွားတယ်ထင်တယ်။**

**K.W** ။ ။ တလောကပဲ စာအုပ်တစ်အုပ်ဖတ်ရတယ်ဗျ။ 'မစိုးရိမ်ရာပြည့်' စာအုပ်ပါ။ ဒီစာအုပ်မှာပါတဲ့ ဆဋ္ဌသင်္ဂါယနာတင်ပွဲမှာ ဖြစ်ခဲ့တဲ့ ဖြစ်ရပ်လေးတစ်ခုကို ပြန်ပြောချင်လို့ပါ။ ဆဋ္ဌသင်္ဂါယနာတင်ပွဲမပြီးခင်မှာဘဲ ဝန်ဆောင်အဖွဲ့ထဲက ဆရာတော်တစ်ပါးက ပုံလွန်တော်မူတာနဲ့ အဲဒီနေရာမှာ မစိုးရိမ်ဆရာတော်ကြီးကို အစားထိုးဖို့ နာယကအဖွဲ့က အဆိုပြုတယ်တဲ့။ ဒီမှာတင် ဆရာတော်တစ်ပါးက "ဒီ မစိုးရိမ်ဆရာတော်ဟာ တစ်ခါက အဖြူပြောခဲ့တာကို နောင်မှာ အမည်းလို့ ပြန်ပြောဖူးတယ်။ ဒီလို စကားမတည်တာမို့ ဒီနေရာ မပေးသင့်ဘူး၊ ကန့်ကွက်တယ်" ပေါ့။ အဲဒီတော့ မစိုးရိမ်ဆရာတော်ကြီးက အခုလို ပြန်မိန့်တယ်။ "ဝန်ဆောင်အဖွဲ့မှာ ရွေးတာ၊ မရွေးတာနဲ့ ပတ်သက်လို့ ဘာမှပြောစရာမရှိဘူး။ ဒါပေမဲ့ တစ်ခါက အဖြူပြောခဲ့တာကို နောင်မှာ အမည်းလို့ပြောတာကိုတော့ သူ့ဘက်က ပြောစရာရှိတယ်တဲ့။ သူ့အနေနဲ့ ဖြူတယ်လို့မြင်လို့ ဖြူတယ်ပြောခဲ့တယ်။ နောက် အဖြူလို့ မမြင်တော့ဘဲ အမည်းလို့မြင်လာတော့ လူအထင်သေးမှာစိုးရိမ်ပြီး အဖြူပဲလို့ တင်းခံမနေနိုင်ဘူး။ မည်းတယ်လို့ မြင်တာကို မည်းတယ်ပဲ ပွင့်ပွင့်လင်းလင်း ပြောမယ်။ ဒါဟာ သူ့သမာဓိပဲ" တဲ့။ (စကားလုံးအတိအကျတော့ မဟုတ်ဘူးပေါ့ဗျာ။ မှတ်မိသလို ပြန်ပြောတာပါ။)

ကျွန်တော်တို့အနေနဲ့ မစိုးရိမ်ဆရာတော်ကြီးရဲ့ သမာဓိမျိုး ရှိဖို့လိုမယ်ထင်တယ်။

**L.C ။ ။ ဆရာ ဘာပြောချင်တာရှိသေးလဲ။**

**ကျော်ဝင်း ။ ။** ကျွန်တော်ပြောချင်တာ အသိပေးချင်တာတွေကို The Waves မှာရော၊ လုံးချင်းစာအုပ်တွေမှာရော ပြောနေတာပဲ။ အထူးအထွေပြောစရာမရှိပါဘူး။

**အဖွဲ့ဝင်အယ်ဒီတာ**

www.foreverspace.com.mm

# တွေ့ဆုံဆွေးနွေးမှုများ

## ၃၁-၁-၂၀၀၈

* တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Power Investment (CPI) မှ Director General မစ္စတာ ဆောင်ပေါင်ကျင်နှင့်အဖွဲ့သည် အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၆-၂-၂၀၀၈

* ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးရာကော်မရှင် အမှုဆောင်အတွင်းရေးမှူး၏ အထူးအကြံပေး ပုဂ္ဂိုလ် ဦးဝေလင်းသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* ကိုရီးယားသမ္မတနိုင်ငံ Choonam National University မှ Department of Education Professor, Mr.Hojsook Kim ခေါင်းဆောင်၍ စိုက်ပျိုးရေး IT ပါမောက္ခများပါဝင်သော အဖွဲ့ဝင် ၅ ဦးတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၈-၂-၂၀၀၈

* မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနအတွင်းဝန် H.E.Shiv Shankar Menon သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၁-၂-၂၀၀၈

* မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E၊ Mr. Mikhail M.Mgeladze နှင့် Nobel Oil Company ဥက္ကဋ္ဌ Mr. Grigory Gurevich တို့သည် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၅-၂-၂၀၀၈

* မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Guan Mu သည် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၉-၂-၂၀၀၈

* မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ကြည်းတပ်ဒုတိယဦးစီးချုပ် Lt. General, Evnevich Valery G ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် တွေ့ဆုံဆွေးနွေး။
* ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ဌာနေကိုယ်စားလှယ် Mr.Tang Zhengping, FAO ဌာနချုပ်မှ Mr.Xuening Liu, Ms. Egle De Angelis နှင့် ဒေါက်တာအုန်းမြင့်တို့သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။
* ဂျပန်နိုင်ငံ Tsuneishi Holdings Corporation/Kambara Kisen Co., မှ အဆင့်မြင့်တာဝန်ရှိ ပုဂ္ဂိုလ်များသည် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၀-၂-၂၀၀၈

* မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Abu Roshde Rokonuddawla နှင့် စီးပွားရေးသံမှူး Mr. Md.Aftabuzzaman တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၂၆-၂-၂၀၀၈

* အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ILO ရုံးမှ အမှုဆောင်ညွှန်ကြားရေးမှူး Mr.Kari Tapiola နှင့်အဖွဲ့သည် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်နှင့် တွေ့ဆုံဆွေးနွေး။

## ၂၇-၂-၂၀၀၈

* မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Development and Reform Commission (NDRC) မှ Director General Mr.Kong Ling Long ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၈-၂-၂၀၀၈

* တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မှုခင်းစုံစမ်းစစ်ဆေးရေးဗျူရိုမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Yunan Xiaoyin ဦးဆောင်သော တရုတ်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး။

www.foreverspace.com.mm



# ဒေါက်တာမောင်မောင်သိမ်း



**မြန်မာ့အာမခံလုပ်ငန်း၏ ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပုံနှိပ်မီဒီယာများမှ တစ်ဆင့် ပြည်သူလူထုထံသို့ အသိပေး ထုတ်ပြန်ရင်း အာမခံလုပ်ငန်းကဏ္ဍ၏ အရေးပါမှုကို ပြည်သူလူထုနှင့် စီးပွားရေးလုပ်ငန်းနယ်ပယ်အတွင်း ပျံ့နှံ့သိရှိစေရန် တာဝန်ယူဆောင်ရွက်နေသူ တစ်ဦးဖြစ်သည်။**

- ၁၉၅၃ ခုနှစ်တွင် အဖ ဦးခင်သိန်း (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်)၊ အမိဒေါ်တင်မြင့်တို့က ရန်ကုန်မြို့တွင်မွေးဖွား။
- အ.ထ.က (၃) ဗိုလ်တထောင်မှ အခြေခံပညာအထက်တန်း အောင်မြင်။
- ရန်ကုန်တက္ကသိုလ်မှ B.A(Law), LL.B, LL.M, Ph.D(Law) Pg.D.A.Psychology ဘွဲ့များကိုရရှိခဲ့ပြီး ဩစတြေးလျနိုင်ငံရှိ Australia and Newzeland Institute of Insurance and Finance (ANZIIF)၏ Associate အဖြစ် အသိအမှတ်ပြုရွေးချယ်ခံခဲ့ရ။
- မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းတွင် အာမခံနှင့် လျော်ကြေးဌာနကြီးမှူး တာဝန်များထမ်းဆောင်ခဲ့။
- ၁၉၉၃ ခုနှစ်၌ မြန်မာ့အာမခံလုပ်ငန်းတွင် လက်ထောက်အထွေထွေမန်နေဂျာရာထူးဖြင့် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်မှစ၍ အထွေထွေမန်နေဂျာရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိ။
- ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည့် DBL (Diploma in Business Law)၊ MBL (Master in Business Law) နှင့် DML (Diploma in Maritime Law) အချိန်ပိုင်းဘွဲ့လွန်ဒီပလိုမာသင်တန်းများနှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့တွင် ဧည့်ပါမောက္ခအဖြစ် အာမခံ၊ ပင်လယ်ရေကြောင်းအာမခံနှင့် ဥပဒေဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိ။
- အဝေးသင်တက္ကသိုလ် တတိယနှစ်ဥပဒေပညာအထူးပြုပြဋ္ဌာန်းစာအုပ်တွင် Insurance Law နှင့်စပ်လျဉ်းသည့်သင်ရိုးကို ပြုစုရေးဆွဲခဲ့။
- ဇနီးဖြစ်သူ ဒေါ်မွန်မွန်တာ (ပါမောက္ခ/ဌာနမှူး၊ ဥပဒေပညာဌာန၊ ဒဂုံတက္ကသိုလ်)၊ သမီးမလှသီတာလင်း (တတိယအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ သားမောင်ရဲအောင်(ခ) ရဲမောင်သိမ်း(တတိယနှစ် ဥပဒေပညာ၊ ဒဂုံတက္ကသိုလ်) တို့နှင့်အတူ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ပေါ်ဆန်းမွှေးလမ်း အမှတ်(၁) တွင် နေထိုင်လျက်ရှိ။

- **လိပ်စာ–** ဒေါက်တာမောင်မောင်သိမ်း
  အထွေထွေမန်နေဂျာ၊
  မြန်မာ့အာမခံလုပ်ငန်း
  အမှတ်–၆၂၇/၆၃၅၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း –၂၅၂၃၇၃၊ ဖက်စ် – ၂၅၀၂၇၅၊ ၃၈၇၂၄၇
  E-mail: myansure@mptmail.net.mm

www.foreverspace.com.mm



# ဦးထွန်းလွင်



**မြန်မာနိုင်ငံ၌ မရှိမဖြစ်အရေးပါသည့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းသုံးသပ်ချက်များကို မီဒီယာများမှတစ်ဆင့် ကိုယ်တိုင် ရဲဝံ့ပြတ်သားစွာ အသိပေးထုတ်ပြန်ကြေညာပေးနေသည့် ပညာရှင်ဝန်ထမ်းအကြီးအကဲတစ်ဦး ဖြစ်သည်။**

- ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် စစ်ကိုင်းတိုင်း ငါန်းဇွန်မြို့နယ် ကုလားရွာ၌ အဖ ဦးသိန်းမောင်၊ အမိ ဒေါ်အေးကြီးတို့က မွေးဖွားခဲ့။ မွေးချင်းနှစ်ဦးအနက် အကြီးဖြစ်။
- ၁၉၆၄ ခုနှစ်တွင် မန္တလေးတိုင်း လဖုန်းအထိမ်းအမှတ် အထက်တန်းကျောင်းမှ အခြေခံပညာအထက်တန်းအောင်မြင်ခဲ့ပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ သင်္ချာလူရည်ချွန် (ရွှေတံဆိပ်ဆု) ကို ရရှိခဲ့။
- ၁၉၇၀ ခုနှစ်တွင် မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့(ရူပဗေဒ)ကို ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်ရရှိခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုမီယာမီတက္ကသိုလ်မှ အင်္ဂလိပ်စာဒီပလိုမာကို ဂုဏ်ထူးဖြင့်လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တက္ကသိုလ်မှ သိပ္ပံဘွဲ့ (မိုးလေဝသ) ကို မဟာသိပ္ပံဝင်ခွင့်ရအဆင့်ဖြင့်လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ယင်းတက္ကသိုလ်မှပင် မဟာသိပ္ပံဘွဲ့ (မိုးလေဝသ) ကိုလည်းကောင်း အောင်မြင်ရရှိခဲ့ကာ ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့် သုံးနှစ်ပညာသင်ဆုကို အမေရိကန်ပြည်ထောင်စု အမျိုးသားအဏ္ဏဝါနှင့်လေထုအုပ်ချုပ်ရေးအဖွဲ့က ချီးမြှင့်ခြင်းခံခဲ့ရ။ ယခုအခါ ယင်းဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကျမ်းပြုစုပြီးဖြစ်။
- ၁၉၆၅ ခုနှစ် မေလ ၃ ရက်နေ့၌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် တိုင်းထွာရေးမှူးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ ညွှန်ကြားရေးမှူးချုပ်အဖြစ် အဆင့်ဆင့် တိုးမြှင့်တာဝန်ထမ်းဆောင်ခဲ့။
- လုပ်ငန်းတာဝန်ဖြင့် အမေရိကန်၊ ဂျပန်၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ တရုတ်၊ ဆွစ်ဇာလန်၊ ထိုင်း၊ ဩစတြေးလျ၊ ဘရူနိုင်း၊ စင်ကာပူ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဂျာမနီ၊ ကိုရီးယား၊ အိန္ဒိယ၊ ပြင်သစ်၊ ကင်ညာ၊ ကနေဒါ စသည့်နိုင်ငံများတွင် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာသင်တန်းများ၊ အစည်းအဝေးများ၊ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများ၊ ကွန်ဖရင့်များ တက်ရောက်ဆွေးနွေးတင်ပြခဲ့။
- သုတေသနစာတမ်းပေါင်း ၆၀ ကျော်၊ ဆောင်းပါးပေါင်း ၉၀ ကျော် ရေးသားပြုစုပုံနှိပ်ခဲ့ပြီး ပြည်ပတွင် ၂၁ ကြိမ်၊ ပြည်တွင်းတွင် အကြိမ် ၁၅၀ ကျော် ဟောပြောပို့ချခဲ့။
- ၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် စက်မှုစီးပွားထူးချွန်ဆု (ဒုတိယအဆင့်) ကို ချီးမြှင့်ခံရ။
- မြန်မာ့ရုပ်မြင်သံကြားသတင်းအစီအစဉ်တွင် လပတ်မိုးလေဝသသတင်းကြေညာသူအဖြစ် ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလမှစ၍ ယနေ့အထိ ၂၆ နှစ်ကျော် ဆောင်ရွက်ခဲ့။
- သင်္ချာပုံစံသုံးမိုးလေဝသခန့်မှန်းနည်း၊ ကမ်းရိုးတန်းဒေသများအတွက် မုန်တိုင်းဒီရေခန့်မှန်းခြင်းဆိုင်ရာ လက်တွေ့သုံးနည်းစနစ်၊ မိုးလေဝသရက်ရှည်ခန့်မှန်းခြင်းအတွက် တာဝေးဆက်နွယ်မှုနည်းစနစ် စသည်တို့ကို ပထမဦးဆုံး တီထွင်အသုံးပြုနိုင်ခဲ့သူဖြစ်။
- ၂၀၀၆ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် အာရှသဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးဗဟိုဌာန၏ အာရှဒေသဆိုင်ရာ သဘာဝဘေးကာကွယ်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးခြင်းခံခဲ့ရ။
- နေပြည်တော်ရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရင်း ဇနီး ဒေါ်မူမူသန်း၊ သားတစ်ဦး၊ သမီးနှစ်ဦး၊ မြေးတစ်ဦးတို့နှင့်အတူ နေထိုင်လျက်ရှိ။
- **ဆက်သွယ်ရန်လိပ်စာ**

တိုက်(၆)၊ အခန်း(၁)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၆၇-၄၁၁၄၄၉(ရုံး)

www.foreverspace.com.mm

# PE` PE` PEANUT CANDY




**ရှမ်းပြည်နယ်တောင်ပိုင်းတွင် အဆင့်မီထုတ်လုပ်ထားသော မြေပဲသကြားလုံးများဖြစ်သည်။**

- ☆ Aye Yeen & Sons Toenayar Co., Ltd. က ၂၀၀၆ ခုနှစ် မတ်လတွင် စတင်ထုတ်လုပ်ဖြန့်ချိ။
- ☆ ကုမ္ပဏီအကြီးအကဲမှာ ဒေါ်အေးရင်းဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်ခြောက်ဦး၊ ဝန်ထမ်းအင်အား ၃၀ ဦးခန့်ရှိ။
- ☆ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်ပစ္စည်းများအသုံးပြု၍ ယင်းနိုင်ငံမှ နည်းပညာကိုပင်ရယူထုတ်လုပ်။
- ☆ ပြည်တွင်းမှ ကုန်ကြမ်းပစ္စည်းများကို အဓိကအသုံးပြုထားပြီး Flavour ကို တရုတ်နိုင်ငံမှတင်သွင်းဟုဆို။
- ☆ အလုံး ၅၀ ပါ အထုပ်တစ်ထုပ်ကို ၆၂၀ ကျပ်နှုန်းဖြင့် ဖြန့်ချိ။
- ☆ တစ်ရက်လျှင် အလုံး ၅၀ ပါ အထုပ်ရေ ၃၅ ထုပ်ပါဝင်သည့် ပါကင်ပေါင်း ၅၀ အနည်းဆုံး ထုတ်လုပ်နိုင်။
- ☆ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိလျက်ရှိပြီး အမြို့မြို့အနယ်နယ်သို့ ကိုယ်စားလှယ်များပေးထား။
- ☆ အာမခံသက်တမ်း ခြောက်လပေးထားပြီး ဆက်လက်၍ အခြားအမျိုးအစားသကြားလုံးများ ထုတ်လုပ်သွားရန် စီစဉ်နေကြောင်းသိရ။

### ☆ ဆက်သွယ်ရန်လိပ်စာ

ဦးစိုးသိန်း (Director)
စက်ရုံ
– အမှတ်–၂/၁၀၆၊ ခွာညိုလမ်း၊ အေးသာယာစက်မှုဇုန်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။
ဖုန်း–၀၈၁–၂၇၆၆၅၊ ၂၇၃၈၈
– Aye Yeen & Sons Toenayar Co., Ltd.
အမှတ်– ၂၄/၃၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။
ဖုန်း–၀၈၁–၂၁၁၅၃

www.foreverspace.com.mm



# GAR GAR Fish Cracker & Snacks




**မြန်မာနိုင်ငံ စားသောက်ကုန်ဈေးကွက်အတွင်း အဆင့်မီထုပ်ပိုးမှုပုံစံဖြင့်ထုတ်လုပ်ထားသော အဆာပြေ စားသောက်ဖွယ်ရာများဖြစ်သည်။**

☆ Gar Gar ငါးမုန့်လုပ်ငန်းမှ ၁၉၉၉ ခုနှစ်တွင် စတင်ထုတ်လုပ်ဖြန့်ချိ။

☆ လုပ်ငန်းအကြီးအကဲမှာ ဒေါက်တာမောင်မောင်အေးဖြစ်ပြီး ဝန်ထမ်းအင်အား ၃၀ ဦး၊ လုပ်သားအင်အား ၅၀ ဦးခန့်ရှိ။

☆ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စက်ပစ္စည်းများအသုံးပြု၍ ကိုယ်ပိုင်နည်းပညာဖြင့်ထုတ်လုပ်။

☆ ပြည်တွင်းပြည်ပမှ ကုန်ကြမ်းပစ္စည်းများကို ပေါင်းစပ်အသုံးပြုထားဟုဆို။

☆ Gar Gar ငါးမုန့်ကြော်အပြင် အာလူးကြော်နှင့် Snack ရှစ်မျိုးခန့်ထုတ်လုပ်။

☆ ငါးမုန့်ကြော်၊ အာလူးကြော်အချို၊ အစပ်၊ ကြက်သွန်ဖြူ၊ ပုစွန်၊ ကင်းမွန်၊ ငါးနှင့် ချင်း၊ ချောကလက် စသည့် အနံ့အရသာများရှိ။

☆ ဈေးနှုန်းများမှာ အမျိုးအစားပေါ်မူတည်၍ တစ်ထုပ်လျှင် အနိမ့်ဆုံး ၅၀ ကျပ်မှ ၂၀၀ ကျပ်ကျော်ဝန်းကျင်အထိ အမျိုးမျိုးရှိ။

☆ ကုမ္ပဏီမှ တိုက်ရိုက်ဖြန့်ချိဟုဆို။

☆ စားသောက်ကုန်ပစ္စည်းများအား PP ပလတ်စတစ်ဖြင့် ထုပ်ပိုးထားပါက ခုနစ်ရက်အာမခံပေးပြီး Laminate စနစ်ဖြင့် အဆင့်မီထုပ်ပိုးထားပါက လေးလအာမခံပေးထား။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လုပ်ငန်းလိပ်စာ**

ဒေါ်မူမူတင် (Accountant)
Gar Gar ငါးမုန့်လုပ်ငန်း
ရန်ကုန်– အမှတ်–၁၅၃၊ မြင်းဝန် ဦးအောင်သူလမ်း၊ စက်မှုဇုန်–၂၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၈၁၇၃၇၊ ၆၈၄၅၇၁၊ ဖက်စ်–၆၈၁၇၃၇
E-mail: gargar@mptmail.net.mm
မန္တလေး– မန်ကျည်းပင်ပေါက်၊ တောင်မြင့်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး။
ဖုန်း–၀၂–၅၃၄၂၄

www.foreverspace.com.mm

# KYK ချောကလက်အုပ် ရေခဲမုန့်ဘား




**မြန်မာနိုင်ငံ ရေခဲမုန့်ဈေးကွက်အတွင်း ဆယ်စုနှစ်တစ်ခုကျော်အကြာ ရပ်တည်ခဲ့သည့် KYK က အသစ် ထပ်မံ ထုတ်လုပ်ထားသည့် အဆင့်မီချောကလက်အုပ် ရေခဲမုန့်ဘားဖြစ်သည်။**

☆ KYK ရေခဲမုန့်နှင့် နို့အေးချောင်းလုပ်ငန်းကို ၁၉၉၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့။

☆ အဆိုပါလုပ်ငန်းအနေဖြင့် KYK ချောကလက်အုပ် ရေခဲမုန့်ဘားကို ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နေ့တွင် စတင်ထုတ်လုပ်ဖြန့်ချီ။

☆ အကြီးအကဲမှာ ဦးကျော်စိန်သန်းဖြစ်ပြီး ဝန်ထမ်းအင်အား ၃၀ နီးပါးရှိ။

☆ ဆွစ်ဇာလန်နည်းပညာကို မှီငြမ်း၍ ကိုယ်ပိုင်နည်းပညာဖြင့်ပေါင်းစပ်ထုတ်လုပ်ထား။

☆ ပြည်တွင်းမှ ကုန်ကြမ်းပစ္စည်းများကို အဓိကအသုံးပြုထားပြီး ချောကလက်ကုန်ကြမ်းကို ဒိန်းမတ်နိုင်ငံမှ မှာယူတင်သွင်းဟုဆို။

☆ ချောကလက်အုပ် ရေခဲမုန့်ဘားအနေဖြင့် အမျိုးအစား သုံးမျိုးထုတ်လုပ်ထားပြီး ၎င်းတို့မှာ စတော်ဘယ်ရီ၊ ချောကလက်နှင့် နို့အရသာတို့ဖြစ်။

☆ လုပ်ငန်းမှ တိုက်ရိုက်ဖြန့်ချီလျက်ရှိပြီး ဆူပါမားကက်များနှင့် စတိုးဆိုင်အချို့တွင်လည်း ဝယ်ယူရရှိနိုင်။

☆ ဖြန့်ချိဈေးမှာ လောလောဆယ် ၂၅၀ ကျပ်ဖြစ်ပြီး ခြောက်လအာမခံပေးထား။

☆ ချောကလက်အုပ်ရေခဲမုန့်ဘားအပြင် KYK အမှတ်တံဆိပ်ဖြင့် ခြောက်လုံးဘူး၊ သုံးလုံးဘူး၊ တစ်လုံးဘူး၊ တစ်လီတာဘူးများဖြင့် ရေခဲမုန့်အရသာအမျိုးမျိုး ထုတ်လုပ်လျက်ရှိ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် စက်ရုံလိပ်စာ**

ဒေါ်ဆွေဆွေမြင့်
အမှတ်-၁၈-ယ/၂၊ ဦးဘဟန်လမ်းသွယ်၊ ချော်တွင်းကုန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၇၀၉၄၂၅၊ ၆၆၃၅၃၀၊ ၀၉-၅၁၀၁၆၃၄

www.foreverspace.com.mm

# ? ဘယ်ပစ္စည်းဘာ့ကြောင့် Which & Why ?

## SAKURA ရေဒီယို

SAKURA အမှတ်တံဆိပ် SR-1107 မော်ဒယ်လ်အမျိုးအစား ရေဒီယိုဖြစ်။ လိုင်း ၁၂ လိုင်းဖမ်းယူနားဆင်နိုင်။ AA ဓာတ်ခဲလေးလုံးထည့်သွင်းအသုံးပြုရပြီး DC 6 Volt ဖြင့်တွဲ၍ အသုံးပြုနိုင်။ Rechargeable ဓာတ်ခဲထည့်၍ အသုံးပြုထားပါက အလိုအလျောက်အားသွင်းပေးသည့်စနစ်ပါရှိ။ ဒစ်ဂျစ်တယ်နာရီပါရှိပြီး ရေဒီယိုဖွင့်လိုသည့်အချိန်ကို Alarm ပေးထား၍ရ။ ရောင်းဈေး ၂၄,၀၀၀ ကျပ်ဖြစ်။






## BREAKER အဝေးကြည့်မှန်ပြောင်း

BREAKER အမှတ်တံဆိပ်အဝေးကြည့်မှန်ပြောင်းဖြစ်။ ၂၀× ၅၀ WA အကွာအဝေးပမာဏအတိုင်း အရာဝတ္ထုကိုကြည့်ရှုနိုင်။ သားရေအိတ်ပါရှိသဖြင့် မှန်ကိုရေငွေ့ရိုက်ခြင်းမှ ကာကွယ်ပေး။ နေရောင်ခြည်တိုက်ရိုက်မကျရောက်စေရန် နေကာပါရှိ။ ရောင်းဈေး ၄၅,၀၀၀ ကျပ်ဖြစ်။



## LED မီးအိမ်

LED စာကြည့်မီးအိမ်ဖြစ်။ LED မီးသီးအလုံးရေ ၂၀ လုံးပါရှိ။ AC-220 ဖြင့် တိုက်ရိုက်အသုံးပြုနိုင်သလို အားသွင်းထား၍လည်း အသုံးပြုနိုင်။ မီးအိမ်အနိမ့်အမြင့်ကို လိုသလိုပြောင်းရွှေ့၍ရ။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၇,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

## Toshiba Jar Rice Cooker



Toshiba အမှတ်တံဆိပ် RC T-10 မော်ဒယ်လ်အမျိုးအစား ထမင်းပေါင်းအိုး ဖြစ်။ ဆန်နို့ဆီဘူးနှစ်လုံးခွဲခန့် ချက်ပြုတ်နိုင်။ Warn-Stickပါရှိ၍ သန့်ရှင်းရလွယ်ကူ။ ထမင်းချက်ပြီးပါက အလိုလျောက်နွေးထားနိုင်ပြီး ချွေးခံလည်းပါရှိ။ ထိုင်းနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၉၀,၀၀၀ ကျပ်ဖြစ်။



## Midea Hot Plate

Midea အမှတ်တံဆိပ် SH-2141-8 မော်ဒယ်လ်အမျိုးအစား မီးဖိုဖြစ်။ လက်ကိုင်ဒယ်အိုးတစ်လုံးနှင့် ဟင်းချက်ဇလုံတစ်ခုပါရှိ။ မိမိချက်လိုသောအချိန်ကို ပေးထားနိုင်ပြီး ချက်ပြုတ်ပြီးပါက အလိုအလျောက် ပိတ်ပေးသည့်စနစ်ပါရှိ။ တရုတ် (တိုင်ပေ) ထုတ် ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၈,၀၀၀ ကျပ်ဖြစ်။



## ကြက်ဥပြုတ်လျှပ်စစ်အိုး

ကြက်ဥပြုတ်လျှပ်စစ်အိုးဖြစ်။ ဝပ်အား 60 watt ရှိ။ ခေါက်ဆွဲပါပြုတ်၍ရသလို ရေနွေး၊ နို့များကိုလည်း ကျိုချက်နိုင်။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်း ဖြစ်ပြီး ရောင်းဈေး ၆,၀၀၀ ကျပ်ဖြစ်။




## WOOKEE Remote Control

WOOKEE အမှတ်တံဆိပ် WK 005 A မော်ဒယ်လ်အမျိုးအစား Remote Control ဖြစ်။ ဓာတ်ကြိုးသုံးခုပါရှိပြီး ပန်ကာ၊ ကက်ဆက်နှင့် အခြားသောအီလက်ထရွန်နစ်ပစ္စည်းများ၏ Remote အဖြစ်လည်း အသုံးပြုနိုင်။ 12 Volt ဓာတ်ခဲတစ်လုံးထည့်၍ အသုံးပြုရ။ စင်ကာပူနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၂,၀၀၀ ကျပ်ဖြစ်။


www.foreverspace.com.mm






## Allight အချက်ပေးကိရိယာ

Allight အမှတ်တံဆိပ် K310B မော်ဒယ်လ်အမျိုးအစား လုံခြုံရေးအချက်ပေးကိရိယာဖြစ်။ လူနှင့်အရိပ်ဖြတ်သွားသည့်အခါ၌ အချက်ပေးနိုင်။ နံရံမှာချိတ်ထား၍ရသလို ခုံပေါ်တွင်လည်း တင်ထား၍ရ။ AA ဓာတ်ခဲသုံးလုံးဖြင့်အသုံးပြုရ။ စင်ကာပူနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၂,၀၀၀ ကျပ်ဖြစ်။




## CITIZEN အပူချိန်တိုင်းကိရိယာ

CITIZEN အမှတ်တံဆိပ် CT810 မော်ဒယ်လ်အမျိုးအစား Digital Ear Thermometer ဖြစ်။ ကိုယ်အပူချိန်ကို ယင်းကိရိယာဖြင့် နားရွက်အတွင်းထည့်သွင်း၍ အလွယ်တကူတိုင်းတာသိရှိနိုင်။ Thermometer ထည့်ထားရန် အဖုံးတစ်ခုပါရှိ။ ဓာတ်ခဲဖြင့်အသုံးပြုရ။ စင်ကာပူနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆၀,၀၀၀ ကျပ်ဖြစ်။




## CITIZEN မျက်စိအကြောနှိပ်ကိရိယာ

CITIZEN အမှတ်တံဆိပ် မျက်စိအကြောနှိပ်ကိရိယာဖြစ်။ ဦးခေါင်းတွင်တပ်ဆင်ထားရန် ခေါင်းပတ်ပါရှိ။ AAA ဓာတ်ခဲနှစ်လုံးဖြင့်အသုံးပြုရ။ စင်ကာပူနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၁,၀၀၀ ကျပ်ဖြစ်။



## အကြောနှိပ်ခေါင်းအုံး

TL 2002 D မော်ဒယ်လ်အမျိုးအစား အကြောနှိပ်ခေါင်းအုံး ဖြစ်။ ခေါင်းအုံးအပေါ်သို့ ဦးခေါင်းတင်လိုက်သည်နှင့် တုန်ခါလာပြီး အကြောနှိပ်ပေးခြင်းဖြစ်။ UM-1 ဓာတ်ခဲနှစ်လုံးဖြင့် အသုံးပြုရ။ စင်ကာပူနိုင်ငံထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၂,၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm





## My Stical Killing Mosouto Gun

My Stical အမှတ်တံဆိပ် ခြင်နှိမ်နင်းသည့် ကိရိယာဖြစ်။ ခြင်ဆေးရည်ကို Gun ထဲသို့ထည့်ပြီး AC ကြိုးဖြင့် အသုံးပြုရ။ ခြင်များကို အငွေ့ဖြင့်နှိမ်နင်းခြင်းဖြစ်။ ရောင်းဈေး ၁၁,၀၀၀ ကျပ်ဟုဆို။




## PAAL Sports Door Guard

PAAL Sports အမှတ်တံဆိပ် PD 300 မော်ဒယ်လ်အမျိုးအစား Door Guard ဖြစ်။ Door Guard ကိရိယာကို တံခါးတစ်ဖက်စီ၌ တပ်ဆင်ထားပြီး တံခါးပွင့်သွားပါက အသံမြည်ခြင်းဖြစ်။ AAA ဓာတ်ခဲနှစ်လုံးဖြင့် အသုံးပြုရ။ ရောင်းဈေး ၇,၅၀၀ ကျပ်ဖြစ်။



## ရေသန့်ကိရိယာ

ရေပိုက်ခေါင်းတွင် တပ်ဆင်ထားရသော ရေသန့်ကိရိယာဖြစ်။ ရေပိုက်ခေါင်းတွင်တပ်ဆင်ထားခြင်းဖြင့် ရေတွင်ပါလာသည့်အနယ်များကို စစ်ထားပေးနိုင်။ ရောင်းဈေး ၃,၀၀၀ ကျပ်ဖြစ်။



## AC/DC Fun

NK-2339 မော်ဒယ်လ်အမျိုးအစား AC/DC နှစ်မျိုးစလုံး အသုံးပြုနိုင်သည့် ၁၂ လက်မအရွယ်ရှိ ပန်ကာဖြစ်။ အလိုလျောက်အားသွင်းပေးသည့်စနစ်ပါရှိ။ တရုတ် (တိုင်ပေ) ထုတ် ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၃၈,၀၀၀ ကျပ်ဖြစ်။

ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ပစ္စည်းများနှင့်ပတ်သက်သည့် အချက်အလက်များကို ရန်ကုန်မြို့ ဦးဘစိန်အဆင့်မြင့်လျှပ်စစ်ပစ္စည်းအရောင်းဆိုင်၊ အနော်ရထာလမ်းရှိ Ever Fine စတိုးနှင့် ဗညားဒလလမ်းရှိ ဒေါ်အေး အဆင့်မြင့်လျှပ်စစ်ပစ္စည်းနှင့် ကုန်မျိုးစုံဖြန့်ဖြူးရောင်းချရေးတို့ထံမှ ရယူထားပါသည်။

**အယ်ဒီတာ**

www.foreverspace.com.mm

ဤကဏ္ဍတွင်

၁၄၄ ပညာရှင်များ မမှားသင့်ပါ
၁၄၆ မြတ်သောဂင်္ဂါ
၁၅၁ သူတို့ဆီက ဈေးရောင်းပုံ
၁၅၅ သူဌေးဖြစ်နည်း လျှို့ဝှက်ချက် (၇)

# ပညာရှင်များ မမှားသင့်ပါ

ကျော်ဆန်းမင်း



www.foreverspace.com.mm

**လွန်ခဲ့သောရက်ပိုင်းတစ်ခုက ကမ္ဘာကျော်စီးပွားရေးပညာရှင်တစ်ဦး ရေးသားထားသည့် ဆင်းရဲမှုတိုက်ဖျက်ရေးအစီအစဉ် စာအုပ်ကို မြန်မာပညာရှင်တစ်ဦးက ဘာသာပြန်ထားသည့် စာအုပ်မိတ်ဆက်ပွဲသို့ စာရေးသူ ရောက်သွားသည်။**

အဆိုပါမိတ်ဆက်ပွဲတွင် စာအုပ်ဘာသာပြန်သူ မြန်မာပညာရှင်က ကုန်ဈေးနှုန်းများနှင့်ပတ်သက်၍ မှတ်ချက်တစ်ခု ပေးသည်။ သူပြောသောစကားလုံးများကို အတိအကျ စာရေးသူ မမှတ်မိတော့သော်လည်း အဓိပ္ပာယ်မှာ ကုန်ဈေးနှုန်းများကို အစိုးရက Price Ceiling ခေါ် နှုန်းထားတစ်ခုသတ်မှတ်၍ ကျော်လွန်ရောင်းချပါက အရေးယူရန် သဘောတရားကို ရှင်းပြနေခြင်းဖြစ်သည်။

စာရေးသူ နားလည်ထားသည်မှာ ကုန်ဈေးနှုန်းတို့၏သဘောမှာ Supply နှင့် Demand ခေါ် ဝယ်လိုအားနှင့် ရောင်းလိုအားကို မူတည်ဖြစ်ပေါ်ခြင်းဖြစ်၍ Supply Demand နည်းလမ်းဖြင့်သာ ကိုင်တွယ်ရှင်းလင်းသင့်သည်ဆိုသောသဘောတရား ဖြစ်သည်။ အစိုးရရုံးများက ထပ်မံလုပ်ဆောင်နိုင်သေးသည်မှာ ကုန်ပစ္စည်းဈေးနှုန်းများ ကမောက်ကမ ဖြစ်စေရန်၊ Supply နှင့် Demand ကမောက်ကမဖြစ်စေရန် ရည်ရွယ်လုပ်ဆောင်မှုများမရှိစေရေးအလို့ငှာ Anti Dumping Law နှင့် Anti Trust Law ကဲ့သို့ ဥပဒေများပြဋ္ဌာန်း၍ Rule of the game ပြဋ္ဌာန်းပေးရန်ဖြစ်ပေသည်။

ဈေးနှုန်းသတ်မှတ်၍ ကျော်လွန်ရောင်းချသူများကို အရေးယူရေးဆိုသည်မှာ ဈေးကွက်စီးပွားရေးသဘောတရားမဟုတ်သောကြောင့် စာရေးသူလည်း မနေနိုင်၍ ထကာဆွေးနွေးမိသည်။

စာရေးသူဆွေးနွေးခဲ့သော အဓိကအချက်မှာ ကုန်ပစ္စည်းများအား Price Ceiling ခေါ် အမြင့်ဆုံးနှုန်းထားတစ်ခုသတ်မှတ်ရောင်းချစေခဲ့လျှင် သတ်မှတ်ထားသောနှုန်းထားကို ကုန်သည်က တွက်ခြေမကိုက်ဟု ယူဆပါက ကုန်ပစ္စည်းများ ဈေးကွက်မှပျောက်ဆုံးသွားပြီး မှောင်ခိုဈေးကွက်ဖြစ်သွားနိုင်ကြောင်း၊ ဤဖြစ်ရပ်မျိုးကို မြန်မာနိုင်ငံတွင် အကြိမ်ကြိမ်ကြုံတွေ့နေရခြင်းဖြစ်သည်ကို သတိထားရန်လိုပါကြောင်း ဆွေးနွေးခဲ့ပါသည်။

ထိုအခါ ဘာသာပြန်ဆရာပညာရှင်က စာရေးသူပြောသည်မှာ မှန်ကြောင်း ဝန်ခံခဲ့သော်လည်း ဓမ္မစက်နှင့်မရလျှင် အာဏာစက်ဖြင့် အရေးယူရမည်သာဖြစ်ကြောင်း၊ ကုန်ပစ္စည်းဈေးကစားသူများ၏ ပစ္စည်းများကို သိမ်းဆည်း၍ ဝေငှရောင်းချပေးရမည်ဖြစ်ကြောင်း ထပ်မံ၍ ပြောကြားပြန်ပါသည်။

ဈေးကွက်စီးပွားရေးစနစ်တွင် အစိုးရ၏ ပါဝင်စွက်ဖက်မှုမဖြစ်မနေပါရှိရန် လိုအပ်ကြောင်း စာရေးသူ အကြွင်းမဲ့လက်ခံပါသည်။ ထိုသို့လက်ခံကြောင်းကိုလည်း ထိုဘာသာပြန်ဆရာကို စာရေးသူ ဆွေးနွေးခဲ့ပါသည်။ သို့သော် ဈေးကွက်စီးပွားရေးစနစ်တွင် အစိုးရများက ပါဝင်စွက်ဖက်ခြင်း၏ အနှစ်သာရမှာ ကုန်ပစ္စည်းများကို ဈေးမကစားနိုင်အောင် Supply Chain Management ခေါ် ကုန်ပစ္စည်းထောက်ပံ့မှုလမ်းကြောင်းရှင်းပေးခြင်း၊ ဈေးမကစားနိုင်သောဈေးကွက်ဖြစ်သွားအောင် ကစားပွဲစည်းကမ်းပြဋ္ဌာန်းပေးခြင်း (တစ်နည်းအားဖြင့် Rule of the game) စသည်များဖြစ်ရာ ထိုနည်းလမ်းများဖြင့် စီမံဆောင်ရွက်ရေးကို မပြောဘဲ Radical ဆန်ဆန်ပြောကြားခဲ့ခြင်းကို စာရေးသူ အထူးဝမ်းနည်းမိ၍ ဤဆောင်းပါးကို ရေးခဲ့ခြင်းဖြစ်ပါသည်။

စာရေးသူ ဝမ်းနည်းမိသည်မှာ ပညာရှင်များက အယူအဆအလွဲများကို ပရိသတ်နှင့် စာဖတ်သူများကို ပေးအပ်နေခြင်းကြောင့် ဖြစ်ပေါ်နိုင်သော အယူအဆအလွဲများကို တွေးမိသွား၍ ဖြစ်ပါသည်။ မြန်မာပညာရှင်အချို့ အဘယ်ကြောင့် ထိုသို့သော အလွဲများကို ပြောဆိုသည်ကို စာရေးသူ နားမလည်နိုင်ပါ။ အမှန်ကို နားလည်နိုင်သောပညာရှင်များ ဤနိုင်ငံတွင် ရှိလိမ့်ဦးမည်ဟု စာရေးသူမျှော်လင့်ပါသည်။

**ကျော်ဆန်းမြင့်**

> **စာရေးသူ ဝမ်းနည်းမိသည်မှာ ပညာရှင်များက အယူအဆအလွဲများကို ပရိသတ်နှင့် စာဖတ်သူများကို ပေးအပ်နေခြင်းကြောင့် ဖြစ်ပေါ်နိုင်သော အယူအဆအလွဲများကို တွေးမိသွား၍ ဖြစ်ပါသည်။ မြန်မာပညာရှင်အချို့ အဘယ်ကြောင့် ထိုသို့သော အလွဲများကို ပြောဆိုသည်ကို စာရေးသူ နားမလည်နိုင်ပါ။ အမှန်ကိုနားလည်နိုင်သောပညာရှင်များ ဤနိုင်ငံတွင် ရှိလိမ့်ဦးမည်ဟု စာရေးသူ မျှော်လင့်ပါသည်။**

www.foreverspace.com.mm



ယခင်လမှအဆက် . . .

# မြတ်သောဂင်္ဂါ

မြသန်းသန်းနု

ဟိန္ဒူဒဏ္ဍာရီတစ်ခုမှာ ဘာလီ အမည်ရှိတဲ့ ငရဲမင်းဟာ အလှူအတန်းရက်ရောတယ်တဲ့။ သူက သူ့ဆီလာတဲ့ ဘယ်အလှူခံပုဂ္ဂိုလ်မဆို အလိုရှိသမျှ ပြည့်ဝစေရမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်။ ဘာလီငရဲမင်းဟာ တစ်ဖက်က သဒ္ဓါတရားပြည့်ဝပေမယ့် တစ်ဖက်ကလည်း ဘယ်သူ့ကိုမဆို ဆန္ဒဖြည့်ဆည်းပေးနိုင်တယ်ဆိုပြီး ဘဝင်မြင့်ရောဂါ စွဲကပ်နေပါတယ်။ ဟိန္ဒူပေါရာဏကျမ်းတွေအရ ဗိဿနိုး (VISHNU) နတ်မင်းကြီးဟာ ဘာလီငရဲမင်းကို သင်ခန်းစာပေးဖို့အတွက် လူပုလေးအသွင်ဖန်ဆင်းပြီး ဘာလီငရဲမင်းနေပြည်တော်ကို သွားပါတယ်။ ဘာလီမင်းက ဘာအလိုရှိသလဲလို့ မေးတဲ့အခါ လူပုလေးယောင်ဆောင်ထားတဲ့ ဗိဿနိုးနတ်မင်းက "ကျွန်တော့်ခြေလှမ်းသုံးလှမ်းနဲ့ အကျယ်အဝန်းတူညီတဲ့မြေ ပိုင်ဆိုင်လိုပါတယ်" လို့ ပြောပါတယ်။ ဘာလီငရဲမင်းက ငါ့ဆီမှာတောင်းခံလိုတဲ့ပစ္စည်းကလည်း မလောက်လေးမလောက်စားပါလားလို့ ပြောပြောဆိုဆိုနဲ့

### ဂင်္ဂါမြစ်အလှ

အော်ရယ်ပြီး လှောင်ပြောင်လိုက်ပါတယ်။ ခြေလှမ်းသုံးလှမ်းနဲ့ညီမျှတဲ့မြေကို ယူစေလို့လည်း ပြောလိုက်ရော လူပုလေးဟာ ဗိဿနိုးနတ်မင်းကြီးအသွင်နဲ့ ဧရာမအရွယ်အစားဖန်ဆင်းလိုက်ပါတယ်။ ပထမခြေလှမ်းက ပထဝီမြေကြီးတစ်ခုလုံး ပြည့်သွားတယ်တဲ့။ ဒုတိယခြေလှမ်းတဲ့အခါ ကောင်းကင်ဘုံတစ်ခုလုံး ခြေရာပြည့်သွားတယ်တဲ့။ တတိယခြေလှမ်း ဘယ်မှာချရမလဲလို့ ဗိဿနိုးနတ်မင်းကြီးက ဘာလီငရဲမင်းကိုမေးတဲ့အခါ ဘာလီက သူ့ရဲ့မောက်မာကြွားဝါမှုကို ဝန်ချတောင်းပန်ပြီး ဗိဿနိုးနတ်မင်းကြီးကို ပူဇော်တယ်တဲ့။ ဗိဿနိုးနတ်မင်းရဲ့ ဒုတိယခြေလှမ်း ကောင်းကင်ဘုံမှာ ချလိုက်တဲ့အခါ ဟိန္ဒူနတ်ဘုရားအပေါင်းရဲ့ဗိမာန်မှာ အရေးအကြီးဆုံးနတ်ဘုရားသုံးပါးရှိတဲ့အနက် ဗြဟ္မာနတ်မင်းကြီးက ဗိဿနိုးနတ်မင်းရဲ့ခြေဖဝါးကို ရေစင်နဲ့ လေးလေးစား



www.foreverspace.com.mm

စား ဆေးကြောပေးတယ်တဲ့။ အဲဒီခြေဆေးရေကနေ ကျလာတဲ့ရေဟာ နတ်မြစ်အသွင်နဲ့ ကောင်းကင်ဘုံမှာ စီးဆင်းနေခဲ့တယ်လို့ ဆိုကြပါတယ်။

ဒီအချိန်မှာ ရာမမင်းရဲ့ ဘေးဘိုးတော်စပ်တဲ့ဘုရင် ဘာဂီရတ်က ကွယ်လွန်သွားပြီးဖြစ်တဲ့ ဆွေတော်ခြောက်သောင်း၊ မျိုးတော်ခြောက်သောင်းတို့ရဲ့ ဝိညာဉ်တွေ အေးချမ်းမှုရှိစေဖို့ နတ်ဘုံဗိမာန်မှာ စီးဆင်းနေတဲ့ နတ်မြစ်ကို လူ့ပြည်မှာ ပြောင်းပြီး စီးဆင်းပါလို့ မေတ္တာရပ်ခံပန်ကြားပါတယ်။ နတ်မြစ်အရှင်သခင်က သူ့အနေနဲ့ ကောင်းကင်ဘုံကနေ လူ့ပြည်ကို သက်ဆင်းတဲ့အခါ အရှိန်ပြင်းထန်လွန်းမှာဖြစ်တာကြောင့် ကမ္ဘာမြေကြီးကို ဖောက်ထွင်းကျွံဝင်သွားနိုင်တယ်။ ဒီလို အရှိန်ပြင်းထန်မှုကို ဘယ်သူမှလည်း ထိန်းပေးနိုင်မှာ မဟုတ်ဘူးလို့ ပြောပါတယ်။

ဒီအခါ ဘာဂီရတ်ဘုရင်က ဟိန္ဒူနတ်ဘုရားအပေါင်းရဲ့ဗိမာန်မှာ အရေးအကြီး ဆုံးနတ်ဘုရားသုံးပါးအနက် တစ်ပါးအဖြစ် ပါဝင်တဲ့ သီဝ (SHIVA) နတ်မင်းကြီးကို အကူအညီတောင်းပါတယ်။ သီဝနတ်မင်းကြီးက ကူညီဖြေရှင်းပေးတဲ့အနေနဲ့ နတ်မြစ် လူ့ပြည်သက်ဆင်းလာတဲ့အခါ သူ့ရဲ့ ကောက်ကွေးလိမ်တွန့်နေတဲ့ ဆံပင်တွေနဲ့ ခံပေးခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီလို ရှုပ်ထွေးလိမ်တွန့်နေတဲ့ ဆံပင်တွေကြားမှာ နတ်မြစ်အရှိန်လျော့ပြီး လူ့ပြည်မှာ ဂင်္ဂါမြစ်အသွင်နဲ့ စီးဆင်းတာကြောင့် သီဝနတ်မင်းကြီးရဲ့ဆံပင် အကောက်အကွေးတွေကြားကနေ ဖြစ်ဖျားခဲ့တယ်လို့လည်း ဟိန္ဒူပေါရာဏတွေမှာ ဆိုထားပါတယ်။ သီဝနတ်မင်းကြီးက သူ့ဆံပင်ကြားကနေ ဂင်္ဂါမြစ်အသွင်နဲ့ ကမ္ဘာမြေပေါ်ချပေးပြီး ဘာဂီရတ်ဘုရင်ရဲ့ ဆွေတော်မျိုးတော်တို့ အရိုးတွေစုပုံရာ ပင်လယ်ဝအထိ စီးဆင်းစေတယ်လို့ ဆိုကြပါတယ်။ အခု အဲဒီပင်လယ်ဝဟာ အိန္ဒိယနိုင်ငံအရှေ့ပိုင်း အနောက်ဘင်္ဂလားပြည်နယ် ကိုလ်ကတ္တားမြို့က ဟူဂလီ (HOOGLI) မြစ်ဝပဲ ဖြစ်ပါတယ်။ ကိုလ်ကတ္တားမြို့အနီး စွန်ဒါဘန် (SUNDER BAN) လမုတောအရပ်က ဒိုင်းမွန်းဟာဘာ (DIAMOND HARBOUR) ဆိပ်ကမ်းနားက ဂန်ဂါစာဂါ (GANGA SAGAR) အရပ်ကနေ ဘင်္ဂလားပင်လယ်အော်ထဲစီးဝင်တဲ့ ဂင်္ဂါမြစ်အရင်းဆုံးအပိုင်းကို ဟူဂလီမြစ်အဖြစ် ခေါ်တွင်ပါတယ်။ ဘာဂီရတ်ဘုရင်ရဲ့ မေတ္တာရပ်ခံချက်ကို အကြောင်းပြုပြီး ဂင်္ဂါမြစ်ကို ဘာဂီရတ်သီလို့လည်း ခေါ်တွင်ပါတယ်။ ဂင်္ဂါမြစ်ဟာ မြစ်ဖျားခံရာကနေ တောအထပ်ထပ် တောင်အထပ်ထပ် ဖြတ်ကျော်လာလိုက်တာ ဟာရီဒွါရ် ဒါမှမဟုတ် ဟာရာဒွါရ် (HARIDWAR/HARADWAR) မြို့ရောက်မှ မြေပြန့်မှာ စီးဆင်းရပါတယ်။ ဟာရီဒွါရ်ဆိုတာ ဗိသနိုးနတ်မင်းကြီးကို ဂုဏ်ပြုအမွှမ်းတင်ပြီး နတ်မင်းကြီးရဲ့အမည် 'ဟာရီ' နဲ့ ဒွါရ်ဆိုတာ တံခါးပေါက်လို့ အဓိပ္ပာယ်ရတာကြောင့် 'ဗိသနိုးနတ်မင်းကြီးမုခ်ဦး' လို့ ခေါ်တွင်တာ ဖြစ်ပါတယ်။ တချို့ကတော့ 'ဟာရာဒွါရ်' ဆိုပြီး သီဝနတ်မင်းကြီး အမည် 'ဟာရာ' ကို ဂုဏ်ပြုတဲ့အနေနဲ့ 'သီဝနတ်မင်းကြီးမုခ်ဦး' လို့ အဓိပ္ပာယ်ရပါတယ်။ ကောင်းကင်ဘုံရောက်ကြောင်း တံခါးပေါက်မြို့အဖြစ် တင်စားခေါ်ဝေါ်တာပါပဲ။ ဒါကြောင့် နယူးဒေလီမြို့တော်ကနေ မြောက်ဘက် ၁၀၂ မိုင်ခန့်ဝေးပြီး ဂင်္ဂါမြစ်ကမ်းပေါ်မှာရှိတဲ့ အဲဒီမြို့မှာ အိန္ဒိယတစ်နိုင်ငံလုံးနဲ့ ကမ္ဘာအရပ်ရပ်က ဟိန္ဒူဘာသာဝင် နှစ်သန်းကျော်တို့ သတ်မှတ်ထားတဲ့ အထွတ်အမြတ်နေ့ရက်မှာ သွားရောက်စုဝေးပြီး ရေချိုးကြပါတယ်။



ဗြဟ္မာမင်း (Brahma)

ဒီနေရာမှာ ဟိန္ဒူနတ်ဘုရားအပေါင်းရဲ့ဗိမာန်မှာ အရေးအကြီးဆုံးနတ်


www.foreverspace.com.mm

ဘုရား သုံးပါးဖြစ်တဲ့ ဗြဟ္မာ (BRAHMA)၊ ဗိဿနိုး (VISHNU) နဲ့ သီဝ (SHIVA) နတ်ဘုရားတွေအကြောင်း ဟိန္ဒူပေါရာဏတွေမှာ ဖော်ပြထားပုံကို တင်ပြလိုပါတယ်။

နတ်ဘုရားသုံးပါးထဲမှာ ဗြဟ္မာဟာ စကြဝဠာကမ္ဘာလောကကြီးကို ဖန်ဆင်းသူဖြစ်တာကြောင့် နံပါတ် ၁ ဖြစ်ပါတယ်။ ဗြဟ္မာကြီးကို ‘ရုပ်’ မရှိသူအဖြစ် သတ်မှတ်ထားပြီး ဗြဟ္မာကြီးအတွက် သီးခြားပူဇော်ပသတဲ့ ဝတ်ပြုကျောင်းရယ်လို့မရှိပါဘူး။ ဟိန္ဒူဘာသာဝင်အိမ်တွေမှာ ရုပ်တုထားပြီး ကိုးကွယ်တာလည်း မရှိဘူးလို့ သိရပါတယ်။ ရုပ်ပုံပန်းချီကားချပ်အနေနဲ့တော့ရှိပြီး ဦးခေါင်းလေးခုရှိတဲ့ တစ်ပါးတည်းသော နတ်ဘုရားဖြစ်တယ်လို့ ဆိုကြပါတယ်။ လက်လေးဖက်ရှိပြီး လက်တစ်ဖက်စီမှာ ပစ္စည်းတစ်မျိုးစီ ကိုင်ဆောင်ထားတဲ့ပုံနဲ့ သရုပ်ဖော်ကြပါတယ်။ မီးပုံပူဇော်ပွဲမှာ ဂီးထောပတ်ခပ်ထည့်ဖို့ မြက်ခြောက်တစ်မျိုးနဲ့ ပြုလုပ်ထားတဲ့ ဇွန်းပုံသဏ္ဍာန် တုတ်တံကို လက်တစ်ဖက်မှာ ကိုင်ဆောင်ထားပြီး ပညာဗဟုသုတဖြန့်ချိပေးတဲ့ အမှတ်သင်္ကေတအဖြစ် ဝေဒကျမ်းစာအုပ်ကို ဒုတိယလက်မှာ ကိုင်ဆောင်ထားပါတယ်။ တတိယလက်မှာ ထူးခြားတဲ့သစ်သီးတစ်မျိုးရဲ့အခွံနဲ့လုပ်ထားတဲ့ ရေခရားကို ကိုင်ထားပါတယ်။ ဒီရေခရားကို ယဂျနာမီးပုံပူဇော်ပွဲမှာအသုံးပြုဖို့လို့ ဆိုကြပါတယ်။ စတုတ္ထလက်မှာတော့ ဝိညာဉ်နဲ့ ဘုရားသခင်တို့ရဲ့ မယိုင်လဲတဲ့ ဆက်နွှယ်မှုကို ဖော်ပြတဲ့အနေနဲ့ စိပ်ပုတီးတစ်ကုံး ကိုင်ဆောင်ထားပါတယ်။ နတ်ဘုရားတွေမှာ ကိုယ်ပိုင်စီးတော်ယာဉ် အသီးသီးရှိပြီး အဲဒီယာဉ်တွေဟာ တိရစ္ဆာန်တစ်ကောင်ကောင် ဒါမှမဟုတ် ငှက်တစ်မျိုးမျိုး ဖြစ်တတ်ပါတယ်။ ဗြဟ္မာကြီးရဲ့စီးတော်ယာဉ်ကတော့ ဟင်္သာဖြစ်ပါတယ်။ ဟိန္ဒူဒဏ္ဍာရီတွေမှာ ဟင်္သာဟာ နွားနို့နဲ့ရေကို ခွဲခြားသိမြင်တဲ့ ငှက်အဖြစ် သတ်မှတ်ပါတယ်။ အမျိုးသားကောင်းယောကျ်ားဟာ အမှားအမှန် ခွဲခြမ်းဝေဖန်ပိုင်းဖြတ်နိုင်တဲ့အသိဉာဏ်ရင့်သန်မှု မရှိဘူးဆိုရင် ဖန်ဆင်းနိုင်တဲ့တန်ခိုးလည်း မရှိဘူးလို့ ဟိန္ဒူပေါရာဏတွေမှာ ဆိုထားပါတယ်။

ဒုတိယမြောက် တန်ခိုးအကြီးဆုံးနတ်ဘုရားကတော့ ဗိဿနိုးနတ်မင်းကြီးဖြစ်ပါတယ်။ ဗိဿနိုးနတ်မင်းကြီးက ဗြဟ္မာကြီးဖန်ဆင်းထားတဲ့အရာမှန်သမျှကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရပါတယ်။ ထာဝရအသက်ရှင်နေပြီး ကမ္ဘာမြေကြီးကို ထိန်းချုပ်ထောက်ကူထားတဲ့ ဧရာမမြွေကြီးပေါ်မှာ ဗိဿနိုးနတ်မင်းကြီး ထိုင်လျှင်ရှိတယ်လို့ ဟိန္ဒူဒဏ္ဍာရီတွေမှာ ဖော်ပြထားပါတယ်။ မြွေကြီးဟာ အမြဲတစေလှုပ်ရှားနေတဲ့ စကြဝဠာကြီးကိုလည်း ကိုယ်စားပြုပါတယ်။ အပြင်သဏ္ဍာန် တည်ငြိမ်အေးချမ်းမှုရှိပြီး ဗိဿနိုးနတ်မင်းကြီးရဲ့ ကြည့်ရှုစောင့်ရှောက်မှု ခံရတယ်လို့ အဆိုရှိပါတယ်။ ဗိဿနိုးနတ်မင်းကြီးရဲ့ လက်လေးဖက်ရှိတဲ့အထဲက တစ်ဖက်မှာ ခရုသင်းကိုင်ဆောင်ထားပါတယ်။ မွန်မြတ်တဲ့ ‘ဥုံဂါထာ’ ရွတ်ဆိုရာမှာ သောင်းတိုက်ကကြားအောင် ခရုသင်းမှုတ် အချက်ပေးဖို့ဖြစ်တယ်လို့ ဆိုကြပါတယ်။ ဒုတိယလက်မှာ သံပြားဝိုင်း ကိုင်ထားပါတယ်။ လူသားတွေအတွက် သံသရာလည်ပတ်မှုကို သတိပေးတာဖြစ်ပြီး လက်နက်အဖြစ်လည်း အသုံးပြုပါတယ်။ တတိယလက်မှာတော့ အလယ်ခေတ်သုံး ဘုလုံးတပ်ရွှေတင်းပုတ် ကိုင်ဆောင်ထားပါတယ်။ ကောက်ကျစ်သူတွေကို ဒဏ်ခတ်နိုင်စွမ်းအင်အားရှိတယ်ဆိုတဲ့လက္ခဏာ ဖြစ်ပါတယ်။ နောက်ဆုံးတစ်ဖက်မှာတော့ ကြာပန်း ကိုင်ဆောင်ထားပါတယ်။ ဗိဿနိုးနတ်မင်းကြီး ဂုဏ်ကျက်သရေနဲ့ပြည့်စုံပြီး ကြီးကျယ်မြင့်မြတ်ကြောင်းဖော်ညွှန်းတဲ့ သင်္ကေတပါပဲ။

ဗိဿနိုးနတ်မင်း (Vishnu)



ဗိဿနိုးနတ်မင်းကြီးရဲ့စီးတော်ယာဉ်ဟာ ဂဠုန်ဖြစ်ပါတယ်။ ဗိဿနိုးနတ်မင်းကြီးရဲ့ ကောင်းချီးပေးခြင်းခံရဖို့အတွက် လူသားတစ်ယောက် လျင်မြန်ဖျတ်လတ်မှုရှိရမယ်၊ ကြောက်ရွံ့ခြင်းကင်းရမယ်၊ မပြည့်စုံသူကို ကူညီရိုင်းပင်းဖို့ အသင့်ရှိနေရမယ်။ ဒါဟာ ဂဠုန်ရဲ့အရည်အသွေးပဲလို့ ဟိန္ဒူပေါရာဏမှာ ဆိုထားပါတယ်။ ဗိဿနိုးနတ်မင်းကို တခြားအမည်နာမအမျိုးမျိုးနဲ့လည်း ပူဇော်ပသကြပါတယ်။ ထူးခြားတဲ့ဘုရားကျောင်းတွေကိုလိုက်ပြီး ဗိဿနိုးနတ်မင်းကြီးအမည်နာမအပြောင်းအလဲလုပ်တာ

www.foreverspace.com.mm

မျိုးလည်း ရှိပါတယ်။ အိန္ဒိယနိုင်ငံတောင်ပိုင်းက တီရုပတ္တိဘုရားကျောင်းမှာ ဗိဿနိုးနတ်မင်းကြီးကို ဗင်ကက်တက်ရှ်ဝါရ် (VENKATESHWAR) နတ်မင်းကြီးအဖြစ် ပူဇော်ပသကြပြီး ရုပ်အသွင်သဏ္ဍာန်ပါ ကွဲပြားမှုရှိပါတယ်။ တချို့ဒေသတွေမှာ စတ္တရနရယန်း (SATYANARAYAN) နတ်မင်းကြီးအဖြစ် ပူဇော်ပသပြီး ရုပ်အသွင်သဏ္ဍာန်ပြောင်းလဲသွားပြန်ပါတယ်။ ဗိဿနိုးနတ်မင်းကြီးမှာ အမည်နာမတစ်ထောင်ရှိတယ်လို့ ဟိန္ဒူဘာသာဝင်တွေ ယူဆကြပါတယ်။ အရေးအပါဆုံးဟိန္ဒူနတ်ဘုရားသုံးပါးထဲက ဒီဗိဿနိုးနတ်မင်းကြီးပဲ လူ့လောကမှာ ကျင်လည်ပြီး လူဝင်စား ဘဝအမျိုးမျိုးနဲ့ ကမ္ဘာမြေပေါ်က မကောင်းမှုအန္တရာယ်အပေါင်းကို နှိမ်နင်းဖယ်ရှားပေးတယ်လို့လည်း ယူဆကြပါတယ်။

အရေးအပါဆုံးနတ်ဘုရားတွေရဲ့ တတိယမြောက်ဟာ သီဝနတ်မင်းကြီးပဲ ဖြစ်ပါတယ်။ သီဝနတ်မင်းကြီးဟာ စကြဝဠာကို ဖျက်ဆီးနိုင်တယ်လို့ ယူဆကြပါတယ်။ သီဝနတ်မင်းကြီးကို ဟိန္ဒီဘာသာနဲ့ [ရှစ်ဗ - SHIVA] လို့ ခေါ်ဆိုပါတယ်။ 'ရှစ်ဗ'ရဲ့အဓိပ္ပာယ်က 'ကောင်းချီးပေးခြင်း' လို့ အဓိပ္ပာယ်ရတာကြောင့် စေတနာသဒ္ဓါတရားရှိပြီး ကောင်းကျိုးပြုတတ်တဲ့ အင်္ဂါရပ်တွေနဲ့လည်း ပြည့်စုံပါတယ်။ သီဝနတ်မင်းရဲ့ရုပ်တုကို တင်ပလ္လင်ချိတ်ထိုင်တဲ့ပုံစံနဲ့ ထု လုပ်တာများပါတယ်။ လက်တစ်ဖက်မှာ ချွန်ထက်တဲ့အသွားသုံးခုပါ လှံတံတစ်ချောင်း ကိုင်ဆောင်ထားပါတယ်။ တခြားလက်တစ်ဖက်မှာ ဗုံငယ်တစ်လုံးကိုင်ထားပြီး တတိယလက်မှာ မီးတုတ်ကိုင်ထားပါတယ်။ စတုတ္ထလက်ကတော့ လက်ဝါးဖြန့်လျက်သား အရှေ့ဘက်လှည့်ထောင်ထားပြီး ကောင်းချီးပေးနေတဲ့ပုံစံနဲ့ သီဝနတ်မင်းရုပ်တုကို တွေ့မြင်ရပါလိမ့်မယ်။ တကယ်လို့ သီဝနတ်မင်းကြီးရုပ်တုဘေးမှာ ကြင်ယာတော် ပါဝတီ (PARVATI) ရုပ်တုပါရှိမယ်ဆိုရင် လက်နှစ်ဖက်သာရှိတဲ့ ရုပ်တု ထုလုပ်ကြပါတယ်။

ချွန်ထက်တဲ့အသွားသုံးခုပါလှံတံကိုင်ဆောင်ထားခြင်းဟာ ကာယ၊ စိတ္တနဲ့ လောကုတ္တရာရေးရာသုံးမျိုးမှာ ဖြစ်ပေါ်တတ်တဲ့ ဆင်းရဲဒုက္ခများကို ဖယ်ရှားပေးတယ်ဆိုတဲ့သဘောဆောင်ပါတယ်။ 'ဗုံ' ကတော့ စကြဝဠာကို ဖျက်ဆီးချေမှုန်းပစ်တဲ့အခါ ပေါက်ကွဲထွက်လာမယ့်အသံကြီးကို ကိုယ်စားပြုပါတယ်။ တင်ပလ္လင်ခွေထိုင်နေတဲ့ ရုပ်သဏ္ဍာန်ကတော့ မိမိကိုယ်မိမိ သုံးသပ်တတ်ပြီး ထာဝရတည်ငြိမ်မှုရှိတဲ့သဘော ဖော်ညွှန်းပါတယ်။ သီဝနတ်မင်းကြီးရဲ့ ဆံကေသာဟာ လိမ်တွန့်ကောက်ကွေးရှုပ်ထွေးနေပြီး ဂင်္ဂါမြစ်ဟာ အဲဒီဆံပင်အထုံးအထွေးထဲက စီးထွက်လာတယ်လို့ ဟိန္ဒူပေါရာဏတွေမှာ ရေးသားထားကြောင်း စောစောပိုင်းက ဖော်ပြပြီးဖြစ်ပါတယ်။



**သီဝနတ်ဘုရား (Shiva)**

သီဝနတ်မင်းရဲ့ ညာဘက်နဖူးစွန်းဆံစပ်မှာ 'လခြမ်း' ပုံသဏ္ဍာန်ရှိပြီး မူလမျက်စိနှစ်လုံးရဲ့အလယ်မှာ တတိယမျက်စိတစ်လုံးရှိပါတယ်။ ဒီ တတိယမျက်စိဟာ တစ်စုံတစ်ခုဒါမှမဟုတ် တစ်စုံတစ်ယောက်ကို ဖျက်ဆီးချေမှုန်းပစ်ဖို့အချိန်မရောက်မချင်း အမြဲမှိတ်လျက်သားရှိတယ်လို့ ဆိုပါတယ်။ ပါးပျဉ်းထောင်ပြီး ဦးခေါင်းအပြင်ဘက် လှည့်နေတဲ့ မြွေတစ်ကောင်လည်း သီဝနတ်မင်းရဲ့လည်ပင်းမှာ အမြဲရစ်ပတ်နေလေ့ရှိတယ်လို့ ယုံကြည်ကြပါတယ်။

**မြသန်းသန်းနု**

(ရှေ့လဆက်ရန်)

www.foreverspace.com.mm






ဈေးကွက်စီးပွားရေးစနစ် (Market Economy) ဆိုသောစကားကို အဘယ်ကြောင့် ဤသို့သုံးစွဲထားသည်ဟု ကျွန်တော် နားမလည်ပါ။ ဤသို့အထူးပြုစရာမလိုဘဲ ဝိသေသပြုထားသည်ဟု ယူဆပါသည်။ အဘယ်ကြောင့် ဆိုသော် ဈေးရောင်းသည်ဆိုခြင်းက ကန်စွန်းရွက်ပဲရောင်းရောင်း၊ မော်တော်ကားပဲရောင်းရောင်း၊ စိန်ရွှေရတနာပဲ ရောင်းရောင်း၊ ကုမ္ပဏီထောင်ပြီး ထုတ်ကုန်သွင်းကုန်ပဲလုပ်လုပ် မိမိ၏ရောင်းချမည့်ပစ္စည်းနှင့် ဝယ်ယူစားသုံးသည့် စားသုံးသူ သို့မဟုတ် သုံးစွဲသူ၏အနေအထားကို တွက်ဆပြီးမှ ရောင်းချရသည်။ မိမိရောင်းချသည့်ပစ္စည်းသည် စားသုံးသူက မလွဲမသွေ လိုအပ်နေသောပစ္စည်း ဖြစ်ရသည်။ ဤသည်မှာ ဈေးကွက်ဖြစ်သည်။ လူငယ်တို့သဘာဝ ချစ်သူကောင်လေးကိုယူသော် အရာရှိဖြစ်အောင်စောင့်ရမည်။ အရာရှိဖြစ်၊ မဖြစ်ကမသေချာ။ အိမ်ကပေးစားသည့်အရာရှိကို ယူလိုက်ခြင်းက အရာရှိကတော် ဖြစ်ဖို့သေချာသည်။ ဤသည်မှာ ဘဝဈေးကွက်ဖြစ်သည်။ အလှူခံပုဂ္ဂိုလ်သည်ပင် မိမိအလှူခံ၍ရနိုင်မည့်နေရာ၊ ရနိုင်မည့် ပုဂ္ဂိုလ်အလွှာကိုကြည့်ပြီးမှ အလှူခံရသည်။ သို့မဟုတ်သော် တစ်နေကုန်လမ်းလျှောက်ရသည့်အရင်း ဆုံးရှုံးမည်။ ဈေးကွက် ဆိုသည်က မိမိ၏ရင်းနှီးမြှုပ်နှံထားရမှုနှင့် ပြန်လည်ရရှိမည့်အကျိုးအမြတ်ကို တွက်ဆပြီး ရောင်းဝယ်ဖောက်ကားခြင်းဖြစ် သည်။ ထို့ကြောင့် ဈေးကွက်စနစ်၏ လုပ်ထုံးလုပ်နည်းသည် ယခုမှသာမဟုတ်။ ငွေကြေးမပေါ်မီ ကုန်ပစ္စည်းချင်းဖလှယ်မှု (Barter System) ခေတ်ကတည်းက ရှိခဲ့တာပါဟု ကျွန်တော်ပြောလိုပါသည်။

www.foreverspace.com.mm


ဒါဖြင့်ရင် ဆိုရှယ်လစ်စီးပွားရေးစနစ်ဆိုတာ အောက်ကရောင်းဝယ်ဖောက်ကားခဲ့တာရော၊ အစိုးရထိန်းချုပ်မှုအောက်ကရောင်းဝယ်ဖောက်ကားခဲ့တာရော ဈေးကွက်မဟုတ်ဘူးလားဟု မေးစရာရှိသည်။ ဈေးရောင်းသည်ဆိုခြင်းက ပုဂ္ဂလိက,ကရောင်းရောင်း၊ အစိုးရကရောင်းရောင်း ဈေးသည်ဆန်ရသည်။ ဈေးကွက်ကို နားလည်ရသည်။ လွတ်လပ်သော ရောင်းဝယ်ဖောက်ကားမှု ဖြစ်ရသည်။ အစိုးရကထိန်းချုပ်သည်ဆိုရာမှာ စားသုံးသူပြည်သူအကျပ်အတည်းဖြစ်စေနိုင်သည့် ကုန်ဈေးနှုန်းအဆမတန် အလွန်တင်၍ ရောင်းချမှု၊ ငွေကြေးဖောင်းပွမှုဖြစ်စေနိုင်သည့်ကိစ္စမျိုးတွင်သာ အထိုက်အလျောက် ကန့်သတ်ထိန်းချုပ်ရသည်။ ဒါတောင် အလွန်အကျွံလုပ်၍မရပါ။ နားမလည်ဘဲလုပ်သော် ပေါ့စေလို၍ ကြောင်ရုပ်ထိုး ဆေးအတွက်လေး ဆိုတာမျိုးဖြစ်တတ်သည်။ တစ်ချိန်က ဝက်တစ်ကောင်ပင် ပိုင်ဆိုင်ရန်မဖြစ်နိုင်သော ကွန်မြူနစ် တရုတ်ပြည်တွင် ယနေ့အခါ လူတစ်ဦးတည်း မာစီဒီးဘင့်ဇ်ကားများစွာ၊ ရိုးလ်ရွိုက်စ်ကားများစွာ ပိုင်ဆိုင်သူတွေရှိနေပြီး သဘောတရားရေးရာနှင့် လုံးလုံးဆန့်ကျင်သော ဤဈေးကွက်စီးပွားရေးစနစ်ကို တရုတ်ပြည်က ဘာဖြစ်လို့ ပြောင်းလဲကျင့်သုံးခဲ့ပါသလဲ။ တိုင်းပြည်၏ရေရှည်အနာဂတ်ဝယ် ဆိုရှယ်လစ်စီးပွားရေးစနစ်ဆိုသည်က လက်တွေ့မကျဘဲ ဈေးကွက်စီးပွားရေးစနစ်ဆိုသည့် လွတ်လပ်စွာရောင်းဝယ်ဖောက်ကားမှုဆိုသော အခြေခံစီးပွားရေးမူဝါဒကို သဘောပေါက်နားလည်လာ၍ဖြစ်သည်။ သို့ဆိုသော် ဆင်းရဲချမ်းသာကွာဟမှုဖြစ်မလာနိုင်ဘူးလားဟု မေးစရာရှိသည်။ ယင်းက ပြဿနာသီးခြားတစ်ရပ်ဖြစ်သည်။ ဤကိစ္စကြောင့် ဟိုကိစ္စဖြစ်နိုင်သည်။ ထို့ကြောင့် ဤကိစ္စကို မလုပ်သင့်ဟူသော ကိစ္စနှစ်ရပ်အား ချိတ်ဆွဲတွေးခေါ်မှုသည် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးစွာသော အဟန့်အတားဖြစ်စေသည်။

မကာအိုတွင် လုံခြုံရေးအဖြစ် စတင်

**တစ်ချိန်က ဝက်တစ်ကောင်ပင် ပိုင်ဆိုင်ရန်မဖြစ်နိုင်သော ကွန်မြူနစ်တရုတ်ပြည်တွင် ယနေ့အခါ လူတစ်ဦးတည်း မာစီဒီးဘင့်ဇ်ကားများစွာ၊ ရိုးလ်ရိုက်စ်ကားများစွာ ပိုင်ဆိုင်လို့နေသူတွေရှိနေပြီး သဘောတရားရေးရာနှင့် လုံးလုံးဆန့်ကျင်သော ဤဈေးကွက်စီးပွားရေးစနစ်ကို တရုတ်ပြည်က ဘာဖြစ်လို့ ပြောင်းလဲကျင့်သုံးခဲ့ပါသလဲ။**

တာဝန်ကျခဲ့သောနေရာသည် ကမ္ဘာလှည့်ခရီးသွားတွေကို အဓိကထားဈေးရောင်းသော လီကလပ်စစ် (Le Classique) ဆိုသော အကောက်အခွန်မဲ့ ဂျူတီဖရီးဆိုင်ဖြစ်၏။ 'Le' ဆိုသည်က အင်္ဂလိပ်လို 'Che' ဖြစ်၏။ ယင်းဆိုင်အကြောင်းမပြောခင် ယင်းကုမ္ပဏီအကြောင်း ပြောလို၏။ ဤဆိုင်သည် တစ်ကမ္ဘာလုံးတွင်ဖွင့်သော နိုင်ငံတကာဆိုင်ဖြစ်ပြီး ပိုင်ဆိုင်သူမှာ ဗြိတိသျှတွေဖြစ်သည်။ ၁၉၆၀ နောက်ပိုင်းတွင် ဂျပန်က စီးပွားရေးဖွံ့ဖြိုးလာကာ ဂျပန်လူမျိုးတွေ နိုင်ငံတကာသို့ ခရီးသွားတာများလာခဲ့သည်။ ထို့ကြောင့် စီးပွားရေးအမြင်ရှိသော ဤကုမ္ပဏီက ဂျပန်တွေ ခရီးသွားသည့် နေရာတိုင်းသို့လိုက်၍ ဈေးဆိုင်ကိုဖွင့်သည်။

နာမည်က ဂျူတီဖရီးဆိုပေမယ့် တကယ်တော့ ဘာဂျူတီတွေမှမဖရီးပါ။ အပြင်ဈေးထက်တောင် ပို၏။ ဥပမာ–တိုက်ဂိုးဆမ်းပရုတ်ဆီတစ်ဘူးကို မကာအိုမြို့ထဲမှာ မကာအိုဒေါ်လာ ၁၃ ရှိ၏။ ဆိုင်တွင် ၂၅ ဒေါ်လာနှင့်ရောင်း၏။ ထိုသို့ဖြစ်က ခရီးသွားက အပြင်ဆိုင်မှာ ဘာလို့မဝယ်သလဲဟု မေးစရာရှိ၏။ ခရီးသွားအုပ်စုသည် ခရီးသွားလမ်းညွှန် ခေါ် တိုးဂိုက်၏ ခေါ်ရာ လိုက်ရသည်။ ကိုယ့်ဘာသာ သူတစ်ပါးအရပ်မှာ ဘယ်နေရာသွားဝယ်ရမှန်း သိသည်မဟုတ်ပါ။ ဤကဲ့သို့ အပြင်ဆိုင်ထက် ဈေးပိုပေးသည့် တိုကျိုမှာထက်၊ အိုဆာကာမှာထက်၊ နာဂိုယာမှာထက် ဈေးသက်သာပါသည်။ ဒါကြောင့် ဂျပန်ခရီးသွားက ဤဆိုင်မှာ ဝယ်လေသည်။

ဤဈေးဆိုင်၏ အမှုထမ်းများနှင့် ခင်းကျင်းပုံကို ပြောပြလိုပါသည်။ ဤဈေးဆိုင်တွင် ဈေးရောင်းသူအားလုံးသည် မိန်းကလေးများဖြစ်သည်။ ဂျပန်ကိုအဓိကထားဈေးရောင်းသည့်အလျောက် အရောင်းဈေးသည်အားလုံး ဂျပန်စကားတတ်ရသည်။ ဈေးရောင်းဖို့အတွက် လုံလောက်သော ဂျပန်စကားကို ဆိုလိုသည်။ အင်္ဂလိပ်လိုတတ်သူနည်း၍ အနည်းငယ်တော့တတ်ကြသည်။ ဤဆိုင်ရှိ အမှုထမ်းအားလုံးသည် လုံခြုံရေးအပါအဝင် မည်သူမျှ အလုပ်ချိန်တွင် မထိုင်ရပါ။ ဆိုင်ဖွင့်ချိန်က နံနက် ၁၀ နာရီမှ ည ၉ နာရီဖြစ်ကာ အဆိုင်းနှစ်ဆိုင်းရှိသည်။ တစ်ဆိုင်းက နံနက် ၁၀ နာရီမှစ နေ့ခင်း ၁၂ နာရီ၊ တစ်နာရီ ထမင်းစားပြန်သို့မဟုတ် နား၊ နေ့ခင်းတစ်နာရီပြန်ဝင် ညနေ ၆ နာရီ ဆင်းဖြစ်သည်။ တစ်ဆိုင်းက နေ့ခင်း ၁၂ နာရီဝင် ည ၉ နာရီဆင်းဖြစ်သည်။ ညနေ ၃ နာရီခွဲမှ ၅ နာရီခွဲအထိ အဆိုင်းသုံးဆိုင်း လက်ဖက်ရည်သောက်ချိန် နာရီဝက်ရှိသည်။ ကျွန်တော်က နေ့ခင်း ၁၂ နာရီခွဲဝင်၊ ည ၉ နာရီထိုး၍ ဆိုင်ပိတ်သော် ဟိုတယ်တစ်ခုရှိ ဤဆိုင်၏ ဆိုင်ခွဲတွင် ည ၁၁ နာရီအထိ ဆက်၍တာဝန်ထမ်းရသည်။ ပင်မဆိုင်တွင် မထိုင်ရသော်လည်း ဆိုင်ခွဲတွင် ထိုင်ရ၏။ အပေါ်ထပ်ကြီးကြပ်ရေးမှူးတစ်ဦး၊ ငွေကိုင်တစ်ယောက်၊ အောက်ထပ် ကြီးကြပ်ရေးမှူးတစ်ဦး၊ ငွေကိုင်တစ်ယောက် ဖြစ်သည်။ ည ၇ နာရီ ငွေကိုင်တွေ အလုပ်ဆင်းသော် အရောင်းဈေးသည်တွေက အလှည့်ကျငွေကိုင်လုပ်ရသည်။ မန်နေဂျာက သူ့အခန်းထဲမှာ စောင့်ကြည့်ကင်မရာ ဖန်သားပြင်ကို ထိုင်၍ ကြည့်နေသည်။ ကင်မရာများက ဆိုင်၏ အရေးကြီးသောနေရာများကို လေးငါးလုံးထိုးထားသည်။ အရောင်းဈေးသည်များသည် အခြေခံလစာ မကာအို ပါတာ

www.foreverspace.com.mm

ကုသ ၃၀၀၀ ဖြစ်ကာ ရောင်းရငွေမှာ တစ်သောင်းကို ၁၈၀ ခံစားခွင့်ရှိသည်။ တစ်ခါ တစ်ရံ ဈေးရောင်းကောင်းလျှင် တစ်နာရီ အချိန်မျှနှင့်လည်း ၁၈၀ ရတတ်သည်။

ငွေကိုင်ကောင်တာတွင် ဒေသသုံးပါတာကပ်၊ ဟောင်ကောင်ဒေါ်လာ၊ စင်ကာပူဒေါ်လာ၊ မလေးရှားရင်းဂစ်၊ ပေါင်စတာလင်၊ ယူရိုအမေရိကန်ဒေါ်လာ၊ ခရီးသွားချက်လက်မှတ်နှင့် ခရက်ဒစ်ကတ်ပြားကို လက်ခံသည်။ ပုဂ္ဂလိကချက်လက်မှတ်များကို လက်မခံပါ။ နိုင်ငံခြားငွေလဲလှယ်နှုန်းကာလပေါက်ဈေးကို ငွေကိုင်ကောင်တာ၌ ကပ်ထား၏။ ည ၉ နာရီ အလုပ်သိမ်းသည်နှင့် ငွေကိုင်ကောင်တာ ကွန်ပျူတာမှ တစ်နေကုန်ရောင်းသောစာရင်းများ တဖျတ်ဖျတ်နှင့်ထွက်လာလေသည်။ ယင်းကို ကြီးကြပ်ရေးမှူးကသိမ်းကာ နောက်တစ်နေ့တွင် တစ်ဦးချင်းစီ၏ ရောင်းအား၊ တစ်နေကုန်ရောင်းချရသောပစ္စည်း စသည်တို့ကို တွက်ချက်ရ၏။

ဆိုင်ဝင်ဝင်ချင်းက အလှကုန်ခန်းမဖြစ်သည်။ ရုပ်ရည်သန့်ပြန့်သော မိန်းကလေးတွေကိုသာ တာဝန်ချသည်။ အလှကုန်ရောင်းမိန်းကလေး (Cosmetic Girl) ဟု ခေါ်၏။ သူတို့က ဈေးဝယ်ကို နှုတ်ခမ်းနီ၊ မိတ်ကပ် စသည်တို့ ခြယ်သပြရသည့် အလှပြင်ခုံတစ်ခုလည်းရှိသည်။ ယင်းကောင်တာတွင် ရှယ်နယ်၊ အယ်လီဇဘတ်စ်အဒင်၊ ဂူချီ စသော အလှကုန်များရှိကာ ဒေသအေးဂျင့်များက တစ်လတစ်ခါလာ၍ ရှိုးကေ့စ်ကြော်ငြာ တွေပြင်ဆင်သည်။ ရေမွှေးဆိုလျှင် စမ်းသပ်ပုလင်းပေါင်း ၅၇ ပုလင်းရှိကာ ဆိုင်ထဲဝင်လာသူမည်သူမဆိုက မည်သည့်ပုလင်းမဆိုကို ယူ၍ စမ်းသပ်ခွင့်ရှိလေသည်။

ယင်းအခန်းပြီးသော် ဖောင်တိန်၊ မီးခြစ်၊ လည်စည်းနှင့် နာရီများရောင်းရာ ခန်းမ ဖြစ်သည်။ ထို့နောက် ဒန်းဟီးလ်ကောင်တာ ရှိသည်။ ဒန်းဟီးလ်က ပိုက်ဆံအိတ်၊ ခါးပတ်၊ သားရေအိတ်နှင့် နာရီများထုတ်သည်။ ဒန်းဟီးလ် ပိုက်ဆံအိတ်တစ်လုံးသည် ပါတာကပ် ၁၅၀၀ ရှိပြီး အမေရိကန်ဒေါ်လာ ၂၀၀ နီးပါး ဖြစ်သည်။ ဒန်းဟီးလ်နာရီက ၁၂၀၀၀ ဖြစ်၍ အိုမီဂါထက်ဈေးကြီးသည်။ အိုမီဂါကွန်ဆယ်လေးရှင်းနောက်ဆုံးပေါ်က ၄၅၀၀ နှင့် ၅၀၀၀ ကြားရှိသည်။ ဒန်းဟီးလ်တံဆိပ်သည် ဂျပန်အထူးကြိုက်မို့ တစ်ခန်းထားရသည်။

ထို့နောက် ဒန်းဟီးလ်ကောင်တာမှ တက်သော် မိန်းမကိုင်သားရေအိတ်အရောင်းခန်း၊ စပို့ရှပ်နှင့် အမှတ်တရပစ္စည်းရောင်းခန်း၊ စားစရာချောကလက်၊ စီးကရက်ရောင်းခန်းတွေ ရှိသည်။ သားရေအိတ်တစ်လုံးကို ပါတာကပ် ၃၅၀၀ မှ ၅၀၀၀ ထိရှိကာ ကမ္ဘာကျော် အီတလီသားရေတံဆိပ်များ ရှိသည်။

နေ့လယ် ၁ နာရီခန့်မှ ညနေ ၅ နာရီခန့်အထိ ဂျပန်ခရီးသွားများ တစ်အုပ်ပြီးတစ်အုပ်ရောက်လာရာ တစ်နေ့ကို ၂၀၀ မှ ၃၀၀ ခန့်ရှိ၏။ အသီးသီးကို တိုးဂိုက်တွေက ဦးဆောင်ခေါ်လာခြင်းဖြစ်သည်။ တိုးဂိုက်တွေကို ဆိုင်က လက်ဖက်ရည်၊ ကော်ဖီ၊ စီးကရက်နှင့် ဧည့်ခံရုံသာမက အန်ပေါင်းခေါ် လိုင်စီလက်ဖက်ရည်ဖိုးလည်း ပေး၏။ ၁၁ နာရီ ၁၂ နာရီခန့်တွင် ရှေ့ပေါက်ကနေ တိုးဂိုက် ဦးဆောင်၍ဝင်လာသည်။ ထို့နောက် 'နိုဂျိနိုဂျိဖွန့်၊ ရူဂိုဘားရှော့'(၂ နာရီ၊ ၂ နာရီခွဲတွင် ဤဆိုင်တွင် ပြန်ဆုံကြမည်) ဟုပြောသည်။ ပြီးတော့ ကာစီနိုလောင်းကစားဝိုင်းသို့ ခေါ်သွားမည်။ သတ်မှတ်ချိန်ပြန်လာပြီး ဤဆိုင်မှာ ဈေးဝယ်ကြမည်။ ဧည့်ခံကောင်တာတွင် 'ကိုဟီဝအာရိ မတ်စက' (ကော်ဖီရှိပါသလား) 'ဟိုက်ကို ဟီဝအိုရိမတ်စ်'(ဟုတ်ကဲ့ ကော်ဖီရှိပါတယ်) ဆိုသော စကားတွေကို နေ့စဉ်ကြားရတော့ တတ်လာခဲ့သည်။ ထို့အပြင် စင်မိမတ်ဆင့် (ခွင့်ပြုပါ)၊ ဆဲလ်ပေါင်းဝယီခါငါဒက်စ်ခ (ဆဲလ်လင်းတံဆိပ်ကရော ဘယ်လိုလဲ)၊ ဟိုက်ကိုချိနာရီနိုဖိုး (ကျေးဇူးပြု၍ကြွပါ) ဆိုသောစကားတွေလည်း ကြားရလေ့ရှိသည်။

ဆိုင်၏အပြင်အဆင် (Decoration) ကို အမြဲပြုပြင်နေရသည်။ ဖုံတစ်စက်မတင်စေရ။ လေအေးစက်တပ်ထားသည်။ ဆိုင်တစ်ဆိုင်လုံး၏ မျက်နှာကြက်က နိမ့်သည်။ ယင်းမှ မီးချောင်းများအဖြစ် အဝါရောင် စပေါ့လိုက်မီးလုံးသေးများက ပစ္စည်းတွေ အပေါ်ထိုးထားသည်။ ယင်းသည် အလှထားခြင်းမဟုတ်ပါ။ မီးကစားထားခြင်းဖြစ်သည်။ စပို့ရှပ်အနီရောင်သည် ဤမီးရောင်အောက်မှာ ရွှဲနေအောင်လှသည်။ အပြင်နေရောင်အောက်ကျတော့ ဤသို့မလှတော့ပါ။

ဝယ်ဝယ်၊ မဝယ်ဝယ် ပစ္စည်းတွေကို ကြိုက်သလိုကိုင်နိုင်သည်။ လူတစ်ယောက်ကလာပြီး လည်စည်းငါးခုယူ၍ တစ်ခုပြီးတစ်ခုစည်းကြည့်သည်။ ပြီးတော့ ဒီအတိုင်း ထားခဲ့သည်။ အရောင်းဈေးသည်က စောဒကတက်ခွင့်မရှိ။ စည်းထား၍ တွန့်ကြေနေသောလည်စည်းတွေကို မီးပူတိုက်ကာ ပြန်ချိတ်ရ၏။ ရေမွှေးဘူးအသစ်ကို ဖွင့်ကြည့်၏။ နှစ်ဘူးသုံးဘူးဖွင့်ကြည့်ပြီး ဝယ်သူက ကြိုက်သောဘူးကိုမှ ဝယ်၏။ ဘန်ကောက်နှင့် ကွာလာလမ်ပူတွင်တွေ့ခဲ့သည်ကိုလည်း ပြောပြလိုပါသည်။ ဘန်ကောက်မြို့ ရှန်ဂန်ဟန်လမ်းမပေါ်ရှိ မောလ်ကုန်တိုက်တွင် ခုတင်နှင့် မွေ့ရာတွေခင်းကျင်း ပြသထားသည်။ ဝင်လာသောဈေးဝယ်တို့၏ ကလေးအချို့က ဤမွေ့ရာပေါ်တွင် တက်ခုန်ကြ၊ ကျွမ်းထိုးကြ၊

**ယင်းဆိုင်များက ပါသည့်အိတ်ကိုရှာသည်။ ပြီးတော့ အိတ်ကို ကျွပ်ကျွပ်အိတ်ကြီးထဲထည့်၊ တိပ်ဖြင့်ချည်ကာ ပြန်ပေးသည်။ ပခုံးလွယ်သွားရမည့်အစား ဒီအထုပ်ကြီးဆွဲကာ ဈေးဝယ်ရင် ယခုတော့ မလွှဲသာမှဘဲ ဒီဆိုင်တွေ သွားပါတော့သည်။ ခင်ဗျားက ကျုပ်တို့ဆိုင်ကပစ္စည်း ခိုးမှာစိုးလို့ခိုးလို့ မရအောင်လုပ်ပေးလိုက်တာဟု မပြောရုံတမည်ပါ။**

www.foreverspace.com.mm

ဆော့ကစားသည်။ မည်သူကမှ မဟန့်တား၊ အရောင်းဈေးသည်ကလည်း ဘာမှမပြောချေ။ တစ်နေ့လည်းမဟုတ်၊ နှစ်နေ့လည်းမဟုတ် သွားတိုင်းတွေ့ခဲ့၏။ ကွာလာလမ်ပူရှိ ယေစ်မန်းကုန်တိုက်ဝင်ဝင်ချင်း မြေညီထပ်မှာ အော်ဂင်တွေပြထားသည်။ မည်သူပဲဝင်တီးတီး လက်ခံရသည်။ မလေးတွင် လာအလုပ်လုပ်သော စန္ဒရားကိုသန်းအေးက 'လဝန်းလေး' သီချင်း ဝင်တီးသည်ကို ကြားခဲ့ရဖူးသည်။

မူလက ဒန်းဟီးလ်ကောင်တာရှိ ပိုက်ဆံအိတ်တွေကို အလွယ်တကူ ဆွဲလို့မရအောင် နိုင်လွန်ကြိုးသေးသေးလေးတွေနှင့် ထိန်းထားသည်။ မန်နေဂျာ ခွင့်ကပြန်လာတော့ ကတ်ကြေးယူပြီး ညှပ်ပစ်ကာ ကြိုးတွေဖြုတ်ပစ်လိုက်သည်။ အရောင်းစာရေးတွေက စောဒကတက်တော့ လုံခြုံရေးရှိသားပဲလို့ ပြောသည်။ ဒီနားက အပေါ်တက်သည့်လှေကားရင်းစင်မှာ တီရှပ်အန်ရုပ်၊ ပန်းပွင့်ရုပ်၊ ဖလ်အရုပ်လေးတွေ ပြောင်းတင်လိုက်သည်။ အပေါ်တက်ရင်း ကိုယ်နှင့်ကွယ်၍ ဆွဲသွားလျှင်ရ၏။ စာရေးမလေးတွေကပြောတော့ လုံခြုံရေးရှိပါတယ်ပဲ ပြန်ပြောသည်။ သူတို့က ဈေးရောင်းတာကသပ်သပ်၊ လုံခြုံရေးကိစ္စက သပ်သပ် ခွဲခြား၍ စဉ်းစားသည်။ ဤကိစ္စနှစ်ခုကို တွဲ၍မစဉ်းစားပါ။ တကယ်တော့ ပျောက်လျှင် လုံခြုံရေးကုမ္ပဏီက လျော်ရမည်။ ကုမ္ပဏီက လုံခြုံရေး ကျွန်တော့်၏ လစာက ဖြတ်မည်သာဖြစ်သည်။ (နောင်ဆယ်နှစ်ကျော်ကြာသော် ကျွန်တော်စောင့်သော အစိုးရရုံးကကားမှန်ကွဲ၍ ကျွန်တော် လျော်ခဲ့ရဖူး၏)

ယခုပြန်လာပြီးတော့ သွားရင်းလာရင်း ဟိုတယ်တွေကြည့်မိသည်။ အလတ်စားဟိုတယ်တွေ၏ မျက်နှာစာမှာ ရေညှိတွေနှင့် ကြည့်ရတာအရုပ်ဆိုးလှသည်။ ဤသို့မဟုတ်ပါ တစ်နှစ်တစ်ခါ ဆေးသုတ်ရသည်။ ဈေးဆိုင်၊ ဟိုတယ်မဟုတ်သော ဘဏ်တောင် တစ်နှစ်တစ်ခါ ငြမ်းဆင်၍ ဆေးသုတ်ရသည်။ ခရစ္စမတ်၊ တရုတ်နှစ်သစ်ကူးတွေမှာ ဘဏ်တွေ၊ ဟိုတယ်တွေ ဈေးဆိုင်တွေမှန်သမျှ သက်ဆိုင်ရာ Decoration အသစ်တွေ ပြင်ဆင်မွမ်းမံသည်။ စီးပွားရေးလုပ်ငန်းမှန်သမျှသည် အမြဲသန့်ရှင်းနေရသည်။ လှပနေရသည်။ လူတွေ စိတ်ဝင်စားအောင် အပြင်အဆင်၊ အမွမ်းအမံတွေပြသည့်ဆိုင်က ဆိုင်းဘုတ်၊ ဘဏ်က ဆိုင်းဘုတ်စာလုံးတစ်လုံးပြုတ်ကျနေသည်မရှိ။ ပြုတ်ကျသော် သိသိချင်း ချက်ချင်းပြင်၏။

အပြင်ပန်းကကြည့်ရတာတော့ ထရိတ်ဒါးဟိုတယ်နှင့် ပတ်ရှိုင်ရယ်ဟိုတယ်တို့က နိုင်ငံတကာအဆင့်မီပါ၏။ အထဲတော့ မရောက်ဖူးပါ။ အထဲသို့ မင်္ဂလာဆောင်သွားရင်း ဝင်ထိုင်ဖူးသော အလံပြဘုရားလမ်းက ဟိုတယ်တစ်ခု၏ ဆိုဖာစုတ်နေသည်ကို မြင်ခဲ့ရတော့ အံ့ဩမိသည်။ အဲယားကွန်းစက်ကြီးက လေအေးတွေက ဆိုဖာထိုင်နေသူထံ တိုက်ရိုက်တိုးနေသဖြင့် ဤနေရာမှထ၍ အခြားနေရာရွှေ့ခဲ့ရသည်။ သူတို့ဆီမှာ အပြင်အဆင်မပြောပါနှင့် ကော်ဖီရှော့က တီးဝိုင်းသံကို မန်နေဂျာက အဝေးကနားထောင်လိုက်၊ အနီးကပ်နားထောင်လိုက် လုပ်နေသည်ကို တွေ့ခဲ့ရဖူးသည်။

၂၀၀၅ ခုနှစ် မေလမတိုင်မီဖြစ်သည်။ ရန်ကုန်က နာမည်ကြီး ဆူပါမားကက်သို့ ဈေးဝယ်ဖို့သွားတော့ လွယ်ထားသည့်အိတ်ကိုတောင်း၍ လော့ကာ (ဗီရိုငယ်) ထဲထည့်ကာ သော့ကူပွန်ကို ကျွန်တော့်အား ပြန်ပေးသည်။ မည်သည့်အရပ်ဒေသမှာမှ မတွေ့ရဖူးပေရာ ကျွန်တော်က မျက်စိနောက်သွားမိသည်။ မကြာမီမှာပဲ ဤအားနည်းချက်ကို အကြမ်းဖက်သမားက အသုံးပြုခဲ့ရာ ဘာဖြစ်ခဲ့သည်ကို အများအသိပဲဖြစ်သည်။ ပစ္စည်းအလစ်သုတ်တာခံရမှာစိုး၍ ဤသို့ပြုလုပ်သည်။ ယခုတော့ ပစ္စည်းအလစ်သုတ်လျှင် ဆုံးရှုံးရမည့် ပမာဏနှင့်မကာမိအောင် ဆုံးရှုံးခဲ့ရပြီး လူ့အသက်တွေလည်း အဆစ်ပါသွားခဲ့လေသည်။

ဈေးဆိုင်ပစ္စည်းအလစ်သုတ်ခြင်းသည် နိုင်ငံတကာဆူပါမားကက်ပြဿနာဖြစ်သည်။ ဟောင်ကောင်က ဆူပါမားကက်များတွင် ပစ္စည်းအလစ်သုတ်ခြင်းသည် ရာဇဝတ်မှုဖြစ်သည်။ (Shoplifting is a Criminal Case) ဟု ရေးထားသည်။ ဒါ့အပြင် ရဲဝတ်စုံနှင့် အရုပ်ပုံ ဂျပ်စက္ကူရုပ်ထောင်ထားသည်။ မည်သူက မည်သည့်အချိန် ဤအရုပ်ကို အလစ်သုတ်၍မကာ အပြင်မှာချခဲ့သည်မသိ၊ တစ်ရက်မှာတော့ ဆိုင်အပြင်ဘက်ရောက်နေ၏။


ဟော . . . ယခုတော့ ယင်းဆိုင်များက ပါသည့်အိတ်ကိုရှာသည်။ (ရှာပါ၊ လုံခြုံရေးကိစ္စမို့ ကျေနပ်စွာအရှာခံပါသည်) ပြီးတော့ အိတ်ကို ကျွပ်ကျွပ်အိတ်ကြီးထဲထည့်၊ တိပ်ဖြင့်ချည်ကာ ပြန်ပေးသည်။ ပခုံးလွယ်သွားရမည့်အစား ဒီအထုပ်ကြီးဆွဲကာ ဈေးဝယ်ရင် ယခုတော့ မလွဲသာမှပဲ ဒီဆိုင်တွေ သွားပါတော့သည်။ ခင်ဗျားက ကျုပ်တို့ဆိုင်ကပစ္စည်း ခိုးမှာစိုးလို့ ခိုးလို့မရအောင်လုပ်ပေးလိုက်တာဟု မပြောရုံတမည်ပါ။ ဈေးမှမဝယ်ရသေးခင် သူခိုးစွပ်စွဲသောဆိုင်ဖြစ်လေသည်။ နောင်ကိုများ ဈေးဝယ်ကို လက်ထိပ်ခတ်ပြီးမှ ဆိုင်တွင်းဝင်ခွင့်ပြုမည်ထင်သည်။ ဈေးဆိုင်၏လုံခြုံရေးကိစ္စကို (၁) ဗီဒီယိုစောင့်ကြည့်ကင်မရာ၊ (၂) လုံခြုံရေး လူအင်အားအပြည့်၊ (၃) အရောင်းဈေးသည် လူအင်အားအပြည့်၊ (၄) ပစ္စည်းပေါ်ရှိ စတစ်ကာ Alarn စနစ်နှင့် ထိန်းရ၏။ (ငွေချေပြီးသော် ငွေကိုင်က ယင်းကိုဖျက်ပေးလိုက်ရ၏။)

သူများတကာလို အလုပ်ကိုလုပ်ချင်သော် သူများတွေးသလို၊ သူများစဉ်းစားသလိုစဉ်းစားပါ။ သူများအလုပ်ကို ကိုယ့်အတွေးနှင့်ဆိုက ဖြစ်တော့ဖြစ်ပါ၏။ ကြည့်ရတာ အင်မတန်အရုပ်ဆိုး၏။ ရှော်အင်ရိုးသီချင်းဖွင့်ပြီး ချိုမိုင်မိုင်ကနေသည်နှင့်တူ ၏။ အပြိုင်မရှိသေးသော် ရ၏။ အပြိုင်ပေါ်လာလျှင်တော့ အတွေးမှန်သူက နာတဖျားသာသွားပါလိမ့်မည်။ အတွေးမှန်မှ အလုပ်မှန်သည်ကိုတော့ သတိချပ်စေချင်ပါသည်။

**ကိုဝမ်း**

www.foreverspace.com.mm

ယခင်လမှအဆက် . . .



# သူဌေးဖြစ်နည်း လျှို့ဝှက်ချက်

ဦးလှဝင်း (လေသူရဲတစ်ဦး)

သူဌေးကြီးအယ်လီဗရော့ဟာ ၁၉၃၃ ခုနှစ် ဇွန်လ ၆ ရက်နေ့မှာ မွေးဖွားခဲ့တဲ့သူပါ။

ဒီနေ့ သူ့အသက်ဟာ (၇၅) နှစ်ရှိနေ ပါပြီ။

ဒီပုဂ္ဂိုလ်ရဲ့ စိတ်နဲ့ပတ်သက်တဲ့ ထူးခြားချက်က အင်မတန် စိတ်ကောင်းရှိတယ်။ လူအများရဲ့အကျိုးကို လိုလားတယ်။ လူအများအကျိုးရှိမယ့်ကိစ္စကို စိတ်ဝင်စားတယ်။

ဒီလို အများအကျိုးကို အမြဲကြည့်ချင်တဲ့ စိတ်ကောင်းမျိုးရှိဖို့ကလည်း သူဌေးကြီးဖြစ်လာနိုင်တဲ့လူရဲ့ ပင်ကိုယ်မွေးရာပါဖြစ်ရမယ့် လျှို့ဝှက်ချက်အရည်အသွေးတစ်ခုလို့ ကျွန်တော် မြင်ပါတယ်။

လျှို့ဝှက်ချက်တွေကို အဆင့်ခွဲလိုက်မယ်ဆိုရင် ဒုတိယအဆင့်လျှို့ဝှက်ချက်ပေါ့ခင်ဗျာ။ ဒုတိယအဆင့်မှာပါတဲ့ လျှို့ဝှက်ချက် . . . ။

မှန်ပါတယ်ခင်ဗျာ။

ဒီနေ့ သူဌေးကြီး အယ်လီဗရော့ရဲ့ ချမ်းသာကြွယ်ဝမှုဟာ Forbes မဂ္ဂဇင်းကြီးရဲ့ အဆိုအရ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံရှိပါတယ်။ တစ်ဘီလီယံမှာ သန်းပေါင်းတစ်ထောင်ရှိတယ်ဆိုတော့ သူပိုင်ငွေက သန်းပေါင်း ခြောက်ထောင်ပေါ့ခင်ဗျာ။

သူ့မှာ သားသမီးက နှစ်ယောက်တည်း ရှိပါတယ်။

သူ ဒီနေ့ ကုသိုလ်ကောင်းမှု ဘာတွေလုပ်နေလဲ။ ကျဉ်းမြောင်းတဲ့ … မိမိအတွက်၊ မိမိ မိသားစုအတွက်ဆိုပြီး သူလှူနေတာတွေ ဘာမှမတွေ့ရဘူးခင်ဗျာ။

သူ ဒီနေ့ နေထိုင်နေတာက လော့အိန်ဂျလိစ်မြို့မှာ . . . ။ လော့အိန်ဂျလိစ်မြို့ဆိုတာ အလွန်ကြီးတဲ့ မြို့ကြီးခင်ဗျာ။ အိမ်ခြေအလွန်များတယ်။ လူနေအလွန်ထူထပ်တယ်။ မြို့လယ်ရပ်ကွက်ကို ခေတ်နှင့်အတူ တိုးတက်ဖို့ . . . လူတွေ မွန်းကျပ်ပိတ်လှောင်ပြီးနေတဲ့ ရပ်ကွက်မျိုးဖြစ်မသွားဖို့က အလွန်အရေးကြီးပါတယ်။ မြို့ကြီးတစ်မြို့

www.foreverspace.com.mm

ရဲ့မြို့လယ်ရပ်ကွက်တွေကို လှပအောင် . . . သန့်ရှင်းအောင် . . . ခေတ်မီအောင် ထိန်းသိမ်းဖို့ဆိုတာ အင်မတန်ခက်ခဲပါတယ်။ အလွန်စိတ်ရှည်ရတဲ့အလုပ် . . . အလွန်ခေါင်းခဲရတဲ့အလုပ်ပါ။

ဒီနေ့ အသက် (၇၅) နှစ် ရှိနေပြီဖြစ်တဲ့ သူဌေးကြီး အယ်လီဗရော့ဟာ ဒီအလွန်ခေါင်းရှုပ်တဲ့အလုပ်ကိုလုပ်ဖို့ . . . ကူညီဖို့ စိတ်ဝင်စားတယ်။ အမြဲအားကြိုးမာန်တက် ဆောင်ရွက်ပေးခဲ့တယ်။

"ကျုပ်တို့ နေထိုင်တဲ့ မြို့ကြီးကို ကျုပ်တို့မှ လှအောင်မလုပ်ကြရင် ဘယ်သူလာလုပ်မလဲ။ ကျုပ်တို့ကပဲ ကာယအား . . . ဉာဏအား . . . ငွေအားရှိသလောက် ဝိုင်းကူညီလုပ်ကြရမှာပဲ"

ဒီစကားဟာ သူအမြဲပြောလေ့ရှိတဲ့ စကားပါ။

နောက် . . . သူနေထိုင်တဲ့ မြို့ရဲ့ အနုပညာ . . . အဲ . . . ယဉ်ကျေးမှုအလှအပအလုပ်တွေအတွက်လည်း သူသိပ်စိတ်ဝင်စားတယ်။ ငွေတွေ ရက်ရက်ရောရော လှူတယ်။

လော့အိန်ဂျလိစ်မြို့ ပန်းချီပြတိုက် (Los Angeles County Museum of Art) မွမ်းမံဖို့ ဒေါ်လာငွေသန်း ၆၀ လှူဖူး တယ်။

အယ်လီဗရော့ဟာ အမေရိကန်တွေ MSU လို့ ခေါ်တဲ့ မက်ချီကန်ပြည်နယ် တက္ကသိုလ်က ၁၉၅၄ ခုနှစ်မှာ ဘွဲ့ရခဲ့တဲ့ ပုဂ္ဂိုလ်ပါ။ သူ့မှာ အမိတက္ကသိုလ်အကျိုးကိုလည်း သူမမေ့ဘူး။ အဲဒီတက္ကသိုလ်မှာ Eli Broad College of Business ဆိုတာကို တည်ထောင်ဖို့ မတည်ငွေကို သူပဲအကုန်ထုတ်ပေးခဲ့တာပါ။

အမေရိကန်နိုင်ငံရဲ့ ကမ္ဘာကျော်တက္ကသိုလ်ကြီးဖြစ်တဲ့ MIT ကို ၂၀၀၃ ခုနှစ်မှာ သူ ငွေဒေါ်လာသန်း ၁၀၀ လှူခဲ့တယ်။

ဟားဗတ်တက္ကသိုလ်ကို ၂၀၀၅ ခုနှစ်မှာ သူ ဒေါ်လာသန်း ၁၀၀ လှူခဲ့တယ်။

လွန်ခဲ့တဲ့နှစ် . . . အဲ . . . ၂၀၀၇ ခုနှစ်တုန်းကလည်း သူဌေး Bill Gate နှင့်ပေါင်းပြီး အမေရိကန်အထက်တန်းကျောင်းသစ်တွေ တည်ထောင်ဖို့ဆိုပြီး ဒေါ်လာသန်း ၆၀ လှူခဲ့ပါတယ်။ Project တစ်ခု တည်ထောင်ခဲ့ပါတယ်။ ဒီပရောဂျက်ရဲ့ အဓိကရည်ရွယ်ချက်က ၂၀၀၈ ခုနှစ် သမ္မတရွေးပွဲမှာ သမ္မတလောင်းတွေကို သူတို့ကြေညာမယ့် ရွေးကောက်ပွဲပေါ်လစီ (Policy) တွေမှာ ပညာရေးကို ဦးစားပေးဆောင်ရွက်ပါမယ်ဆိုတဲ့ ကြေညာချက်တွေ ပါဝင်လာအောင် လုပ်တာပဲ။

အမေရိကန်မှာ အာဏာရလာကြမယ့်လူတွေကို ပညာရေးကို ဦးစားပေးဆောင်ရွက်အောင် တွန်းအားဝိုင်းပေးကြတာပါပဲ။

အလွန်သာခုခေါ်ဖို့ မကောင်းဘူးလားခင်ဗျာ။

သူ လှူနေတဲ့ အလှူတွေဟာ ဒီနေ့ရော . . . ရေရှည်မှာရော . . . လူသားတွေအတွက် အကျိုးရှိအောင် လုပ်ပေးနေတာ။

သူလှူနေပုံကိုက ပညာပါတယ်။

အမြော်အမြင်ကြီးတယ်။

လူ့ဘောင် . . . လူ့လောကအကျိုးတွေအတွက် ပိုပြီးအကျိုးတရားတွေ ပွားအောင် လုပ်ပေးနေတာ။

အဲဒီလို . . . မိမိပတ်ဝန်းကျင်နှင့် မိမိလူမျိုးအပေါ်မှာ ထားတတ်တဲ့ စိတ်ကောင်းမျိုး . . . မေတ္တာမျိုး . . . မျိုးချစ်စိတ်မျိုးဟာ ကျွန်တော်ပြောပြချင်တဲ့ သူဌေးလောင်းတစ်ဦးမှာရှိရမယ့် လျှို့ဝှက်ချက်ပါ။

နောက် . . . . .

ကြိုမြင်တတ် . . . ခံစားတတ်တဲ့ အသိ . . . ။ အဲ . . . အနာဂတ်ကို မြင်နိုင်တဲ့စွမ်းအားလို့ပဲ ဆိုပါတော့။ ဒီစွမ်းအားမျိုးဟာလည်း သူဌေးကြီးတိုင်းမှာရှိတဲ့ လျှို့ဝှက်ချက်စွမ်းအားပါ။ ကျွန်တော် တင်ပြခဲ့ပြီးဖြစ်တဲ့ ဆဋ္ဌမအာရုံ . . . အဲ . . . intuition နဲ့လည်း ခပ်ဆင်ဆင် တူပါတယ်။

ဒီလျှို့ဝှက်ချက်ကတော့ ပထမအဆင့်အုပ်စုမှာပါဝင်နေတဲ့ လျှို့ဝှက်ချက်ပေါ့ခင်ဗျာ။ သူဌေးကြီး အယ်လီဗရော့မှာရှိတဲ့ ဒီစွမ်းအား (Power) က အံ့သြဖို့အလွန်ကောင်းပါတယ်။ ကျွန်တော်ဆက်ရှင်းပြပါ့မယ်။

သူဌေးကြီးဟာ ပန်းချီကားတွေ ဝယ်ယူစုဆောင်းတာနဲ့ ပတ်သက်ပြီးတော့လည်း ဒီနေ့ကမ္ဘာမှာ အလွန်နာမည်ကြီးပါတယ်။ တချို့က ဒီလို သူ ပန်းချီကားတွေ ငွေသန်းချီသုံးပြီးဝယ်နေတာကို ငွေပေါလွန်းလို့ ငွေတွေကိုဖြုန်းနေတာလို့ ပြောကြပါတယ်။

မဟုတ်ဘူးခင်ဗျာ။

သူ့အကျိုးအတွက်လုပ်နေတာ။

လူ့လောကကြီးအကျိုးအတွက် လုပ်နေတာ။ ဒီနေ့ သူဒီပန်းချီကားတွေကို ဝယ်ယူစုဆောင်းနေတာ နှစ်ပေါင်းသုံးဆယ်ကျော်လောက် ရှိသွားပါပြီ။ ဒီနေ့သူပိုင်ပန်းချီကားတွေဟာ ထောင်ချီရှိတယ်။ နောက် . . . ဒီပန်းချီကားတွေက နာမည်ကြီးပန်းချီဆရာ ၁၅၀ ကျော်ရဲ့ လက်ရာကောင်းတွေ . . . ။ သူဝယ်တဲ့ ပန်းချီကားအရေအတွက်က နှစ်စဉ်ပျမ်းမျှ ၃၅ ကားရှိတယ်။

ဒီနေ့ သူ့လက်မှာရှိတဲ့ ပန်းချီကားတချို့ဆိုရင် ဈေးကွက်မှာ ဘယ်လိုတန်ဖိုးဖြတ်ရမှန်းတောင် မသိတော့ဘူး။ မြတ်လိုက်တဲ့အမြတ်ကလည်း တော်ရုံအမြတ်

**ကျွန်တော်တို့ ရတနာဈေးကွက်မှာလည်း ဒီအတိုင်းပါပဲခင်ဗျာ။ ကျောက်ကောင်းတစ်ပွင့်ကို တွင်းသားရောင်းတဲ့ဈေးနဲ့ ရတနာကုန်သည်သူဌေးရောင်းတဲ့ဈေးက ဘယ်လိုမှယှဉ်မရပါဘူး။ သူဌေးဈေးက အဆမတန် ပိုရပါတယ်။ ဒီသဘောတရားကို ရတနာလောကသားတိုင်း သိပါတယ်။ ပန်းချီကားနဲ့ ကျောက်မျက်ရတနာဟာ အတူတူပဲခင်ဗျာ။ ထိုက်သူရဲ့လက်ထဲမှာပဲ ခိုင်မြဲပါတယ်။ ထိုက်သူရဲ့လက်ထဲမှာသာ ဈေးကြီးဈေးကောင်းပေးမယ့်သူ ပေါ်လာပါတယ်။**

www.foreverspace.com.mm

မဟုတ်ဘူး။ ဒေါ်လာသန်းချီရနိုင်တဲ့ အမြတ်တွေ . . . ။

ဒါကြောင့် ဒီနေ့ပန်းချီဝေဖန်ရေးဆရာတချို့က သူ့ကိုဝေဖန်တယ်။ သူပိုင်ပန်းချီကားတွေဟာ သူ့ကိုချမ်းသာသထက်ပိုချမ်းသာအောင် ဖန်တီးပေးနေကြတယ်တဲ့။ အင်္ဂလိပ်ဘာသာနဲ့ ဝေဖန်ကြတာတော့ Based on his-selections Eli Broad appears to be more rich than in rightful တဲ့။

ဥပမာတစ်ခုကို ကျွန်တော် တင်ပြပါ့မယ်။

၁၉၈၁ ခုနှစ်က သူဝယ်ခဲ့တဲ့ ပန်းချီဆရာ Jean-Michel Basquiat ရဲ့ ပန်းချီကား။

အဲဒီပန်းချီကားကို သူဝယ်တဲ့ ၁၉၈၁ ခုနှစ်အချိန်တုန်းက ဒီပန်းချီဆရာ ဗတ်စ်ကွတ် (Basquiat) ကို ဘယ်သူမှ မသိကြသေးဘူး။

ပန်းချီလောကကို ဝင်လာစအချိန် ... အသက်ကလည်း ဘယ်အရွယ်ပဲရှိသေးတယ်လို့ ထင်ပါသလဲ။ ၂၁ နှစ်ပဲ ရှိသေးတယ်ခင်ဗျာ။ ၂၁ နှစ်အရွယ် ပန်းချီဆရာလေးရဲ့ ပန်းချီကားကို သူဈေးကောင်းပေးပြီး ဝယ်လိုက်တယ်။ သူ့ဝယ်ဈေးကို ကျွန်တော် အင်တာနက်ထဲမှာ ကြိုးစားပြီးလိုက်ရှာကြည့်တယ်ခင်ဗျာ။

ရှာလို့မရဘူး။

ဝယ်ခဲ့တဲ့ အချိန်ကတည်းက လျှို့ဝှက်ထားပုံရတယ်။ ပန်းချီဆရာလေးက အယ်လီဗရော့ ဝယ်သွားတဲ့ အချိန်တုန်းက သူ့ပန်းချီကားကို နာမည်တောင် မပေးထားဘူး။

ဒီနေ့မှ Skull ဆိုပြီး ကမ္ဘာကျော်ဖြစ်နေတဲ့ ပန်းချီကား။

အဲဒီလိုနာမည်တောင် မပေးထားတဲ့ ပန်းချီကားဖြစ်တဲ့အတွက် သူ့ဝယ်ဈေးက ဒေါ်လာသောင်းငွေထက် မပိုဘူးလို့ ကျွန်တော်ထင်တယ်။

ဒီနေ့ ဒီပန်းချီကားကို ရောင်းခဲ့ရင် ငွေဘယ်လောက်ရနိုင်တယ်လို့ထင်ပါသလဲ။

ပန်းချီကုန်သည်ကြီးတချို့က ဒေါ်လာ သန်းပေါင်း ၅၀ အထိကို ရနိုင်တယ်လို့ ပြောနေကြတယ်။ ဒီလို သူတို့ပြောတာကလည်း အရမ်းပြောနေကြတာမဟုတ်ဘူးခင်ဗျာ။

ဒီ Skull ပန်းချီကားလောက် နာမည်မကြီးတဲ့ . . . ၁၉၈၁ ခုနှစ်မှာပဲ ပန်းချီဆရာ ဗတ်စ်ကွတ် (Basquiat) ရေးဆွဲထားတဲ့ ပန်းချီကားတစ်ကားကို အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆ သန်းနဲ့ ရောင်းခဲ့ပါတယ်။ လက်သိပ်ထိုးပြီး တိတ်တိတ်ရောင်းတာမဟုတ်ဘူး။ ၂၀၀၇ ခုနှစ် မေလ ၁၅ ရက်နေ့ မှာကျင်းပခဲ့တဲ့ ဆိုသာဗီ (Sotheby) လေလံပွဲမှာ ရောင်းခဲ့တာပါ။ သူဌေး အယ်လီဗရော့ပိုင် ပန်းချီကားလိုပဲ ပန်းချီကားကို နာမည်မပေးထားတဲ့ ပန်းချီဆရာ ဗတ်စ်ကွတ်ရဲ့ ပန်းချီကား (Untitled Basquiat Work) ပါ။

ဒေါ်လာ ၁၄ ဒသမ ၆ သန်းရသွားတဲ့ အဲဒီပန်းချီကားရဲ့ပိုင်ရှင်ဟာ အယ်လီဗရော့လို ဘီလျံနာသူဌေးကြီးမဟုတ်ပါဘူး။ အလယ်အလတ်အဆင့် လူတန်းစားကပါ။ သူဌေးကြီးပိုင်ပန်းချီကားနဲ့ သာမန်လူပိုင်ပန်းချီကားကို ကမ္ဘာ့ပန်းချီဈေးကွက်မှာ ပြန်ရောင်းတဲ့အခါ ရနိုင်တဲ့ဈေးက မတူပါဘူးခင်ဗျား။

သူဌေးကြီးပိုင် ပန်းချီကားက သူဌေးကြီးရဲ့ ဂုဏ်အရှိန်နှင့် အလိုလိုပိုမြင့်နေပြီးသားပါ။

ကျွန်တော်တို့ ရတနာဈေးကွက်မှာလည်း ဒီအတိုင်းပါပဲခင်ဗျာ။ ကျောက်ကောင်းတစ်ပွင့်ကို တွင်းသားရောင်းတဲ့ဈေးနဲ့ ရတနာကုန်သည် သူဌေးရောင်းတဲ့ဈေးက ဘယ်လိုမှ ယှဉ်မရပါဘူး။ သူဌေးဈေးက အဆမတန် ပိုရပါတယ်။ ဒီသဘောတရားကို ရတနာလောကသားတိုင်း သိပါတယ်။

ပန်းချီကားနဲ့ ကျောက်မျက်ရတနာဟာ အတူတူပဲခင်ဗျာ။ ထိုက်သူရဲ့ လက်ထဲမှာပဲ ခိုင်မြဲပါတယ်။ ထိုက်သူရဲ့ လက်ထဲမှာသာ ဈေးကြီးဈေးကောင်းပေးမယ့်သူ ပေါ်လာပါတယ်။

နောက် . . . ပန်းချီဆရာ ဗတ်စ်ကွတ် (Basquiat) ရဲ့ ပန်းချီကားတစ်ချပ်ဟာ ၁၉၈၁ ခုနှစ်အချိန်အခါက တစ်နေ့ဘယ်တန်ဖိုးအထိ ဖြစ်လာမယ်ဆိုတာ ဘယ်သူမှ ကြိုမမြင်ပါဘူး။

မြင်သာမြင်ကြရင် အကုန်လုဝယ်ကုန်ကြမှာပေါ့ခင်ဗျာ။

သူဌေးကြီး အယ်လီဗရော့က ဘာကြောင့် ဒီပန်းချီကားကို ဝယ်လိုက်မိတာလဲ။ ပန်းချီကားရဲ့ အနာဂတ်တန်ဖိုးကို ကြိုသိကြိုမြင်နေလို့လား။ ပန်းချီဆရာရဲ့ အတွင်းသဏ္ဌာန်ရဲ့တန်ဖိုးကို အလိုလိုသိပြီး အလိုလို မေတ္တာပွားခဲ့လို့လား။

စဉ်းစားစရာပဲ ခင်ဗျာ။

တကယ်တော့ ပန်းချီဆရာ ဗတ်စ်ကွတ်ဟာ အဲဒီ ၁၉၈၁ ခုနှစ်အချိန်က အသက် ၂၁ နှစ်လောက် ရှိသေးတဲ့ ပန်းချီဆရာ လူငယ်လေး . . .

နောက် . . . ကပ္ပလီလေးခင်ဗျာ။ လူမည်းလေး . . . ။

ပန်းချီဆရာရဲ့ ဝါ . . . ပန်းချီဆရာရဲ့ အင်္ဂါရုပ်တွေကိုသာကြည့်ပြီး . . . တန်ဖိုးဖြတ်ပြီး ဝယ်မယ်ဆိုရင် သူဌေးကြီး အယ်လီဗရော့ဟာ ဗတ်စ်ကွတ်ရဲ့ ပန်းချီကားကို ဘယ်လိုမှ ဝယ်မိမှာမဟုတ်ဘူး။

အားလုံးက မယုံနိုင်စရာတွေပဲခင်ဗျာ။ ၁၉၈၁ ခုနှစ်က ပန်းချီဆရာ ဗတ်စ်ကွတ်ရဲ့အင်္ဂါရုပ်ကို စာရှုသူမျက်စိမှာ ပေါ်လာအောင် သူ့ဘဝရဲ့ဇာတ်ကြောင်း အကျဉ်းလေးကို ကျွန်တော်ပြောပြဦးမယ်။

စာရှုသူ . . . ။

သင် ယုံကြည်နိုင်မှာလား။

ပန်းချီဆရာ ဗတ်စ်ကွတ်ဟာ အသက် ၂၇ နှစ်အရွယ်အထိပဲ လူ့လောကမှာ နေသွားပါတယ်။ အသက် ၂၇ နှစ်မှာ ကွယ်လွန်သွားတယ်။

သူပန်းချီရေးသွားတဲ့ ဟုတ်တိပတ်တိ ရေးသက်ဟာ ရှစ်နှစ်လောက်ပဲ ရှိတယ်ခင်ဗျာ။

ဆက်လက်ဖော်ပြပါမည်။

**ဦးလှဝင်း(လေသူရဲတစ်ဦး)**
**(၉–၁–၂၀၀၈)**